
ငွေ့ဝယ်ရင်မြိုင်

# နေနွယ်ဇင်မြင့်

## ခုဧတော့ အလှဆယ်မြင့်မိုရ်


စာမူခွင့်ပြုချက်အမှတ် - ၃၆၀/၂၀၀၄ (၄)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၃၁/၂၀၀၄ (၅)

၂၀၀၄ ခုနှစ်၊ ဇူလိုင်လ၊

ဒုတိယအကြိမ်

တန်ဖိုး - ၃၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၀၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နေနွယ်ဇင်ဖြင့်

## ဒုတော့ အလှဆယ်မြင်းမိုရ်

(ဒုတိယအကြိမ်)

စီစဉ်သူ
မောင်ကျော်ဆိုင်
စေတနာစာပေ

# ၁

ဘဒ္ဒကဠွာ အလှနန်းတော်

"ဆိုင်တံခါး ပိတ်လိုက်ရတော့မလားမမကဠွာ"

"အေးကွယ်၊ မမလည်း နားချင်ပြီ၊ ပိတ်လိုက်တော့"

ငဝါက သံပန်းတံခါးလှလှလေးကို ဆွဲပိတ်သည်။

သံပန်းတံခါးရွက် ရှလေးခုကို စေ့စပ်ညီညာအောင် ဆွဲပိတ်လိုက်သောအခါမှာ သံပန်းကနုတ်ကလေးများ အကြားဝယ် ဆိုင်နာမည်က ထိတိပပ ပေါ်လာတော့သည်။

"ဘဒ္ဒကဠွာ အလှနန်းတော်"

"ယုဇနက အားလုံးအတွက် စာရင်းတွေ စုပေါင်းတွက်လိုက်နော်"

"ဟုတ်ကဲ့ မမ၊ သံပရာရည် အရင်ဖျော်ပေးရဦးမလား"

"နေတော့ နေတော့၊ ယုဇန လုပ်စရာရှိတာသာ လုပ်ချေပါ၊ သရဖီ ဖျော်ပေးလိမ့်မယ်"

သရဖီက သည်အလှပြုပြင်ရေးလုပ်ငန်းမှာ ကဠွာက လွဲလျှင် အားအထားရဆုံး ဖြစ်သည်။ လုပ်ငန်းမှာ ပိုကျွမ်းကျင်သည်။ ကဠွာကို အရိပ်ကြည့်ကာ ဖြစ်ညှယူယလွန်းသူလည်း ဖြစ်သည်။

ငုဝါ၊ ယုနေ၊ မြတ်လေးနွယ်၊ နွာညို စသည်တို့က အလှပြုပြင်ရေး သင်တန်းကို တခြားမှ တက်ရောက်သင်ကြားပြီးမှ ဘဒ္ဒကဋ္ဌနာသို့ ရောက်လာကြသူများ ဖြစ်ပါ၏။ သရဖီ ကျတော့ ကဋ္ဌနာ ကိုယ်တိုင် လက်ထပ်သင်ကြားပေးခဲ့သူ။

ကဋ္ဌနာမှလွဲ၍ ပန်းနှာမည်နှင့် မိန်းကလေး စုစုပေါင်း ရှစ်ယောက်သည်ဆိုင်မှာ လုပ်အားစိုက်ရုံသာ။ မိမိတို့လုပ်နိုင်လျှင် လုပ်နိုင်သလောက် တစ်နေ့ဝင်ငွေမှာ တစ်ရာပတ်ဝန်းကျင်တွင် ရှိနေတတ်ပါ၏။ ကျန်မိန်းကလေးများကျတော့ ဆံပင်ညှပ်ခြင်း၊ ပုံသွင်းခြင်း၊ မျက်ခုံးနုတ်ခြင်း စသော အသေးအဖွဲလုပ်ငန်း အလုပ်သင်များသာ ဖြစ်သောကြောင့် သရဖီတို့ အုပ်စုလောက် မရကြပါ။

"ဆိုင်ပိတ်ပါပြီရှင်"

"မဟုတ်ပါဘူးကွယ်၊ အန်တီက ဘဒ္ဒကဋ္ဌနာနဲ့ တွေ့ချင်တာပါ"

အလှမီနီယံ ပက်လက်ကုလားထိုင်ပေါ်မှာ လဲလျောင်းရင်း မျက်စိကလေးမှေးကာ အနားယူနေသည့် ကဋ္ဌနာက အသံကြားရာသို့ ငုံ့စောင်း၍ ကြည့်မိသည်။

"ဒီနေ့ မမကဋ္ဌနာ သိပ်ပင်ပန်းသွားရပါတယ်ရှင်၊ သတို့သမီး ချည်း ဆက်တိုက် လေးယောက်တောင် ပြင်ရှာတာပါ၊ အခု အနားယူနေပါတယ်"

"ဧည့်သည်ကိုတောင် ဧည့်ခံစကားမပြောနိုင်တဲ့ထိ ပင်ပန်းနေတယ် ဆိုရင်တော့လည်း အန်တီ ပြန်ပါ့မယ်၊ ဒါပေမဲ့ မင်းတို့မမ ဘဒ္ဒကဋ္ဌနာကို မေးကြည့်ပါဦးလား"

ကဋ္ဌနာက လက်ထဲမှာ ကိုင်ထားဆဲ ဖန်ခွက်အတွင်းမှ လက်ကျန် သံပရာရည်ကို အကုန်မော့ချလိုက်တော့သည်။ သံပရာရည် ကုန်သည်နှင့် သရဖီက ဖန်ခွက်ကို လာယူသွားသည်။ ငုဝါက အနားသို့ ရောက်လာသည်။



"ဧည့်သည် အမျိုးသမီးကြီး တစ်ဦးပါ မမ"

"လွှတ်လိုက်ပါ ငုဝါရယ်"

ငုဝါ ပြန်ထွက်သွားပြီးနောက် သံတံခါးဖွင့်သံ ပိတ်သံတို့ကို ကဋ္ဌနာ မျက်စိကလေးမှိတ်ရင်း နားစွင့်ထားသည်။ သံတံခါးမကြာမီ ဝင်ဝင်ချင်း ဧည့်ခန်း၊ ထိုမှတစ်ဆင့် အလှပြုပြင်ခန်းသို့ ဝင်ရသည်။ ကဋ္ဌနာက အလှပြုပြင်ခန်းမှာပင် နားနေခြင်း ဖြစ်လေသည်။

"သြော် ... ကြွပါ အန်တီ"

"အန်တီ့နာမည်က ဒေါ်ခင်မိမိပါ"

"ဟုတ်ကဲ့"

အမျိုးသမီးကြီး ပုံစံက ဖြူဖြူဝဝဖိုင့်ဖိုင့်၊ စိန်နားကပ်ကြီး တဝင်းဝင်း၊ တစ်တောင်နီးပါးရှိ မိကျောင်းရေ လက်ကိုင်အိတ်ကြီးနှင့်ဆိုတော့ ရောမ အရာရှိကြီး တစ်ဦးဦး၏ ကတော်လား၊ သူဌေးကတော်ကြီး တစ်ဦးပေလား ...

ဆိုဖာကူရှင် တပ်ထားပါသော သံမဏိခေါက်ကုလားထိုင်ကလေးကို ကဋ္ဌနာနှင့် မလှမ်းမကမ်း သားတိုက်အနေအထားမျိုးမှာ ငုဝါက လာချပေးသည်။ ဒေါ်ခင်မိမိက ထိုင်ချလိုက်သောအခါမှာ သူမ တင်ပါးသားများက တစ်ဖက်တစ်ချက် လျှံကျသွားရတော့သည်။

"တစ်နေ့လုံး မတ်တတ်ရပ်လျက်သားနဲ့ အလုပ်လုပ်ခဲ့ရလို့ ခြေထောက်တွေက မထောက်ချင်လောက်အောင် ဖြစ်နေရပါတယ် အန်တီ၊ ခုလို အနေအထားမျိုးနဲ့ ဧည့်ခံရတာကို ခွင့်လွှတ်ပါ၊ ကဋ္ဌနာ ကန်တော့ပါတယ် အန်တီ"

ပြေပြေလျောလျောကလေး နေလျက်သားကပင် လက်
နှစ်ဖက်ကို ရင်မှာယှက်၍ ကန်တော့ဟန်ကလေး ပြုသည်။ ယဉ်ကျေး
ဖွယ်ရာ ရှိလှဘိခြင်း။ လက်အုပ်ကလေးချီမိုက်မှာ မျက်နှာလေးကိုပါ
ပြုံးဟန်ကလေး စွက်လိုက်သည်မို့ မျက်ဝန်းတောက်တောက်ကလေး
နှင့် လက်သူကြွယ်မှ စိန်လက်စွပ်ကလေးတို့ တစ်ခုနှင့်တစ်ခု အပြိုင်
လက်သွားကြတော့သည်။

"ဘဒ္ဒကဋ္ဌနာ ဆိုတာ နာမည်ကြီးသလောက်လည်း ရက်ရက်
စက်စက် လှပေတာကိုး"

ဒေါ်ခင်မိမိက မအောင့်နိုင်တော့သည့် ပုံစံဖြင့် ဖွင့်ဟ
ချီးကျူးမိတော့သည်။

"သမီးတို့ အလုပ်က မတ်တတ် မတ်တတ်နဲ့ တစ်နေကုန်
နားရတယ်မှ မရှိတာ၊ ခြေထောက်တွေ ညောင်းရှာပေမယ်ပေါ့၊
နားပါ၊ နားပါ၊ အန်တီ ခွင့်ပြုပါတယ်၊ ကြိုက်တဲ့ပုံစံနဲ့ သက်
သက်သာသာ နေပါကွယ်"

"ကျေးဇူးတင်ပါတယ် အန်တီ၊ အန်တီ လာရင်းကိစ္စကို
အမိန့်ရှိပါဦး"

"သမီးနဲ့ အလှပြုပြင်ချင်တယ် ဆိုရင် ကြိုတင်စာရင်းသွင်း
ထားရတယ်ဆို"

"ဟုတ်ကဲ့ပါ"

အမယ်လေး ... ဒီလောက်ကိစ္စများတော့ ယုဇနနဲ့တင်
ပြီးလျက်သားနဲ့ စာရင်းသွင်းဖို့များ မမနဲ့ထိ ဝင်တွေ့နေသေးတယ်။

ယုဇနက သူ့မမကို အနားယူစေလိုသောကြောင့်
ညှိသည့်အမျိုးသမီးကြီးကို ကျိတ်၍ စိတ်တိုသွားရသည်။ မမကို
သူတို့အားလုံး ချစ်ကြောက်ရိုသေကြသည်။ မမ၏ အတိတ်ဇာတ်



ဘမ်းကို သိခွင့်မရပေမင့် ဝဲစ်စုံတစ်တစ်ခုသော အတိတ်တစ္ဆေသည်
သူတို့မမ လှလှကလေး "ကဋ္ဌနာ"ကို ထာဝရ ခြောက်လှန့်နေပါ
ကြောင်း သူတို့ ရိပ်စားမိကြသည်။ သူတို့ လေးစားအားကိုးပါသော
မမကို တွယ်တာစိတ်၊ မြတ်နိုးစိတ်တို့ဖြင့် အားလုံးက ဝိုင်းဝန်းယုယ
ကြပါသည်။

"ဘယ်နှရက်လောက်များ"

"အနည်းဆုံး တစ်လတိတိပါ အန်တီ"

"ဟောတော့ ... ခုက္ခပဲ"

ငုဝါက ကော်ဖီပန်းကန်ကလေးနှင့် ထွက်လာသည်။
ဘဒ္ဒကဋ္ဌနာမှာ မည်သည့် ဧည့်သည်မျိုးကိုမဆို နက်စ်ကဖီးနှင့်
ဧည့်ခံမြဲ။

"အန်တီ့သမီးက ဘဒ္ဒကဋ္ဌနာနဲ့မှ မပြင်ရရင် သူ့ရုပ်တော့
မျောက်အိုမကြီး ဖြစ်တော့မှာပဲတဲ့"

ကဋ္ဌနာ မျက်နှာကလေး ကွက်ခနဲ ပျက်သွားသည်။
"မျောက်အိုမကြီး"ဟူသော စကားလုံးသည် ကဋ္ဌနာ အတွက်
အတိတ်တစ္ဆေ ဖြစ်ခဲ့ဖူးပါ၏။

"မမ နေကောင်းရဲ့လား၊ ခေါင်းများ မူးသလား"

"ကောင်းပါတယ်. သရဖီ၊ ကျေးဇူးနော်"

ကဋ္ဌနာ မျက်နှာကို ကြေးမုံပြင်သဖွယ် အခါမလတ်
ရှုကြည့်နေပါသည့် သရဖီက ကဋ္ဌနာ မျက်နှာကွက်ခနဲ တစ်ချက်
ကလေး ပျက်သည်ကိုပင် သတိထားမိလေသည်။ သူတို့ လုပ်အားခမှ
တစ်ဝက်တိတိ ယူပါပြား၊ သည်မမဆီမှာပင်နေ သည်မမဆီမှာပင်
ား၊ မိမိတို့ လုပ်အားခ အသားတင်လို ဖြစ်နေရသည်ကတစ်ကြောင်း၊
ခြားဆိုင်များမှာဆိုလျှင် သည်မှာကဲ့သို့ အလုပ်များများ ရမည်မဟုတ်

သည်ကတစ်ကြောင်း၊ ကဋ္ဌနာကိုယ်တိုင် သဘောကောင်းကာ ပုလဲဥကလေးနှယ် လှလွန်း၍ အစ်မရင်းကဲ့သို့ ချစ်မိသည်ကတစ်ကြောင်း။ သည်တစ်ဆိုင်လုံးမှာတော့ ကဋ္ဌနာကို ပင်တိုင်စံ မင်းသမီးကလေးနှယ် အရေးပေးကြပါလေသည်။

"အပျိုရုံလောက်ဆိုလည်း ကိစ္စမရှိပါဘူး၊ တခြားဆိုင်မှာ ကြံ့သလို ပြင်ပါတယ်၊ ခုတော့ အန်တီ့သမီးက သတို့သမီး"

"ဘယ်နေ့မို့ပါလဲ အန်တီ"

"မတ်လ အရက် ၂၀ လေ၊ ဒီနေ့ ၂ ရက်နေ့ ဆိုတော့ ဆယ့်ရှစ်ရက်ပဲ လိုတော့တာ ဘဒ္ဒကဋ္ဌနာရဲ့"

"အဲဒီနေ့ကို ကဋ္ဌနာ မှတ်မိနေပါတယ်၊ တပေါင်းလပြည့်နေ့ မဟုတ်လား၊ ကဋ္ဌနာ ဘယ်လိုမှ မအားပါဘူး အန်တီ"

"ဒုက္ခပဲကွယ်"

"ဘဒ္ဒကဋ္ဌနာမှာ လာပြင်နိုင်မယ် ဆိုရင်တော့ ဆိုင်မှာ သရဖီရယ်၊ ယုဇနရယ်၊ ငုဝါရယ် ရှိပါမယ်၊ ခွာညိုနဲ့ မြတ်လေးနှယ် တို့တောင် ဘွတ်ကင်စေ့နေကြပါပြီ၊ အိမ်လိုက်ပြင်ဖို့ဆိုရင်တော့ ဘယ်သူမှ မအားတော့ပါဘူး"

"သမီးက ပြောတယ်၊ ဘဒ္ဒကဋ္ဌနာဆီ သွားပါတဲ့၊ အဲ ... အဲ၊ ကဋ္ဌနာဆီ သွားပါတဲ့၊ ထုံးစံအတိုင်း ပြောလို့မှ ကဋ္ဌနာက ငြင်းနေရင်တော့ သူ့နာမည်ကို ဖွင့်ပြောပြပါတဲ့"

"ရှင်"

"သူ့နာမည်ကို ပြောပြရင်တော့၊ ကဋ္ဌနာက ဖြစ်အောင်စီစဉ်ပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်တဲ့၊ သူ့ဘာသာသူ အဆင်ပြေသွားရင်တော့၊ အဲဒီနေ့ကျမှ ကဋ္ဌနာ အံ့သြသွားအောင် ဖွင့်မပြောဘဲ ထားမလို့တဲ့"



"ဘယ်သူပါလဲ အန်တီ"

"မိုးမိုးဆင့်တဲ့၊ မိုးမိုးဆင့် ဆိုရင် ကဋ္ဌနာ သိပါတယ်တဲ့"

"ရှင် ... မိုးလား၊ ဟုတ်သားပဲ မိုးက ကျောင်းဆရာမ ဝင်လုပ်တာ အနှံ ဗျာပုံမှာ ဟုတ်လား အန်တီ"

ကဋ္ဌနာ မျက်နှာကလေး ဝင်းလာရ၍ ခေါင်းခင်မိမိကလည်း အားတက်သွားပုံရသည်။

"အင်းလေ_ မလုပ်ပါနဲ့ ပြောတာ မရဘူး၊ သူ့ဒက်ဒီ ဦးကျော်ဆင့် နိုင်ငံခြားမှာ အလုပ်သွားလုပ်တဲ့ ခြောက်နှစ်လုံးလုံး၊ မိုးမိုးကို မြန်မာပြည်မှာပဲ၊ ညီမတစ်ယောက်နဲ့ ထားခဲ့ရတာ၊ လိုက်မလာဘူး သမီးရဲ့"

"မိုးနဲ့ မတွေ့ကြရတာ ကြာလှပါပြီရှင်၊ ကဋ္ဌနာ အမြဲသတိရနေပါတယ်"

"ငါးနှစ် ခြောက်နှစ် ရှိပြီတဲ့ မိုးမိုးက ပြောတယ်၊ ဘဒ္ဒကဋ္ဌနာ၊ ဘဒ္ဒကဋ္ဌနာနဲ့ နာမည်ကြီးနေသူဟာ သူ့သူငယ်ချင်း တိုးတိုး"

"အို"

ကဋ္ဌနာ လှပုံကလေးက မှန်မှန်အစ်အစ်ကလေးနှင့် ထိတို့ရက်စရာ မရှိအောင် လှခြင်းဖြစ်ပါ၏။ ပုလဲလုံးကလေးသဖွယ် ဖြူဖြူဥဥကလေး ဖြစ်ပါ၏။ ကဋ္ဌနာ အလှကို ငေးကြည့်ခွင့် ရသူသည် လမင်းကြီးနှင့် ကြုံတွေ့ရသည့်နှယ် အေးမြခြင်း အရသာကို ခံစားကြရလေ့ရှိသည်။ "သူငယ်ချင်း တိုးတိုး"ဟူသော စကားသံအဆုံးမှာ "အို"ဟူသော အာမေဋိတ်သံကလေးနှင့် အတူ ကဋ္ဌနာ မျက်နှာကလေး နွမ်းလျသွားရသည်။

"သူတို့မမ လှလှကလေး"သည် တိုးတိုး ဟူသည့် အမည်ကို ကြားရရုံနှင့် ညှိုးလျော်သွားရပါကြောင်း၊ ပန်းနာမည်နှင့် မိန်းကလေး ငါးဦးလုံး သတိထားမိကြပါသည်။

ကဠနာ အနေနှင့်ကျတော့ ရှန်းရ ကန်ရ၊ အထင်အမြင် သေးခံရ၊ ပြောဆို စွပ်စွဲခံရလွန်းသည့် ဘဝဟောင်းမှ အတိတ်အိုကို ပြန်လည်သတိမရချင်။ "တိုးတိုး"ဆိုသည့် အမည်ကို မေ့ထားချင်ပါ၏။

ဪ ... ဘဝနာခဲ့ရလွန်းသည် မဟုတ်ပါလား။

"အဲ ... အဲ၊ ကဠနာပဲတဲ့၊ ဘယ့်နှယ်လဲ သမီးရဲ့၊ ကူညီမှာလား"

"ဪ ... အန်တီရယ်၊ မိုး ကိုယ်တိုင် သတို့သမီး ဖြစ်ပြီဆိုတော့၊ ကဠနာက ကိုယ့်ပစ္စည်းနဲ့ ကိုယ့်လုပ်အားကို မေတ္တာသက်သက်နဲ့ ကူညီရမဲ့သူပါ"

"အဲဒီလို မေတ္တာနဲ့ ကူညီမှာစိုးလို့၊ အဆင်ပြေရင် မိုးနာမည် ဖွင့်မပြောတော့ဘဲထားဖို့ မိုးက မှာရှာတာ"

"ဘယ်အချိန်ပါလဲ အန်တီ"

"ညနေ ငါးနာရီခွဲမှ စမှာပါ၊ နေကျမှစမယ်၊ နှင့်မို့ဆို သိပ်ပူမှာစိုးလို့၊ လုပ်မှာကတော့ အန်တီတို့ ခြံထဲမှာပဲ၊ ခုနစ်မိုင်ခွဲမှာ။ ဂျပန်က ပြန်လာပြီးမှ ဝယ်လိုက်တာ"

"ယုဇနရေ"

"ရှင် ... မမ"

"တပေါင်းလပြည့်နေ့မှာ မမ ဘယ်အချိန်ထိ အလုပ်ရှိနေတယ်ဆိုတာ ကြည့်ပါဦးကွယ်"

ယုဇန စာရင်းစာအုပ် လှန်စရာ မလိုပါ။ စောစောကတည်းက ကြည့်ထားပြီးပါပြီ။ သူငယ်ချင်းအမေပါ ဆိုကတည်းက ...



"ဒီလိုဆိုလည်း စောစောကတည်းက ကိုတိုပဲ ပြောရောပေါ့၊ မိုးအမေဟော့ ဆိုရင် ပြီးနေတဲ့ဥစ္စာ"ဟု ရင်ထဲက ကျိတ်ပြောထားပြီးပါပြီ။

"ညနေလေးနာရီက ကရဝိတ်မှာ လက်ထပ်မဲ့ သတို့သမီးကို ပြင်ဖို့ နောက်ဆုံးပဲ၊ ဒါပေမဲ့ မမ အဲဒီနေ့မှာ သတို့သမီးချည်း လေးယောက်နော်၊ မနက် ၆ နာရီက စရမှာ"

ရှစ်နာရီမှာ သမ္မတဟိုတယ်တွင် မင်္ဂလာဆောင်မည့် သတို့သမီးအတွက် ၆ နာရီကစ၍ လုပ်ငန်းခွင် ဝင်ရမည်။ ဆယ့်တစ်နာရီ မင်္ဂလာတစ်ခုအတွက် ကိုးနာရီအမီ သွားရမည်။ ဆယ့်တစ်နာရီနှင့် ဆယ့်နှစ်နာရီကြားမှာ နေ့လယ်စာစား၊ ဆယ့်နှစ်နာရီထိုးတော့ အင်းလျားလိပ်မှာ မင်္ဂလာဆောင်မည့် သတို့သမီး၊ သူ့အတွက် ပွဲထုတ်ချိန်က နှစ်နာရီ။ ထုံးစံအတိုင်းဆိုလျှင် ကဠနာနားပြီ။ တစ်အိမ်နှင့် တစ်အိမ်၊ ဟိုတယ်တစ်ခုနှင့်တစ်ခု ကူးပြောင်းကာ အလှပြုပြင် ပေးရသည်မှာ ကသိလွန်းသည်။ ဒါတောင် ကဠနာက ဖြီးလိမ်းပြင်ဆင်ရာ၌ လုပ်ငန်းကျွမ်းကျင်လွန်း၊ မြန်ဆန်လွန်းသည့်ပြင် သရဖီတို့၊ မြတ်လေးနွယ်တို့ကလည်း ဘေးနားမှ အကူအညီပေးတတ်လွန်းသောကြောင့် ဖြစ်၏။

ညနေလေးနာရီတွင် ကရဝိတ်မှာ မင်္ဂလာဆောင်မည့် သတို့သမီးကိုပင် ကဠနာ ငြင်းခဲ့သည်။ ပင်ပန်းလှပြီ၊ ကသိလွန်းလှပြီ။ အချိန်လုရလွန်းသည်။ သို့ပေမင့် အားနာလောက်အောင် ပြောကာ ပြင်ဆင်ခရွေကို ထုံးစံထက် နှစ်ဆတိတိ ပက်ကာနဲ့ အထုပ်လိုက်ချပေးပြန်တော့ သရဖီတို့ ရစေချင်တာနှင့်ပင် လက်ခံလိုက်ရသည်။ မင်္ဂလာညည်ခံပွဲများကို ကဠနာနှင့်အတူ အဖော်နှစ်ယောက် အလှည့်ကျလိုက်ရသည်။ သူတို့ကိုလည်း အချိုးကျ ခွဲပေးလေ့ရှိသည်။

တစ်နေ့တည်းမှာ မင်္ဂလာပွဲ လေးပွဲဆိုတော့ ယုဇနက စာရင်းစာအုပ်ကို ကဥ္စနာ နားသို့ ယူလာကာ အချိန်များကို တိတိကျကျ ရှင်းပြသည်။

"ကိုယ့်အိမ်ကိုယ် ညှော်ခံမှာပဲ အန်တီ၊ ခြောက်နာရီမှ သတို့သမီး ထွက်လို့မရဘူးလား"

"ရတော့ ရတာပေါ့ကွယ်၊ ညှော်ခံပွဲက ငါးနာရီခွဲ စမှာ"

"မမကဥ္စနာ်က လေးနာရီမှ ကရဝိတ်က ပြန်လာရပါမယ်၊ လေးနာရီ ဆယ့်ငါးလောက် အန်တီတို့အိမ် ရောက်မယ်၊ တစ်စက္ကန့်မှ မနားဘဲ စပြင်မယ် ဆိုရင်တောင် ငါးနာရီခွဲလောက်မှ ပြီးမှာပါ"

သရဖီက ဝင်ရှင်းပြတော့လည်း ဒေါ်ခင်မိမိက အားတုံ့အားနာ ဖြစ်သွားရပြန်သည်။

"လေးနာရီခွဲ နောက်အကျဆုံးထားပြီး ရောက်လာမယ်လို့ မိုးကို ပြောထားပါ အန်တီ၊ ရေအဆင်သင့် ချိုးထားပါလို့၊ အဲ... အစောကြီးက ကြိုချိုးထားရင်လည်း သိပ်တော့မကောင်းဘူး အန်တီရဲ့၊ မျက်နှာမှာ အဆီပြန်စို့လာမယ်၊ လေးနာရီနဲ့ နှစ်ဆယ့်ငါးမိနစ်မှာ ရေချိုးပြီးသား ဖြစ်ချင်တာပါ၊ အန်တီ လိပ်စာ ပြောခဲ့ပါ"

"ကျေးဇူးတင်လိုက်တာ သမီးရယ်"

ယုဇနက သွားရမည့်နေရာ၊ အချိန်တို့ကို မှတ်သားသည်။ ဒေါ်ခင်မိမိက မိကျောင်းရေ ပိုက်ဆံအိတ်ကြီးကို ဖွင့်သည်။

"အန်တီ ပိုက်ဆံပေးမယ်ဆိုရင် ကဥ္စနာ မလာတော့ပါဘူး ရှင်"



လက်ကိုင်အိတ်ကြီးထဲ နှိုက်ထားသော လက်ကို ပြန်မထုတ်မိပဲ ဒေါ်ခင်မိမိ ခမျာ အားနာလွန်းသောကြောင့် ပြန်ပြောရန် စကားစကိုပင် အတော်ရှာဖွေ စုဆောင်းယူရသည်။

"ဩော် ... သမီးရယ်၊ သမီးရဲ့အဖော် ဒီက ညီမတွေလည်း ပါဦးမှာ မဟုတ်လား၊ သူတို့တွေလည်း ပင်ပန်းကြရမှာ"

"အဲဒီအတွက် ကဥ္စနာ တာဝန်ယူလိုက်ပါမယ်"

"ကွယ် ... ပစ္စည်းရော၊ ငွေရော၊ လုပ်အားရော၊ ဒီကြားထဲ အင်မတန် ပင်ပန်းနေတဲ့ အချိန်ကြီး"

"ရပါတယ် အန်တီ၊ မိုးမို့သာ ကဥ္စနာ လာမှာပါ"

"သိပါတယ်ကွယ်၊ ကျေးဇူးတွေ တင်လိုက်တာလည်း လွန်ပါရော၊ မိုးကဖြင့် ရန်ကုန် ရောက်ရောက်ချင်း ပြေးလာလိမ့်ဦးမယ် ထင်တယ်၊ သူ ဝတ်မဲ့ ဝတ်စုံကို ကဥ္စနာကို လာပြချင် ပြဦးမှာ"

"ဟုတ်ကဲ့၊ လာခဲ့ဖို့ ကဥ္စနာက မှာပါတယ်လို့ ပြောပြပါ အန်တီ"

"သမီးရယ်၊ ဘယ်လိုမှလဲ မအောက်မေ့ပါနဲ့၊ ပိုက်ဆံပေးရင်တော့ အန်တီတို့ဘက်က လွန်လွန်းရာ ကျနေပြီ၊ အန်တီလည်း ဘယ်လို စိတ်ကောင်းနိုင်တော့မှာလဲကွယ်"

"ကိစ္စမရှိပါဘူး အန်တီ၊ မိုးရဲ့ ကျေးဇူးတွေက ကဥ္စနာ အပေါ်မှာ အများကြီးပါ၊ ဘယ်တော့မှ ကျေးဇူးမမေ့တတ်တဲ့ သူငယ်ချင်း 'တိုးတိုး' ပါလို့ မိုးကို ပြောပြပါ အန်တီ"

စကားအဆုံးမှာ ကဥ္စနာ မျက်နှာကလေး ညှိုးကျသွားရပြန်သည်။ ယုဇနေ၊ နွှာညို၊ ငုဝါနှင့် မြတ်လေးနွယ်တို့ အားလုံး သတိထားမိလိုက်ကြသည်။ သူတို့ ချစ်မြတ်နိုးလှပါသော မမလှလှ

ကလေး "ကဠုနာ"၏ အမည်မှာ "တိုးတိုး"ဆိုပါလား။ သရဖိ
တော့ သည်အမည်အတွက် ထူးဆန်းမနေပါတော့။

တိုးတိုး ဆိုပါသော အမည်တစ်ခုသည် မမကဠုနာ၏
ဘဝကဏ္ဍ တစ်စိတ်တစ်ပိုင်းကို လောင်မြိုက်ခဲ့ဖူးလေသလော
သည်အမည်ကို ရေရွတ်တိုင်း မမ မျက်နှာ ညှိုးကျရသည်။

ပါးပြင်မွှတ်မွှတ်ပေါ်မှာ နီရောင်ပြာရောင် အကြေ
ကလေးများ၊ ရှိမ်းရှိမ်းမြမြ၊ စိမ်းစိမ်းစိုစို တလက်လက်ထကာ က
ကမာရောင်ကလေး ရိပ်ရိပ်ပြေးသည်အထိ နုနယ်လှပလွန်းပါသော
မမ၊ ကိုရှိနာမှာခံတူး ငွေရောင်တောက်တောက်ကလေးကို ကြေ
ကြောကလေး စီးနိုင်ပါသော မမ၊ မမကဠုနာမှာ မည်သို့သော
အတိတ်တခွေမျိုး ရှိနေပါသနည်း။

ပုလဲလုံးကလေးနယ် နူ၍၊ ဥ၍ ဖူးနေအောင် လှရှာ
သည့် ကဠုနာ၊ သဘောကောင်း မနောကောင်းနှင့် စိတ်ထားကလေး
ဖြူစင်လွန်းရှာပါသည့် ကဠုနာ။ သည်သို့သော ကဠုနာ၏ ဘဝမှာ
ကြမ္မာရိုင်းတစ်ခုသည် လောင်မီးတစ်ခုလို မည်သို့များ ပွားများခဲ့
ဖူးပါသနည်း။



ပေ့ထားသည့် အတိတ်ကို

"မိုးက ရွှေရောင် ဝတ်မှာနော်"

"အင်း"

သေချာအောင် ထပ်မေးရင်း အရောင်အသွေး တစ်ခု
နှင့်တစ်ခု မတိမ်းမယိမ်းကလေး ကွာခြားပါသော မိတ်ကပ်ဘူးများ
ကို ကြည့်သည်။ မိုး၏ အသားရောင်၊ မိုးဝတ်မည့် ဝတ်စုံအရောင်
တို့နှင့် လိုက်ဖက်အောင် လိမ်းခြယ်ပေးရပါမည်။

"သတို့သားကလည်း ရွှေရောင်ပဲလား"

"သူက ဟို … ကာကီရောင် ခေါ်မလား၊ ဆားဗစ်ဆု(တ်)
ဝတ်မှာ"

"လိုက်တယ်၊ ဆားဗစ်ဆု(တ်)ဟာ သတို့သမီးဝတ်မဲ့ရွှေရောင်
နဲ့ လိုက်တယ်"

အောက်ခံဖောင်ဒေးရှင်းကို မိုး မျက်နှာပေါ် စတင်
သည်။ မိုးက မျက်တောင်ကော့ကြီးများကို စင်းချကာ မော့မော့
ကလေး နေပေးသည်။

အလုပ်နှင့် လက်နှင့် မပြတ်ပါ။ ချစ်လှစွာသော သူငယ်ချင်းမိုးလည်း လက်ကုန်ကျဲရသည်။ မိတ်ကပ်ကို တစ်ရောင်တည်း သုံးမည့်အစား သုံးရောင်ခန့် စပ်သုံးသည်။ ပါးပြင်ဝင်းဝင်း၊ ပါးအိုးနီထွေးထွေးတို့မှာ တရောင်နှင့်တစ်ရောင် ပြေပြေကလေး ပေါင်းစပ်သွားအောင် သတိထား၍ ခြယ်သရသည်။ သူငယ်ချင်းချင်းကလည်း စုမှုဆုံနိုင်သည်မို့ ဖြီးရင်းလိမ်းရင်းပေမင့် စကားပြောဖြစ်ကြလေသည်။

လွန်ခဲ့သည့် နှစ်ရက်က မိုးသည် ဝတ်စုံသုံးစုံကိုင်၍ ဘဒ္ဒကဉ္စနာဆီသို့ အပြေးရောက်လာခဲ့သည်။ ကော်ဖီနုရောင် ဇာဝမ်းဆက်ပေါ်မှာ ကော်ဖီရင့်ရောင် ပုတီးစေ့ကလေးများ၊ ဘော်ကြယ်ကလေးများ နေရာတကျ လုပအောင် ချုပ်သီထားပါသည့် ဝတ်စုံကတစ်စုံ၊ ငွေချည်ကြိုးများနှင့် အပွင့်အခက် ဖော်လျက် ငွေဇာမျဉ်းနှင့် ချုပ်ထားပါသည့် ငွေရောင်ဝတ်စုံကတစ်စုံ၊ ဖော့ရုန်နှင့် ရွှေချည်မျှင်တို့ တစ်ခုကိုတိုင်၊ တစ်ခုကိုဖောက်ကာ ပေါင်းစပ်ရက်ထားသည့် ဘာသားခေါ်ရမှန်း မသိပါသော ရွှေချည်ဇာဝတ်စုံက တစ်စုံ။

သည်အချိန်မှာ ကဉ္စနာကလည်း အလုပ်များနေရသည်။ မိုးကလည်း ကြာကြာမစောင့်နိုင်။

"သရဖီရေ … ဟောဒီ ဆံပင်နွယ်လေးတွေကို ပါးပါးကလေး ပါအောင် ကော်၊ ဆေးဆွတ်ပြီး လိပ်ထားပေးပါနော်"

ဆံပင်တစ်ခေါင်းလုံးကောက်၊ ပုံသွင်းမည့် ရီဂျင်နယ် ကျောင်းသူမကလေးကို ဆံပင်လိပ်ရုံကလေး သရဖီနှင့် လွှဲပါသည်။ အပျိုမကလေးက နှုတ်ခမ်းစူချင်ချင်။ တစ်လတိတိ ကြိုပြီး စာရင်းပေးထားရသည်မို့လည်း ကဉ္စနာကလွဲလျှင် မည်သူ့လက်များနှင့်မျှ အတို့မခံနိုင်။



"မမကဉ္စနာ မြန်မြန်ပြန်လာနော်"

နှစ်လိုဖွယ်ဖြစ်အောင် ပြုံးပြရင်း ချွေးသိပ်ခဲ့ပြီးမှ မိုးမိုးဆင့်ထံ အပြေးကလေး လာရသည်။

"တိုးရယ် … ခုလို အောင်မြင်နေတာ တွေ့ရလို့ သိပ်ဝမ်းသာတာပဲ၊ သတင်းကြားတာနဲ့ ဝမ်းသာနေရတာကတော့ ကြာပါပြီ"

"လောကကို အန်တုချင်တယ်လို့ တိုး ခဏခဏ ပြောခဲ့တာ၊ မိုး မမေ့သေးပါဘူးနော်"

"ဘယ်မေ့ပါ့မလဲ၊ ခုလည်း လောကကို အန်တုထားတာတွေ့ ပါရဲ့၊ အပြင်မှာ ရာသီဥတုက ပူလိုက်တာ ခြစ်ခြစ်တောက်၊ ဘဒ္ဒကဉ္စနာထဲလည်း ဝင်လိုက်ရော၊ စိမ့်ကျသွားတာပဲ"

"လေအေးပေးစက်ကြောင့် အေးသွားတာက နည်းနည်းပါ၊ မမကဉ္စနာရဲ့ မျက်နှာက အအေးဓာတ်တွေ လျှံထွက်နေတာက များများ"

"ဟုတ်မယ် … ဟုတ်မယ်"

ခွေးသွားစိပ် ဘီးနှစ်ခြမ်းကြား၊ ဘရိတ်ဓားပါးပါးကလေးထည့်၍ ဆံပင်များကို လှီးဖြတ်ချနေသည့် ယုဇနက ဝင်ပြော၍ မိုးမိုးဆင့်က ထောက်ခံရသေးသည်။

"အဲဒါ … ညီမလေးတွေပေါ့၊ အားလုံး ပန်းနာမည်တွေ ပေးထားတယ်"

"သူတို့လေးတွေလည်း လှကြတာပါပဲ"

"ဘဒ္ဒကဉ္စနာ အလှနန်းတော်က ပင်တိုင်စံ ထိပ်ထားကလေးတွေပဲလေ၊ ဒီလောက်တော့ ဖြစ်ရမှာပေါ့၊ အဲဒါ ဝတ်စုံတွေလား၊ ပြပါဦး"

မိုးဆင့်ဆင့်က သုံးစုံလုံးကို တစ်ခုချင်း ဖြန့်ပြသည်။ ကိုယ်မှာ ကပ်ပြသည်။

"ရွှေချည်ဇာလေးကတော့ မိုးအသားနဲ့ အလိုက်ဆုံးပဲကွ၊ ညပွဲဆိုတော့ ငွေဇာဖျင်လေးလည်း ကောင်းတော့ကောင်းပါတယ်၊ ဒါပေမဲ့ ငွေချည်ပွင့် ဖော်ထားပုံက နည်းနည်းကြီးနေတယ်"

"မာမီ ဂျပန်က ဝယ်လာတာတွေလေ"

"ရွှေရောင်ပဲ ဝတ်ကွာ၊ ဒီအညိုရောင်ကလေးက ရုံးမှာ လက်မှတ်သွားထိုးတော့ ဝတ်နော်၊ နေ့ခင်းကြီး ဆိုတော့ ရွှေရောင်ငွေရောင် တောက်နေရင် နည်းနည်းကြောင်တယ်"

"အေး ... ဟုတ်တယ်၊ ရုံးမှာ လက်မှတ်ထိုးဖို့ သွားတော့ လက်ဝတ်လက်စား ဘာဝတ်ရင် ကောင်းမလဲဟင်"

"ပတ္တမြားတစ်ဆင်စာ ဝတ်ကွာ၊ ပတ္တမြားလုံးရေ နည်းနည်းပါးပါးလျားလျား ကလေးပဲ"

"ဟုတ်ပြီ၊ ညပွဲကျတော့ကော"

"စိန်တွေ ပြွတ်ခဲနေအောင် မဖြစ်မနေ ဝတ်ပြဖို့များ လိုသေးသလား မိုး"

သူတို့ အလှာကို အထာကျအောင် နောကျေနေပြီမို့ မေးရခြင်းပါ၊ တစ်ခါတစ်ရံကျတော့ လှရုံကလေး ယဉ်ယဉ်ကလေး လက်ဝတ်လက်စား ဆိုသည်ကို မဖြစ်လောက်ကလေး ဝတ်ခြင်းဖြင့် "ဘိုဆန်"လိုက်တာဟု ဂုဏ်ယူချင်သည့် အခါမျိုးလည်း ရှိသည်။ လှရုံ ယဉ်ရုံမှ ကျော်လွန်ကာ ရှိရှိသမျှ စိန်ရွှေ ရတနာမျိုးစုံကို ကိုယ်ပေါ်မှာ အကုန်တင်၊ ရှိပစ္စည်းထုတ်ပြ၍ ဂုဏ်လုပ်ရသည့် အခါမျိုးကလည်း ရှိသေးသည်။



"ဟာ ... မလိုပါဘူး၊ လှဖို့ပဲ၊ လှဖို့ပဲ၊ စိန်တွေ ခဲမနေလို့ မယူနိုင်ပါဘူး ဆိုလည်း ဖြန်အမ်းရုံပေါ့"

မိုးမိုးဆင့်က ရယ်ရင်း ပြောသည်။

"သတို့သမီး ဆိုတော့ စိန်ကလည်း မလွဲမသွေပါမှ ဖြစ်ဦးမယ်၊ စိန်ချည်း ပြွတ်ခဲနေအောင် ဝတ်ပြန်ရင်လည်း စိန်ရောင်နဲ့ ရွှေချည်ဇာက ထွက်တဲ့အရောင်က ပရိသတ် မျက်စိကို ကျိန်းဦးမယ်၊ စိန်တစ်ဆစ်၊ ပုလဲတစ်ဆစ်"

"အာ ... မိုးမှာ မရှိဘူးကွ၊ မာမိတို့က စိန်ချည်းသတ်သတ် လုပ်တယ်၊ ရောပြန်ရင်လည်း ပတ္တမြားတို့နဲ့ပဲ ရောစပ်လုပ်တာ"

"တိုးမှာ ရှိပါတယ် မိုး၊ တိုးယူလာခဲ့မယ်"

"အယ် ... တိုးရယ်၊ အားနာစရာ၊ နောက်ပြီး"

"မိုး ထုတ်ဆင်စဉ် အခါက၊ တိုးမှာ ခြူးတစ်ပြား မရှိဘဲ သူများပစ္စည်းနဲ့ အငှားဂုဏ် မလုပ်ချင်လို့ပါ မိုး၊ အခု မိုးက ယူဝတ်မယ်ဆိုရင် မိုးမှာ မရှိဘဲ သူများပစ္စည်းနဲ့ အငှားဂုဏ် လုပ်ရာ မရောက်ပါဘူး၊ မိုးမှာရှိတာနဲ့ မလိုက်လို့၊ မိုးခြံထဲမှာ ပန်းတွေပေါပေမဲ့ အဲဒီပန်းတွေ မပန်ချင်လို့ ဟိုဘက်ခြံက ပန်းကို ခူးပန်တဲ့သဘောပဲ မိုးရဲ့၊ မငြင်းနဲ့နော်"

"တိုးနဲ့ စကားပြိုင်ပြောတိုင်း မိုး အမြဲရှုံးခဲ့တာပဲ"

"မမကန္နာရေ ... ဒီက ညီမလေးက နာကစ်လာပြီနော့"

သရဖီက လှမ်းပြောသောကြောင့် မိုးမိုးဆင့်က အလိုက်တသိ နှုတ်ဆက်ရသည်။

"ပြန်မယ်နော်"

"ဟော့ ... မိုး၊ မနက်ဖြန် ရုံးသွားလက်မှတ်ထိုးဖို့၊ သရဖီကို လွှတ်ပြီး ပြင်ခိုင်းပေးမယ်နော်"

"ဟာ ... နေပါစေကွာ၊ ကိုယ့်ဟာ ပြင်သွားပါမယ်"

"တိုးက ဆိုင်မှာလည်း ချိန်းပြီးသား ဖြစ်နေလို့ကွာ၊ နှင့်မို့ ဆိုရင် လာပါတယ်၊ သရဖီ လာလိမ့်မယ်၊ မြောက်နာရီခွဲ၊ ခုနစ်နာရီလောက် အသင့်ပြင်ထား မငြင်းနဲ့နော် မိုး"

"အေးပါ ... အေးပါ"

တစ်နေ့က အကြောင်းကို ပြန်စဉ်းစားနေပေမင့် လက်က အငြိမ်မနေ၊ တရစပ်တည်း လျှောက်လုပ်သွားသည်။ ရုံးမှာလက်မှတ်ထိုးသည့် နေ့ကတည်းက မျက်ခုံးမွေးကို သရဖီက ပုံစံကျအောင် နုတ်သိမ်းထားပေးပြီးသားမို့ အချောသပ်ဆွဲရုံသာ။ မိုး၏ ပင်ကိုယ်အသားရောင်က အဝါသွေးနွယ်သည့် အဖြူရောင်မို့ မျက်ခုံးကို အညိုသွေးလှသည့် အနက်မျိုး ဆွဲပေးရန် စိတ်ကူးရသည်။

"အန်တီတော့ကွယ်၊ ဟောဒီ သမီးကဥ္စနာရဲ့ လက်ကလေးနှစ်ဖက်ကို ဖြတ်သာ ယူလိုက်ချင်တော့တာပဲ"

"ဒီလက်ကလေးနှစ်ဖက်နဲ့ ပရိယေသန ဝမ်းစာကို ဖြည့်တင်းနေရတာပါ အန်တီ"

"အမယ် ... အမယ်၊ သမီးကဥ္စနာ ပြောပုံလေးက နိမ့်နိမ့်ချချ ရှိလိုက်တာနော်၊ အိမ်ရှေ့က ကိုရှိနာမှာက်တွေးများလည်း အားနာပါဦး"

ကဥ္စနာက ချစ်စဖွယ်လေး ပြုံးပြရင်း သတို့သမီးကို မျက်တောင်စားကလေး တပ်ပေးနေသည်။

"သတို့သားလည်း ခေါ်ချေပါဦး အန်တီ"

"သူလည်း ပြင်ရမယ်လား"



"ဒါပေါ့၊ မိတ်ကပ်လူးဖို့တော့လည်း ဘယ်ဟုတ်ပါ့မလဲ၊ မျက်နှာမှာ အဆီတဝင်းဝင်း ဖြစ်မနေအောင် ချွေးသိပ်ရုံက လေးတော့ နည်းနည်းပါးပါး"

"သိဘူးလေ ... ခစ်"

မိုးမိုးဆင့်က ခစ်ခနဲ ရယ်သည်။

"မိုး လုံချည်လဲထားနော်၊ တိုးပြန်လာမှ ခေါင်းမှာ ဆံပင်တု ဆောင်းပေးမယ်"

သည်သတို့သမီးအတွက် ဆံပင်ပြင်ချိန် မရပါ၊ အချိန်က လုရလွန်းသည်။ နောက်ပြီး မိုးမိုးက ဆံပင်ပါးရှားလွန်းသည်။ ရှိသမျှ ဆံပင်ကို သိမ်းကျုံး၍ သားရေကွင်းကလေးနှင့်စည်း၊ ညှပ်ကလစ်ကလေးနှင့် အပေါ်လှန်တင်လိုက်သောအခါ ဆံပင်ကလေးက လက်နှစ်လုံးခန့်သာ ကွေးတိ ကွေးကောက်ကလေး ကျလာသည်။ အခါတိုင်းဆိုလျှင် သည်ဆံပင် ဘုတ်စုကလေးအပေါ် ပန်းပွင့်ကြီးကြီးတစ်ခု အုပ်လိုက်ရုံနှင့် ဆံထုံးသဖွယ်ဖြစ်အောင် လုပ်ရမြဲ။ သည်နည်းနှင့် ဆံထုံးမရှိသော ကျောင်းဆရာမ၊ သို့မဟုတ် ပန်းဆံထုံးနှင့် ကျောင်းဆရာမ ဖြစ်ခဲ့ရသည်။

သည်ဆံပင်နှင့် 'ဆံတုမထည့်ဘဲ' ထုံးဖွဲ့၍မဖြစ်နိုင်၊ မိုးမိုးဆင့်ကလည်း ဘီးဆံထုံးတွေ ဘာတွေ ထုံးမနေချင်၊ ညှော်ခံပွဲ သက်သက်သာမို့ အခွေခွေ အလိပ်လိပ်ကလေးများ ကပိုကရိုဖြင့် ခေတ်မီမီသာ လှချင်သည်။ အင်္ဂလိပ်ဖြူ ထဘီစိမ်းဝတ်ကာ ဣန္ဒြေကြီးကြီးသားနှင့် နေခဲ့ရသမျှ အတိုးချ၍ ငယ်ချင်နချင်သည်။

ထို့ကြောင့် ဆံပင်တု ပုံစံဆန်းဆန်း လှလှကလေး မျိုးစုံ ကဥ္စနာ့မှာ ပါလာခဲ့သည်။ မူလဆံပင်ကို ထုံးစံအတိုင်း သားရေကွင်းနှင့် စည်းရုံသာ။ အပေါ်မှ အုပ်မိုး၍ ဆံထုံးမြင့်မြင့်တစ်

သွယ်၊ ပါးနှစ်ဖက်နှင့် လည်ကုပ်သားပေါ်မှာ အရွေးရွေးကလေးများ ချပြီးသား ပုံစံကိုပင် ဖုံးအုပ်ပေးလိုက်တော့မည်ဟု စိတ်ကူးရသည်။ သည်အတိုင်းလည်း ပြင်ဆင်ခဲ့ပြီးသား။

သတို့သမီးအခန်းမှ ထွက်ကာ စကြံလျှောက်ကျောကလေး တစ်ခုကို ချိုးရသည်။ ကဠုနာက ခေါင်းငိုက်စိုက် နောက်မှ လိုက်လာခဲ့သည်။

"သတို့သားက သူတို့ညီအစ်ကိုတစ်တွေနဲ့ ပြင်ဆင်နေတယ်လေ၊ သတို့သားအမေနဲ့ ညီမကတော့ မိုးနတ်သူဇာမှာ သွားပြင်ကြတယ်လေ၊ ဘဒ္ဒကဠုနာတော့ ဈေးကြီးလွန်းလို့ တစ်ခါမှ မပြင်ဖူးဘူးတဲ့၊ အခုကိစ္စကျမှ စာရင်းသွားသွင်းတာ၊ မရတော့ဘူးလို့၊ ဟို ... ပန်းနာမည်နဲ့ မိန်းကလေးက ပြောလိုက်တယ်တဲ့"

"အန်တီကလည်း ... ကဠုနာ ဆိုင်မှာက အကုန်လုံး ပန်းနာမည်ဟာကို"

"အေး ... ဟုတ်သားပဲ၊ သူတို့နာမည်ရင်းတွေလား၊ တမင်မှည့်ထားတာလား၊ နာမည်လေးတွေက လှတယ်နော်"

"အလှပြင်ဆိုင်မို့ တမင် နာမည်လှလှလေးတွေ ပန်းနာမည်ချည်း ရွေးမှည့်ထားတာပါ အန်တီ၊ ခုတော့လည်း ခေါ်ရင်း ခေါ်ရင်း နှုတ်ကျိုးသွားတော့ မူလနာမည်တွေတောင် မေ့ကုန်ပါပြီ"

ယောက်ျားကလေးတစ်သိုက် တစ်ယောက်တစ်ပေါက် ဆူဆူညံညံ စကားသံများက အရင်ဆီးကြိုသည်။

"အဲဒီအခန်းပဲ ကဠုနာရေ၊ မောင်ဝင်းသော်၊ အန်တီ ဝင်ခဲ့မလို့"



ယောက္ခမကြီးက အသံပေးပြီးမှ တံခါးကို တွန်းဖွင့်သည်။ ယောက်ျားလူရွယ်များ သတို့သားကို ယူနီဖောင်း ဝိုင်းဝတ်ပေးနေကြသည်။

"သတို့သားကိုလည်း နည်းနည်းပါးပါး ပြင်ပေးဦးမလို့တဲ့၊ ဟောဒါ ဘဒ္ဒကဠုနာလေ၊ သမီး သူငယ်ချင်းပေါ့၊ မေတ္တာနဲ့ လာကူရှာတာ"

"ကျေးဇူးတင်ပါတယ် မဘဒ္ဒကဠုနာ"

"ဘဒ္ဒကဠုနာ"ဟူသော ထူးထူးဆန်းဆန်း နာမည်နှင့် ကော့ကော့ယိုအောင် လှနေပါသည့် အလှပြင် ဆရာမကလေးကို သတို့သားမှလွဲ၍ ကျန်ယောက်ျားသား လေးဦးက မျက်စိကျွတ်ထွက်မတတ် ဝိုင်းကြည့်ကြပါ၏။

"ဘဒ္ဒကဠုနာ ဆိုတာ ဆိုင်နာမည်ပါ၊ ကျွန်မ နာမည်က ကဠုနာ ပါပဲ"

"ဩော် ... ဟုတ်ကဲ့၊ ကျွန်တော်တော့ ဖြီးဖို့လိမ်းဖို့ မလိုဘူး မဟုတ်လား"

"နည်းနည်းပါးပါးတော့ လိုပါတယ်ရှင်၊ ပင်ကိုယ်အသား ဆိုတာက နာရီပိုင်းအတွင်း အဆီပြန်လာတတ်လို့ပါ"

ကဠုနာက သူ ကိုင်လာခဲ့သည့် အလှပြင်သေတ္တာကလေးကို ဖွင့်သည်။

"ဟော့ ... ဟော့ ငါးခြောက်ပြား ဖြစ်တော့မယ်"

ပျော်ရွှင် ကြည်နူးချိန်မို့ သူငယ်ချင်းများက နှုတ်သွက်အာသွက် ဖြစ်နေကြသည်။ ကဠုနာက မျက်နှာကြောကလေးတစ်ချက် တင်းသွားရသည်။

"အခြောက်ဖြစ်ဖို့ဝေးလို့ မျက်နှာမှာ တစ်စုစု လိမ်းကျံထား ကြောင်းတောင် မသိစေရပါဘူး၊ လန်းဆန်းရုံ၊ အဆီမပြန်ရုံ ကလေးပဲ၊ အသားပေါ်မှာ ပေါင်ဒါတစ်မှုန် တင်မကျန်ခဲ့စေ ရဘူး ဆိုတာ လက်ဖြတ်ကြေးတောင် လောင်းရဲပါတယ်"

ကဥ္စနာက ဒေါ်သကလေး တကဲကဲနှင့် ပြောဖြစ်သွား ရသည်။ သူ့ကို အထင်သေး အမြင်သေး ပြောလာလျှင် ယခုလို ဘဒ္ဒကဥ္စနာ နာမည်နှင့် အောင်မြင်ကျော်ကြားနေချိန်တွင် မဆိုထား ဘိ၊ အနှိမ်ခံအပယ်ခံ "တိုးတိုး" ဘဝတုန်းကပင် ငြိမ်ခံခဲ့သူ မဟုတ်။

"အမယ်လေး ... လက်ဖြတ်ကြေးများတော့ မလောင်းလိုက် ပါနဲ့၊ သမီး မိုးက ပြင်လို့ဆင်လို့ ပြီးသေးတာ မဟုတ်ဘူး"

ကဥ္စနာ မျက်နှာကလေး တင်းသွားသည်ကို ဒေါ်ခင်မိမိ က သတိထားမိဟန်နှင့် ရယ်ရယ်မောမော ဖာဖာထေးထေး ဝင်ပြော ရှာသည်။

"ဟို ... ကျွန်တော်တို့က မသိလို့ပါ ဘဒ္ဒကဥ္စနာ"

လူပျိုရုံတစ်ဦးက လက်ဝါးတကာကာနှင့် ဝင်တောင်း ပန်သည်။ ကဥ္စနာက ခပ်မဆိတ် နေလိုက်တော့သည်။

"အဲဒီခုံမှာ ခဏထိုင်ပါ"

သတို့သားက မှန်တင်ခုံရှေ့မှ ခွေးခြေပုကလေးမှာ ဝင်ထိုင်ပေးရသည်။ ကဥ္စနာက သူ့မိတ်ကပ်ဘူးကလေးများထဲမှ ပျစ်ချွဲချွဲ ကရင်တစ်ခုကို ဘရပ်ရှ်ပြားပြားလေး တစ်ခုနှင့် တို့ယူကာ မျက်နှာပေါ်မှာ ညီညာအောင် ပွတ်ဆွဲသည်။ ယောကျ်ားတစ်ဦး၏ အသားကို သူမ လက်ဖျားကလေးများနှင့် မထိချင်သည့်သဘောကို ခပ်တင်းတင်း မျက်နှာထားလေးမှတစ်ဆင့် ဖော်ပြသည်။ ဆားဝစ် ဆု(တ်)ကြီး တကားကားနှင့် သတို့သားက ငြိမ်ခံနေရတော့သည်။



လိမ်းရင်း လိမ်းရင်း မျက်နှာပေါ်မှ ကရင်များမှာ အသားထဲသို့ စိမ့်ဝင်သွားသည်။ မျက်နှာပေါ်မှာ အရာထင်ကျန်ရစ်ခဲ့ ခြင်း မရှိပါ။ ကဥ္စနာက တစ်ရှူးပေပါ အချောစားလေးတစ်ခုကို ဆွတ်ယူသည်။

တကယ်ဆိုတော့ သည်ပေပါကလေးကို မျက်နှာပေါ် တွင်၊ လက်ဖဝါးကလေးနှင့် လိုက်ဖိပေးရမည်။ မွေးညင်းပေါက်များ မှတစ်ဆင့် စိမ့်ထွက်လာမည့် အဆီများကို တစ်ရှူးပေပါကလေးက စုပ်ယူပါလိမ့်မည်။ ကဥ္စနာက သူမလက်နှင့် မထိချင်။ ဘရပ်ရှ်ပြား ပြားလေး နှစ်ခုကိုသာ ဘယ်ညာစုံကိုင်လိုက်သည်။ ဘယ်ဘက်ကဖိ၊ ညာဘက်က လျှောက်ပွတ်ဆွဲ။ သတို့သားခမျာ အသက်အောင့်ထား ရှာသည်။

ကဥ္စနာက တစ်ရှူးပေပါလေးကို ပြန်ခွာ၊ လုံးထွေး ပစ်လိုက်ကာ ဟိုဟိုသည်သည် ကြည့်သည်။

"လွှင့်ပစ်ဖို့လား၊ ကျွန်တော့်ကို ပေးပါ"

လူပျိုရုံတစ်ဦးက မျက်နှာလိုအားရ ဝင်ပြောသော ကြောင့် ပေးလိုက်သည်။

"ကျွန်တော် မျက်စိဖွင့်လို့ ရပြီလား"

"ရပါပြီ၊ နောက်သုံးနာရီအတွင်း ချွေးမထွက်ဘူး၊ အဆီမပြန် ဘူး"

ကဥ္စနာ လေသံ တင်းမာနေမည်ဟု မိမိကိုယ်မိမိ ထင်လေသည်။

"ဟာ ... အသားညိုညိုကြီးက ဖြူဖြူဝင်းဝင်းကြီး ဖြစ်သွား ပါလားဟေ့၊ ကောင်းကြီး ပွတာပဲ"

သတို့သားက မှန်ဘက်လှည့်ကြည့်သည်။ သူ့ရုပ်သူ သဘောကျသွားရသည်။

"တော်လိုက်တာ ကဋ္ဌနာရယ်၊ တစ်ခုခု လိမ်းထားတယ်လို့ မထင်ရဘဲ ဖြူဖြူဝင်းဝင်းကြီး ဖြစ်သွားတယ်၊ ပင်ကိုယ်အသား ရည်ကနေ ဝင်းတက်လာတာပဲနော်၊ မဖြစ်ဘူး ... မဖြစ်ဘူး၊ မင်္ဂလာပွဲပြီးရင်တော့ ကဋ္ဌနာ လက်ကလေး နှစ်ချောင်းကို ဖြတ်ယူထားလိုက်တော့မယ်"

ဒေါ်ခင်မိမိက ချစ်ကြည်ရင်းနှီးပုံမျိုးနှင့် အားပါးတရ ပြောလေသည်။

သည်တစ်ခါတော့ ကဋ္ဌနာ ပြုံးသည်။

"သွားစို့ အန်တီ"

"အေး ... အေး ... လာ၊ မောင်ဝင်းသော် ညီကလေးကော၊ သူများ လိမ်းချင်ရှာဦးမလား မသိဘူးနော်"

ယောက္ခမကြီးကသမက်ကို လောကွတ်ကျေပြနေပါ၏။

"ကိစ္စမရှိပါဘူး အန်တီ၊ သူက မေမေနဲ့ ညီမလေးကို ဖြူတီ ပါလာက သွားကြိုနေပါတယ်၊ လိမ်းမယ် မထင်ပါဘူး"

ဒေါ်ခင်မိမိ နောက်မှ လိုက်ပါ၍ ပြန်အထွက်လာမှာ ...

"မင်းမားသားကြီး ဘဒ္ဒကဋ္ဌနာနဲ့ မပြင်လိုက်ရတာ နာတာပဲ ကွာ"

"မင်းညီမ ဂွက်ထော်မကို ဘဒ္ဒကဋ္ဌနာကသာ ပြင်လိုက်ရရင် တော့"



စသော ... စသော အသံလှိုင်းများက ကဋ္ဌနာ အကြား အာရုံတွင်းသို့ စီးဝင်ကြပါသည်။ ကဋ္ဌနာ မသိကျိုးကျွန် ပြုခဲ့ပါ သတည်း။

ဝတ်စုံလဲပြီးနေသော သတို့သမီးကို ဆံပင်တုဆောင်း ပေးရသည်။ နိုင်မြဲအောင် ညှပ်တွယ်ရသည်။ သရဖီက မိုးမိုးဆင့် တစ်ကိုယ်လုံးကို စပရေးဖြင့် ရေမွှေးများ လျှောက်ဖျန်းပေးနေသည်။ နောက်ဆုံးအဆင့် အနေဖြင့် ကဋ္ဌနာ ယူလာခဲ့သော စိန်တစ်ဆစ် ပုလဲတစ်ဆစ် တစ်ဆင်စာလုံးကို တစ်ခုချင်း ဝတ်ပေးလိုက်တော့ သည်။

"ပြန်တော့မယ်နော် မိုး၊ တိုးကို ခွင့်လွှတ်ပါကွာ၊ တိုး နား ချင်ပြီ"

"ဟယ် ... တိုးကလည်း ဘာမှ မစားတော့ဘူးလား"

"ကဋ္ဌနာက ငြီးစီစီကြီး ဖြစ်နေလို့တဲ့၊ ပင်လည်း ပင်ပန်းလှ ပြီမို့ မစားတော့ဘူး ဆိုတာနဲ့၊ ဒံပေါက်တွေရော၊ ရေခဲမုန့်နဲ့ အခြားမုန့်တွေပါ ချိုင့်နဲ့ထည့်ပြီး မာမီ ကားပေါ်တင်ပေးထား လိုက်ပြီ သမီးရဲ့၊ သူ့မျောလည်း နားပါစေတော့ကွယ်"

မိုးမိုးဆင့်က နားလည်စွာ ခေါင်းညိတ်ပြရသည်။ ကဋ္ဌနာ ပင်ပန်းလှချေပြီ။

"ဒီလက်ဝတ်လက်စားတွေ ..."

"ကွယ် ... မိုးကလည်း ဘယ်တော့ပြန်ပေးပေးပါ၊ ဒီလောက် ကလေးကို တိုးက စောင့်ယူနေရမှာလား"

"ကျေးဇူးအများကြီး တင်တယ်နော် ... တိုး"

"ပြောရမဲ့လူတွေ မဟုတ်ပါဘူး မိုးရဲ့"

ချစ်လှစွာသော သူငယ်ချင်း သတို့သမီးကလေး၏ လက်များတစ်ဖက်ကို ချစ်စနိုး ဆွဲညှစ်ကာ ကဋ္ဌနာ ပြုံးပြသည်။

"ပျော်ရွှင်ချမ်းမြေ့တဲ့ အိမ်ထောင်ရေးမှာ ရာသက်ပန် နိုင်ပါစေဖို့ ဆုတောင်းပါတယ်"

သတို့သမီး လည်ပင်းသားကလေးကို သူမ နှုတ်ခမ်းဖြင့် မထိတထိကလေး တစ်ချက်နမ်းလိုက်သည်။

"လက်ဦးမယ်တော့ မထင်ပါဘူး"

"တိုး ... နော်"

သတို့သမီး မျက်နှာမှာ နှင်းဆီသွေးကလေး ဖြတ်ပြေး သွားသည်။

"သွားမယ်"

"ကျေးဇူးပဲ တိုးရယ်၊ တကယ်"

သရဖီက သိမ်းဆည်းပြီးသား အလှပြင်ပစ္စည်း သေတ္တာ ကလေးကိုဆွဲ၍ ကဋ္ဌနာနှင့်အတူ အခန်းတွင်းမှ လှမ်းအထွက် _

"သမီး မိုးကတော့ ကုသိုလ်ကောင်းတာပဲ၊ ဘဒ္ဒကဋ္ဌနာ ပြင်ရတယ်၊ အန်တီတို့တော့ စိတ်တိုင်း တယ်မကျခဲ့ပါဘူး"

မိုးမိုးဆင့်၏ ယောက္ခမကြီးပါ။ သူ့နောက်မှာ သမီးငယ်၊ သမီးငယ် နောက်မှာက သတို့သား၏ညီ၊ အခန်းဝမှာ မျက်နှာချင်းဆိုင် ဆုံမိကြလေသည်။

"ဟင်"

စင်စစ် အာမေဍိတ်သံက နှစ်ခုပါ။ သို့သော်ငြားလည်း တစ်ထပ်တည်း ထွက်လာသည်မို့ တစ်သံတည်းသာ ကြားရခြင်း



ဖြစ်ပါ၏။ ကဋ္ဌနာ နောက်သို့ ခြေတစ်လှမ်း ဆုတ်မိသည်မို့ သတို့ သမီး အခန်းထဲသို့ ပြန်ဝင်မိလျက်သား အလိုလို ဖြစ်သွားတော့သည်။ သည်သို့ ခြေတစ်လှမ်းဆုတ်ခြင်းကပင် အခန်းတံခါးဝမှ ဖယ်ပေးသည့် နှယ် ဖြစ်သွားရသောကြောင့် သတို့သမီး၏ ယောက္ခမ ဒေါ်တင်တင်စိုး နှင့် သူ့သမီးတို့ ဝင်လာနိုင်ရန် လမ်းဖွင့်သွားရတော့သည်။ ကဋ္ဌနာ နောက်ထပ် ခြေတစ်လှမ်း ဆုတ်မိပြန်သည်။ သတို့သမီးက သွက် သွက်ကလေးလှမ်း၍ ကဋ္ဌနာ လက်မောင်းကို လာဆုပ်သည်။

ယင်းကိုပင် ဒေါ်တင်တင်စိုးနှင့် သန္တာဦးတို့က သူတို့ ကို သတို့သမီး ကိုယ်တိုင် ထွက်ကြိုသည်ဟု အထင်ရှိကာ ကျေနပ် သွားကြလေသည်။ သည်အဖြစ်ကို မျက်နှာပေါ်ရှိ ခံစားချက်များနှင့် သရုပ်ဖော်ကြသည်မို့ ကဋ္ဌနာ သဘောပေါက်မိလေသည်။ ကျရာကြို ရာမှာ စိတ်ကူးနှင့်ပင် အမြတ်ယူတတ်ကြပါသော လူတန်းစားအလွှာ တစ်မျိုးပေပဲဟု၍ ကဋ္ဌနာ ခါးသီးစွာ တွေးမိလေသည်။

ဒေါ်တင်တင်စိုးနှင့် သန္တာဦးတို့ အခန်းထဲသို့ ဝင်လာ ကာ သတို့သမီးနားမှာ လာရပ်သည်။ အလှပြင်ဆရာမလေးအနား မှာ ရှိနေသည်ကို ဖုတ်လေသည့်ငါးပိနှယ်။ အခန်းတံခါးဝကိုပိတ် လျက်၊ တခါးပေါင်နှစ်ဖက်ကို လက်နှစ်ဖက်နှင့် ဆန့်ကိုင်ကာ မားမား ကြီးရပ်နေသူ သတို့သားညီကသာ မမှိတ်မသုန်သော မျက်လုံးများ ဖြင့် ကဋ္ဌနာ ဆီသို့ ...။

"လှလိုက်တာ မိုးရယ် ... ဒါ ဘဒ္ဒကဋ္ဌနာ လက်ရာပေါ့လေ"

ဒေါ်တင်တင်စိုးက အငမ်းမရ ချီးကျူးသည်။

"မမမိုး ဆံပင်တွေက အတုတွေလားဟင်၊ သိပ်လှတာပဲ"

သန္တာဦးက နားသယ်စပ်ဆီမှ ဆံနွယ်တစ်ခွေကို မနေနိုင် မထိုင်နိုင် လာကိုင်သည်။

"မကိုင်နဲ့လေ သန္တာ၊ သမီး မမ အလုံ့ပျက်သွားဦးမယ်"

နိုင်ငံခြားပြန် အရာရှိကြီး၏ သမီးတစ်ယောက်လုံး ပေမို့ သည်ချွေးမကို ယောက္ခမက အရေးပေးပြနေသည်။

"တိုးကို တမင်မတားတော့ဘဲ အဲဒါကြောင့် ပြန်ပစေဆိုပြီး နေလိုက်တာ၊ သတို့သားဟာ ဘယ်သူဘယ်ဝါရဲ့သား၊ ဘယ် သူဘယ်ဝါရဲ့ အစ်ကို ဆိုတာ အဲဒါကြောင့် တမင်မပြောတာ။ မိုးကို ခွင့်လွှတ်ပါ တိုး"

သတို့သမီးက ကဥ္စနာ နားနားကပ်၍ တီးတိုးကလေး တောင်းပန်သည်။ ကဥ္စနာ ခေါင်းငုံ့နေသည်။ သတို့သားညီ၏ မျက်စိအစုံက သူ့မျက်ဝန်းအိမ်မှသည် ခွာထွက်ကာ ကဥ္စနာ မျက်နှာလှလှကလေးမှာ လာရောက် တွယ်ကပ်နေသည်သို့။

"သမီး မိုးရဲ့ ဘယက်ကလေးက လှလိုက်တာ၊ ယဉ်လည် သိပ်ယဉ်တာပဲနော်"

"ဟုတ်ပါရဲ့ မာမီရယ်၊ သန္တာ ကြိုက်လိုက်တာ၊ အဲဒီပုံ သန္တာကို လုပ်ပေးနော်၊ အခု သန္တာ ဆွဲထားတာ စိန်ချည်း ဆိုတယ် မမမိုးလို ဘယ်မှာလှလို့လဲ မာမီရဲ့"

"အဲဒါ ဟောဒီ ကဥ္စနာရဲ့ ပစ္စည်းလေ၊ မိုးရဲ့ စိန်တွေ မြှုတ်ခဲနေလို့ အမြင်ရိုင်းသတဲ့၊ ဘိုဆန်ဆန်ကလေး လှ ကဥ္စနာမှ မြင်တတ် ပြင်တတ်တာ ဒေါ်တင်တင်စိုးရဲ့ သူငယ်ချင်းကို လှစေချင်လွန်းလို့ တကူးတက လာပြင်လာ ပေးတာ"

"ဪ ... ဘဒ္ဒကဥ္စနာ ဆိုတဲ့ အလှပြင် ဆရာမလေးတို့

တစ်ချိန်ချိန်က တစ်နေရာရာမှာ တွေ့ဖူးမြင်ဖူးခဲ့ ထင်မိသည်။ သို့ပေမင့် သိရှိမှတ်မိပုံမရ။ သူ့ဈေးသမီး ချွေးမ



ကို အရေးပေးရန်သာ ဆန္ဒစောနေလေသည်။ မမှတ်မိခြင်းကိုလည်း အပြစ်မဆိုသာ။ ကြုံခဲ့ ဆုံခဲ့ကြသည်က ဟိုလွန်ခဲ့သည့် ခြောက်နှစ် ခန့်က ဖြစ်မည်။ ပြီးတော့ နာရီပိုင်းကလေးသာ။

ယင်း နာရီပိုင်း အတွင်းမှာလည်း သည်မိန်းကလေး ကို အလေးဂရု ပြုခဲ့သည့် မဟုတ်။ ကိုယ်ပြောချင်ရာပြောပြီး ပြန် လာခဲ့ကြခြင်း ဖြစ်သည်။ ပြီးတော့ ခြောက်နှစ်ခန့်အတွင်း မိန်းက လေး အလှပြင်နည်းများကလည်း ကွာခြားသွားရပြီ။ ထိုအချိန် တွေ့ခဲ့ရစဉ်က ကဥ္စနာ မျက်နှာက ထူထူထဲထဲမည်းမည်း။ မျက်နှာ ပေါ်မှာ အနီရောင် အပြာရောင်တို့ဖြင့် ဆေးဆိုးပန်းရိုက်ထား သည်။

ခုတော့ ကဥ္စနာ မျက်နှာသေးသေးမျှင်မျှင် ညိုညိုလေး၊ မျက်နှာပေါ်မှာ ရောင်စုံခြယ်သထားခြင်း မရှိ။ သည်ကနေ့မှ ပင်ပန်း လွန်း၍ မျက်နှာမှာ နဂိုအသား အဝါရောင်အတိုင်း ဖြောင်ဝင်း၍ အခြယ်အသ ကင်းနေရသည်။ သူများတွေချည်း လျှောက်မြှုပြင်ဖြီးလိမ်း နေရသောကြောင့် ကိုယ့်ကိုယ်ကိုယ် ပြင်ချိန်လုံးဝမရသည့်နေ့။

ဆေးဆိုးပန်းရိုက် မျက်နှာတုန်းက တစ်မျိုးကြည့် ကောင်းခဲ့သလို အခြယ်အသ ကင်းတော့လည်း စိုဝင်းကာ လှလွန်း သူဇာကလေး ဖြစ်နေတော့သည်။

"အလှပြင် ဆရာမလေးမို့ ထင်ပါရဲ့၊ သူ့ကိုယ်သူလည်း ကြည့်ကောင်းအောင် ပြင်ထားလိုက်တာ"

စေ့စေ့စပ်စပ်မှ ကြည့်ရဲ့လား မသိ။ မျက်စိများပင် မှုန်သီကြလို့လား။ ပေါင်ဒါတစ်မှုန် မရှိသည့် မျက်နှာကို ကြည့်ကောင်း အောင် ပြင်ထားတတ်လိုက်တာဟု ပြောသည်။ ပင်ကိုယ်ချော ဟုတ်ပါ။ ဆင်တတ်လို့ လှရပါသည်ဟူသည့် နှိမ်လိုသော အမိပ္ပာယ်

လား၊ ပြင်ဆင်မှု အနုပညာကို ချီးမွမ်းလိုသည်လား။ ကာယက
ပြောသူမှသာ သိပါလိမ့်မည်။ ကဋ္ဌနာ ရင်ထဲမှာတော့ အ
ဘက်က လှည့်မတွေးနိုင်ပါ။ ဒီလောက် မျက်နှာပြောင်နှင့် ဖြစ်
လျက် ပြင်တတ်သည်ဟု ပြောသည်။ ထားပါတော့လေ၊
ဆံပင်တစ်ခုတော့ ပုံဆန်းဆန်းနှင့် လှလှယဉ်ယဉ်ကလေး ဖြစ်
ထုံးဖွဲ့ထားမိသည်ကိုး။

"အဲဒါ ပြန်ရောင်းမလား တူမကြီး၊ မိုး ဖြစ်ဖြစ်၊
ဖြစ်ဖြစ်၊ တစ်ယောက်ယောက် ဝတ်ရတာပေါ့၊ အန်တီအ
ပေးပါ့မယ်"

ဒေါ်တင်တင်စိုး အမည်ကို ဒေါ်တင်တင်စီး ဟု
ပြောင်းခေါ်ချင်တော့သည်။ ဘဒ္ဒကဋ္ဌနာ ဘယ်လောက် နာမည်ကြ
အလှပြင်၍ အသက်မွေးရသူ အပေါ်မှာ အပေါ်စီးက မြင်ကြ
သည်။ ဆံနွယ်တစ်ခွေကိုပင် မနေနိုင် မထိုင်နိုင် လာကိုင်ခဲ့
သန္တာဦးက သတို့သမီး မိုးမိုးဆင့် ဝတ်ထားသည့် စိန်တစ်
ပုလဲတစ်ဆစ် လည်ဆွဲကိုပါ ဆွဲကိုင်ကြည့်တော့သည်။ မြပေါ
မှာ ထိုးထားသည့် ရင်ထိုးကိုလည်း ကိုင်ကြည့်သည်။

"စိန်တွေက တစ်လုံးကို တစ်ရတီစီလောက်ရှိမယ် မ
အရည်လည်း သိပ်ကောင်းတာပဲ၊ အလုံးရေကလည်း
ကြီး၊ ပုလဲကလည်း တကယ့် အစစ်မှအစစ်၊ တန်ဖိုးသေ
မဟုတ်ဘူး မာမိ၊ တစ်ဆင်စာလုံး ဆိုတော့၊ ဒီမှာ အ
ပေါင်း ဘယ်လောက်ကျပါ [illegible] ဆရာမ"

သူ့ကိုယ်သူတော့ ယဉ်ကျေးလှပါပြီ ဆိုသည့် အ
နှင့် ပြောခြင်းပါပေ။ ကဋ္ဌနာ နားထဲမှာတော့ တမာပင်ထက်
ဟင်းခါး နွယ်တက်သည့်နယ်၊ အကြားအာရုံမှာ ခါးသီးစွာ



နူးရှသည်။ ဖြစ်ရပ်အားလုံးကို ခြင်း၍ သဘောပေါက်လိုက်သည့်
သရဖီက သူ့မမ လှလှကလေး၊ သည်အသိုင်းအဝိုင်းမှာ စိတ်ညစ်ညူး
ရှာပေပြီဟု နားလည်လိုက်ပါသောကြောင့် ကဋ္ဌနာကို လာတွဲ
သည်။

"ပြန်ကြစို့လေ မမ"

သည်သားအမိ မျက်နှာကို သရဖီ ကောင်းစွာမှတ်မိ
သည်။ ဘဒ္ဒကဋ္ဌနာမှာ အလှပြုပြင်လိုသူများ ကဋ္ဌနာနှင့် တိုက်ရိုက်
တွေ့ဆုံခွင့် မရမီ သရဖီ ဆီမှာ အရင်ဆုံး စာရင်းမှတ်ရသည်။
သည်သားအမိနှစ်ယောက် နှစ်ယောက်တွဲ တစ်ကြိမ်၊ သမီးချည်းသုံး
ကြိမ်၊ ဗိုလ်ချုပ်ဈေးဆိုင်သို့ ပြောင်းပြီးမှ စာရင်းလာသွင်းခဲ့ဖူးပြီ။
သရဖီ ငြင်းလွှတ်ခဲ့သည်ချည်း။

"ဘွတ်ကင် ပြည့်နေလို့ပါ"

"ဒီနေ့ အချိန်မရှိတော့လို့ပါ"

အဆင်ပြေသလို ပြောရင်း သူ့မမကဋ္ဌနာနှင့် တွေ့
မီကပင် သူက ကြိုတင်ကာကွယ်ခဲ့သည်ချည်း။ စွာညို၊ ယုစန္ဒ၊ ငုဝါ
နှင့် မြတ်လေးနွယ် တို့ကိုလည်း မြင်ဖူးအောင် ပြထားလိုက်
သည်။

"သူတို့လာရင် မမကဋ္ဌနာနဲ့ ဘယ်လိုမှ တွေ့ခွင့်မပေးနဲ့၊
တံနည်းနည်းနဲ့ ပြောပြီး အကာအကွယ် ပေးနော်၊ အဲဒါ တို့
မမရဲ့ အကြီးအကျယ် မဟာကမ္ဘာရန်သူတော် သားအမိ
ပေါ့"

ဟူ၍ ပြောထားခဲ့သည်။ ရန်သူတော် ဖြစ်ရပုံကို
စပ်စုစေ့ငုကြပေမင့် သရဖီ သစ္စာရှိစွာ နှုတ်လုံခဲ့လေသည်။

"ရောင်းမယ်လား ဆရာမ"

ဒေါ်တင်တင်စိုးက ထပ်ပြောသည်။ "ဆရာမ" ခေါ်ခြင်းကပင် ယဉ်ကျေးဖွယ်ရာပေမင့် ကာယအားနှင့် အသက် ရခြင်းကို ပေါ်လွင်စေသည်။

ကဥ္စနာ ခေါင်းကို မော့ပစ်သည်။ အဲကလေး ခဲ့သည်။ အပြုံးလဲ့လဲ့ကလေး ပြုံးသည်။ သို့ပေမင့် နှုတ်ခမ်းထော ဖွန်းကလေးက အထက်တူရူ ကော့မတက်ကြပါ။ အောက်သို့ကျေ ကျသည်။ မဲ့ပြုံးကလေး။

"အရည်အသွေးကိုလည်း အဲဒီက သိကြပါလိမ့်မယ်"

ကဥ္စနာ အံ့ခဲလေပြီကို သဘောပေါက်သည့် မိုး ပျာယာခတ်သွားပါသည်။

"သိတာပေါ့ ဆရာမရဲ့၊ သန္တာဦးတို့က တစ်သက်လုံး စိန် ခေါင်းအုံးအိပ်လာတာ"

"စိန်က ရတီရှစ်ဆယ် ရှိတယ်၊ ပုလဲက ရတီ ငါးဆ တစ်ဆင်စာလုံး ပြောတာ"

"ဒီစိန်တွေ တစ်ရတီကို လေးထောင့်ငါးရာဈေးလောက်တော့ ရှိမယ် မာမီရဲ့"

သန္တာဦး လေသံနည်းနည်း ပျော့သွားသည်။ တစ် ကို လေးထောင့်ငါးရာနှင့် ရတီရှစ်ဆယ် ဆိုတော့ စိန်ဖိုးချည်း သုံ သိန်းခွဲကျော်ကျော်။ ပုလဲရတီငါးဆယ်နှင့် ရွှေဖိုးမပါသေး။ တစ်လုံ ကို တစ်ရတီစနဲ့ရှိသည့် အလုံးညီချည်းမို့ ဈေးကောင်းလှပါသည်

"ကျွန်မ လုပ်စဉ်ကတော့ ဒီလောက် ဈေးမရှိသေးပါဘူ ဒါပေမဲ့ သိန်းလေးဆယ်ပေးလည်း ကျွန်မ ပြန်မရောင်း ဘူး"



ငါ့သူငယ်ချင်း "တိုး"တော့ တွယ်ပြီ... ဟု မိုးမိုးဆင် ၵင်မှာ လေးတက်သွားရသည်။ ကဥ္စနာက အပြုံးမပီပြင်ပါသည့် အပြုံးကို ထပ်ဆင့်ပြုံးပြန်သည်။

"ဒါပေမဲ့ သိပ်ပြီး လိုချင်တပ်မက်စိတ် ပြင်းပြနေရင်တော့ အလကား ပေးခဲ့ပါ့မယ်"

"ဟာ ... ဆရာမကလည်း နောက်ပြီ"

သန္တာဦးက ပေါ့သွမ်းစွာ ရယ်မောရင်း ပြောသည်။

"မိုးရဲ့ ပွဲတိုင်ပြီးရင် မိုးယောက်မကို ပေးလိုက်လေ၊ ဒီစိန် တစ်ဆင်စာကို ကျွန်မ လက်နှစ်ဖက်လောက် တန်ဖိုးမထား ပါဘူး၊ သုံးသိန်းခွဲ လေးသိန်းလောက်တော့ လမ်းပေါ်က ကောက်ရလာတဲ့ မိမရှိ ဖမရှိ တိုးတိုး ဆိုတဲ့ ကလေကချေမက တပ်မက်စိတ် လုံးဝမရှိပါဘူး ဆိုတာ ပြောပြလိုက်ပါတော့ မိုး"

"ဟင်"

ဒေါ်တင်တင်စိုးနှင့် သန္တာဦးတို့မှာ အဝိုင်းသား ပွင့် သွားရသည့် နှုတ်ခမ်းများကို ပြန်စေ့ဖို့ သတိမရ၊ ဒေါ်ခင်မိမိက နားမလည်နိုင်ဘဲ အံ့သြရသည်။ သရဖီကမူ မကဥ္စနာ၏ မျက်ဝန်း အိမ်မှာ မျက်ရည်ဥကလေးတွေကြောင့်များ အရောင်ပိုတောက်လာ သလားဟု စေ့စေ့စပ်စပ် ကြည့်သည်။

"သြော် ... မြင်ဖူးပါတယ် မှတ်တာ၊ လက်စသတ်တော့ ကောက်ရ သမီး တိုးတိုးကိုး၊ ဟုတ်သားပဲ"

ဒါကြောင့်များ ဘဒ္ဒကဥ္စနာမှာ အလှပြင်ဖို့သွားတိုင်း လှပြည့်၊ အချိန်မရှိ ဖြစ်နေတာ ထင်ပါရဲ့။ ဆိုင်နေရာပြောင်းသွား တော့လည်း မမှတ်မိဘူး၊ နောက်ပြီး ဟိုတုန်းက ဆိုင်နာမည် အင်္ဂလိပ်နာမည်ပါ။

ဘယ့်နှယ် ... ဘယ့်နှယ်၊ ဒီလောက် အောင်မြင်ကျော်ကြားပြီး ချမ်းသာသွားရတာပါလိမ့်။ တိုက်ရှေ့မှာ ရပ်ထားတာ ငွေရောင် ကိုရိုနာမာ့ခ်တူး ကားကြီးပါလား။

အင်းလေ ... ဒီခြောက်နှစ် ခုနစ်နှစ် အတွင်းကို ဂရုစိုက်ပြီး သတိရနေတာမျိုးလည်း ရှိမှ မရှိခဲ့ပဲ။ ချောင်ကြိုချောင်ကြားမှာ ဈေးတိုးဝက်ဝင် သဘောမျိုး ရှိနေမှာပေါ့၊ အိုးကြိုအိုးကြား တိုးရှာ့ဲ ကြွက်ဆင်းရဲကလေး ဖြစ်နေမှာပေါ့လို့ ထင်ထားခဲ့တာ။

ဒေါ်တင်တင်စိုးနှင့် သန္တာဦးတို့ သားအမိနှုတ်မှ မဖွင့်ဟပြား။ အတွေးမျှင်ချင်းကျတော့ ထပ်တူညီနေကြရပါတော့သည်။

"ကျေးဇူးပြုပြီး လမ်းဖယ်ပေးပါ ကိုနေသွေး"

"တိုးရယ်"

ဆာပူကြေကွဲပါသော၊ တမ်းတလိုက်မောပါသော နှလုံးသား အက်ကွဲသံကလေးကို ကဋ္ဌနာ သဲ့သဲ့ကလေး ကြားလိုက်မိပါသည်။ လှည့်မကြည့်ဘဲ ထွက်လာခဲ့သည်။ ငွေရောင် ကိုရိုနာမာ့ခ်တူးကားကလေးက သူ့သခင်မကို ဆီးကြိုနေပါသတည်း။



[illegible]

ဘဒ္ဒကဋ္ဌနာကို တစ်လတွင် တစ်ရက်သာ ပိတ်ပါသည်။ ယခုလတွင် သည်တစ်ရက် ပိတ်ဖို့အတွက် ယခင်လ၊ သည်အချိန်တည်းက ကြိုတင်မိမံရသည်။ အနားယူမည့် ရက်တစ်ရက်ကို တစ်လ ကြိုတင်ရွေးချယ်ပြီး ထိုနေ့တွင် လာသမျှ ဘွတ်ကင်များကို အားလုံး ငြင်းပစ်ရသည်။ သည်လိုမှ မလုပ်လျှင် နားရက်မရှိ၊ အလုပ်ရှိတိုင်းသာ လုပ်ကြရပါလျှင် (၂၄)နာရီလုံး အလုပ်နှင့်သတ်ဖြတ်မည် မထင်ပါ။

သည်နေ့တော့ ဘဒ္ဒကဋ္ဌနာ တစ်ဖွဲ့လုံး နားကြသည်။ ဒိုလ်ချုပ်ဈေးရှိ အလှပြင်ဆိုင်သို့ သွားစရာ မလိုသောကြောင့် အိမ်မှာပင် လူစုံတတ်စုံ ရှိနေသည်။ သရဖီ၊ မြတ်လေးနွယ်၊ ခူညီယုဇနနှင့် ငုဝါတို့အားလုံး ကဋ္ဌနာနှင့်ပင် အတူနေကြလေသည်။

"မမကဋ္ဌနာ မြီးရှည်စားမလား၊ ငုဝါ လက်ဆွမ်းပြမယ်"

"ကောင်းသားပဲ"

"ပြီးရင် မြတ်လေးနွယ်ရဲ့ အုန်းနို့ကျောက်ကျောလေးနဲ့ အချိုတည်းရမယ် မမ၊ အုန်းသီးတွေ စမ်းချောင်းဈေးမှာ သွားညှစ်လိုက်မယ်၊ မြီးရှည်အတွက်က ဝယ်ပြီးသား ဖြစ်နေပြီ"

"လုပ်ကြလေ၊ မြတ်လေးနွယ် တစ်ယောက်တည်း အုန်းနို့ပုံးကြီးနဲ့ ဖြစ်နေဦးမယ်၊ သရဖီက ကားမောင်းပြီး လိုက်ပို့လိုက်နော်"

သည်အိမ်မှာ ကဥ္စနာ ကိုယ်တိုင်ကလွဲလျှင် သရဖီ ကားမောင်းရသည်။ ယာဥ်မောင်းသီးသန့် မထားပါ။ မိုးလင်းက မိုးချုပ်တိုင် မအားကြသူများပေမို့ ထမင်းချက် အဝတ်လျှော်အတွက်တော့ အလုပ်သမား ထားရသည်။ အိမ်က ခလေးပင်သုံးခန်း၊ ဗျဉ်ထောင်အိမ်၊ တစ်ထပ်တည်းကလေးပေမင့် ခေတ်မီသောပုံစံဖြင့် ဆောက်လုပ်ထားသောကြောင့် ကြည့်၍ ကောင်းလှသည်။ သီရိခေမာလမ်းထဲမှာတော့ ကဥ္စနာတို့ အိမ်ကလေးက အကောင်းဆုံး မဟုတ်ပေငြား၊ ချစ်စရာကလေး ဖြစ်နေတော့သည်။ မြေပိုနည်းနည်း ကျန်သောကြောင့် အိမ်နှင့်တစ်ဆက်တည်း ကားဂိုဒေါင်ဆောက်သည်။ ပန်းပင်ကလေးများကို အားသည့်လူက ဆင်းကြည့်၊ ဖြူစု၊ နေ့စဥ်ရေလောင်းတာဝန်ကိုကျတော့ အိမ်ဖော်မကလေး ဂျမ်းဘုံ ယူရသည်။

"မမကဥ္စနာ ဧည့်သည်လာတယ်"

"ဟယ် ... မိုး"

ငှက်ပျောညွှန့်ရောင် ဖိုကော်တီနာ ကားကြီးကို ဒေါ်ခင်မိမိ ဆိုင်သို့လာစဥ်ကတည်းက မျက်မှန်းတန်းမိခဲ့ပြီမို့ သူငယ်ချင်း မိုးမိုးဆင့်မှန်း တန်းခနဲ သိလိုက်သည်။

"လာ ... လာ မိုး၊ အိမ်လိပ်စာ ဘယ်ကရလဲ"



"ရှာလိုက်ရတာ ကဥ္စနာရယ်၊ မိုးက ဆိုင်မှာပဲ နေတယ်မှတ်လို့၊ ဆိုင်သွားကြည့်တော့ ပိတ်ထားတယ်၊ အနီးအနားဆိုင်တွေမေးတော့လည်း ဘယ်သူမှ မသိကြဘူးလေ"

"အခု ဘယ်လိုရှာလာခဲ့သလဲ"

"ကို ... ထိုင်လေ"

မိုးမိုးဆင့်က ဗိုလ်ကြီးဝင်းသော်ဦးကို အထိုင်ခိုင်းပြီးမှ သူမပါ ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်သည်။ လက်ကိုင်ပဝါကလေး ဖြင့် ဖြန့်၍ ဖြန့်၍ ယပ်ခတ်သည်။ စိတ်ပန်းလူပန်း ဟန်ပြပေမင့် မျက်နှာက ကြည်လင်နေသည်။ သူ့ခင်ပွန်းရှေ့မှာ "တိုး"ဟု ခေါ်ဘဲ "ကဥ္စနာ"ဟု တမင် ခေါ်ပြပုံရသည်။ မိုးသည် ကဥ္စနာအတွက် အရာရာမှာ သိတတ်လွန်းသည်။ ယခုမှ မဟုတ်ပါ။ ခင်ကတည်းက မိုးသည် "တိုး"ဆိုပါသည့် မျက်နှာမွဲမလေးဘက် ထာဝရ ရပ်တည်ခဲ့သူပါတည်း။

"လက်ဝတ်လက်စားတွေလည်း လာမယူဘူးကွာ"

မိုးက သူမလက်ဆွဲအိတ်ကြီးကို ဖွင့်၍ ကတ်ဘူးတစ်ခုကို ထုတ်သည်။

"အဲဒါ ... မိုးယောက်မကို ..."

ဗိုလ်ကြီးဝင်းသော်ဦး ရှေ့မှာမို့ ပြောလက်စ စကားပြသွားရတော့သည်။ ဗိုလ်ကြီးဝင်းသော်ဦးက သတင်းစာတစ်စောင်ဖွဲ့ဖတ်နေသည်။ အမျိုးသမီးနှစ်ယောက် ပြောချင်ရာပြောကြစမ်း၊ စိတ်ရှည်လက်ရှည် စောင့်မည်ဟူသည့် သဘောကောင်း ပုံစံကြီးနှင့်ပါ။

"ကြိကြိဖန်ဖန်"

မိုးက ကဥ္စနာကို ကျိတ်မာန်ရင်း မျက်စောင်းတစ်ချက်ပြသည်။ မိုးသည် ယောက်ျားရ ကံကောင်းသည့်ပုံ ပေါ်ပါသည်။

ဗိုလ်ကြီးဝင်းသော်ဦး ဆိုသူသည် "ဒီပုတ်ထဲက ဒီပဲ"ဟုတ်မှုမသေပါ။ ကဋ္ဌနာက မိုးကို ကြည်နူးစွာ ပြုံးကြည့်နေမိသည်။

"သရဖီရေ"

မိုးက သရဖီကိုပင် လှမ်းခေါ်သည်။

"ရော့ ... သရဖီတို့ မမပစ္စည်း သိမ်းချေဦး၊ သိလား၊ သူ့ကာ ဘယ်လောက်များ ချမ်းသာနေတယ် မသိဘူး၊ သိန်းကျော်တန်ပစ္စည်းကို ပုံသကူပစ်သလို ပစ်ထားခဲ့တယ်"

ကဋ္ဌနာက ပြုံးနေသည်။

"ကဋ္ဌနာ အိမ်လေးက ချစ်စရာလေးနော်၊ ပတ်ဝန်းကျင်ကလည်း သိပ်တိတ်ဆိတ်တာပဲ"

"တိုးကို ပန်းချီသင်ပေးတဲ့ ဆရာရဲ့အိမ်လေ၊ ကိုယ်အရစ်ကျနဲ့ ဝယ်ရတာ"

"ကဋ္ဌနာက ပန်းချီလည်း သင်သေးလား"

"ပန်းချီဆွဲဖို့တော့ မဟုတ်ပါဘူး၊ အနုပညာတစ်ခု အနေနဲ့ ခံစားတတ်ဖို့ပါ၊ အလုပြင်တယ် ဆိုတာ ပန်းချီမျက်စိရှိဖို့လဲ လိုတယ် မဟုတ်လား"

"ကဋ္ဌနာ ဒါကြောင့် နာမည်ကြီးတာပဲ၊ အလှပြင်ဆိုင်ဖွင့်တဲ့ သူတွေဟာ အလှပြင်နည်း သင်တန်းတွေချည်းပဲ တက်ကြမယ်နော်၊ ကဋ္ဌနာလို ပန်းချီသင်တန်း သီးသန့်တက်ဖို့ စိတ်ကူးမိကြရဲ့လား မသိဘူး"

"ဆရာက ပန်းချီမျက်စိနဲ့ ဆောက်ထားတော့ အိမ်လေးက လှနေတော့တယ်၊ တိုး မပြင်ရက်ဘူး၊ သူ့အတိုင်းကလေး ထားရတယ်၊ ပြင်ဖို့လည်း ငွေပိုငွေလျှံတော့ မရှိပါဘူး"

"ကြွားပြန်ပြီကွာ"



"ဟုတ်တယ် မိုးရဲ့၊ ပိုသမျှ ဆိုင်ထဲထည့်ရတာ၊ ကားကျတော့လည်း ကောင်းကောင်း စီးချင်သေးတယ်၊ မီနီကာလေးဆိုတော့ လက်ဝတ်လက်စားကလည်း စုရသေးတယ်၊ အိမ်ကိုတော့ တော်ရုံသဖြင့်ပဲ တတ်နိုင်တော့တယ်"

"ကဋ္ဌနာ ဝင်ငွေနဲ့ မကြာခင် တိုက်ကြီးဟိန်းလာမှာ မြင်ယောင်နေပါတယ်နော်"

"မိုးတို့ မနက်စာ စားသွားကြနော်၊ ဒီနေ့ ထမင်းမချက်ဘူး၊ ငှါ ခေါင်းဆောင်တဲ့ မီးဖိုချောင် ဝိုင်းတော်သားများက ဖြီးရှည်လုပ်နေကြတယ်၊ မိုးက ဒီအိမ်ကို ဘယ်လိုများ စုံစမ်းလာခဲ့သလဲဟင်၊ မိုး ရန်ကုန်က မပြောင်းခင် ဒီအိမ်ကို မရောက်ဖူးပါဘူး၊ မိုးနဲ့ ကွဲသွားတဲ့ နှစ်တွေအတွင်းမှာ"

"နေဦး ... ကဋ္ဌနာ စကားတွေကို တစ်ခုချင်းဖြေမယ်၊ မနက်စာကိစ္စ၊ ကိုရေ ... ကဋ္ဌနာတို့အိမ်မှာ မနက်စာ စားမလား"

ကဋ္ဌနာကို ပြောရင်းမှ သူမ ခင်ပွန်းဘက်သို့ လှည့်မေးည်၏

"မိုးသဘောလေ၊ မိုးတို့ သူငယ်ချင်းတွေ စကားဝအောင် ပြောချင်မှာပေါ့"

"စားမယ်တဲ့ ကဋ္ဌနာရေ၊ ဒီအိမ်ကို ဘယ်လိုစုံစမ်းလာခဲ့ရသလဲ ဆိုတော့လည်း သူ့ စုံစမ်းတာပဲ"

မိုးက သူမ ခင်ပွန်းကိုပင် မေးငေါ့ပြသည်။

"ကဋ္ဌနာ ကားနံပါတ်ကို မှတ်မိတယ်၊ ကားနံပါတ်နဲ့ ကားပိုင်ရှင် နာမည်ကို သိမှတော့ လိပ်စာရဖို့ ဘယ်ခဲယဉ်းတော့မလဲ၊ မဟုတ်ဖူးလား၊ လူကို စုံထောက်မကြီး ဖြစ်လို့"

မိုးက ရယ်နေသည်။ "ကားနံပါတ်ကို နေသွေးက ပြေးကြည့်ပြီး မှတ်ထားလိုက်တာလေ၊ တိုး ထွက်သွားတော့ နေသွေးက နောက်ကနေ ပြေးလိုက်ရှာတယ်၊ နေအိမ်ကို ဆက်စုံစမ်းတာလည်း နေသွေးပဲ"ဟူသည့် စကားကို ရင်ထဲမှာသာ ပြောကြားနေမိတော့သည်။

"သရဖီတို့ သွားမယ် မမ"

သရဖီက အုန်းသီးတွေ ဆွဲထွက်လာသည်။

"ဘယ်လဲ"

"စမ်းချောင်းဈေးလေ၊ အုန်းသီး သွားခြစ်မလို့"

"ဘာလုပ်ဦးမလို့လဲ"

"မြတ်လေးနွယ်က ကျောက်ကျော ကျိုမလို့တဲ့"

သတင်းစာ ကိုင်ဖတ်နေသော ဗိုလ်ကြီးဝင်းသော်ဦးက သတင်းစာကို စားပွဲပေါ်သို့ လှမ်းတင်သည်။

"ဒီလောက်တော့ လုပ်တတ်ပါတယ်၊ မသွားကြနဲ့တော့၊ ခြစ်ဖို့ ကျွန်တော့် တာဝန်ထား"

ပြောပြောဆိုဆို ထိုင်ရာမှ ထသည်။

"ဟာ ... ဗိုလ်ကြီး အားနာစရာ"

"ဝင်းသော်ဦး လို့ပဲ ခေါ်ပါ ကဋ္ဌနာ၊ ရင်းရင်းနှီးနှီးပေါ့၊ အားမနာပါနဲ့၊ ကဋ္ဌနာက မိုးနဲ့ စကားပြောကြလေ၊ ကျွန်တော်လည်း အလကားကြီး အားနေတာ၊ ကျွန်တော် ကောင်းကောင်းခြစ်တတ်ပါတယ်၊ မယုံရင် မိုးကို မေးကြည့်"

ခနီးသည်ကို ပြုံးပြုံးကြီးကြည့်ရင်း ပြောသောကြောင့် မိုးက လှမ်းထုနေသည်။

"ဒီလိုဆိုလည်း အချစ်ပါရဂူကြီး မီးဖိုချောင်ထဲကြွ"



"ဟာ ... မိုးရယ်၊ အားနာစရာကွာ"

"အားမနာပါနဲ့ ကဋ္ဌနာ၊ သူက အလကားကြီး ငုတ်တုတ်ထိုင်မနေတတ်ဘူး၊ စစ်ရင်လည်း တိုက်နေရမှ၊ ချစ်ရင်လည်း ချစ်နေရမှ၊ အဲ ... အုန်းသီးပါ တိုးရဲ့"

တိုးက ဆွဲဆိတ်ပြန်သောကြောင့် အားလုံးရယ်မိကြလေသည်။ ဝင်းသော်ဦးက မီးဖိုချောင်ဘက်သို့ ဝင်သွားသည်။

"မိုးရယ် ... ကံကောင်းလိုက်တာနော်"

"အစတုန်းကတော့ လူကြီးချင်း စီမံကြတာပဲ တိုး"

ဝင်းသော်ဦး မရှိတော့မှ သည်နာမည်ကို ခေါ်ဖြစ်သည်။

"စိတ်လေးလေးနဲ့ပဲ လက်ခံရတာ၊ သူတို့မိသားစုအကြောင်းကိုလည်း အစင်းသိ မဟုတ်လား၊ လက်မထပ်ခင် တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရဖို့အတွက် စာရေးကြတယ်၊ လူချင်း နှစ်ခါ၊ သုံးခါလောက် ဆုံဖြစ်တယ်၊ ဒီပုတ်ထဲ ဒီပဲ မဟုတ်ဘူးလို့ နားလည်မိတာနဲ့ မိုး လက်ခံလိုက်တယ်"

"ကောင်းပါတယ် မိုး၊ သဘောလည်းကောင်း၊ မာန်မာနလည်းကင်း၊ မိန်းမသားတွေ အပေါ်မှာလည်း ညှာတတ်ပုံရပါတယ်၊ မိုး ကုသိုလ်ပေါ့လေ၊ ဒါပေမဲ့ သူ့သားကြီး ဗိုလ်ကြီး တစ်ယောက်လုံး တိုးအိမ်က မီးဖိုချောင်ထဲဝင်ပြီး အုန်းသီးခြစ်နေတာ၊ မိုးယောက္ခမကြီးများ မြင်ရင် မျက်ဖြူလန်မယ် ထင်တယ်"

ကဋ္ဌနာက ရယ်ဟဟလေး ပြောပေမင့် သူ့မျက်ဝန်းမှ အရွေးရိပ်ကို မိုး သတိထားမိလေသည်။

"မျက်ဖြူမလန်ခင် ရင်ဘတ်ကို စုံဖိ၊ စုံထုလုပ်ဦးမှာလေ၊ မှတ်မိသေးလား တိုး"

"ဘာကိုလဲ"

"ဒေါ်တင်တင်စိုး ဈေးညွန့်အဖွဲ့"

"ရင်ဘတ်ကို စည်တီးတဲ့ နေရာမှာတော့ မိုးယောကျ်ားမ
ကို ဂရိတ်ဖိုက် ပေးရမယ်"

"ပြောလည်း ပြောတတ်တဲ့ မိုး"

"ဟိုနေ့က တိုး ပြန်သွားတော့လေ ..."

"သူ့အကြောင်း ဆိုရင်တော့ မပြောနဲ့တော့ မိုးရယ်"

"မဟုတ်ပါဘူး၊ ဒေါ်တင်တင်စိုးပါ၊ တိုး စောစောက ပြော
သလို မျက်ဖြူကြီး လန်ကျန်ခဲ့တာပေါ့၊ ခစ် ... ခစ်"

မိုးက ရယ်သည်။ ကဋ္ဌနာက နှုတ်ခမ်းထောင့်က
ကွေးကျအောင် ပြုံးပြန်သည်။

"တိုးရဲ့ မဲ့ပြုံးကလေးကို မတွေ့ရတာ ကြာပြီ၊ မထိမဲ့
အမူအရာပေမဲ့ တိုးကလှတော့ ကြည့်လို့ သိပ်ကောင်းတာ

သည်အပြောမျိုးက ကဋ္ဌနာ ကြားခဲ့ဖူးပါသည်။ "
ရယ်၊ မဲ့မဲ့ကလေး ပြုံးတတ်ပုံကိုက လောကကို အန်တုနေသလို
အားတွေ မာန်တွေ အပြည့်နဲ့" သည်စကားစုကလေးက နားထဲ
ဝေ့ဝဲလာရသည်။ မိုးနှင့် ပြန်လည်တွေ့ဆုံခြင်းသည် ကဋ္ဌနာအတွ
အတိတ်အိုများ ပြန်လည်ဆန်းသစ်လာတော့သည်။

"ပွဲထိုင် တစ်ချိန်လုံးမှာ မိုးဖြင့် ကောင်းကောင်းတော
ညည်ခံမိတယ် မထင်ဘူး၊ တိုးအကြောင်း မိုး အမျိုးသာ
ပြောပြချင်လိုက်တာ လျှာတွေ ယားနေလို့"

"မိုးကတော့ လုပ်တော့မယ်"

"ကဋ္ဌနာ ဆိုတာ မိုးသူငယ်ချင်း တိုးပဲလို့"

"ဟင်"



"သူကလေ အားနာလိုက်တာတဲ့၊ မိုးက တခြားဆိုင်မှာပြင်ရောပေါ့တဲ့၊ ခေါ်ပြီးနိပ်စက်သလို ဖြစ်သွားမှာပေါ့ကွာတဲ့။ သူ့ကို မျက်နှာကြော တင်းတင်းထားပြီး လက်ဖျားနဲ့မထိဘဲ လိမ်းခြယ်ပေးသွားပုံကို ပြန်ပြောပြတယ်၊ သူ့သူငယ်ချင်းတွေ အပြင်က အတဲင်းလောင်ပြီး အခန်းတံခါး လာခေါက်ကြတော့ မိုးတို့က ပွဲထိုင်အဝတ်တွေတောင် မလဲရသေးဘူး"

"ခွင့်လွှတ်ပါ မိုးရယ်၊ မိုး ပြည့်ပြည့်ဝဝ ပျော်ရမဲ့ အချိန်ကလေးမှာ"

"ခေါက်စမ်းပါ"

"ဟာ ... ဒီကျောင်းဆရာမကလည်း လမ်းသရဲစကား တယ်ပြောပါလား"

မိုးက ကိုယ်ကလေးခါ၍ ရယ်ပြန်သည်။

"တိုးနဲ့ မိတ်ဆက်ပေးပါ ... ပေးပါနဲ့ ပိုင်းတောင်းလိုက်ကြတာလေ၊ ဘဒ္ဒကဋ္ဌနာရဲ့ အလှကိုမြင်တော့မှ မင်းညီမ ပွက်ထော်မ ဒီလောက်ရုပ်ဆိုးမှန်းသိလို့ ပြန်အမ်းပါရစေ ရွှေယောက်ဖရဲ့ ပြောတဲ့သူကပြော"

"အားနာစရာကြီး မိုးရယ်"

"သန်းခေါင်ကျော်ထိ ခြံထဲမှာ သောက်ကြတာ တိုးရဲ့၊ အဲဒါ ဘဒ္ဒကဋ္ဌနာရေ ... ဆိုတဲ့ အသံကြီးကလည်း ဟိန်းဟိန်းထွက်လာသေးတယ်"

"အဲဒါ ဘယ်သူအော်နေတာလဲ တိုး သိလား"ဟု ဆက်ပြောချင်သည့် စကားကို ရင်ထဲမှာ မျိုချထားရသောကြောင့် မိုး လည်ချောင်းဝမှာ တနင်နင် ဖြစ်နေတော့သည်။

"မိုးလည်း မစောင့်နိုင်တာနဲ့ အိပ်နှင့်ရော၊ အိပ်ပျော် ကာနီးမှ တစ်ခါ ကြားလိုက်သေးတယ်၊ ဘဒ္ဒကဠနာ တိုးတိုးချစ်ရဲ့ ဆိုတာ"

"တော်ပြီ မိုးရယ်"

အော်သံရှင်ကို မှန်းဆလိုက်မိပြီမို့ မိုးစကားကို သံပြတ်နှင့် ရင်ဆိုင်ရသည်။

"ဘဒ္ဒကဠနာ တိုးတိုးချစ်ရဲ့"ဟူသည့် အသံက နားထဲမှာ ပဲ့တင်ထပ်လာရပြန်သည်။ သည်စကားစုကို မူးမူးနှင့် ကျူအော်စဉ်က "သူ့"မျက်နှာမှာ ကြေကွဲလွမ်းမောနေမှာပဲ၊ ဆာပူလှိုက်လှဲနေမှာပဲ၊ ယူကျုံးမရ ဖြစ်နေရှာမှာပဲဟူ၍ စာနာစိတ်ကြောင့် နေသွေးဦးအပေါ် မိုးမိုးဆင့် သနားမိခဲ့ပါသေးသည်။

တိုးမှာ သည်ခံစားချက်များ မရှိပြီလော၊ တိုး နှလုံးသားမှာ ခံစားချက်များ ကင်းပြီလော။ မိုးက ကဠနာကို အမျိုးအမည် မဖော်ပြတတ်ပါသော အဒေးတစ်မျိုးနှင့် ငေးကြည့်ဆဲမှာ မျက်နှာတစ်ခုကို မြင်ယောင်လာသည်။ အသံတစ်ခုကို ကြားယောင်လာသည်။ "သူ" မတ်တော်မောင် "နေသွေးဦး"၏ ပြုံတော့မည် မိုးနယ်ငိုတော့မည် မျက်နှာနှင့်အတူ "ဘဒ္ဒကဠနာ တိုးတိုးချစ်ရဲ့"ဟူသော နှလုံးသား အက်ကွဲ၍ ပွင့်ထွက်လာရသော အသံ။



ဏည်ငြိမ်နေသည့် ကန်ရေပြင်ကလေး။ လေပြည်ကလေး ဖြတ်တိုက်သည့်အခါမှာ လှိုင်းကြက်ခွပ်ကလေးများ ဖြစ်ပေါ်မြဲပေမင့် ကန်ရေပြင်မှာ ဂယက်ထ မကျန်ရစ်ခဲ့ပါ။

ခုတော့ ချစ်လှစွာသော သူငယ်ချင်း မိုးက ကဠနာ၏ အတိတ်အို ရေပြာလှိုင်း အတွင်းသို့ ခဲတစ်လုံး ပစ်ချခဲ့သည့်နှယ်ပါတကား။

မိုးနှင့် ဗိုလ်ကြီးဝင်းသော်ဦးတို့ ကဠနာအိမ်ကလေးမှ ပြန်သွားကြပြီးသည့်နောက်မှာ ကဠနာ ဘဝကလေး ယောက်ယက်ခတ်ကျန်ရစ်သည်။ မေ့ထားပါပြီ ဆိုပေမင့် ပြန်လည်ကြုံဆုံလာရတော့လည်း အတိတ်တွေက အိုမင်းရင့်ရော်သွားကြပေမင့် နှလုံးသားက ရှင်သန်ဆဲ။ ချစ်ဝတ်ရည်ဟူ၍ တင်စားခေါ်ဆိုနိုင်ပါသည့် မေတ္တာစမ်းချောင်းလေးသည် ကာလ၊ ဌာနတို့နှင့်အတူ စီးဆင်းမြဲ။

ခန်းခြောက်တိမ်ကောရိုး မရှိပါတကား။

အိပ်ရာခင်း ဖြူဖြူကလေးပေါ်မှာ ကဠနာ လဲလျောင်းနေသည်။ ပုရစ်ညွန့်ရောင် ဇာခန်းဆီးကလေးက ကဠနာ အတွေးမျှင်များနှင့်အတူ လူးလွန့်လှုပ်ရှားနေသည်။ အိပ်ခန်းပြတင်းနားမှာကပ်၍ စိုက်ထားသည့် စွာဖြူချုံမှ ပန်းနံ့သင်းသင်းကလေးကို ရနေသည်။

သရဖီတို့အုပ်စု ဖွင့်ထားသည့် ကက်ဆက်မှ ကိုင်ဇာ၏ "ငယ်ချစ်အတွက် တေးတစ်ပုဒ်" သီချင်းသံက ငြိမ့်ငြိမ့်ကလေး ထွက်ပေါ်နေပါသည်။

ဆယ်ကျော်သက်က -ချစ်တဲ့သူ

ထာဝစဉ် မမေ့နိုင်ခဲ့တဲ့သူ
အပျော်ရဆုံး အချိန်ထဲကလူ
ရည်းစားဦးဗို့လည်း လွဲခဲ့ရတာလား ...။



နှမ်းအတိတ်ဆီမှ မတွေ့ဝေဘဝ

"ဟယ် ... ညစ်ပတ်လိုက်တာ မီးဖိုချောင် အုတ်ထရံမှာ မီးသွေးတွေနဲ့ လျှောက်ခြစ်ထားတယ်ကွာ၊ သိပ်အောက်တန်းကျတာပဲ"

ဆူဇီက သူ့မျက်နှာ ပြားပြားကလေးကိုမဲ့လျက် စနှာပုံဆံပင်ကို ဝဲကာ ဝဲကာ ပြောနေသည်။ ဒေါ်သိန်းလှက ဆူဇီ လက်ညှိုးညွှန်ရာသို့ ကြည့်လိုက်ကတည်းက တိုးတိုး လက်ရာမှန်းသိလိုက်သည်။

"ဒေါ်လေး ဖျက်လိုက်မယ်နော် ဆူဇီ"

"သူ လျှောက်ရေးတိုင်း ဒေါ်လေးက အမြဲလိုက်ဖျက်နိုင်ပါ့မလား၊ နောက်မခြစ်အောင် လက်ဆစ်ကို သစ်သားပေတံလေးနဲ့ နာနာခေါက်ပေးမှပေါ့"

သည်အိမ်မှာ ဆူဇီ ဘုရင်မ ဖြစ်သည်။ အားလုံးက ်င်း အလိုလိုက်ထားသည်။ မိဘကလည်း ချမ်းသာသည် ဆိုတော့ ဇူဇီက အရွယ်လေးနဲ့ မလိုက်အောင် မာနထောင်ဖို့ မည်သူမျ

မသင်ရဘဲ နားလည်သည်။ ဒေါ်သိန်းလှက အဝတ်ဟောင်းတစ်ခုကို ရေဆွတ်၍ အုတ်နံရံကို နာနာပွတ်နေချိန်မှာ ဆူဇီပြေးထွက်သွားသည်။ အိမ်ရှေ့ဧည့်ခန်းမှ ကြိမ်ကုလားထိုင်များကို ကြက်မွေးနှင့် ပွတ်လှဲ့နေသည့် တိုးတိုး ကျောပြင်ကို သစ်သားပေတံနှင့် ဖြန်းခနဲ ရိုက်ချလိုက်တော့သည်။

"အမယ်လေး"

တိုးတိုး ကျောကော့သွားရသည်။ ကျောပြင်မှ အနာရှိန်က မျက်ဝန်းဆီသို့ ကူးပြောင်းကာ ဒေါသအခိုးအငွေ့များ လျှံထွက်လာသလား ထင်ရသည်။

"ဘာဖြစ်လို့ လာရိုက်တာလဲ ဆူဇီ"

"နင်က အောက်တန်းကျလို့"

"ငါ ဘာလုပ်လို့လဲ"

"အိမ်နဲ့ရာနဲ့ မနေဖူးဘူး၊ အိမ်ဆိုတာ ဘယ်လိုဆိုတာ မသိဘူး၊ မီးသွေးခဲတွေနဲ့ တောင်မြစ် မြောက်မြစ်"

"ငါ အင်္ဂလိပ်စာ ရေးတာ"

"စာရေးချင်ရင် စာရွက်ပေါ်မှာ ဖောင်တိန်နဲ့ ဘောလ်ပင်နဲ့ ရေးပါလား"

"ငါ့မှာ စာရွက်မရှိဘူး၊ နင်ပြောတဲ့ဟာ မရှိဘူး"

"ရှိတာ မရှိတာ ငါ နားမလည်ဘူး၊ နောက်တစ်ခါ မရေးပါနဲ့၊ ထပ်ရေးရင် နင် အသေပဲ"

"ဘာပြောတယ်"

တိုးတိုး ရှေ့တစ်လှမ်း တိုးလာသည်။ သူတို့ချင်းက အရွယ်တူ၊ ဆယ်နှစ်သမီးကလေးများ၊ ရွယ်တူတန်းတူချင်း လာကြောလို့တော့ တိုးတိုး ဘယ်တော့မှ မခံ။



"နင် ငါ့ကို ခံပြောနဲ့ တိုးတိုး"

"အပြောမခံချင်ရင် ငါ့ကို နောက်တစ်ခါ မရိုက်နဲ့"

"ရိုက်တော့ ဘာဖြစ်လဲ၊ ဘာလုပ်ချင်လဲ"

ဆူဇီက ဂါဝန်ကလေး ဝတ်ထားသည်။ တိုးတိုးက မမမေရီ ရေလဲပင် မလုပ်ချင်တော့၍ စွန့်ကြီထားပါသည့် လုံချည်အကြီးကြီးကို သူ့အရွယ်ကလေးနှင့် မလိုက်မဖက် မနိုင်မနင်း ဝတ်ထားရသည်။ ဆူဇီက ခါးကို ကျစ်ကျစ်ပါအောင် ထောက်လိုက်ချိန်မှာ တိုးတိုး ထဘီပြင်ဝတ်ပြီးပြီ။

"ကိုက်ချင်တယ်ဟဲ့၊ ဖက်ကိုက်ချင်တယ်"

ဆူဇီကို ဝင်လုံးကာ လက်မောင်းသား ဖြူဖြူကြီးကို တအားခဲပစ်လိုက်တော့သည်။

"မွေး ... မွေးမ၊ မာမီရေ ... မွေးမမီတိုး ဆူဇီကို ကိုက်နေတယ်"

"ဟဲ့ ... ဟဲ့ ... တိုးတိုး လွှတ်လေ၊ မလုပ်နဲ့ မလုပ်နဲ့ သမီး"

ဒေါ်သိန်းလှက ပြေးထွက်လာကာ အချိန်မီ လူချင်းခွဲသော်ငြား ဆူဇီ လက်မှာ သွားရာကြီးက ထင်သွားရပါသည်။ ဆူဇီ မိခင် ဒေါ်ခင်အေးမြက ထဘီမနိုင် ပဝါမနိုင် ပြေးလာသည်။

"ပြစမ်း ... ပြစမ်း ... ဟယ် ... မနည်းပါလား၊ သိပ်မိုက်ပါလား တိုးတိုး"

ဖြစ်နိုင်လျှင် အရွယ်ချင်းသာမျှလျှင် သူကိုယ်တိုင် နပန်းဝင်လုံးပစ်လိုက်ချင်သည့် ပုံစံနှင့် ဒေါ်ခင်အေးမြက မကျေနိုင် မချမ်းနိုင် ပြောသည်။ တိုးတိုးက အံကိုခဲ၍ ပေကြည့်နေသည်။

"ညည်းသမီးကို ညည်း မဆုံးမတော့ဘူးလား သိန်းလှ၊ မွေး ကိုက်တာထက် ပိုဆိုးသေးတယ် ... ဒီမှာ"

"ကျွန်မ ဆုံးမပါ့မယ် အစ်မအေးမြ"

"မာမီ ... မီးဖိုထဲမှာလည်း မီးသွေးခဲနဲ့ လျှောက်ခြစ်ထား တယ်"

"ဟော့ ... တိုးတိုး၊ ဒါလူတွေနေတဲ့အိမ်၊ ဈေးအိမ်သာ မဟုတ် ဘူး၊ တွေ့ကရာတွေ လျှောက်မရေးနဲ့"

"တွေ့ကရာ မဟုတ်ဘူး၊ တိုးတိုး အင်္ဂလိပ်စာရေးတာ"

"ကြည့်စမ်း သိန်းလှ၊ ညည်းသမီး တစ်ခွန်းမခံ ပြန်ပက်နေ တာ"

"တိုးတိုး ... လူကြီးကို ပြန်မပြောနဲ့လေ သမီး"

ကိုကိုဂျင်မီ ကျောင်းမှပြန်ရောက်လာခြင်းသည် တိုးတိုး အဖို့ သိကြားမင်း ကိုယ်ထင်ပြသည့်နှယ်၊ ကိုကိုဂျင်မီသည်သာလျှင် ကယ်တင်ရှင်။

"ဘာဖြစ်ပြန်တာလဲ ဆူဇီ"

"ခွေးမမိတိုး၊ ဆူဇီကို ကိုက်တယ်"

"သူကအရင် တိုးတိုးကို လာရိုက်တာ"

"နေဦး ... နေဦး၊ တစ်ယောက်ပြီးမှ တစ်ယောက်ပြော"

ကိုကိုဂျင်မီက ပြဿနာတစ်ခုလုံးကို မြင်၍ စစ်ဆေး သည်။ သည်အိမ်မှာ သားလတ် ဂျင်မီသည်သာ မျှမျှတတရှိသည်ဟု တနာထောက်ထားတတ်သည်။ အဒေါ်တစ်ဝမ်းကွဲ ဒေါ်သိန်းလှတို့ အဒေါ်နေရာပေးသည်။ ဒေါ်သိန်းလှ၏ အစ်မဝမ်းကွဲတော်စပ်သူ ဒေါ်ခင်အေးမြနှင့် သမီးအငယ်ဆုံး ဆူဇီတို့က အိမ်ဖော်သာသာ သဘောထားသည်။ သမီးကြီး မေရီကျတော့ နိုင်လိုမင်းထက်လည်း မပြု။ အရောတဝင် ရှိလှသည်လည်း မဟုတ်။ ဘာသိဘာသာ။ ဒေါ်ခင်အေးမြ၏ ခင်ပွန်းက တရုတ်လူမျိုးစစ်စစ် "လီဝမ်ကျင်း"မှ



မြန်မာအမည်သို့ ပြောင်းလဲမှည့်ခေါ်ထားသူ "ဦးဝင်းကျင်"ကမူ ကုန်သည်ပီပီ ဈေးတွက်နှင့်တွက်သည်။

ခယ်မဝမ်းကွဲ ဒေါ်သိန်းလှတို့ သားအမိ၊ ဤအိမ်သို့ ရောက်လာခြင်းဖြင့် အစားကျွေးရုံမှလွဲ၍ အဖိုးအခ မပေးရဘဲ မီးဖို ချောင်ကိစ္စ အစစစိတ်ချရသည်။ ဒေါ်ခင်အေးမြ ကိုယ်တိုင် အပြင် ထွက်၍ ခင်ပွန်းသည်နှင့် ဒိုးတူပေါင်ဖက် စီးပွားရှာနိုင်သည်။ ထို့ကြောင့် မေတ္တာ စေတနာတို့ အလျှံမပယ်သည့်တိုင် သည်ခယ်မ သားအမိကို သည်အိမ်မှာ မြဲစေချင်သည်။ တိုးတိုးအား ဆေးဖော် ကြောဖက် လုပ်သူဟူ၍ ဈေးတွက်သမား ဦးဝင်းကျင်နှင့် သွေးသား ရင်းချာစိတ်ထားသူ ကိုကိုဂျင်မီတို့ နှစ်ဦးသာ ရှိသည်။ ရင်ထဲမှာ လှိုက်လှဲစာနာမှုခြင်းကျတော့ ကွာခြားသည်။

"ညီအစ်မအချင်းချင်း နောက်ကိုရန်မဖြစ်ရဘူး ဆူဇီ၊ တိုးတိုး ရော ... ကြားလား"

"ဟုတ်ကဲ့"

တိုးတိုး ခေါင်းညိတ်ပြပေမဲ့ ဆူဇီက မညိတ်နိုင်။ သူ့ လက်မောင်း အနာကိုကိုင်၍ တအိအိ ငိုနေသည်။ သူမကိုယ်တိုင် အထံင်ကြီး အရေးပေးထားသော တက္ကသိုလ်ကျောင်းသားကြီး ဂျင်မီ ကိုယ်တိုင်က ပြေရာပြေကြောင်း ပြောဆိုနေသည်မို့ ဒေါ်ခင်အေးမြ မှာ ဘာမျှထပ်မပြောတော့သော်လည်း တိုးတိုးကိုမူ "နေနှင့်ဦး"ဟူ သည့် သဘောဖြင့် မျက်စောင်းခဲ၍ ကြည့်မိလေသည်။

"တိုးတိုးက ဘာတွေ ရေးတာလဲ"

"အင်္ဂလိပ်စာပါ ကိုကိုဂျင်မီ"

"ဟ ... တယ်ဟုတ်ပါလား၊ တိုးတိုးက အင်္ဂလိပ်စာ ဘယ် တုန်းက တတ်နေလဲ"

"ဆူဇီကို ဆရာ လာသင်တုန်း တိုးတိုး နားထောင်ထားတာ"

"ဘာတွေများလဲ၊ ကိုကို့ကို ရွတ်ပြစမ်းပါဦး"

"အေတီ အက်တ်၊ စီအေတီ ကက်ထ်၊ ဘီအေတီ ဘက်တ်၊ အာအေတီ ရက်တ်"

"တယ်ဟုတ်ပါလား၊ ကြည့်စမ်း ဆူဇီ၊ နင်တောင် စာလုံးပေါင်းမှန်အောင် ရေးတတ်ရဲ့လား"

ဒေါ်ခင်အေးမြ ငြိမ်မနေနိုင်ပါလေတော့။ လော်ဘာ၊ ဒေါ်သ၊ မောဟ၊ အလွန်များပါသည့် ပုထုဇဉ်ပီပီ ဆူဇီဘက်မှလိုက်၍ ခံပြင်းသည်။

"ဆူဇီက ဒီအိမ်မှာ အငယ်ဆုံး၊ အလိုလိုက်ထားတာ၊ စာမတတ်လည်း အရေးမကြီးဘူး၊ ဆူဇီ တစ်သက် စားမကုန်အောင် ထားခဲ့မယ်၊ ထိုင်စားပစေ ဂျင်မီ၊ ကိုယ့်ညီမ အငယ်ဆုံးလေးကို အညွန့်တုံးစကား မပြောနဲ့"

"မာမီတို့ အဲဒီလို အလိုလိုက်လို့ ဆူဇီတော့ ရှေ့လျှောက်ခက်ဦးမယ်"

သားအမိနှစ်ယောက် အပြန်အလှန် စကားစစ်ထိုး၍ စသည်နှင့် ဒေါ်သိန်းလှမှာ သမီးတိုးတိုး လက်ကိုဆွဲ၍ မီးဖိုထဲသို့ ဝင်ခဲ့ပါတော့သည်။

"အဲဒီ ကန့်စွန်းရွက်စည်းကလေး ဆိတ်စမ်း တိုးတိုး"

တိုးတိုးက ကန့်စွန်းရွက်စည်းမှ နီးကလေးကိုဖြေ၍ တစ်ပင်ချင်းဆိတ်သည်။ အိမ်ရှေ့ဆီသို့ ခေါင်းကလေးငုံ့ကာ လှမ်းကြည့်ရင်း သူ့မိခင်နား တိုးကပ်သွားသည်။

"တိုးတိုးလည်း ကျောင်းနေချင်တယ် အမေ"



"ကျောင်းဖွင့်ကာနီးရင် အစ်ကိုဝင်းကျင်ကို အမေ ပြောကြည့်ပေးမယ်၊ ဒါပေမဲ့ တိုးတိုး လိမ္မာမှ ဖြစ်မယ်၊ ဆူဇီနဲ့တည့်အောင်ပေါင်း၊ အစ်မအေးမြ ဝေယျာဝစ္စတွေကို ပိုလုပ်ပေးမှ ဖြစ်မယ် သမီးရယ်"

"တိုးတိုး ကျောင်းနေရမယ် ဆိုရင်လေ နောက်တစ်ခါ ဆူဇီ လာရိုက်လည်း ပြန်မကိုက်တော့ပါဘူး အမေ၊ တိုးတိုး ကျောင်းသိပ်နေချင်တာပဲ၊ ကျောင်းသာ နေရမယ်ဆိုရင် တိုးတိုးလည်း ငါးတန်းတက်ရမှာနော် အမေ"

"သြော် ... သမီးရယ်၊ ကံဆိုးရှာတယ်၊ ညည်းအဖေသာရှိရင် ကျောင်းထားပေးရှာမှာ၊ ခုတော့ ..."

ဒေါ်သိန်းလှသည် ဝဲကျလာသည့် မျက်ရည်စများကို မျက်တောင်တဖျပ်ဖျပ်ခပ်ရင်း တိုးတိုး မမြင်အောင် သိမ်းဆည်းလိုက်ရှာပါသည်။

ကျောင်းပြန်ဖွင့်လျှင် ငါးတန်းတက်ရမည် ဖြစ်သော ဆူဇီကို အင်္ဂလိပ်စာ တော်စေရန် ရည်ရွယ်ချက်ဖြင့် ယခုနွေရာသီမှာကတည်းက အိမ်မှာဆရာခေါ်၍ သင်ကြားပေးကြသည်။ တိုးတိုးက မနီးမဝေးမှာ ခြေစုံကလေးရပ်ရင်း နားထောင်ရှာသည်။ နှုတ်ခမ်းသားကလေး လှုပ်ရုံမျှ လိုက်ဆိုကြည့်သည်။ ကြိမ်ဖန်များလာသောအခါ ဆရာကိုယ်တိုင် သတိထားလာမိရတော့သည်။

"ဟိုကလေးကော စာသင်ချင်လို့လားကွယ်၊ လာလေ"

တိုးတိုး အပြေးကလေး ရောက်လာသည်။

"ကလေးကကော စာသင်ချင်လို့လား"

"ဟုတ်ကဲ့"

"ဘာစာတွေ တတ်ပြီလဲ"

တိုးတိုးသည် အကြားအာရုံဖြင့် မှတ်သားထားရပါသော ကြားဖူးနားဝ ရှိသမျှ စာလုံးများကို တစ်လုံးမကျန် ရွတ်ပြသည်။

"တယ် ဟုတ်ပါလား၊ ဉာဏ်တော်တော်ကောင်းတဲ့ ကလေး သင်လိုက်ရရင်-စဏကလေး တတ်မှာပဲ၊ ကိုဂျင်မီ ဒီကလေးက ဘယ်ကလဲဗျ"

ဆူဇီကို အင်္ဂလိပ်စာ လာသင်ပေးသူမှာ ဂျင်မီ၏ အတန်းတူ သူငယ်ချင်း တက္ကသိုလ်ကျောင်းသားပင် ဖြစ်ပါသည်။ ငွေကြေးတောင့်တင်းသူ မိဘမှ ဆက်သက်လာသူ၊ ဂျင်မီ ထက်ပင် ပိုမိုသုံးစွဲနိုင်သူ ဖြစ်ပါ၏။ သို့ပေမင့် အားလပ်ချိန်များမှာ အပိုဝင်ငွေ ရှာလိုသည်။ ကျောင်းစရိတ်တော့ ရှိပစေ။ သုံးဖို့စွဲဖို့ မုန့်ဖိုးပဲဖိုးကို ဖြင့် မိဘထံ ပြန်မတောင်းလို၊ မိမိလုပ်အားနှင့် မိမိ ရှာဖွေသုံးစွဲလို သည့်ဆန္ဒ ရှိသည်။

သူ့နာမည်က "ကိုဝေဖြိုး"။ ကိုဝေဖြိုးတို့ကျတော့ မိဘမည်မျှပင် ချမ်းသာ ချမ်းသာ၊ ကိုယ့်အားကိုယ်ကိုး၍ ကိုယ့်ခြေ ထောက်ပေါ် ကိုယ်တတ်နိုင်သမျှ ရပ်နိုင်ဖို့ မိဘများကိုယ်တိုင်က လေ့ကျင့်ပေးသည်။ "ပိုက်ဆံရှာတတ်တော့မှ ပိုက်ဆံသုံးတတ်တာ" ဟု အမြဲပြောလေ့ရှိသည်။

ထို့ကြောင့် ကိုဝေဖြိုးက ငွေကြေးတတ်နိုင်သော အိမ် များမှာ အတန်းငယ် ကလေးများကို စာလိုက်သင်ပေးသည်။ ဆူဇီ ကို ဂျင်မီ သော်လည်းကောင်း၊ မမမေရီ သော်လည်းကောင်း၊ စာပြ ပေးနိုင်ကြသော်လည်း မည်သူမျှ တာဝန်မယူလိုကြ၊ ကိုယ့်အလုပ် နှင့်ကိုယ် အားသည်ဟူ၍လည်း မရှိ။ သွားလာလည်ပတ် အပျော် အပါးကလည်း များကြသည်။ ငွေကြေးကလည်း တတ်နိုင်သည့်ဖို့ အကျယ်ချဲ့ကြခြင်း ဖြစ်ပါ၏။



"အဲဒါ ကျွန်တော့်နှမ ဝမ်းကွဲကလေး တစ်ယောက်ပဲ ကိုဖြိုး"

"သူ ဘယ်နှတန်းအထိ စာသင်ခဲ့သလဲ ကိုဂျင်မီ"

"ရွာမှာ လေးတန်းအောင်ခဲ့တယ်လို့ ပြောတာပဲ"

စကားအသွားအလာ ညှိမျှနှင့်ပင် တိုးတိုး၏ ဘဝ ကလေးကို ကိုဝေဖြိုးက နားလည်သွားရတော့သည်။ ဘဝအကျိုးပေး နည်းရှာသည်ဟူ၍ စာနာစိတ်နှင့် သနားမိသည်။ သည်ကလေးမကို ပညာပါရမီ ဖြည့်ပေးချင်သည်။ ဂျင်မီ မိဘများ အသိုင်းအဝိုင်း အနေအထားကိုလည်း သဘောပေါက်မိသည်။

"ကိုဂျင်မီတို့ ခွင့်ပြုမယ်ဆိုရင် ဒီကလေးကိုပါ ကျွန်တော် စာသင်ပေးချင်တယ်၊ သူ့အတွက် ကျွန်တော့်ကို အဖိုးအခ ထပ်ပေးစရာ မလိုပါဘူး၊ လိုအပ်မဲ့ စာအုပ်ကလေးတွေနဲ့ ခဲတံ၊ ပေတံကလေးတွေပါ ကျွန်တော် ယူလာခဲ့မယ်"

"ကျေးဇူးပဲဗျာ"

ဂျင်မီက ကော်ပီစာအုပ်နှင့် ဘောလ်ပင်တစ်ချောင်း ချက်ချင်း ထုယူပေးသည်။ ဆူဇီက နှုတ်ခမ်းစူသည်။ ဒေါ်ခင်အေးမြ က မျက်မှောင်ကြုတ်သည်။ "တိုးတိုး လာခဲ့"ဟု ခေါ်ကာ ကိုဝေဖြိုး ရှေ့သို့ ပို့ပေးခဲ့ပြီးသောအခါမှာ ဂျင်မီက သူ့အမေကိုပါ လက်ကုတ် ၍ အိမ်ခန်းထဲ ခေါ်ခဲ့ရသည်။

"ကိုယ့်အိမ်မှာ လာပြီးမှီခိုနေတဲ့ သားချင်းတစ်ယောက်အပေါ် မှာ စေတနာတွေ ခန်းပြနေရင် လူကဲ့ရဲ့စရာ ဖြစ်မယ် မာမီ၊ ဟိုမှာ ... ကိုဝေဖြိုးက စာအုပ်တွေ ဘာတွေတောင် ယူလာ ခဲ့မယ် ပြောနေပြီဟာကို၊ ရှက်တတ်ရင် လဲသေ့ိတောင် ကောင်းနေပြီ"

နွေရာသီ ကျောင်းပိတ်ရက် ကုန်ဆုံး၍ ကျောင်းများ ပြန်လည်ဖွင့်လှစ်သည့် အခါဝယ် တိုးတိုး ခမျာ ဟိုလူမကြည် သည်လူငြူစူနှင့်ပင် ကျောင်းတက်ခွင့် ရခဲ့ပါလေသည်။ မကုံမ ဘဝမှာ ပင်ပန်းကြီးစွာ ရုန်းကန်ရသူမို့ သူတစ်ပါးတို့ထက် ကြိုးစားပြရသည်။ သာသနာပြုမစ်ရှင်ကျောင်းများကို ပြည်သူ ပြုလုပ်လိုက်ပါသော်ငြား ယခုတိုင် ဆက်လက် ထင်ရှားကျော်ကြာ ဆဲဖြစ်သည့် ကျောင်းကြီးများသို့ ဆူဇီက ကိုယ်ပိုင်ကားကြီး တ နှင့် ဖိမ်ကျကျသွားစဉ်မှာ အတန်းတူ အရွယ်တူ တိုးတိုးက အစိုး အလယ်တန်းကျောင်းသို့ ထီးစုတ်ကလေး တစ်ချောင်းဆောင်းက ကုန်းကြောင်း တက်ခဲ့ရပါသတည်း။

တိုးတိုး ခုနစ်တန်း တက်ရသည့်နှစ်မှာ မမမေ ဘွဲ့ရသည်။ ကျောင်းစာကျက်ချိန်မှလွဲလျှင် မိမိကိုယ်မိမိ အလှပြင် တစ်ခုတည်းသာ လုပ်တတ်၍ ထမင်းမချက်တတ်၊ အဝတ်မလျှော် တတ်၊ တံမြက်စည်းကလေးမျှ မလှဲတတ်ပါသော မမမေရီက အလှ ပြင်ဆိုင် ဖွင့်လိုပါသည်ဟု ပူဆာသည်။

သည်မိသားစုမှာက သားသမီး အလိုလိုက်ခြင်း မလွဲမသွေ ဆောင်ရွက်ရမည့် တာဝန်ကြီးတစ်ခုနှယ်များ သတ်မှတ် ထားလေသလား မပြောတတ်ပါ။ ဂျပန်ပြည်သို့ စေလွှတ်က အလှပြင်ဆင်သော ပညာရပ်များ ဆည်းပူးစေမည်။ ပြန်လာလျှင် ဆိုင်ဖွင့်ပေးမည်ဟု မိဘနှစ်ပါးလုံးက လိုလိုချင်ချင် တာဝန်ယူ



သည်။ တိုးတိုး ခုနစ်တန်း စာမေးပွဲ ဖြေကာနီးမှာ မမမေရီ ဂျပန် ပြည်သို့ ထွက်ခွာခဲ့သည်။

မည်သို့သော သင်တန်းမျိုးကို သင်တန်းကာလ မည်မျှ ကြာအောင် တက်ရကြောင်း တိုးတိုး မသိပါ။ တိုးတိုး ရှစ်တန်း စာမေးပွဲ ဖြေကာနီးမှာ ပြန်ရောက်လာပါသည်။ မမမေရီကိုသာ တိုးတိုး တအံ့တသြ ငေးကြည့်သည်။

နတ်ရေကန်ထဲများ ခုန်ချခဲ့လေသလား ထင်ရသည်။ ကိုယ်ထည်ပြား၍ ခါးတုတ်ပါသော မမမေရီ၊ တရုတ်သွေးပါသူမို့ အသားဖြူပင်ဖြူသော်ငြား မျက်နှာပြင်မှာ အနည်းဆုံး ဝက်ခြံငါးလုံး လောက်တော့ အမြဲရှိနေတတ်သူ မမမေရီ။ မျက်ခုံးပါးပါး၊ မျက်အိမ် ကျဉ်းကျဉ်း၊ မျက်ရစ် မရှိပါလေသော မမမေရီ၊ ခုများဖြင့် ...

ကိုယ်လုံးကလေးက တစ်တစ်ခဲခဲနှင့် ခါးကလေးက ကျဉ်နေသည်။ မျက်နှာပြင်မှာ ဝင်းမွတ်ကာ ချောပြောင်နေသည်။ အညိုသွေး၊ အနက်သွေး မျက်ခုံးဆွဲတံ ရောင်စုံ၊ အိုင်းလိုင်နာ၊ အိုင်း ရှဲဒိုး စသော မျက်ရစ်ဆိုးဆေး၊ မျက်ခွံဆိုးဆေး အရောင်အသွေး မျိုးစုံတို့ဖြင့် မျက်ဝန်းအစုံမှ အရောင်များပင် တဖျပ်ဖျပ် လက်နေ သလား ထင်ရလောက်အောင် ငေးကြည့်ရသည်။ မျက်တောင်တုကြီး များကလည်း မြင်ရသူကို ရင်ဖိုစေသည်။

သဘာဝအလှ၊ ပြုပြင်ပြောင်းလဲထားသောအလှ၊ ဆေး ဆိုးပန်းရိုက်ခြင်း အမှုကို ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်ထားသော အလှတို့ဖြင့် မမမေရီကို တိုးတိုး မမှတ်မိလောက်အောင်ပင် ဖြစ်ရ သည်။ တိုးတိုး ဘဝကို တစ်ဆစ်ချိုးကွေ့အောင် ဖန်တီးခဲ့သူမှာ ဂျပန်နိုင်ငံပြန် အလှပြင် ပါရဂူမကြီး' မမမေရီလား။ ထိုနှစ်မှာ ဘွဲ့ရပြီး အခြားအလုပ် မလုပ်ချင်ပါ၊ ဘာသာစုံ ကျူရှင်ထောင်လို

ပါသည်ဟု ပြောခဲ့သော ကိုကိုဂျင်မီကြောင့်လား။ သွေးသားမတော်စပ်ပါပဲလျက် တိုးတိုး ဘက်မှ မားမားရပ်ပေးခဲ့သူ "ကိုကိုဖြိုး"ကြောင့်လား။ ခွဲခြားမသိနိုင်ပေမင့် တိုးတိုး ရှစ်တန်းအောင်သည့် နှစ်မှာ တိုးတိုး လျှောက်ခဲ့ရသည့် ဘဝခရီးမှ လမ်းသွယ်တစ်ခုကို ချိုးဝင်ခဲ့ရသည်ကတော့ အမှန်ပါ။

သည်နှစ်များအတွင်း ဆူဇီ၏ အဆွဲအဆိတ်၊ အပင့်အငေါ့၊ အတို့အထောင်တို့ကို တိုးတိုး ခါးဆီး၍ ခံခဲ့ရသည်။ ကြီးကြီး ဒေါ်ခင်အေးမြ ကြည်ဖြူပါမည့်အရေး၊ စာကျက်ရင်း တန်းလန်းမှ စာအုပ်ပစ်ချကာ၊ လုံချည်ခေါက်သိမ်း၊ ဖိနပ်ထုတ်ပေး၊ ရေမွှေးဆွတ်ပေး၊ ဆံပင်ဖြူနုတ်ပေး ဆိုသည့် ဝတ္တရားများ လုပ်ပေးရသည်က အကြိမ်ကြိမ်။

သည်အကြောင်းများကို ပြန်တွေးမိတိုင်း ဝဲကျလာချင်သည့် မျက်ရည်ကို တိုးတိုး အံကြိတ်၍ ခံရသည်။ နှုတ်ခမ်းထောင့်စွန်းကလေး အောက်သို့ ကွေးကျအောင် ပြုံးတတ်သည့်မထီမဲ့မြင်မဲ့ပြုံးကလေးကို ထိုအချိန်က စတင်၍ တိုးတိုးကျွမ်းကျွမ်းကျင်ကျင် ပြုံးတတ်ခဲ့ရပါသည်။

"ဆိုင်မှာ ကိုယ့်လူရင်းထဲက တစ်ယောက်လိုတယ် မာမီ၊ အလုပ်သမားတွေက တစ်ယောက်ကို ကလစ်ဆယ်ချောင်း၊ ဘလိတ်ဓားတစ်ချောင်းစီပဲ တစ်နေ့တ[illegible]မျိုး ယူသွားကြဦး မေရီ ဆိုင်ဖြုတ်မှာ၊ ဒီထက်မက တန်ဖိုးကြီးတဲ့ ပစ္စည်းတွေကလည်း ရှိသေးတယ်၊ လာပြင်တဲ့ သူတွေကလည်း ယူမသွားပါဘူးလို့ ဘယ်သူတာဝန်ခံမလဲ"

"လက်တို့လက်တောင်းလည်း ရတာပေါ့ မာမီရယ်"ဟုလည်း ပြောခဲ့သေးသည်။



"နင် လုပ်ချင်ရဲ့လား တိုးတိုး"

ကိုကိုဂျင်မီက တိုးတိုး သဘောထားကို ဂရုတစိုက်[illegible]း ရှာပါ၏။

"လုပ်ဆိုရင် လုပ်ရမှာပေါ့ ကိုကိုဂျင်မီရဲ့၊ သူ့ကို ဘာမေးနေစရာလိုလဲ"

ဆူဇီ မျက်စောင်းက တိုးတိုး အပေါ် ဝဲခနဲ ကျသွား[illegible]င်း နှုတ်ခမ်းစူ၍ ပြောသည်။

"လူတစ်ယောက်ကို လူလို မြင်စမ်း ဆူဇီ"

ကိုကိုဂျင်မီ တစ်ယောက်သာ "လူစိတ်"ရှိသည်ဟု [illegible]တိုး ခါးသီးစွာ တွေးမိသည်။ ယင်း"လူစိတ်"ဆိုသည်ကိုပင် "[illegible]ကိုကိုဖြိုး"နှင့် သွားအတူ လာအတူ၊ တွဲလွှန်းသောကြောင့် ကိုကိုဖြိုး[illegible]ပင် ကူးစက်ရရှိသည်ဟု တိုးတိုး ထင်မိပါလေ၏။

"ပြောလေ တိုးတိုး"

တိုးတိုး ဆန္ဒကို တခုတ်တရ မေးနေသည့်အတွက် [illegible]ကြီးဒေါ်ခင်အေးမြကလည်း မကျေနပ်။ မမမေရီကတော့ "မလုပ်[illegible]ဘူး"ဆိုသည့် အဖြေထွက်လာမှာ စိုးရိမ်သောကြောင့် မမေးဘ[illegible]း ဘဘဦးဝင်းကျင် အနေနှင့် စီးပွားရေးသမားပေမို့ "တိုးတိုးလို [illegible]မျိုးသားချင်းထဲက မရှိရင် ဘယ်ဖြစ်မလဲ"ဟု ပြောမှာသေချာ[illegible]ည်။ "သည်နေရာကျ[illegible]ဘာ့ တယ်လည်း သွေးနီးနေ[illegible]ပါကလား" [illegible] ခံပြင်းစိတ်ဖြင့် ပက်ခနဲ ပြန်ပြောလိုက်ချင်ပါ၏။

မပြောဖြစ်ပါ၊ မပြောရဲပါ၊ တိုးတိုး အံကြိတ်၍ မျိုချ[illegible]ည်။ ဘဘ၊ ကြီးကြီး၊ မမမေရီတို့ မျက်နှာများကို တိုးတိုး တစ်[illegible]ည်စီ ကြည့်သည်။ တိုးတိုး ဖြေရမည့် အဖြေမှာ သူတို့မျက်နှာ[illegible]တွင် ပေါ်ပြနေကြသည် မဟုတ်ပါလား။

"တိုးတိုး လုပ်ချင်ပါတယ်၊ ဒီအလုပ်မှ မဟုတ်ပါဘူး၊ ဘယ်အလုပ်ပဲ လုပ်ရ လုပ်ရပါ၊ တနည်းနည်းနဲ့ စာမေးပွဲ ဆက်ဖြေနိုင်ဖို့ တိုးတိုးကို စီစဉ်ပေးပါလို့ ဒီတစ်ခုတော့ တောင်းပန်ပါတယ်"

"တက်ရာပါစေဗျာ၊ သူ့မှာ ကျောင်းနေချင်စိတ်ကလေး ရှိနေတာကိုပဲ ချီးကျူးစရာ ဖြစ်နေတယ်"

ကိုကိုဂျင်မီနှင့် အမြဲလိုလို တွဲနေတတ်သူမို့ သည်စကားဝိုင်းမှာလည်း ကိုဝေဖြိုး ပါသည်။ ကိုဝေဖြိုးမှာ ကြီးကြီးခေါ်ခင်အော ကိုယ်တိုင်က အရေးပေးလွန်းသည့် ရွှေညည်သည်လို ဖြစ်နေရသည်။ ကိုဝေဖြိုး သည်ကိစ္စထဲ ဝင်ပါလာသည့်အတွက် ရင်ထဲမှ ကျေနပ် နှစ်ခြိုက်ခြင်း မရှိသည့်တိုင် မဆိုင်ဘဲ ဝင်မရှုပ်နှင့်ဟု ပြောမည့်သူ မရှိပါ။

ပြီးတော့ ကိုဝေဖြိုး စကားဆိုလျှင်လည်း မိသားစု အလေးတယူ ပြုကြမြဲ။ တိုးတိုး စိတ်ထင် ပြောရပါလျှင် ကိုကိုဖြိုး မှာ အိမ်တကာလည်၍ ကျူရှင်ပြခဲ့ဖူးသူ ဖြစ်သည့်တိုင် မိဘများ ဖြင့် ကျိုကျိုတက်အောင် ချမ်းသာကြသူများ ဖြစ်ကြပါလိမ့်မည် လူချမ်းသာ နှုတ်ဖျားမှ ထွက်လာသည်ဆိုလျှင် မမမေရီတို့ မိသား က ပယ်ရှားခဲ့ပါဘိခြင်း။

"ကောင်းပြီ တိုးတိုး၊ ငါ့ကျူရှင်က ဘာသာစုံပဲ၊ အဲဒီမှာ န တက်လေ"

"ဝမ်းသာလိုက်တာ၊ ကျေးဇူးတင်လိုက်တာ ကိုကိုဂျင်မီ"

"ကျေးဇူးတင်လိုက်တာ ကိုကိုဖြိုးရယ်"ဟူ၍လည်း ပြောချင်ပါသည်။ သို့ပေမင့် ဆူဇီကို ယောင်ယမ်း၍ မော့အကြည့် မှာ မီးညွှန့်တရှိန်ရှိန်တက်သည့်နှယ် လောင်မြိုက်တော့မည့် မျက်လုံးအစုံက ကိုကိုဖြိုးကို တစ်လှည့် တိုးတိုးကို တစ်လှည့် ကြည့်နေသည်ကို တွေ့ရပါသောကြောင့် တိုးတိုး မပြောဖြစ်တော့ပါ။



"ရင်ထဲကပဲ ကျိတ်ပြီး ကျေးဇူးတင်လိုက်ပါတယ် ကိုကိုဖြိုးရယ်"

ကိုကိုဂျင်မီက အားတက်သရော ပြောပေမင့် မမမေရီက ဟက်ဟက်ပက်ပက် မရှိလှချေ။

"ကိုးတန်းဆိုတော့ ဝိဇ္ဇာ၊ သိပ္ပံ ခွဲပြီ မဟုတ်လား"

"တိုးတိုး ဘာနဲ့ပဲအောင်အောင် ဝိဇ္ဇာပဲ ယူပါမယ် မမမေရီ၊ ပထဝီရယ်၊ သမိုင်းရယ်၊ ဘောဂဗေဒရယ်၊ မြန်မာစာရယ် တိုးတိုး ကျူရှင်မတက်ပါဘူး၊ စာအုပ်ဖတ်ပြီး ဖြေပါ့မယ်၊ မသိတာ မရှင်းတာကလေးတွေမှပဲ မေးပါမယ်၊ စာရင်းကိုင်နဲ့ သင်္ချာရယ်၊ အင်္ဂလိပ်စာရယ်ပဲ တိုးတိုး တက်ပါ့မယ်၊ ကိုကိုဂျင်မီက တိုးတိုး အလုပ်ချိန်နဲ့လွဲအောင် စီစဉ်ပေးပါ"

သည်တုန်းက တိုးတိုး ဆယ့်ငါးနှစ်ပဲ ရှိသေးသည်။ အသက်နှင့်မမျှအောင် ထိုးတိုးက ထွားကျိုင်းသည်။ ဆူဇီ ကိုယ်တိုင် ကိုယ်လုံးကိုယ်ထည် ပါးပါးလျားလျားနှင့် မဖွံ့မထွား ဖြစ်နေချိန်မှာ တိုးတိုးကတော့ဖြင့် မို့ဝန်းဖွင့် အလှကျက်သရေတို့က တင့်ချင်တိုင်း တင့်တယ်နေကြပါပြီကော။

အလုပြင်ဆိုင်မှာ အလုပ်လုပ်ရသည် ဆိုတော့ ကောင်းမပေ ညွန့်မပေ မဟုတ်သည့်တိုင် လှလှပပကလေးတော့ ဝတ်ရစားရသည်။ စုတ်စုတ်ပြတ်ပြတ် မည်းမည်းသည်းသည်းကြီး နေလို့ဖြစ်မလား။ မေရီ ကိုယ်တိုင် ရေလဲပင် မလုပ်ချင်တော့သည့် ထံဘီစုတ်ကိုဝတ်၍ ဖြစ်ပါမည်တဲ့လား။ မမမေရီနှင့် ဆူဇီတို့ အကျအနကလေးများဖြင့် အပျိုဖြစ်လာခဲ့ရသော တိုးတိုး အတွက် အဝတ်သစ်၊ အစားသစ်၊ ပုံဆန်းကလေးများ ချုပ်ခွင့်ရလေသည်။

မိန်းမသားပေမို့ အလှပြင်သည့် လုပ်ငန်းမှာ စိတ်ကိုနှစ်မြှုပ်၍ အထူးဝင်စားနေစရာ မလိုပါ။ အလိုလိုပင် စိတ်ပါပြီးသားဖြစ်နေသည်က တစ်ကြောင်း၊ ပင်ကိုယ်ဉာဏ်ကောင်းကာ တစ်ခါမြင်လျှင် နှစ်ခါထပ်သင်စရာ မလိုသည်ကတစ်ကြောင်း၊ ကြိုးစားချင်စိတ် ရှိသူကလေး ဖြစ်သောကြောင့် တစ်ကြောင်း၊ ဆံပင်ကောက်၊ ဆံပင်ညှပ်၊ ဆံပင်ထုံးဖွဲ့နည်းများ၊ မျက်နှာအလှခြယ်နည်း၊ မျက်နှာအသားရေအောင် ပေါင်းတင်ခြင်း စသည်များကို တစ်ခါမျှ တစ်ဦးတည်း လုပ်ကိုင်ခွင့် မရပေမင့် အမြင်နှင့်ပင် ကျွမ်းကျင်နေရတော့သည်။

ဂျပန်ပြည်သို့ သွားရောက်လေ့လာရန် စိတ်ကူးယဉ်အိပ်မက်မျှပင် မမက်ဝံ့သည့်တိုင် ဂျပန်ပြန် အလှပြင် ပါရဂူလောက်နီးပါး လေ့လာမှတ်သား တတ်ကျွမ်းနေတော့သည်။မမမေရီ ဆိုသည်ကလည်း တိုးတိုးကို ကိုယ်ခွဲထားကာ "ဟိုဟာယူပေးဦး၊ ဒီဟာယူပေးဦး" နှင့် ခိုင်းတတ်လွန်းသူမို့ မည်သည့်လုပ်ငန်းမှာ မည်သည့်ပစ္စည်းသုံးရမည်။ မည်သို့ ဆောင်ရွက်ရမည်၊ အခေါ်အဝေါ်က ဘယ်နှယ်စသည်၊ စသည်ဖြင့် ...



တိုးတိုး မတတ်ချင်မှအဆုံး၊ မတတ်ချင်ပဲ နေ၍မရ၊ ကျွမ်းကျင်ဘဲ နေ၍မရ။ လက်တွေ့မျက်မြင်များဖြင့် ပါရဂူမြောက်နီးပါး ဖြစ်ခဲ့ရသည်။ ပန်းဆိုးတန်းနှင့် ဆူးလေဘုရားလမ်းတစ်က် အလှပြင်ဆိုင်နှင့် ကျူရှင်ကျောင်း ကူးလူးဆန်ခပ်။ ဘတ်စ်ားတစ်သွယ်၊ ခြေကျင်တစ်ဖုံ၊ ကျောင်းပညာနှင့် အလှပြင်ပညာ၊ ညာနှစ်မျိုးကို တစ်ပြိုင်နက် ဆည်းပူးနေရပေမင့် တိုးတိုး ပျော်သည်။ င်ပန်းသည်ဟုလည်း မထင်။ ပြေးရလွှားရ ရှန်းကန်ရ မောလှ်းလှပေမင့် အိမ်မှာတကုပ်ကုပ်နေကာ ဆူဇီ အငြိုအငြင်ကို ငြိမ်ခံရသည်ထက် များစွာပို၍ သာတောင့်သာယာ ရှိလှချေသည်တကား။

ကျော်ကြား - စာပေ

တိုးတိုးသည် ပန်းဆိုးတန်း အလှပြင်ဆိုင်မှ ဆူ... ဘုရားလမ်းရှိ ကျူရှင်သို့ လွယ်အိတ်ကလေးလွယ်ကာ အပြေးအ... လာရသည်။ မမမေရီ ညှပ်ပေးထားသည့် အိုမီဂါဆံပင် အု... ကလေးသည် ခြေလှမ်းတိုင်း ဝဲခနဲ၊ ဝဲခနဲ ဖြစ်သွားတော့သည်...

"တိုး ... တိုး"

လှမ်းလက်စ ခြေလှမ်းကို ရပ်၍ တိုးတိုး တုံ့ခနဲ... ကြည့်သည်။

"တိုးပေးကွ ... ရှေ့ကိုရောက်အောင် တိုး"

တိုးတိုး လှည့်ကြည့်သည့် အခါမှာ ကျောင်း... ရပြုနေသည့် ကျောင်းသားများက တိုးတိုးကို မကြည့်၊ မျက်နှာ... ဆိုင်ရှိ ရုပ်ရှင်ရုံများဘက်သို့ လှည့်ကာ လက်သီးလက်မောင်း... ပြနေသည်။ တိုးတိုး မျက်စောင်းတစ်ချက်ကို ပျစ်ပျစ်နှစ်နှစ်... ထိုးပစ်ကာ စာသင်ခန်းထဲသို့ ဝင်လာခဲ့တော့သည်။ ဝါးခနဲ ရယ်... တိုးတိုး နောက်မှာ လွင့်ပျံ၍ ကျန်ရစ်သည်။



"ဟော့ ... တိုး၊ အဝမှာတကော ပါလားကွ၊ ရွေးတွေတောင် နိုလို့"

"နောက်ကျနေပြီမှတ်လို့ မိုးရဲ့"

"မကျသေးပါဘူး၊ အခု သမိုင်းအချိန်ပြီးလို့ ဆရာမ ထွက်သွားတာ ဆယ့်ငါးမိနစ်နားပြီးမှ ဆရာကျင်မီ ဝင်လာမှာလေ တိုးရဲ့"

"ဗျုး ... မောလိုက်တာကွာ၊ တိုးမှာဖြင့် အပြေးအလွှား"

"နာရီကလေး ဘာကလေးများလဲ ကြည့်ရောပေါ့"

မိုးက စေတနာနှင့် ပြောခြင်းပေမင့် တိုးတိုး ရင်မှာ ...င့်သွားရသည်။ တိုးတိုး သည်ကျူရှင်မှာ တက်ရသည်က မိုးတို့နှင့် ...အချင်းမတူသည့် အဖြစ်ကို မိုး မသိရှာ။ တိုးတိုးက သူ့လက်မောင်း ...အား ဝင်းဝင်းတစ်တစ်ကလေးကို ယောင်ယမ်းကြည့်မိသည်။ လက် ...တ်နာရီ ရှိမှမရှိဘဲ။ မည်သို့ ကြည့်ခွင့်ရပါမည်နည်း။

ဆိုင်မှာ လာပြင်သူ အမျိုးသမီးကလေး တစ်ဦးထံမှာ ...ထိုးပေးရသည်။ မမမေရီ မျက်နှာအမူအထားကို အကဲခတ်ရသည်။ ...ကြည်ကြည်သာသာ ရှိပါမှ ပြေးလာခဲ့ရသူ။

"ရွေးသုတ်လိုက်ဦးလေ"

မိုးက စေတနာစကားကိုပင် ထပ်ဆင့်ပြန်သည်။ တိုးတိုး ...ာ လက်ကိုင်ပဝါ မရှိပါ။ အကျႌဟောင်းကလေး တစ်ထည်၊ လျှော် ...ပ် ဖွပ်ဖန်များ၍ ပါးလျား နူးညံ့နေသော အစကလေးကို လေးထောင့် ...ပ်စပ်ညှပ်ကာ စက်သီးကလေး ထိုးချုပ်ထားသည့် လက်ကိုင်ပဝါ ...စ်ထည်မှတော့ ရှိသည်။

တိုးတိုးက လွယ်အိတ်ကိုင်းနှင့် လွဲ့လွယ်ကူကူ ...ဲ့သုတ်သည့် ပုံစံမျိုးနှင့် သုတ်ရသည်။ တိုးတိုး မျက်ရည်ဝဲမိပါ၏။

"လုပ်တော့မယ်ကွာ၊ တိုး တကယ်ညစ်ပတ်တယ်"

"အဟဲ"

ရှက်အမ်းအမ်းကလေး ရယ်ပြသည်။

"ချွေးစင်ရင် ပြီးတာပဲကွာ"

"ရော့ … တိုး၊ မရန်းပြား စားဦး"

တိုးတိုး စားချင်လွန်း၍ အာခေါင်တွေ စိုလာရသည်။ ဆံယှင်ငါးနှစ် ကျော်ကျော်ကလေး မဟုတ်လား။ ပြီးတော့ မိန်းမသား သို့ပေမင့် တိုးတိုး မစားရဲ၊ တိုးတိုးမှာ တစ်ပြန်တစ်လှည့် ဝယ်ကျွေး နိုင်သည့် မုန့်ဖိုးမရှိ။

အချဉ်ဆိုသည်ကလည်း အခက်သား။ စိန်ရွှေဝတ်ထား ထားသည်ကို မြင်ပေမင့် သွားရေမယို၊ မျက်စိရှေ့ အချဉ်ရောက် လာလျှင် မဟာအာခေါင်တော်ကြီးများက အလိုလို စိုလာတတ် စမြဲ။

"ဂလု"

တကယ်ကျသည့် သွားရေကို တကယ်မျိုချရပေမင့် တမင်လုပ်ဟန်ထင်အောင် သာသာထိုးထိုးကလေး လုပ်ပြရသည်။

"သိပ်စားချင်တာပဲ မိုးရဲ့"

"စားလေကွာ … ရော့"

"မစားရဲဘူး"

မျက်နှာကို အတတ်နိုင်ဆုံးပြုံးရင်း တိုးတိုး ရင်ထဲမှာ မျက်ရည်ပေါက်ပေါက် ကျနေရသည်။

"မတည့်ဘူးလား"

"တိုးက အလှပြင်ဆိုင်မှာ လုပ်ရတော့ အသားအရေက စို သဘောမျိုး ချောမွေ့နေအောင် ထားရမယ်တဲ့၊ ချင် ငန် စပ်



တွေ မစားရဘူးတဲ့ မိုးရဲ့၊ မမမေရီက တင်းတင်းကျပ်ကျပ် တားမြစ်တာ"

"ဟာကွာ … တစ်ခါတလေ စားတာလောက်တော့"

"တစ်ခါတရေလ စားမိရင် အာလျူဆိုတာ ဖြတ်လို့ရခဲ့သတဲ့"

"ဘာလဲကွ အာလျူ ဆိုတာ"

"မသိဘူး၊ လူကြီးတွေ ပြောသံကြားလို့ စွတ်တင်လိုက် တာ"

သူငယ်ချင်း နှစ်ယောက် ရယ်မိကြလေသည်။ တိုးတိုး က ကိုယ်ကလေး တသိမ့်သိမ့်ခါသည်အထိ ရယ်သည်။ မိုးထက်ပို ရယ်သည်။ စို့တက်လာသည့် မျက်ရည်များကို လွယ်အိတ်ကိုင်း နှင့်ဆွဲ၍ သုတ်ပြန်သည်။

"တိုး ရယ်တာ သိပ်ချစ်ဖို့ ကောင်းတာပဲ၊ ကြည့်ပါဦး၊ မျက် ရည်တွေတောင် ထွက်ရော"

"အဲဒါ ငိုတာပဟ … ငိုတာ၊ ရယ်ဟန် ဆောင်ပြီး မျက်ရည်သုတ်ရတာ" … ဟူ၍ အော်ပစ်လိုက်ချင်သည်။

"တိုးက သိပ်ကုသိုလ် ကောင်းတာပဲနော်"

"ဘုရားရေ … မိုးရယ်၊ မိုးဘဝကို တိုးက အားကျနေတာ"

"မိုးဘဝက ဘာမှ ပျော်စရာမရှိဘူး၊ ရိုးရိုးသားသားကြီး"

"အိုး … တိုးကျတော့ကော"

"အလှပြင်ဆိုင်မှာလုပ်၊ ကြော့ကြော့လှလှလေးဝတ်၊ ကိုယ့် ကိုယ်ကိုယ် အမြဲလှနေအောင် ကြော့နေအောင် သန့်ထားရတာ ဘယ်လောက် ပျော်စရာကောင်းလဲ"

"ဝတ္ထုရား တစ်ခုလို လုပ်ရတော့ စိတ်ညစ်လာတာပဲဆိုတာ မိုး ကိုယ်ချင်းစာတတ်မှာ မဟုတ်ဘူး"

"အဲဒီဝတ္ထုရှားမျိုး၊ မိုးတို့ရချင်လိုက်တာ"

"မရန်းပြား ငေတ်သွားမယ်နော်"

"ငေတ်ပစေ၊ လှရင်ပြီးရော"

ပျို့မျစ်သူမကလေး နှစ်ဦး ရယ်မိကြပြန်သည်။

"လာပြီ ... လာပြီ ... ဟိုမှာငနာ"

"ဘယ်ကောင်လဲ"

"နေသွေးဦးလေ၊ စောစောကလည်း အတန်းထဲ ဝင်လာဟဲ့ မိန်းကလေးတွေကို တစ်ယောက်မကျန် လိုက်စ,နေတယ်၊ သူ မစ,တာဆိုလို့ မိုး တစ်ယောက်ပဲ ရှိတယ်"

"စောစောကလည်း တိုးကို လှမ်းနှောက်သေးတယ်၊ သူ့မြင်တိုင်း ဆဲချင်စိတ်က အမြဲပေါက်တယ်၊ မကောင်းတတ်လို့ အောင့်ထားရတာ"

"ခစ် ... ခစ်"

တိုးတိုး စကားကို မိုးက ရယ်ပြန်သည်။

"မိုးတော့ သူ ကောင်းကောင်းကြောက်တယ်၊ သူ့အမေကို ပြန်တိုင်မှာစိုးလို့"

"သိပ်မုန်းတာပဲ၊ ကြည့်လို့ကို မရဘူး၊ ဘောင်းဘီရှည်တကားကားနဲ့ ဖိနပ်ကလည်း ခွာထူကြီး၊ ဆံပင်ကျတော့ ရှည်လည်းရှည် ကောက်လည်းကောက်၊ ပွယောင်းကြီးကွ"

"ကောင်းတာ ဘာကျန်သေးလဲ တိုးရဲ့"

"ဘာမှ မကျန်ဘူး၊ သူ့မျက်နှာပုံပန်းက နွားနဲ့တူတော့မလိုလို၊ မြင်းနဲ့ တူတော့မလိုလိုနဲ့"

"တိုး ခမျာ စေ့စေ့ကလေး လေ့လာထားရှာတယ်နော်"

"သွား ... မိုး မကောင်းဘူး"



ကိုကိုဂျင်မီ ဝင်လာပြီး ဆရာသင်သောကြောင့် စကားစ ပြတ်သွားကြရသည်။ တိုးက စာထဲမှာ စိတ်ကိုနှစ်ထားရသည်။ မိုး ဘက်သို့ပင် လှည့်၍ စကားမပြောရဲ၊ ကိုကိုဂျင်မီ ဆူခံရမှာလည်း ကြောက်သည်။ တစ်နှစ်တစ်တန်း မှန်မှန်မအောင်မှာလည်း ကြောက်သည်။ အင်္ဂလိပ်စာတို့ သင်္ချာတို့ကို အတန်းထဲမှာ သင်ယူနိုက် ခေါင်းထဲသို့ အပြီးတိုင်ဝင်အောင် သွင်းထားရသည်။ အိမ်မှာရှိသည့် စာကျက်ချိန်များကို ကျောင်းတက်ခွင့်မရဘဲ၊ မှတ်စုဖတ်ရုံဖတ်ရသည့် ဘာသာများအတွက် အချိန်ပိုပေးရဦးမည် ဖြစ်ပါသည်။

မိုးတို့က အထက(၁)ပန်းဘဲတန်း ကျောင်းသူ။ နံနက်ပိုင်း ၇ နာရီမှ ၁၂ နာရီထိ ကျောင်းတက်ပြီး မွန်းလွဲပိုင်းအချိန်ကို အပိုကျူရှင်ယူရန် လာတက်ကြခြင်း ဖြစ်လေသည်။ တိုးတိုးဘဝနှင့် အဘယ်မှာ တူနိုင်ပါမည်နည်း။ စာမေးပွဲ စစ်တော့ကော မိုးတို့ ၉ တန်း ကျောင်းစစ်များ၊ ပြီးတော့ ရှစ်တန်း၊ နောက်ဆယ်တန်း၊ အားလုံးစစ်ပြီး လူငယ်ရေးရာညကျောင်း ၉ တန်းများ စစ်ချိန်ကျမှ တိုးတိုး ခမျာ အလွတ်ဖြေအဖြစ် ဝင်ရောက်ဖြေဆိုခွင့်ရမည့်သူ ဖြစ်ပါ၏။ ကြိုးစားမှု တစ်ချက်လျော့သည်နှင့် ဘဝဦးတည်ချက် တစ်ခုလုံး ပြောင်းသွားနိုင်သည့် တိုးတိုး ဘဝ။ သည်တုန်းကတော့ တိုးတိုး ရည်မှန်းချက်တို့မှာ စာမေးပွဲအောင်ဖို့ ရုံးတစ်ရုံးရုံးမှာ ဝင်လုပ်နိုင်ဖို့၊ ဆူဇီ လောင်းရိပ်အောက်မှ မြန်မြန်ခွာ၊ အမေ့ကို လုပ်ကျွေးနိုင်ဖို့။

"တိုး ... မိုး ပြန်မယ်၊ ဆိုင်ကို လှည့်ပို့ပေးခဲ့ရမလား"

"ဟော့အေး၊ နေပေ့စေ၊ လမ်းလည်းကြုံတာ မဟုတ်ဘဲနဲ့၊ တိုး ခြေထောက်က ဖိးယက်လောက် မမြန်တောင် ထက်ဝက်တော့ လိုက်ပါတယ် ... အဟဲ"

ကြိုးစားရုန်းကန်ရလွန်းလှသော ဘဝမှာ နာကျင်လာသည့်ရင်ကို အရယ်အမောကလေးများဖြင့်သာ ဖြေဖျောက်ရသည့်ရှိ စကားတစ်ခွန်း ပြောပြီးတိုင်း ရယ်ကျဲကျဲကလေး လုပ်ပစ်တတ်သည့် အကျင့်က ပါနေရတော့သည်။

သည်တုန်းက မိုးတို့က ခုနစ်မိုင်ခွဲမှာ မနေသေးပါ။ အင်းလျားလမ်းမှာ နေသည်။ နေသွေးဦးတို့နှင့် တစ်လမ်းတည်း ကားကျတော့ ဖီးယက်နီနီကလေး ဖြစ်သည်။ တိုးတိုးက လုံချည်ကို တင်းနေအောင် ပြင်ဝတ်၊ လွတ်အိတ်ကိုယမ်း၍ ပန်းပေါ်ပစ်တင်၊ ဒိုင်ယာနာ အလုပြင်ဆိုင်သို့ ကိုယ်ပိုင်ခြေထောက်ကလေး အားကိုးဖြင့် ပြေးရပါဦးမည်။

"တိုး ... ဟော့ နေပါဦး တိုးတိုးရ"

တိုးတိုး လှည့်မကြည့်၊ ဗောင်မမေးနှင့် ဆန်မကုန်သည့်တိုင် အနည်းဆုံး နှစ်ကျပ် နှစ်ဆယ့်ငါးပြားတော့ ကုန်မည်။ အနောက်က လိုက်လာသူမှာ နေသွေးဦး မှလွဲ၍ မည်သူမျှ မဖြစ်နိုင်။ တိုးတိုး သွားရာနောက်သို့ မလှမ်းမကမ်းမှ လိုက်ခဲ့မှုပေါင်း များပြီပဲ။

"နေပါဦးဟ ... တိုးတိုးရ၊ အမယ်လေး ... ခြေထောက်မှာ ဂျက်လေယာဉ် အင်ဂျင်များ တပ်ထားသလား မသိဘူး"

ပြောပြောဆိုဆို နေသွေးဦးက တိုးတိုးနှင့် ယှဉ်မိသွားတော့သည်။

"ဂျက်လေယာဉ် အင်ဂျင်တော့ တပ်မထားဘူး၊ မြားနတ်မောင် ဖိနပ်ပါးကလေးပဲ ပါတယ်၊ လမ်းသရဲ တစ်ယောက်ရဲ့ပါးကို ရိုက်ဖို့လောက်တော့ အသုံးဝင်တယ်"

"ကောလှချေလား၊ တို့က ဘာလုပ်သေးလို့လဲ"

"လုပ်ကြည့်ပါလား"



"ဘာလုပ်ရမလဲ ပြော"

"နေသွေး ... နင် လမ်းလယ်ကောင် အရှက်ကွဲချင်သလား"

"ခေါ်ပုံကလည်း ယဉ်ကျေးလိုက်တာ၊ ရုပ်ကလေးနဲ့ မလိုက်ဘူး"

"နေသွေး ... ငါနဲ့ ကပ်လိုက်မလာနဲ့"

"ပြည်သူပိုင်လမ်းပေါ် လျှောက်တာ"

"ငါ စိတ်မထိန်းနိုင်တော့ရင် နင် သေမယ်နော်"

"ကြောက်ပါတယ် တိုးတိုးရဲ့၊ စိတ်ကို ထိန်းပါ"

"နင် လွန်ပြီ"

"တိုးတိုးရာ စကားကောင်းကောင်း ပြောစမ်းပါဟာ၊ ဆရာ ဂျင်မီ ညီမဆိုပြီး မာနက ခေါင်ခိုက်နေတယ်"

? လမ်းလျှောက်နှုန်းကို နှစ်ဆမျှ မြှင့်ပစ်လိုက်သောအခါ လူက စိတ်စောတိုင်း ရှေ့သို့ ကိုင်းနေရတော့သည်။

တိုးတိုး စကား ပြန်မပြောတော့ပါ။ ကိုယ်က မခံချင်စိတ်နှင့် ပြန်ပြောခြင်းပေမင့် သူနှင့် အချေအတင် စကားလက်ဆုံကျသည့် အဖြစ်မျိုးသို့ ရောက်နေပါတော့သည်။

"တိုးတိုး"

တိုးတိုးက ပြန်မထူးပါ။

"တို့တွေဟာ ကျူရှင်တစ်ကျောင်းတည်း တက်ကြတယ်၊ တကယ့်တမ်း တွေးကြည့်ရင် မောင်နှမတွေပဲ၊ ဒီလောက် စိမ်းစိမ်းကားကား မနေသင့်ဘူး"

"ငါ့မှာ လမ်းသရဲအမျိုး မရှိဘူး"

ထိန်းသည့်ကြားက ပြောမိပြန်သည်။ တိုးတိုး ကိုယ့်ပါးစပ်ကိုယ် ဆွဲဆိတ်ချင်မိသည်။ တိုးတိုး၏ ဗီဇကိုက စိုင်းထက်သည်။

တင်စီးလာလျှင် မခံချင်၊ မြွေပွေးများနယ်။ မထိလိုက်နှင့် ခေါက်ခနဲ ပေါက်ချလိုက်ချင်သူပါ။ သည်သို့ ဒိုးခနဲ ခေါက်ခနဲ ပြောချတတ်လွန်းသောကြောင့်လည်း ဆူဇီနှင့် တကျက်ကျက်။

ဆူဇီနှင့် တကျက်ကျက် ဖြစ်ပါလေတိုင်း တိုးတိုးသည်သာ ကျေးဇူးတရား မသိတတ်သူ၊ ကျေးဇူးရှင်မိသားစုကို ပြန်စော်ကားသူ ဖြစ်ရပါ၏။ ဆူဇီ တစ်ဖက်သတ် မတရားအနိုင်ကျင့်သည့်ကိစ္စမျိုးကျတော့ တိမ်မြုပ်လွန်းလှသည်။ ကြာတော့လည်း သည်အိမ်ရိပ်မှ မလွတ်ကင်းနိုင်သမျှ ခါးစည်း၍ ခံရတော့သည်။

နိုင်ကြစမ်း၊ ပြောကြစမ်း၊ ငါ ပညာရအောင် သင်ပည်။ ပညာတတ်သည့်တစ်နေ့၊ အလုပ်ရသည့်တစ်နေ့၊ အမေ့ကို သည်အိမ်ပေါ်မှ ဆွဲခေါ်ချသွားရုံသာ။ တိုးတိုး မျက်ရည်ဝဲလာတော့သည်။ မျက်ရည်များကိုလည်း တိုးတိုး စိတ်ဆိုးသည်။ ဝမ်းနည်းလျှင်လည်း ဝဲ၊ ဒေါသထွက်လျှင်လည်း ဝဲ။ ဝဲပဲ ဝဲနိုင်လွန်း။ တုံ့ပြန်ခံစားချက်တိုင်း၏ သရုပ်သကန်မှာ သည်မျက်ရည်ချည်း။

"တို့ လမ်းသရဲ မဟုတ်ပါဘူး၊ တိုးရယ်"

"သွားတော့ နေသွေး၊ ငါ ဆိုင်နဲ့နီးလာပြီ"

"ဒိုင်ယာနာဖြူတီပါလာ တစ်ခုလုံးမှာ တိုးတိုး အလှဆုံးပဲ"

"အဲဒါ နင့် အပူလား"

"ကိုနေသွေးဦး လို့များ တစ်ခွန်းလောက် ခေါ်ပါ တိုးတိုးရာ၊ တိုးတိုး လို့များ ထည့်ပြောစမ်းပါ၊ နင်,ငါနဲ့ ကြားရတာနားထဲမှာ ခွေးတောက်ရွက် တို့ရသလိုပဲ"

ရယ်ချင်သွားမိသောကြောင့် တိုးတိုး မျက်နှာကြောတင်းလေး အနည်းငယ် လျော့သွားသည်။ အခါမလပ် ကြည့်နေသူ နေသွေးဦးက လှုကဲခတ် ကောင်းသည်။



"ရယ်ချင်တာများ ထိန်းမထားပါနဲ့ဟာ"

"သေချင်နေတာဟာ၊ သေချင်နေတာ၊ မမမေရီ ထွက်ကြည့်တာနဲ့များ သွားဆုံရင် ခေါင်းကို ပွခနဲနေအောင် အခေါက်ခံရတော့မယ်၊ နစ်ပြားမတန်အောင် အပြောခံရတော့မယ်"

"ဟာကွာ ... ဖြစ်မှဖြစ်ရလေ"

နေသွေးဦးက တကယ်စိတ်မကောင်းနှင့် ပြောသည်။

"သွားတော့မယ်နော် တိုးတိုး"

တိုးတိုး လှည့်မကြည့်ဘဲ မျက်နှာကို ဝေးနိုင်သမျှ ဝေးအောင် ငုံ့စောင်းထားသည်။

"ချစ်တယ် ... တိုးရယ်"

"ဟင် ... နေသွေး အရူးပလုတ်"

လူအုပ်များကြားမှာ တိုးဝင်ပျောက်သွားသည့် နေသွေးဦး၏ ကျောပြင်ကိုသာ တွေ့ရတော့သည်။ ပြောလည်းပြော၊ ပြေးလည်းပြေး၊ ပြောပြေး။ တိုးတိုး ပြေးလိုက်ကာ ကုပ်ပိုးကိုဆွဲ၍ ထုထောင်းပစ်လိုက်ချင်ပေမင့် ဒိုင်ယာနာနှင့် တိုက်လေး,ငါးလုံးစာသာ ကွာတော့သည်မို့ စိတ်ကို လျှော့ချလိုက်ရသည်။

"လမ်းသရဲ နေသွေး၊ သူ့ကို ရေရေလည်လည်နိုင်မဲ့ မိန်းမမျိုးနဲ့ ရပါစေရှင်"

တိုး အချစ်ရယ် ...
ရင်ထဲမှာ နှစ်နေအောင် စွဲတယ်
ည,ညအိပ်မပျော်ဘူး
စာအုပ်ထဲမှာ တိုးရဲ့ မျက်နှာလေး
လွမ်းတယ်၊ ချစ်တယ်၊ တိုးချစ်ရယ် ...
တစ်နေ့ တခြား တိုးတိုးပြီး ချစ်လာလို့
မင်းကို ခေါ်ချင်တဲ့ နာမည်လေးတစ်ခု ရှိတယ်၊
တိုးတိုးချစ် ... တဲ့။

"ကြည့်စမ်း ... ခွေးစုတ်လမ်းသရဲ၊ လူဝါးဝထားပြန်ပြီ"

ကိုကိုဂျင်မီ ကျူရှင်ခန်းက ခမ်းနားခေတ်မီသည်။ ခန်းမကျယ်ကြီး အတွင်းမှာ ထိုင်ခုံများက နောက်ဘက်သို့ မြင့်တက်သွားသည်။ ခုံနံပါတ်အတိုင်း ထိုင်ရသည်။ နေရာအပြောင်းအလဲ လုပ်၍ မရ။ တိုးတိုး ခမျာ သူများမထိုင်ချင်သည့် နေရာမှာ ထိုင်ရသည်မို့ နောက်ဘက်နားကျသည်။ ကျောင်းဖွင့်စကတော့ တိုးတိုး ခုံနံပါတ်က နောက်ဆုံး။

ငွေကုန်ကြေးကျခံကာ နာမည်ကြီးဆရာ တော်တော်များများကို ငှားနိုင်သည်မို့ ကျောင်းနာမည်ကြီးလာသည်။ ကျောင်းဖွင့်ပြီး တစ်လခန့် အကြာမှာ ကျောင်းသူ ကျောင်းသားသစ်များ ထပ်ရောက်လာသည့်အထဲ မိုးမိုးဆင့်က အရင်ဆုံးမို့ တိုးတိုးနှင့် မိုးမိုးဆင့်တို့ ခုံနံပါတ်ချင်း ကပ်နေခြင်း ဖြစ်ပါ၏။



ကိုယ့်ခုံမှာသာ ကိုယ်ထိုင်ရမြဲမို့ တိုးတိုး ထိုင်မည့် ခုံပေါ်မှာ ဘောလ်ပင်နှင့် စာတွေ လာရေးထားသည်။ သစ်သားပေါ်မှာ ရေးသည်မို့ အမှတ်တမဲ့ဆိုလျှင် မမြင်သာ။ တိုးတိုး စောင်မှ ရောက်ရောက်ချင်း လွယ်အိတ်ကိုင်းနှင့် ခွေးသုတ်စဉ်က မမြင်သေး။ ထိုင်ပြီး တအောင့်ကြာတော့မှ တွေ့သည်။

"နေသွေး အစုတ်ပလုတ် လက်ဆော့သွားပြန်ပြီ မိုးရဲ့"

မိုးက ကိုယ်ကလေးယိမ်း၊ ခေါင်းငဲ့၍ ဖတ်သည်။ ခေါင်းကလေးနှစ်ခု ပူးသွားချိန်မှာ တိုးတိုး နားသယ်ဆပ်ဆီသို့ ကျွန်မြားကလေးတစ်စင်း လာမှန်သည်။ အသားကလေး နည်းနည်း စာရုံနှင့် တိုးတိုး ဒေါသထွက်သည်။ အိမ်မှာရော၊ ဆိုင်မှာရော၊ ကျောင်းမှာပါ မကျေမနပ် ခံစားချက်များက ထွက်ပေါက်မရှိ ပြည့်သည်ထက်ပြည့်၊ ကျပ်သည်ထက် ကျပ်လာသည်မို့ ကြာတော့လည်း အလိုလိုနေရင်း ဆူဝေကာ လျှံကျချင်နေတော့သည်။

"မြားနဲ့ ပစ်ပြန်ပြီ"

ပေါင်ပေါ်သို့ ကျလာသည့် မြားကလေးကို မိုးက ကောက်ယူသည်။

"ဆွဲဆုတ်ပစ်ဟာ"

"ဘာတွေ ရေးထားလဲ ဖတ်ကြည့်ဦးမယ်"

"ခွေးစာတွေပဲ ဖြစ်မှာပေါ့"

"ခွေးမှာ စာရှိလို့လား တိုးရဲ့၊ ခွေးစာ ဆိုရင်တော့ မိုး မဖတ်တတ်ဘူး၊ တို့ ဘာသာ ဖတ်တော့၊ ဟယ် ... နာတယ်ဟ၊ တကယ် ဆိတ်တယ်"

မိုးက ရယ်ရင်း ကျွန်မြားကလေးကို စိတ်ရှည်လက်ရှည် ဖြန့်သည်။

သိပ်ညစ်ပတ်တာပဲ

လွယ်အိတ်ကိုင်းနဲ့ ချေးသုတ်တယ်

တိုးတိုးချစ်ရယ် ...

"ချေး ... ချေး ... ချေးစားချေး နေသွေး"

မိုးမိုးဆင့်က ရယ်နေသည်။ တိုးတိုးက မီးဝင်းဆ

တောက်လုနီးပါး ဒေါသခိုးများ လျှံထွက်နေသည့် မျက်စိအစုံ

လှည့်ကြည့်သည်။ နေသွေးဦးက ဘာမျှမဖြစ်သလို အဝေးသို့ ...

နေသည်။ သူနှင့် မဆိုင်သကဲ့သို့။

တိုးတိုးက လွယ်အိတ်ကိုင်းကလေးကို ဆွဲယူသည

ချေးမရှိတော့ပေမင့် နဖူး၊ လည်ပင်းတစ်ဝိုက် လျှောက်သုတ်သည်

"တိုးကလည်းကွယ်၊ ဟုတ်သားပဲ"

မိုးမိုးဆင့်က ယိုးဒယားဖြစ် ယော့ခ်ရေမွှေး ဆွတ်ထ

သည့် သူမ လက်ကိုင်ပဝါကလေးကို ထုတ်ပေးသည်။

"ဒါနဲ့ သုတ်လေ တိုး၊ တိုးက အမြဲမေ့တတ်တယ်၊ တစ်ခါ

လက်ကိုင်ပဝါ ပါမလာဘူး"

တိုးတိုး မျက်ရည်ပေါက်ပေါက် ကျပါတော့သည

ထိန်းမထားနိုင်တော့။ ထိန်းရလွန်းတော့လည်း လွှတ်ပေးချင်သည

ဖြစ်နိုင်လျှင်တော့ အသံထွက်၍ အော်ငိုချင်ပါသည်။ တစ်ပေါက်ပြီ

တစ်ပေါက် လိမ့်ဆင်းလာသည့် မျက်ရည်စများကို လွယ်အိတ်ကိုင်

နှင့် တွင်တွင်သုတ်သည်။

"မငိုနဲ့လေ တိုး၊ နေသွေး စတာ လွန်လွန်းပြီ၊ တိုးတိုး ငို

တဲ့အထိ ဒေါသထွက်ရတယ်လို့ နေသွေး အမေကို မိုး တိုင

ပေးမယ်နော်"

တိုးတိုး ခေါင်းခါသည်။



"သူ့ကြောင့်လည်း မဟုတ်ပါဘူး မိုးရယ်၊ တိုး ငိုချင်လို့၊ မိုးတို့ သိထားတဲ့ တိုးဘဝဟာ တကယ်လက်တွေ့နဲ့ သိပ်ကွာပါတယ် မိုးရယ်"

"ဟင်"

သင်္ချာဘာသာရပ် သင်ကြားရန် ကိုကိုပြီး ဝင်လာပေမင့် တိုးတိုး တစ်ခွန်းမျှ မကြားမိတော့ပါ။ နားလည်းမထောင်မိ၊ ကိုကိုပြီးက အသံချဲ့စက် တကိုင်ကိုင်နှင့် သင်သမျှ၊ တိုးတိုးက စာတွေချည်း ဖိရေးနေသည်။ တိုးတိုး စာအုပ်ထဲမှာ သည်နေ့ သင်ခန်းစာတစ်လုံးမျှ ရောက်မလာတော့ပါ။ မိုးမှာတော့ စိတ်မဖြောင့်၊ လက်မဖြောင့် ဖြစ်နေရသည်။ ဆရာသင်သမျှ ရေးမှတ်ရ၊ တိုးတိုးကို ငဲ့ကြည့်လိုက်နှင့်။ တိုးတိုး၏ လက်ဝဲဘက်မှာ မိုး ရှိပြီး၊ လက်ယာဘက်မှာ နံရံသာရှိတော့သည့် ထောင့်ဆုံးခုံမို့ တိုးတိုး အဖြစ်ကို မိုးကလွဲ၍ အခြားသူ မသိနိုင်ခြင်းကပင် တိုးတိုး အတွက် ကံကောင်းရလေသည်။

တိုးက ဆင်းရဲတယ်၊ အဖေ မရှိဘူး၊ အမေက ကိုကိုဂျင်မီတို့ အမေနဲ့ ညီအစ်မ နှစ်ဝမ်းကွဲ၊ အမေက ဆင်းရဲပြီး ကြီးကြီးက ချမ်းသာတော့ အမေက ကြီးကြီးတို့အိမ်မှာ အိမ်ဖော်သာသာ လုပ်နိုင်မှ ထမင်းစားရတဲ့ဘဝ၊ တိုးကလေ ကျွန်ဝယ်ရာ အဆစ်ပါ။

ကိုကိုဂျင်မီကလွဲရင် ညာတာစိတ်က တစ်အိမ်သားလုံးမှာ မရှိဘူး။ ထမင်းချက်၊ အဝတ်လျှော်၊ ကြမ်းတိုက်၊ တစ်အိမ်လုံးအလုပ်တွေကို သားအမိနှစ်ယောက်က ကျူးလုပ်လို့ ထမင်းစားခွင့် ရတဲ့ဘဝ၊ ထမင်းစား ကျွန်ခံဆိုတာ တိုးတို့ သားအမိ။

မမမေရီ ဆိုင်မှာ တံမြက်လှည်း၊ သောက်ရေအိုးရေဖြည့်၊ အလှလာပြင်တဲ့သူတွေ ဆာရင်စားဖို့ မုန့်ပြေးဝယ်ပေး၊ အဲဒါတွေ လုပ်ပေးရလို့ တိုး ကျောင်းနေခွင့်ရတယ်၊ အလှပြင်ဆိုင်မှာ လုပ်ရတဲ့သူမို့ နည်းနည်းပါးပါး လှလှပပ ဝတ်ရပေမဲ့ တိုးမှာ မုန့်ဖိုးမရှိဘူး။

တိုးမှာ လက်ကိုင်ပဝါ မရှိဘူး၊ လွယ်အိတ်ကိုင်းနဲ့ သုတ်လို့ ချွေးစင်တာ အပြစ်လား၊ ရှိသမျှနဲ့ ရောင့်ရဲနိုင်ခြင်းဟာ သတ္တိမဟုတ်ဘူးလား၊ ကိုကိုဂျင်မီညီမ ဆိုပေမဲ့ ရွှေရှိမှ ရွှေမျိုးတော်ချင်တဲ့ မိသားစုအလယ်က အကျည်းတန်သောဘဲကလေး မိတိုး။ တိုး ဖိနပ်ပါးလေးပြတ်လို့ ချိတ်နဲ့ထိုးထားရတာ၊ ဆူဇီက ၈၅ ကျပ်တန် ဒေါက်ဖိနပ်ကြီးနဲ့ တက်နင်းသွားလို့၊ ချိတ်ကလေး လိမ်ကောက်သွားပြီ။ နောက်ထပ် ချိတ်တစ်ချောင်း ဘယ်မှာ ရှာရမလဲ။ ကျောင်းပြီးလို့ ဆိုင်ကိုအပြေးမှာ ဖိနပ် ထပ်ပြတ်ရင် တိုး ဘာလုပ်ရမလဲ။

ထီးမဆောင်းဘူး၊ ဖိနပ်မစီးဘူး၊ မိုးထဲလေထဲမှာ တိုးဘဝကို တိုးလျှောက်လှမ်းနေမယ်။ တိုးမှာ သတ္တိတွေရှိတယ်။ လောကကြီးရဲ့ ဖြက်ရယ်မှုကို ခါးစည်းခံမယ်။ တစ်နေ့ ... တိုး အောင်မြင်ရမယ်။

အမေ့ကို လုပ်ကျွေးမယ်။

ရေးလက်စ စာကလေးတချို့ မျက်ရည်စက်များကြောင့် မင်ပျံ့ကုန်သည်။ မိုးက တိုးလက်ကလေးကို ဆုပ်၍ အားပေးသည်။ တိုးရေးသမျှ သူမ ဖတ်ပြီးလေပြီ။



ခြော် ... သနားလိုက်တာ တိုးရယ်။

နေသွေးကို ပြောရမယ်။ တိုးကို နင် အပျင်းပြေရုံတော့ ပါနဲ့ဟာ ... လို့။

ဆိုင်သို့ အမြန်ရောက်လိုစောကြောင့် ချိတ်ထိုး
သည့် ဖိနပ်ပါးကလေးကို မေ့နေသည်။ ဆူးလေဘုရားလမ်း
အရောက် ကောက်ကွေးနေသည့် ချိတ်ကလေး လွင့်စဉ်ကာ
ပြတ်သွားတော့သည်။

"ဒုက္ခပဲ"

တိုးတိုး စိတ်အကြီးအကျယ် ညစ်ရ သည်။
ခြေထောက်အောက်မှ ကတ္တရာလမ်းမကြီးမှာ ယခုချက်ချင်း
ကျယ်ပြန့်သည့် အက်ကွဲကြောင်းကြီးများ ပေါ်လာခဲ့ပါလျှင်
အဝီစိငရဲသို့တိုင် ရောက်ချင် ရောက်ပါစေတော့။ တိုးတိုး
မိသည်။ အရှင်လတ်လတ် မြေမျိုခံရခြင်းဖြင့်သာ မြေ
အထပ်ထပ်ကြား ပုန်းခိုခွင့်ရမည် ဆိုပါက လောလောဆယ်
ခံရပါတော့။ ရှက်လည်းရှက်၊ ဝမ်းလည်းနည်း၊ ဒေါ်
စိတ်အားငယ်ရပါဘိခြင်း။



ဖိနပ်ပြတ်ကို မေး၍စီးရင်း ဖြည်းညင်းစွာ လျှောက်လှမ်း
ည့်ခါ ထော့နဲ့ ထော့နဲ့ ဖြစ်နေရတော့သည်။ မူးနေအောင်
သာ မိန်းကလေး၊ လူများအလယ်မှာ ထော့နဲ့နဲ့ပုံစံဖြင့် လျှောက်
းနေသည်ဆိုတော့ လူသားတို့ထုံးစံ မျက်စိအစုံများက ဝိုင်းရုံ၍
လာတော့သည်။ တိုးတိုး လျှောက်လှမ်းရသည့်ခရီးမှာ ဖင့်နွဲ့ရပါ
ခြင်း။ ခရီးကြန့်ကြာလေ စိတ်ကျဉ်းကျပ်ရသည့် အချိန်ပိုလေမို့
မြန်ရောက် မြန်မြန်ပြီးရော" ဟူ၍ သဘောပိုက်ကာ ဖိနပ်ပါး
လေးကို ဆတ်ခနဲချွတ်၊ လွယ်အိတ်ထဲသို့ အမြန်ထိုးထည့် မပြေး
စမယ် လှမ်းခဲ့ပါတော့သည်။

"တိုး ... ဟော့ ... နေဦးလေ"

အသံကြားသည်နှင့် နေသွေးဦးမှန်း တန်းခနဲ သိသည်။
နှပ်မှန်မိရပြီးနောက် ဆင်နင်းခံရဦးမည့် အန္တရာယ်ကို ကြိုမြင်
ည့်သူနှယ်။ အကုသိုလ်တပ်မဟာကြီးက ဆင်တပ်ရော၊ မြင်းတပ်
အလုံးအရင်းနှင့် ဝင်လေသလား။

"တိုး ... ရော့လေ၊ တို့ဖိနပ် စီးသွား"

တိုးတိုး လှည့်မကြည့်။ သူ့ဖိနပ် ခုံထူ ခွက်တစ်ဆယ်
လေးကြီးကို ဘယ့်နှယ်စီးရမှာလဲ ဟူ၍ ကျိတ်တွေးမိသည်။

"တိုး ခြေထောက်တွေ ပူလှပြီ၊ လူတွေလည်း ဝိုင်းကြည့်နေ
တယ်၊ ရော့ ... ယူပါဟာ၊ တို့ တကယ် စေတနာစိုးစိုးနဲ့
ပေးတာပါ"

"သွားစမ်းပါ နေသွေးရယ်၊ သေချင်ရတဲ့ အထဲ"

"သေခါမှ သေရော၊ ဒီဖိနပ်ကလေးတော့ စီးသွားပါဦး"

"နင် ငါ့ကို ဒုက္ခသိပ်ပေးတာပဲ"

"ခုဟာက စေတနာနဲ့ပါဟ၊ ရော့ ... ယူပါ၊ စီးသွား
လူတွေ ဝိုင်းကြည့်ကုန်ပြီ"

တိုးတိုး မျက်ခုံး လှည့်ကြည့်သည်။ နေသွေး အ
ပလုတ်၊ လူလိုသူလိုဝတ်လို့၊ ရုပ်အကျီလက်ရှည်နှင့် ပုဆိုးနှင့်လ
ထဲမှာ ဆင်ကြယ်ရာဘာဖိနပ်ကလေးကို တကိုင်ကိုင်၊ ကိုယ်ကို
တိုးတိုး ခြေထောက်မှာ ရွတ်ပေးလုနီးပါး ကပ်၍လိုက်ပါလာသ

"ယူပါ တိုးရယ်၊ စီးသွားပါ၊ လူမြင်မကောင်းလို့ ပြော
ပါ"

"ငါ့ဘာသာငါ ဘာဖြစ်ဖြစ်၊ နင့်အပူမပါဘူး"

"တိုးက မပူနိုင်းပေမဲ့ တို့ကတော့ ပူမိတယ်၊ အကောင်း
တာပါ တိုးရာ၊ စီးစမ်းပါ၊ တိုး ခြေထောက်တွေလည်း
ပြီ"

"ငါ့ကို ဖိနပ်ပေးလိုက်တော့ နင့်ခြေထောက်ရော မပူဘူးလ

"တို့က ယောကျ်ားလေးပဲ၊ ကိစ္စမရှိပါဘူး၊ ပုဆိုးကို ရှည်
ချဝတ်လိုက်ရင် ခြေထောက်ကို လူမမြင်တော့ဘူး၊ မြင်လ
ဘာအရေးလဲ၊ ရော့ ... စီးပါ တိုးရဲ့"

"လဲသာ သေလိုက်ချင်တော့တာပဲ နေသွေးရယ်၊ ငါ့မှာ
မြန်မြန်ထွက်သွားစမ်းပါ"

"တိုး ယူလိုက်လေ၊ မြန်မြန်ထွက်သွားမှာပေါ့၊ မယူမ
ကပ်နေမှာပဲ၊ ဒိုင်ယာနာထဲအထိ ဝင်လိုက်ခဲ့မယ်၊ မလုပ်
မှတ်လို့လား၊ တိုးနဲ့ တို့နဲ့ ဘယ်သူက ပိုပြီးခေါင်းမာသ
ပြိုင်ကြမယ်"

"ရှိကြီးခိုးပါရဲ့ နေသွေးရယ်"

"ဖိနပ် ယူလိုက်လေ၊ တို့ ချက်ချင်း ထွက်သွားမယ်"



ဝေ့ဝဲလာသော မျက်ရည်စများကို မျက်တောင်တဖျပ်
ဖျပ်ခတ်ရင်း သိမ်းဆည်းရသည်မို့ ဘေးဘီသို့လှည့်ကာ တိုးတိုး
ကြည့်မိသည်။ ပတ်ဝန်းကျင်မှာ ဈေးပန်းခပ်မှု လှုပ်ရှားသွားလာနေ
ကြသည့် လူများစု။ မြို့လယ်ကောင်ကြီးမို့ လူတွေက များပဲများနိုင်
လွန်း။ များသလောက်လည်း စပ်စုနိုင်ကြလွန်းသည်။ အားလုံးလိုလိုက
နေသွေးဦးနှင့် တိုးတို့ကို ကြည့်ကာ ပြုံးစိစိ ဖြစ်ကုန်ကြပြီ။ ရုက်စိတ်
တို့က ငယ်ထိပ်သို့တိုင်တက်၍ ဆူဝေကြပါသည်။

"ပေး ... ပေး"

မြန်မြန်အေး ပြီးရော ဟူသည့် သဘောဖြင့် နေသွေးဦး
ထံမှ ရာဘာဖိနပ်ကလေးကို ဆွဲယူသည်။ သူ့စေတနာကို ကျေးဇူးမှု
မတင်နိုင်။ ဖိနပ်ကို ချစီးရင်း ...

"နင် သွားတော့"

ရက်ရက်စက်စက်ပင် ပြောမိပါ၏။ နေသွေးဦး မျက်
နှာမှာ အလိုကျ ချမ်းမြေ့သွားဟန်ဖြင့် ရွှန်းလက်နေတော့သည်။
သူ့ကတိစကားအတိုင်း ချာခနဲလှည့်၍ နောက်ကြောင်းပြန်သည်။
ယင်းအခိုက်အတန့်လေးမှာ စကားကလေး တစ်ခွန်းကိုတော့ ပြော
ဖြစ်အောင် ပြောသွားခဲ့လေသည်။

"သိပ်ချစ်တယ် တိုးတိုး ချစ်ရယ်"

တိုးတိုး ဒေါပွပွဖြင့် နှုတ်ခမ်းစူမိသည်။

"ဖိနပ်တစ်ရန်နဲ့တန်အောင် ပြောသွားလိုက်တာ နေသွေးစုတ်၊
နေသွေးပုံ၊ ငါ့ကို ဖိနပ်တစ်ရန်ဖိုး ချစ်ရေးဆိုသွားတယ်၊ နေ
နင့်ဦး"

ဘာပဲဖြစ်ဖြစ် ဣန္ဒြေရရကလေး လှမ်းလာနိုင်ခဲ့သည်။

ရန်ကုန်မိုးကတော့ ထုံးစံအတိုင်း။ နေပူကျဲကျဲမှာ ဖြုန်းခနဲ ရွာချသည်။ နေရောင်ခြည်သည် ရှုတ်တရက်ကြီး ညို့မှိုင်းလာပါသော မိုးတိမ်လိပ်တို့အကြား အရောင်ဖျော့ကာ မှေးမှိန်ကွယ်ပျောက်ရချေတော့သည်။ စာအုပ်တွေ ရေစိုကုန်မည် စိုးသောကြောင့် လွယ်အိတ်ကလေးကို ခေါင်းပေါ်မှာ မဆောင်းရက်။ ရင်ခွင်မှာ ကျစ်ကျစ်ပါအောင်ပွေ့ရင်း ကိုယ်လုံးကလေးနှင့် အကာအကွယ်ပေးရသည်။ ဒိုင်ယာနာတွင်းသို့ ကြွက်စုတ်မလေး ရေမွှမ်းသည့်သဖွယ် ပြေးဝင်လာပါသော တိုးတိုးအား မမမေ့ရီ၏ မဟာမျက်စောင်းတော်ကြီးက ဆီးကြိုပွေ့ဖက်ပါလေသတည်း။

"ဘယ်လိုဖြစ်လာတာလဲ တိုးတိုး"

"မိုးမိလို့ မမမေရီရဲ့၊ အဟဲ"

အားငယ်စိတ်ကို ရယ်သွမ်းကလေးသွေးရင်း ဖြေသိမ့်သည်ဖြစ်ပေမဲ့ မမမေရီ၏ အမြင်မှာ မျက်စိနောက်ဖွယ် ဖြစ်ရပါတော့သည်။

"မျက်နှာကိုက စပ်ဖြဲဖြဲနဲ့၊ သွား ... ဆံပင်တွေ ခြောက်အောင် လုပ်လိုက်"

ဩော် ... မချိလို့ ပေါ်တဲ့သွားကို စပ်ဖြဲဖြဲ လုပ်လေသလားရယ်လို့ ငြိုးမာန်ဖြင့် ဆိုရှာရော့လေသလား၊ တိုး ဘဝအခြေမလှပုံကို ချုံးပွဲချ ငိုချင်တယ်ကွယ် ...။

ကံဆိုးမသွားရာ မိုးလိုက်လို့ ရွာလေသလား။



"တိုး ... မနေ့က ဖိနပ်ပြတ်လို့ဆို"

"အေးကွာ၊ သေချင်စော်နံတယ် ဆိုတာ ခုမှပဲ သိတော့တယ်"

"ဘာစော်လေးလဲ"

"စိမ်းရွှေရွှေနံ့"

ခစ်ခနဲ ရယ်မိကြလေသည်။ ဆယ်ကျော်သက်ပေကိုး။ သတိုက်၊ သစ်ရွက်လှုပ်လျှင်ပင် ရယ်ချင်သည့် "သည်အရွယ်"။

"မနေ့က နေသွေးတို့အိမ် ရောက်တယ်"

"မိုးက ဘာသွားလုပ်တာလဲ"

"သူ့အမေကို တိုင်မလို့သွားတာ၊ ဟိုကျတော့ ဖျားနေတော့ သနားသွားတာနဲ့ မတိုင်ဖြစ်ခဲ့ဘူး"

"သေခါနီးပြီလား"

"ဟာ ... တိုးကလည်းကွာ၊ ရက်စက်လိုက်တာ"

"ဒီလောက် ရက်စက်တာတောင် အမှတ်ရှိတာ မဟုတ်ဘူး"

"နေသွေးက ဆိုးပါတယ်၊ သူ မြင်ဖူးသမျှ မိန်းကလေးတိုင်း ပြောင်လိုက်၊ နောက်လိုက်တာချည်းပဲ၊ သူ့မွေးသားဆိုတော့ လှုကလည်း ခပ်စွံ့စွံ့၊ ရည်းစားတွေက ခွေးပေါက်စကလေးတွေ နို့စို့သလိုပဲ၊ ဒါပေမဲ့ ..."

"ဟာ ... မိုးကလည်းကွာ၊ ရည်းစားတွေ မှိုလိုပေါက်လို့သာ ကြားဖူးပါတယ်၊ ခွေးငယ် နို့စို့သလိုပဲ ဆိုတာက သစ်ပင်တွေမှာ အသီးတွေ ပွတ်အောင်သီးတဲ့အခါကျမှ သုံးတာပါ"

"နေသွေးလည်း ဘာထူးလဲ၊ တစ်ပြိုင်နက်တည်း မိန်းကလေး သုံးလေးယောက်ကို ဝဲယာထားပြီး အနိုင်လိုက် အပြွတ်လိုက် ဖြစ်အောင် တွဲနေတာ၊ တိုးကျတော့မှ မာနတွေ လျှော့ခနဲကျ ရေရေလည်လည် နိုက်တော့တာ၊ မနေ့က မိုးရွာထဲ ဖိနပ်မပါဘဲ ပြန်လာသတဲ့"

"ဟင် ... အဲဒါကြောင့် ဖျားတာလား"

"အင်း ... အဲဒါ သူ့ဖိနပ် တိုးကို ပေးလိုက်တာဆို၊ သူ့အမေ ကိုကျတော့ ကျူရှင်တက်တုန်း ဖိနပ်ချွတ်ထားမိတာ၊ သူငယ် ချင်းတွေက နောက်ပြီး ကန်ထုတ်လို့ ဘယ်ရောက်သွားမှန်း မသိဘူး ပြောထားတယ်၊ သူ့အမေ ဆိုတာ ရင်ဘတ်စည်တီးနဲ့ ကားနဲ့ လာကြိုမယ် ပြောတော့ဖြင့် မကြိုနိုင်းဘူး၊ ခုတော့ ဖိနပ်မပါ၊ ထီးမပါနဲ့ ဖျားပြီ၊ ဘာညာ ဗွီဗွမ်ပေါ့ဟာ၊ နားငြီး လောက်အောင် ပြောတာ၊ ဖျားတဲ့လူက တော်ရုံရယ်၊ သူ့ အမေကြီး မျက်ဖြူလန်ပုံက ဆေးရုံတင်ရမလား မှတ်ရတယ်၊ ခစ် ... ခစ်"

မိုး ရယ်ပေမဲ့ တိုး လိုက်မရယ်နိုင်တော့ပါ။ ကြည့်မရ အောင် မျက်မှန်းကျိုးနေသူအပေါ် ပထမဆုံးအကြိမ်အဖြစ် ကရုဏာ စိတ် ပါးပါးကလေး ဝင်မိသည်။

"ဒီနေ့တောင် ကျောင်းမတက်နိုင်ဘူး၊ နေသွေးသာ သုံးရက် လောက် ဆက်ဖျားရင် သူ့အမေရှာပုန အရင်ချရမှာ သေချာ တယ်၊ အပ်ဟိ ... အဲဒီလောက် သည်းတာဟ"

မိုးက အရယ်မပျက် ဆက်ပြောသည်။

"မိုးတောင် လေးပြားဖိုးလောက် သနားသွားတယ်၊ တိုးရော ဟင်"



"သြော် ... မိုးရယ်၊ တိုးက ကာယကံရှင်ဆိုတော့ သူ့ဖိနပ် ယူစီးသွားမိတဲ့သူ ဆိုတော့ ခြောက်ပြားဖိုးလောက် သနားမိ ပါရဲ့"

"ဟင် ... အကြွင်းနာကလည်း ခေါင်းပါးလိုက်တာ လွန်ပါ ရော"

"တိုးတို့ကျတော့ တစ်ပြားဖိုးလောက်တောင် သနားမဲ့သူ မရှိဘူး၊ သူ့ကို ခြောက်ပြားဖိုးလောက် သနားပေးရင် တော် ရောပေါ့"

"ရှိပါတယ် တိုးရာ၊ မိုး ရှိတယ်၊ ပြီးတော့ ဆရာဦးဝေဖြိုး"

တိုးတိုး၏ စိတ်များမှာ ကိုကိုဖြိုး ထံသို့ ဇော့ဝဲ၍ သွား ရပါတော့သတည်း။

တိတိပပ ဆိုရပါမူ နှုတ်ခမ်းထောင့်ရွှန်းကလေး အောက် သို့ ကွေးကျ၍ မထိမဲ့မြင် ပြုံးတတ်သည့် အပြုံးမျိုးမှာ ကိုကိုဖြိုးနှင့် ပတ်သက်ကာ စတင်တတ်ကျွမ်းလာခဲ့ရသည့် အလေ့အကျင့် ဖြစ်ပါ သည်။

ကိုကိုဖြိုးကို တိုး ချစ်ပါသည်။ အားလည်းကိုးပါ၏။ ကိုကိုဂျင်မီနှင့် တန်းတူပင်။ ကိုကိုဂျင်မီတို့ တစ်အိမ်သားလုံးမှာ တိုး ချစ်ခင်အားကိုးသူဆိုလို့ ကိုကိုဂျင်မီ တစ်ယောက်သာ။ ကိုကိုဖြိုး

ကျတော့ ဆွေမတော် မျိုးမစပ်ပါဘဲ၊ သွေးသားရင်းချာ စိတ်ထားရှိသူဟု တိုးတိုး အထင်ကြီး လေးစားမိလေသည်။

ကိုကိုဖြိုးသည် တိုးနှင့် ပတ်သက်သည့် ပြဿနာရပ်တိုင်းမှာ စေတနာဝန်ထမ်း မားမားရပ်ပေးခဲ့သူ ဖြစ်သည်။ မိသားစုအရေးအခင်းများမှာ ကိုကိုဖြိုး ဘာကြောင့် ဝင်,ဝင်ပါနေမှန်း တိုးတိုး မသိခဲ့ပါ။ ကိုကိုဖြိုး စကားကို သည်မိသ အဘယ်ကြောင့်များ မငြင်းမပယ်ဘဲ ဖြစ်နေကြသည်ကိုလည်း တိုးတိုး မသိပါ။

တိုးတိုး ရှစ်တန်းအောင်၍ ကိုကိုဂျင်မီနှင့် ကိုကိုဖြိုးတို့ဦးစီးဖွင့်လှစ်သည့် ကျူရှင်မှာ တက်ခွင့်ရတော့မှ သိခဲ့ရပါသည်။ ထိုနှစ်က တိုးတိုး ရှစ်တန်းအောင်သော်လည်း ဆူဇီ မအောင်ရှာ၊ စာမေးပွဲ ကျပါ၏။ ထို့ကြောင့် ကိုကိုဂျင်မီ ကျူရှင်မှာ တိုးတိုးနှင့် ဆူဇီတို့ ဆုံခွင့်မရှိ။ သို့ပေမင့် အိမ်မှာကျတော့ ဆူဇီ ဖြန့်ကြက်ထားပါသော အမုန်းလောင်းရိပ်ကြီးအောက်မှ လွတ်အောင် အဘယ်သို့ ရှောင်နိုင်ပါမည်နည်း။

"မိတိုး"

ဆယ်နှစ်သမီးမှာ ရန်ဖြစ်ကြပြီးသည့် နောက်ပိုင်းကတည်းက ဆူဇီက မိတိုးဟုသာ ခေါ်တော့သည်။

"ဆူဇီ ဘာခိုင်းချင်လို့လဲ ပြောပါ"

တိုးတိုးက နှိမ့်ချအောက်ကျို့သံနှင့်ပင် မေးပါ၏။

"ကျောင်းမှာ နင်တို့ကို ကိုကိုဖြိုး သချာသင်တယ် မဟုတ်လား"

"သင်တယ်"

"ကိုကိုဖြိုးက နင်နဲ့ လာရောသေးလား"

"ဘာဖြစ်လို့လဲ ဆူဇီ"



"ကိုကိုဖြိုးက နင့်များဆို တယ်လည်း စေတနာတရားထက်သန်လွန်းတယ်၊ နင်ကဆိုလည်း ကိုကိုဖြိုး, ကိုကိုဖြိုးနဲ့ ငါခေါ်တဲ့အတိုင်း လိုက်ခေါ်နေတာပဲ"

"ကိုကိုဂျင်မီကိုလည်း ဆူဇီ ခေါ်တဲ့အတိုင်း ခေါ်တာ"

"ကိုကိုဖြိုးဟာ ငါနဲ့ လက်ထပ်ဖို့ လူကြီးချင်း သဘောတူထားတဲ့သူ"

"ဟင် ... ဟုတ်လား"

အံ့လည်း အံ့သြသည်။ ဝမ်းလည်း နည်းသည်။ ပြီးတော့ နမြောမိပါသည်။ ကိုကိုဖြိုးလိုလူသည် ဆူဇီနှင့် လုံးဝမတန်။ ဖြစ်ချင်းဖြစ် နေသွေးဦးလို လမ်းသရဲနှင့်ဆို ဟုတ်တုတ်တုတ်ဟု ပုထုဇဉ်တွေးပဲ တွေးမိသည်။

"နင်က အံ့သြသွားတာလား၊ နမောလိုတာလား"

"အံ့သြတယ် ဆူဇီ၊ ခုမှသိတဲ့ကိစ္စကို၊ ဒါပေမဲ့ မနာလိုစရာ ဘာရှိသလဲ၊ ရွှေကျေးဟာ ရွှေပင်မှာ နားမှာပဲ"

ဒါပေမဲ့ ကိုကိုဖြိုးလိုလူတို နင့်လက်ထဲ ထည့်ရမှာ နမြောတယ် ဆူဇီရေ ဟူသည့် စကားကို မျိုချမိလိုက်စဉ်မှာ နှုတ်ခမ်းထောင့်ကလေး ကွေးကျသွားရလေသည်။

"အဲဒါ နင် နားလည်ထားပါ၊ ကိုကိုဖြိုးက သဘောကောင်းလို့ မျက်နှာသာပေးတိုင်း ရွှေရေးပန်းကန် မတက်ပါနဲ့။ ကိုကိုဖြိုးကို ငါ ပိုင်တယ်"

"သော် ... ဟုတ်လား၊ မေမေညတိုင်း ပုတီးစိပ်ခါနီးမှာ ဆိုနေကျ၊ ငါ ကြားဖူးတာကတော့ အနတ္တ ငါ၏ကိုယ်မဟုတ်၊ မိမိကိုယ်ပင် မိမိ မပိုင် အစိုးမရပါချေတကား ... ဆိုပါလား" ဟူသည့် စကားကိုလည်း မဲ့ပြုံးနှင့်ပင် မျိုချရပြန်သည်။

"စိတ်ချထား ဆူဇီ၊ နင် ဆန္ဒရှိရင် တစ်ကျောင်းလုံးမှာ ငါ ကြော်ငြာပေးမယ်"

"ကောင်းသားပဲ"

သည်ကိစ္စ အမေ့ကို ပြန်ပြောပြတော့ ...

"ဘာဆန်းသလဲ တိုးတိုးရယ်၊ မောင်ဝေဖြိုး အမေဘက်က မျိုးရိုးစဉ်ဆက် သင်္ဘောတွေပိုင်တဲ့ သူဌေးတွေတဲ့၊ သိပ်ချမ်းသာတယ်တဲ့၊ သူ့အဖေဘက် ကျတော့လည်း ရာထူးကအကြီးကြီးတွေဆို၊ မဟုတ်လား၊ အစ်မအေးမြ သမက်ဖမ်းသချင့်ဖွယ်ကြီး ဖြစ်နေတာကိုး၊ ဒါပေမဲ့ မေရီနဲ့တော့ မမှန်းဘဲ မဆူဇီ ပေါက်စနမနဲ့ မှန်းတယ် ဆိုတာတော့ ထူးတယ်နော်၊ ဒီလောက် ပေါက်စကလေးကို ဒီစိတ်တွေဝင်အောင် သွင်းပေးထားတဲ့ အစ်မအေးမြကိုပဲ အံ့လွန်းလို့ပာယ်၊ ဆူဇီက စုဆိုရှိလှမှ ..."

"တိုးတိုး လိုပဲ ဆယ့်ခြောက်နှစ်လောက် ရှိမှာပေါ့ မေမေရဲ့"

"အေးလေ ... ဒီစကားတွေ ပြောထားဖို့ မစောလွန်းဘူးလား၊ မောင်ဝေဖြိုးကလည်း ကြိုက်သတဲ့လား"

"ဒါတော့ မသိဘူး မေမေ၊ တိုးတိုးကတော့ မကြိုက်ပါစေနဲ့ ဆုတောင်းတယ်"

"ဟဲ့ ... ဘာဖြစ်လို့လဲ"

"တန်မှ မတန်တာ"

"စကားကို ကြည့်ပြောပါအေ၊ မောင်ဝေဖြိုးတို့များလည်း တီတီကျကျ ရှိလိုက်တာနော်၊ ကိုယ်နဲ့ လက်ထပ်ရမဲ့ မိန်းကလေးကို စာသင်ပေးရတာ၊ ယောက္ခမလောင်းဆီက ပိုက်ဆံယူတယ်တဲ့ ... ဟေး ... ဟေး ..."



အမေက အရွယ်မတိုင်မီ အကျိုးစောပါသည့် သွားကျဲလေးများမှ လေထွက်သံနှင့် ရယ်သည်။

"အမေကလည်း အဲဒီတုန်းက ဆူဇီက ကလေးလေး ရှိပါသေးတယ်"

"ဟုတ်သားပဲ၊ မေရီက အသက်ပိုကြီးနေလို့ စိတ်မကူးတာနဲ့တူတယ်"

"မဟုတ်ဘူး အမေ၊ မမမေရီက မြန်မာပြည်မှာ သူနဲ့တန်တဲ့သူ မရှိဘူးတဲ့"

"ဒါဖြင့် ဘယ်မှာရှိသတဲ့တုန်း"

"ကာဠသုတ် ငရဲပြည်မှာ ဖြစ်ချင်ဖြစ်မှာပေါ့"

"တိုးတိုးကလည်းဟယ် ... အဲဒီလို တစ်ခွန်းမခံမှုတွေနဲ့ ပြဿနာ ဖြစ်ရတာ"

"အဖိခံရလွန်းတော့လည်း ကြွထချင်တယ် အမေရဲ့"

"သည်းခံပါ သမီးရယ်၊ ကိုယ်က သူ့အရိပ် ခိုနေရတဲ့ ဥစ္စာ"

"ခံပါတယ်၊ ဒါပေမဲ့ ခန္တီစ ငါ မနိုင်၍ သည်းခံရခြင်းသည် လည်းကောင်း ဆိုသလိုပဲ"

"ခက်လိုက်တဲ့ တိုးတိုးနယ်"

အမေက တဟင်းဟင်းနှင့် ညင်းညင်းညဲညဲ ရယ်သည်။ ...မီး၏ ဆတ်ဆတ်ကြဲ စိတ်ထားကို ဖျောင်းဖျသည့်ကြားမှ ဂုဏ်ယူ...ဟန်ပေါက်ပါသည်။ အမေ ရယ်စဉ်မှာ တိုးတိုးက ဖြိုးနေသည်။ ...ပေမင့် နှုတ်ခမ်းထောင့်စွန်းကလေးက အောက်သို့ ကွေးကျနေ...သည်။ ဘဝအကျိုးပေးကို မထီမဲ့မြင်ပြုသည့် အပြုံးမှာ နာကြည်းရိပ်...များ ဝေ့ဝေ့လွှမ်းသည်။

"ကံဆိုးမ သွားလေရာ မိုးလိုက်လို့ရွာ တဲ့၊ မြေနိမ့်
လှံစိုက် တဲ့၊ လောကကြီးကို သရုပ်ဖော်ထားတဲ့ စကားပုံ
လေ အမေ၊ တိုးတိုးကတော့လေ လောကကြီးကို အန်တု
တယ်၊ သူတစ်ပါး အရိပ်မှာ အငြူအစူခံပြီး ခိုကိုးနေ
တိုးတိုး၊ တစ်နေ့မှာ လူတကာရဲ့ အရေးပေးခြင်းကို ခံ
မယ်၊ အဲဒီလိုဖြစ်အောင် တိုးတိုး ကြိုးစားမယ် အမေရဲ့
"ကြော် ... သမီးရယ်"

တိုးတိုး ကိုးတန်းအောင်သည့်နှစ်မှာ ဆူဇီလည်း
တန်းအောင်သည်။ တိုးတိုးနှင့်အတူ မိုးမိုးဆင့်ပါ ဆယ်တန်းအ
ကျူရှင်တက်ပေမင့် ဆူဇီကိုမူ သည်ကျောင်းတွင် မထားပါ။ ဒေါ်
အေးမြက ဆူဇီကို ကိုဝေဖြိုးနှင့် ရည်ရွယ်ပါကြောင်း တစ်အိမ်လုံး
အတိအလင်း ကြော်ညာသည်။ ငယ်စဉ်ကလေးဘဝက စာပြ
ကိစ္စမှာ အရေးမကြီး။ ယခုအရွယ်ဆိုလျှင် ဆရာနှင့်တပည့် အ
အထားမှာရှိပြီးမှ လက်ထပ်လျှင် မသင့်တော်ဟု ဂျင်မီက ပြောသ
ထို့ကြောင့် ဆူဇီကို ကိုဝေဖြိုးက အိမ်မှာ စာလာသင်ပေးရသ
ဂျင်မီက မသင်ချင်ဟု ပြောသောကြောင့် ကိုဝေဖြိုး ပင်လျှင် သ
ရော အင်္ဂလိပ်စာပါ သင်ပေးရလေသည်။

ဆယ်တန်းနှစ် တစ်နှစ်လုံး တိုးတိုး စာကို ဖိကြိုး
သည်။ ညဦးနက်သန်းခေါင် စာကျက်ခွင့် ရစေရန်၊ ကြိုးကြ



မိသားစု ဝိုင်းကြည်ဖြူစေရန် အိမ်မှုကိစ္စ ဝေယျာဝစ္စများကို ဝိုင်း လုပ်ပြရသည်။ ဆူဇီ အထက်စီးနှင့် ဆက်ဆံခဲ့သမျှ ငုံ့ခံခဲ့သည်။ တိုးတိုး ဆယ်တန်းအောင်ချင်လှပါပြီ။ သည်အိမ်မှာနေ၊ သူတို့ကျွေး သော ထမင်းကိုစား၊ သူတို့ထားပေးသည့် ကျောင်းမှာ နေရသည်မို့ ကျေးဇူးတရားကို နားလည်လာရသည်။ ဆူဇီ အငြိုအငြင်ကို ခေါင်း ငုံ့ခံခြင်းသည် သည်မိသားစုအား ကျေးဇူးဆပ်ခြင်းတစ်မျိုးပေပဲဟု သဘောပိုက်ထားလိုက်တော့သည်။ ဝမ်းနည်းလာလျှင် အံကိုခဲသည်။ ထို့ထက်ပိုလျှင် မျက်ရည်ကျသည်။

ထူးထူးခြားခြား အသွင်ပြောင်းသွားသူက နေသွေးဦး၊ ကိုးတန်းစာမေးပွဲ ပြေကာနီး တိုးတိုးကို ဖိနပ်လိုက်ပေးရင်း၊ ခြေမှု၊ မိုးမိ၊ အပူရုပ်ကာ များပြီးသည့် နောက်ပိုင်းမှာ တိုးတိုး အပေါ် အပြောင်အနောက် တော်တော်ကလေး လျော့သွားပါ၏။ ဆယ်တန်း သို့ ရောက်လာသည့်အခါမှာ ကောင်းဘိရှည်အစား ပုဆိုးသာ အဝတ် များလာသည်။ ဆံပင်က ပုံရှည်ပင် ဖြစ်လင့်ကစား သပ်ရပ်စွာ ဖြီးသင်ထားသည်။ ယခင်ကလို ပွယောင်းကြီးနှင့် ဘိုသီဘတ်သီ မဟုတ်တော့။

အလိုက်တသိ လုပ်ဆောင်ပေးတတ်လွန်းသော တိုးတိုး ကို မမမေရီ ကိုယ်တိုင် အားလျှင် အားသလို စိတ်လိုလက်ရ သင် ကြားပေးလာတော့သည်။

မမမေရီက တိုးတိုး မျက်နှာကို ငေးငေးကလေး စိုက်ကြည့်သည်။ မိမိတို့အိမ်မှာနေ၊ မိမိတို့ကျွေးသမျှစား၊ မိမိတို့ဆင် သမျှကလေးကို ရောင့်ရဲစွာဝတ်၊ ထားရာနေ၊ စေရာသွား၊ အနှံအတာ ခံလှသူ ညီမဝမ်းကွဲကလေး အပေါ်မှာ သံယောဇဉ်ကလေး ဖြစ်သွား မိရသည်။

"တိုးတိုး"

"ရှင် ... မမမေရီ"

"မမမေရီတို့ ဝေယျာဝစ္စတွေကို မမောနိုင် မပန်းနိုင် ဆော
ရွက်ပေးရှာတဲ့ သူကလေးအဖြစ် မမမေရီ ပညာပေးခဲ့တာ"

"မမမေရီတို့ဟာ တိုးတိုးတို့ သားအမိရဲ့ ကျေးဇူးရှင်ပါ"

"တိုးတိုး ဒီနှစ် ဆယ်တန်းအောင်မယ်၊ အလှပြင်ပညာကထော
တတ်ထားမယ်ဆိုရင် တိုးတိုး လုပ်ကိုင်စားနိုင်ပြီပေါ့"

"ဟုတ်ကဲ့ ... တိုးတိုးကလည်း အလုပ်လုပ်ဖို့ပဲ စိတ်ကူးထာ
ပါတယ်"

"မမမေရီတို့ တိုင်ဝမ်ကို သွားဖို့ စီစဉ်နေကြပြီ"

"ဟင် ... မမမေရီ၊ တိုးတိုးတို့ သားအမိ အားကိုးရာမဲ့
ပြီ"

တကယ်တမ်း ခွဲကြရမည် ဆိုတော့မှ အားငယ်လာ
သည်။ ဘာပဲဖြစ်ဖြစ် ထမင်းကျွေး၊ အဝတ်ဆင်၊ ပညာသင်ပေးခဲ့သ
ကျေးဇူးရှင် မိသားစုပေပဲ။

"ဒါကြောင့် တိုးတိုး လုပ်ကိုင်စားနိုင်အောင် မမမေရီ
ပညာကိုပါ သင်ပေးတာပေါ့၊ တကယ်တမ်း သွားချင်တာ
တော့ အမေရိကားကိုပဲ၊ ဒါပေမဲ့ ဟိုမှာက အမျိုးမရှိဘူ
တိုင်ဝမ်မှာ ဒက်ဒီ့အမျိုးတွေ ရှိတယ်"

"တိုးတိုး အားငယ်လိုက်တာ မမရယ်၊ မိသားစုတစ်စု
သွားမှာလား"

"ဂျင်မီလည်း လိုက်ဖြစ်မယ်ထင်တယ်၊ ဒက်ဒီနဲ့ မာမီက
တော့ သွားမယ်၊ သေချာတယ်၊ ဆူဇီကတော့ ကိုဖြိုးနဲ့ လက်
ထပ်ဖြစ်ရင် ကျန်ရစ်ခဲ့မှာပေါ့"



တိုးတိုး မျက်ရည်ကလေး ဝဲလာမိသည်။ ဆူဇီ ကျန်ရစ်
ခဲ့လို့ကတော့ အားကိုးဖွယ်ရာ မမြင်ပါ။ ကိုကိုဂျင်မီက စာနာမှုရှိ
သည်။ မမမေရီ ဆိုလျှင်ပင် ကိုကိုဂျင်မီလောက် မညှာသည့်တိုင်
အားကိုးနိုင်သေးသည်။ သည်မိသားစုကို မသွားပါနဲ့ ဟူ၍လည်း
မတားနိုင်။ တားလို့လည်း ရမည်မဟုတ်။ တားသင့်သည့်ကိစ္စလည်း
မဟုတ်ပါ။ သူ့မိသားစု အရေးအခင်း၊ သူတို့ အကောင်အထည်
ဖော်လိုသည့် ကိစ္စတစ်ခုကို မိမိက အားကိုးစရာမရှိ၍ မသွားကြပါ
နှင့်ဟူ၍ တားလို့ဖြစ်ပါမည်တဲ့လား။

ဖြစ်ချင်သလို မဖြစ်ခဲ့သော ဘဝမှာ ဖြစ်လိုရာ ဖြစ်
စမ်း။ တိုးတိုး အံကိုခဲသည်။ သည်နေ့မှစ၍ ကိုယ့်ခြေထောက်ပေါ်
ကိုယ်ရပ်တည်နိုင်ရန် မာန်တင်းရပါတော့မည်။

## အကျည်းတန် ထခွေသည်

"တိုးတိုး"

"အမေ့"

ကိုယ့်အတွေးနှင့်ကိုယ်မို့ အနားမှာ ကပ်ပါလာသော
သူကို တိုးတိုး သတိမထားမိခဲ့ပါ။ မိမိနာမည်ကို ခေါ်လိုက်မှ လှ
သွားရသည်။

"ဘာတွေများ ဒီလောက်တောင် စဉ်းစားလာတာလဲ"

ကိုကိုဂျင်မီ ကျူရှင်မှာ အတူတူတက်သည့် သူများ
သူတို့အုပ်စုမှာ စုစုပေါင်း သုံးယောက်။ သည်အုပ်စုကို မိန်းကလေး
များက ဇရုတ်အုပ်စုဟု ကင်ပွန်းတပ်ထားသည်။ သည်ကျူရှင်မှ
တက်သမျှ မိန်းကလေးတိုင်း သူတို့ မစ,ဖူး၊ မနောက်ဖူးသူ မရှိ
တိုးတိုးကိုလည်း နောက်ခဲ့ ပြောင်ခဲ့သည်သာ။ အစတုန်းကတော့
သူတို့အုပ်စုမှာ နေသွေးဦးလည်း ပါသည်။ အာကာထွန်း၊ ဝင်းမောင်
သိန်း၊ မြတ်ဇော်နှင့် နေသွေးဦးပါ တစ်ဖွဲ့တည်း။

နောက်ပိုင်း နေသွေးဦးက တိုးတိုး သွားလေရာ
တကောက်ကောက် လိုက်သည့်အခါများမှာ ကျန်သုံးဦးက မပါတ



တော့။ အခြားကျောင်းသူများကိုတော့ ပြောင်မြဲ၊ နောက်မြဲ၊ ပြောင်
ကြနောက်ကြသည်။ နေသွေးဦးနှင့် နားလည်မှု မည်သို့ယူလိုက်ကြ
သည် မသိ။ တိုးတိုးကို နေသွေးဦး အတွက်များ သတ်မှတ်ထားကြ
လေသလား။

ယခုတော့ နေသွေးဦး မပါ။ ကျန်သုံးယောက်လုံးက
တိုးတိုးနားမှာ ဝဲယာခြံရံ လိုက်ကြသည်။

"ဖြည်းဖြည်းလျှောက်ပါဟာ တို့ ပြောစရာရှိလို့"

"ငါ့မှာ အချိန်မရှိဘူး အာကာထွန်း"

"ဒိုင်ယာနာက ဘယ်ထွက်ပြေးမှာ ကျနေတာပဲ၊ ခဏ
တဖြုတ် နေပါဦးဟာ၊ အအေးလေး ဘာလေး သောက်ရ
အောင်"

ဝင်းမောင်သိန်းက စပ်ဖြဲဖြဲ ဝင်ပြောသည်။

"တိုးတိုးနဲ့ နေသွေးဦးနဲ့ ဘာဖြစ်သွားကြတာလဲ"

"ဘာမှ မဖြစ်ဘူး၊ နင်တို့ ဖယ်ကြ၊ ငါ့ဘာသာ သွားချင်တယ်၊
ဒါ ငါ ကျောင်းသား အချင်းချင်းဆိုတဲ့စိတ်နဲ့ ပြေရာပြေ
ကြောင်း ပြောနေတာ၊ မိန်းကလေးတစ်ယောက်နဲ့ ယောကျ်ား
လေးသုံးယောက် ခုလို တူတူသွားတာ လူမြင်လို့မကောင်း
ဘူး၊ နင်တို့ နမသားချင်း စာနာပြီး ဖယ်ပေးကြပါ၊ ငါတစ်
ယောက်တည်း သွားပါရစေ၊ ငါတောင်းပန်တာပါ"

ခါတိုင်းဆိုလျှင်တော့ တောင်းပန်ဖြစ်မည် မထင်။
တိုးတိုး လေသံလည်း သည်လောက် ပျော့မည်မဟုတ်။ ခုတော့
တိုးတိုး ရင့်ကျက်စပြုပြီ။ ရင့်ကျက်အောင်၊ တည်ငြိမ်အောင်လည်း
ကြိုးစားရတော့မည်။ လူကြီးလုပ်တော့မည်ဟု ဆုံးဖြတ်ခဲ့ပြီ မဟုတ်
လား။

"တိုးတိုးကို ချစ်တယ်"

"ဟင် ... ဘာပြောတယ် အာကာထွန်း"

"တိုးကို သိပ်ချစ်တယ်လို့"

တိုးတိုး ဒေါသ ဝုန်းခနဲ ထသည်။ အတတ်နိုင်ဆုံး ကြိုးစား၍ ဖိနှိပ်မိပါ၏။

"မပြောပါနဲ့ အာကာထွန်း၊ ငါ မချစ်ဘူး"

"တို့မှာ ဘာအပြစ်ရှိလို့လဲ"

"သူငယ်ချင်းလိုပဲ ခင်ပါ၊ နှမသားချင်းလို သဘောထားပါ၊ ငါ့ဘဝမှာ ပညာတတ်အောင် ကြိုးစားဖို့၊ ထမင်းတစ်လုတ်စားနိုင်အောင် ရုန်းကန်ဖို့တွေအတွက် အချိန်ပေးရဦးမယ်၊ အာကာထွန်း ... နင့်ကိုမှ မဟုတ်ဘူး၊ ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး၊ ရည်းစားထားနေဖို့ အချိန်မရှိဘူး၊ ငါ တောင်းပန်ပါတယ်၊ နေရစ်ခဲ့တော့ အာကာထွန်း"

"တို့ဆိုရင်ကော ဟင် ... တိုး"

အာကာထွန်းက ခြေတစ်လှမ်းဆုတ်၍ မြတ်စော်က ရှေ့တိုးလာသည်။

"ငါ ပြောပြီးပြီ"

တိုးတိုး စိတ်မရှည်ချင်တော့။

"တို့လည်း အရှေးခံတယ် တိုးရဲ့"

ဝင်းမောင်သိန်းက ထပ်တွန့်ပြန်သည်။ မိန်းကလေးတစ်ဦး၏ အချစ်ကို အောင်ဘာလေမဲနှိုက်သည့်နှယ် တစ်ယောက်ပြီးတစ်ယောက်များ ကံစမ်းနေကြလေရော့သလား။ တိုးတိုး ဒေါသထွက်ပေါက်ကွဲကြပါလေပြီ။ ထိန်းသိမ်းကာ တည်ငြိမ်အောင် မကြိုးစားနိုင်ပါတော့။ ကြိုးစားနိုင်သည့်တိုင် မကြိုးစားချင်တော့။ စိတ်ရှိသမျှ



ထွက်ပေးလိုက်သည်။ ဆတ်ဆတ်ကြဲ စိတ်ဓာတ်တို့က အရှိန်အဟုန်နှင့် ရုန်းကန် ထကြွကြသည်။

တိုးတိုး လွယ်အိတ်ကို မြဲမြဲဆုပ်ကာ မျှော့ယမ်းပစ်လိုက်သည်။ ထိချင်သည့်သူထိ၊ ရှေ့ဆက်လှမ်းမည့် ခြေထောက်ရှေ့နားသို့ ကြွရောက်နေသူကို ဆောင့်ကန်။

"မှတ်ထား ... ဒီမှာ ကမ္ဘာမီးလောင်နေရတဲ့အထဲ၊ ဆီမီးခွက်တွေ ထတောက်ဦး"

"ဆော်တယ်ဟ"

ယောကျ်ားသုံးဦးနှင့် မိန်းမသားတစ်ဦးတို့ ရန်ပွဲ။ သူတို့သုံးဦးက တိုးတိုးကို ဝိုင်းလိုက်သည်။

"ဒီလိုမရဘူး တိုးတိုး"

လမ်းသွားလမ်းလာများ ရပ်ကြည့်သည်။ ပွဲတစ်ခုနှယ် သဘောထားကာ အလကားပဲတင်း ကြည့်သူများလည်း ပါမည်။ လိုအပ်ပါက အားနွဲ့သူဘက်မှ ကူညီနိုင်ရန် စေတနာထားကြသူများလည်း ပါမည်။

ကောင်ဆယ်ကားပြာလေးတစ်စီး ထိုးဆိုက်လာသည်။ တိုးတိုးမှာ ရှက်စိတ်၊ ဒေါသစိတ်၊ ဝမ်းနည်းစိတ်တို့ တလှိုက်လှိုက်ဆုကာ ဝေ့ဝဲလာသည့် မျက်ရည်စကို ခေါင်းတစ်ချက်ဆတ်၍ မော့ပစ်ရင်း သိမ်းရသည်။

"နေသွေးဦး"

"သွားပါစေ အာကာရယ်၊ တိုးတိုး သွားပါစေတော့လား၊ မနှောင့်ယှက်ကြပါနဲ့ကွာ"

"ဟော့ ... မင်းကို အရင်ဆုံး ဦးစားပေးခဲ့သားပဲ၊ မင်းနဲ့မဆိုင်တော့ဘူး၊ ဝင်မရှုပ်ရင် ကောင်းမယ် နေသွေး"

"မဟုတ်ပါဘူး သူငယ်ချင်းတို့ရယ်"

"မင်းက ဟီးရိုးပေါ့လေ"

အချင်းချင်း ရန်စောင်ချိန်က မိနစ်ဝက်ပင် ပြည့်မည် မထင်ပါ။ "ဖုန်း" "ခွပ်" "ဒုတ်" ဟူသည့် အသံများ ဆင့်ကဲ ဆင့်ကဲ ထွက်လာကာ လေးယောက်သား လုံးထွေးနေသည်။ မည်သူက မည်သူ့ကို ထိုးကြိတ်နေမှန်း မသိနိုင်အောင် လူလုံးကြီး ဖြစ်နေတော့ သည်။

"တိုးတိုး ကားပေါ်တက်"

သူ့ဆီ ဝဲကျလာသည့် လက်သီးများကို ကာရင်း နေသွေးဦးက တိုးတိုးကို အော်ပြောသည်။ တိုးတိုး စဉ်းစားမနေ နိုင်တော့။ သည်တစ်ခါ ရှက်တာမှ ဟိုအရင် ဖိနပ်ပြတ်စဉ်ကနှင့် ဘာမျှမဆိုင်။ အဆပေါင်း သိန်းသန်းမက ပိုမိုပါ၏။ မြေကိုခွဲ၍ ငုပ်ဝင်သွားလို့ မရသည့်တူတူ တိုးတိုးက ကားတံခါးကိုဖွင့်၍ ဝင် ထိုင်လိုက်တော့သည်။

လူအများ ဝိုင်းဆွဲကြကာ ဖျန်ဖြေကြပါ၏။ တစ် ယောက်တစ်ပေါက်နှင့် အပြစ်တင်သူများက တင်ကြသည်။ တိုးတိုး မျက်နှာကို တွင်တွင်ငုံ့ရင်း မျက်ရည်ပေါက်ပေါက်ကျသည်။

"မိန်းကလေးဆိုတာ ကိုယ်ကောင်းပေမဲ့ ခေါင်းရွေ့တာခံ သမီးရယ်၊ ကိုယ်ကောင်းရင် ခေါင်းမရွေ့ပါဘူးဆိုတဲ့ စကားဟာ မိန်းကလေးအဖို့ အခါခပ်သိမ်း မှန်ချင်မှ မှန်တာ"

အမေ့စကားကိုပင် ပြန်လည် ကြားယောင်မိပါ၏။ လူလယ်ကောင်မှာ အရှက်တကွဲဖြစ်ကာ တိုးတိုး ခေါင်းရွေ့ရပါပြီ ကော။



"ကျွန်တော့်ညီမပါ၊ သူတို့က လိုက်စလို့ ရန်ဖြစ်တာ၊ သူတို့ လည်း ကျွန်တော့်သူငယ်ချင်းတွေပါပဲ၊ ဘယ်သူမှ အပြစ်မတင် ပါဘူး"

"ဒါဖြင့်လည်း မင်းညီမ မင်းခေါ်ပြီး ပြန်တော့"

ဝိုင်းဆွဲဖျန်ဖြေကြသည့် လူများအနက်မှ အသက်ခပ် ကြီးကြီး ယောက်ျားတစ်ဦးက ပြောသည်။ နေသွေးဦး ကားပေါ် တက်ကာ မောင်းထွက်လာခဲ့ပါတော့သည်။

"ဘယ်ကို မောင်းတာလဲ နေသွေး"

"ခဏလေးပါ တိုးရယ်၊ ခဏလေး ပြောစရာရှိလို့"

"ငါ့ကို ဒီလိုလုပ်လို့ မရဘူး နေသွေး၊ ကျားကြောက်လို့ ရှင်ကြီး ကိုးမိတာ၊ နင်က ကျားထက် ဆိုးပြနေနဲ့"

"မဟုတ်ပါဘူး တိုးတိုး၊ တိုး မကြိုက်တာ မပြောပါဘူး၊ ဒီကောင်တွေအကြောင်း ရှင်းပြချင်လို့"

"သူတို့အကြောင်းကို ငါ ဘာမှ မကြားချင်ဘူး၊ မသိချင်ဘူး"

"တို့ ရင်ထဲမှာ ..."

"မကြားချင်ဘူး"

"နေသွေးဦး ဆိုတဲ့ကောင်ကလည်း ခင်ဗျားလို စိတ်ဓာတ် အထက်စားတည်းကပဲ၊ သိရဲ့လား မတိုးတိုး"

"နင့်ဘာသာ ထက်ချင်ထက်၊ ငါ့ကိုပြန်ပို့"

"ပို့မလို့ပဲ၊ မပို့ခင် ခဏကလေး စကားပြောပါရစေဆိုတာ နားမထောင်ရင် ပို့ကိုမပို့တော့ဘူး"

"ငါ ခုန်မချရဲဘူး မှတ်လား"

"ခုန်ချလိုက်လေ၊ တိုးရှေ့က ခုန်ဆင်းရင် တို့လည်း လိုက် ခုန်ချမှာပဲ၊ သေလည်းအတူတူပေါ့"

"နှင်နဲ့ အတူတူ မသေနိုင်ဘူး"

"တို့ကတော့ သေနိုင်တယ်၊ သေချင်တယ်၊ တိုးတိုးနဲ့ အတူတူသာဆိုရင် ဘာဖြစ်ဖြစ်"

စိတ်မြန်လက်မြန် ရှိလှသော တိုးတိုးက နေသွေးဦး၏ ဦးခေါင်းကို လွယ်အိတ်နှင့် ရိုက်ချလိုက်တော့သည်။ "ခေါင်" မြည် အသံမြည်လာသည်။ သချ်ာတွက်ရာတွင် အသုံးပြုရသည့် ကွန်ပါဘူး က နေသွေးဦး ခေါင်းကို လှလှပပကြီး မိတ်ဆက်သွားတော့သည်။

"ကြိုက်သလိုလုပ် တိုးတိုး၊ မားပါရင် ထိုးချလိုက်"

"စိတ်ချ၊ ထောက်ဆူးပါတယ်"

တိုးတိုးက လွယ်အိတ်တွင်းမှ ကွန်ပါဘူးကို ယူသည်။ ထောက်ဆူးကို ထုတ်၍ ရွယ်ထားသည်။

"ငါကို ပြန်ပို့"

"မပို့ဘူး၊ တစ်သက်လုံး မပို့တော့ဘူး"

"မပို့နဲ့ဦးဟယ်"

"အား ..."

စတီယာရင်ကို ကိုင်ထားသည့် လက်မောင်းမှ သွေး တွေပန်းထွက်လာသည်။ လက်မောင်းမှာ နာသွားရသောကြောင့် ကားသည် လမ်းမကြီးပေါ်မှာ ကွေ့ကောက်သွားတော့သည်။ နောက် ကားမှ ဟွန်းသံထွက်လာသည်။ နေသွေးဦး ကားစတီယာရင်ကို ပြန်မတ်၊ ရှို့မဲ့ရင်းက အံကိုကြိတ်ထားသည်။ ကားမှောင်းမပျက်ပါ။ ကားက အင်းလျားကန်စောင်းသို့တိုင် မောင်းဝင်နိုင်ခဲ့ပါပြီ။

ကန်စပ်မှာ ကားထိုးရပ်ချိန်တွင် သွေးများ ရှပ်အကျႌ အဖြူရောင်မှာ နီနီရဲအောင် ရွှဲစိုနေတော့သည်။

"သွေးတွေ သိပ်ထွက်နေပြီ"



ကရုဏာစကားကလေး ပြောဖြစ်သွားရ၏။

"ထွက်ပစေ၊ မသေနိုင်ဘူး"

"ဆေးတိုက်တစ်ခုခုကို မောင်းပါလား နေသွေး"

"တို့ ပြောချင်တာ ပြောဦးမယ်"

"ဒါဖြင့်လည်း မြန်မြန်ပြောပြီး ဆေးတိုက်မြန်မြန်သွားရအောင် ပါ၊ ငါ့စကား နားထောင်စမ်းပါ နေသွေးရယ်"

နေသွေးဦးက မချိတင်ကဲ ပြုံးပြသည်။

"တိုးကို တို့ သိပ်ချစ်ခဲ့တယ်၊ အခုလည်း ချစ်နေတယ်၊ သေ သည့်တိုင်အောင် ချစ်သွားမယ်၊ အဲဒါ ယုံပါ တိုး"

တိုးတိုး ခေါင်းကလေး ငုံ့သွားရပြန်သည်။

"တို့ တစ်ဖွဲ့လုံး တိုးကို စိတ်ဝင်စားကြတယ်၊ တို့အဖွဲ့တင် မကပါဘူးလေ တစ်ကျောင်းလုံးမှာ ရှိသမျှ ကျောင်းသား အားလုံး တိုးတိုးကို မြင်ဖူးတဲ့ ယောက်ျားမှန်သမျှ တိုးကို စိတ်ဝင်စားကြမှာပဲ၊ မင်း သိပ်လှတယ် တိုးရယ်"

"ဒါပဲလား၊ ဆေးတိုက်သွားကြစို့"

နေသွေးဦး ခေါင်းခါသည်။

"အာကာတို့ကတော့ ရရင်လည်း အပိုင်ပဲ၊ မရရင်လည်း အရှုံးမရှိဘူး၊ သဘောထားကြတယ်၊ တို့ကတော့ ရင်ထဲက ချစ်တာ၊ ဒါကြောင့်မို့ တို့ကို ဦးစားပေးခဲ့တာလို့ သူတို့ပြော တာ၊ တို့ တိုးကို ချစ်ရေးဆိုတယ်၊ မရဘူး၊ ဒါနဲ့ သူတို့ ကြိုးစားကြည့်ဦးမယ်တဲ့၊ တို့ အတန်တန် တားခဲ့ပါတယ် တိုး၊ ယုံပါ"

သူ့ဘာသာ ပြောချင်ရာ ပြောတော့ တိုးတိုး စကား ခပြန် လွယ်အိတ်ထဲမှ တိုးတိုးပိုင် တစ်ခုတည်းသော လက်ကိုင်ပဝါ

ကလေးကို ထုတ်သည်။ အင်္ကျီအပေါင်းစကလေးကို လေးထောင့်စပ်စပ် ညှပ်ကာ ဝက်သိုးကလေးထိုး၍ နှုတ်ခမ်း လုံးထားပါသည့် အကျည်းတန် လက်ကိုင်ပဝါကလေး။ သို့ပေမင့် ဖြူဖွေးစင်ကြယ်နေသည်။

နေသွေးဦး၏ လက်မောင်းမှ ဒဏ်ရာကို ကျစ်ကျစ်ပါအောင် စည်းနှောင်ပေးမိပါသည်။

"မိုးမိုးဆင့်က ပြောတယ်"

မိုးနာမည် ပါလာသောကြောင့် တိုးတိုး ခေါင်းမော့ကြည့်သည်။

"တိုးဟာ သိပ်ပြီး ချစ်စရာ၊ သနားစရာ ကောင်းတဲ့ သိုးဖြူမလေး၊ ယုန်ဖြူမလေးတဲ့ … နေသွေးရယ်၊ နင် အပျင်းပြေရုံ သက်သက်တော့ တိုးကို မစပါနဲ့တဲ့"

တိုးတိုး ဘဝ မျက်နှာငယ်ရပုံများ၊ မိုးမိုးဆင့် ပြန်ပြောသမျှ စကားကိုတော့ နေသွေးဦး မပြောဖြစ်တော့။ ရင်ထဲမှာ မျိုသိပ်ရင်း တိုးတိုးကိုသာ မက်မောတွယ်တာစွာ ငေးကြည့်မိသည်။

"တို့ တိုးကို သိပ်ချစ်ပါတယ်၊ ဒါပေမဲ့ ပျော်ပျော်နေတတ်တာလည်း တစ်ကြောင်း၊ ချစ်တဲ့စိတ်နဲ့ ကျီစယ်လိုတာတစ်ကြောင်း၊ တိုးကို ချစ်စနိုး စခဲ့ ပြောင်ခဲ့မိသမျှဟာ တို့ရင်ထဲက မေတ္တာတွေကို အပေါစား ဖြစ်စေပါလားဆိုပြီး တို့နောင်တရမိတယ်၊ တိုးကို ချစ်လွန်း သနားလွန်းလို့၊ တိုးစိတ်အနှောင့်အယှက် မဖြစ်စေချင်လို့ ဝေးဝေးရှောင်နေခဲ့တာ၊ ချစ်လွန်းလို့ အလျှော့ပေးမိတာ တိုးရဲ့၊ သိရဲ့လား"

"ငါက ဘယ်သူ့ အသနားမှ မခံဘူး"



"မတတ်နိုင်ဘူး၊ ရင်ထဲက သူ့ဘာသာ ချစ်နေတာ၊ သနားနေတာပဲ၊ မြတ်နိုးတွယ်တာစိတ်နဲ့ ချစ်ရလွန်းတော့၊ ချစ်တယ်လို့ ဖွင့်ပြောမိရင်တောင် လေးနက်မှု လျော့နည်းသွားမလားရယ်လို့ မျိုသိမ်ထားခဲ့တယ်"

"တော်ပါတော့ နေသွေးရယ်၊ ဆေးတိုက်သွားရအောင်ပါ၊ ငါ မှားသွားတယ်၊ ငါ ရက်စက်သလို ဖြစ်သွားတယ်"

"ရပါတယ် တိုး၊ ချစ်တဲ့သူကပေးတဲ့ ဒဏ်ရာမို့ မက်မက်မောမော ခံယူပါတယ်၊ တို့ကို ပြန်ချစ်ဖို့ မတောင်းဆိုပါဘူး၊ တစ်ခုပဲ တောင်းပန်ချင်တယ်၊ တို့ လူတစ်လုံး သူတစ်လုံး ဖြစ်အောင် ကြိုးစားမယ်၊ တိုး စိတ်ကြိုက်ပုံစံ ဝင်အောင် ကြိုးစားပြမယ်၊ တိုးရဲ့ အားကိုးမှုကို ခံယူနိုင်တဲ့ အခြေအနေ ရောက်အောင် လုပ်ပြမယ်၊ ဒီကြားထဲမှာ တိုး တို့ကို စောင့်ကြည့်နေပေးပါ၊ အခြားတစ်ယောက် အပေါ်မှာ ဆုံးဖြတ်ချက် စောသွားမှာပဲ တို့ စိုးရိမ်တယ်၊ တို့ကို စောင့်ပါ၊ နော် တိုး"

"တိုးအချစ်ရယ်၊ မင်းဘဝအတွက် နားခိုရာ ကွန်းကလေးအဖြစ် တို့ရင်ခွင်ကို ဖွင့်လို့ကြိုနေပါရစေ"ဟူသည့် စကားများကို ဆက်ပြောရန် မကြိုးစားတော့ပါ။ "မင်းဘဝကလေး ပင်ပင်ပန်းပန်း ရုန်းကန်ရရှာတာကို သနားလွန်းလို့ ချွေးသိပ်ပေးချင်တယ် တိုးအချစ်ရယ်"ဟူသည့် စကားကိုလည်း မပြောဖြစ်တော့ပါ။ ဩော် … အသနားကလေးတောင် မခံချင်သည့် မာနခဲကိုမှ ချစ်မိလေသူကိုး၊ ရင်ထဲမှ စကားစုတို့ကို မျိုလို့သာ ချရပါတော့သည်။

"တိုးကို ပြန်ပို့ပေးမယ်"

နေသွေးဦးက ကားကို စက်နှိုးသည်။

"မောင်းနိုင်ရဲ့လား"

"ယောက်ျားပဲ တိုး၊ သေသွားတော့ကော၊ တိုး ရင်ခွင်ထဲမှာ ပြီး သေလိုက်ရုံပေါ့"

"ခုထိ အမှတ်မရှိသေးဘူး"

နေသွေးဦး မြတ်နိုးလွန်းစွာ ပြုံးကြည့်သည်။ တိုးတိုး မျက်စောင်းခဲမိသည်။ သည်မျက်စောင်းကလေးများမှာ ကြင်နာမှု အနှိုးအငွေ့များ ယှက်သန်းသွားလေသလားဟု ရှက်ကိုးရှက်ကန်း တွေးမိကာ တိုးတိုး မျက်လွှာချသည်။ ယောက်ျားတစ်ဦးနှင့် ပတ်သက်ကာ ပထမဆုံးအကြိမ် မျက်လွှာချမိခြင်းပါပဲ။

"ဆေးတိုက် အရင်သွားနော်"

"တိုးကို အရင်ပို့မယ်"

"စိတ်ပူလို့"

"ကျေးဇူးတင်ပါတယ် တိုး၊ ဒီစကားလောက် ကြားရရင်တောင် စားဝင်အိပ်ပျော်ပါပြီ"

နေသွေးဦး ပြုံးလို့ချည်း နေတော့သည်။

"ငါ့ကို ခွင့်လွှတ်ပါ"

"ဘာကို ခွင့်လွှတ်ရမှာလဲ"

"အဲဒီမှာလေ၊ ထောက်ဆူးနဲ့ ထိုးမိလို့"

"ခွင့်လွှတ်ယူရလောက်အောင် အပြစ်လို့မှ မသတ်မှတ်ခဲ့ဘဲ တိုးရဲ့၊ တိုးလို မိန်းကလေးကို ဒီလို အကျပ်ကိုင်မိရင် ဒီလောက် ဒဏ်ရာတော့ ရနိုင်တယ် ဆိုတာ အစကတည်းက တွက်ပြီးသားပဲ၊ တစ်ခုပဲ ပြောချင်တယ်"

"တော်တော့၊ အပ်ကြောင်းထပ်နေဦးမယ်"

သည်တစ်ခါတော့ တိုးတိုး အပြုံးကလေးနှင့် ပြောသည်။



"အပ်ကြောင်း မထပ်ပါဘူး၊ ငါ ... ငါနဲ့ မပြောပါနဲ့ဆိုတာလေး တောင်းပန်ချင်တာပါ"

"ရှိင်းလို့လား"

"ဟင့်အင်း ... နားဝင်မချိုဘူး"

"ဒီလောက်ရိုင်းတာတောင် တောက်တဲ့လို ကပ်နေတော့ ဘယ်မှာ ယဉ်ယဉ်ကျေးကျေး ပြောခွင့်ပါ့မလဲ"

"တို့ ကတိပေးထားပြီပဲ၊ ကြိုးစားနေတဲ့ အချိန်အတွင်းမှာ တိုးကို စိတ်အနှောင့်အယှက် ထပ်မပေးပါဘူး၊ တိုးကသာ နင် ငါနဲ့ မပြောနဲ့နော်"

"ဘယ်လို ပြောရမလဲ"

"ပြောစေချင်တာကို ပြောနိုင်းလို့ ပြောမှာမှ မဟုတ်တာ၊ နင်လို့ ပြောမဲ့အစား၊ နေသွေးလို့ ခေါ်ရင်တောင် ကျေနပ်ပါပြီ၊ တို့လို့ ပြောရင်တောင် ဝမ်းသာလှပါပြီ"

တိုးတိုးက ငြိမ်နေသည်။ ဘာမျှ ပြန်မပြော၊ ကားက မြို့ထဲသို့ ပြန်ရောက်လာလေပြီ။

"ဆေးတိုက်သွားလေ"

"တိုးကိုပဲ အရင်ပို့ပါမယ်"

"ဒါဖြင့်ရင် လမ်းထိပ်မှာပဲ ချပေးနော်"

"တိုး စိတ်ချမ်းသာသလို ဖြစ်စေရပါမယ်"

ပန်းဆိုးတန်းလမ်းထိပ်မှာပင် ကားရပ်ပေးသည်။

"ဆေးတိုက်ကို ဆက်ဆက်သွားနော်"

"ဟုတ်ကဲ့"

"အကောင်းပြောတာ"

"ဟုတ်ကဲ့"

တိုးတိုး မျက်စောင်းလေး ခဲမိပြန်သည်။ နေသွေးဦး
ပြုံးပြနေသည်။ ကားပေါ်မှအဆင်း တိုးတိုး နှုတ်ဆက်ခဲ့ပါသည်။

"တိုးကို ခွင့်လွှင်ပါ ကိုနေသွေး"

"ဟာ ... တိုးရယ်၊ ပျော်လိုက်တာ"

"တိုးတိုးလေ မမမေရီကို ကြိုတင်ခွင့်မတောင်းဘဲ အချိန်
တက်ခဲ့မိပါတယ်"

"အေးလေ ... ရတယ်၊ ရတယ်၊ အဲဒီမှာ ဆံပင်ညှပ်ဖို့စော
နေတဲ့သူတွေကို ဝိုင်းညှပ်ပေးလိုက်ဦး"

မမမေရီက ဆံထုံး,ထုံးနေရာမှ လှမ်းပြောသည်
တိုးတိုးက ရင်ကလေး တထိတ်ထိတ် ရှိရာမှ စိတ်အေးသွားရသည်
ညနေစောင်းစောင်းပြီ၊ ဆိုင်ပိတ်ခါနီးနေပြီဖို့ အချိန်လုနေရ
သည်။ စင်စစ် ... တိုးတိုး ကျောင်းသွားတက်ရသည့် အချိန်
မွန်းလွဲပိုင်းပေမို့ ဆိုင်မှာ လူအလွန်စည်ကားသည့်အချိန် ဖြစ်ပါသည်
ကိုကိုဖြိုးနှင့် ကိုကိုဂျင်မီတို့၏ ဩဇာကြောင့်သာ တိုးတိုး ကျော
တက်ခွင့်ရခြင်း ဖြစ်ပါသည်။

ကျောင်းချိန်မှာ ကျောင်းစိတ်၊ အလုပ်ချိန်မှာ အလု
စိတ်၊ သီးသန့်စီ ခွဲခြားထားရသည်။ ကျောင်းသင်ပညာရပ်
အလုပြင် ပညာရပ်တို့ နှစ်မျိုးကို နှစ်နေရာမှာ ခွဲခြားကာ အာရုံ



သာရပါသည်။ အချိန်ရှိနိုက်မှာ လုံ့လမစိုက်ခဲ့ပါလျှင် မိမိဘဝ
ယ်တည်မှုအတွက် လှုပ်ရှားရုန်းကန်နိုင်ဖို့ အခွင့်အရေးများ ပိတ်ဆို့
ားပါလိမ့်မည်။

"ဒီဆံပင်လေးက ဒီလို ခုံးခုံးကလေး အုပ်ကျသွားတာ
ကြိုက်လား၊ အဖျားပြန်ကော့တာ ကြိုက်လားဟင်"

"မမသဘောလေ၊ လှရင်ပြီးရော"

"ဒါဆိုရင်တော့ ပါးပါးကလေး ဆင်းသွားပြီးမှ အဖျားပြန်
ကော့မယ်နော်၊ မျက်နှာက ဝိုင်းဝိုင်းဖောင်းဖောင်းကလေးမို့
ဆံပင်ပါ ဖောင်းလိုက်ရင် ခေါင်းသိပ်လုံးသွားမှာစိုးလို့"

"လုပ်ပါ၊ လှရင်ပြီးရော"

မျက်နှာကို အချိုသာဆုံးထားကာ မေးရသည်။ ရယ်
ရာ မဟုတ်ပါဘဲ တခစ်ခစ် ရယ်ပြရသည်။ သို့မှသာ မိမိဆိုင်ကို
ာရောက်အားပေးကြသူများ စိတ်ကျေနပ်မှ ရကြမည် ဖြစ်ပါသည်။

ရှေ့ရေးအတွက် စိတ်တလေးလေး ရှိလှပေမဲ့ အပြုံး
ပျက် နေပြရပါတော့သည်။ ဆိုင်ပိတ်ချိန် ရောက်တော့မှ တိုးတိုး
က်ပြင်းမောကလေး ချမိသည်။ တစ်နေ့တာ ကုန်ဆုံးပြန်ပြီပေါ့။

ခေါင်းထဲမှာ ရီဝေရှုပ်ထွေးနေသည်။ နေသွေးဦး
ာများ ရင်းမလား။

သူ့အပေါ်မှာ ဆက်ဆံခဲ့မိတဲ့ ပုံစံက လိုက်လျောရာ
ကျသွားမလား။

သည်နှစ် စာမေးပွဲမှ အောင်ပါ့မလား။

မမမေရီတို့ မိသားစု ထွက်ခွာသွားချိန်မှာ ကျောတစ်
ရာအတွက် နေရာထိုင်ခင်း အဘယ်မှာ ရှာရပါ့မလဲ။

အတွေးမျိုးစုံတို့နှင့် သိဝေမူးနောက်နေပါပြား၊ သူ
လုပ်ဆောင်ရမည့် တာဝန်များကိုတော့ အပြုံးပန်းကလေး တ
နှင့် ပြီးစီးအောင် ဆောင်ရွက်ခဲ့ရသည်သာတည်း။

တိုးတိုး နားထဲမှာ အဆိုတော် ဒေါ်မေစိ၏ "က
သည်"သီချင်းကို ကြားယောင်လာမိတော့သည်။

လွမ်းတသက်သက် ငိုချင်ရက်နဲ့ကွယ်
နိုင်းစေချက် ညီမွှေရန်တကယ်
ရယ်ရပြန်တယ် ...

တိုး ဘဝက မလှပါဘူး၊ လှ ဘဝဇာတ်ခုံမှာ ကပြ
ကချေသည်ချင်း တူရင်တောင် တိုးရဲ့ဘဝက အကျည်းတန် က
သည်ရဲ့ ဘဝမျိုးပါကွယ်။



ကျော်ကြား-စာပေ

ဒုနယသွယ်ရွှင် ဝင်မယ်ဆိုလား

နေသွေးဦး ကျောင်းမတက်ပါ။

"အနာရင်းပြီထင်တယ်"

သွေးထွက်သံယို ဖြစ်သည်အထိ ရက်စက်ခဲ့မိသည့်
အတွက် နောင်တနှင့်အတူ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်မိသည်။
အာကာထွန်းတို့ အုပ်စုကတော့ အရယ်အပြုံးမပျက်၊ မျက်နှာများက
စပ်ဖြဲဖြဲစပ်ဖြဲလျက်။ သည်နေ့တော့ မိုးကို အားနာပါးနာနှင့် အကူ
အညီတောင်းကာ ဆိုင်သို့လိုက်ပို့နိုင်းတော့မည်။

"နေသွေး အကြောင်း ကြားပြီးပလား တိုး"

"ဟင် ... သူ ဘာဖြစ် ..."

"အမယ် ... မယ်၊ တိုးတောင် တော်တော်ကလေး စိတ်ဝင်
စားရကောင်းမှန်း သိလာပြီ ထင်တယ်"

"အို ... မိုးကလည်း မဟုတ်ပါဘူး၊ မိုးကို ပြောစရာရှိသေး
တယ်"

"ပြောလေ"

"ဟင့်အင်း ... မိုး ပြောမဲ့ နေသွေး အကြောင်းကို အရင်
ပြော"

"နေသွေး လက်မှာ သံစူးလို့"

"ဩော်"

"မနေ့က ကျူရှင်အပြီး အိမ်တန်းမပြန်ဘဲ ဘောလုံးသွားကန်
သတဲ့၊ အဲဒါ ဘောလုံးကွင်းထဲမှာ လူချင်းတိုက်မိပြီး တုံးလုံး
လဲကျတယ်တဲ့၊ မြေကြီးမှာ ထောင်နေတဲ့သံက လက်မောင်း
ကို စူးရောတဲ့ ... ခစ် ... ခစ်"

မိုးက ပြောရင်း ရယ်သည်။ စင်စစ် မိုးတို့အရွယ် တိုးတိုးတို့အရွယ် ဆိုသည်မှာ ပြုံးပျော်မြူးသည့် အရွယ်ပါ။ ဆော့လည်းရယ်၊ စိတ်ညစ်လည်းရယ်၊ မိဘဆူလျှင်တောင် "အဆူခံရတယ် ဟော့ ... ခစ် ... ခစ်"ဟူ၍ အစပိုင်းမှာတော့ ရယ်ဖြစ်သေးသည်သာ ဆူလွန်းမက ဆူလာမှသာ ငိုချင်ငို။ ခုလည်း နေသွေးဦး သံစူးသည်ကို ထုံးစံအတိုင်း ရယ်လျက်ပင် ပြောသည်။ ခါတိုင်းဆို တိုးတိုးလည်း လိုက်ရယ်ဖြစ်မည် ထင်သည်။ ခုတော့ ရယ်ဖို့ကိုပင် မေ့လျော့ လေရှော့သလား။

"သိလား တိုး၊ နေသွေး အဖြစ်က ရယ်စရာကြီးနော်
ဘောလုံးကန်တာ တုံးလုံးလဲပြီး လက်မောင်း သံစူးသတဲ့
ဟိုစကားလိုပေါ့၊ ပေါင်မှန်လို့ မျက်စိကျိုး၊ သွားဟော
တောက်ကန်း ဆိုတာ၊ ခစ် ... ခစ်"

တိုးတိုး မရယ်နိုင်ပါ။

"အနာရင်းနေသလားဟင် မိုး"

"နည်းနည်းတော့ ရင်းမှာပေါ့ဟ၊ ဖြစ်တာကနည်းနည်း
သူ့အမေကြီးကလည်း သည်းသည်း၊ နေသွေး မျက်နှာတစ်ချက်



မဲ့တိုင်း သူက မျက်ဖြူလန်လန်သွားတာကွ၊ သူ့ရင်ဘတ်ကြီး
များ ရှင်ပြုအိမ်က ဗြောကြီး မှတ်နေသလား မသိဘူး၊
တဖြန်းဖြန်း တီးသေးတာ"

"အဲဒါ ..."

"အဲဒါလေ မိုးက အိမ်မှာ မာမီ့ကို ပြန်ပြောပြရသေးတယ်၊
ဒေါ်တင်တင်စိုး ဗြောညွန့်အဖွဲ့လို၊ ကြဲကြဲဖန်ဖန် ပြောရမလား
လို့ မိုး အဆူခံထိသေးတယ်၊ မိုးတော့ ဒေါ်တင်တင်စိုးကို
အကယ်ဒမီ ပေးချင်တယ် သိလား တိုး"

"မိုးကလည်းကွာ၊ သူ့သားပဲဟာ၊ သူ တကယ်ပူပန်ရှာတာ
နေမှာပေါ့"

"ဟ ... တကယ်တော့ တကယ်ပေါ့၊ မိုးက ဟန်ဆောင်
ကောင်းတယ်လို့ ဆိုချင်တာ မဟုတ်ပါဘူး၊ မြန်မာ့ဝေါဟာရ
သရုပ်ဖော်နည်း ကျွမ်းကျင်လို့ အကယ်ဒမီ ပေးချင်တာပါ၊
'ရင်ဘတ်စည်တီး' ဆိုတဲ့ မြန်မာ့ဝေါဟာရကို သရုပ်ဖော်တဲ့
နေရာမှာတော့ ဒေါ်တင်တင်စိုး ဗြောညွန့်ဟာ အကယ်ဒမီ
ပဲ"

"ကြဲကြဲဖန်ဖန် ပြောတတ်တဲ့ နေရာမှာတော့ မိုးက စတောင်ဂ်
ရလောက်တယ် ... အဟုတ်"

တခစ်ခစ် ရယ်လွန်းသော မိုး၏ ရွှင်မြူးခြင်း အငွေ့အသက်များက တိုးတိုး သို့တိုင် ကူးစက်ပျံ့နှံ့လာသည်။ ခံစားမှုနလုံးသားကို လွှမ်းခြုံသည်။ တိုးတိုး ပင်လျှင် ပြုံးချင်ချင် ဖြစ်လာရတော့သည်။

"ကြဲကြဲဖန်ဖန် ပြောတတ်တဲ့နေရာမှာ ဂေါက် ဆိုရင် စေ့စေ့
စပ်စပ် မြင်တတ်တဲ့နေရာမှာ ဓနုစ်ဒဂ်ပေးပါဦးလား တိုးရဲ့"

"ဘာဖြစ်လို့လဲ"

"မိုး ဒီလောက် ရယ်နေနိုင်တာတောင် တိုး လိုက်မရယ်ရ
ဘူး၊ တိုး ရင်ထဲမှာ ကရုဏာလှိုင်းတွေ ထနေတယ်၊ အကြ
နာမုန်တိုင်းကြီး ဝင်မွှေနေတယ်၊ အချစ်ငလျင်ကြော
တစ်ခုဟာ တိုးရဲ့နှလုံးသားကို ဗဟိုပြုပြီး စက္ကန့်ပေါင်
ထောင့်ငါးရာတိတိ လှုပ်ရှားသွားတယ်"

"သွား ... မဟုတ်က ဟုတ်ကတွေ"

"ငလျင်ဒဏ်ကြောင့် ပြိုကျလွင့်စဉ် သွားရရှာသော တိုး
အဆုတ်၊ အသည်း၊ အူသိမ်အူမ၊ ကလီစာများသည် ယူ
ပေါင်း ထောင့်ငါးရာတိတိ ဝေးကွာသည့် အရပ်ဖြစ်သော
နေနွေးဦး၏ ရင်ခွင်တွင် အချစ်မြင်းမိုရ် မေတ္တာတောင်
ကြီးအဖြစ် တည်ရှိလတ္တံ့"

"ဟာကွာ ... ဟုတ်လည်း ဟုတ်ပဲနဲ့"

"လိမ်ချင်သော သူသည် ညာ၏တဲ့"

"ယိုးစွပ်သော သူသည် ပျော်မြူး၏တဲ့"

တိုးတိုးက အားကျမခံ ပြန်ပြောသည်။

"ယိုးစွပ်ခံရသော သူမှာ အနာပေါ် တုတ်ကျသကဲ့သို့ ခံ
ရလတ္တံ့၊ မလုံသည့်အိုး တုတ်မိုးရုံနှင့် အံလတ္တံ့၊ သည်
တွင် သိကြားမင်းသည် သုဇာတာ၊ သုမာလာ၊ သု
သုစိတ္တာတို့ ဝဲယာခြံရံလျက် နှလုံးသားကို ငုံခဲ၍ လူ့ပြည်
ဆင်းလတ္တံ့၊ တိုင်းနိုင်ငံအတွင်း အချစ်မီးတောင်ကြီး ပေါ
လတ္တံ့၊ ဤကား မဟာသကြိန်စာ၏ အလိုတည်း ..."

တိုးတိုးပါ ရော၍ ရယ်မိပါတော့သည်။



"ဒီလိုပါ မိုးရယ်"အစချီကာ ဖြစ်ရပ်ပေါင်းစုံကို ဖြန့်
၍ ပြောပြသည်။ မိုးက စိတ်ဝင်စားစွာ နားထောင်ပါသည်။ ခေါင်း
ညိတ်ပြသည်။ ခေါင်းလည်း ခါသည်။

"အဲဒါ ညနေတော့ မိုး လိုက်ပို့ပေးပါ၊ အာကာထွန်းတို့နဲ့
ပြဿနာ ဆက်မဖြစ်ချင်ဘူး"

"ပို့မှာပေါ့၊ အစကတည်းက ပို့မလို့ပဲဟာ၊ တိုးက အရမ်းငြင်း
နေလို့၊ ဪ ... လှတဲ့သူများတော့လည်း ချစ်သူပိုင်းပိုင်း
လည်လိုက်တာနော်၊ ရှေးတုန်းက မင်းသမီးတစ်ပါး လှပြီဆို
ရင် ခုနစ်ပြည်ထောင် မင်းသားတွေ လာပိုင်းတယ်ဆိုတာ
ခုမှ လက်တွေ့"

"တိုး မလှပါဘူး မိုးရဲ့"

"မလှပေလို့သာပဲနော်၊ လှများလှရင်တော့လား ခုနစ်ပိုင်း
ပိုင်းပြီး ခုနစ်တိုင်း ဝေပစ်ရမှာ၊ ယော့ ... တိုး၊ မိုးဖို့ ဘယ်
အပိုင်း ချန်ထားခဲ့မှာလဲ၊ မိုးလည်း သူငယ်ချင်းတစ်ယောက်
အဖြစ် ရပိုင်ခွင့် ရှိတယ်"

"မိုးကိုတော့ လွယ်အိတ်ကိုင်းကလေးပဲ ပေးမယ်"

"ဟင်း ... ချွေးစော်နံတယ်"

"ဪ ... မေ့နေလိုက်တာ၊ ရော့ ..."

တိုးတိုးက သူ့လွယ်အိတ်ထဲမှ မုန့်ပြားထုပ်၊ ဆီးထုပ်
ကလေးများကို ထုတ်သည်။ မနေ့က မမမေရီ စိတ်လိုလက်ရပေး
သည့် မုန့်ဖိုးငွေ နှစ်ဆယ်ထဲမှ မြားနတ်မောင် ဖိနပ်ပါးကလေး
ကို ခြောက်ကျပ်ပေး၍ ဝယ်ရသည်။ မဝယ်ရခင်က မီးဖိုချောင် သမံ
တလင်းမှာစီးသည့် ဂွပ်ဂွပ်ကော်ဖိနပ်ကိုသာ စီးနေရသည်။ အလှပြင်
ဆိုင်မှာ ကော်ဖိနပ်တဂွပ်ဂွပ်နှင့်မို့ မမမေရီ အမြင်မတော်၍ ထုတ်

ပေးခြင်းဖြစ်ပါ၏။ မမမေရီက နှစ်ဆယ်ကြီးများ ပေးပေမင့် ခြေ
ကျပ်တန် ဖိနပ်သာ သူ ဝယ်သည်။ ကျန်ငွေ ဆယ့်လေးကျပ်
ဆီးထုပ်နှစ်ကျပ်ဖိုးတိတိ ဝယ်လာသည်။

"ဟယ် … သွားရည်ယိုချင်စရာတွေပါလားဟ"

"အေး … ဟောဟိုမှာ ကိုကိုဂျင်မီ ဝင်လာပြီ၊ မမြင်အော
နိုးစား၊ အဲဒါလေ တိုးတိုးတို့အိမ်နားက ဆီးထုပ်ထုပ်တဲ့
ရင်းက ဝယ်လာလို့ တစ်ကျပ်ဖိုး ငါးထုပ်တောင် ရတာ

"နိပ်ဟ … ဆယ်ထုပ်ကြီးများတောင်၊ ဒါနဲ့ တိုးက အဘ
မလှမှာစိုးလို့ မစားရဘူးဆို"

"မမမေရီက တားတာပါ၊ ဒါပေမဲ့ အောင့်အည်းရလွန်း
လည်း ပေါက်ကွဲချင်တယ်ကွ"

မိုးမိုးဆင့် ကြင်နာသနားတတ်သလောက် အေ
သက်ကျေသူ ဖြစ်ပါ၏။ သည်ဆီးထုပ် မရန်းပြားထုပ်ကလေး
ကို တိုးတိုး ဖျစ်ညှစ်ဝယ်လာရမှန်း နားလည်သည်။ မစားရက်
သို့ပေမင့် မစားဘဲ နေပါလျှင် တိုးတိုး ဝမ်းနည်းပါလိမ့်
တိုးတိုး သဒ္ဓါတရားကို အသိအမှတ်ပြုရင်း အားပေးချင်သည်

သူငယ်ချင်းချင်း တစ်ယောက်ရှိတာ တစ်ယော
စားသင့်ကြောင်းကိုလည်း လက်တွေ့ပြချင်သည်။ သူက စားယော
နောင်အခါမှာ တိုးတိုးကို သူ ကျွေးလို့ရမည် မဟုတ်ဖါလား

"စားလို့ကောင်းလိုက်တာ၊ နတ်သုဒ္ဓါနဲ့ ဘယ်လဲပါ့မ

"ခိုးစားရလို့ ပိုကောင်းတာ"

"နှလုံးသားကို ငုံခဲပြီး ဆင်းလာတဲ့ သိကြားမင်းသာ
ထုပ် စားမိသွားရင် နတ်ပြည်တောင် ပြန်တက်မှာ မဟုတ်

"လူ့ပြည်မှာပဲ ဆီးထုပ်စားပြီး နေတော့မှာလား"



"ဟင့်အင်း … အကနိဋ္ဌဗြဟ္မာဘုံထိ တန်းနေအောင် တက်
ပြေးမှာလို့ ပြောမလို့"

"သွား … မိုး အစုတ်ပလုတ်"

"အစုတ်ပလုတ် ဆိုတဲ့ ဘွဲ့နာမကို နေသွေး တစ်ယောက်
တည်း ပိုင်ပါစေဟာ"

တိုးတိုးက မိုးကို ဆွဲဆိတ်သည်။

"တိုးကို ရယ်ရယ်ပြုံးပြုံး ပျော်ပျော်ရွှင်ရွှင် သိပ်တွေ့ရခဲ့တာပဲ
နော်၊ ဒါပေမဲ့ စူနေတဲ့ မျက်နှာကိုပဲ တော်တော်လှနေပြီ၊
အဟုတ်"

"မရန်းပြား မျက်နှာနဲ့တော့ မမြှောက်နဲ့နော်"

"တကယ်ပြောတာ တိုးရဲ့၊ နေသွေး ကြိုက်လည်း ကြိုက်ချင်
စရာပဲ၊ တိုးက သိပ်လှတယ်"

"မိုးရယ် … လူ့ဘဝမှာ ဘဝလှဖို့သာ အရေးကြီးပါတယ်၊
ကံပဲ လှချင်ပါတယ်၊ ရုပ်လှတာ အလကားပါ၊ တိုးတို့လို
ဘဝမလှသူတွေ အဖို့ကျတော့ ရုပ်လှနေရင်တောင် အန္တရာယ်
ကို ဖိတ်ခေါ်သလို ဖြစ်ရပါတယ်"

"တစ်နေ့ကျရင် ဘဝလည်းလှ၊ လူလည်းလှတဲ့ အဖြစ်ကို
ရောက်ရမှာပါ၊ မိုး ယုံပါတယ်၊ ဒီလောက် ရှန်းကန်ကြိုးစား
နေတဲ့ မိန်းကလေးပဲကွယ်"

"အားပေးစကားမို့ ကျေးဇူးအများကြီး တင်ပါတယ် မိုး၊
တိုး တကယ်ပြောတာပါ"

"စကားအဖြစ် အားပေးတာ မဟုတ်ပါဘူးကွယ်၊ ရင်ထဲမှာ
လည်း ယုံပါတယ်၊ တိုး တစ်နေ့မှာ အောင်မြင်ရမယ်"

"တိုးဘ၀က အကျည်းတန်လွန်းလို့ ကံကလေးများ လှလာမယ်ဆိုရင် တိုး တစ်ကိုယ်လုံး အရုပ်ဆိုးချင် ဆိုးသွားပါစေ"

"ဆိုးမသွားပါဘူး၊ လူလည်းလှ၊ ဘ၀လည်းလှ၊ လှတဲ့နေရာတွေမှာ သူတကာတွေထက် မြင်းမိုရ်ဆယ်ဆမက လှလွန်းတဲ့သူ ဖြစ်လာမှာပါ တိုးရဲ့"

တိုးတိုးက သူငယ်ချင်း မိုးမိုးဆင့်၏ အကြင်နာမျက်ဝန်းရိပ်မှာ ကြည်နူးစွာ နိုလှုံမိသည်။

"တစ်နေ့ကျ အလှဆယ်မြင်းမိုရ် ဖြစ်ရမယ်၊ ဖြစ်အောင်ကြိုးစားမယ်" အံကလေးကြိတ်၍ ဆုံးဖြတ်ချက်ကို ရဲရဲကလေး ချလိုက်စဉ်မှာပင် မျက်နှာပုံရိပ်တစ်ခုက နှလုံးသားမှာ လာရောက်ထင်ဟပ်သည်။

"ဩော်ကွယ် ... အနာရင်းပြီး သိပ်များ ဖျားနေသလား"



အကြင်နာမိုး ငြိုးတယ်ထိုရွေ

"ကျိုက္ကဆံကွင်း သွားချင်တယ်"

ဆူဇီက စတင်အဆိုသွင်းသည် ဆိုလျှင်ပင် မီသားစုတစ်ခုလုံးက ထောက်ခံကာ အတည်ပြုပြီးသား ဖြစ်သွားရသည်။

"ကိုကိုဖြိုး လိုက်ပို့ရမယ်နော် ...ဒါပဲ"

ဆူဇီက အိုင်းလိုင်နာ မည်းမည်းလေး အလယ်မှ မျက်ပေါက်ကျဉ်းကျဉ်းလေးကို မေး၍ပြောသည်။ မျက်သားနှင့် မျက်ဆန်ကို ရှာမတွေ့တော့ပါ။

ကိုကိုဖြိုး လိုက်ပို့ရမည်ဟု ပြောခြင်းမှာ ကိုကိုဖြိုး၏ ရမ်ဘလာ Rambler ကားကြီးကိုပါ ယူခဲ့ပါဟု ဆိုလိုခြင်းလည်း ဖြစ်ပါ၏။

"ဆူဇီကတော့လေ သူ့ကိုကိုဖြိုးများဆိုရင် အားကြီးနိုင်တယ်"

ဒေါ်ခင်အေးမြက တားဆီးသယောင်နှင့် ထောက်ခံသည်။ ကိုဂျင်မီက အားနာသယောင် ရှိသော်ငြား သွားချင်သည်။ လိုက်ပို့စေချင်သည်။

"ဘယ်လိုလဲ ကိုဖြိုး"

"ဘယ်လိုမှ မလဲ့ဘဲ ငုတ်တုတ်ကလေး ထိုင်နေပါတယ်ဗျာ"

"သိပ်ဆိုးတဲ့ ကိုကိုဖြိုးကြီး"

ဆုဇီ၏ တခစ်ခစ် ရယ်သံကလေးကို မီးဖိုတွင် တိုးတိုး ကြားနေရသည်။ မျက်စိနှင့် မမြင်ရပါပြား ကိုကိုဖြိုး ကျောတစ်ရာ၊ ရင်တစ်ရာ ဒဏ်ရိုက်ခံနေရမည်ကို အလိုလို သိလို ရပါ၏။ မဆုဇီဖြောညွန့်အဖွဲ့က ကိုကိုဖြိုးတည်းဟူသော စည်ကြီး တီးနေပါလိမ့်မည်။ တိုးတိုးက ဖျော်လက်စ သကြားရည်ကို ဖန်ခွ နှင့်ဖွန်း ထိသံ ညံလာသည်အထိ ပြင်းပြင်းကလေး ခေါက်မိသည်

တိုးတိုးက ဘာလီရည် ဖန်ခွက်ကလေးကို ကော် ကန်ကလေးခံ၊ ဗန်းကလေးပေါ်တင်၊ လက်သုတ်ပဝါတစ်ထည် ထည့်ကာ ဆုဇီ လာအယူကို စောင့်ရင်း အဆင်သင့် လုပ်ထားရ သည်။ တိုးတိုး စိတ်ထဲတွင် ကိုကိုဖြိုးကို တကယ်ပင် လှိုက်လှိုက် လှဲ့လှဲ့ ခင်မိလေသည်။ ဆုဇီနှင့်က ညီအစ်မ။ ဆုဇီသာ ကိုကိုဖြိုး လက်ထပ်ဖြစ်လျှင် ကိုကိုဖြိုးသည် တိုးတိုး ခဲအိုတော်ရပါလိမ့်မည် သို့ပေမင့် တိုးတိုး ရင်ထဲမှာ ကိုကိုဖြိုးကို အစ်ကိုတစ်ယောက် သဘောထား၍ ဆုဇီကို ယောက်မ ခယ်ညှံ့ညှံ့အဖြစ် မြင်မိရှာပါ၏

"မပြီးသေးဘူးလား မိတိုး"

ဆုဇီ အသံက အိမ်ရှေ့ခန်းမှသည် အိပ်ခန်း ကျော်ဖြတ်လျက် မီးဖိုခန်းထိတိုင် စီစီလောင်လောင် ဝင် သည်။

"ပြီးပါပြီ ဆုဇီ"

ကိုယ်တိုင် လာယူနေကျ မယူဘဲ လှမ်းတော် သည် သည်အိမ်မှာ တိုးတိုး ဘဝကို မီးမောင်းထိုးပြသည့်နယ်



ပါ၏။ ဆုဇီက ဂုဏ်ယူမောက်မာလိုစိတ်နှင့် ဆိုပေမင့် ကိုဝေဖြိုး ရင်ထဲမှာ မည်သို့ခံစားမိမည်ကို ဆုဇီ တွေးမိဟန် မတူပါ။

"ပြီးရင် ယူခဲ့ပါတော့လား"

တိုးတိုး ဗန်းကလေးကိုင်၍ ထွက်လာသည်။ ကိုကိုဖြိုး ရှေ့မှာ ချပေးသည်။

"တိုးတိုးရော လိုက်ဦးမလား"

"ရှင်"

မျှော်လင့်မထားသည့် မေးခွန်းမို့ တိုးတိုး အံ့အားသင့် သွားရသည်။

"ကျုံ့ကြွဆံကွင်းကိုလေ၊ လိုက်ခဲ့ပါလား တိုးတိုး"

"အို … ကိုကိုဖြိုးကလည်း ကားကျပ်တာပေါ့၊ ဘယ်ဆန့်ပါ့မလဲ"

ဆုဇီ မျက်နှာလေး အိုစာသွားရသည်။ တိုးတိုးက ပြုံးနေသည်။ သို့ပေမင့် နှုတ်ခမ်းထောင့်စွန်းကလေးက အထက်သို့ မြင့်တက်မလာ။ အောက်သို့သာ ကွေးကျသည်။ ပြုံးရင်းမှ ခေါင်းခါ သည်။

"ကိုကိုဖြိုး တွက်နိုင်းထားတဲ့ ပုစ္ဆာတွေ မပြီးသေးပါဘူး၊ တိုးတိုး မလိုက်တော့ပါဘူး ကိုကိုဖြိုး"

"မိတိုးက စာသိပ်ကြိုးစားတာ ကိုကိုဖြိုးရဲ့၊ တစ်ဝမ်းတစ်ခါးကို လုပ်ကိုင်စားနိုင်ဖို့ သိပ်ကို အားခဲရှာတာ"

တိုးတိုး ခေါင်းကလေးငုံ့၍ မီးဖိုထဲသို့ ပြန်ဝင်လာခဲ့ တော့သည်။

"တိုးတိုး ရှိပါသလား ဆရာ"

"ဟော ... မိုးမိုးဆင့် ပါလား၊ လာ ... လာ ရှိတယ်၊ တိုးတိုး ရေ"

တိုးတိုးတို့ သားအမိ သည်အိမ်ပေါ်သို့ ရောက်သည်မှ စ၍ ခြောက်နှစ်တာအတွင်း တိုးတိုး ညှိုးသည်၊ ခေါ်သိန်းလှ ညှိုး သည်ဆို၍ တစ်ခါမျှ မလာစဖူး။ ယခု တိုးတိုးကိုမေး၍ ဝင်လာသူ ညှိုးသည်ကို ဆူဇီ မကြည်ဖြူချင်။ သို့ပေမင့် အိမ်ရှေ့တည့်တည့်မှ ထိုးဆိုက်ထားပါသည့် နီနှစ်ရောင် မာစီဒီးကားကြီး၏ မျက်နှာကြောင် တွန့်နေသည့် မျက်ခုံးကို ဖြေလျှော့သည်။

မိုးမိုးဆင့်က ပလတ်စတစ် ကြိုးကလေးများနှင့် ထိုး ထားသည့် သေတ္တာရှည် ပုံသဏ္ဍာန် အိတ်လှလှကလေးကို ကြမ်း ပြင်မှာချကာ ကုလားထိုင်ပေါ်မှာ ကျုံ့ကျုံ့ယုံ့ယုံ့ကလေး ထိုင် သည်။

"စာကျက်ရဲ့လား မိုးမိုးဆင့်"

"ဟုတ်ကဲ့ ... ကျက်ပါတယ် ဆရာ၊ ဆရာ့ဆီမှာ ခွင့်တောင်း ချင်လို့ လာခဲ့တာပါ"

"ဆိုလေ"

"မိုးတို့ သူငယ်ချင်းတွေ ကျိုက္ကဆံကွင်း သွားချင်လို့ တိုးတိုးကိုပါ ထည့်လိုက်ဖို့ လာပြီး ခွင့်တောင်းတာပါ"

"ဪ"



တိုးတိုး ထွက်မလာရဲပါ။ မိုး အသံ ကြားကတည်းက ရင်ထဲမှာ တဒိန်းဒိန်း တဒိုင်းဒိုင်းနှင့် အမြောက်ဖောက်သလား သင်မှတ်ရသည်။

"မေးကြည့်ရှလေ၊ သူ လိုက်ချင်ရင် ခေါ်သွားပေါ့၊ ဟော့ ... တိုးတိုးရေ"

"လာပါပြီ ကိုကိုဂျင်မီ၊ ဟော ... မိုး"

ပန်းကန်ဆေးရင်းမှ ထွက်လာရသည်မို့ တိုးတိုး လက် များများ စိုစွတ်နေသည်။ ရေစိုသောကြောင့်ပဲလား မသိပါ။ တိုးတိုး သက်ဖျားကလေးများ အေးစက်နေကြသည်။

"မိုးမိုးဆင့်က ကျိုက္ကဆံကွင်း လိုက်မလားတဲ့"

တိုးတိုး ဘာပြန်ဖြေရမှန်း မသိပါ။ မတ်တတ်ရပ်လျက် ခေါင်းကလေး ငုံ့ချထားသည်မို့ ဆူဇီ မျက်နှာကို မတွေ့ရပေမင့် မြင်ယောင်နေမိသည်။

"လိုက်ခဲ့ပါ တိုးတိုးရာ၊ ဆရာ ... တိုးတိုးကို ဝိုင်းပြောပါဦး၊ မိုး ကားနဲ့ အိမ်အထိ ပြန်ပို့ပေးမှာပါ ဆရာ၊ သူငယ်ချင်း တွေ တူတူသွားချင်လို့ပါ၊ စိတ်ချပါနော် ဆရာ"

"လိုက်သွားပါလား တိုးတိုး၊ မနေ့ကလည်း နင်ဂထာန်းတွေ မပြီးသေးလို့ မလိုက်ဖြစ်ဖူးမှတ်လား၊ ခုကော ... ဘာလုပ်စရာ ကျန်သေးလို့လဲ"

"မရှိ ... မရှိတော့ပါဘူး၊ ကိုကိုဂျင်မီ"

"ဒီလိုဆို လိုက်ချင်လိုက်သွားလေ"

"လိုက်ခဲ့ပါကွာ၊ တိုးတိုးကလည်း၊ သူက လူတောတိုးရမှာ ကြောက်တတ်လွန်းလို့ တမင်လာခေါ်တာပါ ဆရာ"

သည်စကားး တစ်ခွန်းကိုတော့ ဆူဇီ နှစ်မြိုက်သွား ပုံရသည်။

"မိတိုးတို့ လူတောမတိုးတာတော့ မပြောနဲ့၊ ခုကြည့်လေ သူက မတ်တတ်ကြီး ရပ်နေတယ်၊ ဧည့်သည်ကိုလည်း ဧည့် မခံတတ်ဘူး"

မိုးမိုးဆင့်က ဆူဇီကို လှမ်းပြုံးပြသည်။

"ဆူဇီ ထင်ပါရဲ့၊ တိုးတိုးက ကျောင်းမှာ အမြဲပြော တယ်"

"အမယ် ... ဘာတွေများ ပြောစရာရှိလို့လဲ"

"ဆရာ့ အချိန်မှာ အင်္ဂလိပ်စာအက်ဆေးတွေ ဘာတွေ ရေး ရရင် တိုးတိုးက မိုးထက် အမှတ်အမြဲ ပိုရပါတယ်၊ မိုး တိုးတိုး သိပ်တော်တာပဲလို့ ပြောတော့ တိုးတိုး ဘယ်လော စာရေးတော်တော် အိမ်ကအစ်မ ဆူဇီလို ဘယ်တော့မှ စကား သွက်သွက် မပြောနိုင်ဘူးတဲ့"

တိုးတိုးက ကျိတ်ပြုံးသည်။ "လုပ်လိုက်ကွ"ဟု ကျိ ပြောသည်။ ဆူဇီ သဘောကျစွာ ရယ်သည်။

"ဆူဇီတို့က အင်္ဂလိပ်ရှိကိုတော့ မားသားတနုံးင်လို ဖြစ် တာပါ၊ ပြောရဦးမယ်၊ မိတိုးရယ်လေ Mother Tongue ဘယ်လို အဓိပ္ပာယ်ပြန်တယ် မှတ်လဲ၊ အမေ့လျှာတဲ့ ... ခစ်"

မိုးမိုးဆင့်ကပါ ရောရယ်သည်။ မိုးအသံ ခြောက်ခြေ နေကြောင်း ဆူဇီ မရိပ်မိပေမင့် တိုးတိုး သိပေသည်။

"တိုးတိုးက အဝတ်လဲတော့လေကွယ်"

မိုးမိုးဆင့်က ခပ်လောလောကလေး ပြောပေးသည်



"ဟုတ်သားပဲဟယ် မိတိုးကလည်း၊ ဟိုက ဒီလောက်ခေါ်နေ တဲ့ဟာကို၊ နောက်ကိုလည်း လာလည်ပါ၊ ဘယ်သူ ... အဲ ... မိုး ဟုတ်လား"

"မိုးမိုးဆင့်ပါ ဆူဇီ"

"ဆူဇီတို့ကလည်း ခင်တတ်ပါတယ်"

"ဟုတ်ကဲ့၊ ကျေးဇူးအများကြီး တင်ပါတယ် ဆူဇီ၊ မိုးက ဆရာတို့၊ ဆရာဦးဝေဖြိုးတို့ တပည့်ပါ၊ နေ့ကျောင်းတော့ စိန့်မေရီမှာ တက်ပါတယ်၊ အိမ်က အင်းလျားလမ်းမှာပါ၊ ဆူဇီလည်း အားတဲ့အခါ လာလည်ပါ"

"အားမှ လာလည်ရဦးမယ်၊ နင့်မို့ဆို ဆူဇီတောင် လိုက်ခဲ့ ပါတယ်၊ မနေ့ကပဲ ရောက်ခဲ့လို့"

"အင်းလျားလမ်းမှာ နေသည်"ဟူသော စကားစုနှင့် အိမ်ရှေ့မှာ မာစီဒီးကားကြီးတို့ကြောင့် ဆူဇီ သည်မျှလိုက်လျောခြင်း ဖြစ်ပါသည်။ ဆူဇီ ကိုယ်တိုင် တိုက်တွန်းသည်မို့ တိုးတိုး စိတ်ပြောင့် သွားတော့သည်။

"ဆူဇီရေ ... ဟို ... မိုး ... ဘာ့သ်ရှမ်း ခဏဝင်ချင်လို့"

"သွား ... သွား၊ ခေါ်သွားလေ မိတိုးရဲ့"

မိုးမိုးဆင့်က ပလတ်စတစ်ကြိုးအိတ်ကိုဆွဲ၍ တိုးတိုးနှင့် အတူ ဝင်လိုက်လာခဲ့တော့သည်။

"တိုးဖို့ အဝတ်အစားတွေ ယူလာတယ်"

"ဟာ ... မိုးရာ၊ တိုး မဝတ်ချင်ဘူး"

နိုင်ငံခြားမှာ အလုပ်မလုပ်ရမီကထက် ပို၍ သားသား နားနား ဝတ်ရပါပြား တိုးတိုး ဝတ်စုံကလေးများမှာ အဖိုးသားနား နည်းပါးကြလေသည်။

"အချင်းချင်းတွေပဲဟာ"

"ဟင့်အင်း ... တိုးကို ခွင့်လွှတ်ပါနော် မိုး၊ ဟို ...

ဘယ်လိုပြောရမလဲ၊ ဥပမာ ဆိုပါတော့၊ တိုး ခြံထဲမှာ

ပန်းတွေရှိတယ်၊ ဒါပေမဲ့ ဒီပန်းတွေကို မကြိုက်လို့

ကပန်းကို ခူးပန်တယ် ဆိုတာမျိုးဆိုရင် တိုး ဝတ်ပါ

ခုတော့ ... တိုးခြံထဲမှာ ဘာပန်းမှ မရှိဘဲ၊ သူများခြံ

နေတဲ့ပန်းကို မက်မောစိတ်နဲ့ သွားခူးမိတာမျိုး ဆိုရင်

ရက်စရာ ကောင်းတယ် မိုးရဲ့"

တိုးတိုး မာနကို နားလည်ထားရသူ မိုးမိုးဆင့်

အလျှော့ပေးရတော့သည်။

"ဒါဖြင့်လည်း လုလုလေး ပြင်နော်"

"စိတ်ချ၊ ရှိတာလေးနဲ့ အစွမ်းကုန် ကျဲလိုက်မယ်၊ ဒိ

မှာ လုပ်တဲ့သူပေါ်နော့"

သည်တစ်ခါ တိုးတိုး ရယ်သံလေးမှာ ရွှင်ကြည်

တော့သတည်း။



ဆော်တယ်ဆော့နှင် မှန်တိုင်းငယ် သူဆင်လို

ပြဿနာက ကျူရှင်ကျောင်းမှာပင် စသည်။

စာမေးပွဲများ စစ်ဆေးတော့မည်မို့ သင်တန်းများ

းဆုံးလျှင် နွေရာသီသင်တန်းအချို့ ဖွင့်သင့် မဖွင့်သင့် တိုင်ပင်ဆဲ

မှာ နို့နှစ်ရောင် မာစီဒီးကြီးက ကျောင်းရှေ့သို့ ထိုးဆိုက်လာတော့

သည်။

သည်ကားကို မြင်လိုက်ကတည်းက ကျိုက္ကဆံပွဲသို့

သွားရန် တိုးတိုးကို လာခေါ်သည့် မိုးမိုးဆင့် ကားမှန်း မှတ်မိလိုက်

သည်။

မိုးမိုးဆင့်များ ကျောင်းသို့ ကိစ္စတစ်ခုခုနှင့် လာသလား။

ျင်မိ အတွေး မမှန်ပါ။ ကားပေါ်မှာ မိုးမိုးဆင့် မပါ။ ဂျင်မိတို့နှင့်

ွယ်တူတန်းတူ ယောက်ျားရွယ် တစ်ဦးသာ။

"ကိုဖြိုး"

ကိုဝေဖြိုးကို ဖြိုးပြသည်။ ကိုဝေဖြိုး အမည်ကို
လှမ်းခေါ်သည်။ ကိုဝေဖြိုးကလည်း ပြန်ဖြိုးပြသည်ဆိုတော့
မိတ်ဆွေ တစ်ဦးဦးသာပဲ။

"လာ ... ကိုထွန်း"

"ခင်ဗျားကို လာညှဉ်းတာပဲဗျို့၊ ပြောပါ ... ကရိ
ကျွေးမှာလား၊ အင်းလျားလိတ်မှာ ကျွေးမှာလား"

ကိုထွန်း ဆိုသူက ခပ်ပြုံးပြုံးပြောရင်း ဝင်ထိုင်
သူ့စကား အသွားအလာက ကိုဝေဖြိုးကို အမျိုးသမီးတစ်ဦး
နောက်ပြောင်ခြင်းမှန်း သိသာလွန်းသည်။ ကိုဝေဖြိုးနှင့် လူကြ
ကမ်းလှမ်းထားသူ၊ စကားဆိုထားသူ၊ လူငယ်ချင်းက လ
တတီး မရှိလှသည့်တိုင် စိမ်းသည်ဟု မဆိုနိုင်သူ ဤမိန်းက
ဆုဇီ။ ဂျင်မီ နမရင်း။

ဂျင်မီ မျက်နှာမှာ ဖျဉ်းခနဲ ပူရှိမ်းသွားရသည်

"ဘယ်မှာမှ မကျွေးဖြစ်သေးပါဘူး ကိုထွန်းရ"

ကိုဝေဖြိုးက ချင့်ချင့်ချိန်ချိန် ဆိုသည်။ ပြသ
သည် အလုံးအရင်းနှင့် ထုထည်ကြီးမားစွာ ဖြစ်ထွန်းထ
သိလိုက်ရသည်။

"ဒါ ကျွန်တော်နဲ့ ကျောင်းတုတုထောင်တဲ့ ဆရာ
ကိုဂျင်မီ ... ဒါက ကျွန်တော့်သူငယ်ချင်း ကိုထွန်းတဲ့
ကထွက်ပြီး ဂါးဗားမင့်ဆားဗစ် မဝင်ဘဲ သူ့အိမ်က
ငန်းမှာပဲ ပြန်ပြီးဦးစီးနေတဲ့ ကိုထွန်းတဲ့"

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ် ကိုထွန်း၊
လာလည်ပါခင်ဗျာ"



"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ကိုဂျင်မီ၊ ခင်ဗျားလူ
ကိုဖြိုးက ကောင်းစားလွန်းအား ကြီးတယ်ဗျ၊ ဟိုနေ့က
လက်ဝဲရံ လက်ယာရံနဲ့ ကိုဖြိုး ဆိုတဲ့အတိုင်း ဖြိုးနေတာ"

"ဟာ ... ကိုထွန်း၊ မပြောကောင်း ပြောကောင်းဗျာ"

သည်လူ့ပါးစပ်ပေါက် ပိတ်သွားအောင် မည်သည့်နည်း
င် ဆိုရပါ့။ လှည့်ပတ်ဖုံးဖိခြင်း အတတ်ကို မကျွမ်းကျင်ခဲ့သည်က
င် ဝမ်းနည်းစရာ ဖြစ်ရတော့သည်၊ ကိုဝေဖြိုး မျက်နှာပျက်စပြုပါ

"ကျွန်တော့်ဆီမှာ ကားတောင်းတယ် ကိုဂျင်မီရာ၊ သူလည်း
ကားအရှိသားနဲ့ဟာကို၊ ဒီတော့ ... မီးမောင်က ထွက်လိုက်
တယ်၊ ဒီလူတော့ အကြံအဖန် လုပ်တော့မယ်လို့"

"မဟုတ်ပါဘူးဗျာ ... ကိုထွန်းကလည်း"

"တွေ့လား ကိုဂျင်မီ၊ အဲဒီလောက် ပိတ်ပင်လေ၊ ဒီကလည်း
ပြောချင်လေ၊ ကျွန်တော် သိရင် သူကြီးအိမ်က မောင်းကွဲကြီး
ထုတာထက် ရွာလုံးကျွတ်ပျံ့တာ"

"သတင်းမှားတွေချည်း မှတ်လား"

"မျက်စိနဲ့ တပ်အပ်မြင်တာဗျ၊ သူငယ်ချင်းတွေက ကျိုက္ကဆံ
ကွင်း သွားရအောင် လာခေါ်တာနဲ့ လိုက်သွားတော့ တို့ကိုဖြိုး
ကြီးက ဒရိုင်ဘာစတိုင်နဲ့ ရပ်ထားတဲ့ ကားပေါ်မှာ တစ်ယောက်
တည်း ငုတ်တုတ်၊ တော်ကြာတော့မှ မဒီကညာလေးတွေက
ကွင်းထဲက ထွက်လာတယ်၊ ကျွန်တော့် ယာဉ်မောင်းကို
ခင်ဗျား ဘယ်လို ပတ်လွတ်လိုက်သလဲ ပြော"

ကိုထွန်းက ကိုဝေဖြိုး ဗိုက်ကို လက်သီးနှင့် တစ်ချက်
အောင် ပိတ်ထိုးရင်း ရယ်သည်။ ကိုဂျင်မီ ရင်ထဲမှာ နည်းနည်း

တော့ အခုန်မြန်လာပါပြီ။ ကိုဖြိုး တွဲခုတ်လာသည့် အမျိုးသမီးနှစ်ဦး အနက် ဆူဇီ မပါတာတော့ သေချာပြီ။ ဘယ်သူနဲ့လဲ၊ ကိုဖြိုး ဘယ်သူနဲ့ တွဲနေသလဲ၊ ဆူဇီ အပေါ်မှာ စိတ်မဝင်စားဘူးလား တော်ရုံတန်ရုံ အပျော်သက်သက် ဆိုတာများလောက်တော့ ယောကျ်ား ချင်း၊ ယောကျ်ားစိတ်နှင့် စာနာကာ ခွင့်လွှတ်ရမည်။

တိုးတိုးကို လာခေါ်သွားတုန်းကလည်း ဒီကား၊ တိုးတိုး နဲ့ မိုးမိုးဆင့်လား၊ မဟုတ်နိုင်ဘူး ထင်တယ်၊ ကိုဖြိုး ဒီလောက်တော့ သိက္ခာမမဲ့တန် ကောင်းပါဘူး။

"ကျိုက္ကဆံကွင်းကအပြန် ကရဝိတ်ထဲ တန်းမောင်းဝင်သွားတဲ့ အထိ ဒီမောင် ကိုရွှေထွန်းတို့ ထက်ကြပ်မကွာ ပါခဲ့ရပါ သဗျား၊ ဟား ဟား ဟား ဟား"

"ဟာ ... ကိုထွန်းကလည်း အဲဒါ ရိုးရိုးသားသားပါ"

"ဒီလောက် မျက်စိအောက်က အပျောက်မခံနိုင်အောင် ယုယ နေတာ ရိုးနိုင်ပါ့မလားဗျ၊ နှစ်ယောက်လုံး အချောအလှ အပျိုစားတွေချည်းပေမဲ့ ဘယ်သူဟာ ခင်ဗျားပစ္စည်းလဲဆိုတာ မောင်မောင်ထွန်းတို့က သိသနော"

"ဘယ်သူမှ ကျွန်တော့်ပစ္စည်း မဟုတ်ဘူး"

ကိုဝေဖြိုး အသံများ မာကျောသယောင် ဖြစ်လာသည်။ ကိုဂျင်မီလည်း မျက်နှာပျက်စပြုပြီ။ သိချင်လွန်းလှပြီ။ သူပါရောရွှ ဝင်ပြောင်နောက် မေးမြန်းလုပ်ရအောင်ကလည်း ဆူဇီအစ်ကိုတစ် ယောက်အနေနှင့် သဝန်တိုရာ ကျတော့မည်။

"လှထားလိုက်တာလေးကလည်း စက်စက်ယိုပါရောလားဗျာ ကိုဖြိုးကြီး ခွဲလောက်ပါရဲ့၊ ပွေ့ချီသွားတော့မလောက် ဂရု စိုက်နေတာ၊ ရေခဲမုန့်စားကြတော့လည်း ခွဲ့မကျွေးရုံတစ်မယ်"



"ဒီလူဗျာ ... ကြံကြံဖန်ဖန် လိုက်ချောင်းတယ်၊ ခင်ဗျားပြော သလို မဟုတ်ပါဘူး"

"အဲဒီ အငြင်းစကားက ဝန်ခံရာ ရောက်တယ်"

"ခက်တော့တာပဲဗျာ"

စိတ်ဆင်းရဲခြင်းဒုက္ခကို ခုမှ ကိုဝေဖြိုး ပီပီပြင်ပြင် သောပေါက်တော့သည်။ ထိုညက တော်တော်ကလေး အလုပ်ရှုပ် ရသည်။ ကိုထွန်း ထံမှ ယာဉ်မောင်းနှင့်အတူ ကားပါတောင်း၊ မေ့ကိုထည့်၍ မိုးမိုးဆင့်အိမ် သွားခေါ်ခိုင်းရသည်။ ရောက်လာ တော့ မေမေ ပြန်ဆင်း၊ မိုးမိုးဆင့် တိုးတိုးအိမ် သွားခေါ်ခိုင်း၊ အိမ် ကျော့ပြန်ရောက်တော့မှ ယာဉ်မောင်းကြီးအား ငွေနှစ်ဆယ်ငါးကျပ် ဖော်၍ ပြန်လွှတ်၊ ကောင်မလေးနှစ်ယောက်နှင့်အတူ မေမေ့ကို ခေါ်၍ မီမီကိုယ်တိုင်မောင်း။

အပြန်ကျတော့ တိုးတိုးကို သွားပို့၊ အိမ်ရှေ့တည့်တည့် မရပ်ဘဲ မောင်ရိပ်နား သွားရပ်ထားရသေးသည်။ မိုးမိုးဆင့်ကို င်းပို့ခိုင်း၊ အမေနှင့်အတူ မိုးမိုးဆင့်ကို လိုက်ပို့ရသေးသည်။ အိမ် တော့ ကားကိုသိမ်းထား၊ နောက်တစ်နေ့ မနက်အစောကြီးမှ ထွန်း ယာဉ်မောင်းက ကားကို လာမောင်းယူသွားခြင်း ဖြစ်သည်။ က်ပြင်းမှုမှုကြီးကို "ဟူး"ခနဲ မှုတ်ထုတ်လိုက်သည့် ကိုဝေဖြိုးကို ဂျင်မီ မျက်နှာပျက်ပျက်နှင့် လှမ်းကြည့်သည်။

"လူမှုရေးအရ မိန်းကလေးတွေရဲ့အိမ်ကို လိုက်မကြည့်တော့ ပါဘူး၊ ဒါလေးတစ်ခုတော့ ကိုဖြိုး ပါးစပ်က ပြောပစေဆို ပြီး၊ ကိုဖြိုးကြီးဗျာ၊ တကယ်စွဲတယ်၊ ငယ်လိုက် နုလိုက် လှ လိုက်တာလေးက ထိရက်စရာမှ မရှိတာပဲ၊ ခင်ဗျား မားသား ကြီးက ကရဝိတ်ထဲကျတော့ ဘာဖြစ်လို့ မလိုက်တော့တာလဲ"

"ခင်ဗျား ထင်တာတွေ အားလုံး လွဲနေပြီ"

"မျက်စိနဲ့ တပ်အပ်မြင်တဲ့လူကို မဟုတ်ဘူး ပြောတာကတော့ လွန်တယ်ဗျာ၊ မကျေးချင်တာနဲ့ ပလီတာဟာ ကပ်စေးနည်းခြင်း သဘောကို ဆောင်တယ်"

ကိုထွန်းကပင် စိတ်ဆိုးမာန်ဆိုး ဖြစ်လာတော့သည်။ ကိုဂျင်မီကလည်း တစ်ခွန်းမျှ ဝင်မပြောပေမင့် မျက်စိမျက်နှာ ပျက်နေပြီ။ ကိုဝေဖြိုးနှင့် တွေ့ခဲ့သူ အမျိုးသမီးကလေး နှစ်ဦးတို့သည် တိုးတိုးနှင့် မိုးမိုးဆင့် ဖြစ်နိုင်သည်။ မဖြစ်ဖူးပဲထား တခြားမိန်းကလေးများနှင့် ဤမျှ ဒွေးရောယှက်တင်ဆိုတော့ နှမပေးရမည့်ယောက်ဖလောင်း အနေနှင့် အဘယ်မှာ စိတ်ချမ်းသာနိုင်ပါတော့မည်နည်း။

ကိုဝေဖြိုး ကိုယ်တိုင်တော့ ဘေးကျပ်နံကျပ်မှ တကယ်မဟာဘေးကျပ်နံကျပ်ကြီး။ မိန်းကလေးတွေ ကစားလေ့ရှိသည့် ထုပ်ဆီးတိုးတမ်း ကစားနည်းမှ "ညှပ်ပူးညှပ်ပိတ်"ဟူသည့် အဖြစ်မျိုး။ စိတ်ကြီးများနယ် ညစ်ပါဘိ။ ပြဿနာနယ် ရှုပ်စရာမရှိ ရှာကြံရှုပ်ရန်ကော။

"ဒီမှာ ကိုထွန်း"

"ဆိုဗျာ"

"ကျွန်တော်နဲ့ လက်ထပ်ဖို့ လူကြီးချင်း စီမံထားတယ်ဆိုတဲ့ မိန်းကလေးနာမည်က ဆုဇီတဲ့၊ ဟောဒီ ကိုဂျင်မီရဲ့ ညီမအငယ်ဆုံး"

"ဟောဗျာ"

ကိုထွန်း ခမျာ စိတ်ပျက်အားနာသွားရသည်။ ကိုဝေဖြိုးကို တစ်လှည့် ကိုဂျင်မီကို တစ်လှည့်၊ အားနာပါးနာ ကြည့်မိသည်။ စကားမဆိုဘဲ တောင်းပန်မိတော့သည်။ ကိုဂျင်မီ ကျတော့ တစ်ခုခု



ည်း ဝင်ပြောချင်သည်။ ဤနည်းအားဖြင့် သဘောထားကြီးမှုကို ပြချင်သည်။ သို့ပေမင့် ပြောလည်း မပြောသာ။ ပြောစရာစကားလည်း ရှာမတွေ့။ အနေရ အထိုင်ရ ခက်နေတော့သည်။ လောလောဆယ် သူတို့သုံးဦးသား၏ အဖြစ်ကို လှတောသားတို့စကားနှင့်သာဆိုရပါမူ ဝါးလုံးခေါင်းထဲ ဆင်တစ်ကောင်လုံး ရိုက်သွင်းထားသည့်နယ် ကျဉ်းကျပ်လိုက်ကြပါသည့် ဖြစ်ခြင်း။

"ခင်ဗျား တွေ့ခဲ့တဲ့ မိန်းကလေးနှစ်ယောက်က ကျွန်တော့် တပည့်မကလေးတွေ၊ ဘာမှမဆိုင်ဘူး၊ ဒါပေမဲ့ ..."

ဩော် ... စကားဆက်ရန် ခက်လှပါဘိခြင်း။

"ဒါပေမဲ့ အဲဒီထဲက တိုးတိုး ဆိုတဲ့ မိန်းကလေးဟာလည်း ဟောဒီ ကိုဂျင်မီရဲ့ နှမဝမ်းကွဲကလေးပဲမို့ ကျွန်တော့်ခယ်မလောင်းလို့ ဆိုရင် ရနိုင်တဲ့ ကလေးမလေး"

ဂျင်မီက စီးကရက်တစ်လိပ်ကို မီးညှိ၍ ဖွာသည်။ ဘာလုပ်ရမှန်း မသိသောကြောင့် လုပ်မိလုပ်ရာ လုပ်ခြင်းဖြစ်ပါသည်။ စီးကရက်ဖွာရင်း နားတော့ စွင့်မိသည်။

"အမိက,ကတော့ အဲဒီ ကလေးမလေးကို ကျွန်တော်သနားလို့ လှတော သူတော ကလေးထဲ ဝင်ဖူးပါစေတော့ရယ်လို့ လိုက်ပို့တာပဲ၊ ကျိုက္ကဆံကွင်းထဲကို မေမေနဲ့ ကလေးမနှစ်ယောက်ပဲ သွားကြတယ်၊ ကျွန်တော် မလိုက်ဘူး၊ ကားပေါ်မှာ စောင့်နေတယ်၊ အပြန် ကရဝိတ်မှာ မုန့်ဝင်ကျွေးတော့ မေမေက ရေခဲမစားရဲတာနဲ့ ကားထဲမှာ ကျန်ခဲ့တယ်"

ဂျင်မီ ဘက်သို့ မျက်နှာမူသည်။ ဂျင်မီ မျက်စိအစုံကို ရဲရဲကြည့်သည်။ မိမိမှာ ကောက်ကျစ်စဉ်းလဲခြင်း ကင်းကြောင်းကို ရဲဝံ့ခြင်းဖြင့် သက်သေပြလိုသည်။

"အဲဒီအတွက် ကိုဂျင်မီ ခွင့်လွှတ်ပါ။ သူများမိသားစုအရေး အခင်းထဲမှာ ဝင်ရှုပ်သလို ဖြစ်တဲ့အတွက်လည်း ကျွန်တော့် အပြုအမူဟာ အောက်တန်းကျသွားတယ် ထင်ရင် ကိုဂျင်မီ ကြိုက်သလိုပြောပါ၊ ကျွန်တော့် ရင်ထဲမှာတော့ ရိုးသားတယ်၊ အဲဒါတွေ အားလုံးဟာ အဖြစ်မှန်တွေပဲ"

သမီးယောက်ဖလောင်းနှစ်ဦးကြား ဝင်ရှုပ်သလိုဖြစ်ရသော ကိုထွန်း ခမျာ မိမိကြောင့် ပြဿနာတွေ ရှုပ်ကုန်ရသည်မို့ ပဲလှော်နှစ်ခြမ်းကြား ဆားညပ်သည့်နယ် နိုးလိုးခုလု ဖြစ်ရပါဘိခြင်း။

"မေမေ့ကို အသိပေးပြီး ခေါ်ခဲ့တာမို့လည်း ကျွန်တော့် ရင်ထဲမှာ လိပ်ပြာသန့်တယ်၊ အမှန်က ဟိုနေ့က မလိုက်ခဲ့ ရတဲ့အတွက် တိုးတိုးကို သနားလို့"

ဂျင်မီက စီးကရက်/မီးခိုးများကို မှုတ်ထုတ်သည်။ ကိုဝေဖြိုးကို တစ်ချက်ကြည့်ပြီး မျက်လွှာပြန်ချသည်။ သူ့အနေနှင့် ကျတော့ မျက်ဝန်းချင်းဆုံရန် နည်းမျိုးစုံနှင့် မျက်နှာပူနေရမတော့သည်။

"ကျွန်တော်တို့ သွားတဲ့နေ့ကတည်းက ခေါ်ခဲ့ဖို့ကောင်းတာပေါ့ ကိုဖြိုး၊ အဲဒါက ပထမတစ်ချက်၊ နောက်ပြီး ..."

"နေဦး ကိုဂျင်မီ၊ ကျွန်တော် တစ်ခုချင်း ရှင်းချင်တယ်၊ တစ်ခါတည်း မခေါ်ခဲ့တာက ကားကျပ်တာရယ်၊ ဆူဇီက လိုက်စေချင်ပုံ မပေါ်တာရယ်ကြောင့်"

"ဆူဇီ ဆန္ဒကို ခင်ဗျား အဲဒီလို အလေးအနက် ထားတယ်ဆိုရင် အခုကိစ္စကျတော့လည်း ဆူဇီ ကျေနပ်မှာမှ မဟုတ်တာ"



ဂျင်မီ စကားက နည်းလမ်းကျသည်။ ယောက်ဖ သာင်းတစ်ဦး အနေနှင့်ပဲဆိုဆို၊ သူငယ်ချင်းအနေနှင့်ပဲ ပြောပြော။ ကိုဝေဖြိုးဘက်ကကျတော့လည်း အဖြေရှိသည်။

"ဆူဇီ ဆန္ဒကို အလေးအနက်ထားပြီး မခေါ်ခဲ့တာမှ မဟုတ်တာ၊ ဆူဇီ မခေါ်ချင်တော့၊ လိုက်လာခဲ့ရရင်လည်း တိုးတိုး ခမျာ အငြိုအငြင်ခံနေရတာနဲ့ပဲ မပျော်တဲ့အပြင် စိတ်တောင် ညစ်ဦးမယ်"

ဟူ၍ ဖွင့်ပြောချင်သည်။ ပြေချင်သည်။ ခပ်ပြတ်ပြတ် ပ်ရှင်းရှင်း ဆိုရပါမူ "ဆူဇီကို ဂရုစိုက်တာ မဟုတ်ဘူးဗျ၊ တိုးတိုး ကို ဂရုစိုက်တာ" ဟူ၍ ဆိုပေမင့် ပြောလို့ကောင်းပါ့မလား၊ ကိုဂျင်မီ စ်ယောက်လုံး ငုတ်တုတ်ထား၍ သည်စကားများ ပြောလျှင် ာ်ကားရာ ကျတော့မည်။ ဆူဇီကို လက်ထပ်ပါမည်ဟု ကတိက ည်း ပေးပြီးသား မဟုတ်လား။

"အဲဒီနေ့ကတော့ တိုးတိုး ကိုယ်တိုင်ကလည်း ငြင်းတယ်"

"နောက်နေ့ကျတော့ ပူဆာသလား၊ ဟုတ်လား ကိုဖြိုး"

"တိုးတိုး မပူဆာပါဘူး၊ ကျွန်တော်က တိုက်တွန်းတာ၊ ကျွန်တော် စီမံတာ၊ မေမေနဲ့ မိုးမိုးဆင့်ကို အကူအညီတောင်းတာ၊ အားလုံး ကျွန်တော်ချည်းပဲ"

"တိုးတိုးက ဘာဖြစ်လို့ ဒီကိုလိုက်တယ် မသိဘူး"

"သူ လူပဲ ကိုဂျင်မီ၊ လူသားတစ်ယောက်ရဲ့ လွတ်လပ်ပျော် ရွှင်မှုမျိုးကို ခံစားချင်မှာပေါ့"

"အဲဒီအခွင့်အရေး ဆုံးရှုံးနေတယ်လို့ စွပ်စွဲချင်သလား ကိုဖြိုး၊ တိုးတိုးဟာ ကျွန်တော့်နှမ ဝမ်းကွဲပါ၊ ကျွန်တော်တို့အိမ်မှာ ..."

“မစွပ်စွဲချင်ပါဘူး ကိုဂျင်မီ၊ ဒါပေမဲ့ သူ မတောင်းရဲဘူးထင်လို့ ကျွန်တော့်ဆန္ဒနဲ့ ကျွန်တော် ...”

“ခင်ဗျား တိုးတိုးကို စိတ်ဝင်စားနေသလား၊ ကျွန်တော် အမှန်သိချင်တယ်”

“နှမနှစ်ယောက်လုံးရဲ့ အစ်ကိုအနေနဲ့ ခင်ဗျား သိပ်မေးသင့်တဲ့ မေးခွန်းပါ ကိုဂျင်မီ၊ ဒီမေးခွန်း မေးမှ မေးပါ့မလားလို့”

အခြေအနေက မသိမသာ တင်းမာစပြုသည်။ နှစ်ဦးသား၏ မျက်နှာမှာ အပြုံးမရှိပါ။ ကိုဝေဖြိုးက ဆက်ပြောသည်။

“စိတ်ဝင်စားတယ်ဆိုတဲ့ စကားဟာ အဓိပ္ပာယ်အမျိုးမျိုး ထွက်ပါတယ် ကိုဂျင်မီ၊ ခင်ဗျားကို အစ်ကိုတစ်ယောက် အနေနဲ့လည်း အားနာတယ်၊ မျက်နှာပူရာမယ်လို့ ကိုယ်ချင်းစာမိတယ်၊ ကျွန်တော် တည့်တည့်ပြောပါရစေ”

“ပြောပါ၊ ကျွန်တော်ကလည်း အမှန်အတိုင်း သိချင်တယ်”

“တိုးတိုးကို စိတ်ဝင်စားတယ်၊ သနားတယ်၊ တော်တော်လေးလေးနက်နက်ကလေး သနားတယ်၊ ချစ်သလား မေးရင် ချစ်တယ်လို့ပြောမယ်၊ ဒါပေမဲ့ ကျွန်တော် ချစ်တာ နှမအငယ်ဆုံးကလေးလို၊ သမီးကလေးလိုပဲ၊ သာမန်တပည့်တစ်ယောက် မိတ်ဆွေမိသားစုထဲက ကောင်မလေးတစ်ယောက် အနေထက်တော့ သံယောဇဉ် အများကြီးရှိတယ်”

“အဲဒီ ရိုးရိုးသားသား စေတနာထားနိုင်တဲ့ အခွင့်အရေးကို လူသိနတ်ကြားယူလို့ ရသားပဲ မဟုတ်လား ကိုဖြိုး”

“ဆူဇီကြောင့် မရနိုင်ဘူးထင်တယ် ကိုဂျင်မီ”

“ဆူဇီက ကိုဖြိုးအပေါ် တော်တော်ဆိုးနေလို့လား”



“ရှင်းရှင်း ပြောရရင် ဆိုးတယ် ကိုဂျင်မီ၊ ဒါပေမဲ့ ကလေးဆိုးနဲ့တာမျိုးပဲဆိုပြီး ကျွန်တော် နားလည်တယ်၊ ခွင့်လွှတ်တယ်”

“အခုကိစ္စ ဆူဇီ သိရင် မိုးမီးလောင်လိမ့်မယ်”

“သေချာတာပေါ့၊ ဆူဇီ သိရင် လောင်မီးကျမယ်၊ အဲဒီလောင်မီးက ကျွန်တော့်အပေါ်မှာ ကျမှာထက် တိုးတိုး အပေါ်ပိုကျမှာ ကျွန်တော် သိတယ်၊ တိုးတိုးမှာ ပြဿနာတက်မယ်၊ အဲဒါကြောင့်ပဲ နိုးကြောင်နိုးဝှက် သဘောမျိုး လုပ်မိတာပါ”

“ကျွန်တော့်ကိုတော့ ဖွင့်တိုင်ပင်သင့်တယ်လို့ ထင်တယ်”

“ခင်ဗျား ဒီလောက် ညာညာတာတာ ပြောဖော်ရတာ၊ စိတ်ဓာတ်တည်တည်ငြိမ်ငြိမ်နဲ့ ပြောနေနိုင်တာကို ကျွန်တော် ကျေးဇူးလည်းတင်၊ ဝမ်းလည်းသာ၊ ချီးလည်းချီးကျူးပါတယ် ကိုဂျင်မီ၊ ခင်ဗျား စိတ်ဓာတ်က ယောကျ်ားပီသပါတယ်၊ ကျွန်တော့်ကို ခင်ဗျားကြိုက်သလို အပြစ်တင်နိုင်ပါတယ်”

“ကျွန်တော် နောက်တစ်ခု မေးချင်သေးတယ်”

“မေးပါ”

“ဆူဇီကိုရော ခင်ဗျား စိတ်ဝင်စားရဲ့လား”

“မျက်စိနောက်တယ်” ဟုသာ ဖြေချချင်သည်။ သည်လိုပုံစံနှင့် မိန်းကလေးမျိုးကို လက်ထပ်လိုစိတ် အလျှဉ်းမရှိပါ။ မေမေက ဆူဇီမှ မယူလျှင် သေရတော့မလောက် ဖြစ်နေသည်။

“ကိုဂျင်မီ ယုံချင်မှ ယုံပါ၊ ကျွန်တော် ဒီနေ့ထိ တစ်ခါမှ ချစ်တဲ့ကြိုက်တဲ့ မိန်းကလေး မတွေ့ဖူးသေးဘူး၊ ရည်းစားဆိုတာ တစ်ခါမှ မထားဖူးဘူး၊ ဆူဇီကျတော့ ခင်ဗျားညီမလေး အဖြစ် သံယောဇဉ် ရှိတယ်၊ မေမေက ဆူဇီကို သဘောကျတယ်၊ ခင်ဗျားတို့ဘက်ကလည်း ကျေနပ်တယ်၊ ဆူဇီကိုယ်

တိုင် မငြင်းဘူး၊ ဒါကြောင့်မို့ ဆူဇီကို လက်ထပ်ဖို့ ကျွန်တော်...
ကတိပေးတယ်"

တိုးတိုးနှင့် ဆူဇီကို နှိုင်းယှဉ်ပါလျှင်တောင် သံယောဇဉ်... က တိုးတိုး အပေါ်မှာ ပိုနေကြောင်းက ထင်ထင်ရှားရှား။ ကိုဝေဖြိုး... စကားများက သက်သေခံနေကြသည်။ ဂျင်မီ အဖို့မှာ မည်သည့်... ရှုထောင့်မှ လှည့်ကြည့်စေဦး စိတ်ကျေနပ်စရာမမြင်။ သို့သော်... နှမရင်းထက် ဝမ်းကွဲနှမပေါ် သံယောဇဉ် ပိုရကောင်းလား... အပြစ်တင်ရပါလျှင်လည်း ဂျင်မီသာ လွန်ရာရောက်တော့မည်... သည့်လိုကိစ္စမျိုးကျတော့ ဘေးလူအနေနှင့်သာ ဝေဖန်လို့ ကောင်း... ပါမည်။ ယောက်ဖလောင်း တစ်ဦးက အဘယ်သို့ ဆိုရပါမည်နည်း...

"ဒီ ... ဒီမှာ ကိုဂျင်မီ"

ငုတ်တုတ်ထိုင်ကာ စိတ်ဓာတ်ကျနေသည့် ကိုထွန်း... ခုမှ ဝင်ပြောသည်။ ဂျင်မီက ကိုထွန်း တစ်ယောက် မပြန်သေးကြောင်း... ယခုမှ သတိထားမိသည်။

"ဟုတ်ကဲ့ ကိုထွန်း"

"စောစောက ကျွန်တော် ပြောခဲ့တာတွေထဲမှာ ကိုဖြိုး... နောက်ချင်တာနဲ့ သည်းတာလည်း နည်းနည်းပါပါတယ်... ဟို ... မွေ့တော့ ချိုတော့မလောက်တို့၊ ခွံ့မကျွေးရုံတစ်မယ်... ဆိုတာ ကျွန်တော်ကလည်း အကြောင်းမသိလို့ ပိုပြောမိ... တယ်"

"ရပါတယ် ကိုထွန်း၊ ကိစ္စမရှိပါဘူး"

"မေမေဟာ ဆူဇီကိုမှ ချွေးမ မတော်ရရင် သေရတော့... လောက် ဆန္ဒပြင်းသူပါ ကိုဂျင်မီ၊ အဲဒါကို ယုံပါ၊ အဲဒီနေရာ... မေမေ ကိုယ်တိုင်လည်း ပါပါတယ်၊ တိုးတိုးကို သနား...



ဒီလိုဒီလို စီစဉ်ချင်တယ် ဆိုတုန်းက မေမေက လူကြီးဖိပီ တားပါသေးတယ်၊ ဒါပေမဲ့ ကျွန်တော့်စိတ်ဓာတ်ကို မေမေ နားလည်တယ်၊ ကျွန်တော် မဟုတ်တရုတ် စိတ်ထားနဲ့တွဲခုတ် ချင်တာမဟုတ်ကြောင်း မေမေ သဘောပေါက်တယ်၊ ဒါကြောင့် ကူညီတာပါ၊ တိုးတိုးကို တွေ့တော့လည်း မေမေကိုယ်တိုင် က ချစ်စရာ သနားစရာကလေးဆိုပြီး သံယောဇဉ် ဖြစ်သွား တယ်၊ သူ့ခများကလေး ပျော်ရှာပါစေလို့တောင် ပြောတယ်၊ ဒီကိစ္စအတွက် ပြဿနာဖြစ်လာရင်တောင် မေမေက သူလာ ရှင်းပေးမယ်တဲ့"

"မလိုပါဘူး ကိုဖြိုး၊ ကျွန်တော်တို့က ဒီလောက်လည်း စိတ် ထားမနုကြပါဘူး"

ရင်ထဲမှာတော့ ... "ခင်ဗျားမေမေ သနားလောက် အောင်ကျလောက်အောင် ခင်ဗျားကိုယ်တိုင်က ဘယ်လောက်ပို့ပေး ထားမှန်းမှ မသိတာ"... ဟု ပြောနေမိသည်။

"ကျွန်တော်တို့ ယောကျ်ားချင်းချင်း၊ သူငယ်ချင်းချင်း ပွင့်ပွင့် လင်းလင်း ပြောရရင်တော့ ဒီမှာ ကိုဖြိုး၊ ခင်ဗျားကိုလူတော် တစ်ယောက်အနေနဲ့ ကျွန်တော် သဘောကျပြီးသားပါ၊ ဆူဇီ နဲ့ဆိုရင်လည်း ကြည်ဖြူတာပဲ၊ တိုးတိုးနဲ့ဆိုလည်း ကြည်ဖြူ တာပဲ၊ နှစ်ယောက်လုံး နှမချည်းကိုး"

ကိုဝေဖြိုး မျက်နှာ ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။ အစ်ကိုတစ်ယောက်လုံးက ပြောင်ပြောင်ပြောနေတော့ သူ မနေတတ်၊ မထိုင်တတ် ဖြစ်ရသည်။

"အဲ ... တိုးတိုးက ဝမ်းကွဲ၊ ဆူဇီက အရင်းမို့ ခင်ဗျားလို လူကို ဆူဇီနဲ့မှ ပိုဖြစ်စေချင်တယ် ဆိုတာမျိုးအထိလည်း

ကျွန်တော့်စိတ်ထား မသေးသိမ်ဘူး၊ ဒါပေမဲ့ နှစ်ယောက် နဲ့တော့ ဘယ်လို အစ်ကိုမျိုးက ကြည်ဖြူနိုင်ပါမလဲ"

"ဟာ ... ကိုဂျင်မီ၊ ကျွန်တော် ဆူဇီကိုသာ လက်ထ ကတိပေးထားတာပါ"

"တစ်ယောက်ကို လက်ထပ်ဖို့ ကတိပေးပြီး ကျန်တစ်ယေ အပေါ် အသနားပိုနေတာကျတော့လည်း ပြတ်ပြတ်သာ မရှိပြန်ဘူးဗျ၊ ဒါဟာလည်း ကြည်ဖြူနိုင်စရာ မဟုတ် ခင်ဗျား ရွေးပါ၊ တိုးတိုးကို ရွေးသွားလည်း ကျွန်တော် နပ်ပါတယ်၊ အဲ ... ခင်ဗျားမားသားကြီးကတော့ ကျေ ချင်မှ ကျေနပ်မယ်ပေါ့လေ"

ဂျင်မီ စကားသံမှာ ငေါ်တော့တော့ဟန် စွက်ချင် ဆူဇီက တိုးတိုးထက် အဆပေါင်းများစွာ သာလွန်သည့် အ တစ်ချက် ရှိပါသည်။ ချမ်းသာကြွယ်ဝခြင်း ဖြစ်ပါ၏။ ဂျင်မီ များက ကိုဝေဖြိုး၏ မာနတံခွန်နှင့် ထိပ်တိုက်တွေ့သည်။ အ လင်မယားရယ်လို့ ဖြစ်လာခဲ့ပြီ ထားပါ၊ လုပ်ကိုင်ကျွေးမွေး သူက ယောက်ျားသား။ ဇနီးမယားတစ်ဦးကို အားနာပါး လက်ထပ်ဖြစ်ကောင်း ဖြစ်ပါမည်။ ငွေမက်လို့ဖြင့်တော့ မယူနိ နောက်ပြီး ချမ်းသာကြွယ်ဝခြင်း ဆိုသည်က မိမိမှာလည်း ဖြ ပြီးသား။

"ကျွန်တော် ဘယ်သူ့ကိုပဲရွေးရွေး တိုးတိုးကို မရွေးတာ အသေအချာပါ ကိုဂျင်မီ၊ အဲဒါ သူ ဆင်းရဲလို့ မဟုတ် လည်း အမှန်ပါ။ သူ့ကိုချစ်တာ လက်ထပ်ချင်တဲ့ မဟုတ်ဘူး၊ သွေးသားရင်းချာလို တွယ်တာစိတ်နဲ့ သနား နောက်ထပ် သေချာတာတစ်ခုက ဆူဇီကိုရွေးရင်လည်း



စိမ်ဥစ္စာကြောင့်တော့ မဟုတ်ဘူး၊ ကိုဂျင်မီတို့ မိသားစုတစ်ခု လုံးနဲ့ ရင်းနှီးတာ၊ လူကြီးတွေ ကြည်ဖြူတာတွေကြောင့်ပဲ"

ကိုဝေဖြိုး မျက်နှာက ခက်ထန်လာသည်။ ဂျင်မီ မျက်နှာကလည်း မပျော့ပျောင်းပါ။ သူတို့နှစ်ဦး၏ ခက်ထန်မာကျောမှု များသည် ကိုယ့်ဘက်ကကိုယ် တွေးတော့လည်း အကျိုးအကြောင်း က နိုင်လုံနေကြသည်။ သည်နေရာတွင် ပြဿနာတစ်ခု အထွတ် အထိပ်သို့ ရောက်ရာ၌ သူလွန်ကိုယ်လွန် မရှိဟု ကိုထွန်း ကြားဝင် ဆုံးဖြတ်မိသည်။ လွန်ခြင်းလွန်လျှင် မိမိသာ အလွန်၊ အေးဆေးငြိမ် သက်နေပါသည့် ကန်ရေပြင်ကို ခဲလုံးပစ်ချခဲ့သူက မိမိဟု ကိုထွန်း ခံယူသည်။ သူတို့သမီးယောက်ဖလောင်းနှစ်ဦး၏ ပြေပြစ်ချောမွေ့ လှပါသော ဆက်ဆံရေးလမ်းကြောင်းပေါ်မှာ ဆူးခက်များကို မနေ နိုင် မထိုင်နိုင် လာချပေးသကဲ့သို့ ဖြစ်နေပါပေါ့လား။

"ကဲပါဗျာ၊ ပြီးတာတွေ ပြီးပါစေတော့၊ နှစ်ဖက်လုံးက သဘောထားကြီးသူတွေချည်းပဲ၊ နောက်ပြီး စေတနာလည်း သန့်ကြတာပဲဟာ"

အခြေအနေ အဆင်ပြေပြေကလေးနှင့် ခွဲခွာနှုတ်ဆက် ကြပြီးကာမှ၊ ကိုဝေဖြိုးနှင့် ကိုထွန်းတို့ နှီနှစ်ရောင် မာစီးဒီးကြီးပေါ် ရောက်ကြပြီးကာမှ ...

"ကိုဖြိုး"

ဂျင်မီက အခန်းဝမှာ ရပ်နေသည်။ ကိုဝေဖြိုးက လှမ်း မော့ကြည့်သည်။

"ဆူဇီနဲ့ ပတ်သက်လို့ ခင်ဗျား စိတ်မပါရင် နောက်ဆုတ် နိုင်ပါတယ်၊ ဒါ ... ကျွန်တော် အားလုံးကောင်းဖို့ စေတနာ သန့်သန့်နဲ့ ပြောတာပါ၊ တိုးတိုး ပြဿနာ ဝင်လာတာနဲ့လည်း

မပတ်သက်ပါဘူး၊ အခြေခံ မခိုင်မြဲတဲ့ အဆောက်အအုံတစ်ခု ဟာ နောင်တစ်ချိန်မှာ ပြိုကျကွဲအက်ပြီး အားလုံး ဒုက္ခရောက် ရမှာမျိုးကို မဖြစ်စေချင်တဲ့ စေတနာပါ"

ကိုဝေဖြိုးက မျက်နှာကို အကြည်သာဆုံးဖြစ်အောင် ထား၍ ပြုံးပြသည်။ သူ ပြန်ပြောရမည့် ဝါကျတစ်ကြောင်းကို ရင် ထဲမှာ ကမန်းကတန်း စာစီရသည်။

"ခင်ဗျား စဉ်းစားပါ ကိုဖြိုး၊ ဒါဟာ ကျွန်တော် ယောကျ်ား ချင်း နားလည်မှုထားတဲ့ စေတနာပါ"

"ကျေးဇူးတင်ပါတယ် ကိုဂျင်မီ၊ ခင်ဗျား စေတနာကို နားလည်း လည်ပါတယ်၊ လေးလည်း လေးစားပါတယ်၊ ကျွန်တော် စဉ်းစားပြီးသား ကိစ္စပါ၊ ကျွန်တော် နောက်မဆုတ်ပါဘူး၊ ခင်ဗျားတို့ တိုင်ဝမ် မသွားဖြစ်ခင် အကောင်အထည် ဖော်ပါမယ်"

ကိုဂျင်မီ မျက်နှာမှ ခံစားမှု ဖော်ပြချက်မှာ မည်သည့် အဓိပ္ပာယ်ကို ဆောင်မှန်း မသိနိုင်အောင် ဖြစ်နေပါတော့သည်။



ဘကျည်းတန်ဘဝမှာ ခြေတစ်လှမ်းအစ

မိုးတောင်များ ပေါက်ကွဲသည့်အခါမှာ ချော်ရည်ပူများ အရှိန်အဟုန် ပြင်းထန်စွာ စီးဆင်းတတ်ပါသည်။ ချော်ရည်ပူ စီးကျ ရာလမ်းကြောင်းမှာ ရပ်တည်နေမိသူသည် ဖနောင့်နှင့် တင်ပါး တစ်သားတည်းကျအောင် ပြေးသော်ငြား ချော်ရည်ပူ စီးဆင်းလာ သည့်နှုန်းကို လွတ်အောင်မပြေးနိုင်၊ ဝါးမျိုလောင်မြိုက်ခြင်းကို ခံလိုက် ရပါ၏ဟူ၍ တိုးတိုး ကြားဖူးသိမှတ်ရဖူးသည်။ ယခု တိုးတိုး မှိန်မှိန် ရာ ကြီးကြီးဒေါ်ခင်အေးမြ၏ အိမ်မှာ မိုးတောင်ပေါက်ကွဲသည်။

လွှင့်စဉ်လာသော ပူပြင်းလောင်မြိုက်သည့် ချော်တုံး ချော်ခဲများမှာ တိုးတို့ ဘက်သို့ချည်း မျက်နှာမူသည်။ အရှိန်အဟုန် ပြင်းစွာ စီးဆင်းလာသည့် ချော်ရည်ပူ လမ်းကြောင်း၏ ရှေ့တူရူ မှာ တိုးတို့ ရှိနေရသည့်အဖြစ်။ အားကုန်ပြေးသော်မှ မလွတ်နိုင် သည့် စီးဆင်းနှုန်း အရှိန်အဟုန်ကို တိုးတို့ ခမျာ ပြေးစရာ မြေမရှိ ငုတ်တုတ်ခံရပါသတည်း။

ကိုဝေဖြိုး မိခင် ဒေါ်သိန်းမေကတော့ စေတနာနှင့်ပါ။ သူကြီးပီပီ ကြေရာကြေကြောင်း လာပြောခြင်းဖြစ်သည်။ ကိုဝေဖြိုး

သည် တပည့်မကလေး တိုးတိုး အပေါ် နှမသားချင်းသဖွယ် အလွန် စေတနာထားမိကြောင်း၊ ပွဲမကြည့်ဘူးသည့် ကလေးတစ်ယောက်ကို ပွဲလိုက်ပြသည့် မိဘသဖွယ်၊ သနားစိတ်နှင့် ပြုမိကြောင်း ဆူဇီက ကလေးစိတ်နှင့် ပြိုင်ပြင်မည် စိုးပါ၍ ဆူဇီ မသိနိုင်အောင် စိမ်မိပါကြောင်း၊ သား၏ ရိုးသားသော စေတနာကို နားလည်သဘောပေါက်ပါ၍ မိမိကိုယ်တိုင်ပင် လူကြီးတန်မဲ့ ကူညီမိကြောင်း စသည် စသည် များကို ဒေါ်ခင်အေးမြ နားလည်စွာ ခွင့်လွှတ်နိုင်လိမ့်မည် ထင်ကြောင်း မှအစချီကာ ကိုဝေဖြိုးနှင့် ဆူဇီတို့ လက်ထပ်ပွဲကိစ္စအတွက် အမြန်ဆုံး အကောင်အထည် ဖော်လိုကြောင်းနှင့် နိဂုံးချုပ်ပါသည်။

"ကိုဖြိုး လုပ်ပုံက နည်းလမ်းတော့ မကျလှဘူးပေါ့ သိန်းရယ်၊ မြ တူမကလေးပဲဟာ၊ သူ ပွင့်ပွင့်လင်းလင်း ကူညီခွင့်ရနိုင်သားပဲ၊ ဒါပေမဲ့ ပြီးတာလည်း ပြီးပါပြီ၊ မြလည်း ဘယ်လိုမှ သဘောမထားပါဘူး"

ဒေါ်ခင်အေးမြ ရင်မှာ ကျေနပ်လှသည်တော့ မဟုတ်ပါ၊ သို့ပေမင့် ဒေါ်သိန်းမေ၊ ကိုဝေဖြိုး အပေါ်ကျတော့ ခွင့်လွှတ်လိုက်နိုင်သည်။ ခွင့်လွှတ်စိတ် မမွေးနိုင်သည်က တိုးတိုး အပေါ်မှာသာ။ ဒေါသသက်ပြင်းကို ခပ်ဆောင့်ဆောင့်ချကာ ရင်ထဲမှာ ထေး ထားလိုက်မိသည်။

"ဂျင်မီလည်း ကျေနပ်ရဲ့ မဟုတ်လား မြ"

"အမယ်လေး ... သူက သူ့သူငယ်ချင်း အပေါ်မှာ သံယောဇဉ် ပိုတောင်ကြီးသေးတယ်၊ မြတို့ကိုတောင် ပြန်မပြောပါဘူး အခု သိန်း လာပြောမှ သိရတာ"

လေးဆယ်ကျော် ငါးဆယ်နီးပါး အရွယ်များပေမင့် ငယ်စဉ်ကအတိုင်း နှုတ်ကျိုးကာ "သိန်း" "မြ"ဟူ၍ပင် ခေါ်ကြ



ကြသည်။ ငယ်ငယ်ကတည်းက ကျောင်းနေဖက် သူငယ်ချင်းမို့ တစ်ဦးနှင့်တစ်ဦး သံယောဇဉ်ကလည်း ကြီးသည်။ တစ်ဖက်နှင့် တစ်ဖက် အပြိုင်ချမ်းသာနေကြသည့် ဓနအင်အားကလည်း သူတို့ နှစ်ဦးကြားမှာ အရာရာကို ပြေပြစ်ချောမွေ့နေစေသည်။

"အဲဒါ မြရယ် ... လက်ထပ်ဖို့ကိစ္စကို စီစဉ်လိုက်ချင်ပြီ၊ မြတို့လည်း သွားဖို့လာဖို့ ရှိသေးတယ် မဟုတ်လား"

ဒေါ်သိန်းမေ စကားကြောင့် ဂျင်မီ ခေါင်းထောင် ကြည့်မိသည်။

"အဲဒီကိစ္စအတွက် ဆွေးနွေးစရာရှိသေးတယ် အန်တီ"

"ဟင် ... ဘာဖြစ်လို့လဲ ဂျင်မီ"

"ဆူဇီက တိုင်ဝမ်လိုက်မယ်"

"အို"

ဒေါ်သိန်းမေ မျက်နှာ ညှိုးကျသည်။ ကျောင်းနေဖက် သူငယ်ချင်း ဒေါ်ခင်အေးမြကို ခင်သည်။ တရုတ်ကပြားမို့ ဖြူဖြူဖွေးဖွေး၊ ကလေးသာသာ ဆူဇီကို ချစ်သည်။ ကျန်ရစ်ခဲ့မည့် စည်းစိမ်ဥစ္စာများကိုလည်း မရမနေနိုင်အောင် မက်မောလွန်းသည် မဟုတ်သည့်တိုင် သည်းခြေကြိုက်သည်။ ပြီးတော့ ချွေးမကလေးတစ်ဦးတည်း ကိုယ့်အိမ်ကိုယ့်ရာပေါ်မှာ ဆိုတော့ စိတ်တိုင်းကျ သွန်သင်နိုင်ခွင့်လည်း ရဦးမည်။ ဥစ္စာပေါ၊ ရုပ်ချော၊ အိမ်ပါ အမေတည့်မည့်ချွေးမ။ သည့်နှယ် ကြည်ဖြူခဲ့သည်သာ။

သားကို တိုင်ဝမ်သို့ ထည့်လိုက်ဖို့များဖြင့် အမယ်လေး ဝေးပါဘိ။ ခုချက်ချင်း ထိုင်လျက်သား ပုံစံမပျက်၊ နိဗ္ဗာန်သို့တိုက်ရိုက် ကူးနိုင်သည် ဆိုလျှင်တောင် နိဗ္ဗာန်မရောက်ချင် နေပစေ၊ သားကိုတော့ တိုင်ဝမ် မထည့်လိုက်နိုင်ပါ။ မိမိတို့က မြန်မာလူမျိုး

စစ်စစ်ကြီးများ။ သူတို့ကတော့ ကပြားပေကိုး။ နောက်ပြီး ဦးဝင်းကျင်
ကိုယ်တိုင်က နိုင်ငံခြားသားမှတ်ပုံတင် ကိုင်ဆောင်သူ။

"ဟဲ့ ... သား၊ ဆူဇီက နေခဲ့မှာဆို"

စာမေးပွဲပြီးပြီမို့ လျှောက်လည်နေသည့် ဆူဇီ အပြင်မှ
ပြန်ရောက်လာသည်။

"ဟော ... ဆူဇီ၊ လာ ... သမီး"

"အန်တီသိန်း ဘယ်တုန်းက ရောက်လဲ"

"ကြာပြီ သမီးရဲ့၊ စာမေးပွဲ ဖြေနိုင်လား"

"သိပ်မဖြေနိုင်ဘူး၊ ဒါပေမဲ့ ဘာအရေးလဲ အန်တီသိန်းရဲ့
ကျောင်းပြန်ဖွင့်ရင်လည်း တက်ရမှာမှ မဟုတ်တာ၊ ဆူဇီလည်း
တိုင်ဝမ်လိုက်မှာ"

ဆူဇီက ဘာတစ်ခုကလေးမျှ လေးလေးနက်နက်
မရှိဟန်ဖြင့် စလင်းဘက်ကလေးကို ကုလားထိုင်ပေါ် ပစ်တင်ပြီး
လူက ပျက်တီးပျက်ချော် ထိုင်ချသည်။

"အိုကွယ် ... သမီး ကိုကိုဖြိုးကို ခွဲသွားတော့မှာလား"

ဒေါ်သိန်းမေက ဝမ်းနည်းသံဖြင့် ဆိုသည်။ သည်စကား
းက ဆူ့သားကိုတော့ဖြင့် ထည့်လိုက်မည် မဟုတ်ကြောင်း ကြေ
ရာရောက်သည်။

"ဒါတော့ သူ မခွဲနိုင်ရင် လိုက်ခဲ့ပေါ့ အန်တီသိန်းရဲ့၊ ခစ်
ဆူဇီက အဓိပ္ပာယ်မရှိ ရယ်သည်။

"အလိုလေးတော်၊ မထည့်လိုက်နိုင်ပါဘူး၊ ကျွန်
မှာ ဒီသားလေး တစ်ယောက်တည်း" ... သည်စကားကို ဒေါ်သိန်း
ရင်ထဲမှာ ခါးသီးစွာ ပြောမိသည်။ ဆူဇီ မနေခဲ့လျှင်ဖြင့် လက်ထ
ပျက်ပြီဟုလည်း နိုင်မိုင်မာမာ တွေးသည်။



"ဆူဇီက အစတုန်းကတော့ နေခဲ့မလို့ဆို"

"ခု မနေခဲ့ချင်တော့ဘူး မာမိရဲ့၊ မာမိတို့မရှိရင် ကိုဖြိုးက
ဆူဇီကို နှိပ်စက်ချင် နှိပ်စက်မှာ၊ ဆူဇီ အားကိုးရာမရှိဘူး"

ပြောရင်းက သူမ ကိုကိုဂျင်မီကို လှမ်းကြည့်သည်။
ရှင်ကြီးဝမ်းထဲလည်း ဝင်ခဲ့ဖူးပြီ၊ ရှင်ငယ်ဝမ်းထဲလည်း ဝင်ခဲ့ဖူးပြီ
ဖြစ်ပါသော ဒေါ်သိန်းမေက ဂျင်မီ နားသွင်းထားပြီမှန်း တန်းခနဲ
သိသည်။ အပြစ်မဆိုနိုင်ပါ။ သူ့ခမျာက အစ်ကိုပေကိုး။ ညီမလေး
ကို စိတ်ပူရှာပေမည်။ သူ့ဘက်က သူမှန်သည်။ သို့ပေမင့် သူ့
အမှန်ဘက်သို့ မိမိတို့မိသားစု လိုက်ပါမရပ်တည်နိုင်တော့ပြီ။

"ကြံကြံဖန်ဖန် ဆူဇီရယ်၊ သမီး ကိုကိုဖြိုးကလား နှိပ်စက်မှာ၊
အန်တီသိန်း တစ်ယောက်လုံးလည်း ရှိပါသေးတယ်"

"ကံကိုယုံပြီး ဆူးပုံပေါ် မနင်းရဲပါဘူး အန်တီသိန်း၊ ဆူးတွေ
စူးပြီးမှ နောင်တရနေလို့ အပိုပဲတဲ့"

"တဲ့"ဆိုကတည်းက တစ်ယောက်ယောက် ပြောထား
သည့်စကား။

ဒေါ်ခင်အေးမြက သူတို့အဖို့ ကလေးပေါက်စသဖွယ်
သဘောထားကာ နို့ချော်လျှင်ပင် နို့ဘူးနှင့်တိုက်ရကောင်းနိုး စဉ်းစား
မိသည့် ပေါက်စမကလေး ဆူဇီက စကားကြီး စကားကျယ် ပြောနေ
သည်ကို ချစ်မြတ်နိုးစွာ ပြုံးကြည့်သည်။

"သမီး ကိုကိုဖြိုးနဲ့ တိုင်ပင်ဦးလေ"

ဒေါ်ခင်အေးမြက လူကြီးစကား ဆိုသည်။ သူမအနေ
နှင့်ကျတော့ ထားခဲ့ရမှာလည်း စိတ်ချသည်။ ခေါ်သွားဖို့ကျတော့
လည်း စိတ်ပူသည်။ သမီးရင်းပေကိုး။ မိဘမေတ္တာကိုး။

"အန်တီသိန်းပဲ ပြောပေးပါ၊ ဆူဇီတော့ မနေနိုင်ဘူး၊ မခွဲနိုင်ရင်လည်း လိုက်ခဲ့ပါ၊ ခွဲနိုင်ရင် ကျန်ခဲ့ပါလို့၊ တကယ်လို့ ကိုကိုဖြိုးက လိုက်ခဲ့မယ်ဆိုရင် အန်တီသိန်းကကော သဘောတူမှာလား"

"ဒါတော့ သမီးရယ်၊ ကိုယ့်သားသမီး ဘယ်ခွဲချင်ပါမလဲ၊ ဒါပေမဲ့ သူ့သဘောပါ"

ဆူဇီက မျက်နှာကြောကလေး တင်းတင်းနှင့် ပြောတော့လည်း ပုထုဇဉ်ပီပီ မခံချင်ဖြစ်ရသည်။ ကိုဝေဖြိုးက အမိနိုင်ငံကို စွန့်ခွာမသွားနိုင်ပါဟု ငြင်းဆိုခြင်းဖြင့် ဆူဇီကို ခွဲနိုင်ကြောင်း ပေါ်လွင်စေချင်သည်။ သို့ပေမင့် လူကြီးပေမို့ ရင်ထဲက ဆန္ဒများကို ဖုံးဖိနိုင်စွမ်း ရှိပါ၏။

"ပြန်ဦးမှပဲ၊ ဆူဇီ အိမ်လည်လိုက်ပါဦးလား၊ ကိုကိုဖြိုးနဲ့လည်း တွေ့ရအောင်၊ တိုင်ပင်ရအောင်လေ"

"မလိုက်တော့ပါဘူး အန်တီသိန်း၊ ခုပဲ အပြင်က ပြန်လာလို့ ဆူဇီ နားချင်တယ်၊ နောက်ပြီး ကိုကိုဖြိုးက ပွပွပင်ပင်ရှိရင် ဆူဇီ ဆီကို သူ လာတိုင်ပင်ပါစေ"

"ကောင်းပြီ သမီး၊ အန်တီသိန်း ပြောလိုက်မယ်"

လူကြီးချင်း ဆက်ဆံမှုမှာပါ တင်းမာမှုကလေး မသိမသာ ဝင်လာရတော့သည်။ ဒေါ်သိန်းမေ ပြန်သွားသည်နှင့် ဒေါ်ခင်အေးမြ အသံက ဟိန်းထွက်လာသည်။

"သိန်းလှ"

"ရှင် ... အစ်မအေးမြ၊ လာပါပြီ"

ပေငါးဆယ်သာ ကွာဝေးပါသည့် နောက်ဖေးမီးဖိုခန်းမှာ ဧည့်ခန်းက စကားများကို အတိုင်းသား ကြားပြီးပါပြီ။



ဒေါ်သိန်းလှမှာ "မိုက်လှသည်"ဟု သမီးတိုးတိုးကို အပြစ်တင်ရင်း ကြောက်ဒူးတုန်ရရှာပါ၏။ ဒေါ်သိန်းမေနှင့် ဒေါ်သိန်းလှ နာမည်ချင်းက ဆင်တူယိုးမှား မတိမ်းမယိမ်း၊ သွေးသားမတော်စပ်ပါပြား ပြည့်စုံကြွယ်ဝသူကျတော့ "သိန်းရေ ... သိန်းရေ" ချိုသာခဲ့ပါ၏။ ညီမနှစ်ဝမ်းကွဲပင် ဖြစ်လင့်ကစား ကိုယ်ကကျွေး၊ ကိုယ့်အိမ်မှာ အား ကိုယ်နိုင်းတာ လုပ်ရသူကျတော့ နင့်နင့်သီးသီးပင် ခေါ်ချေသည်။

"ထိုင်ပါဦး ကျောင်းအစ်မရဲ့"

ဒေါ်သိန်းလှက ဖယောင်းပုဆိုး ခင်းထားသည့် ကြမ်းပြင်ပေါ်မှာ ထိုင်ချသည်။ ဒေါ်ခင်အေးမြ၏ ခြေဖျားအစုံနားမှာ။

"ညည်းသမီး မေရီဆီ သွားသလား"

"ဟို ... စာမေးပွဲ ဖြေတုန်းမို့ မေရီက မခေါ်တာနဲ့"

"ရှည်လိုက်တာအေ၊ အခု ဘယ်မှာလဲ ခေါ်စမ်း"

"တိုးတိုးရေ"

တိုးတိုး ခမျာ ဒေါ်သိန်းလှ နည်းတူ ရှက်လည်းရှက်၊ ကြောက်လည်းကြောက်၊ ဝမ်းလည်းနည်း ဒေါ်ခင်အေးမြ့ ခြေဖျား ကြမ်းပြင်ပေါ်မှာ ခေါင်းကလေးငုံ့၍ ထိုင်ရသည်။

"ညည်း လုပ်ပုံ သိပ်ကောင်းလိုက်တာပေါ့ ... ဟုတ်လား မိချွေတိုး"

"သူ ဘာလုပ်ပြန်ပြီလဲ မာမီ"

ဂျင်မီက အကျယ်ကျယ် မငြိမ်းဖွယ်များ ဖြစ်လာမည်၍ သူ့ညီမကို ပြန်မပြောခဲ့ပါ။ ဂျင်မီမှာ ယောကျ်ားသဘောထားော့ ပြည့်ပြည့်ဝဝ ရှိပါ၏။ သူ့ညီမကိုသာ လိုက်ခဲ့ဖို့ တတွတ်တွတ်င်ကြားခဲ့သည်။ မီးလောင်မည့် ပြဿနာကို မြှုထားခဲ့သည်။

"အမယ်လေး ... ကိုဖြိုးကို သူ ဘယ်လိုများ မြှူလိုက်တ
မသိဘူး၊ ကျိုက္ကဆံကွင်းကို လိုက်ပို့နိုင်းသတဲ့၊ ကရဝိတ်
စုံတွဲခုတ်ကြသတဲ့၊ အိမ်က မသိအောင် ခိုးထွက်တာ
"ကြည့်စမ်း မိတိုး၊ နင် ဒါ ငါ့ကို သက်သက်မဲ့ အ
တာပေါ့၊ ဟုတ်လား မိတိုး၊ နင် ငါ့ကို လင်လုဖက်များ
နေသလား"

သားအမိနှစ်ယောက် အတိုင်အဖောက် ညီ
ဂျင်မီက မကြားဝံ့မနာသာများကို နားမထောင်လိုဟန်နှင့် အိပ်
ဝင်သွားသည်။ တိုးတိုး တအားလျော့ရပါသည်။ ခေါင်းကိုတွင်
ငုံ့၍ မျက်ရည်ပေါက်ပေါက် ကျရှာသည်။

"သမီးက မိုက်တယ်ကွယ်၊ အမေ့ကိုသာ ဖွင့်တိုင်
အမေ မလွှတ်ပါဘူး၊ ခုတော့ အားလုံးကို မျက်နှာ
အားနာစရာ"

ဒေါ်သိန်းလှက ဆန်ရင်းနာနာဖွပ်ရင်း အယူခံ
ပါ၏။

"အမယ်လေး ... ညည်းသမီးက မိုက်တာမဟုတ်ပါဘူး
နပ်တာ။ သင်ငုတ်တိုကိုတောင် ယိုင်အောင်နဲ့နိုင်တဲ့
ရုပ်ကလေးပြပြီး မြူစားတာ ချိုင်စရာရှားလို့ ကျေးဇူး
ပစ္စည်း တက်ချိုင်တယ်"

တိုးတိုး နားကလေးနှစ်ဖက်ကို ပိတ်မိသည်။

"အမယ် ... အမယ်၊ နင်က နားမထောင်ချင်ဘူးပေါ့
နားပိတ်ထားမယ်ပေါ့"

ဆိုဖိက တိုးတိုး လက်နှစ်ဖက်ကို ကြမ်းတ
ဆွဲဖယ်သည်။



"နင် မြူချင်ရင် လမ်းမပေါ် ဆင်းမြူ၊ ငါ့အိမ်ပေါ်မှာ မနေနဲ့ အရှက်မရှိတဲ့ ကောင်မ"

တိုးတိုးက မျက်ရည်ကို သုတ်သည်။ အံကလေးကြိတ်သည်။ တိုးတိုး အဖို့ ငုံ့ခံနိုင်သည့် အတိုင်းအတာ အဆုံးစွန်နေရာသို့ ရောက်ရှိလာသည်။

"တိုးတိုး အတန်တန် ငြင်းပါတယ် ကြီးကြီး၊ ကိုကိုဖြိုး ဘာသာ စီစဉ်တဲ့ ကိစ္စပါ"

"နင်လို ကောင်မလား ငြင်းမှာ၊ မိတိုး"

"ငြင်းတယ် ဆူဖိ၊ ကိုကိုဖြိုးက ဒီအိမ်မှာ ကျွန်လိုနေရတဲ့ ဘဝကို သနားလွန်းလို့"

"ကျွန်ဆိုရင် ကျွန်လိုနေပါလား"

"ကျွန်လိုနေတာပဲ ဆူဖိ၊ ဆူဖီ ထဘီကစပြီး လျှော်ပေးရတာ ကျွန်ပဲ"

"နင့်ကို ထမင်းကျွေး၊ ကျောင်းထား ပေးရတာကျတော့ ကော"

"ဒီလိုလုပ်အားမျိုးနဲ့ ကျွန်သားအမိ ငှားထားရင် တစ်ယောက်ကို ထမင်းကျွေး အဝတ်ဆင် တစ်လ တစ်ရာပဲထားဦး၊ ဘယ်အိမ်သွားလုပ်လုပ် နှစ်ရာတော့ ရတယ်၊ ဒီမှာ တစ်လ နှစ်ရာဖိုးကိုက်အောင် ကုန်ရရဲ့လား"

"ကြည့်စမ်း၊ ကြည့်စမ်း၊ ကျေးဇူးရှိလို့ ကျေးဇူးဆပ်တာ၊ ဟဲ့ ... သိန်းလှ၊ ညည်းသမီး ညည်း ဆုံးမမလား၊ ငါ ပါးရိုက်ရမလား"

"တိုးတိုးကလည်းကွယ်၊ ကိုယ့်ကြီးကြီး၊ ကျေးဇူးရှင်ကို ပြန်မပြောပါနဲ့ အမေတို့သားအမိ ဒီအိမ်ရိပ်မှာ ခိုလှုံနေရတာ"

"သွေးသားစိတ် ထားရင်တော့ ကျေးဇူးရှင်ပါပဲ၊ ကျွန်လိုထား
တော့ သူစိမ်းတွက်ပဲ တွက်ရမယ်၊ တိုးတိုးတို့ လုပ်အားခ
တန်အောင်တောင် ခံစားခွင့်မရှိဘူး"

"ကဲဟာ ..."

ဒေါ်ခင်အေးမြက ခြေဖျားနှင့် ဆောင့်ကန်လိုက်သည်
တိုးတိုး ကြမ်းပြင်ပေါ်မှာ လိမ့်သွားသည်။ ဒေါ်သိန်းလှ ဝင်မဆွဲ
ပါ။ တိုးတိုး မတ်တတ်ထရပ်၍ လုံချည်ကို မြဲမြဲဝတ်သည်။

"အောင်မယ် ... ဒါက ခံသတ်ချင်လို့လား"

ဆူဇီကလည်း မတ်တတ်ထရပ်၍ ရှေ့တိုးလာသည်
ဆူဇီနှင့် ဒေါ်ခင်အေးမြတို့ထံမှ မီးလျှံထွက်နေသည့် မျက်ဝန်းမှ
က တိုးတိုး တစ်ကိုယ်လုံး ပြာကျတော့မလောက်ပင်။

"မသတ်ဘူး ဆူဇီ၊ ကြီးတော်နဲ့ တူမ ရိုက်ရင် ခံရမှာ
ဒါပေမဲ့ ငါလုပ်မိတဲ့အပြစ်နဲ့ အခု အပြောခံရတာ၊ အထ
ခံရတာနဲ့စာရင် ကျေတာထက် လွန်သွားပြီ၊ နောက်ထ
မပြောပါနဲ့တော့၊ နောက်ထပ်လည်း မရိုက်ပါနဲ့တော့၊ နော
ဆုံးသည်းခံခြင်းပဲ"

"အောင်မယ် ... ကောင်မ လူဝါးဝလို့၊ ပြောတော့ ဘာ
သလဲ၊ ပိုင်းလုံးမ"

"ဆူဇီ ... တော်တော့"

"မတော်နိုင်ဘူး၊ နင် အပြောမခံချင်ရင် ငါ့အိမ်ပေါ်ကဆ
သွား၊ သူတောင်းစား ထမင်းဝလို့"

တိုးတိုး သူ့ဆံပင် အိုမီဂါပုံကလေးကိုဝဲ၍ ခါပစ်သည်
ဆူဇီကို စေ့စေ့ကြည့်၍ ပြုံးသည်။ နှုတ်ခမ်းထောင့်စွန်းကထ



အောက်သို့ ကွေးကျသည်။ မဲ့ပြုံး။ တိုးတိုး ဖိနှိပ်မျိုသိပ်ထားသမျှ
သော ဒေါသတို့ကို ချွန်းဖွင့်လိုက်ပါပြီ။

ဆူဇီက ရှေ့တစ်လှမ်းတိုးကာ တိုးတိုး ပါးကို ဖြန်းခနဲ
ရိုက်ချလိုက်၏။

"ကဲဟာ"

"ဟင် ... နင် ... နင်"

ဆူဇီ ဆံပင်ကောက်ကောက် ကလေးများကို လိမ်ဆွဲ
ကာ ရှေ့သို့ ငိုက်အကျမှာ ရင်ဝကို ဆောင့်ကန်လိုက်တော့သည်။
ဆူဇီ ခွေခနဲကျသည်။

"ခွေးမ"

ဒေါ်ခင်အေးမြက ထအရိုက် တိုးတိုးက မခံဘဲ ပြန်
သတ်သည်။ ဆူဇီ ပြန်ထလာကာ အားအမိနှစ်ယောက် ဝိုင်းရိုက်ကြ
သည်။ တိုးတိုးကလည်း လက်လှမ်းမီရာ ပြန်ချ၊ သုံးယောက်သားမှာ
းတွေးနေတော့သည်။ ဒေါ်သိန်းလှက ပြေးဆွဲပါ၏။ ဘယ်သူ့လက်
ချက်မှန်း မသိ။ သူလည်း အကန်ခံရကာ လွင့်စနဲ ကျသွားတော့သည်။

ဂျင်မီ အခန်းထဲမှ ပြေးထွက်လာသည်။ ယောကျ်ား
အားနှင့် လူလုံးကြီးကို ဆွဲဖြေရသည်။

"အားလုံး တော်ကြတော့"

"မာမီကိုတောင် ပြန်သတ်တဲ့ ကျေးစွပ်မ"

ဒေါ်ခင်အေးမြက ဒေါသအမျက် ခြောင်းခြောင်းထွက်
သက လက်ဝါးတပြင်ပြင် ဖြစ်နေသည်။

"မာမီလည်း ထိုင်ပါဦး၊ နားပါဦး၊ ဆူဇီ သွားထိုင်၊ တိုးတိုး
လည်းထိုင်"

တိုးတိုး တစ်ယောက်တည်းကို သားအမိနှစ်ယောက် ပေါင်းသတ်သည့်တိုင် မနိုင်ကြပါ။ ဒေါ်ခင်အေးမြက ဝဝဖိုင့်ဖိုင့် အသက်က ကြီးပြီမို့ အမောမခံနိုင်။ ဆုဇီကျတော့ ဖွန်းတစ်ချောင်းကိုပင် ကိုယ်တိုင်မဆေးဘူးသူမို့ ပျော့ပျော့နွဲ့နွဲ့နှင့် အကြမ်းပတမ်း မရ။ ဒေါသသာရှိ၍ လူက မလိုက်နိုင်။ တိုးတိုး ... သူမကတော့ အကြမ်းခံ ရေစိမ်ခံ ထုသားပေသား ကျပြီးသားပေပဲ။

"ဖြစ်ပြီးတဲ့ကိစ္စကို မှားတယ် မှန်တယ် မပြောချင်ဘူး တိုးတိုး၊ ဆုဇီနဲ့ ဖြစ်တဲ့ကိစ္စလည်း ငါ ဘာမှ မပြောချင်ဘူး မာမီကို ခံပြော၊ ခံသတ်တာတော့ နင်လွန်တယ်၊ ဟုတ်ရဲ့လား တိုးတိုး"

တိုးတိုး ခေါင်းငုံ့ထိုင်ရင်းက ခေါင်းညိတ်ပြသည်။

"နင်ပြောသလို ကျေးဇူးမရှိဘူးပဲ ထားပါ၊ ကိုယ့်ထက်ကြီးသူ မဟုတ်လား"

"ဟုတ်ပါတယ်"

"မာမီ့ကို ကန်တော့လိုက်"

တိုးတိုး ဒေါ်ခင်အေးမြ ရှေ့နားသို့ တိုး၍ ဦးသုံးကြိမ် ချသည်။ ဒေါ်ခင်အေးမြ မကျေနိုင်သေးပါ။

"တိုးတိုးနဲ့ ဆုဇီဟာ ညီအစ်မတွေပဲ၊ ချစ်ချစ်ခင်ခင် နေကြ မယ်၊ ဆုဇီကလည်း နိုင်လိုမင်းထက် မပြောနဲ့။ တိုးတိုးအ လည်း ထစ်ခနဲဆို ဒေါက်ခနဲဆိုတဲ့စိတ်ကို ပြင်ရမယ်၊ ငါတို့ မိသားစုလည်း မကြာခင် သွားကြတော့မှာ၊ တို့သွားရ ဒီတိုက်ခန်းမှာ နင်တို့သားအမိ ကျန်ခဲ့မှာပဲ တိုးတိုး၊ နင်တို့ ကိုပဲ ပေးခဲ့မှာ"

"မပေးခဲ့နိုင်ဘူး ဂျင်မီ"



"မာမီကလည်းဗျာ၊ ဒီတိုက်ခန်းကြီး မာမီ ပိုက်ဆံအိတ်ထဲ ထည့်သွားနိုင်တာလည်း မဟုတ်ဘူး"

"နိုင်ငံခြားပြန်အိမ်ခန်းအဖြစ်နဲ့ ပြည်သူပိုင် ဖြစ်ပစေ ဂျင်မီ၊ မိတိုးကိုတော့ လုံးဝမပေးခဲ့တော့ဘူး၊ သူဟာ မာမီနဲ့လည်း သွေးသားလုံးဝမတော်စပ်ဘူး"

"ဟင်"

"ဟုတ်တယ် ဂျင်မီ၊ သွေးမစပ်လို့ သွေးကွဲတာပေါ့၊ တကယ့် တူမသားချင်းဆို၊ ဒီစိတ်မျိုး ဘယ်ရှိပါ့မလဲ၊ သူဟာ သိန်းလှရဲ့ သမီးရင်း မဟုတ်ဘူး"

"ရှင်"

တိုးတိုး အံ့ဩလွန်းသောကြောင့် မော့ကြည့်မိသည်။

"မာမီကတော့ သွေးသားလို နေကြပါစေဆိုတဲ့စိတ်နဲ့ ဖွင့် မပြောဘူး၊ ဒါပေမဲ့ သူက သွေးကွဲတယ်၊ သူ့ကို သိန်းလှဟာ လမ်းမပေါ်က ကောက်ရခဲ့တာ၊ သူဟာ နှစ်နှစ်သမီးအရွယ် ကတည်းက လမ်းပေါ်မှာ လေလွင့်နေတဲ့ ကလေကချေ"

တိုးတိုး ဒေါ်သိန်းလှကို လှမ်းကြည့်သည်။ ဒေါ်သိန်းလှ နေထိုင်ဆက်ဆံပုံများသည် တိုးတိုး အပေါ်မှာ သမီးရင်းနှင့် း ခဲ့ပါတကား။

"ဒါကြောင့်မို့ ခုချိန်ကစပြီး သူ့ကို အိမ်ပေါ်မှာ လက်ခံမထား နိုင်တော့ဘူး၊ သူ သွားချင်ရာ သွားပစေတော့၊ သိန်းလှ နေ ချင်နေခဲ့၊ ညည်းရဲ့ ကောက်ရသမီးနဲ့ မခွဲနိုင်ရင်လည်း လိုက်သွားနိုင်တယ်"

"ကြီးကြီး ပြောတာ အမှန်တွေပဲလား အမေ ဟင်။ တိုးတိုး ကို ပြောစမ်းပါ"

ဒေါ်သိန်းလှ မျက်ရည်ကျရှာသည်။

"သမီးရင်းနဲ့မခြား ချစ်ခဲ့တာ၊ ကာကွယ်စောင့်ရှောက်ခဲ့တာ ကျွေးမွေးသုတ်သင်ခဲ့တာ သမီး သိပါတယ် တိုးတိုးရဲ့ ခုတော့ တိုးတိုး မိုက်လို့ ဒီကိစ္စတွေ ပေါ်ရတယ်"

ဒေါ်သိန်းလှက တိုးတိုး ဆံပင်များကို သပ်ပေးရင်း မျက်ရည်ကျသည်မို့ တိုးတိုး ဆံပင်များ စိုစွတ်ကုန်သည်။ အမေ့စကား များက တိုးတိုး ဘဝမှန်ကို ဖော်ပြနေကြပါပကော။

ဩော် ... ဖြစ်မှ ဖြစ်ရလေ၊ အမေ့သမီး ဘဝမှာ မျက်နှာငယ်လှချည့်။ ခုလို အမေ့သမီးတောင် မဟုတ်ပြန်ဘူးဆို သည့်အိမ် သည်နေရာမှာ တိုးတိုး အတွက် နေရာမရှိလေ အကုသိုလ် လှိုင်းတံပိုးတို့သည် တိုးတိုး ဘဝ ပင်လယ်ပြင်မှာ ထန်လွန်းလှသည်။ ဒုက္ခဂယက်လှိုင်းများက စုပ်ဝဲသို့နှယ် ရက် စွာ ဝါးမျိုကြသည်။ သည်လှိုင်း သည်ဝဲများအတွင်းမှ သောက အပူမလေး တိုးတိုး မည်သို့သော တက်ဖြင့် လှော်ခတ်ရပါမည်နည်း

မည်သို့သော ရွက်အစုံနှင့် တက်ကုန်အောင် ရွ ပါမည်နည်း။

ဒေါသစိတ်များ ပြယ်ပျောက်ကာ ဝမ်းနည်းခြင်း စွာ ဖြစ်ရသည်။ မရှင်နိုင်သည့်နှလုံး၊ မပြုံးနိုင်တော့သည့် မျက် မပြေသာပါသည့် ဘဝင်အသည်းမှာ ငိုပွဲကြီးပါတကား။ မရိုတ် နှင့် ဆို့တက်လာသည့် ငိုချင်စိတ်ကို အံကြိတ်၍ မျိုချသည်။ ငို ၍ ပြီးနိုင်သည့်ကိစ္စ မဟုတ်။

မျက်ရည်သည် လောလောဆယ် ပြဿနာကို ဖြေ နိုင်စွမ်းမရှိ။

"တိုးတိုးမိဘ ဘယ်သူတွေလဲ အမေ"



"အမေ မသိဘူး တိုးတိုး၊ အမေတို့ ပွဲသွားကြည့်ရင်း ပွဲရုံ နောက်ဘက်မှာ မီးဇလောင်တော့ လူတွေ ဟိုပြေးသည်ပြေး ဖြစ်ကြတယ်၊ တိုးတိုးဟာ မိဘနဲ့ကွဲပြီး ပွဲဈေးတန်းမှာ တစ် ယောက်တည်း အော်ငိုနေတာ တွေ့တာနဲ့ ကောက်ယူခဲ့တာပဲ"

ဆူဇီက ခပ်လှောင်လှောင် ကြည့်နေသည်။

"ချိုကြွလှတဲ့ ကောင်မ၊ မှတ်ကရော"ဟုလည်း တစ် ယောက်တည်း ကြုံးဝါးမိသည်။ မေတ္တာမရှိရသည့်အထဲ သွေးသား တော်စပ်ပါဘူး ဆိုသည့်အခါမှာ ခါးသီးစွာ မုန်းတီးမိသည်။ ချင်မီက သနားစရာ သတ္တဝါကလေး တစ်ဦးကို မြင်တွေ့ရသည့်နှယ် အကြင်နာ မျက်ဝန်းများဖြင့် ကြည့်ပါ၏။

မာမီသည် မောင်နှမ နှစ်ဝမ်းကွဲဟူ၍ အဘယ်ကြောင့် ဆွေမျိုး စပ်ထားခဲ့ပါသနည်း။ တူမသားချင်းနှယ် ခင်တွယ်လိုသဖြင့် မဟုတ်တန်ရာ။ မာမီစိတ်ကို ကောင်းကောင်းသိသည်။ မာမီသည် သားသမီးများအပေါ် အချစ်လွန်သော မိဘကောင်း ဖြစ်ပါ၏။ ကြေးရေတတ် လူကုံထံများ အလယ်မှာ ဖော်ရွေလွန်းသော မိတ်ဆွေ ကောင်း ဖြစ်ပါ၏။ တိုးတိုး အပေါ်တွင်တော့ ကြီးတော်ကောင်း တစ်ယောက်၏ ပုံစံမှာ နေမပြခဲ့ပါ။

မာမီ အဘယ်ကြောင့် ဖုံးမိခဲ့ပါလိမ့်။

အဖြေက တစ်ခုတည်း ရှိသည်။ သားတော်မောင် ဂျင်မီနှင့် နီးစပ်မှာ စိုးသောကြောင့်ပင်။ မောင်နှမအရာမှာ ထားကာ ဂျင်မီ ဘက်သို့ အကာအကွယ် ပေးခဲ့ခြင်းပါပဲ။ တိုးတိုးလို မိန်းမ ကလေးတစ်ဦး၊ နှမဝမ်းကွဲသာ မဟုတ်ဘူးဆိုပါက တစ်အိမ် တည်း အတူနေ ဂျင်မီ၊ စိတ်မကစားဘူးဟု အဘယ်မှာ ယုံရဲပါမည် နည်း။ ဂျင်မီ သဘောပေါက်မိပါသည်။

"ကဲ ... အထုပ်အပိုး ပြင်ရျေတော့ မိတိုး၊ ညည်းလည်း ညည်းကို ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးရှင်တွေ အားရအောင် ကျေးဇူးဆပ်ပြီးမှပဲ၊ သွားချင်ရာသာ သွားတော့ သိန်းလှ ... ညည်းက ဘယ်လိုလဲ"

ဒေါ်သိန်းလှ ထံမှ တော်တော်နှင့် အဖြေထွက်မလာပါ။ အမေသည် ကြီးရင့်သူမို့ လောကကြီးကို ရင်ဆိုင်ရန် သတ္တိနည်းရှာ ပါမည်။ နှစ်နှစ်သမီးက မွေးကျွေးခဲ့ရသူ သမီးကလေးကိုလည်း မခွဲ နိုင်၊ မခွဲရက်။ အမေ့ဒုက္ခကို တိုးတိုး သဘောပေါက်ပါသည်။ တိုးတိုး မတ်တတ်ရပ်၍ အိမ်ခန်းတွင်းသို့ဝင်ရန် ပြင်သည်။ အမေ လိုက်လိုကလည်း လိုက်၊ မလိုက်လိုကလည်း နေခဲ့တော့။ သူမအတွက် ဖြင့် သည်အိမ်မှာ ကျောတစ်နေရာစာ မဆိုထားဘိ၊ ခြေတစ်ဖဝါး ပင် နေစရာမရှိတော့ပြီ မဟုတ်ပါလား။

"တိုးတိုး နေဦး"

ကိုကိုဂျင်မီကို သမင်လည်ပြန် ကြည့်မိသည်။ မကောင်းခြင်းကြီးစွာဖြင့် မျက်စိမျက်နှာ ပျက်နေပါသော ကို ဂျင်မီ။

"ခွင့်လွှတ်လိုက်ပါ မာမီရယ်၊ တိုးတိုးကလည်း မာမီ ကန်တော့ပြီးပြီပဲ"

"ဟင် ... ကိုကိုဂျင်မီ၊ ဆူဇီကို စော်ကားတာ ကျတော့ ဆူဇီ တစ်သက်လုံး ခွင့်မလွှတ်ဘူး သိလား"

"ဆူဇီနဲ့က လူငယ်ချင်း စိတ်အနေ့မသင့်တုန်း နားလည် လွဲမှားကြတာပဲ ဆူဇီ၊ ဒါဟာ စော်ကားတယ်လို့ မဆိုနိုင် ဘူး"

"ကိုကို့ ကောင်မဘက်က လိုက်မပြောနဲ့"



"ဆူဇီ ... လောလောဆယ်မှာ နင်သာ ငါ့ကို စော်ကားနေပြီ၊ တိုးတိုးနဲ့ နင်နဲ့ ဖြစ်တဲ့ကိစ္စမှာလည်း စော်ကားတယ်လို့သာ သတ်မှတ်ရရင် နင်ကသာ စော်ကားတယ်လို့ ပြောနိုင်တယ်၊ တိုးတိုးက နင့် စော်ကားလို့ ပြန်ခုခံတဲ့ သဘောပဲ"

"အမယ်လေး ... လေး၊ ပြောရက်လိုက်တာ၊ တွေ့လား မာမီ၊ မာမီတို့သားက မယားဘက် ခပ်ပါပါ"

"ဆူဇီ ... တော်စမ်း"

"ဒီကောင်မ အတွက်နဲ့တော့ ဆူဇီကို မအော်နဲ့ ဂျင်မီ၊ တခြားကိစ္စနဲ့ ဆူချင်ဆူ"

"မဟုတ်သေးပါဘူး မာမီရယ်၊ စဉ်းစဉ်းစားစား ပြောပါ"

ဆူဇီက အော်ငိုသည်။ ဂျင်မီ စိတ်ပျက်လက်ပျက်နှင့် ခေါင်းခါသည်။ တိုးတိုးက ခြေလှမ်းကို ဆက်ကာ အခန်းထဲသို့ ဝင်လာခဲ့တော့သည်။ စာမေးပွဲဖြေဆိုရန် တစ်ရက်သာ ကျန်တော့ သည်။ ဘောဂဗေဒ တစ်ဘာသာတည်း ကျန်သည်မို့ သူ့လွယ်အိတ် ဟောင်းကလေးထဲမှာ ဘောဂဗေဒမှတ်စုများ ထည့်သည်။ အင်္ကျီဖြူ နှင့် ထဘီစိမ်း၊ ကျောင်းဝတ်စုံကလေး လဲဝတ်သည်။ ကျန်ဝတ်စုံ ဟောင်းငါးစုံကို မယူ၊ ရှိပစေတော့။

"မနက်ဖြန်ဖြေဖို့ ဘောဂဗေဒဘာသာအတွက် မှတ်စုတွေပဲ ယူသွားပါတယ်၊ အဝတ်အစားအပို တစ်စုံမှ မယူပါဘူး၊ ဒီမှာကြည့်ပါ ကိုကိုဂျင်မီ၊ အားလုံးရှေ့မှာ စစ်ဆေးပါ၊ နောက်ကျမှ ပစ္စည်းပျောက်မှုနဲ့ ဒုက္ခထပ်မပေးပါနဲ့"

ဂျင်မီ ရှေ့မှာ ထိုင်ချကာ လွယ်အိတ်ကလေး ထိုးပြ သည်။

"နင်ကလည်း တော်တော် မာနကြီးတာပဲ တိုးတိုး"

"ကိုယ်ကျင့်တရား ကောင်းသူတိုင်းမှာ ရှိသင့်တဲ့ မာန
တိုးတိုး ဂုဏ်ယူပါတယ်၊ တိုးတိုး ကန်တော့ခဲ့ပါတယ်
ကိုကိုဂျင်မီ"

ဂျင်မီကို ဦးသုံးကြိမ်ချသည်။ အောက်နှုတ်ခမ်း အပေါ်သွားဖြင့် နာနာ ဖိကိုက်ထားသည့်ကြားက ဝဲတက်လာသ မျက်ရည်စများကို အနိုင်နိုင် သိမ်းရပါ၏။ ငိုမိလှလှ။

"အမေကတော့ လမ်းပေါ်က ကောက်ရလာတဲ့ သူစိမ်း ယောက်နဲ့သာ ခွဲချင်ခွဲမယ်၊ ဆွေမျိုးနဲ့တော့ မခွဲနိုင်ဘူးဆို တိုးတိုး နားလည်ပါပြီ အမေ၊ အမေ့ကိုလည်း တိုးတိုး တော့ခဲ့ပါတယ်"

ဒေါ်သိန်းလှ ဒူးကို နဖူးနှင့်တိုက်၍ ဦးသုံးကြိမ် သည်။ ဒေါ်သိန်းလှ၏ ဒူးမှာ နွေးခနဲ ဖြစ်သွားရသည်။ တို မျက်ရည်ကျပါပြီ။ မငိုမိအောင် ဖွတ်ကြိုးစားရင်းက မရိုတင် ရာလွန်းသောကြောင့် ယိုစီးကျလာသော မျက်ရည်များကို ထ နိုင်စွမ်း မရှိတော့။

"မသွားပါနဲ့လား သမီးရယ်"

"ဩော် ... အမေရယ်၊ အဲဒီစကား အမေ့မှာ ခွင့်မှ မရှိတာ၊ အမေ့အိမ်မှ မဟုတ်တာ" ဟူ၍ ရင်ထဲမှ ကျိတ် သည်။ ဆယ့်လေးငါးခြောက်နှစ် အတူနေခဲ့ရသည့် ကျေးဇူးရှင်၏ ရင်ခွင်မှ ထွက်ခွာရပါတော့မည်။

ဒေါ်သိန်းလှက ထဘီကိုချွတ်၍ အထက်ဆ မျက်ရည်သုတ်သည်။

"နင်က ဘယ်သွားမှာလဲ တိုးတိုး"



မျက်ရည်ဝဲလျက်က တိုးတိုး ပြုံးသည်။ ပြုံးနေကျ ပြုံးကလေး။

"ကိုကိုဖြိုးတို့ အိမ်ကိုပဲ သွားမယ်"

"ဘာ ... နင့်လင် အိမ်မို့လို့လား"

ဆူဖို့ ရန်စကားကို တိုးတိုး ဥပေက္ခာပြုသည်။

"ကိုဖြိုးက ခေါ်လို့လား"

"မခေါ်ပါဘူး ကိုကိုဂျင်မီ၊ ခေါ်ရအောင် ဒီအိမ်မှာ ဒီလို ပြဿနာမျိုး ဖြစ်လိမ့်မယ် ဆိုတာလည်း ကြိုမှ သိမထားတာပဲ၊ ဒါပေမဲ့ တိုးတိုး ကိုကိုဖြိုးကို အားကိုးတယ်၊ စိတ်စေတနာ ပြည့်ဝတဲ့ သူတော်ကောင်းလို့လည်း မြင်တယ်၊ အစ်ကိုရင်း တစ်ယောက်လိုလည်း ချစ်တယ်၊ သူ့အိမ်မှာ ကျွန်ခံပြီးနေမယ်၊ ဒီအိမ်မှာလည်း ကျွန်ပဲ၊ ဘာထူးလို့လဲ"

ဂျင်မီ စကားမပြန်တော့။ ပြောလေ ဆိုးလေ ဖြစ်မည် ။ တိုးတိုး ကျားနာခဲ ခဲပြီမို့ စေတနာ အရာမထင်နိုင်သည့် ချိန်ပါပဲ"

"တိုးတိုး"

မျက်ရည်စက်လက် ဖြစ်နေသည့် အမေ့ကို ပြန်လှည့် ကြည့်သည့်အခါမှာ တိုးတိုး တစ်ကိုယ်လုံး နုံးခွေသွားရသည်။ မတ် တော်ရပ်နေသည့် ခြေအစုံက ညွတ်ခွေကျချင်သည်။ လောကကြီးအန် တော့မည့်ပုံစံနှင့် မတ်ထားသောခါးက ကိုင်းကျလာရသည်။ နေသည့် မျက်နှာကလေးမှာ ကြေကွဲဆို့နင့်သည့် အသွင်သို့ ပြောင်းသွားရသည်။ နေထိပန်းနှယ် ညှိုးနွမ်းရပါဘိခြင်း။

တိုးတိုး အသက်က အခု ဆယ့်ခြောက်နှစ်ဆိုတော့ မေ့ အကြင်နာကွန်း မေတ္တာရင်ခွင်မှာ ခိုလှုံခဲ့ရသည့် ကာလများ

ဆယ့်လေးနှစ်တိုင်တိုင်။ ဆယ့်လေးနှစ်စာ ခိုင်မြဲတုပ်နှောင်တွယ် ပါသည့် သံယောဇဉ်ကြိုးများက တင်းထားပါသည့် အားမာန် ကို ယိုင်နဲ့စေသည်။

"ခဏနေဦး သမီး"

တိုးတိုး တခါးဝမှာ ရပ်စောင့်သည်။ လွယ်အိတ် လေးကို ငုံ့ပေါ်မှာလွယ်၊ လွယ်အိတ်ကိုင်းကို လက်တစ်ဖက် တင်းတင်းရင်းရင်း ဆုပ်။ အပေါ်အောက် သွားတန်းနှစ်ခုကို တင် နေအောင် ဖိစေသည်။ ထိမထင် မျက်နှာပေးဖြင့် ခပ်မော့မော့ လေး။

စင်စစ် ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်ခွဲ ကိုယ်တင်း ပါ။ ကိုကိုဖြိုးတို့အိမ်သို့ သွားမည်ဟု တမင်တကာ ပြောချခဲ့ ဖြစ်ပါ၏။ ကိုကိုဖြိုး အိမ်သို့ အမှန်တကယ် သွားသင့် မသွား က တွေဝေဆဲ။ သွားဖြစ်ခဲ့သည့်တိုင် ကိုကိုဖြိုး လက်ခံပါ့မလ ပြီးတော့ ကိုကိုဖြိုး မေမေက ဘာပြောမလဲ၊ မရေရာလိုက်ပါသ တိုးတိုး ဘဝများ။

ဤနှယ် မရေရာသည့်ကြားမှ အမေ ကျန်ရစ်ခဲ့ တူ ပါသည်။ တိုးတိုးသာ ကိုယ့်အိမ်ကိုယ့်ရာ၊ ကိုယ့်လုပ်စာနှင့် အမေ လိုက်လာလိမ့်မည်ဟု တိုးတိုး ယုံမိပါသည်။ တစ်နေ့ အမေ့ကို ကိုယ့်အိမ်ကိုယ့်ရာမှာ ကိုယ့်လုပ်စာနှင့် ကျွေးနိုင်အော ကြိုးစားရပါဦးမည်။

"ရော ... သမီး ဆွဲကြိုးလေး"

ကြီးကြီး ဒေါ်ခင်အေးမြ၊ ကိုကိုဂျင်မီနှင့်ဆုစံ၊ မျက် သုံးစုံ၊ စုစုပေါင်း ခြောက်လုံးက ဝိုင်းကြည့်ကြပါသည်။

"ဒါ ဘာလုပ်တာလဲ သိန်းလှ"



တိုးတိုး တစ်သက်တာမှာ ဆွဲကြိုးဆွဲဖူးဖို့ဝေးစွ၊ ကိုယ် ိုင် စိပ်ပုတီးတောင် မရှိပါ၍ ကြီးကြီးဒေါ်ခင်အေးမြ အကျကိုသာ ိပ်ရသည်။ ကြီးကြီးဒေါ်ခင်အေးမြက လူလယ်ကောင်မှာ ပယင်း တီး တစ်ကိုင်ကိုင်" စိတ်ပြလိုလှသည်။ ခြောက်ရာကျော်တန် ယင်းပုတီး ဝယ်ဖြစ်သည့်အခါမှာ လေးကျပ်ခွဲတန် ဒ င်းပုတီးကို ိုးတိုးအား ပေးသနားခဲ့လေသည်။

ယခုမူ တိုးတိုး ဆွဲကြိုးပါတဲ့။

"သမီး ဆွဲကြိုးပါ အစ်မအေးမြ"

"ယူခဲ့စမ်း ဒီကို"

အမေက သွားပြရသည်။ ဒေါ်ခင်အေးမြ ဖင်ပြန် ခေါင်းပြန် လှန်ကြည့်သည်။ သူ့အိမ်က ပစ္စည်းများလားဟု စစ်ဆေး ဲ့ရသည်။

"ဒါ ဘယ်ကရတာလဲ၊ ဒီဆွဲကြိုးကို ဘယ်ကပိုက်ဆံနဲ့ လုပ် တာလဲ"

"တိုးတိုးကို ကောက်ရလာတော့ တိုးတိုးဟာ ဝတ်ကောင်းစား လှတွေနဲ့ပါ၊ ချမ်းသာတဲ့ လူကုံထံ မိဘတွေက မွေးဖွားခဲ့သူ ဖြစ်ပါလိမ့်မယ်၊ သူ့ရင်ဘတ်မှာ အဲဒီဆွဲကြိုးလေး ပါလာတယ်"

ဒေါ်ခင်အေးမြမှာ မျက်မှောင်ကြုတ်၍ ဖြစ်နိုင် မဖြစ်နိုင် ဉ်းစားသည်။ သားအမိက သဘောချင်း တစ်ထပ်တည်း။

"မဖြစ်နိုင်ဘူး မာမီ၊ အိမ်က ပိုက်ဆံတွေ တစ်နည်းနည်းနဲ့ ခိုးပြီး လုပ်ပေးထားတာပဲ ဖြစ်ရမယ်၊ မပေးလိုက်နဲ့"

ကိုယ်လုံးရှည်ကို ခွေ၍အိပ်နေသည့် မြွေမွေး၊ ဆတ်ခနဲ ါးပျဉ်းထောင်လာသကဲ့သို့ တိုးတိုး မျက်ဝန်းများမှာ လင်းခနဲ အရောင်ထွက်လာသည်။ ဒေါသအငိုးအငွေ့များက တရှိန်ရှိန်။

"အမေ ... ဒါ တိုးတိုးကို ကောက်ရတုန်းက ပါလာတဲ့ဆွဲကြိုး ဆိုတာ တကယ်လား"

"တကယ်ပါ တိုးတိုး၊ အမေ သိမ်းထားတာ၊ အမေတို့ တောသူတောင်သားမို့ လုပ်မပေးနိုင်တာလည်း လူတိုင်းသိ တယ်၊ ဒါကြောင့် သမီးကို ဆွဲမပေးဘဲ သိမ်းထားခဲ့တာ ... ဆုံးတာမှန်းလည်း မသိစေချင်လို့ တိုးတိုးကို မပေးခြ ခဲ့ဘူး"

ဒေါ်သိန်းလှ ပြောနေစဉ်မှာပင် ဆုဇိက သူ့အ လက်ထဲမှ ဆွဲကြိုးကို ဖျတ်ခနဲ ဆွဲယူသည်။ ရှေးပုံစံ အမ်စီကြိုးပြ တုတ်တုတ်ခဲခဲကလေး။ နှစ်ကျပ်သားတော့ ရှိမည်ထင်သည်။ ဆွဲသီ က ထူးထူးဆန်းဆန်း မဟုတ်ပါ။ အသည်းပုံသဏ္ဍာန် ဖော်ထားသ ရွှေပြားကလေး၊ တစ်နည်းဆိုရသော် ရွှေအသည်းကလေး။

"ယူပေးပါ ကိုကိုဂျင်မီ၊ ဒီလောက်ထိ နိုင်လိုမင်းထက် လာရင် တိုးတိုး လူသတ်ပြီးမှ ကြိုးစင်တက်မယ်"

အသံက ခက်ထန်မာကျောသည်။ စကားကို တိတိ ပြောသည်။ မျက်နှာထားနှင့် ဟန်ပန်က ယခုချက်ချင်း အ အထည် ဖော်တော့မည့်ကဲ့သို့။ အသက်ကိုစွန့်ရန် ဝန်မလေးတော့ ပုံစံမျိုး။

"အောင်မယ်လေး ... မမြင်ဘူး မူး၊ မတ်ထင်၊ ဒီလေ ဟာများ တို့အိမ်မှာ သူတောင်းစား ပေးသလောက်ရှိတ ပေးလိုက် ဆုဇိ"

မနိုင်သာနိုင်ငြားသာ ပြောလိုက်ပေမင့် စင်စစ် ဒေါ် အေးမြ တကယ်ကြောက်သွားခြင်းပါ။ ကျားနာမကလေး၏



လုံးလို တဖျပ်ဖျပ်တောက်ကာ အသေခံတော့မည့် တိုးတိုး မျက်ဝန်း ကိုလည်း သွေးလန့်သွားရသည်။ တိုးတိုးက ဒေါ်ခင်အေးမြကို လှမ်းကြည့်သည်။ ပြီးတော့ ဆုဇိကို ကြည့်သည်။ တိုးတိုး မျက်ဝန်း တို့မှာသာ တန်ခိုးသိဒ္ဓိရှိခဲ့လျှင် သည်သားအမိ ပြာသော်လည်းကျနိုင် သည်။ အရည်သော်လည်း ပျော်လောက်၏။

"ရော့"

ဆုဇိက ပစ်ပေးသည်။ တိုးတိုးကရှေ့တစ်လှမ်းခုန်ကာ အောက်မကျအောင် ဆီးဖမ်းယူသည်။ မိဘအမွေအနှစ် ဆိုပါသည့် ဆွဲကြိုးကလေးကို လက်အစုံနှင့် ယုယုယယ ကိုင်တွယ်သည်။ ရင် မှာ အပ်သည်။ ရေကြည်အိုင် မျက်ဝန်းများက စိုစွတ်လာသည်။ ငိုမိလုလု။ မျက်တောင်ကော့ကြီးများ တဖျပ်ဖျပ်ခတ်၍ မျက်ရည်များ ကို သိမ်းပြီးမှ ရွှေအသည်းကလေးကို တွယ်တာမြတ်နိုးစွာ ကြည့်မိ သည်။

"ကဠနှာ"

စာတန်းကလေးတစ်ခု၊ ကဠနှာ ဆိုတာ ဘာအဓိပ္ပာယ် လဲ။ မိန်းကလေးတစ်ယောက်ရဲ့ နာမည်လား။

သည်တိုက်ခန်းမှာ မြေညီထပ် ဖြစ်သောကြောင့် လမ်းမပလက်ဖောင်းပေါ်သို့ ရောက်ရန် အုတ်လှေကား သုံးထစ်သာ ရှိသည်။ တိုးတိုးက ဆွဲကြိုးကို ခေါင်းမှာ စွပ်ချသည်။ အင်္ကျီထဲသို့ ထည့်သည်။ လှေကားတစ်ထစ် ဆင်းသည်။ အိမ်ထဲသို့ ပြန်လှည့် အကြည့် သူ့ကို အားလုံးက ဝိုင်းကြည့်နေကြကြောင်း တွေ့ရသည်။

သို့ပေမင့် ခံစားချက် မျက်ဝန်းများ ကွာခြားကြပါ လိမ့်မည်။

"တိုးတိုး ဆိုတာ အမေမှည့်တဲ့ နာမည်လား၊ နာမည်ရင်းလား အမေ"

"နာမည်ရင်းကို ဘယ်လိုသိနိုင်မလဲ သမီး၊ တိုးတိုးက နှစ်နှစ်သမီးလေးလောက် ရှိမယ်ထင်တာပဲ၊ စကားမှ ပြောတတ်ကာစရယ်၊ တိုးပွားလာတဲ့ သမီးကလေးဆိုတဲ့ အနေနဲ့ တိုးတိုးလို့ ခေါ်လိုက်တာ"

တိုးတိုး နောက်တစ်ထစ် ထပ်ဆင်းသည်။ ပြန်လှည့်မပြန်သည်။ သည်အချိန်မှာ အမေ့ကို မေးခွန်းတွေ အများကြီး မေးစရာရှိနေပါသည်။

"တိုးတိုးကို ကောက်ရတဲ့အတွက် ပိုင်ရှင်မိဘ လာပြန်ရှာနိုင်ဖို့ သတင်းစာထဲ ထည့်တာတို့ ..."

အမေက တိုးတိုး ရှိရာ လှေကားနား လာရပ်သည်။

"နားလည်း မလည်ဘူး တိုးတိုး၊ မြို့တက်ပြီး ပွဲကြည့်တယ်၊ ပွဲခင်း မီးလန့်ပြီး တိုးတိုးကို တွေ့လာတယ်၊ ပွဲမကြည့်ဖြစ်ဘဲ ရွာပြန်သွားတယ်၊ တိုးတိုးကို ခေါ်သွားတယ်၊ မိဘရင်းက လာပြန်ခေါ်မှာတောင် စိုးလွန်းလို့ တခြားရွာကို ခဏပြောင်းနေသေးတယ်၊ သမီးရင်းလို ကျွေးမွေးစောင့်ရှောက်ထားတယ်၊ ချစ်လည်း သိပ်ချစ်ပါတယ် သမီးရယ်၊ ညည်းအဖေဆုံးတော့ အားကိုးရာမဲ့လို့ အစ်မအေးမြနဲ့ လာနေရတယ်၊ ဒါတွေတော့ သမီး သိသားပဲ"

"ဘယ်မြို့လဲ"

"ပဲခူး"

"တိုးတိုးတို့ နေခဲ့တာ ယစ်ကန်ကြီးနော်"

"ဟုတ်တယ်"



"တိုးတိုးမှာ ကိုယ့်လုပ်စာနဲ့ ကိုယ်စားနိုင်တဲ့နေ့၊ ဒါမှမဟုတ် အမေ့အမျိုးတွေ ပြည်တော်ပြန်လို့ အားကိုးစရာ မရှိတော့တဲ့ တစ်နေ့မှာ ကျေးဇူးဆပ်ဖို့ အမေ့ကို လာခေါ်မယ်"

ချာခနဲလှည့်ကာ အောက်ဆုံးတစ်ထစ်ကို ဆင်းသည်။ ယောင်လို့မျှ လှည့်မကြည့်ဘဲ ထွက်ခဲ့ပါတော့သည်။

တိုးတိုး ခေါင်းကို မော့ထားသည်။ ခါးကို မတ်ထားသည်။ လောကကြီးကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်တော့မည်။ ဒုက္ခဘုံကြီးကို အန်တုတော့မည်။ နှုတ်ခမ်းထောင့်စွန်းကလေးများ အောက်သို့ကွေးကျသည့် အပြုံးကလေးနှင့် ပြုံးရင်း လောကဓံကို ရင်ဆိုင်မည့် တိုးတိုး လျှောက်လှမ်းခဲ့ပါပြီ။

ရင်ဘတ်သားနှင့် ထိစပ်နေပါသည့် ရွှေအသည်းကလေးမှ အေးမြချမ်းငြိမ်းခြင်း အရသာတစ်မျိုးကို ခံစားရသည်။

"ကဒ္ဒနာ ... တဲ့၊ လောကကြီးကို ရင်ဆိုင်မဲ့ ကဒ္ဒနာ၊ လောကထဲကို ရဲရဲကြီး တိုးဝင်ခဲ့ပြီဟေ့"

အသံတိတ် ကြွေးကြော်မိပါသတည်း။



တွန်းဗိုရာ သောင်ခြေတမ်းဆီသို့

စာမေးပွဲတော့ လူတိုင်း အောင်ချင်ကြသည်။ ဂုဏ်ထူးလည်း ရချင်ပါသေးသည်။ သည်တော့ ကြိုးစားကြသည်။ ကြိုးစားပုံကြိုးစားနည်းက ကွာသည်။ တိုးတိုးတို့ကျတော့ စာချည်းကုန်းကျက်၊ ဖိကျက်။ မိုးမိုးဆင့်တို့ကျတော့ ငွေကြေးက တတ်နိုင်သည်။ တစ်ယောက်တည်း ကြိုးစားမည့်အစား ဆရာကို ငွေပေး၍ လက်ကိုင်ထားသည်။

မိုးမိုးဆင့်တို့အိမ်မှာ မည်သည့်အခန်းကို တံခါးပိတ်ကျက်ကျက် လွတ်လပ်ပါသည်။ သို့ပေမင့် ညှိသည်ဆောင်သည်လူဝင်လူထွက် များလှသည်ဟု အကြောင်းပြသည်။ သူ့ဖခင်အရာရှိကြီးက လူမှုဆက်ဆံရေး များလှသည်မို့ မိတ်ဆွေပေါတာတော့ အမှန်ပါ။

စာမေးပွဲရက်အတွင်းမှာ မိုးမိုးဆင့်က တည်းခိုခန်းတစ်ခုသို့ ပြောင်းနေသည်။ သက်ဆိုင်ရာ ဘာသာရပ်အတွက် ဆရာမက တစ်နေ့တစ်ယောက်၊ မိုးမိုးဆင့်ကို အနီးကပ် ကူညီသည်။



အခြားမည်သူနှင့်မျှ အဆက်အဆံ မရှိစေရ။ သည်ရက်များအတွင်းတော့ "စာ"မှ"စာ"။ စာမှတစ်ပါး အခြားမရှိစေရ။

မနက်ဖြန် ဘာသာရပ်အတွက် သည်ညနေပိုင်း ဆရာမတစ်ဦးက ကူညီပေးရသည်။ စာတွေပြန်မေး၊ ဖြေပုံဖြေနည်းပြော။ မေးခွန်းတွေ များလာလျှင် မည်သည့်မေးခွန်းက မိမိအတွက် အကျိုးရှိမည်။ စသည် စသည် မေးခွန်းရွေးနည်းများ။ မေ့နေသည့်အချက်များရှိလျှင် ကြက်တူရွေး စကားသင်သလို နှုတ်တိုက်၊ အပြန်တလဲလဲ ရွတ်ပြ။ စာမေးပွဲ ဖြေဆိုမည့်သူက အိပ်ရာပေါ်မှာ လဲလျောင်းလျက်က သက်သက်သာသာ နာယူ။ သူ မပင်ပန်းစေနှင့်၊ ဆရာမသာလျှင် အပင်ပန်းခံ။

ဤသို့ ကူညီခ တစ်ညနေပိုင်းအတွက် ကျပ်ငါးဆယ်၊ ခုနစ်ဘာသာ၊ ခုနစ်ပိုင်းသော ညနေများအတွက် ဆရာမခုနစ်ယောက်။ ကုန်ကျငွေ ကျပ်သုံးရာငါးဆယ်။ အစကတည်းက တိုးတိုးလည်း လာနေပါဟု ဖိတ်ပါသည်။ သို့ပေမင့် တိုးတိုးက အိမ်မှာ ခွင့်မပန်ရဲသောကြောင့် ငြင်းခဲ့ရသည်။

လူတွေ့မခံနိုင်သောကြောင့် ဧည့်သည်နှင့် စကားပြောရန် အချိန်မပေးနိုင်ပါသောကြောင့် တည်းခိုခန်းမှာ တိတ်တဆိတ်လာနေပါသည်။ အခန်းတံခါးခေါက်သံက ထွက်လာရသေးသည်။ မနက်ဖြန် ဘောဂဗေဒဘာသာရပ်အတွက် စာရင်းများကိုတော့ အိပ်ရာပေါ်မှာ ပက်လက်တွက်မရပါ။ သည်တစ်ခုတော့ စားပွဲကုလားထိုင်မှာ ထိုင်တွက်ရသည်။ မိုးမိုးဆင့်က စာရင်းကိုင် တွက်နေရာမှ စိတ်ပျက်လက်ပျက် ထသည်။

အခန်းတံခါးကို မသက်မသာ ဆွဲဖွင့် ...

"ဟယ် ... တိုး"

"လက်ကျန်ရှင်းတမ်း ဆွဲချင်လို့ လာခဲ့တယ် မိုး"

"လာ ... လာ၊ အဲတော့ပဲ၊ မိုးလည်း ဆွဲနေတာ၊ အရောင်းအဝယ် စာရင်းထိပဲ မှန်သေးတယ်၊ အရှုံးအမြတ်စာရင်းမှာ မြတ်ရမဲ့အစား အသားတင် အရှုံးပေါ်နေလို့၊ မိုးသာ ကုန်သည်လုပ်ရရင် မွဲချမ်းသွားပြီးသားပဲ၊ ခစ် ... ခစ်"

တိုးတိုး ဆိုတော့ ပျော်သွားသည်။ အစကတည်းက လာနေပါ ခေါ်ထားသူ။ တိုးတိုး လွယ်အိတ်ကလေးကို ပခုံးထက်မှ ဖြုတ်ကာ ရင်ခွင်မှာပွေ့ရင်း စားပွဲမှာ ခုံထိုင်သည်။

"မိုး သူငယ်ချင်းပါ တီချာ"

"အေး ... အေး၊ ကောင်းတယ်၊ ဒီပုစ္ဆာ လာတွက်စမ်း၊ မိုးကတော့ လမ်းတစ်ဝက်မှာတည်းက ချာလည်လိုက်နေလို့၊ တစ်ပုဒ်လောက် အပြေကိုက်သွားရင် စတက်(Step)တွေ မှတ်မိသွားရင် တော်ပြီ၊ ဘောဂဗေဒ ဆက်ရှင်းရဦးမယ်၊ အဲဒီအခါကျတော့ နားနားနေနေ နားထောင်ကြပေါ့"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် တီချာ"

နောင်ခါလာ နောင်ချေး။ မနက်ဖြန် အတွက် မစဉ်းစားနှင့်၊ ယနေ့ကိစ္စပဲ ရင်ထဲမှာထား။ နတ်ထွင်းသည့် ခံတွင်းပေပဲ။ ကံစီမံရာ ခံကြရရိုး ဓမ္မတာဟုသာ စိတ်မှာ စွဲပိုက်လျက် တိုးတိုး ပုစ္ဆာများကို စိတ်ပါလက်ပါ တွက်ပါတော့သည်။

"တိုး ဒီည ဒီမှာအိပ်ချင်တယ်၊ ဖြစ်မလားဟင်"

"သိပ်ဖြစ်တာပေါ့၊ တီချာရော အိပ်မှာ"

ညစာစားချိန်ကျတော့ စာဓာ နားကြသည်။ တည်းခိုခန်း၏ စားသောက်ခန်းမသို့ဆင်းကာ မိုးက ဖွယ်ဖွယ်ရာရာမှာ ကျွေးသည်။ တိုးတိုး အားနာပါးနာနှင့်ပင် စားရသည်။ ဘဲကင်၊



ကုန်းဘောင်ကြီးကြော်၊ ချိုချဉ်ကြော်၊ ငါးခေါင်းဟင်းချိုတို့ကို ခွန်းနှင့် ခက်ရင်းနှင့် ဟန်နှင့်ပန်နှင့် စားရသည်။

အိမ်မှာ အသားဟင်းဆီပြန်နှစ်ခွက်၊ အကြော်တစ်ခွက်၊ ချဉ်ရည်တစ်ခွက်တော့ ချက်နေကြ။ ထိုဟင်းများကို ချက်ရသူက တိုးတိုးတို့ သားအမိ။ သည်ဟင်းများက တိုးတိုးတို့ လက်ထဲမှ ထွက်သွားရပေမင့် တိုးတိုးတို့သားအမိ စားခွင့်မရှိ။ သူတို့မိသားစုများအတွက်သာ။ တိုးတိုးတို့ သားအမိ စားရသည်က ချဉ်ရည်ဟင်းနှင့် ငါးပိရည်ကျိုတစ်ခွက်။

ငါးခေါင်းဟင်းချိုကို ခွန်းနှင့် ခပ်သောက်ရင်း၊ ချဉ်ရည်ဟင်း ရွှဲရွှဲဆမ်း ငါးပိရည်နှင့် နယ်ဖတ်ကာ ရေနွေးကြမ်းနှင့် မျှောချနေမည့် အမေ့ရုပ်သွင်ကို မြင်ယောင်လာသည်။ စို့တက်လာသည့် မျက်ရည်စများကြောင့် ထမင်းပွဲများက ဝါးသွားရသည်။

"ဟင် ... တိုး၊ စပ်သလား"

"နည်းနည်းစပ်တယ်"

ငါးပိရည်ဆမ်းကာ ရေတ်သီးနိုင်းချင်း စားခဲ့ရပါသော တိုးတိုး အဖို့ သည်ဟင်းလောက်တော့ ရေတ်သီး ပါတယ်ပင်မထင်ပါ။ ချော်လဲနိုက် ရောထိုင်ချရခြင်း။ ဩော် ... မသိသား ဆိုးရွားလှပါသော၊ အလိုက်ကောင်းဆိုး နားမလည်ပါလေသော ရွှေမျက်ရည်တို့နယ် ဝဲပဲဝဲနိုင်လွန်း။

"ဘဲကင် များများစားပါ တိုးရဲ့"

သည်သူငယ်ချင်း မိမိကိုချစ်ကြောင်း သိပါ၏။ စေတနာထားမှန်းလည်း သိပါ၏။ သို့ပေမင့် ဘဲကင်တစ်ဖတ်ကို စိမ်ပြေနပြေဝါးရင်း "မိုး ... ငါ့အပေါ် ဒီစေတနာမျိုးနဲ့ ဘယ်နရက်သဠါနိုင်မလဲ"ဟူ၍ တွေးမိသည်။

တစ်ရက်ပေါ့၊ တစ်လပေါ့၊ သည်ထက်ပိုနိုင်မည် မထင်တော့။ ပိုနိုင်သည်ထား စားရသူက မျိုးလို့ကျပါ့မလား။ သူ့မိဘက ရှိသေးသည်။ ဤကမ္ဘာသည် တိုးတိုး အတွက် ကျဉ်းမြောင်းလွန်းလှသည်။ ကျောတစ်နေရာစာ အဘယ်မှာ ရှာရပါ့။ လျှောက်နိုင်လို့ကတော့ ခြေတစ်ဖဝါးစာတွေ ပြည်သူပိုင်လမ်းမကြီးပေါ် အပြည့်၊ အပြည့်။ နေ့နေ့ညည လျှောက်လည်လို့ချည်း သွားနေရမှာလား။ ဗိုက်ဆာလာတော့ကော။ ရေအတွက်ကတော့ လမ်းဘေး သောက်ရေအိုးစင် အလှူရှင်များကိုပဲ ဒါနကလေးမြောက်ကြပါစေ ဟု သဘောထားနိုင်သည်။

လူ့ခန္ဓာကိုယ် အဖွဲ့အစည်းကြီးသည် လှုပ်ရှားရန်ထော နိုင်ရန်အတွက် အသားဓာတ်၊ ကစီဓာတ်၊ ပရိုတိန်းတွေ မလိုလျှင် ကောင်းလေစွ။ ရေသောက်နေရုံနှင့် ဝမ်းတစ်ထွာ ပြည့်ပါလျှင် အဘယ်မျှ ကောင်းပါလေမည်နည်း။ ခြေဖဝါးအစုံတို့သည် နှစ်ဆယ့် လေးနာရီလုံးလုံး ၊ လျှောက်လှမ်းခြင်း တာဝန်ကို တစ်ရံမပျက် ဆောင်ရွက်နိုင်ကြပါစေ။ မျက်ခွံတို့သည် မှေးပိတ်ကာ အနားယူခြင်း အမှုကို မပြုချင်ပါစေနှင့်။

"ဟော ... တိုး၊ မြန်မြန်စားစမ်းပါကွ"

"စားပါတယ် မိုးရယ်"

ထမင်းစားပြီးတော့ စာဆက်လုပ်ကြသည်။ ဆရာမ သည် ကက်ဆက်ခွေဖွင့်သည့်အလား၊ တစ်ခုချင်း ရွတ်ပြနေသည် ကျောင်းသူနှစ်ဦးက ဓိမ်နှင့် နားထောင် နှုတ်ခမ်းလှုပ်ရုံ လိုက် ကြည့်၊ ကောင်းလေစွ။ ငွေမျက်နှာသည် အရပ်ရှစ်မျက်နှာလုံး ဖုံးလွှမ်းနိုင်ပါ၏။



"တော်လောက်ပြီ၊ ဆယ်နာရီ ခွဲသွားပြီ၊ ရလည်းရကုန်ပြီ မဟုတ်လား၊ မရတာ ဘာရှိသေးလဲ၊ ဘာပြောရဦးမလဲ"

ဆရာမပါးစပ်မှာ အမြှုပ်တစီစီဟု ဆိုရပါလျှင် ရိုင်းရာကျမည်မို့ မဆိုချင်ပါ။ သို့ပေမင့် သည်အတိုင်းပင် ဖြစ်နေပါချေသည်။

"ရပါပြီ၊ တိုးရော ဘာမေးချင်သလဲ"

"တိုးလည်း ရပါပြီ"

သည့်ထက် ပိုပြောရလျှင်လည်း ဆရာမ လည်ချောင်းကွဲ၍ သေပွဲဝင်သော်လည်း ဝင်လောက်၏။

"ဟင် ... တိုး၊ အဝတ်ပို မပါဘူးလား"

သည်အဝတ်အစားနှင့်ပင် အိပ်ရန်ပြင်သော တိုးတိုးကို မိုးဆင့်က အံ့ဩဟန်မပြဘဲ ဂရုတစိုက် မေးရှာသည်။ တိုးတိုးက ခေါင်းခါပြသည်။ မိုးရောင်မှာ တိုးတိုး မျက်ဝန်းက လက်ခနဲဖြစ်သွားရသည်။ မျက်ရည်ဝဲရပြန်ပါပြီ။

"ရှောလေ ... တိုး၊ ဒီဘလောက်စ်နဲ့ လဲအိပ်ပါလား"

တိုးတိုး မငြင်းဘဲ ထလဲသည်။ ဤရွေ့ ဤမျှ ခက္ခ ပြီးကာမှ အဝတ်လောက်ကို ငြင်းနေမည်ဆိုလျှင် တစ်လွဲမာနကြီးရာ ရောက်တော့မည်။

"မနက်ဖြန် စာမေးပွဲပြီးရင် မိုး ဘယ်သွားစရာ ရှိသေးလဲ"

"မရှိဘူး၊ အိမ်ပြန်ရုံပဲ၊ တည်းခိုခန်းခတောင် ခုညအပြီးရှင်းလိုက်ပြီ"

"မိုးတို့ကျောင်းမှာပဲ ဖြေရတာနော်"

"ဟုတ်တယ်၊ တိုးရော"

"တိုးက ဆေးရုံကြီးရှေ့က ကျောင်းမှာ ဖြေရတယ်"

"မနက်ဖြန်ကို တိုးကိုချပြီးမှ မိုးဆက်သွားမယ်လေ၊ နီးနီးကလေးပဲဟာ၊ ကားစောစော လာလိမ့်မယ်"

"စာမေးပွဲပြီးရင် တိုးကိုလည်း လှည့်ခေါ်ပေးပါနော်"

"ခေါ်မှာပေါ့ တိုးရဲ့၊ ပြီးတော့ ဘယ်ပို့ပေးရမလဲ၊ တိုး ဘယ်သွားချင်လို့လဲ၊ ဘာလုပ်ချင်လို့လဲ"

"ကိုကိုဖြိုးဆီ သွားချင်လို့ပါ"

"ရတယ် ... ရတယ်၊ ဆရာအမေက သိပ်သဘောကောင်းတာပဲ၊ ဟိုတစ်ခါ ကျိုက္ကဆံကွင်း သွားကြကတည်းက မိုးနဲ့ရင်းနှီးသွားတယ်၊ သွားကြတာပေါ့"

"ဟဲ့ ... ကလေးနှစ်ယောက်၊ အိပ်ကြတော့လေ၊ မနက်ကျရင် ခေါင်းမကြည်ဘဲ နေဦးမယ်၊ မနက်ဖြန် ဆယ့်နှစ်နာရီကျော်မှ စကားတွေ ဝအောင်ပြောကြ"

"ဟုတ်ကဲ့ တီချာ"

တိုးတိုး ဘဝဒုက္ခရယ်မှ သောင်းချောက်ထောင်ကို စာမေးပွဲ မပြီးမီ ဖွင့်မပြောဘဲ ထားပါတော့မည်။ မိုးမိုးဆင့်ကလည်း ထွေထွေထူးထူး မတွေးမိ။ တိုးတိုး အိမ်ကို ခွင့်တောင်း၍ရသောကြောင့် လာအိပ်သည်ဟုပဲ ထင်သည်။ ဆရာဦးဇေဖြိုးအိမ် သွားချင်သည် ဆိုတော့လည်း ဘာဘာညာညာ မတွေးမိပါ။ စာမေးပွဲအပြီးမှာ ကန်တော့ချင်ရှာသည် ထင်ပါရဲ့ဟုပင် တွေးလိုက်သည်။

မိုးမိုးဆင့်ကတော့ စိတ်ချလက်ချ အိပ်ပျော်သွားပါပြီ။

တိုးတိုးမှာသာ ...။



ကျေး ကြား-စာ
(ဂ)လမ်း၊ (၃)

"မနေ့က ကြီးကြီးမေ ပြန်သွားပြီး တိုးတိုးကို"အစ
က ဖြစ်ကြောင်းရယ်တဲ့မှ ကုန်စင် နုတ်သံမနှောဘဲ မျက်ရည်
စ်စက်ချင်း ယိုစီးလျက်က ပြောပြသည်။ လမ်းပေါ်က ကောက်ရ
သည့် အကြောင်းကို ချန်ထားသည်။ ပြောရမည့် အကြောင်းတွေက
ကောင်းတာတွေ များလွန်းသည်မို့ တစ်ဝက်တစ်ပျက်သာ ပြောချင်
တော့သည်။

နားထောင်သူ သုံးဦး။ ကြီးကြီး ဒေါ်သိန်းမေ၊ မိုးက
ကြီးကြီးမေဟု ခေါ်သောကြောင့် တိုးတိုးကလည်း ကြီးကြီးမေဟုပင်
ခေါ်ဖြစ်သည်။ ကြီးကြီးမေက အသက်ကိုမရှူမိပဲ အောင့်ထား၍
ထောင်သည်။ ပြီးတော့ ကိုကိုဖြိုး။ သူ့ကျတော့ မေးကြောကြီး
တင်းအောင် အံခဲ၍နေသည်။ ပြီးတော့ မိုး၊ မိုးခမျာ အသည်းနှ
ည်အရွယ်ပေမို့ တိုးတိုး မဲ့လျှင်မဲ့ချင်း၊ ငိုလျှင်ငိုချင်း။ သူ့ခမျာ
လေးလည်း မျက်ရည်စက်လက်။

မည်သူကမျှ တစ်ခွန်းတလေပင် ဝင်မထောက်ဘဲ
တိုး ပြောသမျှ စိတ်ပါဝင်စားစွာ နားထောင်ကြလေသည်။

"မိုးတို့အိမ်မှာ လိုက်နေပါ တိုး၊ မိုး မာမိတို့ကို ခွင့်တောင်းပါမယ်။ မိုးလည်း ညီကိုမောင်နှမ မရှိဘူး၊ တိုးတစ်ယောက်အတွက်နဲ့ မိုးတို့မှာ အပန်းမကြီးပါဘူး"

သောကရိပ် လွှမ်းပါသည့် အပြုံးတစ်မျိုးကို တိုးတိုး
ပြုံးပြသည်။ ခေါင်းကို ညင်သာစွာ ယမ်းသည်။ သက်တူရွယ်တူ
ဖော်တစ်ဦးဦး ရှိနေသည့် မိသားစု၏ စေတနာရိပ်ကို ခိုလှုံရာ

မှာ နောင်ကျဉ်ခဲ့ပါပြီ။ မိုးက ဆူဇီနယ် စိတ်ထားမဆိုးသော်ငြား သွေးမတော် သားမစပ်ကြပါ။ ရေရှည်မှာ ဖြစ်ပါ့မလား။

စေတနာဟူသည့် စကားလုံး လှလှကလေးအောက်မှာ ပြားပြားဝပ်ရင်း၊ ဖိနပ်ပြတ်လို့မှ ဝယ်စရာ ပိုက်ဆံမရှိ၊ အင်္ကျီစုတ်လို့မှ စုတ်ပါပြီ မပြောရဲသည့် ဘဝ၏ခါးသီးလှသော အတွေ့အကြုံကို ကြောက်လွန်းလှပါပြီ။ စေတနာကို ဇော်ကား၍ ငွေစကားပြောသည်ပဲဆိုဆို ငွေရသည့် အလုပ်မျိုး၊ ဆန်ပေး၍ ဆီရသည့် အလုပ်မျိုးကိုသာ ပြတ်ပြတ်သားသား လုပ်ချင်သည်။

တိုးတိုး မျက်နှာ ပြုံးနေဆဲ ...။

"တိုးဟာ အပြုံးမျိုးစုံ ပြုံးတတ်တယ်နော်၊ တစ်ခုမှလည်း ချိုသာရွှင်လန်းခြင်း မရှိဘူး၊ တိုးရဲ့အပြုံးက လူတကာနဲ့ဆန့်ကျင်တဲ့ အပြုံး"

"ကိုကိုဖြိုး ဘယ်လိုကူညီရမလဲပြော၊ တိုးတိုး ဘာလုပ်ချင်သလဲ၊ ဘာဖြစ်ချင်သလဲ၊ တိုးတိုး အတွက် အဆင်ပြေအောင် ကူညီဖို့ အသင့်ပဲ"

"တိုး အလုပ်တစ်ခုခု လုပ်ချင်ပါတယ်၊ အဲဒီ အလုပ်ဆိုတာ ဟာ ဘယ်လိုအလုပ်မျိုးပဲဖြစ်ဖြစ်၊ အချိန်တန်ရင် အိမ်ကျောတစ်နေရာစာရမယ်၊ မိန်းမသားအတွက် လုံခြုံမှုရှိမယ်၊ ဖိနပ်ပြတ်ရင် ဝယ်စရာ ပိုက်ဆံကလေးသာ ရှိနေမယ်ဆိုရင် လေ"

ရှိုက်သံကလေး စွက်လာရသောကြောင့် အသံက နစ်ဝင်သွားသည်။ သက်ပြင်းမောကို ငွေ့ငွေ့ကလေး ချပြီးမှ ဆက်ပြောနိုင်ပါသည်။

"ကျွန်ပဲ လုပ်ရ လုပ်ရ"



"ဟာကွာ ... တိုးရယ်"

မိုးမိုးဆင့်က တိုးတိုး လက်ဖျားကလေးကို လှမ်းဆုပ်သည်။ ဖြည်းဖြည်းညှစ်သည်။ သည်မိန်းကလေးကို မည်သို့သော နည်းများဖြင့် ကူညီအားပေးရပါမည်နည်း။

ကိုဝေဖြိုးက တိုးတိုးလို မိန်းကလေးကို မိမိတို့ဆန္ဒသို့ လိုက်ပါရေးအတွက် ဖွတ်တိုက်တွန်းရန် မကြိုးစားပါ။ သည်မိန်းကလေးက သူတစ်ပါး အကြောင့်ကြခံကာ အေးအေးသက်သာနေရဖို့ထက် ပင်ပန်းဆင်းရဲပါစေ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ချင်သည့် အမျိုးအစား။ တိုးတိုးကို သူ နားလည်လေသည်။

"ချက်ပြုတ်လျှော်ဖွပ်ဆိုတာ တိုး လုပ်ခဲ့တဲ့အလုပ်ပါ။ ကျွမ်းလည်းကျွမ်းကျင်ပါတယ်၊ မိုးတို့ ကိုကိုဖြိုးတို့ မိတ်ဆွေစိတ်ထား သိပ်မဆိုးတဲ့ အိမ်ကြီး အိမ်ကောင်းတွေမှာများ အိမ်ဖော်မလိုဘူးလားဟင်၊ အဲဒီလိုဆိုရင် တိုးနဲ့ ဆက်သွယ်ပေးပါ"

"တိုးရယ်"

"မိုးတို့ ကိုကိုဖြိုးတို့ ရှာမပေးနိုင်ရင် အလုံမှာ အိမ်ဖော်မိန်းကလေးရှာပေးတဲ့ ပွဲစားအိမ်တစ်အိမ် ရှိတယ်၊ တိုး သိတယ်၊ တိုးဘာသာ သွားပါ့မယ်"

"အဲဒါတော့ ကိုကိုဖြိုး သဘောမတူဘူး"

"ဒီကမ္ဘာကြီး အပြောကျယ်သလောက် တိုးအဖို့ကျတော့ ကျဉ်းကျပ်လွန်းပါတယ်၊ အမေကလွဲရင် မိုးနဲ့ ကိုကိုဖြိုးဟာ အခင်ဆုံး၊ အရင်းနှီးဆုံးနဲ့ အားကိုးမိဆုံးသူတွေပါပဲ၊ ချော်လဲလာတဲ့ ကလေးတစ်ယောက်ဟာ မိဘရင်ခွင်မှာဝင်ပြီး ငိုပြသလို၊ တိုးဒုက္ခတွေ များလွန်းလို့ မိုးနဲ့ ကိုကိုဖြိုး ဆီမှာလာပြီး ရင်ဖွင့်မိတာပါ"

"နားလည်တယ် တိုးတိုး၊ ဒါထက် တိုးတိုး အမေက
သမီးတစ်ယောက်လုံးကို စွန့်လွှတ်လိုက်တယ်လား၊ သူ
တူ၊ တူမတွေနဲ့တော့ မခွဲနိုင်ဘူးတဲ့လား၊ ဘယ်နေ
ဘာပဲလုပ်လုပ် သားအမိနှစ်ယောက်ဆို ပိုပြီး ထူ
ဘူးလား"

"တိုးက မွေးစားသမီးပါ"

ကိုကိုဖြိုးနှင့် မိုးတို့၏ တစ်ယောက်တစ်ခွန်း အမေ
အတွက် အဖြေက တိုးတိုး ရင်ကို နှိပ်စက်ကလူ ပြုလွန်းလှသ
"ကျွန်မကို လမ်းမပေါ်က ကောက်ရခဲ့တာပါရှင်၊ နာမည်ရင်း
ဘယ်သူမှန်း မသိကြပါဘူးတဲ့"ဟူသည့် စကားကို ဖွင့်ပြောရန်
လေးလှသည်။ ဝမ်းနည်းသည်။ အားငယ်သည်။ ခွဲတင်း
အချိန်မှာတော့ ဤကိစ္စကို မေ့ထားလိုက်ပါတော့မည်။ ရှိပစေ

ဒေါ်သိန်းမေက တိုးတိုး အပေါ် အလွန်ကရုဏာ
စွာ စူးစိုက်ကြည့်မိသည်။ သည်ကလေးမကလေးကို တစ်နည်း
နှင့် ကူညီရန် ဆုံးဖြတ်ချက် ချသည်။ သူ့သား ကိုဖြိုးကို တစ်
လှမ်းကြည့်ပြန်သည်။

"ဒီဖြစ်ရပ်မှာ မေမေနဲ့ သားကိုဖြိုးမှာ တာဝန်အရှိဆုံးပဲ
တို့တတွေ ဘယ်လိုပဲ စေတနာသန့်ကြပေစေဦး၊ ကိုယ့်လိ
ကိုယ်လုံပေမဲ့ လုပ်နည်းလုပ်ဟန် မှားသွားတယ်ကွယ့်၊ ဒါ
သားကကော၊ ဆူဇီနဲ့ လက်ထပ်ဖို့ကိစ္စကို ဘယ်လိုဆုံး
သလဲ"

"အဲဒီကိစ္စကို တိုင်ပင်ဖို့ လာခဲ့ပါလို့ ဆူဇီက မှာ
မဟုတ်လား၊ မဖြစ်နိုင်တဲ့အကြောင်း ကျွန်တော် ဖုန်း
လိုက်မယ်နော်"



"ဆက်လေ၊ ဒါပေမဲ့ ကိုယ့်ဘက်က အလွန်မဖြစ်အောင်
ဆူဇီ ကျန်ခဲ့ဖို့တော့ တိုက်တွန်းပေးပါကွယ်"

"ဟုတ်ကဲ့၊ ပြောပါ့မယ်"

တိုးတိုး အတွက် အကြံပြုချင်သော ဆန္ဒကို မထုတ်
ဖော်မိ၊ ဆူဇီတို့ မိသားစုအပေါ်မှာ ကိုဝေဖြိုး ဒေါသတကြီး ပြောမိ
မှာစိုးသောကြောင့် သားကို အရင်ဖျောင်းဖျခြင်း ဖြစ်ပါ၏။

"တိုးတိုး မာနကို မေမေက သဘောကျသကွယ့်၊ ဒါကြောင့်မို့
ရက်ရက်စက်စက် အကြံတစ်ခု ပေးချင်တယ်"

"ခင်ဗျာ မေမေ"

"ဟုတ်တယ်၊ ဒီအကြံက တိုးတိုးလို မိန်းမသား ဖျို့ဖျို့ရွယ်ရွယ်
ကလေးအတွက် ရက်စက်ရာ ရောက်တယ်၊ ဒါပေမဲ့ တိုးတိုး
မာနနဲ့တော့ ကိုက်ညီမယ်၊ နောက်ပြီး သူက နေတတ်ထိုင်
တတ်လည်း ရှိမှာပါ၊ ကိုယ့်ကိုယ်ကိုယ်တော့ အတော်ထိန်းရ
မယ်"

"ဘာလုပ်နိုင်းမလို့လဲ မေမေ"

"တိုးတိုးက ကိုယ့်လုပ်အားနဲ့ ရတဲ့ငွေကို သုံးချင်တယ်၊
ကိုယ့်လုပ်အားနဲ့ကိုယ် ထမင်းစားချင်တယ်၊ ဒီလိုမဟုတ်လား"

"ဟုတ်ပါတယ် ကြီးကြီးမေ"

"ကြီးကြီးမေတို့ ဖော်တော်တစ်စင်း၊ နာမည်က ဝေဖြိုးအောင်၊
အဲဒီမှာ ထမင်းဆိုင် ကန်ထရိုက် ဆွဲပေတော့"

"ရှင်"

"ဟာဗျာ မေမေရယ်၊ ဖြစ်ပါ့မလား"

"ဘာလို့ မဖြစ်ရမှာလဲ သား၊ ဖြစ်ရမယ်ပေါ့၊ ဒီလို တိုးတိုးရဲ့၊
သဘောက ရန်ကုန်နဲ့ ညောင်တုန်း ပြေးဆွဲတာ၊ အဲဒီမှာ

ခရီးသည်တွေ စားနိုင်သောက်နိုင်ဖို့ ထမင်းဆိုင်ပါတ
ကန်ထရိုက်စနစ်နဲ့ပေါ့၊ သင်္ဘောပိုင်ရှင်ကို စပေါ်တင်ရတ
ဆိုင်ငှားခ ပေးရတယ်၊ ကိုယ့်ဘာသာ ဆီဆန်ငရုတ်ကြက်
ဝယ်၊ ဟင်းရံဝယ်၊ ချက်ပြုတ်ရောင်း၊ စရိတ်စကနုတ်ပြီး
ကျန်တာ ကိုယ့်တွက် အမြတ်ပဲ၊ အလျင်က ထမင်း
ကန်ထရိုက်ဆွဲတဲ့လူနဲ့ စာချုပ်စေ့တဲ့ရက်ကလည်း တိုက်ဆို
ဆိုင်ဆိုင် ကြုံနေတယ်၊ သူ့ကို ပြန်မပေးဘဲ တိုးတိုးကို
မယ်လေ၊ ဘယ့်နှယ်လဲ"

"ဒီအလုပ်က မိန်းမ ကြီးကြီးမားမားတွေ လုပ်ကြ
ယောကျ်ားသားလည်း ပါဖို့လိုတယ်၊ လူအများနဲ့ ဆက်
တဲ့အလုပ် မဟုတ်လား မေမေရယ်၊ ဒါကြောင့်မို့ မေ
ရက်ရက်စက်စက် အကြံတစ်ခုပေးမယ်လို့ ပြောတာ
တိုးတိုး အရွယ်နဲ့ ဖြစ်ပါ့မလား မေမေရာ"

"တိုးတိုးက ကိုယ့်ကိုယ်ကိုယ် အားနွဲ့တဲ့ မိန်းမသားရယ်
သဘောထားပြီး စိတ်အားငယ်တတ်တဲ့သူမှ မဟုတ်
တခြားမိန်းကလေးဆိုရင် မဖြစ်ဘူး၊ တိုးတိုးနဲ့တော့ ဖြစ်
ပြီးတော့ တိုးတိုး အမေကိုပါ ခေါ်ယူလိုက်လေ"

အမေ လိုက်ပါ့မလား၊ အရင်းအနှီးက ဘယ်က
တိတ်တခိုး မေးခွန်းကလေးများနှင့်အတူ တိုးတိုးက သူ့ဆွဲကြီး
ကို မသိမသာ စမ်းကြည့်မိသည်။ သည်လုပ်ငန်းအပေါ် တို
စိတ်ဝင်စားမိလေပြီ။

"သတ္တိ အင်မတန်လိုတဲ့ အလုပ်ပဲ တိုးတိုး၊ ဒါကြော
ကြီးကြီးမေက ရက်ရက်စက်စက် အကြံတစ်ခု ပေးချင်တယ်
ပြောတာပေါ့၊ ဒါပေမဲ့ အဲဒီသတ္တိမျိုး တိုးတိုးမှာ ရှိမှာ



"ဘယ်လို သမ္မာအာဇီဝမျိုးကိုမှ တိုးတိုး မကြောက်ပါဘူး
ကြီးကြီးမေ"

"ကောင်းတယ်၊ ဒီအလုပ်က ဘယ်သူ့မျက်နှာမှလဲ ကြည့်မနေ
ရဘူး၊ ကိုယ်ပိုင်အလုပ်လည်း ဖြစ်တယ်၊ အနေအထိုင်
ဌာနေရှိဖို့ပဲ လိုတယ်၊ အဲဒါလည်း တိုးတိုးမှာ ပြည့်စုံပြီး
သား"

"တိုးရယ် ... မာနကလေး နည်းနည်းလျှော့ချပြီး မိုးဆီပဲ
လိုက်နေပါကွာ"

မိုးမိုးဆင့်က စိတ်မကောင်းနိုင်စွာ ပြောရှာသည်။

"အဲဒီအလုပ်က အကျိုးအမြတ်တော့ တော်တော်ရှိတယ်
တိုးတိုးရဲ့၊ ထမင်းဟင်းပေါ်မှာ အမြတ်ရတယ်၊ နောက်ပြီး
ကုလားထိုင်တွေ ဝယ်ထား၊ သင်္ဘောပေါ်မှာ ထိုင်မစီးဘဲ
ကုလားထိုင်နဲ့ လိုက်ချင်သူတွေကို ကုလားထိုင်ငှား၊ တစ်လုံး
ကို တစ်ကျပ်ခွဲရသေးတယ်၊ ဒီခရီးအတွင်းမှာ မျက်မှန်းတန်းမိ
လာရင် ကိုယ်ကလည်း သစ္စာရှိမယ်ဆိုရင် ရန်ကုန်နဲ့
ညောင်တုန်း မကူးမသန်းရဘဲ ငွေပို့ချင်တဲ့ ကုန်သည်ပွဲစား
တွေဆီက ပိုက်ဆံကိုယူလာ၊ လိပ်စာရှင်ထံလာပို့၊ ကိုယ်က
ကော်မရှင်ရတယ်"

"အမြတ်များတာတော့ တကယ်ပဲ တိုးတိုး၊ လုပ်ချင်တဲ့သူ
တွေ များလွန်းလို့ ကန်ထရိုက်ကို လေလံသဘောတောင်
ဆွဲရတာ"

"တိုးတိုး လုပ်ချင်ပါတယ်၊ ဒါပေမဲ့"

"ကြီးကြီးမေ နားလည်တာပေါ့ တိုးတိုး၊ အရင်းအနှီးလိုမယ်၊
အဲဒီအတွက် ကြီးကြီးမေ ထုတ်ချေးမယ်"

"ရှင် … ကြီးကြီးမေရယ်၊ တိုး အပေါ် ငုံညှာလွန်းရာရော နေတော့လည်း တိုးတိုး အားနာရပြန်ပြီ"

"အတိုးပေးပေါ့ကွယ်"

"ဟာဗျာ … မေမေကလည်း"

"လိုတဲ့အရင်းအနှီး မိုး ထုတ်ပေးပါ့မယ်၊ ပြန်လည်းမဆပ် ပါနဲ့၊ အတိုးလည်း မယူပါဘူး"

"သမီး မိုးမိုးဆင့်က ကြီးကြီးမေ စေတနာကို အတွက်လွန်း ရတယ်"

ငွေတိုးယူမည် ဆိုသည့် ကိစ္စအတွက် ကာယကံရှင် တိုးတိုးမှ လွဲ၍ ကိုဝေဖြိုးရော မိုးမိုးဆင့်ပါ မကျေနပ်ကြပါ။

"အလကားယူဖို့ ဝေးလို့၊ အတိုးမရှိ ထုတ်ချေးမယ်ဆိုရင် တောင် မိုးမိုး သူငယ်ချင်း မာနခဲက ယူလိမ့်မယ်ထင်သလား ဝေးသေးတယ်၊ အစိုးရရုံးဌာနမှာ ဝန်ထမ်းတွေအတွက် ငွေ ငွေချေးအသင်းတွေ ရှိတယ်မှတ်လား၊ အဲဒီမှာ တစ်ရာကို တစ်လအတွက် ပြားငါးဆယ်တိုး ယူတယ်လေ၊ အဲဒီနှုန်းနဲ့ ပေးပေါ့"

"ကျေးဇူးတင်ပါတယ် ကြီးကြီးမေ၊ တိုးတိုး သဘောကျပါ တယ်၊ အရင်းအနှီး ဘယ်လောက်လိုမယ် ထင်ပါသလဲ ဟင်"

"ဒီမှာ တိုး … ထမင်းဆိုင်ဖွင့်ဖို့အတွက် လိုအပ်တဲ့ ပန်းကန် ပြား၊ ပန်းကန်လုံး၊ စတီးဇွန်း၊ အဲဒါတွေ မိုး ဝယ်ပြီး လက် ဆောင်ပေးပါရစေ၊ မငြင်းပါနဲ့ တိုး၊ အဲဒါကိုငြင်းရင် တိုးနဲ့ ဒီတစ်သက် အပြတ်ပဲ၊ တစ်သက်လုံး မခေါ်ဘူး၊ မိုး တကယ် ပြောတာ"



"မိုးရယ် … တိုး အပေါ်မှာ စေတနာထားကြလွန်းလို့ ငြင်း ရတာပါ၊ တိုးကို နားလည်ပါ"

"ညှောင်တုန်းမှာ ဘာပေါလဲ၊ တိုး ဝယ်လာပေါ့၊ မိုးစားမှာ ပေါ့၊ မိုးစကားကိုတော့ မငြင်းနဲ့ … ဒါပဲ"

"ညှောင်တုန်းမှာပေါတဲ့ ပစ္စည်းဝယ်ရင် နှစ်ယောက်စာ ဝယ် ခဲ့ပါ တိုးတိုး၊ ဘာဖြစ်လို့လဲဆိုတော့ အိုးကြီးအိုးငယ်နဲ့ မီးဖို ရယ်၊ ခေါက်ကုလားထိုင် ဆယ်လုံးရယ်၊ ကိုကိုဖြိုး ဝယ်ပေး ပါရစေ"

ကိုဝေဖြိုးက ရယ်ရင်း ပြောသည်။

"ဒါဆိုရင် ဆီ၊ ဆန်၊ ငရုတ်၊ ကြက်သွန်နဲ့ ဈေးဖိုး၊ လက် သုတ်ပဝါ၊ စားပွဲခင်းနဲ့ တိုလီမိုလီကလေးတွေ ဝယ်ဖို့နဲ့ လက်ထဲမှာ ငွေပိုငွေလျှံလေး နည်းနည်းပါးပါး ချန်ထားဖို့ အလွန်ဆုံး နှစ်ထောင်ပေါ့ တိုးတိုး၊ ကြီးကြီးကတော့ ငွေတိုး ယူမှဲ့သူမနော်၊ ဘာမှ ဝယ်ခြမ်းလာစရာ မလိုဘူး"

ဒေါ်သိန်းမေကလည်း ပြောရင်း ရယ်သည်။

"ဆိုင်အတွက် စပေါ်ကကော ကြီးကြီးမေ"

"အဲဒီစပေါ်က မယုံရတဲ့သူတွေ လခမပေးမှာစိုးလို့ ကြိုယူ ထားတဲ့ သဘောပါ၊ စာချုပ်စေ့လို့ လုပ်ငန်းရပ်ရင် ပြန်ပေး ရတာပဲ၊ ဘာထူးတာလိုက်လို့၊ မယူတော့ဘူးလေ"

တိုးတိုး ကုလားထိုင်ထက်မှ ဆင်းသည်။ ဒေါ်သိန်းမေ ကို လက်အုပ်ချီ၍ ကန်တော့သည်။

"ထမင်းဆိုင် ထွက်တယ်ဆိုတာ သဆော်သွားနေတုန်း သဆော် ကို အိမ်လုပ်နေတာပဲ၊ ဒါပေမဲ့ ရန်ကုန်ဆိုက်တဲ့အခါ၊ လွှန်းတင်တဲ့ အခါမျိုးတွေမှာတော့ အိမ်ငှါ်တယ် တိုးတိုး၊

နောက်ထပ် ရက်စက်တဲ့ အကြံတစ်ခု ကြီးကြီးမေ ထပ်
ရဦးမယ်"

တိုးတိုးက ကြမ်းပြင်မှာ ကျုံ့ကျုံ့ကလေးထိုင်၊
အုပ်ကလေး ချိုလျက်သားနှင့် ဒေါ်သိန်းမေကို မော့ကြည့်သည်
သည်မျက်နှာကလေးကို ကိုဝေဖြိုး ငေးကြည့်မိသည်။ ညှိုးနွမ်း
တော့ကာ ကူကယ်မည့်သူ ဖေးနေသည့် မျက်နှာကလေး။
ကြာပန်းနှယ် ညှိုးနွမ်းနေပါပြီ၊ မျက်ဝန်းအစုံမှာ အရောင်တ
လက် ဖြာနေသည်။ ကြယ်ညီနောင် ထွန်းပနေသလား ထင်မှတ်
ပါ၏။

သြော် ... တိုးတိုးရယ်၊ သနားစရာကလေး၊ မျက်
အစုံမှာ မျက်ရည်စတွေကြောင့်များ အရောင်ပိုလက်နေရော့သလား

"ကြီးကြီးမေတို့ ခြံထဲမှာ ကားဂိုဒေါင်နဲ့ဆက်လျက်၊ နှစ်
တန်းလျား ရှိတယ်လေ၊ အဲဒီမှာ တိုးတိုး အမေနဲ့
သဘောမတွေ့က်ရတဲ့ ရက်တွေမှာ စတည်းချပါ၊ ခပ်ရိုင်းရိုင်း
ပြောရရင်တော့ အစေခံတန်းလျားပဲ"

"အိမ်ကြီးပေါ်မှာ နေပါစေ မေမေ"

"မိုးတို့အိမ်မှာ လာတည်းလည်း ရပါတယ် ကြီးကြီးမေ"

"သားနဲ့ မိုးမိုးက တိုးတိုး မာနကို လျှော့တွက်ကြပြန်ပြီ
မေမေ ပြောချင်တာက အဲဒီ တန်းလျားဟာ တကယ်တော့
အဆောက်အအုံ တစ်ခုပဲ၊ ကားထားရင် ကားဂိုဒေါင်၊ အစေ
ခံနေရင် အစေခံတန်းလျား၊ ရှင်ဘုရင်သာနေရင် နန်းတော်
လို့ခေါ်ရမှာ၊ တကယ်တော့ ပညတ်ချက် ကွာသွားတာပဲ
မဟုတ်လား"

"တိုးတိုး နေချင်ပါတယ် ကြီးကြီးမေ"



"သဘောလွှန်းတင်လို့ လနဲ့ချီပြီးကြာမဲ့ အချိန်ဆိုရင် အိမ်လခပေးချင်ပေးဦး၊ ရေဖိုးမီးဖိုးအလွတ်၊ တစ်လကို သုံးဆယ်ထား၊ နေ့ခ တစ်နေ့တစ်ကျပ်ပေါ့"

"မေမေကလည်း တိတိကျကျ ရှိလိုက်တာဗျာ"

"မဟုတ်ပါဘူး ကိုကိုဖြိုး၊ ကြီးကြီးမေက စေတနာတွေ အထင်းသား ပြပြီးသားပါ"

"ကူညီတယ်ဆိုတာ အဲဒီလို ပြတ်သားရတယ်၊ ကလေးတို့မှတ်ထား၊ ကူညီချင်တဲ့အပိုင်းကို သပ်သပ်ကူ၊ ယူစရာရှိတာလည်းယူ၊ တိုးတိုးကို အိမ်ပေါ်ခေါ်တင် ကျွေးထားနိုင်သားပဲ၊ ဒါပေမဲ့ သူ့ခများကလေးမှာ ပင်ပန်းသာခံရမယ်၊ အစွမ်းအစလည်း ပြခွင့်မရှိ၊ ကျေးဇူးတွေသာ တစ်ဖက်သတ်တင်နေရမယ်၊ သူ ပြန်ကူညီဆောင်ရွက်ပေးတဲ့ ဝေယျာဝစ္စကျတော့ အရာမထင်ဘူး၊ မြတို့အိမ်မှာ နေခဲ့တာကိုပဲကြည့်၊ မြတို့ကသာ ကျေးဇူးရှင်ဖြစ်လို့၊ မသိန်းလှနဲ့ တိုးတိုး ကုန်းရုန်းလုပ်ရတာကျတော့ မထင်ပေါ်ဘူး၊ နားလည်တယ် မှတ်လား တိုးတိုး၊ ကူညီမှုဆိုတာ အပြန်အလှန် အရာထင်မှလည်း ကောင်းတယ်"

"ဟုတ်ကဲ့ပါ ကြီးကြီးမေ"

ဒေါ်သိန်းမေကို သုံးကြိမ်တိတိ ဦးချပြီးမှ ကိုဝေဖြိုးကို သုံးကြိမ်ဦးချပြန်သည်။ ကျေးဇူးရှင်များကို ရှိခိုးရင်းက အမေ့မျက်နှာကို မြင်မိသည်။

အမေ လိုက်ပါမလား၊ ဟိုမှာက ဆွေးသား၊ သြော် ... ကိုတိုးနဲ့ သူစိမ်းပါ ဆိုတဲ့ ကျွေးမေမေရယ်။

"မိုးကိုလည်း ..."

"ဟာ ... တိုး"

မိုးမိုးဆင့်က ကြမ်းပြင်ပေါ်ဆင်း၍ တိုးတိုးကို တအား ဖက်ထားလိုက်သည်။

"ဘာဖြစ်လဲ၊ မိုးက တိုးထက် နှစ်နှစ်တောင် ကြီးတာပဲ၊ မြန်မာ့ယဉ်ကျေးမှုမှာ တစ်နေ့ တစ်ရက် တစ်မနက် ..."

"တော်ကွာ၊ တိုး မကောင်းဘူး"

တိုးတိုးကို ဆွဲထူ၍ မိုးမိုးဆင့်က သူနှင့်အတူ ထိုင်စေသည်။

"သာဓု၊ သာဓု၊ သာဓု စိတ်ချမ်းသာပြီး အောင်မြင်ပါစေကွယ်"

ဒေါ်သိန်းမေက ဆုပေးသည်။

"တိုးတိုး ... အခုကစပြီး အဲဒီအခန်းကလေးမှာ နေရျတော့၊ ကြီးကြီးမေလည်း ပိုက်ဆံထုတ်ပေးမယ်၊ မိုးက အိမ်ပြန်ပြီး ပန်းကန်ခွက်ယောက်တွေယူ၊ သားက အိုးတွေ ကုလားထိုင်တွေ အဝယ်ထွက်"

"တိုးတိုး အမေ့ကိုပါ တစ်ခါတည်း ဝင်ခေါ်ခဲ့မယ်၊ တိုးတိုး ဒီအိမ်ကို ရောက်လာပြီး ဒီလို စီစဉ်ပေးထားတယ် ဆိုတာလည်း ပြောခဲ့မယ်၊ စိပ်ပြတ်ပြတ်ပဲ မေမေ၊ ခုရှပ်မှ နောင်ရှင်းတယ်"

"သားနဲ့ ဆုဗီတို့ ကိစ္စကတော့ အေးဆေးဆေးဆေး နိဂုံးမချုပ်ပဲ ဝုန်းဒိုင်းကြဲပြီး လမ်းစ ပြတ်လိမ့်မယ် ထင်တယ်"



"ကောင်းပါတယ် မေမေ၊ သိပ်ကောင်းပါတယ်၊ ခုမှ အားလုံး ကောင်းပါသည့် ခင်ဗျားလို့ ပြောနိုင်တော့တယ်၊ ဟားဟား"

ကိုဝေဖြိုးက အားရပါးရ ရယ်မောသောကြောင့် တိုးတိုးည့်၊ ဘစ်ခါတော့ ကြည်ကြည်နူးနူးကလေး ပြုံးမိပါသတည်း။

ဖျတသော အချစ်ကလေးတစ်ချစ်

"ထမင်းတစ်ပွဲပေးပါ"

"ဟင် ... ကိုနေသွေး"

"ဘာဟင်းတွေရှိလဲ တိုး"

"ညောင်တုန်းကိုလား ကိုနေသွေး"

"မဟုတ်ဘူး၊ ဒီသဘော်ကိုပဲ"

"ကြည့်ပါလား"

"တစ်သက်လုံး ထိုင်ကြည့်နေချင်တာပဲ"

တိုးတိုးက "ထမင်းတစ်ခါပြင် နှစ်ကျပ်ခွဲ"ဟူသည့် စက္ကူကတ်ပြားကလေးကို ကောက်ကိုင်သည်။ ဟိုဘက် သည်ဘက် လှည့်ကြည့်သည်။

"နှစ်ကျပ်ခွဲ မဟုတ်ပါဘူး တိုးရဲ့၊ ထောင့်ငါးရာပေးပြီး စား မှာပါ"

"မဟုတ်ပါဘူး၊ ဒီစာတန်းအောက်မှာ နောက်ထပ်စာတန်း တစ်ခု ထပ်ရေးရရင် ကောင်းမလားလို့ စဉ်းစားနေတာ"



"သိပါတယ်၊ တိုး ဘာစာတန်း ထပ်ရေးချင်လဲဆိုတာ"

"ပြောပါဦး"

"ထမင်းတစ်ပွဲ နှစ်ကျပ်ခွဲ၊ ရည်းစားစကား တစ်ခါပြော၊ လက်မောင်းဖိဟက်တက်ကွဲ ... လို့"

"မဟုတ်ပါဘူး၊ အသည်းမရောင်းပါလို့ ရေးမလို့"

"အလကားပေးမယ်ပေါ့"

"တော်ပါတော့ရှင်၊ ဘာဟင်းနဲ့ စားမလဲသာ ပြောပါ"

"ဘာဟင်းတွေ ရှိလဲ"

"ကြက်သား၊ ဝက်သား၊ အမဲသား၊ ငါးရံ့အူ၊ ငါးမြင်းဟင်း၊ သီးစုံချဉ်ရည်၊ တို့စရာနဲ့ ဘာလချောင်ကြော်"

"အသည်းကြော် မရဘူးလား"

"ပြောပြီကော၊ ဒီဆိုင်က အသည်းမရောင်းဘူး"

စကားပြောရင်းပေမင့် လက်က အလုပ်လုပ်မြဲမို့ ထမင်းတစ်ပွဲ ပြင်ပြီးသွားလေသည်။ ဟင်းတစ်မျိုးကို တစ်ပွဲစီပြင်၍ ကြိုက်ရာဟင်းနှင့် စားနိုင်အောင် ဖွယ်ဖွယ်ရာရာ ပြင်ပေးသည်။

"ကြိုက်တဲ့ဟင်းနဲ့စား၊ ငါးရံ့အူက ပိုကောင်းတယ်၊ အဲဒါ အဓိကထား စားနော်"

"ချစ် သည်းအူကို ဆီပြန်ချက်လို့ မရဘူးလား"

"အမှတ်မရှိသေးဘူးနော်"

"လက်မောင်းတစ်ဖက် ကျန်သေးတယ် တိုးရဲ့"

"ကိုနေသွေး လက်မောင်းကအနာ ရင်းသေးလား"

"အနာက မရင်းပါဘူး၊ နှလုံးသားမှာ သွားရင်းတာ"

"ဒီစကားကလွဲပြီး မပြောတတ်တော့ဘူးလား"

"သိပ်ခပြာတတ်တာပေါ့၊ ချစ်ကြောင်း၊ ကြိုက်ကြော
မြတ်နိုးတွယ်တာကြောင်း၊ စွဲလမ်းသံယောဇဉ် ဖြစ်ရကြော
ရင်ထဲက ခံစားချက်ကို ဝါကျပေါင်းစုံနဲ့ အဓိပ္ပာယ် ဖွ
တယ်"

"ထမင်း အေးအေးဆေးဆေး စားစမ်းပါရှင်"

"တိုး လက်ရာကလေး စားရတယ်ဆိုတဲ့ အသိစိတ်ကလေ
တောင် ရင်ခုန်သံ နည်းနည်းမြန်တယ်"

တိုးတိုးက ပြန်မပြောတော့ဘဲ ပြုံးပြုံးကလေ
ကြည့်နေတော့သည်။ နေသွေးဦးက ထမင်းကို စိမ်ပြေနပြေ စ
သည်။ ထမင်းတစ်လုတ် မျိုချတိုင်း၊ တိုးတိုး မျက်နှာကို တစ်
မော့ကြည့်သည်။ တိုးတိုး မျက်နှာပြင်ပေါ်မှာ သနပ်ခါး ဝင်
ကလေးများကို ညီညီညာညာ လူးထားသည်။ ချွေးကလေ
ကသီကရီ စို့နေသည့်တိုင် လှရက်လွန်းပါသည်။

ယခင်ကလို ညှိုးနွမ်းအားငယ်နေသည့်ပုံစံ မဟု
လန်းဆန်းတက်ကြွသော အပြုံးကလေးကို မြင်ရသည်။ သည်အ
တိုးတိုး ပျော်သည် ထင်ပါရဲ့။

"တိုး စာမေးပွဲအောင်တာ မပျော်ဘူးလား"

"နည်းနည်းပါးပါးပါပဲ"

"ဟာကွာ ... တို့က တို့အောင်တာထက် တိုးအောင်တ
ပိုပျော်နေတာ"

"ကိုနေသွေး ကျောင်းတက်နေပြီလား"

"တက်နေပြီ၊ မိုးမိုးဆင့်နဲ့ တူတူပဲ၊ တိုးရော၊ ပညာရေးအ
ဘယ်လို စိတ်ကူးထားလဲ"



"ပြင်ပကနေ ဖြေမယ် စိတ်ကူးရုံပဲ ရှိပါသေးတယ်၊ ဘာမှ
သေသေချာချာ မစဉ်းစားရသေးပါဘူး"

"တိုး မေမေရော"

"ရှိတယ်၊ ဟိုမှာလေ၊ ညက အိပ်ရေးပျက်လို့ အိပ်နေတယ်၊
လူကြီးဆိုတော့ နာနားနေနေ နေပါလို့ မနည်းပြောရတယ်"

ပက်လက်ကုလားထိုင် တစ်လုံးပေါ်မှာ အိပ်ပျော်နေ
သည့် ဒေါ်သိန်းလှကို မေးကလေး ငေါ့ပြသည်။ တိုးတိုးကတော့
ရိုးရိုးသားသား လုပ်ရိုးလုပ်စဉ်ပါ၊ ချစ်ရသူအဖို့ကတော့ မေးငေါ့ပုံ
ကလေးကအစ လိုက်၍ ချစ်နေမိတော့သည်။

"ကိုနေသွေးကို ဘယ်သူပြောလိုက်လဲ"

"ဆရာဦးဝေဖြိုးနဲ့ တွေ့လို့ မျက်နှာပြောင်တိုက်ပြီး ဖွင့်မေး
တာပေါ့၊ ကျောင်းတွေ ပိတ်သွားတော့ ဒိုင်ယာနာ ရေ့မှာ
တစ်နေ့ ဆယ့်နှစ်ခေါက်လောက် လမ်းသလားတယ်၊ လျှောက်
ပြန်သံပေးလေ၊ ခြေတွေအေးပြီး ဝမ်းသာရောင်ရော"

"တိုးကို မတွေ့ဘူးလား"

"ဟင့်အင်း ... ဘာကြာလဲ၊ ဒိုင်ယာနာ ဆိုင်းဘုတ်ကြီးပါ
ပြုတ်သွားတော့တယ်၊ တိုင်ဝမ်ကို သွားကြပြီဆို"

"ဟုတ်တယ်"

"တိုးက အခုလို ဖော်ဖော်ရွေရွေ စကားပြောတာ၊ တို့သိပ်
ဝမ်းသာတာပဲ၊ အဟုတ်ပြောတာ"

"တိုးက လူကြီးဖြစ်ပြီလေ၊ ရင့်ကျက်လာပြီပေါ့"

"ဟုတ်လား၊ ဒါဆိုရင် အိမ်ထောင်ပြုဖို့ ကောင်းပြီ"

"တော်ပါ"

"ဟုတ်ကဲ့၊ တော်ပါပြီ၊ ဟင်းတွေ ကုန်လွန်းလို့ ဆိုင်ရှ
မသဒ္ဒါတော့ဘူး ထင်တယ်"

နေသွေးဦးက စားပြီးသွားသော ပန်းကန်ကို
ထိုင်ရာမှ ထသည်။

"ဒါ ဘာလုပ်မလို့လဲ"

"ဆေးမလို့"

"အို ... မဆေးရပါဘူး"

"တို့ မဆေးရင် တိုး ဆေးနေရမှာပေါ့"

"ဒါ တိုး အလုပ်ပဲ"

"ဟင့်အင်း ... တို့နဲ့ နှစ်ယောက်တူတူ နေကြရင်
အလုပ် ဘာမှမရှိစေရဘူး၊ တို့ချည်းလုပ်မယ်"

"ခက်တော့တာပဲ"

"မခက်ပါဘူး၊ ဟိုစဉ့်အိုးထဲကရေကို ခပ်ရမှာလား"

"ပေးပါ ကိုနေသွေးရဲ့"

ထမင်းပန်းကန်ပြားကို သူရ,ကိုယ်ရ လုကြသ
လက်ကလေးနှစ်ဖက် ထိမိကြသည်။ ရှန်းရင်းဆန်ခတ်ကလေး
သွားရသည်။ တဒိတ်ဒိတ် ခုန်သည့်ရင်ကြောင့် ပျက်ချင်ချင် မျ
ကို တိုးတိုး ကြိုးစားပြင်ရသည်။

"လူတွေ ကြည့်ကုန်ပြီ"

"ကြည့်ကြည့်"

"ခက်လိုက်တာဟယ်"

"ခက်ရင် လွှတ်"

"ကဲရော ... ဟိုနားက အိုးတွေပါ တိုက်သွား"



"သိပ်တိုက်တာပေါ့၊ တို့က ထမင်းဖိုး ပေးမဲ့သူမှ မဟုတ်
တာ၊ အလကား ညာစားတာ"

"ပေးလည်း မယူပါဘူး"

"အသည်းပေးရင်ကော"

"ဆိပြန်ချက်ရမှာပေါ့"

နေသွေးဦးက ပန်းကန်ဆေးသည်။ အနားမှာ မတိုက်
သေးဘဲ ရှိနေသည့် အိုးနှစ်လုံးကိုပါဆွဲ၍ ဖြင်းဖြင်းပါအောင်
က်တော့သည်။ တိုးတိုးကကြည့်၍ ရယ်နေသည်။

"သူ့မာမီသာ တွေ့ရင်တော့ မျက်ဖြူလန်တော့မှာပဲ"
၍ တွေးမိသေးသည်။

"ထားခဲ့ပါ ကိုနေသွေးရယ်"

နောက်ဆုံးစကား "ရယ်"ကလေးမှာ နွဲ့ဟန်များစွက်
လေသလား၊ ပြောပြီးမှ တိုးတိုး ရှက်နေသည်။ ဆေးလည်း
းစေချင်၊ ထလည်း မလုရဲတော့၊ ရှန်းရင်းဆန်ခတ်ကလေးများ
ပါလာဦးမည်။ လက်ချောင်းကလေးချင်း ငြိတွယ်ကြဦးမည်။
န်သံကျတော့ ခုတည်းက တဒိန်းဒိန်း၊ တဒိုင်းဒိုင်း။

"နှစ်ကျပ်ခွဲဖိုး လုပ်အားပေးရတာ ခင်ဗျ"

နေသွေးဦး ပျော်နေသည်။ တိုးတိုး ထံမှ သည်မျှ
င်လိုက်လျောလျော အခွင့်အရေးမျိုးက သည်တစ်ခါ ပထမဆုံး
ကြိမ် ရရှိခြင်း မဟုတ်လား။ ထမင်းစားမည့်သူများ ရောက်လာ
ကြောင့် တိုးတိုး မူးခပ်ပြင်ဆင်ရပြန်သည်။ နေသွေးဦးက
ကြာပြီးသောအခါမှာ လက်သုတ်ပဝါတစ်ထည် ဆွဲသုတ်ရင်း
း နှစ်ဖက်ကို ရှု့ပြသည်။

သူ့အိတ်ထဲမှ အိတ်ဆောင်မှတ်စုစာအုပ်ကလေးကို ထုတ်သည်။ ဘောလ်ပင်နှင့် တောင်ခြစ် မြောက်ခြစ် လျှောက်ရေးသည်။

"တိုး ... ဒီလိပ်စာ မှန်ရဲ့လား"

မှတ်စုစာအုပ်ကလေးကို ဖြန့်၍ တိုးတိုး မျက်နှာရှေ့သို့ လာပြသည်။

"တိုး လက်ရာ ချက်ပြုတ်ထားတာကလေးတွေ သူစိမ်းယောကျ်ားသားတွေကို ခူးခပ်ကျွေးနေတာ၊ ဒီမောင် မကြည်ဘူးဗျ"

ဟူသော စာကြောင်းများ။

"သူ့လိပ်စာက အမှားကြီး"

"ဒါဖြင့် အမှန်ရေးပေးလေ"

စာအုပ်ရော ဘောလ်ပင်ပါ ထိုးပေးသည်။

"အဲဒါ အသက်မွေးဝမ်းကျောင်းရှင့်၊ သမ္မာအာဇီဝ"

ဟူ၍ ပြန်ရေးပေးလိုက်သည်။

နေသွေးဦးမှာ ပြောချင်သည့် စကားတွေက အများကြီး၊ ထမင်းလာစားသူများရှေ့မှာ ပြောလို့ကလည်း မဖြစ်။ "သည်တစ်ခေါက်တော့ တိုးတိုး ရှုံးချင် ရှုံးပါစေတော့၊ မည်သူမျှ ထမင်းလာဝယ်မစားကြပါစေ"နှင့်ဟုသာ ဆုတောင်းမိတော့သည်။

"ညောင်တုန်းမှာ တို့အသိ မရှိဘူး တိုးရဲ့၊ ဒီသင်္ဘောက ညောင်တုန်းမှာ ညအိပ်မှာလား"

တော်ပါသေးရဲ့၊ ထမင်းလာစားသူ လူရွယ်နှစ်ဦးထ ခပ်မြန်မြန် ပြီးသွားပေလို့၊ နေသွေးဦး ခုမှ စကားပြောခွင့်ရသည်။

"အိပ်မှာပေါ့"



"တိုးတိုး ဘယ်မှာသွားအိပ်မလဲ"

"သင်္ဘောပေါ်မှာပဲ"

"တို့ရော အိပ်လို့ မရဘူးလား"

"ပိုင်ရှင်နဲ့ ဆွေးနွေးကြည့်လေ"

"ပိုင်ရှင် ပါလာသလား"

"ဟိုမှာ လာနေပါပြီ"

တိုးတိုး မေးငေါ့ပြရာသို့ လှည့်ကြည့်သည်။

"ဟင် ... ဆရာဦးဝေဖြိုးပါလား"

"ဟုတ်ကဲ့ရှင်"

"ဆရာက ညောင်တုန်းသင်္ဘော ဝေဖြိုးအောင်မှာ ထမင်းဆိုင်ထွက်နေတယ်လို့သာ ပြောတာ၊ သူ့သင်္ဘောဆိုတာ မပြောဘူး၊ ဟုတ်သားပဲ တို့ကလည်း ညံ့လိုက်တာ၊ သင်္ဘောနာမည်ကိုက ဝေဖြိုးအောင် ဆိုထားတာ"

"ဟ ... နေသွေးဦး ပါလား"

"ဟုတ်ကဲ့ ဆရာ"

"ဘယ်လဲကွ၊ ညောင်တုန်းလား"

"ဆရာက တိုး ဒီမှာ ထမင်းဆိုင်ထွက်တယ်ဆိုလို့ လာလည်တာ"

"ဟား ဟား၊ ဖြစ်မှ ဖြစ်ရလေကွာ၊ ခင်းနှယ် သင်္ဘောခအကုန်ခံပြီး၊ သင်္ဘောပေါ်များ လာလည်ရတယ်လို့၊ ရန်ကုန်မှာ ညအိပ်တဲ့ ရက်ကျမှ လာလည်ရောပေါ့"

"တိုး လိပ်စာ မသိလို့ ဆရာရဲ့"

"ဟ ... ငါ့အိမ်မှာပဲ နေတာ"

"ခင်ဗျာ"

"ထမင်းစားတော့မလား ကိုကိုဖြိုး"

နေသွေးဦး မျက်နှာပျက်သွားမှန်း သိလိုက်ရသောကြောင့် တိုးတိုးက တမင်တကာ အာရုံပြောင်းပစ်ခြင်း ဖြစ်ပါ၏။

"အေး ... စားတော့မယ်"

"ဒီနေ့ ကြက်ခုနစ်ကောင်ချက်တာ ကိုကိုဖြိုးရဲ့၊ အသည်းခုနစ်တွဲတောင် ရတယ်၊ အားရပါးရ စားပေတော့"

တိုးတိုးက စပါယ်ရှယ် ချက်ထားသည့် ကြက်သည်းကြက်မြစ် ဆီပြန်ဟင်း ချပေးသည်။

"ဩော် ... တိုးရယ်၊ စောစောတုန်းကတော့ အသည်းမရောင်ဘူးတဲ့၊ အင်းလေ ... ခုလည်း ရောင်းတာမှ မဟုတ်တာ စေတနာနဲ့ ကျွေးနေတာပဲ၊ ပြီးတော့ ဆရာ့အိမ်မှာ နေသတဲ့ တိုးရယ် ... တို့ ရင်ထဲမှာ ပူရပြီကွယ်"

တိတ်တခိုး အတွေးများဖြင့် နေသွေးဦး မချိတင်ကဲ ဖြစ်ရရှာလေသည်။

"ဆရာ"

"ဟော ... စားပါဦးလား"

"ကျွန်တော် စားပြီးပါပြီ၊ ဆရာ့ကို အပူကပ်ချင်လို့"

"ပြောလေကွာ"

"ကျွန်တော်က တိုးနဲ့ မတွေ့ရတာ ကြာလို့ လာလည်တာ ဆရာရဲ့၊ ညောင်တုန်းမှာ အသိမရှိဘူး"

"အင်းလေ"

ကိုဝေဖြိုးက ရေနွေးကြမ်းသောက်ရင်း မော့ကြည့်သည်။

"ကျွန်တော် သင်္ဘော ရန်ကုန်ကို မပြန်ခင် သင်္ဘောပေါ်မှာပဲ နေပါရစေ ဆရာ၊ တည်းစရာအိမ် မရှိလို့ပါ"



"ကောင်းကွာ၊ နေသွေးဦးတို့ လုပ်လိုက်မှဖြင့် အဆန်းချည်းပဲ၊ ရပါတယ်၊ ငါနဲ့ လာအိပ်ပေါ့"

မြတ်စွာဘုရား ... ဆရာနှင့် သွားအိပ်ရတော့ တိုးနားမှာ အကြာကြီး စကားပြောခွင့် အဘယ်မှာ ရပါတော့မည်နည်း။

ဒေါ်သိန်းလှက အိပ်ရာမှ နိုးလာသည်။

"ဟော ... ကိုဖြိုး၊ စားပြီလား"

"ဟုတ်ကဲ့ ဒေါ်ဒေါ်၊ အသည်းဟင်း သိပ်စားကောင်းတာပဲ"

"ကိုဖြိုးနှမ လက်ရာလေ၊ ဒီနေ့တော့ ဒေါ်ဒေါ်က ခုတ်ရုံထစ်ရုံရယ်"

ကိုဝေဖြိုး ထမင်းစားပြီးသွားသောအခါ အနီးရှိ ရေဇလုံမှာ လက်ဆေးသည်။ တိုးတိုးက ဆပ်ပြာခွက် ယူပေးသည်။ ရေဇလုံ အသစ် လဲပေးသည်။ လက်သုတ်ပဝါ ယူပေးသည်။ စောစောက အိုးတွေ တခြင်းခြင်း တိုက်ခဲ့ရသည့် မိမိအဖြစ်နှင့်ယှဉ်ကာ နေသွေးဦး ငိုချင်သွားမိသည်။ ဩော် ... တိုးက တိုက်ခိုင်းတာမှ မဟုတ်တာ၊ ကိုယ့်စေတနာနဲ့ကိုယ် လုပ်ပေးတာပဲ ...

"ဦးပိုင်း လိုက်ခဲ့မလား"

"ဟင့်အင်း ဆရာ၊ တိုးနဲ့ စကားပြောချင်သေးတယ်"

ပြောင်ပြောင်ကြီးပင် ပြောချလိုက်မိသည်။

"အေး ... ပျင်းရင် လာခဲ့နော်"

"အမယ်လေး ... တိုးနဲ့သာ စကားပြောရလို့ကတော့ တစ်သက်လုံး မပျင်းကြီးတည်းက" ဟူ၍ ရင်ထဲမှ အော်ပြောလိုက်လေသည်။

"တိုးတိုး အိမ်သာလိုက်ဦးမလား"

"မလိုက်ပါစေနဲ့မလိုက်ပါစေနဲ့"ဟူ၍ ကျိတ်ဆုတောင်းရသည်။

"ဟင့်အင်း အမေ၊ မလိုက်တော့ဘူး၊ ဒီမှာ ညှိသည်ရောက်နေတယ်၊ သူက တိုးသူငယ်ချင်း၊ မိုးနဲ့ တူတူပေါ့၊ ကိုကိုဂျင်မီတို့ ကိုကိုဖြိုးတို့ ကျောင်းမှာ တက်ခဲ့တာ"

"ဩော် ... ဩော် ... အေး၊ စကားပြောကြဦး"

ဒေါ်သိန်းလှ ထွက်သွားသည်မို့ နေသွေးဦးမှာ ဝမ်းသာလုံးဆို့၍ ကျန်ရစ်သည်။

"တိုးတိုးချစ်"

"နာမည်ကို ရိုးရိုးခေါ်ပါ"

"တိုးရယ် သိပ်ချစ်တာပဲ၊ အစတုန်းကတော့ တို့ ဘွဲ့ရမှ အလုပ်ရမှ အဖြေပေးပါလို့ ပြောခဲ့တယ်၊ အဲဒီစကားကို အခု ရုပ်သိမ်းတယ် တိုးရဲ့၊ အခု အဖြေလိုချင်ပြီ"

"ဟာ ... ဘာတွေ လာပြောနေမှန်းလဲ မသိဘူး"

တိုးတိုး မျက်လွှာကလေး ချသွားသည်။

"ပြောပါရစေ တိုးရ၊ တော်ကြာ အမေ ပြန်လာတော့မှာ"

"ဟောတော့၊ အမေ ဖြစ်သွားရပြန်ပြီ"

တိုးတိုး အမေကို "အမေ"ဟု လိုက်ခေါ်မိသောကြောင့် နေသွေးဦး ရှက်ကိုးရှက်ကန်း ပြုံးသည်။

"တိုးက ဘုပြောမလွှတ်လို့ တို့ သိပ်ပျော်တာ"

"ရန်ဖြစ်ရမဲ့ အရွယ်တွေ မဟုတ်တော့ဘူးလေ"

"အိမ်ထောင်ပြုရမဲ့ အရွယ်ပေါ့"

"တိုး အိမ်ထောင်မပြုပါဘူး၊ ပြုရမဲ့လူလည်း မရှိပါဘူး"

"သိပ်ရှိတာပေါ့"



"ဘယ်မှာရှိလို့လဲ"

"ဒီမှာ"

သူ့ရင်ဘတ်သူ ပုတ်ပြသည်။

လမ်းမကြီးလယ်ကောင်မှာ ဖိနပ်တကိုင်ကိုင်နှင့်အတင်းပ်လိုက်လာသည်ကို ပြန်၍ မြင်ယောင်သည်။ သူ့လက်မောင်းထဲသို့ ဆာက်စူးနှင့် စိုက်ချသည့်တိုင် အပြုံးမပျက်ခဲ့သောသူ။

"တိုးက မိန်းမသားပါ ကိုနေသွေး၊ သဲသောင်ပေါ်မှာ ရေစုန်ရေဆန်လိုက်ပြီး ပရိယေသနအတွက် ထမင်းရောင်းရတဲ့သူပါ"

"အဲဒါ ဘာဖြစ်လဲ"

"လူရှိသေ ရှင်ရှိသေအောင် နေတတ်ပါမှ တော်ရုံကျပါတယ်၊ နှင့်မိုးဆိုရင် လူတိုင်းက ထမင်းစားရင်း ရိသဲ့သဲ့ ပြောနေကြတော့မှာပေါ့"

"တို့က တကယ်ချစ်လို့ ပြောနေတာ"

"ကိုနေသွေးကို ယုံပါတယ်"

"ဘာ ... တိုး၊ ယုံတယ် ဟုတ်လား၊ တို့အချစ်ကို ယုံတယ်"

"အင်းပါ"

"တို့ကို ချစ်တယ်ပေါ့"

"အိုး ... ယုံတာနဲ့ အဲဒါနဲ့ တခြားစီ"

"ဟာကွာ ... တိုးနဲ့ စကားပြောရတာ ချောတိုင်တက်ရသလိုပဲ၊ အပေါ်နားရောက်လိုက်၊ ပြန်ပြုတ်ကျလိုက်နဲ့"

တိုးတိုး ရယ်ပါလေတော့သည်။ အပြုံးအရယ် နည်းခဲ့သူမို့ သူမ အရယ်အမောကလေးကို ဖူးတွေ့ရခဲပါဘိခြင်း။ နေသွေးဦး စုံမက်တွယ်တာစွာ ငေးကြည့်မိသည်။

"တိုးမှာ ချစ်သူရှိနေသလား"

"မရှိပါဘူး"

"တိုးကို ချစ်လား၊ ဖြေပါ တိုးရယ်၊ တို့ ရင်ထဲမှာ တကယ် မချိလွန်းလို့ပါ"

နေသွေးဦး၏ ရင်ကွဲပက်လက် အမူအရာကို ကြည့်ပြီး တိုးတိုး သနားလာမိသည်။ အိမ်သာတက်သည့် ဒေါ်သိန်းလှ ပြန်ရောက်လာပြန်ပြီ။ ထမင်းစားမည့် သူများလည်း ထပ်ရောက်လာသည်။ တိုးတိုး အလုပ်ရှုပ်ရပါဦးမည်။

"သမီး နေလေ၊ သမီးသူငယ်ချင်းနဲ့ စကားပြော၊ အမေပြင်လိုက်မယ်"

ဒေါ်သိန်းလှ အရိုးခံအတိုင်းပြောခြင်း ဖြစ်လေသည်။

"တိုး အားရင် ဦးပိုင်း ခဏသွားရအောင်၊ ဆရာ့ဆီကို"

"သွားချင်သွားလေ တိုးတိုး၊ ကိုဖြိုး ဦးပိုင်းမှာ ရှိတယ်"

အမေက ခူးခပ်ပြင်ဆင်ရင်း ဝင်ပြောသည်။ တိုးတိုး ထ,လိုက်လာမိသည်။

"ဟော့ ... ငါ့ဆီလာကြတာလား၊ အဲဒီမှာ ခဏနေခဲ့ကြဦး၊ ဟိုဘက်မှာ အမူးသမားတွေ ပါလာလို့ ဆူဆူပူပူ ဖြစ်နေတယ်တဲ့၊ သွားကြည့်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ဆရာ"

နေသွေးဦး မျက်နှာမှာ ပျားရည်များ ဆမ်းချလိုက်သည့်နှယ်။ "ကြာကြာနေပါ ဆရာ၊ မြန်မြန်ပြန်မလာနဲ့"ဟူ၍ တိုးတိုး နားသို့ ကပ်ပြောလိုက်သည်။ ကိုဝေဖြိုးတော့ မကြားပါ။ တိုးတိုးသာ ကြားပါ၏။ ပြီးတော့ သူ့မျက်နှာက စပ်ဖြီးဖြီး။ တိုးတိုး ကိုယ်တိုင် သတိမထားလိုက်မိပဲ နေသွေးဦး၏ ကျောပြင်ကို ဗုန်းခနဲ ထုမိတော့သည်။



"ခုမှ အညောင်းပြေသွားတယ်"

တိုးတိုးက မျက်စောင်းတစ်ချက် ပစ်ထိုးသည်။

"လှလိုက်တဲ့ မျက်စောင်းလေး"

တိုးတိုး နှုတ်ခမ်းစူပြသည်။

"ချစ်ဖို့ကောင်းလိုက်တဲ့ ဝက်ဖင်လေး"

"သွား"

နေသွေးဦးက သူ့ပါးစပ်ကိုဖြဲ၊ သွားကိုစေ့၊ လက်ညှိုးနှင့်ထိုးပြနေသည်။

"ပေါတောတောနဲ့"

"အချစ်တွေလား၊ သိပ်ပေါတာပေါ့၊ အများကြီး"

ဝေဖြိုးအောင်၏ ဦးပိုင်းမှာ အခန်းများ ရှိပါသည်။ အများနှင့်အတူ ရောမထိုင်ရဘဲ သက်သောင့်သက်သာ နားနားနေနေ လိုက်ပါလိုသူများအတွက် စီမံထားခြင်း ဖြစ်ပါ၏။

လူမရှိသော အခန်းလွတ်တစ်ခုမှာ ကိုဝေဖြိုးက နေရာ သုထားသည်မို့ ယင်းအခန်းသို့ပင် နှစ်ဦးသား လာခဲ့ကြသည်။

"ဆရာ့ကို တွေ့ဖို့ဆိုတဲ့ အနေမျိုးနဲ့ ဒီအခန်းထဲမှာ ခဏလာထိုင်ခွင့်ရတုန်းလေး ချစ်တယ်လို့များ ပြောစမ်းပါ တိုးရယ်၊ တော်ကြာ ဆရာ ပြန်လာတော့မယ်"

"မဖြစ်နိုင်ပါဘူးရှင်"

"ဘာဖြစ်လို့လဲ တိုးရဲ့"

"တိုးက ဆင်းရဲသား၊ တစ်နေ့လုပ်မှ တစ်နေ့ စားရတယ်၊ မြစ်ကြောင်းတစ်လျှောက် ရေစုန် ရေဆန် လိုက်နေရတဲ့ ထမင်းသည်"

"မဆိုင်တာတွေ လျှောက်ပြောမနေနဲ့ တိုး၊ တို့မေးတာ
ဖြေ"

"ဆိုင်တာပေါ့၊ ထမင်းသည်နဲ့ တက္ကသိုလ်ကျောင်းသ
ကားတဝီဝီစီးနေတဲ့ စည်းစိမ်ရှင်နဲ့ ဆင်းရဲသူမ၊ တစ်
ရင် ဘယ်သူ အထိနာမလဲ"

"အဲဒါတွေ မပြောနဲ့ကွာ၊ တို့ ချစ်တာ ယုံတယ်ဆို"

"ယုံသားပဲ"

"ယုံရင် ပြန်ချစ်ပေါ့"

"တက္ကသိုလ်မှာ အလှပဂေးတွေကလည်း အများကြီး
ကလည်း တွေ့ကရာ မိန်းကလေး အကုန်အရောဝင်
"အဲဒါ ဟိုတုန်းကပါ၊ တိုးကို ချစ်မိပြီးမှ ဘယ်သူ
အရောမဝင်တော့ဘူး၊ တိုးသိရဲ့သားနဲ့ကွာ၊ ဆရာ ပြန်
ခင် ချစ်တယ် ပြောစမ်းပါ"

"ဟင့်အင်း၊ တိုး ခင်ပဲခင်တယ်"

"တိုးရယ်"

နေသွေးဦး စိတ်ပျက်လက်ပျက်ကြီး ဖြစ်သွား
သည်။

"ရေထဲသာ ခုန်ချ သေလိုက်ချင်တော့တယ်"

"အဲဒီလို ပျော့ညံ့တဲ့ ယောကျ်ားကို တိုး အထင်မကြီး

"တိုးနော်၊ တိုး တစ်ယောက်တည်း စိတ်ထက်တယ်
ဒီကောင်ကလည်း စိတ်ဓာတ်အထက်စားထဲကပဲ"

"အောင်မယ်၊ မကြောက်သေးဘူး"

"ကဲကွာ ... မကြောက်နဲ့"

"ဖြန်း"



အဖြစ်အပျက်တို့က စက္ကန့်ပိုင်း အတွင်းမှာ ဆက်တိုက်ဖြစ်ကြပါ၏။ နေသွေးဦးက ရုတ်တရက်ကြီး ထဖက်နမ်းပစ်လိုက်တော့သည်။ တိုးတိုးကလည်း အညှံမခံ၊ ဖြန်းခနဲ ပါးပိတ်ရိုက်ပစ်လိုက်တော့သည်။

"ထပ်ရိုက်ဦး တိုး"

နေသွေးဦးက ခွတ်ဝင်ဖက်ပြန်သည်။ နေသွေးဦးတို့ကြမ်းပြီ၊ မရတော့ပါ။ သည်မိန်းကလေးကို အောက်ကျနောက်ကျ ခံခဲ့ပေါင်း များပြီ။

"လွှတ် ... လွှတ်၊ ကိုကိုဖြိုး ရောက်လာလိမ့်မယ်"

တိုးတိုးက ဘေးဘီကြည့်၍ အားကုန်ရုန်းသည်။ မရပါ။ ယောကျ်ားနှင့် မိန်းမ၊ အားချင်းမှ မမျှလေပဲ၊ ခွတ်အပြိုင်ကြိကြစတမ်းဆိုတော့ မိန်းမသားက အားနွဲ့သူ။

"သူ့အဖေကြီးပါ လာပစေ"

"တိုး သေချင်တယ်၊ သေပစ်လိုက်ချင်တယ် သိရဲ့လား"

ငိုမဲ့မဲ့ကလေးမှာ ရှိုက်သံကလေးပါ စွက်လာရသည်။ ခွန်နှင့် အားနှင့် အပြိုင်ရုန်းစဉ်က နေသွေးဦး လွှတ်မပေးခဲ့ပါ။ ရှိုက်သံကလေးကျတော့ နေသွေးဦး ရင်မှာ ထိခိုက်သွားရတော့သည်။ မိန်းမသားတစ်ဦး၏ ရှိုက်သံမှာ ခက်ထန်လှပါပြီဆိုသော ယောကျ်ားသားများ၏ နှလုံးသားကို အရည်ပျော်စေပါ၏။ မိန်းမလှကလေးတစ်ဦး ငိုပါပြီဆိုလျှင် အဘယ်သို့သော ယောကျ်ားသားမို့ ခံနိုင်ရည်ရှိပါအံ့နည်း။

"တိုးရယ်"

တိုးတိုး မျက်ရည်တပေါက်ပေါက် ကျသည်။

"တိုး တစ်သက်မှာ ယောကျ်ားကလေး တစ်ဦးရဲ့ ဧော်ကား…
ကို ပထမဆုံး ခံရခြင်းပဲ"

"ဒီလို မပြောပါနဲ့ တိုးရယ်၊ ချစ်လို့ပါ၊ သိပ်ချစ်လို့…
မတွေ့ရတာလည်း ကြာလှပြီ၊ မောင့်ရင်ထဲမှာ …"

ကိုယ့်ကိုယ်ကိုယ် "မောင်"ဟု ပြောမိသည်။ …
ဆုံးအောင် မပြောနိုင်။ သူပါရောၙ် ငိုချင်လာသည်။ စင်စစ် …
ကိုယ်တိုင်ကလည်း နှစ်ဆယ်ပင် မပြည့်သေးပါ။ ခံစားမှု …
အဟုန်ကို ထိန်းချုပ်နိုင်စွမ်း မရှိပါသေးသည့်အရွယ်။

"တိုးရယ် သိပ်ချစ်တာပဲ၊ မောင် ဒီစကားပဲ ပြောတတ်တယ်…
တိုး နားလည်အောင် ဘယ်လိုရှင်းပြရမလဲ၊ ပါးတစ်ဖက်…
ကျန်သေးတယ်၊ ထပ်ရိုက်ပါဦး တိုးရယ်၊ တိုးကို မချစ်…
မနေနိုင်ဘူး၊ မောင် သိပ်ချစ်လွန်းလို့ပါ"

တိုးတိုး အငိုရပ်၍ မော့ကြည့်သည်။ အချစ်ရည်တို့…
စိုစို့ရွှမ်းပါသော မျက်ဝန်းအစုံနှင့် ရင်ဆိုင်မိသည်။ တိုးတိုး မျက်လွှာ…
ချ၍ ခေါင်းပြန်ငုံ့မိသည်။

"သိပ်ချစ်တာပဲ တိုးရဲ့၊ မောင့် ရင်ထဲမှာ ဗလောင်ဆူ…
တယ်"

"လဲ့,သေလိုက်"

ဒေါသသံက မာရေကျောရေ မဟုတ်ဘဲ ချိုချိုကလေး…
ဖြစ်လာတော့သည်။ နေသွေးဦး … ယောကျ်ားပဲ။ သည်လောက်…
မအပါ။ တိုးတက်လာသည့် အခြေအနေကို ချက်ချင်းသဘောပေါက်…
-သည်။

"ချစ်တယ် မှတ်လား ဟင် … တိုး"

"ရေထဲခုန်ချ သေလိုက်ပါလား"



"မသေခင် တိုးနဲ့ ချစ်သွားဦးမှာ"

တိုးတိုး မျက်ဝန်းကလေးများ လက်လာကြသည်။
…မျက်နှာလေးက ကြည်လာသည်။ နှုတ်ခမ်းကလေးက ပြုံးလာ
…သည်။

"ချစ်တယ်လို့ မြန်မြန်ပြောစမ်းပါ၊ ဟိုမှာ ဆရာလာနေပြီ"

"မုန်းတယ်၊ မချစ်ဘူး"

တိုးတိုး ကိုယ်ကလေးကို ရှေ့သို့ကိုင်း၊ နှုတ်ခမ်းက
…လေးကို စူ၍ပြောသည်။ ပြီးတော့ တခစ်ခစ် ရယ်နေတော့သည်။

"အမူးသမားက တော်တော်ဆိုးတယ်ကွ၊ လွယ်အိတ်ထဲမှာ
လည်း အိုးလ်ဘရန်ဒီတစ်ပုလင်း ပါသေးတယ်"

ကိုဝေပြုံး ဝင်လာသည့်အချိန်မှာ ကိုယ်ကလေး တသိမ့်
သိမ့်ခါအောင် ရယ်နေသည့် တိုးတိုး မျက်နှာ ကြည်ကြည်ကလေးကို
…တွေ့မြင်ရပါတော့သည်။

"သူငယ်ချင်းနှစ်ယောက် ဘာတွေ သဘောကျနေသလဲ"

"သူ ကောင်မလေးတစ်ယောက်ကို လိုက်ပိုးတဲ့အကြောင်း
လာကြွားနေတာ ကိုကိုပြုံးရဲ့"

"ငါ့ကောင်ကြီးက တယ်ဟုတ်ပါလား၊ ငါတောင် ခုထိမစွံ
နိုင်ဘူး၊ ကားလေးက ကျော်တက်သွားပြီလား"

နေသွေးဦးက ရယ်နေသည်။ သူ့အရယ်မှာ ရက်စက်နိုး
…နံများ စွက်နေပါသည့် "ရက်ရယ်ကလေး"။

"ကြံကြံဖန်ဖန် ကိုကိုပြုံးရယ်၊ ဟိုက ပါးရိုက်လွှတ်လိုက်
သတဲ့"

"ဟာကွာ … မင်းကလည်း၊ ယောကျ်ားချေး ကျလိုက်တာ"

သုံးဦးသား ရယ်မိကြသည်။

မှောင်ရီသမ်းလာပြီမို့ ဝင်လုဆဲ နေလုံးကြီးက နီရဲနေသည်။ မြစ်ရေပြင်မှာ အနီရောင် တောက်နေသည်။

"တိုးတိုး ပြန်တော့လေ၊ နေဝင်တော့မယ်"

တိုးတိုးနှင့် ကိုဖေဖြိုးတို့ ရင်းနှီးစွာ ဆက်ဆံကြသည်ကို သင်္ဘောပေါ်ရှိ အလုပ်သမားများက တစ်မျိုးတစ်မည် ထင်မှာစိုးသောကြောင့် ဒေါ်သိန်းလှကို အဒေါ်အရင်းဟု ပြောထားသည်။ တိုးတိုးကို နှမတစ်ဝမ်းကွဲဟု ကြေညာထားသည်။ ဒါမှလည်း တိုးတိုးကို လွတ်လွတ်လပ်လပ်နှင့် ဖြူစင်ရှင်းလင်းသော ရှင်ရှိသော ဖြစ်ပေမည်။

တိုးတိုး ထိုင်ရာမှ ထသည်။

"လာ … လိုက်ပို့ရအောင်"

တိုးတိုးနှင့် နေသွေးဦးတို့သည် အခန်းတွင်းမှာ အတန်ကြာ နေခဲ့ကြသည်ကို လူအထင်လွဲမှာ စိုးသည်။ နေသွေးဦးကိုလည်း ညီငယ်တစ်ဦးဖြစ်ကြောင်း ကြေညာရပါဦးမည်။ တိုးတိုးကို ရှေ့ထားစေလျက် နေသွေး ပခုံးကိုဖက်ကာ တရင်းတနှီး ခေါ်လာခဲ့ပါတော့သည်။



# ကျော်ကြား— ၈

[illegible]

တိုးတိုးက ဆန်ပြုတ်ချိုင့်ကလေးဆွဲ၍ အိမ်ကြီး၏ နောက်ဖေးဘက်တံခါးမှ ဝင်လာသည်။

"ဟဲ့ … တိုးတိုး၊ ဘာချိုင့်ကြီးလဲ"

"ငါးရံ့ဆန်ပြုတ်ပါ ကြီးကြီးမေ၊ ဘဘ ထမင်းမစားနိုင်သေးဘူး ဆိုလို့ပါ"

"ကောင်းတယ်ဟေ့၊ ကိုဖြိုးကိုတောင် ၁၉–လမ်းလွှတ်ပြီး အဝယ်ခိုင်းရ ကောင်းမလား စဉ်းစားနေတာ"

ဘဘ နောက်ဆုံးအခေါက် ပုသိမ်မှ ပြန်အလာမှာ ဖျားလာသည်။ တော်တော်နှင့် နာလန်မထူ။ လူကြီးဆိုတော့လည်း အားကုန်လွယ်သလောက် အားပြည့်ရန်ကျတော့ မှောင့်နှေးနေရတော့သည်။

"ဆရာ"

"ဟာ … နေသွေးဦး၊ လာ … လာ"

နေသွေးဦးက ညှော်ခန်းတွင်းသို့ ငေးငဲကြည့်သည်။ ညှော်ခန်းရှခင်းက နေသွေးဦး ရင်ကို နှောက်ကျိရှုပ်ထွေးစေတော့သည်။

ကြည့်ပါဦး၊ ဦးအောင်ဖြိုး၏ တစ်ဖက်တစ်ချက် ဝဲယာမှာ ကိုဝေဖြိုးနှင့် တိုးတိုး။ ကြီးကြီးမေ ကျတော့ သားနှင့်သမီးအဖြစ်ကို ပြုစုနေသောကြောင့် မိခင်က ပီတိဖြစ်နေသည့်ပုံစံကြီး။ သားနှင့် သမီးရင်းကလည်း မဟုတ်ပြန် ဆိုတော့ စိတ်ထားနုသည်ပဲဆိုဆို၊ သဝန်တိုသည် ပြောချင်ပြော။ ကြည်နူးစရာ မြင်ကွင်းကိုမ် နေသွေးဦး မချိတင်ကဲ ကြည့်မိသည်။

"ဘယ်က လှည့်လာလဲ"

"ဒီကိုပါ ဆရာ၊ တိုးတိုးများ ရှိနေမလားတဲ့၊ မိုးမိုးဆင့်အခေါ်နိုင်းလိုက်လို့၊ သဘော်မထွက်တဲ့ရက်နဲ့ ကြုံရင်တော့တွေ့ရမှာပဲတဲ့၊ မိုးမိုးဆင့်က မင်္ဂလာဆောင် သွားစရာရှိလို့ပါ၊ အစကတော့ မလိုက်ဘူးလို့နေတာ၊ သွားကာနီးမှ အန်တီကဝမ်းတွေလျှောပါလေရော၊ အား ... ကန်တော့၊ ကန်တော့ပါအန်ကယ်"

"ရပါတယ်ကွ၊ ပြောပါ၊ ဆန်ပြုတ်က ဆန်ပြုတ်၊ ဝမ်းကဝမ်းပဲ၊ ဘာဆိုင်တာလိုက်လို့"

ဦးအောင်ဖြိုးက သူ့ကိုယ်သူ အားပေးရင်း ဆက်သောက်သည်။ တိုးတိုးက ရယ်ချင်စိတ်ကို မနည်းကြီး မျိုချနေရသည်။

"မိုးမိုးဆင့်ပဲ သွားရတော့မယ်၊ အလှပြင်ဆိုင် သွားဖို့လည်း အချိန်မရှိတော့လို့တဲ့၊ တိုးတိုး အားရင် ခဏလာပြင်ပေးပါတဲ့၊ ခေါ်နိုင်းလိုက်လို့ပါ ဆရာ"



တိုးတိုးက "ဟုတ်မှလည်းလုပ်ပါ"ဟူသည့် သဘော
ငှ် မျက်မှောင်ကလေး ကြုတ်ပြသည်။

မထည့်နိုင်ဘူး ဆိုလျှင်လည်း ရိုင်းရာကျမည်။ ပိုင်စိုး
ာ ရောက်မည်။ တိုး ကိုယ်တိုင်က ချုပ်ချယ်ရန်ကောဟု မြင်နိုင်
သည်။ လိုက်သွားလေဟုလည်း လက်လွှတ်စပယ် မပြောနိုင်။
ပြောရက်။ သည်အရွယ် ကောင်လေးထံမှာ သည်အရွယ် ကောင်
လေးကို စိတ်ချလက်ချ ဝ,ကွက်အပ်လိုက်ရန်လည်း အခက်။

"လိုက်ချင် လိုက်သွားလေ တိုးတိုး၊ မသွားခင် မိုးမိုးဆင့်ဆီ ဖုန်းဆက်လိုက်ဦး၊ ဘယ်အချိန်လောက် ပြီးမလဲလို့မေး၊ အပြန်မှာ ကိုကိုဖြိုး လာကြိုမယ်"

သေများသေချင်တယ်လေလေ့ ဟူသည့် သီချင်းကို
ဆော်ဆိုချင်သူက နေသွေးဦး၊ မဟာအရှက်ကြီးတော့ ဟက်တက်ကွဲ
ာ့မည်။ တိုးတိုး ဆိုသည်ကလည်း ကိုယ့်လူသက်သက် မဟုတ်
သး။ "လိုက်ချင်လိုက်သွား"ဟူသည့် စကားက "မလိုက်ချင်ရင်
လိုက်နဲ့" ဟူသည့် အဓိပ္ပာယ်သို့ သက်ရောက်သည်။

"ဘယ်အချိန် ပြီးနိုင်မလဲ ဖုန်းဆက်မေး"ဟူသည့်
ကားက ချက်ကင်လုပ်သလိုလို "အပြန် ကိုကိုဖြိုး လာကြိုမယ်"
ဆိုတာမှ တကယ့်ပြဿနာ။ နေသွေးဦး ထိုင်ငိုချလိုက်ချင်သည်။

တိုးတိုးက တယ်လီဖုန်းရှိရာ ညှော်ခန်းထောင့်သို့ ထ
သွားမှာ နေသွေးဦး အသက်မျှမရှူဝံ့။ ခြေတစ်လှမ်းက အဆင်သင့်
ပြင်ထားရသေးသည်။ အခြေအနေ မဟန်လျှင် ထပြေးတန် ပြေးရ
ည်။

"မိုးလား ... တိုးတိုးပါ"

နေသွေးဦး အခြေမလှသည်ကို တိုးတိုး ရိပ်မိသည်[illegible] သည်စကားများကို ကျယ်ကျယ်ကလေး မေးရသည်။

"မိုး မဟုတ်ဘူး၊ လေရော မိုးပါ ဝုန်းဒိုင်းကြဲနေတယ်"

မိုးမိုးဆင့်က ဘာမှန်းမသိဘဲ ရမ်းနောက်နေသည်[illegible] ပြီးတော့ တခစ်ခစ် ရယ်သည်။

"မိုး မင်္ဂလာဆောင် သွားစရာရှိတယ်ဆို"

"ဘယ်သူပြောလဲ၊ မရှိပါဘူး"

"ဘာဖြစ်လို့ နေသွေးကို တကူးတက လွှတ်လိုက်ရတာ[illegible] ဖုန်းဆက်လိုက်ရင် တိုးဘာသာ လာမှာပေါ့"

"ဟ ... ဘယ်မှာလွှတ်လို့လဲ၊ နေသွေးစုတ် နေသွေးပဲ[illegible] ဘာတွေ လျှောက်လုပ်ပြန်ပြီလဲ"

"အခု ကိုနေသွေးနဲ့ လိုက်ခဲ့မယ်လေ၊ မင်္ဂလာဆောင်[illegible] ဘယ်အချိန်လဲ၊ ပြင်ရဆင်ရတာ ဘယ်အချိန်လောက် ပြီး[illegible] အပြန် ကိုကိုဖြိုး လာကြိုမယ်တဲ့"

"မြတ်စွာဘုရား ... ဘာတွေ ဖြစ်ကုန်ပြီလဲဟ"

"မိုးနဲ့တူတူ ပြန်မယ်ဆိုရင်တော့ ကိုကိုဖြိုးကို လာမကြို[illegible] တော့ဘူးနော်"

"လုပ်လိုက်ကွ၊ တို့ နှစ်ဆယ်ရာစု ခေတ်ကြီးက အခြေ[illegible] အလဲတွေ များတယ်နော်၊ ရိပ်မိပြီဟော့၊ ရိပ်မိပြီ၊ တည့်တ[illegible] ပြောရင် မိုးတို့က ရိပ်မိတယ်၊ အကောင်လိုက်ပြရင် အ[illegible] လောက် ထင်တယ်"

"အင်း ... အင်း"

"အချစ်နှလုံးသားချင်းဆိုင် အချစ်အပြုံးတွေ ဖြိုင်ကြပြီ[illegible]"

"အင်း"



"နိပ်ဟ၊ ဒီက မဟာစုတုံးတော်ကြီးကို ကောင်းကောင်းအသုံး ချလိုက်ပါနော်"

"အင်း ... ခုပဲ လာခဲ့မယ်၊ အပြန် မိုးကိုယ်တိုင် ပြန်ပို့မှာ သေချာတယ်နော်"

"တစ်ရေးအိပ်မလို့ဟ"

"ဒါပဲနော်"

"ကောင်းမယ် ထင်သလိုသာ လုပ်ပေတော့ ဟေ့"

တိုးတိုးက စကားပြောခွက်ကို ဖြည်းဖြည်းချသည်။ နေသွေးဦး ရင်ဝမှာ ဆို့တက်နေသည့် အလုံးကြီး ကျသွားရသည်။ [illegible]ပြင်ထားသည့် ခြေလှမ်းကို နေရာတကျ ပြန်ထားသည်။ သူ ပျော် သွားရပါပြီ။ တိုး ... သူ့ကို လိုက်လျောပြီပဲ။ ဖွင့်ဟ ဝန်မခံသည့် [illegible]ိုင် သူ့ကို ချစ်ပြီပဲ။ တိုးတိုး ပြောသမျှ စကားတွေကို လှစေ [illegible]က်စေ ကြားကြသည်မို့ ထပ်မံရှင်းပြစရာ မလိုတော့ပါ။

"နေက ပူလိုက်တာ၊ ကိုကိုဖြိုး လိုက်ပို့ပေးရမလား တိုးတိုး"

"ကျွန်တော့်မှာ ကားပါလာပါတယ် ဆရာ"

"ဟုတ်လား၊ ကားသံတောင် မကြားမိဘူး"

"ကားသံတောင် မကြားဘူးဆိုတော့ ဖခင်ကြီးကို [illegible]အလယ်မှာ ထားပြီး တိုးနဲ့ အပြုံးတွေများ ဖြိုင်နေသလား ဆရာရယ်။ [illegible]ပါဆေမှဲလေ တိုးက ငါ့ကို ဦးစားပေးလိုက်ပြီပဲ၊ တိုး ပါလာတော့ [illegible]ာပဲ" နေသွေးဦး ဖြေသိမ့်မိပါသည်။

တိုးတိုးက သူ့တန်းလျားကလေးသို့ ပြန်ကာ အဝတ်လဲ[illegible] [illegible]သည်။ ဝတ်ကောင်းစားလှကလေးတစ်စုံ အပိုကို ထုပ်ယူသည်။ [illegible]အလှပြင်သည့် သေတ္တာကလေးကို ယူသည်။ အမေ့ကို ခွင့်ပန်ရသေး

သည်။ အမေကတော့ ကိုကိုဖြိုး လွတ်သည်ဆိုလျှင် အထွေအထူး
ပြောနေမည့်သူ မဟုတ်ပါ။

"မိုး တစ်ယောက်တည်း အဖော်မရှိလို့ တိုးတိုးပါ လိုက်သွား
ရမယ် ကြီးကြီးမေ၊ ဪ ... ကိုကိုဖြိုး၊ မိုးက မင်္ဂလာဆောင်
ကနေ ဒီကိုတန်းပြီး လာဝင်ပို့မယ်တဲ့"

"ဒီအဝတ်အစားနဲ့လား"

"ဒီမှာ ပါပါပြီ ကြီးကြီးမေ"

သူ့အဝတ်အစား ထုပ်ကလေး မြှောက်ပြသည်။
ခေါင်းကလေးငုံ့၍ ညွှဲခန်းမှ ထွက်သည်။ နေသွေးဦးက သူ့ထား
ပေါ် ရောက်နေပါပြီ။

"ဟဲ့ ... တိုးတိုး နေဦး"

"ရှင် ကြီးကြီးမေ"

ရင်ထဲမှာ ဒိတ်ခနဲ ခုန်သွားရသည်။

"လက်ဝတ်လက်စား ယူသွားပါဦးလား"

"ဟင့်အင်း ... မယူတော့ပါဘူး၊ ကြီးကြီးမေကလည်း စိန်
စီသွားလည်း တိုးတိုး အပိုင် မဟုတ်တာ လူတိုင်းသိမှာပါ"

"ဟဲ့ ... လူတော့ သူတော့ တိုးရမဲ့ဥစ္စာ"

"ရပါတယ် ကြီးကြီးမေရဲ့၊ သွားမယ်နော်"

နေသွေးဦးက စတီယာရင်နောက်မှာ ထိုင်နေသည်။
တိုးတိုး ထိုင်နိုင်ရန် ကားနောက်ခန်း တံခါးကို ဣန္ဒြေရရ လှမ်းဖွင့်
ပေးနေသည်။ ထွက်လိုက်လာကာ လှမ်းကြည့်နေသော ကိုကိုဖြိုး
ထံမှ ...

"ဒီတစ်ခါတော့ အမေက တိုးတိုး မာနကို လျှော့တွက်တာကိုး"



ဟူသော စကားနှင့် ကိုကိုဖြိုးတို့ သားအမိ ရယ်သံကို
ကြား လိုက်ရစဉ်မှာပင် ကားက ဝူးခနဲ မောင်းထွက်ခဲ့တော့သည်။

"တိုးတိုးချစ်"

တိုးတိုး မထူးပါ။

"မောင့်တိုးချစ်"

တိုးတိုး ရေငုံဆဲ။

"ခေါ်နေတယ်ဟ"

"ဘာလဲ"

"အမယ်လေးဗျာ၊ သာယာနာပျော်ဖွယ် ရှိလိုက်တာ"

"ပြော ... ဘာကိစ္စ လာပြီး ညာခေါ်တာလဲ"

"ဒီကလည်း မေးမလို့ ညာမုန်းသိရဲ့သားနဲ့ ဘာဖြစ်လို့
လိုက်လာတာလဲလို့"

"ဒီက မေးတာ အရင်ဖြေပါ"

"ချစ်လို့၊ ချစ်မလို့၊ ချစ်ဖို့၊ ကဲ ... တိုး ဖြေအလှည့်"

"မုန်းလို့၊ မုန်းဖို့၊ သတ်မလို့"

"ဪ ... တော်တော် သံယောဇဉ် ကြီးရှာတာကိုး"

"သွား"

တိုးတိုးက တွန်းပစ်လိုက်သည်။ အားအင်မပါပါ။
သို့မြင့် နေသွေးဦး မြက်ခင်းပေါ် လှဲချသည်။ ဘုတ်ကလပ်မှာ

သည်အချိန်ဆို လေ့လော့်ရှက်တိုက်မည့်သူ မရှိပါ။ လူသူကင်းရှင်းသည်တော့ မဟုတ်။ ရှိတော့ရှိသည်။ အတွဲများချည်းသာ။

နေသွေးဦး ဘေးစောင်း လှဲနေရာမှ တိုးတိုးကို ဖေ မေ့တွယ်တာသည့် မျက်ဝန်းဖြင့် စိုက်ကြည့်နေမိသည်။ ဘေးတိုက် အနေအထားကလေးမှာ လှရက်လွန်းသည်။ တိုးတိုးက မျက်နှာမဲ့ ထားပေမင့် နေ့သွေးဦး သူ့ကို စိုက်ကြည့်နေမှန်း သိသည်။ ရှေ့မှာ ပေါက်နေသည့် မြက်ကလေးတစ်ပင်ကို ဆွဲမိဆွဲရာ လှမ်းဆွဲမိသည်။ အင်းလျားရေပြင်မှာ အချစ်ငွေ့တို့ဖြင့် ပြည့်လျှမ်းနေသည်။ အရှိန် တို့ဖြင့် ထုံမွှမ်းနေသည်။

"မောင့်ကို ချစ်လားဟင် ... တိုး"

တိုးတိုး၏ တံတောင်ဆစ်ကွေးကလေးကို မရဲတရဲ လှမ်းကိုင်မိသည်။ တိုးတိုး သိသိသာသာ ရုန်းသည်။

"မထိနဲ့"

"မီးပွင့်မှာ စိုးလို့လား၊ သတိထားနော်၊ အန္တရာယ်ရှိတယ် ဗို့ထောင့်ငါးရာအားထောင် ရှိတယ်"

"အဲဒါတွေ ပြောချင်လို့ လာညာခေါ်တာပေါ့၊ ဟုတ်လား"

"အဲဒါတွေ အပြောခံချင်လို့ ညာမှန်းသိလျက်နှင့် လိုက်လာတာလား၊ ဟုတ်လား"

တိုးတိုး ထိုင်ရာမှ ဆတ်ခနဲ ထရပ်သည်။

"တိုးတိုးကို အထင်သေး အမြင်သေး စကားတွေ ပြောနေရင် ပြန်တော့မယ်"

"ဟာကွာ"

နေသွေးဦး လူးလဲထရသည်။ တိုးတိုး လက်ဖျားကလေးကို ကျစ်ကျစ်ပါအောင် လှမ်းဆုပ်သည်။



"ချစ်လို့စတာ သိရဲ့သားနဲ့ တိုးရယ်၊ မောင့်ရင်ထဲများ ဝင်ကြည့်စမ်းပါဦး၊ မပြန်နဲ့နော်၊ တိုးက လိမ္မာတယ်၊ ပြန်ထိုင်နော်၊ မောင့်ကို ချစ်သားနဲ့"

သည့်တစ်ခါတော့ လက်ဖျားကလေးကို ပြန်မရုန်းပါ။ တိုးတိုး ပြန်ထိုင်သည်။

"တိုးရယ် ... ချစ်တဲ့စိတ်မှာသာ သေစေနိုင်တဲ့၊ အဆိပ်တစ်မျိုးပါရင် မောင် ဆယ်ဘဝလောက် ပြောင်းပြီးပြီ တိုးရဲ့၊ တိုးကို သိပ်ချစ်တာ၊ ယုံတယ်မှတ်လားဟင်"

ဆွဲထားသည့် လက်ဖျားကလေး သူ့နှုတ်ခမ်းနှင့် ဆွဲဆိသည်။

"တိုး လက်ကလေးတွေ သိပ်လှတာပဲ၊ အဖျားရှူးသွားတော့ သွယ်သလိုပဲ၊ သွယ်ပေမဲ့ အရိုးတွေလည်း ငေါမနေဘူး၊ ဖောင်းဖောင်းအိအိလေး"

တိုးတိုး အံရည်ပျော်ပါချေပြီ။ ချစ်သူစကားများက များသကာနှယ် ချိုမြိန်လွန်းလှသည်တကား။

"ချစ်တယ်လို့ ပြောပါ တိုးရယ်"

"ချစ်မိပါတယ် မောင်ရယ်၊ တိုး ရင်ထဲမှာ အချစ်ဆိုတာလေးက ဘယ်အချိန်က ဝင်ရောက်ခိုအောင်းခဲ့တယ် မသိပါဘူး၊ ဒါပေမဲ့ ..."

"ပျော်လိုက်တာ တိုးချစ်ရဲ့၊ တိုးတိုးပြီး ချစ်လာရတဲ့ မောင့် တိုးတိုးချစ်"

"မောင့်ကို တိုး ချစ်မိပါတယ်၊ နောက်ပြီး တိုး ပြောချင်တာတွေ အများကြီးရှိတယ်၊ ဒါကြောင့်မို့ ဒီနေ့ မောင့်နောက်ကို လိုက်လာတာပါ"

"ပြောလေ၊ မောင် နားထောင်မှာပေါ့"

"တိုး ဆင်းရဲတာ မောင် အသိပဲနော်"

"မောင်က ယောကျ်ားပါကွာ၊ မောင် ရှာကျွေးမှာပေါ့"

"အဆင့်အတန်းချင်းကလည်း မိုးနဲ့ မြေလိုပဲ"

"ဘူဒီဇာနဲ့ ညှိမယ်"

တိုးတိုး ခေါင်းခါသည်။

"ဘူဒီဇာနဲ့ ညှိမယ် ဆိုတော့၊ အမြင့်ပိုင်းကို ဖြိုချ၊ အနိမ့်ပိုင်းကိုဖို့၊ ဒီလို မဟုတ်လား"

"အင်းလေ"

"ဖြိုချခံရတဲ့ အမြင့်ပိုင်းမှာလည်း အရည်အသွေး လျော့သွားတယ်၊ အနိမ့်ပိုင်းကလည်း အရည်အသွေး တက်လာမယ်ဆိုပေမဲ့ အပိခံအဖိခံရသေးတယ်၊ တိုး ပြောတာ မောင်နားလည်ရဲ့လား"

"ဟုတ်ကဲ့ ဆရာမ"

"မောင့်ဘာသာ အမြင့်စံဘဝမှာပဲ နေပါ၊ မောင်နဲ့ ညီသည်အထိ တိုး ကြိုးစားရုန်းကန်ပြီး တက်လာနိုင်အောင် ကြိုးစားမယ်"

"သတ္တိကောင်းလိုက်တဲ့ မောင့်အချစ်၊ ထက်လိုက်တဲ့ မောင့်တိုးချစ်၊ မောင်ကလည်း ဝိုင်းကူမှာပေါ့၊ ဒါကလည်း တိုးကိုအားပေးချင်တဲ့ သဘောပါ၊ တိုးကို ဘယ်ပုံစံနဲ့ပဲဖြစ်ဖြစ် မောင် ချစ်တယ်"

"တိုးကို သေသေချာချာကြည့်ထား"

မျက်လွှာကနဲ့လန့်ကာကလေးမှ မခြွလွမ်းစေနိုင်အောင် မမှိတ်မသုန် ကြည့်နေပါသည့်ကြားက "တိုးကို သေသေချာချာ ကြည့်ထား"ဟု ဆိုပြန်သောကြောင့် ကြည့်လျက်က ထပ်ကြည့်ရသည်။



"ရောက်တဲ့လောကားထစ်မှာ ရပ်မနေဘဲ အမြင့်ကို ဆက်တက်နိုင်အောင် အမြဲကြိုးစားနေမဲ့ တိုးတိုး ဆိုတာ"

"သိတယ်၊ ယုံလည်းယုံတယ်"

"ဒီကြားထဲမှာ မောင်က ဖောက်လွှဲဖောက်ပြန် မလုပ်ဘဲ သစ္စာရှိရှိနဲ့ စောင့်ဖို့ပဲ လိုတယ်"

"ဒီမဟာဘဒ္ဒကမ္ဘာမှာ တိုး တစ်ယောက် အသက်ရှင်ထင်ရှားရှိနေလျက်က တစ်ပါးသော မိန်းမလေးကို ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားကျူးလွန်ခဲ့သည်ရှိသော် မဟာအဝီစိငရဲ ..."

"အိုး ... မကျိန်ပါနဲ့"

တိုးတိုးက နေသွေးဦး ပါးစပ်ကို လှမ်းပိတ်သည်။

"မောင်နဲ့ တိုးတို့ လက်ထပ်နိုင်မဲ့ အချိန်ဟာ တော်တော်လိုနေသေးတယ်၊ ဒီကြားထဲမှာ မလိုလားအပ်တဲ့ ပြဿနာတွေဖြစ်မလာစေချင်ဘူး၊ တိုးကို ခဏ ခဏ လာညာမခေါ်ပါနဲ့ မောင်ရယ်"

"ဟောဗျာ"

"မောင့်ကိုချစ်တော့ တိုး လိုက်မိလိမ့်မယ်၊ မောင်က နားလည်တတ်တဲ့ ယောကျ်ားသားတစ်ယောက် အနေနဲ့ ဆင်ခြင်ပေးပါ၊ သဘော်ကိုလည်း ခဏခဏ မလာနဲ့"

"ဟာကွာ ... မောင် မနေနိုင်ဘူး"

"တိုးဘက်က စဉ်းစားပေးပါ၊ မြစ်ကြောင်းတစ်လျှောက် ရေစုန် ရေဆန်လိုက်ပြီး ထမင်းရောင်းရတဲ့ မိန်းကလေးပါ"

"ဘာဖြစ်လဲ၊ တိုး တည်ကြည်တာ၊ ဣန္ဒြေရှိတာ မောင် သိသားပဲ"

"အဲဒီ ဂူဗြေတွေက သူများတွေအတွက်ပဲ မောင်ရဲ့၊ မော
ကျတော့ ချစ်တဲ့စိတ်နဲ့ ကြည်ဖြူမိမယ်၊ မောင်လည်း ပြ
သွားရော မောင်ရှိတုန်းက ခဏခွာချထားခဲ့တဲ့ ဂူဗြေတ
လန့်ကာကို ပြန်ဆွဲတင်နိုင်ဖို့ တိုးမှာ အခက်အခဲတွေ ေ
မောင်ရယ် ... တိုး အခုမှ ဆယ့်ကိုးနှစ်ပဲ ရှိသေးတယ်
လှရှိသေ ရှင်ရှိသေ ဖြစ်အောင် မနည်းနေရပါတယ်၊ အလို
နေရင်း လေးစားခံရမဲ့ အရွယ်ကိုလည်း မရောက်သေးဘူး"

"တိုး ပြောတာ မောင် နားလည်ပါတယ်၊ တိုးရဲ့ စိတ်ဓာတ်
ကိုလည်း ချီးကျူးလေးစားမိပါရဲ့၊ ဒါပေမဲ့ မောင် မနေနိုင်
ဘူးဗျ"

"မောင်ရာ၊ တစ်သက်လုံး အတူတူနေဖို့ အခု စောင့်ရ
တာ"

"ဟင့်အင်းကွာ"

"မောင် မဆိုးနဲ့နော်၊ တိုး စကား နားမထောင်ရင် ထောက်
ဆူးလေးကို သွားသတိရ"

"ဟုတ်ကဲ့ခင်ဗျ၊ ခွေးပြော ဝက်ပြော အပြောခံရတယ်၊
နင်နဲ့ ငါနဲ့ ပြောတယ်၊ နေသွေး အစုတ်ပလုတ် အခေါ်ခံရ
တယ်၊ ထောက်ဆူးနဲ့ အထိုးခံရတယ်၊ ပါးရိုက်ခံရတယ်"

"တိုး စိတ်မကောင်းအောင် မောင်ရယ်"

"ကြောက်ပါပြီလို့ ပြောမလို့ပါ"

"ဘာ ... ခုမှ ကြောက်ပါပြီလဲ"

အချစ်ရယ်သံကလေးများ လွင့်ပျံလာသည်။ ကြည်နူး
ဖွယ်အတိမှို့ ချမ်းမြေ့သာယာ ရှိလွန်းပါဘိ။

"တိုး ... သဘော်မှာ ထမင်းရောင်းတာ ကိုက်ရဲ့လား"



"ကိုက်တယ် မောင်၊ တိုး အကြွေးတွေ ကျေသွားပြီ၊ နည်း
နည်းပါးပါးလည်း စုမိထားပြီ"

တိုးတိုးက ထမင်းဆိုင် ဖွင့်ခဲ့စဉ်က အခြေအနေများကို
ပြောပြသည်။

"တိုး တစ်သက်လုံး ဒီအလုပ်ပဲ ဆက်လုပ်သွားတော့မှာ
လား"

"မောင်က အောက်ကျတယ် ထင်လို့လား၊ သမ္မာအာဇီဝပါ
မောင်ရဲ့"

"တိုး လက်ရာ ချက်ပြုတ်ထားတာလေးတွေ သုံစိမ်းယောက်ျား
တွေကို ခူးခပ်ပြင်ဆင်ကျွေးနေရတာ မောင် မကြည့်ရက်ဘူး၊
ကြည့်လည်း မကြည့်ချင်ဘူး"

"မောင် ဖြစ်စေချင်တာရှိရင် ပြောလေ"

"အလှပြင်ဆိုင် ဖွင့်စေချင်တယ်၊ အဲဒီပညာနဲ့လည်း တိုး
လုပ်စားနိုင်တာပဲ၊ တိုး ဘယ်လိုသဘောရလဲ"

"မဆိုးပါဘူး၊ ဒါပေမဲ့ ..."

"ဘာဖြစ်လို့လဲ"

"အရင်းအနှီး နည်းနည်း လိုနေသေးလို့"

"ဘယ်လောက် လိုလို့လဲ"

"ပန္နည်းကိရိယာတန်ဆာပလာတွေက ဒီခေတ် ပေါက်ဈေးနဲ့
အလွန်ဆုံးကျမှ စုစုပေါင်း တစ်သောင်း၊ တစ်သောင်းခွဲပေါ့၊
အဲဒီလောက်က တိုး စုရင်းနဲ့ ပြည့်နိုင်တယ်၊ ခက်တာက
နေရာပဲ"

"တိုက်ခန်းတစ်ခန်း လိုမယ်ပေါ့"

"ဟုတ်တယ်၊ မြို့လယ်နဲ့ နီးဖို့လည်း လိုတယ်၊ အပျော်အ
ဈေးကြီးမယ် မောင်ရဲ့"

နေသွေးဦး ငေးသွားသည်။ သူ့ဘယ်ဘက်လက်ချောင်း
များကို မသိမသာ ထောင်ကြည့်သည်။ ပြီးတော့ ... ကျေကျေနပ်နပ်
ကြီး ပြုံးသည်။

"တိုး"

"ပြောလေ မောင်"

"မောင့်ကို ချစ်လား"

"သြော် ... ဘာများလဲလို့ ချစ်တာပေါ့၊ မချစ်ဘဲ ရှိမလား"

"ချစ်ရင် မောင် ပြောတာ နားထောင်နော်၊ မောင့်ကို စိတ်
မဆိုးရဘူးနော်"

"ဘာပြောမှာမို့ ဒီလောက် စကားပလ္လင်ခံနေရတာလဲ"

"ကြောက်ရတယ်ခင်ဗျ၊ စိတ်မထင်ရင် ပါးထရိုက်မှာ
ကောင်မလေး"

"မောင်ကလည်းကွာ၊ ပြောမှာ ပြောပါ"

"တိုက်ခန်း မောင် ဝယ်ပေးပါရစေ တိုး၊ မောင်တို့နှစ်ယောက်
လက်တွဲကြမဲ့ ဘဝခရီးကို ပြင်ဆင်ရာမှာ မောင်လည်း တစ်
တပ်တစ်အား ပါဝင်ပါရစေ"

တိုးတိုး ခေါင်းခါသည်။

"အဲဒီစကား ထွက်လာအောင် လမ်းကြောင်းပေးခဲ့တယ်လို့များ
မောင် ထင်သလား"

တိုးတိုး လေသံ နည်းနည်း မာလာသည်။

"ကြံကြံဖန်ဖန် တိုးရာ၊ ဘယ်က ထင်ရမှာလဲ၊ မောင့်စေတနာ
နဲ့ မောင်ပါ၊ မောင်တို့ လက်ထပ်ပြီးရင်လည်း ဒီတိုက်ခန်း



မှာပဲ ဆက်နေကြမှာပဲ မဟုတ်လား၊ လက်မထပ်မီမှာ တိုးက
စကားဆိုင်ဖွင့်ထားတာလေ၊ မဟုတ်ဘူးလား ... နော်တိုး၊
မောင့်ကိုချစ်ရင် မောင့်ပြောစကား နားထောင်နော်"

ချစ်သူ မာနခဲကို တစ်နော်တည်း နော်၍ ချော့ချော့
မော့ ပြောရသည်။

"တိုးက မောင့်ပတ်ဝန်းကျင်မှာ အပြောမခံချင်ဘူး"

"မပြောစေရပါဘူး၊ ပြောလည်းဂရုမစိုက်ပါဘူး၊ တိုး ထမင်း
ဆိုင် ထူထောင်စဉ်က မိုးမိုးဆင့်တို့ ဆရာတို့ အကူအညီ
ပါခဲ့တယ်၊ အခု မြူတီပါလာဖွင့်မဲ့ ကိစ္စကျတော့ မောင်
ပါဝင်ခွင့် မပေးဘူးလား၊ တကယ်ဆို ဟိုလူတွေက ဘာမှ
မဆိုင်ဘူး၊ မောင်က တိုးနဲ့တူတူ ဘဝခရီးမှာ လက်တွဲ
လျှောက်မဲ့သူ၊ တိုး ကောင်းစားသမျှတွေဟာ တစ်နေ့ကျရင်
မောင်လည်း တူတူပိုင်ရမှာ မဟုတ်လား၊ စပ်တူလုပ်တာလို့
သဘောထားလေနော်၊ မောင်က တိုက်ခန်းစိုက်တယ်၊ တိုးက
ပစ္စည်းစိုက်တယ်၊ လူစိုက်တယ်ပေါ့"

"မကောင်းဘူးထင်တယ် မောင်ရယ်"

"မကောင်းဘူးထင်ရင် မောင်ပြောမယ်၊ တိုး စိတ်ထဲမှာ
လိပ်ပြာသန့်အောင် ဒီလိုလုပ်"

"ကောင်းကောင်းပြောနော်"

"အင်းပါ၊ တိုးက မောင့် အကူအညီကို ယူရမှာ ဝန်လေး
နေတယ် မှတ်လား၊ မောင်က အလကားကြီး မကူဘူးလေ၊
ဆရာအမတွေနဲ့ကလို ငါးမူးတိုးနဲ့ ပေးချင်ပေး၊ ဒါမှမဟုတ်
ရင် အမြတ်ကို သုံးပုံတစ်ပုံခွဲပေး၊ မကောင်းဘူးလား"

တိုးတိုးက တွေတွေကလေး ငေး၍ စဉ်းစားသည်။

"အဲဒါကို တိုး သဘောတူရင် လုပ်တော့၊ နောက်ပြီး ထိ
ပေးမဲ့ ပိုက်ဆံတွေ မောင့်ဆီကို မပို့နဲ့၊ ငွေစုလက်မှတ်
ဝယ်ပစ်လိုက်ပေါ့၊ တိုးနဲ့ မောင်နဲ့ လက်ထပ်တဲ့အခါ
မင်္ဂလာစရိတ်၊ အိမ်သုံးပစ္စည်း ဝယ်ဖို့ခြမ်းဖို့ အစစ ရ
မယ် မဟုတ်လား၊ အဲဒီကျတော့မှ သုံးကြတာပေါ့၊ သဘော
တူရဲ့လား ကျောင်းအစ်မ"

"သိပ်တော့ မဆိုးပါဘူး"

"ဘာလိုနေသေးလို့လဲ"

"တိုက်ခန်းဝယ်ဖို့ပိုက်ဆံ ဘယ်ကရမှာလဲ၊ မောင့်အမေဆီ
တောင်းမှာလား၊ တောင်းသာ တောင်းလို့ကတော့ ပြဿနာ
ဟာ အဲဒီအချိန်က စတက်ပြီ"

"အဲဒါ မောင့်တာဝန်ပါ တိုးရဲ့၊ မေးမနေနဲ့"

"မောင့်ကို ချစ်မဲ့သာ ချစ်ရတယ်၊ မောင့်ဘက်က ဘယ်လို
သဘောတူမှာ မဟုတ်ဘူးဆိုတာ တိုး မျှော်လင့်ပြီးသားပါ"

"မောင် မငြင်းပါဘူး တိုး၊ မောင့်အိမ်အကြောင်းလည်း
မောင် သိပါတယ်၊ မောင့်ဒက်ဒီက လူအေး၊ စီးပွားရှာ
ကလွဲရင် အိမ်သားတွေကို တစ်နေကုန်လို့ စကားတစ်ခွန်း
ပြောချင်မှ ပြောတာ၊ အရောမဝင်ဘူး၊ ဒါပေမဲ့ စိတ်ကောင်း
ရှိတယ်၊ အိမ်မှာ ဒက်ဒီ ဩဇာညောင်းပါတယ်"

"မောင်နဲ့ တိုးတို့ ဘဝချင်း မနီးစပ်လိုက်ပုံက မိဘကို
တာချင်းကစပြီး လွဲတယ်နော်"

နေသွေးဦးက ခေါင်းညိတ်ပြသည်။

"ဒက်ဒီက နားလည်မှု ရှိနိုင်တယ်၊ နောက်ပြီး ကိုကြီး
သူက အခု D.S.A မှာ နောက်ဆုံးနှစ်ပဲ၊ ဒီနှစ်ပြီးရင် ဘွဲ့ရပြီး



ဒုဗိုလ် ဖြစ်ပြီ၊ ကိုကြီးက ဆိုရင် တစ်အိမ်လုံးမှာ မောင်က
လွဲရင် သဘောထား အပြည့်ဝဆုံးပဲ"

"ဪ ... မောင့်လောက်တော့ သဘောမကောင်းဘူးပေါ့
နော်"

တိုးတိုးက မျက်စကလေးချိုး၍ နောက်သည်။ နေသွေးဦး
ရယ်နေသည်။

"မာမီကတော့ တစ်သက်လုံးမှာ ရွှေထီးဆောင်းလာခဲ့ရတာ၊
ရွှေလင်ပန်းနဲ့ အချင်းဆေးခဲ့ရတာ ဆိုတာမျိုးကို ဂုဏ်ယူတယ်၊
ပကာသနကိုတော့ မက်မောတယ် တိုးရဲ့၊ ဒါကလည်း သူ့
ပတ်ဝန်းကျင်နဲ့သူ ဆိုတော့"

"တိုး နားလည်ပါတယ် မောင်ရယ်"

"မိသန္ဓာ တစ်ယောက်တော့ဖြင့် အပူပိုင်းခံမှာ မွေးခဲ့သလား
ထင်ရတယ်"

ညီမကို မကောင်းကြောင်း ပြောခြင်းကပင်လျှင်
သည်ညီမနှင့်ဆိုးကလေးကို သူ အဘယ်မျှ သည်းခံရပါကြောင်း
တိုးတိုး နားလည်လိုက်ပါတော့သည်။

နေသွေးဦးက သူ့လက်ဝဲ လက်ချောင်းကလေးများကို
မကြာခဏ ထောင်ကြည့်သည်။ လက်တစ်ဖက်နှင့်တစ်ဖက် အပြန်
အလှန် ချိုးသည်။ တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေ
ဟန်။

"တိုးတို့ အားလုံး အဆင်ပြေနိုင်ဖို့ အချိန်တွေ အများကြီး
စောင့်ရဦးမယ်နော် မောင်"

"တိုးက ငယ်ငယ်ရွယ်ရွယ်နဲ့ ဘာဖြစ်လို့ ဒီလောက် ရင့်ကျက်
နေတာလဲကွာ၊ မောင်ကဖြင့် နိုးပြေးချင်ပြီ"

"ဘဝပေး အသိပညာဆိုတာ အဲဒါပဲမောင်၊ တိုးမှာက ဘဝနာခဲ့ရတယ်၊ မောင်တို့လို ပန်းမွေ့ရာ ရွှေကော်ဇောပေါ်မှာ လျှောက်လှမ်းခဲ့ရသူမှ မဟုတ်တာ မောင်ရဲ့၊ မောင့်ထက် အများကြီး ပိုရင့်ကျက်မယ်၊ မောင့်ထက် ပိုပြီး ဘဝအကြောင်းကို သိတယ်၊ မောင့်ကို ချစ်မိတဲ့အတွက် မောင့်ပတ်ဝန်းကျင် အသိုင်းအဝိုင်းထဲကို ဘယ်လောက် မျက်နှာအောက်ချပြီး ဝင်ရမယ် ဆိုတာလည်း နားလည်စွာနဲ့ ကြိုတင်ပြင်ဆင်ထားပါတယ်"

"မောင် တစ်ယောက်လုံး တိုးချစ်ဘက်က ရှိနေပါတယ်ကွာ"

"မောင့်မျက်နှာကို တစ်ကမ္ဘာထင်ပြီး လောကကြီးကို အန်တုရမဲ့ တိုးပါ မောင်ရယ်၊ မောင်ကသာ အမြဲချစ်နေပါ၊ တိုး ရင်ဆိုင်ရဲပါတယ်၊ တကယ်တော့ အောက်ကျနောက်ကျ နေရတာဟာ တိုး ဘဝမှာ အဆန်းတော့လည်း မဟုတ်ပါဘူး၊ တစ်သက်လုံး မျက်နှာငယ်ခဲ့ရသူပါ"

"အချစ်ဦး မျက်နှာငယ်လေးကို အသည်းကြီးကြီးနဲ့ လွှမ်းခြုံထားမယ်နော်"

တိုးတိုးက ချစ်စဖွယ်ကလေး ပြုံးပြနေသည်။

"တကယ်ပဲကွာ၊ တိုးချစ်ရဲ့ အချစ်ကို ဒီတစ်သက်မှာ ရမယ်တောင် မထင်မိဘူး၊ အခုဟာ တကယ်နော်၊ အိပ်မက်မဟုတ်ပါဘူးနော်၊ တိုးချစ် မောင့်ရင်ခွင်ထဲမှာ တကယ်ရှိနေတာ မဟုတ်လား"

ပြောပြောဆိုဆို ရင်ခွင်ထဲသို့ ဆွဲသွင်းရာ တိုးတိုး အလိုက်သင့် ပါလာသည်။ ညာတာပါတေးနှင့် ဖက်မှန်းသိပေမင့် မိန်းမသား ဆိုသည်က ချစ်သူအညာကို လိုလိုချင်ချင် ခံယူကြစမြဲ



မဟုတ်လား။ တိုးတိုး ကျေနပ်နှစ်သိမ့်သည်နှင့်အမျှ ကြည်နူးခြင်းများစွာကို အတိုင်းမသိ ခံစားရရှာ၏။

"တိုးဘဝက မေတ္တာငတ်ခဲ့ရသူပါ မောင်ရယ်၊ မောင့် ရင်ထဲက နှလုံးသားက ချစ်တတ်လွန်းတယ်၊ တိုးက အချစ်ကို မွတ်သိပ်စွာ ငံ့လင့်ခဲ့ရသူ ဆိုတော့ ချစ်တတ်လွန်းသူတစ်ဦးရဲ့ နှလုံးသားကို အပိုင်ရလိုက်ချင်တာမျိုးပဲ မောင်ရယ်"

"တိုးတိုးချစ်ရယ် ... တိုးချစ်ရယ် ... မောင့်တိုးချစ်ကလေးရယ်"

တင်းတင်းကျပ်ကျပ်ကလေး ဖွေ့ပိုက်ထားမိသည်။ ပါးပါးချင်း ကပ်ထားမိသည်။ အချစ်ဆုံး အချစ်ဦးကလေးကို ပိုင်ဆိုင်ခွင့် ရယူချင်လှပါပြီ။

"ပြန်စို့ မောင်ရယ်"

"မိုးမိုးဆင့်ကို တစ်နေရာရာကနေ ဖုန်းဆက်ပြီး မှာရဦးမယ်"

အင်းလျားထဲမှ ကားမောင်း ထွက်လာခဲ့သည်။ ကျောင်းသားရိပ်သာမှာဝင်၍ မိုးမိုးဆင့်ထံ ဖုန်းဆက်ရသည်။

"မာလာရှေ့မှာ လာကြိုပါ"

ချက်ချင်း ဆိုသလိုပင် မိုးမိုးဆင့် ကားကို ကိုယ်တိုင် မောင်း၍ ရောက်လာသည်။

"ဘယ်တုန်းကများလဲ တိုးရယ်၊ အံ့ရော ... အံ့ရော"

မိုးမိုးဆင့်က မျက်လုံးပြူး မျက်ဆန်ပြူးနှင့် မေးသည်။

"တိုးကို နင့် လက်ထဲ ဝကွက်ပြီး အပ်လိုက်ရတာ၊ ငါ့ရင်ထဲမှာ ဟာပြီး ကျန်ရစ်ခဲ့တယ်၊ တကယ်ပြောတာ"

"သေလိုက်ပါလား"

"ယင်ဖိုတောင် မသန်းစေနဲ့နော်၊ ဂရုစိုက်ပြီး ခေါ်သွား"

"တယ်လေ ... ငါ ပြောလိုက်ရရင်တော့"

တိုးတိုးက ရယ်နေသည်။ မိုးမိုးဆင့်က ကား

စက်နှိုးသည်။

"တိုးချစ် ... မောင် အခန်းရှာလိုက်တော့မယ်နော်"

"အင်းလေ ... မောင့်သဘော"

"ဘာလုပ်ဖို့ အခန်းရှာကြတာလည်း တိုး၊ လက်ထပ်ကြ

မလို့လား"

"မြူတီပါလာ ဖွင့်ချင်လို့ မိုးရဲ့"

တိုးတိုးက အားလုံးရှင်းပြသည်။ "မိုးရယ် ...

အချစ်ကို လက်ခံမိတာ တိုး မှားများမှားသလားဟင်" ဟူသ

စကားနှင့် နိဂုံးချုပ်သည်။

"တိုးကို သူသိပ်ချစ်တယ်၊ အဲဒါကိုတော့ ယုံ တိုး

နောက်ပြီး မကြာခင် ဘွဲ့ရမှာပဲ၊ ဝက်လည်း ထောတ

ရုပ်လည်းချောတယ်၊ တိုးရဲ့ အနွံအတာ သည်းညည်းကို

မှ ခံနိုင်မှာ၊ သူ့တစ်ယောက်အတွက်တော့ အဘက်ဘက်

ပြည့်စုံပြီးသားပဲ၊ ဘာမှ ဆိုစရာ မရှိဘူး၊ ဒါပေမဲ့ ..."

"ဘာဖြစ်လဲဟင် မိုး"

"သူ့အမေနဲ့ သူ့ညီမက ဆိုးတယ်၊ တိုးနဲ့ နေသွေးတို့

အချစ်ဗိမာန်လေး အပေါ်မှာ လောင်မီးကျနိုင်တယ်၊ အဲဒါ

ကြံကြံခံ ရပ်တည်နိုင်ကြမယ် ဆိုရင်တော့ ... အင်းလေ

နေသွေး အမိကပဲ၊ သူက တိုး ဘက်က မားမားရပ်ပေး

ပေါ့၊ ရပ်လည်းရပ်မှာပါ၊ တိုးကို သူ ချစ်ပုံကတော့ ကြ

ထဲက လှုတောင်မျက်စိနောက်၊ နားနောက် အမြင်ကတ်ယ

အဟုတ်"



အပြန်လမ်း တစ်လျှောက်လုံးမှာ တိုးတိုး တွေးလာသည်။ စိတ်ကူးကလေးတွေ ကသီကရီ။ တိုးရဲ့ရင်ထဲမှာ လှပသော အချစ်ကလေး တစ်ချစ်ကို ဆင်မြန်းမိပြီကွယ်။ အချစ်လှကလေးနဲ့ ခံ့သင့်စေမဲ့ ဘဝလှကလေးတစ်ခု ရအောင်ဖန်ဆင်းရမယ်။ တိုးဘဝ မှာလေ ရုပ်လှ၊ အချစ်လှ၊ ပညာလှ၊ စီးပွားလှ၊ ဘဝအလှကလေး တွေ ဝန်းရံစ,နေစေရမယ်၊ တိုးကြိုးစားမယ်၊ ဖြစ်ရမယ်၊ အောင်မြင်ရမယ်။

သဘာဝလှသိုးကလေး တစ်ဆင်ချိုး

ဟယ်လပင်လမ်းမှာ ရှိသမျှသော အဆောက်အအုံ
မှာ ခမ်းနားကြီးကျယ်စွ ဟူသည်ချည်း။ မြို့များကလည်း ကျယ်ဝ
လှသည်ချည်း။

တိုးတိုးသည် စိန်ပန်းပင်အိုကြီးအောက်မှာ ထိုင်
ကိုကိုဖြိုးကို စောင့်ရင်း ဟိန်းဟိန်းမားမား ရှိလှပါသည့် တိုက်ကြီး
ပြတင်းပေါက်များမှာ ဆူဇီ မျက်နှာကို မြင်ယောင်လာမိသည်
မျိုးရိုးစဉ်ဆက် ကြွယ်ပိုးကြွယ်ဝ ရှိလှပါသော ကိုကိုဖြိုးလို လူ
ကြီးကြီး ဒေါ်ခင်အေးမြက သမက်တော်ချင်လွန်းရှာသည်။ အသ
မှာ ထူးဆန်းပါအံ့နည်း။

“ဆူဇီရေ ... တို့ကြောင့် မင်းနဲ့ ကိုကိုဖြိုးနဲ့ လွဲရတယ်ဆို
စိတ်နာနေသလားကွယ်”

ခုနှစ်နှစ်လောက် တူတူနေခဲ့ရတော့လည်း အတူနေ
က မည်သို့ပင် ဖြစ်ခဲ့ ဖြစ်ခဲ့၊ သံယောဇဉ်က ရှိသင့်သလောက် ရှိ
ရတော့သည်။ ကိုကိုဂျင်မီကိုရော၊ မမမေရီကိုပါ သတိတရ ရှိ
သည်။



“မမမေရီ သင်ပေးခဲ့တဲ့ ပညာနဲ့ တိုးတိုး အသက်မွေးဝမ်း
ကျောင်း ပြုရပါတော့မယ်ရှင်၊ အဝေးကနေမှန်းပြီး ကန်တော့
လိုက်ပါတယ်”

လက်ကလေးနှစ်ဖက်ကို ရင်မှာစုံချီ၍ ကန်တော့မိ
သည်။ အိုပင်အိုငြား တစ်ပင်လုံးမှာ အရွက်စိမ်းမျှ မကျန်အောင်
နီနီရဲရဲ ပွင့်နေပါသည့် စိန်ပန်းပင်ကြီးကို မော့ကြည့်မိသေးသည်။
စိန်ပန်းပွင့်ဖတ် နီနီရဲရဲကလေးများက မြေပြင်မှာ ပန်းကမ္ဘလာဖြစ်
နေတော့သည်။

“တိုးတိုး”

“အမေ့”

“ကြည့်စမ်း၊ ဒီကောင်မလေး ဘာတွေ စိတ်ကူးယဉ်နေလို့
လန့်သွားရတာလဲ၊ ကဲ ... ပြောပါဦး၊ ကိုကိုဖြိုးကို တိုင်ပင်
စရာရှိလို့ ခြံထဲကို ခဏဆင်းခဲ့ပါတဲ့၊ ဘာပြောမလဲ ...
ပြော”

အစတုန်းက ပြောချင်လွန်းလို့ လာခဲ့ပါဟုပင် တကူး
တက ခေါ်ခဲ့ပြီးပြီ။ ပြောဆိုတော့ အစခက်နေပြန်သည်။

“ဟဲ့ ... ပြောလေ”

တိုးတိုး အဖို့မှာ အမေသည် မွေးစားမိခင်သာဆိုငြား
ဆလောလောဆယ် အုပ်ထိန်းသူက ကိုကိုဖြိုး ဖြစ်နေရသည်။ ဘာမဆို
ကိုကိုဖြိုးကို ဖွင့်ဟတိုင်ပင်ချင်ပါသည်။

“တိုးတိုး ဆယ်တန်းအောင်ထားတာ နှစ်နှစ်ရှိခဲ့ပြီ၊ ကျောင်း
ဆက်မတက်ဖြစ်သေးပါဘူး၊ ဒီနှစ်တော့ လုပ်သားကောလိပ်
တက်ရကောင်းမလား အလွှတ်ဖြေရကောင်းမလားလို့”

"ကောင်းတာပေါ့ဟ၊ လုပ်လေ"

"အဲဒါ ထမင်းဆိုင် တစ်ဖက်နဲ့ဆိုရင် ကသိမလားလို့"

"အင်း ... ဘာလုပ်ချင်တယ်ဆိုတာ အရင်ပြောဦးလေ"

"ဖြူတီပါလာ ဖွင့်ရင် ကောင်းမလားလို့ပါ"

"ကောင်းသားပဲ၊ သဘောပေါ်မှာ ထမင်းရောင်းရတာ

လည်း အများကြီး ပိုပြီးလူခြေရှုပ်နေရမယ်၊ ဝင်ငွေလည်း ပိုကောင်း

မှာပဲ၊ တိုးတိုးက ကျွမ်းကျွမ်းကျင်ကျင် တတ်ရဲ့လား"

"မမမေရီက သွားကာနီးမှာ သေသေချာချာ ထပ်တလဲလဲ

သင်ပေးသွားခဲ့ပါတယ်၊ တိုးတိုး ကျွမ်းကျင်ပါတယ်"

"အရင်းအနှီး များများလိုမယ်ထင်တယ်"

"ပစ္စည်းကရိယာအနေနဲ့ တစ်ပတ်ရစ်ကလေးတွေ သုံးနှင့်

ဆိုရင်တော့ အလွန်ဆုံး ရှစ်ထောင်ပါပဲ၊ တိုးတိုး တွက်ပြီးပါပြီ

"အဲဒီရှစ်ထောင် ရှိသလား"

"ဟုတ်ကဲ့၊ တိုးတိုး အဲဒီလောက် စုမိနေပါပြီ"

"တော်လိုက်တာ ငါ့ညီမရယ်၊ အဝတ်အစား အချော်အ

ဆိုတာတွေ ဘာမှ အပိုအလျှံ မသုံးတော့လည်း စုမိတာပေါ့

တကယ်လိမ္မာတဲ့ တိုးတိုး"

ကိုဝေဖြိုးက ဝမ်းသာအားရ ချီးကျူးမိသည်။ သည်

ကလေးမလို ထောင့်စေ့အောင် တော်ပုံမျိုးက ခပ်ရှားရှား။

"ဆိုင်နေရာအတွက်ကျတော့ ပိုက်ဆံကုန်မယ်ဟ၊ အရော

နဲ့ ဝယ်ရမှာ၊ ဆိုင်ဖွင့်ဖို့ဆိုတော့ လမ်းမတန်းလည်း ဖြစ်

မယ်၊ အောက်ထပ်ဆိုရင်တော့ ဈေးကြီးမယ်၊ အပေါ်ထပ်

ရင် ဈေးသက်သာမယ်"



"ဖြူတီပါလာက အောက်ထပ်ဖြစ်ဖို့လောက် သိပ်မလိုလှပါဘူး၊

ပထမထပ်လောက်ဆိုလည်း ဖြစ်နိုင်ပါတယ်"

"လမ်းမတန်း ဆိုပေမဲ့ အကြီးဆုံးလမ်း မဟုတ်တဲ့ ရွှေဘုံသာ

လမ်းလောက်ဆိုရင်တောင် တစ်သောင်းလောက် ပေးရမယ်

ထင်တယ်၊ အဲဒီအတွက်ကော ရှိသလား"

"ရှိတော့ မရှိပါဘူး"

"မေမေ့ဆီက ငါးမူးတိုးနဲ့ ချေးဟာ"

ကိုဝေဖြိုး အားတက်သရော ပြောသည်။ ဝမ်းသာအားရ

နိုင်လှသည်။ သည်မိန်းကလေး၏ အရည်အသွေးနှင့် ထက်မြက်မှုကို

လည်း ကျိတ်၍ ချီးကျူးမိသေးသည်။

"ကြီးကြီးမေ ဆီက မချေးတော့ပါဘူး"

"ဟင် ... ဘယ်က ပိုက်ဆံရမလဲ"

"ဟို ... ဟို ... သူငယ် ... သူငယ်ချင်းတစ်ယောက်က ဝယ်

ပေးမယ် ... ဆို ... ဆိုလို့ပါ"

သည်စကားရောက်လာတော့ တိုးတိုး နှုတ်မသွက်ပြီ။

လေနှုအေးက စိန်ပန်းပွင့်ကလေးများကို ခြွေချနေသည့်တိုင် တိုးတိုး

ချူးဖြန်လာရသည်။

"မိုးမိုးဆင့်လား"

"မဟုတ် ... ပါဘူး ... ဟို ... နေ ... နေသွေးဦး"

"ဘာ ... နေသွေးဦး ဟုတ်လား"

"ဟုတ်ကဲ့ ... သူ ... သူက"

"ကောင်းမလားဟယ် ... သက်တူရွယ်တူ ယောကျ်ားကလေး။

သူ့မှာကော ဒီလောက်ပိုက်ဆံ ရှိပါ့မလား၊ သူက စေတနာ

ရှိတယ်ထားဦး၊ သူ့မိဘက ရှိသေးတယ်၊ အစကတည်းက ရင်းရင်းနှီးနှီးလည်း မဟုတ်"

တိုးတိုး ခေါင်းကလေး ငုံ့ကျသွားသည်။

"ဟို ... သူက အခန်းစိုက်မယ်၊ တိုးတိုးက ပစ္စည်းနဲ့ထဲ အားစိုက်မလို့ပါ၊ သူ့ကို အမြတ် သုံးပုံတစ်ပုံ ခွဲပေးရမယ် တဲ့"

"ဆိုးတော့ မဆိုးပါဘူး၊ သွေးမတော် သားမတော် သူစိမ်း ယောကျ်ားလေး ဖြစ်နေတာက ခက်တယ်"

"နောက်ကျရင် သူ ... သူနဲ့ တိုးတိုး အဲဒီမှာ အတူတူရှိ နေဖို့ ..."

"ဟဲ့"

ကိုဝေဖြိုးက အလန့်တကြား ထအော်သည်။ မျက်ခုံး နှစ်ဖက် အလယ်စုကာ မြင့်တက်သွားသည်။ တဖြည်းဖြည်းပြန်လျှော့ မျက်ခုံးနှစ်ဖက် ပြန်ဆန့်၊ ပြီးတော့ တဟားဟား အော်ရယ်တော့ သည်။

"ကြိုက်နေကြပြီလား ... ဟုတ်လား တိုးတိုး၊ ငါ ထင်တော့ ထင်သားပဲ"

ခေါင်းငုံ့ထားဆဲမှ ခေါင်းကို ညိတ်ပြသောကြောင့် ငုံ့သည်ထက် ပိုငုံ့သွားရတော့သည်။

"ခေတ်ကာလ သားသမီးများ တယ်လည်း မြန်ကြတာကိုး အံ့ရော တိုးတိုးရယ်၊ ငါတောင် အသက်နှစ်ဆယ့်ခုနစ်နှစ် ရှိနေပြီ၊ ရည်းစားမရှိသေးဘူး၊ အင်းလေ ... ကားလေးကျော် တက်ခေတ်ကိုး၊ ခုလို ဖွင့်တိုင်ပင်တာတော့ ကောင်းပါတယ်



ဘာပဲဖြစ်ဖြစ် ငါ့ညီမ လိမ္မာပါတယ်၊ မိဘနေရာ၊ အစ်ကို နေရာက ပြောရရင်တော့ နမြောတာပဲပေါ့၊ စောလွန်းနေ သလားလို့"

"လက်ထပ်ဖို့က တိုးတိုး ဘွဲ့ရပြီးမှပါ"

"သြော် ... ဒါကြောင့် ကျောင်းပြန်တက်ချင်တာကိုး၊ ဟို ကောင်က ဘွဲ့ရတော့မှာဆိုတော့ ဒီကလည်း အားကျမခံဘွဲ့ နဲ့ပေါ့လေ၊ အင်း ... ဒါနဲ့တောင် နေသွေးဦးက အမြတ်ကို သုံးပုံတစ်ပုံ ခွဲပေးရမယ်တဲ့လား"

"တိုးတိုးက မာနရှိလို့ပါ၊ အလကား မလိုချင်လို့"

"အင်းလေ ... နို့၊ သူ့မိဘများကော သိပလား"

"မသိသေးပါဘူး"

"တိုးတိုး အမေကော"

"ကိုကိုဖြိုးကို အရင်ဆုံး ဖွင့်ပြောတာပါ"

"ဟုတ်ပြီလေ၊ နေသွေးဦးဘက်က သဘောတူပါ့မလား"

"သူ့အမေနဲ့ သူ့ညီမကတော့ လောင်မီးကျလိမ့်မယ်လို့ မိုး က ပြောပါတယ်"

"အဲဒါ ပြဿနာပဲဟ"

"ဟို ... ကိုနေသွေးက ရင်ဆိုင်မယ်လို့ ပြောပါတယ်"

"ငယ်စိတ်၊ ငယ်သတ္တိတွေနဲ့ပေါ့လေ၊ နေပါဦး ... နေသွေးဦး က ပိုက်ဆံတစ်သောင်း ဘယ်ကရမလဲ"

"သူ့ စိန်လက်စွပ်နဲ့ နှစ်ကျပ်သားဆွဲကြိုးကို ရောင်းပါ တယ်"

"ရောင်းတောင် ပြီးပလား"

"ဟုတ်ကဲ့၊ တိုက်ခန်းတောင် ဝယ်ပြီးပြီတဲ့၊ ကိုကိုဖြိုး [illegible]
တဲ့ ရွှေဘုံသာလမ်းထဲမှာပါပဲ၊ ပထမထပ်ပဲ၊ တစ်သောင်း[illegible]
ပေးရပါတယ်"

"သြော် ... မိဂ္ဂွေတိုး၊ ချည်ပြီး တုပ်ပြီးမှ ဖွင့်ပြောတာကိုး"

"သူက အခန်းလာကြည့်ဖို့ မှာပေမဲ့ ကိုကိုဖြိုးကို ခွင့်မ[illegible]
ရသေးလို့ တိုးတိုး လိုက်မကြည့်သေးပါဘူး"

"အစီအစဉ်ကတော့ မဆိုးပါဘူး၊ တိုးတိုးလည်း လိမ္မာသ[illegible]
အမြော်အမြင်လည်း ရှိတာပဲ၊ ခက်တာက တစ်နေ့နေ့[illegible]
ပြဿနာ တက်လိမ့်မယ် ထင်တယ်"

"တိုးတိုးလည်း ထင်ပါတယ်"

"ဘာပဲဖြစ်ဖြစ် စွန့်စားရင်ဆိုင်ကြမယ်ပေါ့၊ ဟုတ်လား"

မော့လှဆဲဆဲ ခေါင်းကလေး ပြန်ငုံ့ကျသွား[illegible]
သည်။

"သိပ်လည်းပူမနေနဲ့လေ၊ ပြဿနာဖြစ်လာတော့လည်း [illegible]
ဆောင်ရှောက်ရမှာပေါ့၊ တို့တစ်တွေလည်း ရှိသားပဲ၊ မိုးမိုး[illegible]
ကလည်း တိုးတိုးဘက်က ရပ်မှာပါ၊ တိုးတိုး အနေအထ[illegible]
လိမ္မာဖို့တော့ လိုတယ်"

"တိုးတိုးကို စိတ်ချပါ"

"အင်းလေ"

"ဆိုင်ဖွင့်ပြီးရင် အမေပါ တိုးတိုးတို့သားအမိ အဲဒီတိုက်[illegible]
ကို ပြောင်းနေကြတော့မယ် စိတ်ကူးပါတယ်"

"ဒါပေါ့လေ ... ဆိုင်နဲ့အိမ်နဲ့ တူတူဆိုတော့ အလုပ်[illegible]
များများ ယူနိုင်တာပေါ့"



"လုပ်သားတက်ရင်လည်း မြို့ထဲကဆိုတော့ သွားရ လာရတာ
ပိုနီးပါတယ်"

"မဆိုးပါဘူး တိုးတိုး၊ တို့တစ်တွေတော့ လွမ်းကျန်ရစ်ခဲ့ရ
တော့မှာပဲ၊ မေမေဆို ပိုဆိုးမယ်"

"ဘာဝေးတာလိုက်လို့ ကိုကိုဖြိုးရယ်၊ တိုးတိုး ကျေးဇူးရှင်တွေ
ဆီကို အနည်းဆုံး တစ်ပတ်တစ်ခါတော့ မှန်မှန်လာကန်တော့
မှာပါ"

သည်တစ်ခါတော့ ခေါင်းကလေးမော့၍ ပြောဖြစ်
သည်။ ကိုဇေဖြိုးက စိုက်ကြည့်နေသည်။ သည်မိန်းကလေးအပေါ်မှာ
သနားစိတ်ဖြင့် တွယ်တာရလွန်းသည်။ သြော် ... သူ့ခမျာလေး
ပျော်ပါစေ။

ယခု သည်မိန်းကလေးက ကြင်ဖက်သက်နံ့ကို ရှာ
ဖွေတွေ့ရှိခဲ့ပါပြီ။ ရင်ထဲမှ နှမြောသလိုလို ခံစားမိသည်။ သူ့ဘဝ
ကလေး သူပျော်သည် ဆိုတော့လည်း ကျေနပ်ရပြန်သည်။ မည်သို့
ဆိုစေ ဖြစ်ရာဘဝ၊ ရောက်ရာအရပ်မှာ ကြိုးစားရုန်းကန် နေရှာသူ
ကလေးအဖြစ် အထင်ကြီး လေးစားမိလေသည်။

"တစ်ခုတော့ သေသေချာချာ မှာချင်တယ်၊ အစစအရာရာ၊
အပြောအဆို အနေအထိုင် အားလုံးမှာ လိမ္မာပါ၊ ဒါပါပဲကွယ်၊
အဲဒါပါပဲ"

ကိုကိုဖြိုး၏ စေတနာစကားများကို တိုးတိုး ကောင်း
စွာ နားလည်သဘောပေါက်မိပါတော့သည်။

"ဒိုင်ယာနာ"

သည်နာမည်ကိုပင် ပြန်သုံးပါ၏။ ဒိုင်ယာနာဖြူတီ ပါလာ ပြန်ဖွင့်လှစ်ပြီ ဖြစ်ကြောင်း၊ ယခင် ဒိုင်ယာနာဖြူတီပါလာ၏ မေရီ၏ လက်ရင်းတပည့်ဖြစ်သူ "တိုးတိုး" ကိုယ်တိုင် ပြုပြင်ပေးမည် ဖြစ်ကြောင်း၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်များမှာ ကြော်ငြာထည့် သည်။ ရုပ်ရှင်ရုံများတွင် ကြော်ငြာဆလိုက် ထိုးသည်။ ဖြူတီပါလာ များ ရုပ်ရှင်ရုံမှာ ရုပ်ရှင်ဆလိုက်ထိုး၍ ကြော်ငြာခြင်းကို တိုးတိုးမှ စတင်ခဲ့လေသည်။

ဒိုင်ယာနာ တာထွက်ကောင်းပါသည်။ မမမေရီ ရှိစဉ် က ဂျပန်ပြန် အလှပြင်ဝါရင့်ဟူသော အထင်ကြီးစိတ်ဖြင့် တကူး တက လာရောက်အလှပြင်ခဲ့ဖူးသူတိုင်း တိုးတိုးကို သိရှိမှတ်မိကြ သည်။ အမြဲလာရောက် ပြုပြင်နေကျ၊ ငွေကြေးတတ်နိုင်သူ လူကုံထံ များဆိုလျှင် မမမေရီက ရေးမှတ်နိုင်းသောကြောင့် နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်များ တိုးတိုး ရေးမှတ်ခဲ့ရသည်။ ယင်းနံပါတ်များ သို့ တိုးတိုး တယ်လီဖုန်းဆက်သည်။ သူမ ဆိုင်ဖွင့်နေပြီဖြစ်ကြောင်း။

ရုပ်ကလေးကချော၊ အပြောကလေးကချို။ လိုသလို ပြောတိုင်း စိတ်ရှည်လက်ရှည် ပြုပြင်ပေးသည်။ အထူးကြီးစားသည် မို့ လက်ရာကောင်းသည်။ လာရောက် ပြုပြင်သူတိုင်း စိတ်တိုင်းကျ ကြသည်။ ဒိုင်ယာနာမှာ စဖွင့်ကတည်းက လူမပြတ်၊ အားနေရသည်၊ ထိုင်နေသည်ဟူ၍မရှိ၊ မိုးလင်းကမိုးချုပ်၊ ထမင်းဟင်းချက်ချိန်မရှိ။



အမေ ချက်ပြုတ်ပြင်ဆင်ကာ ပန်းကန်နှင့်ထည့်၍ ဖွန်းတပ်ပေးပါမှ တစ်လုတ်စ နှစ်လုတ်စ ပြေးပြေးစားရသည်။

တိုးတိုး ပျော်လိုက်သည့်ဖြစ်ခြင်း၊ လုပ်အားခတွေမှာ တစ်နေ့ တစ်နေ့ မွေးခနဲ မွေးခနဲ မြင့်ရသည်။ မိမိကြိုးစား၍ ရရှိ လာသော ပိုက်ဆံများကိုလည်း အပိုအလျှံ တစ်ခုမှ မသုံးပါ။ ဆိုင် ာလိုအပ်သည့် ပစ္စည်းများ ဝယ်စုသည်။ ချွေစုသည်။ နောက်တော့ ိန်ပါ စုနိုင်လာသည်။ ကံမရှိလျှင် ဉာဏ်ရှိတိုင်းမွဲဟု ဆိုရိုးရှိပါ၏။ ိုးတိုးကျတော့ ကံ၊ ဉာဏ်၊ ဝီရိယ သုံးမျိုးလုံး၏ အကျိုးကို ခံစား လေသည်။

တိုးတိုး ဝယ်ယူစုဆောင်းထားသည့် ပစ္စည်း လေ ိုးတိုး လက်သို့ ရောက်ပြီးသည်နှင့် ဈေးက နှစ်ဆ သုံးဆ ာက်သည်။ ပစ္စည်းများပေါ်မှာ အမြတ်အစွန်း ရသည်။ မေသည် အမြတ်အစွန်းများကို သုံးပုံခွဲ၍ တစ်ပုံကို နေသွေးဦးအား ဖြစ်သည် နေသွေးဦးက မယူ၊ ဘဏ်စာရင်းတစ်ခု ဖွင့်ပေးထား တည်းဟူသည့် ာဏ်မှာ သွင်းရသည်။

ဖြူတီပါလာဖွင့်သည့် သက်တမ်းနှစ်နှစ် သည်မို့ ထိခိုက် ခဲ့ရသည်။ တိုးတိုး ဒုတိယနှစ်အောင်သည်။ တိုးတိုးမှာ သက်ရှင်ရုပ် ာပည့်မကလေးနှစ်ဦး ထပ်ခေါ်ရသည်။ အိမ်မှာချက်ဖို့ပြုတ်ဖို့ အားငယ် ိန်းကလေးတစ်ယောက် ခေါ်ရသည်။ ဆိုင်မှာအသုံးပြုသည့် ပစ္စည်း င်း ာရိယာများမှာ အားလုံး နောက်ဆုံးပေါ် အသစ်စက်စက်များချည်း ပစ်သည်။

ဆိုင်ကြီးတစ်ဆိုင်မျှ ခမ်းနားပြည့်စုံစွာ ဝယ်ခြမ်းပြင် ဆင် စုဆောင်းပြီးသည့်အပြင် နေသွေးဦး အတွက် ဘဏ်အပ်ငွေသား

ကျပ်တစ်သောင်းနှင့် ငါးရာတိတိ ရှိသည်။ တိုးတိုးထံမှာ ပစ္စည်း ယာများအပြင် ငွေစားချည်း ကျပ်နှစ်သောင်းနှင့်တစ်ထောင် ရှိလေသည်။ ဤမျှ များများနှင့် မြန်မြန် စုဆောင်းမိနိုင်ခြင်း လုပ်ရည်ကိုင်ရည် ကျွမ်းကျင်ခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ ဝီရိယနှင့် နေ့နေ့ညည အနားမယူ၊ အပန်းမဖြေ၊ အလုပ်တစ်ခု သာ စိတ်မှာနှစ်ခြင်းတို့အပြင်၊ အပိုမဝတ်၊ အပိုမစား၊ အပို အသုံးအစွဲ ကျစ်လျစ်စစ်စီခြင်းတို့ကြောင့် ဖြစ်ပါသတည်း။

၉
သည်
များ ရ
စတင်ခဲ့
က ဂျပန်ပြန်
တက လာရေး
သည်။ အမြဲလ
များဆိုလျှင်
တယ်လီ
သို့ ဂ



ဧစ္ဆာတောင်စွယ်မှာ နေကွယ်လေမှောသလား

မျက်နှာပုံစံ အမျိုးမျိုးကို ပန်းချီမျက်စိနှင့် သဘာဝ ကျကျ လေ့လာနိုင်ရန် နာမည်ကြီး ပန်းချီဆရာတစ်ဦးထံမှာ လေ့ လာဆည်းပူးသည်။

သည်နှစ်မှာပင် အမေ ဆုံးလေသည်။ အမေသည် ဗဟုသုတ အကြားအမြင် နည်းပါးကာ အလွန်ရိုးသားသူ ဖြစ်သည် ဆိုငြား တိုးတိုး ဆိုသည့် မိန်းကလေးကိုတော့ မိခင်တည်းဟူသည့် အရိပ်ကြီးကို မိုးပေးခဲ့သူသာတည်း။

အဖေ ဆုံးစဉ်က အသက်ငယ်သေးသည်မို့ ထိခိုက် ကြေကွဲရမှန်းလည်း မသိ။ အမေတစ်ယောက်လုံး အသက်ရှင်ရပ် တည်ကာ ကျန်ရစ်ခဲ့ခြင်းကြောင့်လည်း ဖြစ်မည်ထင်သည်။ အားငယ် စိတ် ဖြစ်ရကောင်းမှန်းပင် မသိခဲ့ပါ။ အမေဆုံးတော့ တိုးတိုး ဘဝ မှာ နေတစ်ဆူ ကွယ်သည့်နှယ်။ တယ်လီဖုန်းဆက်ကာ အကြောင်း ကြားသောကြောင့် ကိုကိုဖြိုး၊ မိုးနှင့် မောင်တို့ အားလုံး ချက်ချင်း ဆိုသလိုပင် ရောက်လာခဲ့ကြသည်။

"ကိုကိုဖြိုးရယ်"

ရှေ့ဆင့်နောက်ဆင့် ရောက်လာကြသူများအနက်
ကိုကိုဖြိုးက နောက်ဆုံး။ မိုးနှင့် မောင်တို့က အတူတူလာသည်
မိုးက တိုးတိုးအနားသို့ တိုးကပ်ကာ အားပေးနှစ်သိမ့်စကား ပြောသည်
မောင်သည် ကျားကျားလျားလျား၊ အားကိုးအားထား ပြုလောက်
အောင်ပင် အမေ့အလောင်းကို ရေမိုးချိုး၊ အဝတ်လဲ၊ အလောင်း
ပြင်သည့်အမှုကို ပြုသည်။ အမေ့အလောင်းစင်ကို ပြင်တော့
ကိုကိုဖြိုး ရောက်လာသည်။

ကိုကိုဖြိုးကို မြင်တော့ ဖခင်တစ်ဦး ကျန်ရစ်သည့်
အားကိုးတကြီး ပြေးဖက်မိသည်။ ကိုဝေဖြိုးက အလိုက်သင့်
ဖက်ကာ တွဲ၍ခေါ်လာခဲ့သည်။ နဖူးဆံစကလေးများကို သပ်ပေးသည်
မျက်ရည်စကလေးများကို သုတ်ပေးသည်။

"အားမငယ်နဲ့လေ တိုးတိုးရယ်၊ ကိုကိုဖြိုး တစ်ယောက်
ရှိသေးတယ်၊ ပြီးတော့ တိုးတိုးဟာ ကိုယ့်ခြေထောက်
ကိုယ်ရပ်ပြီး ကိုယ့်အားကိုယ်ကိုးခဲ့တဲ့ မိန်းမသားမဟုတ်လား
စိတ်ကို ထိန်းထားစမ်း တိုးတိုး"

အမေ့ ခုတင်နားမှာပင် မွေ့ဖက်ချော့မော့ခြင်း ဆိုတော့
အလောင်းစင် ပြင်နေသည့် နေသွေးဦးက အတိုင်းသား ကြားနေ
သည်။ အတိုင်းသား မြင်နေရသည်။ မိမိ ရောက်လာစဉ်က
ပြေးမဖက်ခဲ့ပါသော တိုးတိုး၊ မိမိ ချစ်သူဆိုသည့် မိန်းကလေး
တခြားအချိန်မှာသာဆို ...။

"ဘယ်လိုလဲ မချောတိုး"ဟု မေးဖြစ်မည်ထင်သည်
မိမိဆရာ ဖြစ်ခဲ့ဖူးသူမို့ လက်သီးနှင့် ဆွဲမထိုးဖြစ်သည့်တိုင် 'ထို
အတွက် ကျွန်တော့်တာဝန်ထားပါ ဆရာ'ဟု မဏ္ဍာပ်တိုင်တက်ရင်
သာသာနှင့် နာနာနက်မိမည်ထင်သည်။ ခုတော့ ရင်တွင်း ခံစားမှု



ကို ဖွင့်လှစ်ခွင့်မရဘဲ မျိုချလိုက်ရတော့ ရင်ထဲမှာ အလုံးကြီးဆို့နေ
သည်။

"မေမေ့ကိုလည်း ဒီမနက်ပဲ ဆေးရုံတင်လိုက်ရတယ် တိုးတိုး"

"ဟင် ... ဘာဘာလား"

တိုးတိုးက ရှိုက်သံကလေးနှင့် မေးသည်။

"ဆေးရုံမှာ စပါယ်ရှယ်နာစ်နဲ့ ထားခဲ့ပြီး အိမ်တစ်ခေါက်
ပြန်၊ မေမေ့ကို ပြန်ကြည့်တုန်း တိုးတိုးဆီက ဖုန်းလာတာပဲ"

"ဘာဘာက"

"ကြာပြီကော တိုးတိုး၊ ခြေဆစ်လက်ဆစ် ကိုက်တယ်ခဲတယ်နဲ့
ကြာပကော၊ ဘယ်သဘော်မှ မလိုက်နိုင်တာ၊ မနက်ကအိပ်ရာ
အထမှာ ရုတ်တရက်ကြီး လဲကျသွားတာ၊ ဗဓာလိုတော့
လေဖြတ်တာပေါ့၊ သွေးတိုးလေ၊ ဖေဖေက သိပ်ဝတယ်
မဟုတ်လား"

"အမေကတော့ မီးစာကုန်ဆီခန်း ဖြစ်နေရှာတာပါ"

"ဒေါ်ဒေါ်သိန်းလှကျတော့ ပိန်လွန်းတယ်နော်"

"ပန်းနာရင်ကျပ်ပေါ့၊ ကိုကိုဖြိုးရယ် ... အမေ့ကို တစ်သက်လုံး
နှိပ်စက်လာတဲ့ ရောဂါပေါ့၊ အမေ့ကျတော့ အစားမရှောင်ဘူး၊
ဝက်သားနဲ့ မတည့်ဘူး၊ ဆူးပုပ်ရွက်မတည့်ဘူး၊ ဆေးလိပ်
မသောက်နဲ့ဆိုတာ လုံးဝ ပြောမရဘူး ၊ ဒီမနက်တော့ ..."

ကျလာသည့် မျက်ရည်လေးကို သုတ်ရပြန်သည်။
တစ်ချက်ရှိုက်ပြီးမှ အားတင်း၍ ပြောရသည်။

"အဖော်မိန်းကလေး နှင်းနကို ဝက်သား တိတ်တိတ်မှာ
ချက်ခိုင်းတယ်၊ တိုးတိုးက လုံးဝမစားစေချင်ဘူး မှတ်လား၊
တိုးတိုးက ဆိုင်ရှေ့မှာ အလုပ် မဲလုပ်နေတုန်း မီးဖိုထဲမှာ

ဝက်သားငါးဆယ်သားကို တစ်ယောက်တည်း တစ်ဝက်သာသာစားသတဲ့၊ စားလည်းပြီးရော တစ်ရေးတစ်မော အိပ်ဦးမယ်ဆိုပြီး ဆေးလိပ်ကလေးနဲ့ မှိန်းနေတာတဲ့"

မျက်ရည်များက စီးကျလာရပြန်သည်။ သည်အဖေသည်သာ တိုးတိုးဘဝအတွက် ရောမအရိပ်ကြီး မဟုတ်ပါလား။

"ဆေးလိပ်သောက်ရင်း ကျပ်တက်လာတာပဲ၊ နှင်းနုလေး လာပြေးခေါ်လို့ သွားကြည့်တော့ မျက်ဖြူလန်နေပြီ ကိုကိုဖြိုးရဲ့ အင့် ... အင့်"

တိုးတိုး ရှိုက်ကာ ရှိုက်ကာ ငိုပါသတည်း။

"တိုး ... တိုး ကျုံးအမွေ့မှာပဲ တိုး ... လက် ... ထဲ အသက်ပျောက် ... ပျောက် ... သွားတာပါပဲ ကိုကိုဖြိုးရယ်"

တိုးတိုး ကိုယ်ကလေးက ကိုဝေဖြိုး ရင်ခွင့်ထဲသို့ ထွေးခနဲ ကျလာသည်။

"မိုးမိုး ... အိပ်ရာဘယ်မလဲ"

ကိုဝေဖြိုးက ကျုံးမွေ့သည်။ တိုးတိုး သတိလစ်နေရှာပါပြီ။ မိုးမိုးက ဦးဆောင်၍ အိပ်ခန်းထဲသို့ ဝင်သည်။ ကိုဝေဖြိုးက ခုတင်ပေါ်သို့ ချပေးသည်။

"တိုးတိုး ... တိုးတိုး"

"တိုးရေ ... တိုးရေ"

နောက်က လိုက်ပါလာသူ နေသွေးဦး သည်သာလျှင် ယောင်ငန်းငန်းနှင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေတော့သည်။

"ခင်ဗျား ဖယ်ပါ" ဟု ဝင်လုရအောင်ကလည်း ကိုယ့်ဆရာသမား။ ဘေးမှာ ငူငူကြီး ရပ်ရင်း တိုးတိုးနှင့် ဆရာဦးဝေဖြိုးတို့၏ ခင်မင်းရင်းနှီးမှု အတိုင်းအတာကို စေ့စေ့တွေးမိတော့သည်။



"တိုးတိုး ... တိုးတိုး"

ကိုဝေဖြိုးက တိုးတိုး ပါးနှစ်ဖက်ကို လက်ဝါးနှင့် ယ်ပြန်ညာပြန် ရိုက်တော့မှ တအင်းအင်း ညည်းသံကလေးနှင့်အတူ း တိုး သတိရလာသည်။

"ဒီမှာကြည့်စမ်း၊ မိုးမိုးဆင့် ရှိတယ်၊ နေသွေးဦး ရှိတယ်၊ ကိုကိုဖြိုး ရှိတယ်၊ အားလုံး တိုးတိုးကို ချစ်ကြတဲ့သူချည်းပဲ၊ ကူညီစောင့်ရှောက်မဲ့သူချည်းပဲ၊ ဘာ အားငယ်စရာရှိသလဲ တိုးတိုး"

တိုးတိုးက နေသွေးဦးကို အားကိုးတကြီး လှမ်းကြည့် ည်။ တိုးတိုး မျက်ဝန်းတွင်းမှ အားကိုးခြင်း အတွယ်အတာကို မြင်ရတော့ နေသွေးဦး သံသယတို့ လျှောခနဲ ကျရသည်။

"နေကောင်းရဲ့လား တိုး"

"ဟုတ်ကဲ့၊ ဟို ... မောင် ... မိုးနဲ့ တိုင်ပင်ပြီး လာတဲ့ဧည့်သည်တွေကို တစ်ခုခု ကျွေးဖို့မွေးဖို့"

"မပူနဲ့ တိုး၊ မိုး ကြည့်လုပ်လိုက်မယ်"

မိုးမိုးဆင့်က မီးဖိုးတွင်းသို့ ဝင်သွားသည်။ နှင်းနုကို ကော်ဖီဖျော်ဖို့ စီစဉ်ခိုင်းရသည်။ ဆံပင်မညှပ်၊ မိတ်ကပ်မလိမ်းရ သေးသူများကို တောင်းပန်၍ ပြန်လွှတ်ရသည်။ ဆံပင်ကောက်ဆဲတန်းလန်း မိန်းကလေးတစ်ဦးကိုတော့ တိုးတိုး တပည့်မကလေး သီသီဝင်း ကပင် ပြီးစီးအောင် ဆက်လုပ်ပေးရတော့သည်။

"နေသွေးဦး"

ကိုဝေဖြိုးက နေသွေးဦး ပခုံးကို ဖက်၍ လေှကားထိပ်သို့ ခေါ်လာသည်။

"မင်းတော့ ဒီမှာ လာပြီး ညအိပ်စောင့်ပေးလိုက်နော်၊ ငါ... မသေချာဘူး၊ ဆေးရုံကို ပြန်ပြေးရဦးမယ်၊ မေမေ့အခြေအနေ ဘယ်လိုရှိတယ် မသိဘူး"

"အိပ်မှာပါ ဆရာ"

"တိုးတိုးကို ဂရုစိုက်လိုက်ဦးနော်၊ သူက စိတ်ဓာတ်အပြင်း... စားထဲက၊ ဖွဲ့တင်းတုန်းက တင်းပိုသလောက် လျှော့ချလိုက် ရင် သူများထက် ပိုဆိုးသွားမယ်"

"ကျွန်တော် နားလည်ပါတယ် ဆရာ"

"ငါ စိတ်ချသွားမယ်နော်"

နေသွေးဦး ပခုံးကို နှစ်ချက်ဆင့်ပုတ်၍ မှာသည်။

"ကျွန်တော်နဲ့မှ စိတ်မချရင် ဘယ်သူနဲ့ စိတ်ချရတော့မ... ဆရာ၊ တိုးကို အရိပ်လို ကြည့်နေတာပါ"

နေသွေးဦး လေသံက နည်းနည်း မာသွားပြီ ထင်သည်။ မျက်ဝန်းများထဲမှာလည်း "သည်းရန်ကော" ... ဟူသည့် အပြစ်တင်ရိပ်များ ဖုံးလွှမ်းပါလိမ့်မည်၊ မကြည်မသာနှင့် ပြုံးမိသည် ဆိုတော့လည်း မဲ့ပြုံးပဲဖြစ်နိုင်သည်။ ကိုဝေဖြိုးက နေသွေးဦးကို တစ်ချက်စိုက်ကြည့်မိသည်။

"အေးကွာ ... မင်း စေတနာတွေ ငါ သိပါတယ်၊ ငါ... ဆန္ဒစောသွားမိလို့ပါ၊ ငါ့ထက် မင်းက ပိုပြီးစောင့်ရှောက်... ပဲဟာ၊ သွားပြီနော်"

နေသွေးဦးကို ပြုံးပြခဲ့ပြီး လှေကားထစ်တို့ကို သွက်... သွက်ကြီး ဆင်းသွားတော့သည်။ လှေကားသံ တဒုန်းဒုန်းသည် နေသွေးဦးကို တဝုန်းဝုန်း ဆောင့်တော့သည်။ လူတစ်ဦးကို ကော... ချက်ခွဲရာ၌ မူလရင်ထဲမှ ခံစားချက်ပေါ်မှာ အများကြီး မူတည်သည်။



တိုးတိုးနှင့် ပတ်သက်၍ ဝန်တိုမဿရိယ ဖြစ်မိသည် မို့ ကိုဝေဖြိုး စကားများက အကောင်းဖြစ်ချင် ဖြစ်စေဦး၊ နေသွေးဦး စိတ်ထဲမှာ ငေါ့တော့တော့ နိုင်သည်ဟုပင် ထင်မိပါလေ၏။ အခြား အချိန် အခြားအခြေအနေမှာသာဆို ...။

"တိုးနဲ့ ဆရာနဲ့က ဘယ်လောက်ထိ သံယောဇဉ် ဖြစ်နေကြ လို့ တိုးက ဖက်ငိုရတာလဲ၊ ဟိုကလည်း ပွေ့လားချီလားနဲ့" ဟူ၍ ပြောင်ပြောင်ကြီး ဖွင့်မေးမိမည်။ ခုတော့ ... ရှိစေတော့။ မဿရိယဝန်ထုပ်ဝန်ပိုးကြီးကို ရင်ထဲမှာ မျိုခဲထားလိုက်ပါတော့သည်။

ဘဘ ဆေးရုံမှ ဆင်းလာပြီးသည့် နောက်ပိုင်းမှာ ...ရာ၊ ဗျာဓိ၊ မရဏ တရားတို့ကို ကောင်းကောင်းကြီး သဘောပေါက် ...ားလည်လာခဲ့သည်။

အနတ္တဟူသည့် အစိုးမရခြင်းတရား။ မိမိကိုယ်မိမိ ...ပိုင်သည့် တရားတို့ကို အမြဲမပြတ် နှလုံးသွင်းသည်။ မဖျားပါနှင့်၊ ...သေပါနှင့်ဟူ၍ တားဆီး၍ မရစကောင်း။ သေသည့်နောက်ဝယ် ... ရှာဖွေစုဆောင်းခဲ့သည့် စည်းစိမ်ဥစ္စာတို့က မိမိနှင့်အတူ ပါမလာ။

သံသရာမှာ ကျင်လည်သရွေ့ ကိုယ်နှင့်ထက်ကြပ် ...ကွာပါသည်ကား ကုသိုလ်နှင့်အကုသိုလ်တည်းဟူသော တရားနှစ်ပါး ...ည်း။ ဘဘက ရဟန်းဘောင်သို့ ဝင်ချင်သည်ဟုဆိုသည်။ ကြီးကြီး ...ထဲမှာ ခွင့်တောင်းသည်။ သား ကိုဝေဖြိုးထံမှာ ခွင့်တောင်းသည်။

ကြီးကြီးမေက ဝမ်းသာအားရ ထောက်ခံသည်။ မိမိကိုယ်တိုင်လည်း ယောဂီဝတ်နှင့် သေတပန်သက်တဆုံး တရားအားထုတ်တော့မည်ဟု ဆိုသည်။ ဘဘတို့ မိဘလက်ထက်ကတည်းက ကိုးကွယ်ခဲ့သည့် ဆရာတော်ရှိရာ မန္တလေးသို့ သွားမည်။ ကြီးကြီးမေက အစ်မတစ်ယောက် ရှိနေသော စစ်ကိုင်းချောင်သို့ သွားမည်။

လူကြီးနှစ်ဦးလုံးက လောကီသံယောဇဉ်များကို ဖြတ်ကြလေပြီ။

ကိုဝေဖြိုးက သဘောမတူပါဘဲ ခေါင်းညိတ်ရသည်။ တိုးတိုးကျတော့ ငရဲကြီးခါမှ ကြီးရော၊ ကုသိုလ်ရေးပေမဲ့ ကြီးကြီးမေ၏ ခြေသလုံးကို ဖက်ကာ ငို၍ ငို၍ တားမိသည်။

သို့ပေမင့် ... ကြီးကြီးမေက ...

"သည်အရွယ်ရောက်လို့မှ တရားမရသေးရင် ဆရာတော် ဦးသေယျ ဟောကြားသလို အရှုံး နင့်ပြင် ရှိလိမ့်လေမလား ဆိုတာလို ဖြစ်မှာပေါ့ တိုးတိုးရဲ့၊ ကိုဖြိုးလည်း သည်အလုပ်တွေကို ဦးစီးနိုင်ပြီပဲ" ... ဟုဆိုသောကြောင့် ကိုဝေဖြိုးကိုယ်တိုင် မိဘနှစ်ပါးကို လိုက်ပို့ခဲ့ရသည်။

"ကိုဖြိုး ... ခဏခဏ လာလာမတွေ့နဲ့၊ နေထိုင်မကောင်းဖြစ်မှ မှာမယ်၊ လောကုတ္တရာရေးမှာ လောကီသံယောဇဉ်နဲ့ မနှောင့်နှေးချင်ဘူး၊ အိမ်ထောင်ရက်သားများ ပြုချင်ရင်လည်း သားသဘောလို့ ဖေဖေတို့ လုံးဝ လက်ခံတယ်လို့ပဲ ယူဆပါ"

ဟုပြောသောကြောင့် ပစ္စည်းလေးပါးဒါနအဖြစ် လစဉ်ငွေပို့ခြင်းကိုသာ ပြုရပါတော့မည်။

အကြောင်းများနှယ် တိုက်ဆိုင်ချင်တော့ လွန်ခဲ့သည့် တစ်နှစ်ကျော်က ကြိုးစားခဲ့သောအလုပ် ခုမှရသည်။ ဘဘက



ဲကိုဖြိုးကို နိုင်ငံခြားသင်္ဘောကုမ္ပဏီများသို့ သွားရောက် အလုပ်လုပ်ချင်သည်။

"နိုင်ငံ့တကာအနှံ့၊ နားကြီးမျက်စိကြီး အမြင်လည်းကျယ်တယ်၊ ရောက်ဖူးတယ်၊ လုပ်ဖူးတယ် ရှိတာပေါ့၊ နှစ်နှစ်သုံးနှစ်တော့ သွားလုပ်ချေ" ... ဟု ဆိုခဲ့သောကြောင့် သည်ကတည်းက ကိုဝေဖြိုး ကြိုးစားခဲ့သည်။

ကိုဝေဖြိုး သူ့အိမ်နှင့် ခြံကြီးကို နိုင်ငံခြားသံရုံးတစ်ခုသို့ ငှားသည်။ သည်အိမ်ကိစ္စနှင့် ပတ်သက်သမျှ တိုးတိုး လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ရှေ့နေရှေ့ရပ်တို့ဖြင့် ကိုယ်စားလှယ်ပါဝါလွှဲသည်။ သဘောတွေအားလုံး တိုးတိုးကို စီမံခန့်ခွဲနိုင်သူအဖြစ် စာချုပ်စာတမ်းများ ပြုလုပ်သည်။ နိုင်ငံခြားသို့ သွားရဖို့ကိစ္စ လုံးပန်းသည်။

သည်ကိစ္စများအားလုံးကို တစ်ခုပြီးမှတစ်ခု လုပ်ခြင်းဟုတ်၊ တစ်ခုလုပ်ရင်း တစ်ခုပါ ဆက်တိုက်၊ နေရာချင်းနီးလျှင်းသလို ဆက်သွားလိုက်သည်။ တိုးတိုးကို ကိုယ်စားလှယ် လွှဲသည်ို့ တိုးတိုးပါမှ ဖြစ်မည့်လမ်း၊ မပါဘဲဖြစ်သည့်လမ်းတို့ ရှိပေမင့်ရီးကြ၍ ဆက်သွားသည့်အခါမှာ၊ တိုးတိုး မပါဘဲဖြစ်သည့် ကိစ္စဆမင့် တစ်ဆက်တည်း ပါသွားရတော့သည်။

နေသွေးဦး အမြင်ကျတော့ တိုးတိုးသည် အမေဆုံးပြီးမှဘဘနှင့် ကြီးကြီးမေတို့ မရှိတော့မှ ကိုဝေဖြိုးနှင့် တွဲလွန်းသည်ဟုဆင်သည်။ နှစ်ယောက်သား ကားတစီစီနှင့် စုံတွဲခုတ်နေလိုက်ကြံများ။ မိုးမြင်လေမမြင်။ ဒီကကောင်ကိုမှ သတို့မှ ရပါလေစ။

"ကိုကိုဖြိုး လူယုံထဲက ဆွေမျိုးသားချင်းထဲက မရှိဘူးလား"

တိုးတိုးက မေးခဲ့ပါသေးသည်။

"မရှိဘူး တိုးတို့ ကိုကိုဖြိုးက တစ်ဦးတည်းသောသား တစ်ဝမ်းကွဲတွေတော့ ရှိတယ်၊ သူတို့လည်း သူတို့အလုပ်ကိုင်တွေနဲ့ သူတို့ပဲ၊ အရာရှိ အရာခံတွေဆိုတော့ နယ်အနှံ့မှာ မဖြစ်ပါဘူးကွာ၊ ရန်ကုန်မှာတော့ တိုးတိုးပဲ လူရင်းရှိတာ"

"ကြီးကြီးမေက ..."

"ဟိုမှာ မေမေ့အစ်မရင်း ရှိတယ်၊ မေမေ့အစ်မရယ်၊ ညီမနဲ့ မတ်ရယ် တရားရပြီး ရိပ်သာပေါင်းစုံ လျှောက်ဝင်နေတာ မေမေ့အစ်မနဲ့ မေမေက စစ်ကိုင်းချောင်မှာ နေတယ်၊ မတ်နဲ့ ညီမက ပြင်ဦးလွင်မြို့မှာပဲ ကျန်ခဲ့မယ်"

"ခုမှပဲ ဆွေမျိုးတွေ ဆုံဖြစ်ကြရတာပေါ့နော်"

"ပြင်ဦးလွင်မြို့မှာနေတဲ့ မေမေ့ညီမနဲ့မတ်ကို မတွေ့ခဲ့ရဘူး သူတို့ သမီးကြီးကိုပဲ မန္တလေးမှာ တွေ့ခဲ့တယ်၊ အဲဒီ ဦးလေးကလည်း ဥပုသ်စောင့် တရားထိုင် လုပ်နေတာပဲ၊ ပြင်ဦးလွင်မြို့မှာ သူ့သမီးကြီးရဲ့ခြံက ကျယ်တော့ ခြံထဲမှာ သူ့ဘာသာ အိမ်ကလေးတစ်လုံး ဆောက်ပြီး တရားဝှသသောမျိုး လုပ်နေတယ်၊ ကောင်းကောင်းမကျန်းမာလို့ ဒေါ်လေးက စစ်ကိုင်း မလိုက်နိုင်ဘူး၊ ပြုစုဖို့ ကျန်ခဲ့ရတာ၊ သမီးကြီးက အနီးကပ် စောင့်ရှောက်နေတယ်လေ၊ အဲဒီသမီးကြီးက ကိုကိုဖြိုးနဲ့ရွယ်တူပေါ့၊ သူ့ကျတော့ သားတွေ သမီးတွေနဲ့၊ သူ့ယောက်ျားက အဲဒီမှာ ညွှန်ကြားရေးမှူးဆိုလား၊ သူက မေမေတို့ ညီအစ်မကို မကြာခဏ သွားကြည့်လိမ့်မယ်"

သည်ဘက်ပိုင်းကိစ္စတွေ အားလုံး စိတ်ချရပြီဆိုတော့ ကိုဝေဖြိုး သဘော်နှင့် လိုက်သွားဖို့ ကိစ္စမှာ နှောင့်နှေးစရာလင်း မရှိတော့။



"ဦးပဉ္စင်းကြီးအတွက်ကော"

"မန္တလေးက နှမကိုပဲ အပ်ခဲ့ရတာပေါ့၊ တိုးတိုးက ဒီကနေ လှူစဉ် ငွေပို့ပေးရုံပဲ"

"သဘော်တွေရဲ့ ဝင်ငွေတွေနဲ့ အိမ်ငှားခတွေကို ကိုကိုဖြိုး နာမည်နဲ့ ဘဏ်အပ်ရမယ်လား"

"တိုးတိုး နာမည်နဲ့ပဲ ဘဏ်စာရင်း ဖွင့်လိုက်လေ၊ သုံးစရာ ရှိရင်လည်း ယူသုံးပေါ့၊ စိတ်ချလက်ချ အပ်ထားခဲ့ဖို့ ဆွေမျိုး ရယ်လို့ တိုးတိုး တစ်ယောက်ကိုပဲ အားကိုးရှိတယ်၊ ကျန်တဲ့ ဆွေမျိုးတွေက အားကြတာ မဟုတ်ဘူး၊ ရန်ကုန်မှာ မရှိကြဘူး"

"ဟင် ... တိုးတိုး မလိုပါဘူး ကိုကိုဖြိုးရဲ့၊ တိုးတိုးက သုံးတတ် ဖွဲတတ်ပါတယ်"

"လုပ်ငန်းတွေဘာတွေ ရဲ့ချင်ရင် ယူသုံးပေါ့၊ ပြီးတော့ ပြန် ဖြည့်ထားလည်း ရတဲ့ဥစ္စာ"

ကိုဝေဖြိုး အနေနှင့် ဆွေမျိုးမတော်စပ်ပါဘဲ တိုးတိုး အပေါ် ယုံလွန်းပုံလွန်းသည်ဟု ဆိုနိုင်ပါသည်။ သဘော်များ၊ ခြံနှင့် တိုက်၊ တန်ဖိုးစုစုပေါင်း သိန်းလေးငါးဆယ်ခန့်မျှကို မျက်နှာလွှဲခဲ ပစ်ရာ ကျလွန်းသည်ဟု ပြောနိုင်ပါသည်။ ကိုဝေဖြိုးက တိုးတိုး အပေါ်မှာ ခင်မင်တွယ်တာသည်။ ယုံကြည်စိတ်ချသည်။ အထင်ကြီး သည်။ ထို့ပြင် ရှေ့နေရှေ့ရပ်နှင့် ကိုယ်စားလှယ်ပါဝါ လွှဲရာ၌လည်း တိုးတိုး စိတ်တိုင်းကျ ခြယ်လှယ်နိုင်ခွင့် အတိုင်းအတာကိုမှ ရှေ့နေ ကလည်း ချုပ်ကိုင်ပေးပါလိမ့်မည်။

ငွေကြေးကိစ္စ ဆောင်ရွက်ပါလေတိုင်း တိုးတိုးနှင့် အတူ ကိုဝေဖြိုး ရှေ့နေလည်း ပါလိမ့်မည်။ ရှေ့နေကချည်း သုံးဦး၊

တိုးတိုးပါနှင့် စုစုပေါင်း လေးဦးသား သိန်းလေးငါးဆယ်တန် ...
ဝန်းကြီးကို ၊ ထိန်းသိမ်းစောင့်ရှောက်ကြပါလိမ့်မည်။ ထို့ ...
မည်သည့်နည်းနှင့်မျှ လက်လွှတ်စပယ် မဖြစ်နိုင်ပါ။ တိုးတိုး ...
လိုအပ်ပါက ထုတ်ယူသုံးစွဲနိုင်ရန် ငွေကြေးက တစ်ဆယ်ရာနိုင် ...
ခန့်တော့ ရှိမည်။ မည်သို့ဆိုစေ ကိုဝေဖြိုးသည် တိုးတိုးအပေါ် ...
လိုက်လျောခဲ့သည်သာ။

ကိုဝေဖြိုး သွားသည့်နေ့က လေဆိပ်မှာ မျက် ...
အသွယ်သွယ် ယိုစီးရင်း ကျန်ရစ်ခဲ့ပါသည့် တိုးတိုး အပြ ...
ပြုံသနားတစ်ခုကို စတင်ပေါက်ဖွားစေခဲ့ပါသတည်း။



အကြင်နာထမ်းခွဲလေးမှာ ဘောင်ပြေးသူရယ်လေ

ဦး
ငိုးတိုး
ချင်း

ထိုနေ့က "ဒိုင်ယာနာ" ပိတ်ချိန်ထိ နေ ... ဒီဘွဲ့ဘဲ စောင့်နေသည်။ နေ့လယ်က လိုက်ပို့ကြသည့် အထဲမှာဦးနှင့်အတူ နေသွေးဦးရော မိုမိုးဆင့်ပါ ပါသည်။ မိုးမိုးဆင့်က ဆိပ်မှ တန်းပြန်သွားခဲ့သည်။ နေသွေးဦးက တိုးတိုးကို ပြန်ပို့ပေးပြီး မပြန်ဘဲ ဆက်နေသည်။ တိုးတိုးက လုပ်ငန်းခွင်သို့ ဝင်ချိန်မှာ နေသွေးဦးက မီးဖိုချောင်ထဲ ဝင်သွားသည်။

နေသွေးဦးက သူ့ရွေးသား ယောက်ျားကလေး ဆိုပေမင့် အချက်အပြုတ် ဝါသနာပါသည်။ သူတို့ ယောက်ျားလေး သူငယ်ချင်းတွေ မကြာခဏ ဆုံကြ၊ ညဥ့်နက်သန်းခေါင် ဂီတာတီးကြ၊ ချက်ပြုတ်စားကြ၊ ခြံထဲမှာ ထင်တိုင်းကြဲကြရာမှ သည်ဝါသနာကို ရခဲ့ဟန်တူသည်။ ချက်လည်း ချက်တတ်သည်။

"နှင်းနုလေး ဒီညနေ ဘာဟင်းလဲ"

တိုးတိုး ကိုယ်တိုင် ဆူဇီတို့အိမ်မှာ အိမ်ဖော်သာသာ နေခဲ့ရသည်မို့ အိမ်ဖော်မကလေးတစ်ဦး၏ ဘဝကို တိုးတိုး စာနာ

မိသည်။ အသက်ဆယ့်ငါးနှစ်သာ ရှိသေးသော အိမ်ဖော်မကလေး နင်းနုကို တိုးတိုးက နင်းနုလေးဟု ချစ်စနိုး ခေါ်သည်။ "နင်းနု" ဆိုပြန်လျှင်လည်း စိမ်းသည့် သဘောဆောင်သည်။ တိုးတိုးက ညီမ သားချင်းများနှယ် ဆက်ဆံချင်သည်။ "နင်းရေ" "နုရေ"နှင့်လည်း ခေါ်တတ်ပါသည်။

များသောအားဖြင့် အသက်ကလေးငယ်ငယ်၊ ဖြူဖြူ ဖိုင်းဖိုင်း လုံးလုံး ခလေးမို့ "နင်းနုလေး"ဟုသာ အခေါ်များသည်။ သွေးဦးကလည်း နင်းနုလေး ဖြစ်နေရပါပြီ။

"ပုစွန်ထုပ် အစ်ကို"

"ပြီးတော့ကော"

"ဘူးညွန့်ကလေးရှိတာ ကြော်ချက် ချက်မလို့"

"ပြီးတော့ကော"

"ဒါပဲ အစ်ကို"

"ဟော ... သီးစုံချဉ်ရည်တစ်ခွက် ချက်မယ်၊ တိုးက သီးစုံ ချဉ်ရည် သိပ်ကြိုက်တာ၊ ခရမ်းသီး၊ အာလူး၊ ဒန့်သလွန်သီး ပဲတောင့်ရှည်သီး၊ ရုံပတီသီး၊ နည်းနည်းစီ ဝယ်မယ်၊ နင် မှန်းတတ်ရဲ့လား၊ သုံးယောက်စာတည်းဆိုတော့ နည်းနည်း စီပဲ"

"ဟုတ်ကဲ့"

"ဂဏန်းလည်း လိုချင်တယ်၊ နင်တော့ သံဈေးထိ သွားရလိမ့် မယ်၊ ဂဏန်းက သံဈေးမှ ရှိတာ"

နင်းနုလေးက ဆွဲခြင်းဆွဲ၍ ထွက်လာသည်။

"ဘယ်လဲ နင်းနုလေး"

"အစ်ကိုက ဈေးဝယ်နိုင်းလို့ မမတိုး"



တိုးတိုးက မိန်ကလေးတစ်ယောက်ကို ဆံပင် ကောက် ...န် နည်းနည်းချင်း ခွဲယူ၊ ဆံပင်ကောက်ဆေးစွတ်၊ Curler ကလေး ...င့် လိပ်နေရာမှ ခေါင်းညိတ်ပြလိုက်သည်။

အင်း ... မောင် တစ်ယောက်တော့ မီးဖိုချောင်မှာ ...က်စွမ်းပြပေဦးမည်။ အမေ ရှိစဉ်ကလည်း မကြာခဏ မောင် ...င်ဝင်ချက်သည်။ အမေသည် မောင့်ကို ချစ်ရှာပါ၏။ အမေ့ကို ...တိရတော့ မျက်ရည်ကလေးက စို့ချင်ချင်။ ရင်ထဲမှာ လှိုက်တက် ...သည်။ ဖခင်တစ်ဦးနီးပါး အားထားရပါသည့် ကိုကိုဖြိုးကလည်း ...ခြားမြေခြား တိုင်းတစ်ပါးကို ထွက်ခွာလို့သွားခဲ့ပါပြီ။ တိုးတိုး ...မ်းတခြင်းများစွာဖြင့် ကြေကွဲမိရှာသည်။ မိုးကိုလည်း သူငယ်ချင်း ...ဆို ညီအစ်မနှယ်။ မိုးက သည်တစ်နှစ်ပြီးလျှင် ဘီအီးဒီဘွဲ့ ...ကာ ကျောင်းဆရာမအဖြစ် တစ်နယ်တစ်ကျေး သွားရပါဦး ...ည်။

မောင်တစ်ယောက်သာ တိုးတိုးအပေါ်မှာ ကျန်ရစ်လေ ...ည်။ မောင်ကလည်း သည်နှစ်ဘွဲ့ရပြီမို့ မည်သည့်လုပ်ငန်းခွင် ...င်မည်မသိ။ မောင့်ကို တိုးတိုး ချစ်ပေမဲ့ ပန်းခင်းလမ်းမှာ ...လျှောက်ခဲ့သူမို့ တိုးတိုးလောက် ဘဝဒဏ်ကို ခံနိုင်ရည်ရှိမည် ...ဟုတ်ဟု ထင်သည်။ မောင့်မာမီနှင့် မောင့်ညီမလေးကို တိုးတိုး ...နေ့ထက်ထိ မတွေ့ဖူးသေးပါ။ တွေ့လည်း မတွေ့ရဲ။ မောင့် ...မ်က ပစ်ပယ်ခဲ့ပါလျှင် မောင်သည် လောက၏ ခါးသီးသော ...တွေ့အကြုံမှာ ရေရှည်ပျော်နိုင်ပါ့မလား။

အမေရှိစဉ်က ...

"မောင်နေသွေးကို အမေချစ်ပါတယ် တိုးတိုးရယ်၊ ...ခရာကလေးကလည်း သမီးကို အလွန်စုံမက်ရှာတာ၊ ဒါပေမဲ့

စိတ်ထားနုတယ်လို့ အမေ ထင်တယ်၊ သမီးက နဲ့ဆိုးမဆိုး သူကချည်း စိတ်ကောက်နေမဲ့ပုံမျိုး၊ မိဘများကလည်း သိပ်အလိုလို ထားတာ မဟုတ်လား”ဟု ပြောခဲ့ဖူးပါသည်။

မီးဖိုဘက်မှ ငရုတ်သီး ထောင်းသံ တဒုန်းဒုန်း ကြား နေရသည်။ တစ်ခေါင်းလုံးရှိ ဆံပင်များကို အလိပ်သေးသေးက များ လိပ်ပြီးသွားသည်။ တိုးတိုးက ချုပ်ဆွေး ဆွတ်ပေးသည် အချိန်မှတ်သည့် နာရီလေးမှာ မိနစ်လေးဆယ်တွင် အချက်ပြ သံပတ်ပေးခဲ့ပြီး မီးဖိုဆီသို့ ဝင်လာသည်။

“ဘာတွေ ထုထောင်းနေတာလဲ မောင်ရဲ့”

“ကျွန်တော်မျိုးတို့က ထမင်းအိုးထမ်း ဟင်းအိုးထမ်း ဆို ပင်တိုင်စဖို့ရားလေး လျှာရင်းမြက်အောင်လို့”

“မောင် ငရုတ်သီး ထောင်းတာကလည်း အားကုန်လိုက် လက်မောင်းကြွက်သားကြီးတွေထတဲ့အထိ ထောင်းရ လို့”

“ထွက်လာတဲ့ ဒေါသတွေကို ငရုတ်သီးထဲ ချလိုက်လေ”... ဟု ပြောမိလုလု။ ခုတလော တိုးတိုးကို မကျေ တော်တော်ဖြစ်နေသည်။ ယင်းမကျေနပ်ချက်များကို သည်နေ့ အ ရှင်းမည်ဟုလည်း ဆုံးဖြတ်သည်။ ချုပ်တည်းရလွန်းအားကြီး ကြောင့် မကျေမနပ်ခြင်း အစိုင်အခဲက ရင်ထဲမှာ အလုံးကြီး ဖြစ် သည်။ တိုးချစ်ထံမှ စိတ်ကျေနပ်ဖွယ်ရာ အဖြေစကားကို မရခဲ့ သည်နေ့ ထမင်းလက်ဆုံစားခြင်းသည် သည်ဘဝအတွက် နောက် လက်ဆုံစားပွဲ ဖြစ်နိုင်ပါသည်။

“မောင်က ဘာဟင်းတွေ ချက်မလို့လဲ”

“တိုးချစ် ကြိုက်ကြိုက်တွေ”



တိုးတိုးက ရယ်နေသည်။ တိုးတိုး ရယ်လျှင် အလွန် ခရာကောင်းလေသည်။ မျက်နှာသွယ်သွယ်မှာ ပါးဖောင်းဖောင်း လေး မို့တက်လာသည်။ သည်နေ့တော့ ယင်းပါးဖောင်းဖောင်း လေးကို တမင်နာအောင် တကယ်ဆွဲလိမ်ပစ်ချင်နေမိပါ၏။

“မော်ဒယ်မှာမီသာ မြင်ရင် ရင်ကျိုးတော့မှာပဲ မောင်ရယ်၊ တော်ပါတော့”

“ဘာခုမှ တော်ပါပြီလဲ၊ ငရုတ်သီးကဖြင့် ညက်ပြီ”

တိုးတိုး မျက်နှာ မြင်ရတော့လည်း ရင်ထဲက အလိုလို န်းဆန်းလာတော့သည်။ စောစောက ဒေါသကလေးများ၊ မစ္ဆရိယ န်ထုပ်ကလေးများ မေတ္တာအနွေးဓာတ်ဖြင့် လွင့်ပြယ်ကုန်ကြသလား။ ာပဲဖြစ်ဖြစ် သည်နေ့တော့ တိုးချစ်ရယ် ရင်ထဲမှာ လေးနေပေမဲ့ ောင် မပြောဘဲ မနေနိုင်ဘူး၊ ပြောကို ပြောဦးမယ်၊ မောင့်ရင်ထဲမှာ သ ...။

“ခဏနော် မောင်၊ တိုး အလုပ် မပြီးသေးဘူး”

တိုးတိုး ပြန်ထွက်သွားသည်နှင့် နေသွေးဦး မီးမွှေး သည်။ ကြက်သွန်ဖြူ လှီးပြီးသားနှင့် ငရုတ်သီးကို ဆီသတ်၊ ငံပြာ ည်လောင်း၊ အဆင်သင့် ရှိနေသည့် စက်ကြိတ်ပုစွန်ခြောက်မှုန့် သည့်၊ ဟင်းခတ်မှုန့်ဖြူး၊ ငံပြာရည်ချက်အိုး ကျသည့် အချိန်မှာ င်းနုလေး ပြန်ရောက်လာသည်။

နှင်းနုလေးက ဂဏန်းကောင်များ ခွာသည်။

“ဟဲ ... မခွာခင် ရေဆေးပါဦး၊ လက်မတွေ အရင်ဖွဲ့၊ ရေဆေးပြီးမှ ခွာပါဟ၊ ဆိုင်မှာကတည်းက သတ်ခိုင်းခဲ့ရဲ့လား”

နှင်းနုလေးက ခေါင်းညိတ်ပြသည်။ မီးဖိုအားနေသော ကြောင့် မီးဖိုပေါ်တွင် ရေနွေးအိုး တည်ထားရသည်။

"သွားစမ်းပါဟာ၊ ဟိုသီးစုံတွေသာ လိုးပါ၊ ဂဏန်း ငါသ
သာလုပ်ပါ့မယ်၊ မစားရတဲ့ဟာတွေ ထည့်ချက်မိလို့ ငါတို့
ဝမ်းတွေ ငှလျှာကုန်ဦးမယ်"

ဒေါ်သတွေကြားမှာ အကြင်နာကလေး လှ
လှစ်ခနဲ ပြူလာရသည်။

"အစ်ကိုက မမတိုးကို သိပ်ချစ်တာပဲနော်"

"ချစ်တာပေါ့ဟ၊ သူကသာ မချစ်တာ"

ရင်တွင်းခံစားချက်က ပွင့်ချင်ပွင့်ချင် ဖြစ်လာရ
သည်။

"မမတိုးက သိပ်ကုသိုလ်ကံကောင်းတာပဲ"

"ဘာဖြစ်လို့လဲ"

"လူတကာ ဝိုင်းချစ်ကြတယ်၊ ကျွန်မလည်း ချစ်တာပဲ၊
သီသီဝင်းကလည်း ချစ်တာပဲ၊ ကိုကိုဖြိုးကလည်း သိပ်
တာပဲ"

"ဟေ"

"ကိုကိုဖြိုးကလေ မိတိုးလေးနော် ပိုက်ဆံချည်း ကျုံးရှာ
နဲ့၊ ကျန်းမာရေးလည်း ဂရုစိုက်ဦးလို့ ခဏခဏ ပြောတယ်"

"နောက်တော့ကော"

"ပြောသံကြားတာပဲ၊ သူ့ပစ္စည်းတွေ သိန်းလေးဆယ်
လောက် မမတိုးကို အကုန်အပ်ခဲ့တယ်တဲ့"

"ဘာဖြစ်လို့တဲ့လဲ"

"ယုံလို့နေမှာပေါ့၊ ချစ်လည်းချစ်လို့ပေါ့၊ မမတိုးကို လူတို
က ချစ်တဲ့ဥစ္စာ"



နေသွေးဦး ရင်မှာ မကြည်လင်ပါလေတော့။ ဆေးလိပ်
သောက်ပါဘဲလျက် နှလုံးသားကို မီးခိုးငွေ့များ ဖုံးသည့်နှယ်။
နောက်ကျို ရှုပ်ထွေးသော သောကအစိုင်အခဲတွေက ဒေါသမီးခိုးတန်း
များနှင့် ရောယှက်ကာ ရစ်ခွေပတ်ကြသည်။

လောလောဆယ် နေသွေးဦး ရင်ထဲမှာ မနာလိုခြင်း
တည်းဟူသော မစ္ဆရိယပုံဆောင်ခဲများသည် ပုံစံအမျိုးမျိုးဖြင့် ဖြစ်
တည်ကြပါ၏။ မခံမရပ်နိုင်ခြင်းတည်းဟူသော နာကြည်းမှုနှင့်ပေါင်း
ပေါ်ကာ ဓာတ်ပြုကြသည်။ ဒေါသမီးတောင်ကြီး ပေါက်ကွဲသည်။ မျက်
ရည် ချော်ရည်ပူများက နေသွေးဦး၏ နှလုံးသားကို လောင်မြိုက်သည်။

တိုးချစ်ရယ် ... ဒီလောက် ချစ်တတ်လွန်းတဲ့မောင့်ကို
ချစ်နိုင်ဘဲနဲ့များ လှည့်စားခဲ့လေသလား။ မောင့်ထက်ပိုပြီး တခြား
တစ်ယောက်ကို ဦးစားပေးမှာဖြင့် မောင့်ကို ပြတ်ပြတ်ပဲ ငြင်းခဲ့ပါ
တော့။

ခြောက်နာရီထိုး ဆိုင်ပိတ်တော့မှ ထမင်းစားဖြစ်ကြ
သည်။ ထမင်းဝိုင်းမှာ နေသွေးဦး သိသိသာသာ နှုတ်ဆိတ်နေသည်။

"မောင် စကားနည်းလှချည်လား"

"ထမင်းစားပြီးမှ တဝကြီးပြောမလို့၊ လော်လောဆယ် အသံ
ချွေတာနေတာ"

နေသွေးဦးက ခပ်တည်တည်ပင် ပြောသည်။ တိုးတိုး
မျက်မှောင်ကလေး ကုတ်၍ စဉ်းစားသည်။ ဘာပြောမလို့ပါလိမ့်။

"စားလို့ကောင်းရဲ့လား တိုးချစ်"

"သိပ်ကောင်းပါတယ် မောင်"

"ဂဏန်း ထပ်စားဦးလေ"

"ဝပြီ မောင်ရဲ့"

"ဟောဒီ အံဆီခဲလေး စားလိုက်ဦး"

"မောင် စားပါ"

"တိုးချစ် ဝရင် မောင်လည်း ဝတာပဲ"

"ဩော် ... မောင် စားပါဆို ... ရော့"

"တိုးချစ် စားပါဆို"

"မကြိုက်ရင် ကျွန်မကို ပေးလေ"

နှင်းနုလေးကလည်း မခေပါ။ ဘဝသံသရာ ရုပ်ရှင်
ကို ကြည့်ဖူးသူမို့ ဝင်နောက်လေသည်။ နေသွေးဦး မရယ်ပါ။
မရယ်သောကြောင့် တိုးတိုးလည်း မရယ်ဖြစ်တော့။ ထမင်းစား
သည့်အခါမှာ ခုနစ်နာရီ ထိုးပြီ။ အိမ်ရှေ့အလှပြင်ကိုရိယာ
အလယ်မှာ ချထားသည့် ခုံများတွင်ပင် ထိုင်ကြသည်။

"မောင်တို့ လက်ထပ်ကြစို့"

"အင်"

"ဘာလဲ အီလယ်လယ်နဲ့ ငြင်းမလို့လား"

"အမေဆုံးတာ ဘာကြာသေးလို့လဲကွာ"

"မောင် ကျောင်းပြီးသွားပြီ"

"အလုပ်မှ မရှိသေးတာ"

"တိုးချစ် ရှာတဲ့ ဖွေတဲ့ ပိုက်ဆံကို မောင်က သိုင်
စိုးလို့လား"

"မဟုတ်ပါဘူး၊ မောင် အလုပ်ရပြီးတော့ မိဘကိုလည်
နည်းနည်းပါးပါး လုပ်ကျွေးဖူးတယ် ရှိအောင် ကျွေး
ပေါ့"

"မောင် ဒီည တစ်ခါတည်း မပြန်တော့ဘူး"

"တိုးက ဟင်းရွက်ကန်စွန်း မဟုတ်ဘူး မောင်"



တိုးတိုး ဒေါသအနည်းငယ်ထွက်လာသည်။ နေသွေးဦး
ဒေါသတွေ ကျတော့ကော တိုးတိုးနှင့် အပြိုင်။

"မောင် မစောင့်နိုင်တော့ဘူး"

"လူသိရှင်ကြား လက်ထပ်ပြီးမှ မောင့်ကို ဒီအိမ်မှာ လက်ခံ
နိုင်မယ်"

"အခုပဲ လူသိရှင်ကြား လက်ထပ်လိုက်မှာပေါ့"

"မောင် လွယ်လွယ်လေး မပြောနဲ့"

"တိုးကို မောင် မယူတော့ဘူး"

"ဘာပြောတယ် မောင်"

"တိုး မောင့်ကို လက်ထပ်တော့မယ် မထင်ဘူး"

"ဘာဖြစ်လို့လဲ"

"တိုး ရင်ထဲမှာ မောင့်ကို နှစ်နှစ်ကာကာ မရှိဘူး၊ အဲဒါက
တစ်အချက်၊ နောက်ပြီး ..."

"နေဦးမောင်၊ တိုးဟာ လူတစ်ယောက်ကို တကယ်မချစ်ဘဲ
လက်ခံထားမဲ့ မိန်းမစားလား၊ ပြောစမ်းပါဦး"

"ဘယ်သိမလဲ"

"မောင် ဘယ်လိုဖြစ်နေတာလဲ"

"တိုးဟာ မောင်လက်လှမ်းမမီနိုင်တဲ့ ပန်းတစ်ပွင့် ဖြစ်သွား
ပြီ"

"ဘာဖြစ်လို့လဲ"

"စီးပွားရေးအရ ..."

"အမယ်လေး မောင်ရယ်၊ တိုးမှာ စုမိတဲ့ ပိုက်ဆံကလေးဟာ
မောင်တို့အိမ်က ရေခဲသေတ္တာမျိုး ငါးလုံးစာလောက် ရှိမှာပါ"

"ခုမှ မဟုတ်တော့တာ"

"ဟုတ်နေတာပဲ၊ ထိလည်း မပေါက်ဘူး"

"ပေါက်လိုက်တဲ့ ထိမှ သိန်းဆုရည်း အဆောင်ငါးဆယ်ပေါက်တာ"

"မောင် ဘာတွေ လျှောက်ပြောနေတာလဲ"

"ဆရာက သူ့ပစ္စည်းတွေ တိုးကို ပေးခဲ့တယ်ဆို"

"ဪ ... အပ်ခဲ့တာပါ"

"ဒါတွေ တိုး လုပ်ပေးရဦးမှာလား"

"အင်းပေါ့"

"သူ့ပိုက်ဆံတွေ သိမ်းထား၊ သူ့ဝေယျာဝစ္စတွေ လုပ်ထား အဲဒီလိုလား"

"ဒီလို ကလေးကလား သဝန်တိုတဲ့ စကားတွေ ပြောရတာ မောင် မရှက်ဘူးလား"

"မရှက်ဘူး၊ ရင်ထဲမှာ နာနေတာပဲ သိတယ်"

"နာရအောင် တိုးက ဘာလုပ်နေလို့လဲ"

"တိုး ရွှေမျက်နှာတော်ကို မဖူးမြော်ရတာ ဘယ်လောက်ကြာပြီလဲ၊ ဒီနေ့မှ လေယာဉ်ပျံကွင်းလိုက်လို့ တွေ့ရတာ"

"ဘာဆိုင်လဲ၊ တိုးမှာ အလုပ်တွေ ရှုပ်နေလို့ ခြင်ကိုက်တဲ့ နေရာတောင် ထုံးမတို့အားဘူး"

"အဲဒီလောက်ရှုပ်ပြီး ဗျာများနေတဲ့အထဲမှာ မောင့်ကိုစွတ်… မှ မပါဘူး"

"မောင်နဲ့က ဘာကိစ္စမှ ထူးထူးထွေထွေ မရှိတာ"

"အဲဒါပဲ ... တိုးဟာ မောင်နဲ့ ပတ်သက်လာရင် ဘာတစ်ခုမှ အရေးမကြီးဘူး"



"မောင် ဘာဖြစ်လို့ အလကားနေရင်း တိုးကိုလာပြီး ရန်လုပ်နေတယ် ဆိုတာ တိုး မသိဘူး"

"မောင့်ကို တိုး နားမလည်တာ အဆန်းတော့လည်း မဟုတ်ပါဘူး၊ မောင့်ရင်ထဲက အချစ်ကိုလည်း နည်းနည်းမှ တန်ဖိုးထားတာမှ မဟုတ်တာ"

"တန်ဖိုးမထားဘဲ ရှိပါ့မလား မောင်ရယ်၊ တိုးမှာ တစ်ကမ္ဘာလုံးမှာ အမေတစ်ယောက်တည်း ရှိတယ်၊ အမေကလွဲရင် မောင်နဲ့ ကိုကိုဖြိုး ..."

"ဘာ"

"မောင်က တိုး ဆိုးသမျှ သည်းညည်းခံတယ်၊ အနွံအတာ အခံဆုံးလူ၊ ကိုကိုဖြိုးက တိုးဘဝမှာ မီးရှူးတန်ဆောင်လိုပဲ၊ အမြဲကူညီ လမ်းပြပေးခဲ့တယ်"

နေသွေးဦး ရှုံးရှုံးရှားရှား ဖြစ်လာသည်။ ထိုင်နေသည့်ကုလားထိုင်ကို ဆွဲမ၍ ရှေ့တိုးလာသည်။

"တိုးမှာ ဘာဖြစ်လို့ နှစ်ယောက် ဖြစ်နေတာလဲ"

"အို ... မောင်"

တိုးတိုး ရှက်လန့်တကြားကလေး လက်ဝါးကာသည်။

"ကိုယ့်ဆရာသမားကို မောင်ရယ်"

တိုးတိုး စိတ်ညစ်လာတော့သည်။ သည်လို အချေအတင် ပြေရှင်းရသည့် ကိစ္စမျိုးမှာ တိုးတိုး စိတ်မရှည်ချင်။ တိုးတိုးငံစံကိုက ထက်ထက်မြက်မြက်နှင့် တုံးဆိုတိုက်၊ ကျားဆိုကိုက်၊ ကိုယ့်အားကိုယ်ကိုးကာ ဘဝခရီးမှာ ရုန်းကန်ရသူ မဟုတ်လား။ ကိုတုန်းကစိတ်နှင့်သာဆို "နေသွေး ... နင် ပြန်တော့"ဟု ပြောထွက်မိမည် ထင်သည်။ ခုတော့ အမေဆုံးပြီးသည့် နောက်ပိုင်းမှာ

မမြဲသောတရား၊ မပိုင်သောတရားတို့ကို သဘောပေါက်လာခဲ့သည်။ ဒုက္ခတရားကတော့ တစ်သက်လုံး ခါးစည်းခံရသူမို့ အကျွယ်ဝင် လို့တော့ပါပြီ။ ဒုက္ခပေါင်းစုံမှာ နေ့ကျေခဲ့ပြီးပြီ။

"တိုး အမေ ဆုံးတယ်၊ မောင်နဲ့ မိုးမိုးဆင့်နဲ့ ရောက်လာ တယ်၊ တိုး ပြေးဖက်ခဲ့သလား၊ အားကိုးစိတ်ကို ပြခဲ့သလား ဆရာလည်း ရောက်လာရော"

"တော်တော့ မောင်"

"ပြည်တရွှဲရွှဲနဲ့ အနာကြီးပေါ်ကို ပုဆိန်ကြီးများ ပြုတ်ကျသလား တိုးရဲ့ ဟင်း ဟင်း"

နေသွေးဦးက ခနိးခနဲ့ ရယ်သည်။

"မောင်နာချင်လည်း နာပါ၊ စိတ်ဆိုးချင်လည်း ဆိုးပါ မောင့်ကို တိုးချစ်တာကတော့ ရင်ထဲမှာ ရွှဲနင့်နေအောင် ချစ်တာပဲ၊ မောင် ချစ်တတ်ပုံကလေးတွေကိုလည်း တွယ်တာ စွာနဲ့ မက်မက်မောမော ခံယူချင်တယ်၊ ဒါပေမဲ့ ကိုကိုပြီး ပိုပြီး အားကိုးတယ်"

"ဘာပြောတယ်"

နေသွေးဦးက တိုးတိုး ပခုံးနှစ်ဖက်ကို ကျင်ကျင် အောင်ညှစ်သည်။ ဆွဲခါသည်။

"မောင် ... တိုး အသားကို နာအောင် တမင်လုပ်တာလား"

"ဪ ... ခင်ဗျား တစ်သက်လုံး ကျုပ်ကို နှိပ်စက်ခဲ့တဲ့ အပြုံးပျက်ခဲ့သလား"

တိုးတိုး အနိုင်နိုင် သည်းခံနေရတော့သည်။ သည်းခံ နိုင်ဆုံးသော အဆုံးစွန် အတိုင်းအတာသို့ ရောက်ခဲ့ပါပြီ။ ကျော်လွန် မသွားရန် တိုးတိုး ကိုယ့်စိတ်ကိုယ် ဖြေရသည်။ မောင့်ရှေ့



အချစ်သံသယတိမ်ခိုးများဖြင့် အမှန်ကို မမြင်နိုင်အောင် ဖုံးလွှမ်းနေသည် မဟုတ်ပါလား။

"မောင့် စကားတွေက တိုး မာနကို ထိခိုက်လွန်းတယ်၊ တိုး သိက္ခာကို စော်ကားလွန်းတယ်"

"ပါးရိုက်ချင်သေးရင် ရိုက်နိုင်ပါတယ် မတိုးတိုးခင်ဗျား"

မောင်က သူ့မျက်နှာကြီးကို ရှေ့တိုးပေးသည်။ ခုနေ သာ တိုးတိုး ရိုက်ချကြည့်လိုက်ပါလား။ မောင် သည်းခံရှာပေဦး မည်။ မသကာ ပေါက်ကွဲစိတ်ဖြင့် တိုးတိုးကို ဖက်နမ်းချင် နမ်းသွား မည်။ သည်လောက်ပါပဲ။ ဪ ... မောင်ရယ်၊ တိုးကို သိပ်ချစ် ရဲ့သားနဲ့ မချစ်တတ်လိုက်တာ၊ မောင့်ချစ်နည်း မှားနေပါရော လား။

"တိုးနဲ့ မောင်နဲ့ ချစ်လာကြတာ နှစ်နှစ်၊ မှတ်မိရဲ့လား၊ အဲဒီ နှစ်နှစ်အတွင်းမှာ တိုးရယ် ဘုရားသွားပါရစေ၊ တိုးရယ် ရုပ်ရှင်ကြည့်ပါရစေ၊ တိုးရယ် ဗိုလ်ချုပ်ပန်းခြံ သွားပါရစေနဲ့ ပြောခဲ့တာတွေ"

"မောင်ရာ ... တိုးမှာက စီးပွားရေးကိုပဲ ကျုံးမဲနေရတာပါ၊ တိုး မအားလို့ပါ၊ အိမ်ကို မောင် လာနေရသားပဲ၊ မီးဖိုထဲထိ ဝင်ပြီး မောင့်သဘောကျတောင် ချက်ပြုတ်နေရတာ"

"တိုး အိမ်က လွတ်လပ်လိုက်တဲ့ ဖြစ်ခြင်း၊ အမေ ရှိတယ်၊ တိုး အလုပ်သမားတွေ ရှိတယ်၊ အလုပြင်တဲ့ ကောင်မလေး တွေ တရှုန်းရှုန်း"

"မောင် တိုးကို ချစ်နေခွင့် ရတာပဲ၊ တိုး လှုပ်ရှားသွားလာ နေတာလေးတွေကို တစိမ့်စိမ့်ကြည့်ပြီး မြတ်နိုးနေပေါ့၊ နှစ် ယောက်တည်း လွတ်လွတ်လပ်လပ် တွေ့ရမှ အချစ်လား"

"ဒါဖြင့်ရင် ကားတဝီဝီနဲ့ နှစ်ယောက်သား စုံတွဲခုတ်တာပြ တော့ တိုး ဘယ်လို အဓိပ္ပာယ်ပြန်မလဲ"

"မောင် တိုးကို စော်ကားတာ နှစ်ကြိမ်ရှိသွားပြီ"

"ကျွန်တော်တို့က ဘွဲ့ကလေးတစ်ခု ပိုက်ထားပေမဲ့ ဝင်ငွေ ဖြောက်ပြားမှ မရှိသေးဘူး၊ ဒိုင်ယာနာဖြူတီပါလာ ပိုင်ရှင် ကြီးနဲ့ အပေါင်းအသင်းက ကွာပြီကိုး"

"မောင်နော် ... ဘယ်လိုဖြစ်နေတာလဲ"

မသိနားမလည်ရှာသူ၊ ဘဝကျမ်း မကျေသူ၊ သူငယ် နှပ်စားကလေး အဖြစ်သာ မောင့်ကို မြင်မိတော့သည်။ မောင်က ကလေးဆန်လွန်းသည်။ မောင့်ဘက်က လူလားမမြောက်သည့် စိတ်ထားကို မြင်လေလေ၊ အားကိုးချင်စိတ် မရှိလေလေ၊ သို့သော် အချစ်ဆိုတာကလည်း အခက်သား။

မိန်းမသားများ၊ ယောက်ျားတွေကို အဘယ်ကြောင့် ချစ်ကြပါသနည်း။ ချစ်နည်းအမျိုးမျိုး ရှိလေသည်။

ပျော့ညံ့သည့် မိန်းမသား၊ မိန်းမဆန်လွန်းသော မိန်းမ မျိုးက ဘဝမှာ ရေသာခို၊ လှေကြီးစီး၍ ရှေ့ဆောင်ခေါင်းရွက် လုပ် နိုင်မည့် ယောက်ျားမျိုးကို ချစ်အားကိုးကြသည်။ ချစ်သူ၏ လမ်း ညွှန်မှု ရေစီးကြောင်းမှာ သာသာကလေး မျောပါရင်း ဘဝမှာ သက်သောင့်သက်သာ နေလိုကြသည်။ နေခွင့်ရကြသူများလည်း ရှိ ပါ၏။ ထင်တိုင်းမပေါက်၊ မှန်းချက်နှင့် နမ်းထွက်မကိုက်ဘဲ ကိုယ့် လက်ထဲရောက်ကာမှ အရက်သောက်၊ ဖဲရိုက်၊ မိန်းမလုပ်စား တစ် တိုက်တော့လည်း မိန်းမသားက ရှေ့တန်းထွက်၊ ပဲပြုတ်တောင်း ရွက်တန်ရွက်။



မိန်းမ မဆန်သည့် မိန်းမသား၊ ခပ်ထက်ထက်အစား ဆိုပါတော့။ ယောက်ျားတစ်ပိုင်း ဖြစ်ခဲ့ရသည့် မိန်းမ။ ကိုယ့်ဘဝ ကိုယ်ဖန်တီး၊ ကိုယ့်ဆူး ကိုယ်ထွင်၊ ကိုယ့်လမ်း ကိုယ်လျှောက်ဆို တော့ ယောက်ျား၏ ဦးနှောက်ကို အငှားသုံးရမှ ဘဝမှာ အဆင်ချော နိုင်သူ မဟုတ်တော့၊ မိမိထက် တော်ရုံတန်ရုံသာသည့် ယောက်ျား ဆိုလျှင်ပင် တယ်အထင်မကြီးချင်၊ အတော်ကြီးသာသူကိုမှ ရွေးချယ် လိုကြသည်။

တိုးတိုး ကျတော့ တစ်မျိုး။ ဒုတိယ အမျိုးအစားမှာ ပါဝင်ပေမင့် သူတစ်ပါး အားကိုးလိုစိတ် သိပ်မရှိ။ ကိုယ့်အားကိုယ် ကိုးကာ ရုန်းကန်လာရသူမို့ အားကိုးအားထား အဖြစ်ကတော့ ကိုးကွယ် ဆည်းကပ်လိုစိတ် မရှိ။ တိုးတိုး ဘဝက အချစ်ငတ်သည်။ တိုးတိုး အတောင့်တဆုံးအရာမှာ မေတ္တာ၊ မိမိ ပင်ပန်းခက်ခဲစွာ လှုပ်ရှား ရုန်းကန်ခဲ့ရသမျှ ချစ်တော့တ်သူတစ်ဦး၏ ရင်ခွင်မှာ အပန်းဖြေချင်သည်။

အတော်ဆုံး၊ အထက်ဆုံး မဟုတ်လျှင် နေပစေတော့၊ ယောက်ျားညံ့မဟုတ်လျှင် တော်ပြီ။ မေတ္တာရိပ်ဖြင့် ချွေးသိပ်နိုင်မည့် သူကိုသာ ပိုမိုတွယ်တာသည်။ အချစ်မခံခဲ့ရသည့် တစ်ဘဝလုံးစာ ပုံ၍ အချစ်ခံချင်သည်။ နေသွေးဦးသည် တိုးတိုး စိတ်ကြိုက်ပုံစံမျိုး နှင့် ယောက်ျား။ တိုးတိုး ချစ်ရှာပါသည်။ နေသွေးဦး အချစ်ကို လည်း မွတ်သိပ်ငံ့လင့်စွာ ခံယူလိုသည်။

သို့ပေမင့် ...

စက်သည်က နေသွေးဦးကလည်း ယောက်ျား၊ ယောက်ျားစိတ်နှင့် ယောက်ျားပေပဲ။ ကိုယ်တိုင်က အတော်ဆုံး၊ အထက်ဆုံး မဟုတ်ကာမှနေရော မိန်းမသားကျတော့ ကိုယ့်ကိုအား ကိုးစေချင်သည်။ တော်သည့်ယောက်ျား၊ ညံ့သည့်ယောက်ျား၊ ဦးဆောင်

ခေါင်းရှက်ပြုသည့် ယောက်ျား၊ မိန်းမ အကြော်ဖိုမှ ပိုက်ဆံနှိုက်ကာ ဖဲရိုက်သည့်ယောက်ျား၊ မိန်းမကို ချေပုံဆေါ် တင်ထားသည့်ယောက်ျား ပဲဖြုတ်သည် ဓနိုးသည်ကို အေးဓားပြတိုက်ကာ အရက်သောက်ချင် သည့် ယောက်ျား၊ ညှာတာသည်းခံစိတ်နှင့် အမြော်အမြင်ကြီးသည့် ယောက်ျား၊ စိတ်ကောက်တတ်သည့် ယောက်ျား၊ ယောက်ျား _ ယောက်ျား။

ယောက်ျားတိုင်း၏ တူညီမှု တစ်ခုကတော့ မိန်းမက မိမိကို အားကိုးမှ ကြိုက်သည်။ မိမိက ဘယ်ပုံစံမှာပင် ရှိနေစေ ကိုယ့်မိန်းမကတော့ ကိုယ့်ကို အားကိုးမှ "ရှင့်ကို အားမကိုးပါဘူး" ဆိုသည့် စကားလောက် ယောက်ျားမာန ထိခိုက်တာမရှိ။ ရှိသမျှ အပြစ် ခွင့်လွှတ်နိုင်သည်ထား။ "ရှင့်ကို အားမကိုးပါဘူး"ဆိုသည့် စကားတစ်ခွန်းကျတော့ နာတတ်ကြပါဘိခြင်း။

ခွင့်မလွှတ်နိုင်သည့် နေရာမှာ မိန်းမ မျောက်မထား သည်နှင့် တန်းတူ။ ထမင်းမချက်ချင်နေ၊ ပိုက်ဆံဖြုန်း၊ ယောက်ျား ကို မပြုစု၊ ပြုစုဆောင့်အောင့် ဘာတစ်ခုမျှ အကောင်းမလုပ်သည့် မိန်းမပေမင့် ခွင့်လွှတ်ချင် လွှတ်နိုင်ဦးမည်။ ကျန်သည့်အရည်အချင်း တွေ အကုန်ပြည့် အကုန်တော်ပြား၊ မျောက်မထားသည့်မိန်းမ ကိုယ့်ကို အားမကိုး လူရာမသွင်းသည့် မိန်းမကျတော့ ယောက်ျား တစ်ရာမှာ တစ်ရာလုံး ခွင့်လွှတ်နိုင်အံ့ မထင်ပါ။

"ကိုကိုဖြိုးကို အားကိုးတယ်၊ အထင်ကြီး လေးစား တယ်"ဆိုသည့် စကားတစ်ခွန်းက ထောက်ဆူးနှင့် အထိုးခံရစဉ် တုန်းကထက်၊ ပါးရိုက်ခံရစဉ်တုန်းကထက် ပို၍ ပို၍ ဆတ်ဆတ်ခါ သည်။ ဓားနှင့် ထခုတ်လျှင်ပင် နေသေးဦး အပြီးပျက်မည်သူ မဟုတ်။ ခုတော့ ...



ဒေါသဟူသည် ကောင်းကျိုးမပြု။ မြတ်စွာဘုရား ကိုယ်တော်တိုင်က "ကောဓောအတ္တံ၊ နဇာနာတိ"ဟု ဟောခဲ့ပါ၏။ ကာဓာ အမျက်သည်။ အတ္တံ၊ အကျိုးအကြောင်း၊ အဆိုးအကောင်း ကို၊ နဇာနာတိ၊ မသိဟူ၍ အနက်ဖွင့်ပါ၏။

အချစ်ကြီးတတ်သူ နေသေးဦး။ အချစ်ဝိသမလော်ဘ သွေထက် ဒေါသလုံးကြီးတော့ မောဟ ဖုံးခဲ့လေပြီ။ စဉ်းစားဆင်ခြင် နိုင်စွမ်းအား လျော့လာသည်။

တိုးတိုး သည်းခံစိတ်နှင့် နားထောင်နေနိုင်သည်ကိုပင် အံ့သြအထင်လွဲလာသည်။ တိုးတိုးလို မိန်းမသားက ကက်ကက်ကို လန့်နေမည်ဟု ထင်ထားခဲ့သည်။ မျှော်လင့်ခဲ့သည်။ တိုးတိုးဘက်က သာ တင်းမာလာလျှင် သူ ချစ်လွန်းသည့်စိတ်ဖြင့် ပြန်လျှော့တန် လျှော့၊ ချော့တန်လည်း ချော့ဖြစ်မည်။ ခုတော့ တိုးတိုး အဘယ် ကြောင့် သည်းခံပါသနည်း။

ဟိုက ရှောင်းမြေခြား သွားပြီမို့ လက်လှမ်းမီရာကို ခမ်းဆွဲကာ လက်မလွှတ်ချင်သည့် သဘောလား။ တကယ်တမ်းကျ တော့ မိမိက ချစ်သူသာဆို၊ အမည်ခံရုံကလေး၊ ဟိုမှာနှင့်က လက် ဖွန်းတတီးဟုပဲ မြင်သည်။ ဟိုကလည်း သည်းလိုက်တာမှ ဖျပ်ဖျပ် သူး၊ သူ့ထက်ပင် ပိုနေသေးရော့သလား။ ပီတောက်က တော်ရုံရယ်၊ ငုပန်းက ဖွတ်ဝင်မွှေးနေသည့် ပုံစံမျိုး။ ရနံ့သင်းရမှာက ပီတောက် ပန်း၊ ငုပန်းက ပီတောက်တာဝန်ကိုများ ဖွတ်ယူကာ ရနံ့သင်းချင် ရော့သလား မဆိုနိုင်။

"ညဉ့်နက်ပြီ မောင်ရယ်၊ ပြန်တော့နော်၊ မောင့်အိမ်က စိတ် ပူနေလိမ့်မယ်၊ ကိုးနာရီတောင် ထိုးပြီ"

တိုးတိုးက လက်ပတ်နာရီကလေးကို မြှောက်ကြည့်ရင်း ပြောသည်။

"အိမ်က မပူပါဘူး"

"ဒါပေမဲ့ ဘယ်ကောင်းမလဲကွယ်၊ ဒီမှာ တိုးတို့ မိန်းမသား ချည်းနှစ်ယောက်တည်း ရှိနေတာ၊ ဒါတောင် ရပ်ကွက်မဟုတ် လို့ တိုက်ခန်းတွေမို့ တော်သေးတယ်"

"အမေ့ရျာပနတုန်းကလည်း မောင် လာအိပ်ခဲ့တာပဲ"

"အဲဒီတုန်းက လူတွေအများကြီးလေ၊ သီသီဝင်းတို့ ညီအစ် တတွေရော အာကာဟွန်းတောင် လူကြီးလူကောင်း လုပ်ပြီး မောင်နဲ့ အတူတူ လာအိပ်ပေးသွားသေးတာပဲ"

"တိုးက မောင့်ကို မယုံဘူးလား"

"ယုံတာမယုံတာဆိုတဲ့ အဆင့်ထိ တွေးဖို့တောင် မလိုပါဘူး သင့်မှ မသင့်လျော်တာ၊ မောင့်ကားလည်း အောက်မှာဒီတိုင်း ရပ်ထားရတာ တစ်စစီများ ဖြစ်နေမလားပဲ၊ ပြန်တော့ မောင် ရယ်နော်၊ မောင်က လိမ္မာသားနဲ့"

တိုးတိုးက ထလာ၍ နေသွေးဦး ပခုံးကို ဖက်သည်။ အချစ်မွှန် သံသယနိုးများ ပြေပျောက်ပါစေတော့ရယ်လို့ ...

"ပြန်တော့နော် မောင်"

"နှင်လှချည်လား"

"မနှင်ရက်ပါဘူး မောင်၊ နှင်လည်း မနှင်ချင်ပါဘူး။ တိုး မောင်တစ်ယောက်တည်း ရှိတော့တာပါ၊ တိုးတစ်ယော တည်းပါ၊ ခုဟာက မသင့်လျော်လွန်းလို့ပါ"

မောင့်ဆံပင်လေးများကို ယုယုယယ ဆွဲဖွကာ မီး ရှည်ရှည်ထား၍ ချော့ရပါသည်။



"မောင် တစ်ယောက်တည်း ရှိတော့လို့ ဒီလောက် နူးနူးညံ့ညံ့ ဆက်ဆံပြီး အချိုသပ်နေတာလား တိုး"

"တကိုယ်အကြိမ် ဆော်ကားပြန်ပြီ မောင်၊ တိုးဟာ ကိုယ့်ဘဝကို ဖန်တီးတတ်ပါတယ်၊ ဝမ်းဝပြီး ခါးလှဖို့အတွက် ယောကျ်ား တစ်ယောက်ကို လက်မလွှတ်တမ်း ဖမ်းဆွဲထားဖို့ ဇလိုပါ ဘူး"

တိုးတိုး လေသံ မာကျောလာသည်။ မျက်နှာထားက တင်းလာသည်။

"မောင့်မှာ ဒီလောက်သေးသိမ်တဲ့ စိတ်ထားတွေ ရှိနေတာ၊ ဝန်တိုမစ္ဆရိယတွေ များနေတာ၊ မိန်းမကောင်းရနံ့တွေ၊ နှုတ် သီးကောင်းလျှာပါး လုပ်နေတာတွေကို တိုးကို ချစ်ရှာလွန်းလို့ ဆိုတဲ့ စိတ်နဲ့ ခွင့်လွှတ်နိုင်ပေမဲ့ အဲဒီလိုသာ အမြဲ သေးသိမ်နေရင် တိုး အထင်သေးလိမ့်မယ်"

"နားလည်ပါပြီ တိုးတိုး ခင်ဗျာ၊ ကျုပ်နေရာမှာ ခင်ဗျား အားကိုးတဲ့ သူသာဆိုရင် ဒီလို ဘယ်နှင်လွှတ်လိမ့်မလဲ"

"ရှင် ပြန်တော့ ကိုနေသွေး"

တိုးတိုး သည်းညည်းခံနိုင်သည့် တစ်စုံတစ်ခုသော အတိုင်းအတာကို ကျော်လွန်သွားခဲ့ပါပြီ။ တိုးတိုး မျက်ဝန်းအစုံတို့ သက်တံရောင်စုံများ ဖြာထွက်လာသည်နှယ်။ မီးဝင်းဝင်းတောက်သည် သို့။

"ကစားလို့ ဝပြီမို့ ဌာနကို ပြန်ချေတော့ရယ်လို့ လှောင်အိမ်ကို ဖွင့်လွှတ်တဲ့ ငှက်ကလေးတစ်ကောင်လို နှင်လွှတ် ..."

တိုးတိုး လက်တစ်ဖက် မြှောက်တက်လာသည်။ နေသွေးဦးက မျက်နှာကို ရှောင်၍ လက်တစ်ဖက်နှင့် ဆီးဖမ်းသည်။

"မှားမယ် ဒေါ်တိုးတိုး၊ အဲဒီပါးက ရိုက်ပြီးပြီ၊ ရိုက်ချင်ရင် ညာဘက်ပါးကို ဘယ်လက်ဝါးနဲ့ ရိုက်ပါ"

တိုးတိုး သူမလက်ကို ဆောင့်ရုန်းသည်။ နေသွေးဦးက လွှတ်မပေးဘဲ မြဲမြဲဆုပ်ထားသည်။ ယောကျ်ားနှင့်မိန်းမ အားချင်းမမျှသည်မို့၊ အပြိုင်ကြဲကြပြီဆိုတော့လည်း ယောကျ်ားသားကို အဘယ်မှာ မိုနိုင်ပါမည်နည်း။

"အပင်ပန်းခံပြီး ရုန်းမနေပါနဲ့၊ သဒ္ဓါတော်မမူလို့ မကြည်ဖြူဘူးဆိုရင်လည်း မင်းဘဏ္ဍာကို ငါ့ဟာ မှတ်မဲ့ကောင်စား မဟုတ်ဘူး"

တိုးတိုးက ဆောင့်အရုန်း၊ နေသွေးဦးက ရုတ်တရက် လွှတ်အချ၊ တိုးတိုး အရှိန်လွန်ကာ ဖင်ထိုင်လျက်လဲကျသွားတော့သည်။

"ချစ်သူတစ်ယောက် အနေနဲ့ စကားတစ်ခွန်းတော့ ပြောခွဲ့မယ် တိုး၊ မောင့်မှာ ပြောပိုင်ခွင့် ရှိတယ်လို့လဲ ထင်တယ်"

တိုးတိုး လဲပြိုလျက်မှ ပြန်မထဘဲ နေသွေးဦးကို ခါးသီးစွာ ကြည့်မိသည်။

"တိုးတိုးနဲ့ ဆရာနဲ့ နေတာ ထိုင်တာ မောင် မကြိုက်ဘူး၊ နောက်ပြီး မောင်ဟာ ယောကျ်ား၊ တိုးကို လက်ထပ်မဲ့သူ၊ ကိုယ့်ချစ်သူဟာ ကိုယ့်ထက်ငိုပြီး တခြားယောကျ်ားတစ်ယောက်ကို အားကိုးနေတာ၊ ဘယ်လိုယောကျ်ားမျိုးမှ သည်းညည်းမခံနိုင်ဘူး၊ တိုးစကားကို ပြင်ပြောပါ၊ မောင့်ကို မကြာခင် လက်ထပ်မယ်လို့ ကတိပေးပါ"



"ကျွန်မမှာ ဆက်ပြောစရာ ဘာစကားမှ မရှိတော့ပါဘူး ကိုနေသွေး၊ ရှင် ပြန်ပါတော့"

နေသွေးဦး ချာခနဲ လှည့်ထွက်သွားတော့သည်။

တိုးတိုး မျက်ရည်မကျ၊ အံကို တင်းတင်းကြိတ်ထား ည်။ သည်ကိစ္စမျိုးမှာ ငိုပြခြင်းဖြင့် ပျော့ညံ့ရာ ရောက်မှာစိုးသည်။ ကျခင် ကျချင်ချင် မျက်ရည်များကို ခေါင်းမော့၍ သိမ်းဆည်း ည်။ မျက်တောင်ကော့ကြီးများကို တဖျပ်ဖျပ်ခတ်၍ တားဆီးသည်။ ရပါးရ ဖြိုးသည်။ နှုတ်ခမ်းထောင့်စွန်းကလေးက အောက်သို့ ကျလျက်သွား။ အချိန်ကြာကြာ ဖြိုးနေခြင်းဖြင့် မျက်ဝန်းများက ကြည်းမှု အရောင်များ တောက်ပလာကြသည်။

ခံပြင်းမှု အရှိန်အဟုန်က နှလုံးသားမှာ မုန်တိုင်းကျ ည့်နှယ်။

"ဟား ဟား ဟား ဟား"

တိုးတိုး အော်ရယ်သည်။ နှစ်ဦးသား ရန်စဖြစ် ည်းက မသိမသာ ချောင်းကြည့်နေသည့် နှင်းနုလေးက သူ့ ဦး "ရူးများသွားသလား"ဟူ၍ ကြောက်သွားသည်။

"ဟား ဟား ဟား ဟား ဟား"

အပြုံးကြောရှည်သကဲ့သို့ ရယ်ရှိန်ပြင်းသည်။ ဖယောင်း ခင်းထည်ပေါ်မှာ လက်ကလေးနှစ်ဖက် နောက်လှန်ထောက် စ်ချောင်းထောင်၊ တစ်ချောင်းဆန့် ပုံစံနှင့် ခေါင်းမော့၍ ဟက်ပက်ပက် ရယ်မောနေသည့် တိုးတိုးပုံမှာ မြင်ရသူပင် င်သီးထဖွယ် ...

"ရယ်စရာကောင်းတဲ့ လောကကြီး၊ အညှာအတာကင်းတဲ့ လောကကြီး၊ နိပ်စက်လိုက်စမ်း၊ မြေနိမ့်ရာမှာ လှံစိုက်လိုက်

စမ်း၊ ကဥ္စနာတဲ့ဟော့၊ လောကကြီးကို အန်တုပြမဲ့ ...
သူများမိသားစုထဲ ကလေကချေ ဝင်လာခဲ့တဲ့ တိုးတိုး ...
ဘူး၊ ကဥ္စနာ၊ ကဥ္စနာ၊ ဘဒ္ဒကဥ္စနာတဲ့ ဟား ဟား ...
လောကကြီးကို အန်တုပြမယ်"



...ဉ်ယာယမ်းတွေတစ်ဆုပ်ဦး

တိုးတိုး (အိပ်ချ်/အာရ်ဂျီအင်န်– xxxxxx) ကို ယနေ့မှစ၍ ကဥ္စနာဟူသော အမည်သို့ ပြောင်းလဲခေါ်ပါရန်။

လှပသောလမ်းမှ လှသောပန်းကလေးများ
ဘဒ္ဒကဥ္စနာအလှနန်းတော်မှာ
မှုးပွင့်ငုံစီ ထုံသင်းကြည်တော့မည်။

သတင်းစာမှာ ပါလာသည့် ကြော်ငြာကလေး နှစ်ခုကို ကြည့်ကာ ကဥ္စနာ အားရပါးရ ရယ်လေသည်။ စိတ်သစ် လူသစ်၊ ဘဝသစ်မှာ ကျင်လည်ပါတော့မည့် ကဥ္စနာ၊ လောကကြီးကိုအန်တုမည့် ကဥ္စနာ။ သံယောဇဉ်ကြိုးတွေကို အကုန်ဖြတ် ဤကမ္ဘာမှာ တစ်ဦးတည်း ရပ်တည်တော့မည့် ကဥ္စနာ။

ကဠနာတို့က စိတ်မာတာ်အထက်စား။ သိတယ် 
လား၊ တုံးဆိုတိုက်၊ ကျားဆိုကိုက်၊ မြွေဆိုပေါက်၊ လောက
အရှုံးပေးမဲ့သူ မဟုတ်ဘူး။

အိမ်ဖော်သာသာ ဘဝမှာလည်း နေခဲ့ဖူးပြီ။ မြေ
ကလေးဘဝနှင့် လူတကာအနင်းခံ ဘဝမှာလည်း ကျင်လည်ခဲ့
ဖိနပ်ပါးကလေးတစ်ရံပြတ်လို့မှ ချိတ်ထိုးစီးရသည့်ဘဝ၊ လမ်း
ကောင်ဗီ ပ်မြတ်ပြီး အရက်ကွဲခံဖူးသား။ မြစ်ကြောင်းတစ်လျှော
ရေစုန်ရေဆန်လိုက်ကာ ထမင်းရောင်းဖြစ်ခဲ့သေး။

မွေးစားမိခင်နှင့် သေကွဲကွဲ။ ခင်မင်ကူညီသူနှင့်
ကွဲကွဲ။ မျိုထားတော့မလောက် ချစ်ပါသည်ဆိုသူက နှိမ်နှိမ်ချ
တိုးတိုး ဘဝ ကောင်းတာ ဘာရှိသေးလဲ။

အထီးကျန်တစ်ယောက်တည်း ထိုင်မှိုင်နေရမှာ
ဝေးပါသေး။ ကဠနာတဲ့ လောကကြီးကို အန်တုမယ်၊ တိုက်
မယ်၊ ကားစီးမယ်၊ လူတစ်ကိုယ်လုံးမှာ စိန်တွေစီမယ်။ မဖြစ်ဘူး
ထင်သလား ကဠနာတဲ့။ လောကကြီးကို အန်တုမယ်။

ကဠနာ ပထမဆုံးလုပ်သည်က နေသွေးဦး အမည်
ဘဏ်မှာ ငွေတစ်သောင်းနှင့်ငါးရာ၊ ဒါက အမြတ်အစွန်း။ မူလ
ခန်းတာန့်ပိုး တစ်သောင်းခွဲ၊ စုစုပေါင်း နှစ်သောင်းငါးထောင့်ငါး
ကိုဝေပြီး ရှေ့နေကို အကူအညီ တောင်း၍ နေသွေးဦးထံ ပို့ခိုင်း
အစုစပ်ရှယ်ယာလုပ်ငန်းမှ အပြီးအပိုင်ခွဲပေးလို
ဖြစ်ပါ၍ နောက်နောင်တွင် ဒိုင်ယာနာမြူတီပါလာနှင့် ပတ်
သော ရပိုင်ခွင့်များ၊ ပေးရန် တာဝန်များနှင့် လုံးဝ ပတ်သက်ခြင်း
ပါကြောင်း ...။

လက်မှတ်ရေးထိုးခိုင်းလိုက်သေးသည်။



နှင်းနုလေးကို သရဖိဟု အမည်ပြောင်းပေးသည်။ ည,
ညကျ ညဥ့်နက်သည့်တိုင်အောင် အလှပြုပြင်နည်းများ သင်ပေးသည်။
သီသီဝင်း နာမည်က မြတ်လေးနွယ်၊ အလုပ်သမားသုံးဦး ထပ်ခေါ်
သည်။ သူတို့နာမည်များ မည်သို့ပင်ရှိစေ မိမိဆိုင်သို့ ရောက်လျှင်
ပန်းနာမည် ဖြစ်ရမည်။ ငုဝါ၊ ယုဇနနှင့် ခွာညို။

အလုပ်လုပ်ကြစမ်း ... ကဠနာက ပစ္စည်းစိုက်၊ နေရာ
စိုက်၊ သူတို့ လုပ်ခထဲမှ ကဠနာ အတွက် တစ်ဝက်ပေး။ လုပ်နိုင်
သလောက်ယူ၊ ကဠနာ အပါအဝင် ခြောက်ယောက်လုံး တစ်အိမ်
တည်းမှာနေ၊ ကဠနာမှလွဲ၍ အားသည့်သူက အလှည့်ကျ ချက်ပြုတ်
လျှော်ဖွပ်၊တာဝန်ယူ။ ချက်ပြီဟော့ဆို ခြောက်ယောက်စား၊ လျှော်ပြီ
ဟော့ဆို အဝတ်ခြောက်စုံ၊ မီးပူတိုက်လည်း ထိုနည်းလည်းကောင်း။
ထဘီပေမင့် ချန်မထားနှင့်။ ဝိုင်းလုပ်ဝိုင်းစား ညီအစ်မများ။

ကြော့နေအောင်ပြင်၊ လှအောင်ဝတ်၊ မြင်ရသူ ငေးသွား
အောင် မိုးမလင်းမီက ဖြီးလိမ်းကြ။

ပန်းချီဆရာက သူ့ခြံနှင့် အိမ်ကလေးကို ရောင်းမည်
ဆို၍ ဝယ်လိုပေမင့် ငွေလက်ကျန် နည်းနေသည်။ ကိုကိုဖြိုး ပိုက်ဆံ
ထဲမှ ယူသုံးခွင့် ရှိပေမင့် ကဠနာ မသုံးချင်။ ခင်မင်နေပြီ ဖြစ်သော
ပန်းချီဆရာက အရစ်ကျနှင့် ချေဟု ပြောသည်။ သူက တစ်ကိုယ်
တည်းသမားပေမို့ အလုပ်တိုက်မှာပင် နေတော့မည်တဲ့။

မိန်းကလေးခြောက်ယောက်လုံး အိမ်ပြောင်း၊ တိုက်ခန်း
ကို အိမ်သာ၊ ရေချိုးခန်းမှလွဲ၍ အိပ်ခန်းနှင့် ဧည့်ခန်းမှ ခန်းဆီးများ
ဖြုတ်၊ တောက်လျှောက် ဆိုင်ခန်းအဖြစ် သုံးသည်။ နေရာပိုကျယ်
လာသည်နှင့်အမျှ အလုပ်ပါ ပိုတွင်ကျယ်လာသည်။ တစ်လလုံးနေမှ
တစ်ရက်သာ ဆိုင်ပိတ်မည်။ အားလုံး သဘောတူ။

ကိုယ့်ဖောက်သည်တွေ စိတ်တိုင်းကျအောင် ကြိုးစား မစိုနှင့် မကပ်နှင့်၊ ပင်ပန်းသည်ဟု မညည်းနှင့်။ ချိုကြည်သည့် အပြုံးကို မျက်နှာဖုံးတစ်ခုနှယ် အစဉ်စွပ်ထားကြ။

သတင်းစာထဲမှာ ဘဒ္ဒကဠနာအလှနန်းတော်၊ မဂ္ဂဇင်း ထဲမှာ ဘဒ္ဒကဠနာအလှနန်းတော်၊ ရုပ်ရှင်ရုံမှာ ဘဒ္ဒကဠနာအလှနန်း တော် ...။

နီးပြားကလေးများကို ဘဒ္ဒကဠနာအလှနန်းတော် ဟု သည့် စာလုံးဖောက်သည်။ ငရဲမီးဘောလုံးများ လိုက်ချည်သည်။ တစ်လုံးနှင့်တစ်လုံး ထိစပ်နေအောင် ချည်သည်။ နီးပြားကို ဖိကထာ ရာမှ လွှတ်လိုက်သောအခါ မီးပျံပူဖောင်းများ ရုန်းကြွတက်သည်။ စာလုံးဖောက်ပြီး ချည်နှောင်ထားသည်မို့ ကောင်းကင်ယံမှာဘဒ္ဒကဠနာ အလှနန်းတော် ...။

မြင့်တက်လွင့်သည့်အခါမှ မမြင်ရတော့ပေမင့် မြင်နိုင် သည့် အကွာအဝေးအတွင်းမှာ မြင်လိုက်သူတွေ အများကြီး။ သည်လို လွှတ်သည်ကလည်း ရပ်ကွက်ပေါင်းမြောက်မြားစွာ၊ ကြိမ်ဖန် ပေါင်းက များစွာ။

မျက်နှာမလှရင် ထိုင်မငိုနဲ့။
ဘဒ္ဒကဠနာအလှနန်းတော်ကို လာခဲ့။
လှသည်၊ ပို၍လှသည်၊ အလှဆုံးဖြစ်ချင်သလား။
ဘဒ္ဒကဠနာအလှနန်းတော်ကိုသွား။

ကြော်ငြာစာရွက်ကလေးများကို ကျောင်းများ၊ ရုံးများ ဆေးလိပ်ခုံများ၊ ဈေးတကာဈေးအနှံ့ လျှောက်ဝေသည်။

ကြော်ငြာ အားကောင်းလွန်းတော့ ဆံပင်ညှပ်မည် ကြံတိုင်း၊ ဆံပင်ကောက်မည်ကြံတိုင်း၊ မျက်နှာလိမ်းခြယ်မည် ကြံတိုင်း



လန်းသဘင်သွားစရာ ကြုံပါလေတိုင်း ဘဒ္ဒကဠနာအလှနန်းတော် သတိရကြတော့သည်။

လောက၏ လှိုင်းတံပိုးများကို ရွက်စုံလွှင့်၍ တက်ကုန် ၍ ရင်ဆိုင်ပြီ။ ကဠနာနှင့် ပန်းကလေးငါးပွင့် လောကကို အန်တု ကြလေပြီတည်း။

"တိုးရေ၊ အဲ ... မှားလို့ ကဠနာရေ၊ သတင်းစာထဲမှာ နာမည် ပြောင်းတာ တွေ့လိုက်တယ်"

"ဟော ... မိုး၊ ခဏထိုင်ဦးနော်၊ ဒီမျက်နှာလှလှကလေးကို အချောကိုင်လိုက်ဦးမယ်၊ သတို့သမီးကလေးမို့ သတို့သား မြင်ရုံနဲ့ မူးလဲသွားအောင် ပြင်ပေးလိုက်ဦးမယ်နော်၊ ခဏလေး၊ ခဏလေး"

"လုပ်ပါကွာ၊ မိုး စောင့်ပါ့မယ်"

ကဠနာပုံစံကလေးမှာ ဖြိုးပျော်ရွှင်နေသည်။ သူ့ကို မြင်လိုက်သည်နှင့် အကြည်ဓာတ်များက လွှင့်ပျံထွက်နေသလား ဘင်ရသည်။ သူ့အပျော်က တစ်ဖက်သားကိုပါ ကူးစက်ရွှင်လန်းစေ တော့သည်။

"ကဲ ... ပြီးပြီ၊ စိတ်တိုင်းကျရဲ့လား ကြည့်ပါဦး၊ ဘာလိုသေး လဲ"

ပြောရင်းက ဆံပင်ကလေး ထပ်ခွေပေးလိုက်

ကလေး နေရာရွှေ့ပေးလိုက်နှင့်၊ ဟိုလုပ်သည့်လုပ် လေးငါးခါ

ထပ်ပြင်ပေးလိုက်သည်။ ဗမာလူမျိုးဆိုသည်က မုန့်ဟင်းခါး

လျှင်တောင် ဟင်းရည်တောင်းသောက်မြဲ။ ကန်စွန်းရွက်တ

ဆယ်ပြားဆိုလျှင် တစ်မတ်ဖိုးသုံးစည်း ရချင်ကြရိုးထုံးစံ၊ ဘာက

ဖြစ်ဖြစ် အဆစ်လိုချင်ကြသည်။

အချောသတ် ပြီးစီးပါပြီဟု ကြေညာပြီးခါမှ ဟို

ဒီလုပ် လုပ်ပေးလိုက်ခြင်းဖြင့် အဆစ်ပြင်ပေးလိုက်ခြင်း ဖြစ်လေသ

ဤသို့ပြုပါမှ အလှပြင်ခံရသူများ စိတ်ကျေနပ်မှု ရရှိသည်။ နည်း

မါးပါး ဈေးများချင်သည့်သူဆိုလျှင် ဟိုဟာလေး၊ ဒီဟာလေး

တောင်ဆွဲမြောက်ဆွဲ ဆယ့်လေးငါးခါလောက် လုပ်ပေးရသ

မျက်နှာကို အကဲခတ်ရသည်။ သူ ဈေးမများခင် ကဦးနာကိုယ်

ဦးအောင် ဈေးများပေးရသည်။ ဤနည်းအားဖြင့် ဈေးမျာ

ကိုယ်တိုင် အားနာလာပါလိမ့်မည်။

"တော်ပြီ၊ တော်ပြီ၊ အရမ်းလှသွားပြီ၊ ထပ်ပြင်ရရင်

ပြင်လွန်းလို့ ဖင်ချွန်းဆိုတာမျိုး ဖြစ်တော့မယ်၊ ခစ် ခစ်

ရယ်ရွှန်း ဖတ်ရွှန်းပြောကာ တခစ်ခစ် ရယ်ရ

သည်။ အလှပြင်သည့် လုပ်ငန်းမှာ ကျွမ်းကျင်ရုံမျှမက စိတ်

စစ်ဆင်ရေးကလည်း တတ်ရသေးသည်။ ဤသို့သော နည်းမျိုး

ဘဒ္ဒကဦးနာအလှနန်းတော် နာမည်ကြီးရခြင်း ဖြစ်ပါသတည်း

"အားနာလိုက်တာ မိုးရယ်"

"ရပါတယ်၊ ပြီးပြီလား၊ ပြင်ပေးစရာလူ ရှိသေးရင်

မယ်လေ၊ ဒီနေ့တော့ တစ်နေကုန်နေဖို့ စိတ်ကူးလာခဲ့တာ



"ကိစ္စမရှိဘူး၊ မိုးနဲ့ စကားတွေ အများကြီး ပြောချင်တယ်"

"အိမ်ကို လာပါလား၊ တယ်လီဖုန်းဆက်လည်း ရတာပဲ"

"မလာချင်ဘူး မိုးရယ်၊ ဆယ်တန်းမအောင်ခင်တုန်းကနဲ့ ထမင်းဆိုင်ဖွင့်စဉ်တုန်းကတော့ လာခွင့်ကို မကြုံခဲ့ဘူး၊ အားမှ မအားတာ၊ ဖြူတီပါလာ ဖွင့်တဲ့အခါကျတော့ အားတော့ အားပါရဲ့၊ မောင်တို့နဲ့ ခြံချင်း ကပ်နေပြန်တော့ မလာချင် ပြန်ဘူး၊ ဖုန်းဆက်ဖို့ကျတော့လည်း ကိုယ့်အိမ်မှာမှ မရှိတာ"

"တပ်ဦးလေ"

"တပ်မယ်၊ ဆိုင်ပြောင်းပြီးမှ"

"ဆိုင်က ဘာယ်ကို ပြောင်းမလို့လဲ"

"ဗိုလ်ချုပ်ဈေး အနောက်ဘက်တန်းကိုလေ၊ ဈေးသိပ်ကြီးတယ် မှတ်လား၊ မောင့်အရင်းအနှီးတွေလည်း ပြန်အမ်းလိုက်ရတော့ ငွေကလည်း နည်းသွားတယ်၊ လက်ဝတ် လက်စားကလေးတွေ ထုခွဲပြီး ဝယ်ရမယ်၊ စရန်တောင် ပေးပြီးပြီ၊ ဒီအခန်းကိုလည်း ဝယ်မဲ့သူနဲ့ ဆိုင်ထားတယ်၊ ဖြစ်သွားမှာပါပဲ"

"ဆိုင်ပြောင်းမှာဖြင့် ဒီအခန်းကို ဘာဖြစ်လို့ ပြင်ဆင်ရတာလဲ၊ ပိုက်ဆံအပို မကုန်ဘူးလား"

"ဟင့်အင်း ... ဆိုင်ရော၊ နေရာရော၊ နာမည်ပါ ဝယ်မှာသူရှိလို့ ပြုပြင်ပေးရတာ၊ လုပ်ငန်းကြီး တစ်ခုလုံး လက်လွှဲရောင်းတော့ နင့်ခနဲ နေအောင် ရတယ်မိုးရဲ့"

"ဒိုင်ယာနာဆိုဘဲ့ နာမည်ပါ ပေးခဲ့ရမှာလား"

"အင်း ... တိုးက ဘဒ္ဒကဋ္ဌနာ အလှနန်းတော်ဆိုတဲ့ နာဧည်နဲ့ ဗိုလ်ချုပ်ဈေးမှာ ပြောင်းဖွင့်မယ်"

အိမ်သာနှင့် ရေချိုးခန်းမရောက်မီ သုံးပေခန့်မှာ စာခန်းဆီးအထူစား ပြာပြာကလေး ကာထားသည်။ အချို့သတို့သားများက သည်မှာပင် အဝတ်လဲတတ်သည်မို့ အဝတ်လဲရန် ပြုလုပ်ထားခြင်းဖြစ်သည်။ ထိုအခန်းကလေးထဲသို့ မိုးကို ခေါ်လာခဲ့သည်။

"တိုးကို ကြည့်ရတာ သိပ်ပျော်နေပုံပဲ၊ တိုးလို့ ခေါ်တာကော ကြိုက်ရဲ့လား"

"ကြိုက်ပါတယ် မိုးရဲ့၊ အဲဒီဘဝကို ပြန်လှည့်မကြည့်ချင်တော့ပေမဲ့ မေ့လည်းမပစ်ချင်ဘူး၊ မိုးတစ်ယောက်တော့ ခေါ်သာခေါ်ပါ၊ တိုးကို သိပ်ပျော်နေပုံပဲတဲ့၊ အဟဲ ... ရယ်ချင်တယ် မိုးရယ်၊ ဒေါ်မေစီဆိုတဲ့ ကဈေသည် သီချင်းလိုပေါ့"

"တကယ်ပျော်နေတာ မဟုတ်ဘူးလား"

"ရယ်ချင်ရက်နဲ့ ဓာတ်ကွက်ကိုဆ ... ငိုလိုက်ရတယ် _ လွမ်းတသက်သက် ငိုချင်ရက်နဲ့ကွယ် ... ခိုင်းစေချက် ညီ ရန်တကယ် ... ရယ်ရပြန်တယ် ... ဆိုသလိုပေါ့ မိုး"

မိုးမိုးဆင့်က ကဋ္ဌနာကို နားမလည်နိုင်စွာ ငေးကြည့်မိသည်။

"ရွှေပွဲလာများ ရှင်အားရစေဖွယ် ... ထင်ရှား ကျွန်မအချေမလွှယ် ... အဟုတ်နော်တကယ် ... သရုပ်ဖော်တယ် _ နောက်သော်မျက်ကွယ် ... စီးကျ မျက်ရည်အသွယ်သွယ် _ လူတကာက အမှုအရာအရ ... ဘယ်သူဘာမှ မသိကြဘူးတယ် ..."



ကဋ္ဌနာက သီချင်းကို သံနေသံထားနှင့် ဆိုပြသည်။ သူ့ မျက်ဝန်းကလေးများ လက်လာကြသည်။ စိုလာကြသည်။ သြော် ... မျက်ဝန်းမှာ ခိုတွဲသည့် မျက်ရည်ဥကလေးများ မျက်တောင်ကော့ကြီးများ တဖျပ်ဖျပ်ခတ်ရင်း စီးကျမလာအောင် ထိန်းရှာသည်။

"ရယ်ချင်တယ် မိုးရယ် ... အဟဲ"

ပြန်တွေးတိုင်း ဒေါသထွက်၊ ရင်နာ၊ နာကြည်းစိတ်ဖြင့် ကြေကွဲခံစားမှုများ ပြွမ်းစုခဲ့ရသည်။ သို့ပေမဲ့ မိုးကိုကျတော့ ဖြစ်ကြောင်းရယ်မှကုန်စင် ...။

"တိုး ... သူ့ကို မောင်လို့ ခေါ်နေနိုင်သေးသားပဲ"

"ချစ်နေသေးတာကိုးကွယ်"

"ဒါဖြင့်လည်း ဘာကြောင့် စိတ်ဆင်းရဲခံနေကြသလဲ"

"တိုးက မချစ်တတ်ဘူး၊ မချစ်တတ်ဆို တိုးဘဝမှာ ဘယ်သူ့အချစ်ကိုမှလည်း ဟုတ်တိပတ်တိ မခံယူခဲ့ရဖူးတော့ တိုးရဲ့အချစ်ကို ဖော်ထုတ်တဲ့အခါ ညင်သာမှာ မဟုတ်ဘူး၊ မချစ်တတ်ဘဲနဲ့ ချစ်သူတစ်ယောက်ကို ထားမနေတော့ဘူး၊ ရင်ထဲကပဲ ချစ်နေတော့မယ်"

"သူလည်း လူးနေအောင် ခံရတာ"

"ယုံပါတယ်"

"အဲဒီညက အိမ်ပြန်မလာဘူး၊ မိုးစင်စင်ပေင်းတော့ ရဲစခန်းမှာ အချုပ်ခံနေရသတဲ့၊ စခန်းက လာအကြောင်းကြားတယ်"

"ဘာတွေ လျှောက်လုပ်လို့လဲ"

"အရက်တွေ နင်းကန် သောက်တာကိုး၊ မောင်းရင်းမောင်းရင်း မမောင်းနိုင်တော့ဘူး၊ စတီယာရင်ပေါ်မှာ လက်ယှက်မျက်နှာမှောက်ချပြီး အိပ်ပျော်သွားတယ်တဲ့"

"အကျက်ဆိုးဒင့်တွေ ဘာတွေ ..."

တိုးတိုး စိုးရိမ်တကြီး မေးသည်။

"မဖြစ်ဘူး၊ မွှေကိုယ်တော်က လမ်းဘေးမှာ ထိုးရပ်ပြီးမှ အိပ်တာ၊ ဒါပေမဲ့ ယှက်ထားတဲ့ လက်က ဟွန်းပေါ်ကျ၊ မျက်နှာနဲ့ ပီတော့ တတီတီနဲ့ မြည်နေတော့တာပေါ့၊ ရပ်ကွက်ထဲက လူတွေ ထွက်လာကြည့်တော့ အရက်စည်မှောက်ချထားသလောက် နံဟောင်နေသတဲ့၊ ရဲစခန်းအကြောင်းကြားပြီး ကားရောလူပါ တစ်ညအချုပ်ခံရတယ်"

"အမှုဖြစ်သေးလား"

"ဒေါ်တင်တင်စိုးသာ်းပဲ ကွယ်"

"အင်းလေ"

"သူ့စိန်လက်စွပ်နဲ့ ဆွဲကြိုးအကြောင်းလေ၊ သူ့အိမ်က သိသွားတာ တစ်လလောက် ရှိပြီ"

"အစကတည်းက ပြောပြီးလုပ်တာ မဟုတ်ဘူးလား"

"ဟင့်အင်း၊ ရေသွားကူးရင်း ဘယ်နေရာကျပျောက်ခဲ့မှန်း မသိဘူး ပြောထားတယ်တဲ့၊ အဲဒါ လွန်ခဲ့တဲ့ တစ်လလောက်က စိန်လက်စွပ် ထပ်ဝယ်ပေးမယ်ဆိုပြီး အသိပန်းတိမ်ဆိုင်သွားတော့၊ ဒေါ်တင်တင်စိုးကလည်း သားတော်မောင်လက်စွပ်ကို ပုံမကြိုက်လို့ ရောင်းပစ်လည်း ချက်ချင်းပြန်လုပ်ပေး ရောပေါ့၊ ခုတော့ နှစ်နှစ်လောက်တောင် ရှိပလားဆိုတာက စပြောတော့ ပြဿနာတွေ တက်ကုန်ရော"

"သြော် ... ဖြစ်မှဖြစ်ရလေ၊ မောင်ကလည်း အဲဒီလူဆီမှာ ရောင်းခဲ့တာလား"

"ဒီလူပဲ သူ့ အသိရှိတာကိုး"



"သြော်"

"ဘယ်သူ့ကို ဘာအတွက် ပေးလိုက်သလဲဆိုတာ ချော့မေး၊ ခြောက်မေး၊ မျက်ဖြူလန်ပြီးမေး၊ ရင်ဘတ်စည်တီးမေး၊ နေသွေးဦးက အူးချည်းခံတယ်"

"မိုးစကားနဲ့ ပြောရရင် ဒေါ်တင်တင်စိုးပဲကွာ၊ ရအောင်စုံစမ်းမှာပေါ့"

"အေး ... တိုးကို ဘယ်လို ခြေရာခံမိသွားတယ် မသိဘူး"

"လာသွားပါပြီ၊ မောင်နဲ့ စကားများပြီးတဲ့ နောက်တစ်နေ့မှာပဲ၊ ဒါပေမဲ့ တစ်ခုတော့ ကျေးဇူးတင်လိုက်ပါတယ်၊ ဆိုင်ပိတ်ချိန် ညခြောက်နာရီကျော်မှာ ရောက်ပေလို့"

"တော်တော်မှ ရန်တွေ့သွားရဲ့လား"

"မတွေ့ပါဘူး"

"ဟင်"

"တူမရယ်တဲ့ အန်တီက နေသွေးဦးမိခင်၊ ဒါက သူ့ညီမပါတဲ့"

"ယဉ်ယဉ်ကျေးကျေး ပြောတယ်. ဟုတ်လား"

ကဥ္စနာက ခေါင်းညိတ်ပြသည်။

"တူမမှာလည်း စိန်လက်စွပ်တစ်ကွင်းနဲ့ နစ်ကျပ်သားကြိုးတစ်ကုံးစာ ဖိုက်ဆံရပြီးပြီပဲတဲ့၊ သားလေးကို လွှတ်လည်း ခွင့် ပေးလိုက်ပါတော့တဲ့"

"ဟောတော့၊ သူ့သားကို ဘယ်သူက ဖမ်းထားတာကျနေတာပဲ"

"ဖမ်းတယ်လို့ ခွပ်စွဲလိုက်တာပေါ့ မိုးရဲ့၊ ဒီပစ္စည်းလည်း ပြန်မလိုချင်ပါဘူး၊ တူမချင်း စာနာပါတယ်တဲ့"

"အဲဒီတုန်းက တိုး ငိုသေးလားဟင်"

"ငိုချင်တာမှ လူးလိမ့်ပြီး ငိုပစ်လိုက်ချင်တာ၊ မတ်တတ်
ထားတဲ့ ခြေထောက်တွေက ညွတ်ခွေကျသွားမလား ထင်
အောင် ချည့်နဲ့သွားတယ်၊ ဒါပေမဲ့ တိုး မျက်ရည်မကျ
ပါဘူး"

"တိုးက ဘာပြန်ပြောလိုက်လဲ၊ ပက်ခနဲ ပြန်မပြောလို
လား"

"မိုးရယ် ... မပြောလိုက်ပါဘူး၊ မည်သူမပြု မိမိမှုလို့ သ
ထားလိုက်ပါတယ်၊ အစကတည်းက စဉ်းစားဖို့ ကောင်း
ကိစ္စပါ၊ မောင်နဲ့ တိုးတို့ရဲ့ ဘဝချင်း ဒီလောက် အဟပ်
နေတာ တိုး မိုက်ခဲ့တာပဲ၊ တစ်နေ့ ဒီလို ဖြစ်လာ
ဆိုတာ ကြိုသိသင့်တာပဲ၊ မျှော်လည်း မျှော်လင့်ထားခဲ့ပါ
မျှော်လင့်ထားတဲ့ ကိစ္စပေမဲ့ တကယ်တမ်း ကြုံလာရ
လည်း ရင်ထဲမှာ မချိအောင် နာတယ်"

"နေသွေးက တိုးကို အထင်လွဲနေတာ"

"ကိုကိုဖြိုးနဲ့ စွပ်စွဲပြီး နှစ်ပြားတောင် တန်ဖိုးမရှိ
ပြောသွားခဲ့တာပါ၊ ဒါဟာလည်း လမ်းခွဲကြဖို့အတွက်
တစ်ခုပေါ့ မိုး၊ မောင်နဲ့တိုးက ဒီနည်းနဲ့ မခွဲရလည်း
နည်းနဲ့ ကွဲကွာသင့်တဲ့ လူတွေပါ၊ လူတန်းစားချင်း
ရနိုင်မှာမှ မဟုတ်တာ၊ တိုးလေ အစကတော့ ထင်ခဲ့
မောင်ရယ် အမြင့်မှာပဲ နေပါ၊ ခုန်မဆင်းခဲ့ပါနဲ့လို့၊ တို
မြင့်အောင် ကြိုးစားပြီး တက်လာခဲ့ပါမယ်လို့ ... ခု
လည်း"



"မဟုတ်ဘူး တိုး၊ နေသွေးကတော့ တိုးကို တကယ်ချစ်ရှာ
တာ၊ နေ့မလင်း ညမလင်း ပုလင်းထောင်ပြီး၊ တိုးတိုးချစ်ရဲ့
ဆရာဦးဝေဖြိုးလို သိန်းငါးဆယ် ပုံမအပ်နိုင်ပါဘူးဗျနဲ့ အော်
အော်နေတာ"

"တိုး စိတ်ကို အထင်သေးစော်ကားခြင်း တစ်မျိုးပေါ့လေ၊
ရပါတယ်၊ အနိမ့်ခံ အပြောခံ၊ လုံးစိုက်ခံရတဲ့ မြေနိမ့်ပိုင်းဆို
တာ တိုးဘဝမှာ အဆန်းတော့လည်း မဟုတ်ပါဘူး"

"တိုး စိတ်မဆိုးနဲ့နော်၊ မိုး တစ်ခု ပြောချင်တယ်"

ကဋ္ဌနာက "ပြောပါ"ဟူသည့် အဓိပ္ပာယ်နှင့် ခေါင်း
ညိတ်ပြသည်။ သရဖီ အလိုက်တသိ လာပို့သွားသည့် စထရော်
ဘယ်ရီဖန်ခွက်ကလေးကို မိုးရှေ့သို့ ထိုးပေးသည်။

"ဆရာက တိုးကို ဂရုစိုက်လိုက်ပုံကတော့ နေသွေး မျက်စိ
နောက်လောက်တယ်"

"ရိုးရိုးသားသား မချစ်ကြရတော့ဘူးလား မိုး၊ ကိုကိုဖြိုးက
တိုးကို တကယ် ချစ်ရှာတာပါ"

"မိုးက ပြောပါတယ်၊ တိုးကိုတော့ စိတ်ချပါ၊ တိုးဟာ
နင့်ကို တကယ်ချစ်တာပါလို့၊ နေသွေးကို ပြောပြပါတယ်၊
နေသွေးကို ချစ်လို့ပဲ လက်ခံပြီးပြီပဲ၊ ဆရာ့ကိုသာ လက်ခံ
ချင်ရင် အစကတည်းက နင့်ကို လက်ခံစရာအကြောင်း မရှိ
ပါဘူး၊ သူတို့က တစ်ခြံတည်းနေ၊ တစ်သဘောတည်းစီး
နေကြတာပဲလို့၊ တိုးဘက်က ဆရာ့အပေါ်မှာ ရိုးသားလို့သာ
နင့်ကို ချစ်လို့သာ၊ နင့်ကို ခေါင်းညိတ်ခဲ့တာပေါ့လို့"

"သူ မယုံဘူး မဟုတ်လား"

တိုးကို ယုံရမယ်ဆိုရင်တောင် ဆရာ့ကို မယုံဘူးတဲ့"

"သြော်"

"ဆရာ့အပေါ်မှာ သံသယမျက်စိနဲ့ မြင်မိတာ နေ

တစ်မောက်တည်း မဟုတ်ဘူး"

"ဟင်"

"ဟုတ်တယ်၊ ဆရာက တိုးကို ချစ်နေတယ်လို့ ထင်မိတဲ့အ

မှာ မိုးလည်းပါတယ်"

"မိုးရယ်"

"ဒါကြောင့် တိုး စိတ်ဆိုးချင်လည်း ဆိုးတော့၊ နေ

ခံစားရတာ မလွန်ဘူးလို့ မိုးလည်း မြင်တယ်"

"ဖြစ်မှဖြစ်ရလေ မိုးရယ်"

"ဆရာက တိုးကို ချစ်လိုက်ပုံကတော့ ရင်ထဲမှာ မျိုထား

မလောက်ပဲ၊ တိုး သတိလစ်သွားတုန်းကများ တိုးက

မသိတာ၊ ဆရာ့မျက်ဝန်းထဲမှာ အကြင်နာခိုးတွေများ လျှံ

လာသလား မှတ်ရတယ်၊ ပျာယာကိုခတ်လို့၊ ဒါတောင် သူ

အဖေက သေမလား ရှင်မလား ဖြစ်နေတဲ့အချိန်နော်၊ တိုးတို့

တိုးနဲ့ တဖွဖွ ခေါ်ပုံကလေးကိုက မချိတင်ကဲပုံစံ တိုး

ချစ်တာတော့ သေချာတယ်၊ ညီမလေးလိုလား ချစ်သူရည်

လိုလား ဆိုတာတော့ သူ့ရင်ထဲ ဝင်မကြည့်နိုင်လို့ မပြောတ

ဘူး"

"မဟုတ်ပါဘူးကွယ်၊ ကိုကိုဖြိုးက ချစ်ရင် ဖွင့်ပြောမှာပေ

"ဖွင့်ပြောဖို့ကျတော့လည်း ပြဿနာလေ၊ သူ့တပည့်မလေ

သူ့အုပ်ထိန်းစောင့်ရှောက်မှုအောက်က မိန်းကလေး၊ ဆရာ

သိက္ခာမျိုးနဲ့ ဘယ်လိုပြောမလဲ"



"မပြောဖြစ်မှုး ထင်ရင်လည်း ဒီပြဿနာတက်စရာ အကြောင်း မရှိဘူး မဟုတ်လား"

"မဟုတ်သေးဘူး တိုး၊ မေတ္တာတရား ကြီးမားလွန်းလာရင် ဖွင့်မပြောဘဲ အလိုလို နားလည်မှု ရသွားနိုင်တယ်"

"မဟုတ်သေးပါဘူးကွာ"

"ဘာပဲဖြစ်ဖြစ် နေသွေးဘက်ကတော့ ပူမှာပဲ၊ စိုးရိမ်မှာပဲ"

"သြော် ... မိုး ... မိုး၊ မောင့်ရဲ့ အကျိုးတော်ဆောင် ရှေ့နေ ကြီးအဖြစ် လာရှာတာကိုး"

"တိုး ပြောချင်သလို ပြောတော့၊ နေသွေး ဒုက္ခကျတော့ မိုးက မျက်မြင်လေ"

"ခဏပေါ့ မိုး၊ ခုနေတော့ ခံစားရမှာပေါ့၊ တိုးလို ဒုက္ခပေါင်းစုံ ခါးစည်းခံ့ရတဲ့ သူတောင် မချိတင်ကဲ ခံစားရသေးတာပဲ၊ မောင့်လို ဒုက္ခဆိုတာ ချိုနဲ့လားမေးရမဲ့ သူအတွက်တော့ အသစ်အဆန်းဖြစ်ပြီး မခံစားတတ်၊ မခံစားနိုင်၊ ရင်ကွဲပက် လက်ဖြစ်မှာပေါ့၊ ဒါပေမဲ့ အချိန်ကြာလာတာနဲ့အမျှ သူ့ကိုယ် သူ ကုစားသွားမှာပါ"

"တိုးက အဆင်ပြေဖို့ မရည်ရွယ်တော့ဘူးလား"

မိုးက စိတ်ရှုပ်ဟန်ဖြင့် ခေါင်းတယမ်းယမ်း လုပ်သည်။ သရော်ဘယ်ရီ ဖန်ခွက်ကလေး ယူသောက်သည်။

"မရည်ရွယ်တော့ပါဘူး၊ ဇာတ်လမ်းက နိဂုံးချုပ်ပါပြီ"

"ဟာကွာ"

"တိုးနဲ့ မောင်ရဲ့ ကိစ္စကို သိသွားကြတော့ တိုးဘဝ ဇာစ်မြစ်ထိအောင် လိုက်စုံစမ်းကြတယ် ထင်ပါရဲ့"

"ဒေါ်တင်တင်စိုးတို့ သားအမိလား"

"အင်း … တူမရယ်တဲ့၊ လမ်းပေါ်မှာ လေလွင့်ပြီး အမိ

အဖပျောက်၊ ဘဝပါ ပျောက်တော့မဲ့ဆဲဆဲ လယ်သ

လင်မယား ကောက်မွေးလို့ လူဖြစ်လာရတဲ့ဘဝ"

"ဟင် … တိုး"

ကဥ္စနာ အသံတိမ်ဝင်သွားသည်။ ရှိုက်သံက

စွက်လာသည်ကို လူသိမှာ စိုးသောကြောင့် စကားကို ရပ်ပစ်သ

စထရော်ဘယ်ရီ ယူသောက်သည်။ အပူလုံးကလေး နည်းနည်း

ကျသွားတော့မှ ဆက်ပြောနိုင်ပါ၏။

"ဒီဘဝမျိုးမှာ ရပ်တည်ပြီး ဆွေမတော် မျိုးမစပ် မိသ

အကြင်နာနဲ့ ဆယ်တန်းကလေး အောင်ခဲ့ရတာကိုပဲ

နှစ်သိမ့်ပြီး ကိုယ့်ဘဝကိုယ် ရောင့်ရဲဖို့ ကောင်းပါပြီတဲ့"

မိုးမှာ အံ့ဩလွန်း၍ ပွင့်သွားသည့် နှုတ်ခမ်းက

ပင် ပြန်မစေ့နိုင်ရှာ။

"ခုဆို … သားရဲ့ ဖေးမမှုနဲ့ ဗြူတီပါလာတွေ ဘာတွေ

ပိုင်နေမှပဲ၊ လိုအပ်တာထက်တောင် ပိုနေပါပကောတဲ့"

"မိုးတောင်မှ မသိတဲ့အကြောင်းတွေ "

"သားမှာလည်း လူကြီးချင်း သဘောတူထားတဲ့ ဂုဏ်

မိန်းကလေးတစ်ဦး ရှိနေပါတယ်တဲ့"

မပြောနိုင်ပါလေတော့၊ အံကြိတ်ရင်း ခဲရင်းက

မျက်ရည်ကျရပါပြီ။

"ဆဖင်ကျော်သက်မို့ စိတ်ကစားကြတာကို အနိတ်

မဆိုပါဘူးတဲ့၊ ရင့်ကျက်တဲ့အပိုင်း ရောက်တော့လည်း

အေးသွားကြမှာပါတဲ့၊ နောင်တစ်ချိန်မှာ ခေါင်းဆောင်မင်

မဖြစ်ရမဲ့တူတူ ယိမ်းသမဘဝကလေးကို ခုံမင်နေဦးမှာလ



လူပြက်က မကြည်ညို၊ ဆိုင်သမားက မလေးစားနဲ့၊ ဒီဇာတ်ရှုပ်ကြီးထဲက ထွက်ပြီး ဈေးတောင်းပဲ ခေါင်းပေါ်ရွက်ဦး၊ လင်ကောင်းသားကောင်း ရနိုင်ပါတယ်တဲ့"

ပါးပြင်ပေါ်မှ မျက်ရည်စများကို လက်ခုံဝင်းဝင်းကလေးနှင့် သုတ်သည်။ ကဥ္စနာ နာနာကြည်းကြည်း ပြုံးပါ၏။ ပြုံးရင်း သုတ်ရင်းပေမင့် မျက်ရည်များက အဆက်မပြတ် စီးကျမြဲ။

"ဟဲဟဲ … စကားလုံးလေးတွေ သိပ်လှတာပဲနော် မိုး၊ ဟဲဟဲ ဟဲဟဲ … ရယ်ရတယ် မိုးရေ၊ သိပ်ရယ်ရတယ်၊ ဟား ဟား ဟား ဟား"

ပါးပြင်ပေါ်မှာ မျက်ရည်စီးကြောင်းနှစ်သွယ် အပြိုင်ဆင်းလျက် တဟားဟား အော်ရယ်နေပုံကလေးက တစ်သက်မမေ့နိုင်စရာပါတကား။ မိုးရင်ထဲမှာ ဆို့တက်လာရသည်။ ကဥ္စနာ လက်မောင်းကလေးကို လှမ်းဆုပ်သည်။

"တိုးရယ်"

ရင်ထုမနာ ဖြစ်ရလွန်းသောကြောင့် သူငယ်ချင်းကို ကျုံးဖက်လိုက်မိသည်။ ကဥ္စနာကလည်း တင်းတင်းကျပ်ကျပ် ပြန်ဖက်သည်။ ချစ်လှစွာသော သူငယ်ချင်းနှစ်ဦး အပြန်အလှန် ဖက်ကာငိုနေကြပုံကလေးမှာ တရှိုက်မက်မက် ကြေကွဲဆို့နစ်စရာ ဖြစ်နေရပါတော့သည်။

ကဥ္စနာကပင် စတင်၍ လူချင်းခွာသည်။ မိုးက ကြည့်မိသည့်အခါ ကဥ္စနာ ပါးပြင်မှာ မျက်ရည်တွေ ခြောက်သွားပါပြီ။ အပြုံးကလေးနှင့် နှုတ်ခမ်းထောင့်စွန်းကလေးက အောက်သို့ ကွေးကျနေသည်။ နာကြည်းမှုမဲ့ပြုံး။

"သူ့စကားလုံးတွေက လှတယ်၊ နုတယ်၊ ကဗျာဆ... ဆန်တယ်၊ ပြီးတော့ သိပ်ထိရောက်တာပဲ မိုးရဲ့၊ စကား... တိုင်းဟာ ခွက်တစ်ဆယ် အလေးလောက် အချိန်စီးတ... တိုးရဲ့ နှုံးရိုးတွေကို တချောင်းချင်း ထုနေတာလေ၊ ... စကားတွေကို ဒေါ်တင်တင်စိုးက ပြုံးပြီး ပြောနေတာ... အကယ်ဒမီ ပေးချင်လိုက်တာ"

"သန္တာဦးကရော"

"သူက သူ့အမေလို အမူအရာ မကောင်းတော့ ရှုပ်နေ... ပေါ့၊ ဒါပေမဲ့ ဘာမှ ဝင်မပြောဘူး၊ သူ့အမေက ကြ... မှာလာမှာပေါ့၊ မီးစင်ကြည့်ကဖို့၊ တိုးကမှ ပြန်ရန်မ... တာ၊ သန္တာဦး အကွက်မဝင်ဘူး ဖြစ်သွားရတယ် ထင်... ရဲ့"

"တိုးကရော"

"သူ ပြောသမျှ ဘာမှ ပြန်မပြောဘဲ နားထောင်နိုင်တာ... တိုးကိုယ်တိုး ချီးကျူးမိတယ် တကယ်၊ မျက်ရည်လည်... မကျဘူး၊ ပြုံးပြီး နားထောင်နေတာပဲ၊ လက်ကလေး စုံ... ထားတယ်၊ အဲဒါ သိလား မိုး၊ ရင်ထဲမှာ လှုပ်ရှားလွန်း... ကိုယ့်ဘာဝင်ကိုယ် မသိမသာ ဖိထားတာ ... အဟဲ"

"မိုး ကြားရတာနဲ့တောင် ရင်နာလိုက်တာ"

"သူ တော်တော်ကြာကြာ ပြောပြီးသွားမှ အန်တီ ပြော... ကုန်ပါပြီလားလို့ မေးလိုက်တယ်၊ ခပ်ပြုံးပြုံးပဲ၊ တုမဘာ... တောင်းဆိုစရာရှိရင်လည်း အားမနာပါနဲ့တဲ့"

"ဩော် ... ဒီထိတောင် စော်ကားတုန်း"



"အန်တီ့သားကို အန်တီသဘောတူတဲ့ မိန်းကလေးနဲ့ ပေးစားပါ၊ ကျွန်မ စိန်ထည်တစ်ခုခု လက်ဖွဲ့ပါမယ်၊ ကျွန်မအနေနဲ့ တောင်းဆိုစရာ ဘာမှ မရှိပါဘူး၊ သူ ရယ်ယာသဘောမျိုး တိုက်ခန်း ဝယ်ပေးထားတာကိုလည်း တိုက်ခန်းဖိုးရော အမြတ်ပါ ကျွန်မ ရှေ့နေကတစ်ဆင့် ပြန်ခွဲထုတ်ပေးလိုက်ပါ့မယ်လို့ ပြုံးပြုံးလေးပဲ ပြောလိုက်ပါတယ်၊ သားအမိနှစ်ယောက် စလုံး တော်တော့် အံ့အားသင့်သွားကြတယ်၊ တိုးက ရန် ဖြန်တွေ့ လိမ့်မယ်၊ အနည်းဆုံး နာနာကြည်းကြည်း တစ်ခု တော့ ပြန်ပြောမယ် ထင်ထားတာကိုး၊ တိုးက ကျွန်မ အနား ယူချိန်မို့ အန်တီ ကိစ္စပြီးရင် ပြန်နိုင်ပါပြီလို့ ပြောလိုက်တော့ ထပြန်သွားကြတာပဲ"

"အဲဒီလို လာပြောတာ နေသွေး မသိဘူး ထင်တယ်"

"မပြောတာတော့ဘူး၊ သူတို့ ပြန်သွားတော့လေ တံခါးပိတ်ရင်းနဲ့ တံခါးရွက်နားမှာ တိုး ပုံလဲကျသွားတယ်၊ သရဖီ လာတွဲရတယ် မိုးရဲ့၊ ဒါပေမဲ့ တိုး မငိုပါဘူး"

"ရင်ထဲမှာ သည်းထန်စွာ ငိုမိတဲ့အခါကျတော့ မျက်ရည်မထွက်ဖူးဆိုတာ ဟုတ်မှာပဲ"

"နောက်တစ်နေ့မှာ မောင့် ပိုက်ဆံ အရင်းတစ်သောင်းခွဲရယ်၊ အမြတ်တစ်သောင်းနဲ့ ငါးရာရယ် အပို့ခိုင်းလိုက်ပါတယ်"

"အမေနဲ့ ညီမက သဘောမတူဘူးဆိုတာနဲ့ ချစ်ကြလွန်း သူ့နှစ်ဦးဟာ မစိမ်းကားသင့်ပါဘူး တိုးရယ်၊ စဉ်းစားပါဦး"

"မောင့်ဆီက စာတစ်စောင် ရတယ်၊ ပိုက်ဆံသွားပေးတဲ့ ရှေ့နေကတစ်ဆင့် ပြန်ပေးလိုက်တာ၊ ဒါကြောင့်မို့ သူနဲ့ တိုးနဲ့ ဒီဘဝမှာ ရေစက်ကုန်ကြပြီ တိုး ပြမယ်"

ကဋ္ဌနာက အိမ်ရှေ့ခန်းကို ပြန်ထွက်သည်။ အလှပြင် ကိရိယာများ ထည့်သည့် မှန်ဗီရိုအတွင်းမှာ သော့ခပ်သိမ်းထားသည့် သူ့လက်မွေ့အိတ်ကလေးကို ယူသည်။

"ဟာ ... မမကဋ္ဌနာ၊ ညီမတို့ကို လာစြင်ပေးပါဦး"

ယုဇန ဆံပင်ကောက်ပေးနေသည့် မိန်းကလေးက လှမ်းပြောသည်။

"ဟယ် ... ညီမလေးပါလား၊ ခွင့်လွှတ်ပေးပါ ညီမလေးရယ် မမကဋ္ဌနာ ခေါင်းတွေ သိပ်ကိုက်နေလို့ပါ"

စောစောက ငိုထားခဲ့သည်မို့ မျက်ခွံအစ်အစ်၊ နှာသီး များနီနီကလေးက ခေါင်းကိုက်ခြင်းဝေဒနာ၏ သက်သေခံများသို့ ဖြစ်နေရသည်။

"အခု ဆံပင်ကောက် သွားလိုက်နော်၊ ခေါင်းလျှော်ပြီးတော့ ပုံလာပြန်သွင်း ဟုတ်လား၊ မမကဋ္ဌနာ ကိုယ်တိုင် Setting လုပ်ပေးမယ်၊ မေတ္တာနဲ့ လုပ်ပေးမှာ၊ ပိုက်ဆံမယူဘူးနော် ဒီနေ့တော့ ညီမလေး ကျေနပ်ပါ"

"ဒါပဲ ... ဒါပဲ ... ဟောဒီ မမကဋ္ဌနာ ပြောရင် ဘယ်သူ ငြင်းနိုင်တာမှတ်လို့"

"သိပ်ချစ်ဖို့ကောင်းတဲ့ ညီမလေး"

ဆံပင်ကောက်ခံနေသည့် မိန်းကလေး၏ ပါးပြင်ကို မနာအောင် ဆွဲလိမ်ခဲ့သေးသည်။ တိုစဉ်မှာ ကဋ္ဌနာ အပြုံးများက



ချိုအီလွန်းသည်။ စောစောက နွမ်းခွေညှိုးချုံးသည့် အမူအရာများကို အပ်ဖျားနှင့် ထောက်ရှာလျှင်တောင် မတွေ့နိုင်ပါတော့။

စာခန်းဆီးကြားမှ မြင်နေရသော မိုးက ရင်ထဲမှာ နင့်သွားရာမိသည်။ အမူရပ်ကို အမူလုပ်၍ ဖုံးရှာသော သူငယ်ချင်း ကံဆိုးမလေးပေပဲ။

ကဋ္ဌနာ ပြန်ဝင်လာသည်။ လက်မွေ့အိတ် ခလုတ် ကလေးကို ဖွင့်ရာ စာတစ်စောင်ထုတ်ကာ မိုးကို ပေးသည်။ မိုးက ဖွင့်ဖတ်သည်။

တိုးတိုး ...

ညီတော်မင်းနန်ဟာ ကြင်ယာတော် ဇနပဒကလျာဏီရဲ့ အလှမှာ ယစ်မူးနေလို့ တရားဓမ္မကိုတောင် မေ့လျော့နေပါ သတဲ့။ မြတ်စွာဘုရားက နတ်ပြည်ကို ခေါ်သွားတော့မှ နတ်သမီးတွေရဲ့ အချောအလှကို မြင်ရတော့မှ ဒီနတ်သမီး တွေနဲ့ ယှဉ်လိုက်ရင် ဇနပဒကလျာဏီဟာ မျောက်အိုမကြီး လိုပါပဲဘုရားလို့ လျှောက်ထားသတဲ့။

အလှအပဆိုတာ မိန်းကလေးတစ်ယောက် အတွက် အဓိကကျတဲ့ အရည်အချင်း မဟုတ်လို့ အဲဒါကိုတော့ ယှဉ် မပြောချင်တော့ပါဘူး၊ ကိုယ်ကျင့်တရားနဲ့ ပတ်သက်ပြီး ပြောရရင်တော့ ...

ခြောက်ပစ်ကင်း သဲလဲစင် ယင်ဖိုမသန်းတဲ့ မိန်းကလေး မျိုးနဲ့ ယှဉ်လိုက်တော့ တိုချစ်မိတဲ့ ဇနပဒကလျာဏီဟာ မျောက်အိုမကြီးလို ညှိုးနွမ်းတဲ့ ကိုယ်ရည် ပေါ့သွပ်တဲ့စာရိတ္တ တည်ငြိမ်ခြင်း ကင်းတဲ့အကျင့် တွေကို ...

မျက်ဝါးထင်ထင် တွေ့မြင်မိပါကြောင်း။

နေသွေးဦး

"ဟာကွာ ... ရက်စက်လိုက်တဲ့စာ"

"မိုးကသာ မသိတာ၊ တိုးဟာ အမေ့ရဲ့ မွေးစားသမီး လင်းပေါ်က ကောက်ရလာတဲ့အကြောင်း သူတို့ သားအမိတွေ အားလုံး သိသွားကြပြီ၊ ဒီဆွဲကြိုးနဲ့ နာမည်ကလေးတော့ မသိကြဘူး၊ ထင်ပါရဲ့"

ကဋ္ဌနာက သူမလည်ပင်း၏ အင်္ကျီအောက်မှာ ဆွဲထားသည့် ဆွဲကြိုးလေးကို ချွတ်၍ မိုးလက်ထဲသို့ ထည့်သည်။ မိုးက ရွှေပြားလော့ကက်ကလေးကို စူးစိုက်ကြည့်သည်။

"သန္တာဦးတို့ အန်တီ ဒေါ်တင်တင်စိုးတို့က မိုးဟာ တိုးသူငယ်ချင်းမှန်းသိလို့ မိုးကိုတော့ တိုးအကြောင်း တစ်ခွန်းမှ မပြောကြဘူး၊ နေသွေးကပဲ ပြောတာ၊ သူ့စာထဲမှာ ကိုယ်ကျင့်တရားတို့ ဘာတို့ ပါလာတာ တိုး နားလည်လား"

"ကိုကိုဖြိုးနဲ့ စွပ်စွဲထားတာ နေမှာပေါ့"

"နေသွေးက ပြောတယ်၊ မိုးတောင် မထွက်ရက်လို့ ပြန်မပြောတော့ဘူးနေတာ၊ တိုးဟာ ဆရာနဲ့ ညားနေတယ်တဲ့၊ ဆရာက တိတိလင်းလင်း လက်မထပ်လို့ သူ့ကို အမိဖမ်း ဆွဲနေတာလို့ သူ့ညီမက ပြောတယ်တဲ့"

မိုးက ကဋ္ဌနာ့ ဆွဲကြိုးလေးကို ပြန်ပေးသည်။

"အဲဒီစကားကို မောင် ယုံလောက်အောင် နားသွင်းကြမှာပေါ့ကွယ်၊ ဒီစကားကြားရတော့ နဂိုက သံသယရှိနေတဲ့ သူကလည်း ယုံမှာပါပဲ၊ တိုးအဖို့ကတော့ ထူးပြီး နာလှတယ်



မဟုတ်တော့ပါဘူး၊ ရှိပါစေတော့၊ ဒီလောက် အပြောခံရပြီးမှတော့ မြေရှင်းလည်း မနေချင်တော့ဘူး၊ တိုးဘက်က ဒီဘဝ ဒီမျှနဲ့ ရေစက်ကုန်ပြီရယ်လို့ စိတ်ဖြတ်တာ၊ တရားတယ် မဟုတ်လား"

"ဟာကွာ၊ ဒီလောက် စော်ကားခံရတာ တရားတာပေါ့၊ ဒါပေမဲ့ နေသွေး အသုံးမကျလို့"

"အသုံးကျတာ မိုးရဲ့၊ အဲဒါ အသုံးကျတာ၊ ဘွဲ့ရသူဌေးသမီးကို ယူရမဲ့သူဟာ လမ်းပေါ်က မိန်းကလေးကို စွန့်သင့်တာပေါ့၊ အဲဒါ အသုံးမကျတာလို့ ဘယ်ပြောလို့ရမလဲ"

"တိုးလည်း မခံချင်စိတ်နဲ့ ကဋ္ဌနာလို့ နာမည်ထပ်ပြောင်းလိုက်တယ်ပေါ့၊ ဟုတ်လား"

"ဟုတ်တယ်၊ မိဘရင်းပေးခဲ့တဲ့ နာမည်ဟာ ကဋ္ဌနာပဲ ဖြစ်ရမယ်၊ ရွှေပြားလော့ကက်ပေါ်မှာရေးတဲ့ စာဟာ တိုးနာမည်ရင်းပဲ ဖြစ်မယ်လို့ ယုံတယ်၊ အဲဒီ ကောက်ရသမီး အဖြစ်နဲ့ပဲ ဆူးခင်းလမ်းကို လျှောက်ဦးမယ် မိုးရေ၊ မောင် လက်ထပ်ရင် တိုးဆီ အကြောင်းကြားပါ၊ စိန်ထည် တစ်ခုခု လက်ဖွဲ့ချင်တယ်၊ လက်ဖွဲ့နိုင်အောင် တိုး ကြိုးစားမယ်"

"အောင်မယ်၊ ကိုယ့်ဘာသာ ချမ်းသာအောင် လုပ်ချင်လုပ်ပါ၊ ဘာဖြစ်လို့ သူ့ကို ထပ်ပြီး ပံ့ပိုးရမှာလဲ၊ လူမိုက်ဖြစ်သွားမှာပေါ့"

"တိုးနာမည်ကိုလည်း ကဋ္ဌနာလို့ ပြောင်း၊ ဆိုင်နာမည်ကိုလည်း ပြောင်းပြီး လက်ဖျားမှာ စိန်တွေ သီးလာတဲ့အထိ ကြိုးစားပြမလို့ မိုးရေ"

"ကောင်းတယ် ကြိုးစား၊ ဖွဲ့မလျှော့နဲ့၊ ဖြစ်လည်းဖြစ်မှာပါ မိုး ယုံတယ်"

"တိုးစိတ်ထဲမှာ ဘယ်လောက် ပြင်းပြင်းထန်ထန် ခံစားရသလဲ ဆိုတော့ နှလုံးသားမှာ မှန်တိုင်းကျသလား ထင်မိတယ်၊ ဘာမဆိုင် ညာမဆိုင် နှင်းနုလေးကိုတောင် သရဖိလို့ပြောင်းပစ်တာကြည့်တော့၊ တိုး ဆိုင်က မိန်းကလေးတွေ ပန်းနာမည်နဲ့ချည်းပဲ"

"ဘာဖြစ်လို့လဲ"

"စိတ်သစ်၊ လူသစ်၊ နာမည်သစ်နဲ့ နေရာသစ်၊ ဆိုင်သစ် ဘဝသစ်မှာ ရှန်းကန်ကြတော့မယ်လေ၊ နာမည်ပြောင်းဖို့ စဉ်းစားတော့ အလှပြင်ဆိုင်ဆိုရင် ပန်းနာမည်လေးတွေနဲ့ လိုက်တယ်ထင်လို့၊ ခစ် ခစ်"

သူမ စိတ်ရှုးပေါက်ပုံကို သူ့ဘာသာ သဘောကျကာ တခစ်ခစ် ရယ်သည်။ ရင်တွင်းမှာ ဗလောင်ဆူ၍ နှလုံးသည်းညှာ စိုင်တို့ ကြေကျလုဆဲဆဲမှာ ကြိုးစားပမ်းစား ရယ်ပြနေသည့် ကဋ္ဌနာကို မိုမိုးဆင့် သနားလွန်းစွာ ကြည့်နေမိတော့သည်။

"နေသွေးလည်း ရေနံမြေတွေမှာ အလုပ်ရတယ်"

"ဟုတ်လား"

"မိုးတို့ ဒက်ဒီလည်း နိုင်ငံခြားကို သွားရမယ်၊ နိုင်ငံခြား သွားပြီး အမှုထမ်းရမှာ"

"ဒါဆို မိုး လိုက်သွားမှာလား"

"မလိုက်ပါဘူး၊ မိုးတို့ ပရိဖက်ရှင်နယ်တွေက နိုင်ငံခြား သွားရင် ပိုက်ဆံလျော်ရတယ်၊ ဒါက အကြောင်း မဟုတ်ပါ



ဘူး၊ ကိုယ့်နိုင်ငံမှာ အလုပ်အကျွေး ပြုချင်သေးတယ်၊ ဘွဲ့လည်းရ၊ နိုင်ငံခြားလည်း ပါသွားဆိုရင် ဘယ်ကောင်း မလဲ"

"သမီးလေးတစ်ယောက်တည်း ထားခဲ့မှာလား"

"ဒက်ဒီက နေခဲ့တဲ့၊ သူတို့လည်း တစ်နိုင်ငံမှာ သုံးနှစ်စီ လောက် ကြာမှာ၊ နှစ်နိုင်ငံလောက် ပြောင်းပြီးတာနဲ့ ဒက်ဒီ ပင်စင်ယူမှာနဲ့၊ ရန်ကုန်မှာ ပြန်ပြီး အခြေချမှာပဲ"

"ဘာဖြစ်လို့ မခေါ်တာလဲ"

"မိုးကို နိုင်ငံခြားမှာ အိမ်ထောင်ကျမှာစိုးလို့"

မိုးက ပြောပြီး ရယ်သဖြင့် ကဋ္ဌနာပါ လိုက်ရယ် သည်။

"မိုးက အလုပ်ရရင် နယ်သွားရမှာ"

"မသွားခင် တိုးနဲ့ လာနေပါလား"

"မနေတော့ဘူး၊ မိုးက တမ်းပေပါ မပြီးသေးဘူး၊ ကျောင်း တွေဆင်း၊ စာအုပ်တွေဖတ် လုပ်ရတော့ သွားအတူ လာအတူ အဖော်လိုတယ်"

"တမ်းပေပါက စာမေးပွဲမပြီးခင် တင်ရတာ မဟုတ်ဘူး လား"

"ဟုတ်တော့ ဟုတ်တာပေါ့၊ တချို့ဆို ခုတည်းက တင်ပြီး ကုန်ပြီ၊ မိုးတို့အုပ်စုက ဖင်ခေါင်းကျယ်တာ၊ ကျမ်းကြီးတစ် စောင် ဟုတ်တိပတ်တိ ဖြစ်ရမယ်ဆိုပြီး သုတေသနတွေ အရှမ်းလုပ်မလို့"

နှစ်ယောက်သား ရယ်မိကြပြန်သည်။

"မိုး ပြန်တော့မယ်"

"တိုး အိမ်လေးကို လာကြည့်ပါဦးလား"

"တိုးက အိမ်ကို ညမျိုးချုပ်မှ ပြန်ရောက်တာ မဟုတ်လား ညကြီးဆိုတော့ သွားလို့လာလို့ မကောင်းဘူး၊ နေ့ခင်းဘက်ဆို ဆိုင်မှာ လာတွေ့တော့မယ်၊ စားမေးပွဲပြီးမှ လာတော့မယ်နော် တိုး၊ အပျင်းထူပြီး စာတွေ သိပ်မကျက်ဖြစ်သေးလို့"

"မိုး မိဘတွေ နိုင်ငံခြားသွားရင် တိုး လိုက်ပို့လို့ မဖြစ်ဘူး ထင်တယ်နော်"

"မပို့နဲ့ ကိစ္စမရှိဘူး၊ ဒေါ်ဓာင်တင်စိုးက လိုက်ပို့ဦးမှာ သူ့သားကြီးနဲ့ မိုးကို ပေးစားချင်လို့တဲ့၊ မာမီ့ဆီမှာ အရင်း တောင်းနေတယ်"

"မိုးကကော"

"သူ့သားကိုတော့ မကြိုက်ပေမဲ့ မမုန်းပါဘူး၊ ရင်ပါတယ် သူ့အမေနဲ့ သူ့ညီမကို ကြောက်လို့ ငြင်းလိုက်တယ်၊ မရ ဘူး၊ ကပ်နှူးနေတာပဲ၊ ကိုယ့်ကိုယ်ကိုယ် အောင်မောင်း တောင့်ထားလို့ ဖွဲ့တင်းပေးနေရတယ်"

"တစ်ခုတော့ မှာပါရစေ မိုး"

"ပြောလေကွာ"

"တိုးကို ချစ်ရင်လေ"

"ဟာ ... သိပ်ချစ်ပါတယ် တိုးရဲ့"

"မောင်နဲ့ တွေ့ရင် တိုးအကြောင်း ဘာမှ မပြောပါနဲ့၊ လုံး ပြည်ဖုံးကားချလိုက်ပါတော့၊ ပြန်လည်အဆင်ပြေဖို့ စေ့စပ် ဆွေးနွေးခြင်း လုံးဝ မလုပ်ပါနဲ့ မိုး"



"မလုပ်ပါဘူး၊ အစတုန်းက လုပ်ချင်လို့ လာတာ၊ နေသွေး စာဖတ်ရတော့ မိုးပါ ရောပြီးနာတယ်"

"မိုးကို တွေ့ရတော့ သိပ်အားရှိတာပဲ"

"စာမေးပွဲပြီးရင် လာခဲ့ဦးမယ်၊ သွားမယ်နော်"

ကဠနာက တံခါးဝထိ လိုက်ပို့သည်။

"ဟာ ... မိုး နေဦး"

မှန်ဗီရိုအတွင်းမှ ဆံထုံးပုံ ဆံပင်တု ဆန်းဆန်းကလေး တစ်ခု ယူလာသည်။

"ဆရာမလုပ်ရင် ဒီဆံပင် တိုတိုလေးနဲ့ ကလေးကလား ဖြစ်နေဦးမယ်၊ ဒီဆံထုံးကပ်ဖို့ ယူသွားနော်"

"လှတယ်ဟော၊ ကျေးဇူးပဲ၊ ပုံလေးလည်း ဆန်းတယ်၊ ဤဖြေ လည်း ရတယ်၊ ကျောင်းကအဖွဲ့တွေ တွေ့ရင် ယူချင်ကြဦး မယ်၊ တစ်ခုဘယ်လောက်ပဲဟင်"

"မိုးတော့ ပိုက်ဆံမပေးရဘူးနော်"

"အေးပါ၊ မပေးပါဘူး၊ သူများ မေးရင် ဈေးပြောရ အောင်"

"ဆံပင်ပေးရင် လက်ခသုံးဆယ့်ငါးကျပ်၊ ဆံပင်ပါအပြီးဆို ရင် ခုနစ်ဆယ်"

"အမယ် ... ဈေးကြီးသားတော့"

"အဲဒါတောင် လုပ်လို့ မနိုင်ဘူး မမမိုးရဲ့"

သရဖီက ဝင်ပြောသည်။

"အေးဟာ၊ မမမိုးတောင် ကျောင်းဆရာမ မလုပ်ဘဲ ဒီဆိုင်မှာ လာလုပ်ချင်ပြီ"

"လာလေ၊ ဒါမှ မမကဥ္စနာက ထခုန်မှာ၊ မမမိုးကို သိပ်ချစ်တာ"

ရယ်မောနှုတ်ဆက်ရင်း မိုး ပြန်သွားပါတော့သည်။

မိုး မိဘများ နိုင်ငံခြားသို့ ထွက်ခွာသွားသည်နေ့က ကဥ္စနာ လိုက်မပို့ခဲ့ပါ။ အစကတည်းက မိုးကို ချွေးမ တော်ချင်ရသည့်အထဲ မိုး ဒက်ဒီက နိုင်ငံခြားကြီးများတောင် သွား၍ အလုပ်လုပ်ရပြန်သည်ဆိုတော့ ဒေါ်တင်တင်စိုးတစ်ယောက် အဘယ်မျှ ဖျားနာခေတ် နေပါမည်နည်း။ ခြေမကိုင်မိ လက်မကိုင်မိ၊ ဘာမျှ မကိုင်မိအောင် သဲသဲလှုပ်ပြနေမည့် ပုံစံကို အတွေးနှင့်ပင် မြင်ယောင်မိပါသည်။

"တိုးရေ ... ပိုစတင်ကျပြီ၊ ဖျာပုံတဲ့"

"ဟာကွာ ... ရန်ကုန် မရဘူးလား"

"မိုးက စလျှောက်ကတည်းက စေလိုရာစေလို့ ရေးထားတာ"

"ခုပြောနေတာ ... ကလေးတို့ရဲ့ ... စာပြတဲ့ဆရာမ — ဆရာမ ... ကလေးတို့ရဲ့ ဆရာမ"

ကဥ္စနာက သီချင်းကလေး ဆိုပြသည်။

"လိမ္မာတဲ့ ကလေးတွေ ဆိုရင်တော့ မိုးက အဲဒီ သီချင်းကို ဆိုပြမှာပေါ့၊ ကလေးတို့ရေ ... လာကြ၊ လာကြ — ကြားလိုက်အောင် ... နားစိုက်ထောင်ကြ"



"မလိမ္မာတဲ့ ကလေးဆိုရင်ယော ဘယ်လို ဆိုပြမလဲ"

"ကလေးတို့ရေ ... လာကြ၊ လာကြ ... ကျားကိုက်အောင် ကျားဖင်နှိုက်ကြ"

နှစ်ယောက်တည်း ရယ်သံပေမင့် ဝါးခနဲ ဖြစ်သွားသည်။

မိုးမိုးဆင့် ဖျာပုံ မပြောင်းခင် တစ်နေ့မှာ သူငယ်ချင်း ...ယောက် တစ်နေ့ကုန် စကားတွေ ထိုင်ပြောဖြစ်ကြသေးသည်။ ...ပြောင်းသည့်နေ့ကျတော့ သင်္ဘောဆိပ်သို့ ဆင်းမပို့တော့ပါ။ မိုးမိုးဆင့် ... တားသည်။ ဒေါ်တင်တင်စိုးက ခွာချ၍ မရအောင် ကပ်နေသည်မို့ ...း မလိုက်နိုင်တော့ဟု ဆိုသည်။ အစပိုင်းတော့ တစ်ဦးနှင့်တစ်ဦး ...ပေးစာယူ အဆက်အသွယ်က သိပ်မပြတ်ခဲ့ကြ။ နောက်ပိုင်းကျတော့ ...ဥ္စနာက ဗိုလ်ချုပ်ဈေးသို့ ဆိုင်ပြောင်းရသည့် ကိစ္စများ၊ လုပ်သား ...ကာလိပ် တက်ရင်း တစ်နှစ်တစ်တန်း မှန်မှန်အောင်ဖို့အရေး ...ကျက်ရသည့် အချိန်များ၊ အလုပ်နှင့် လက်နှင့် မပြတ်အောင် ...ပ်နေရသည့် ဗာဟီရများကြောင့် စာချင်း အဆက်အသွယ် ဝေးခဲ့ ...ပါတော့သည်။

ယခု မိုး မင်္ဂလာဆောင်တော့မှပဲ၊ သူငယ်ချင်းချင်း ...ပြန်တွေ့ရတော့သည်။ မိုးနှင့် လက်ထပ်သူက ဗိုလ်ကြီးဝင်းသော်ဦး ...တဲ့၊ ဒေါ်တင်တင်စိုး၏ သားကြီး၊ သန္တာဦး၏ အစ်ကိုကြီး၊ ကဥ္စနာ ...ဝမှာ ပြန်လည် တွေးဆခြင်းပင် မပြုချင်တော့ပါသော အတိတ်ဆိုးမှ ...လုံးသားအနှမ်း၏ အချစ်ဟောင်း ... "သူ" နေသွေးဦး၏ အစ်ကို ...ကြီးပါပဲ။

မိုးနှင့် ပြန်လည်ဆုံတွေ့ရခြင်းသည် အချစ်ရေးစ [illegible] မြားစွာ ကုန်လွန်ခဲ့ပြီဖြစ်သော နှလုံးသားမြို့ဟောင်းကို ပြန် [illegible] တူးဆွမိသကဲ့သို့ ဖြစ်ရပါ၏။ ယိုယွင်းပျက်စီးခဲ့ပြီဖြစ်သော အ [illegible] စံနန်းတော် ဟောင်းကြီးဆီသို့ ပြန်လည် ငေးမျှော်ကြည့်မိသည့် [illegible] ဖြစ်ရပါလေသတည်း။



အတိတ်အိမ်မှ နိုးထခြင်း

မရည်ရွယ်ပဲလေ တွေ့ခဲ့သူ —
မမျှော်လင့်ပဲလေ ကွဲခဲ့သူ —
ငယ်ငယ်က ကိုင်ဇာချစ်သူ —

သီချင်းသံ ဆုံးသွားတော့မှ အတိတ်အိမ်မှ နိုးထမိပါသည်။ သီချင်းပြီးဆုံးသွားချိန် မိမိကိုယ်မိမိ ပြန်လည် သတိထားမိချိန်မှာ ပါးပြင်ပေါ်မှ မျက်ရည်နွေးနွေးများကို ခံစားမိရပါ၏။ မငိုပါဘူး။ မငိုချင်ဘူး။ မငိုတော့ဘူး ဆိုပေမဲ့ ခံစားမှု ဟူသည် နှလုံးသားကို အစဉ်အမြဲ ရိုက်ပုတ် ညှဉ်းဆဲတတ်သည်သာတကား။

ကဋ္ဌနာ အနေနှင့် "ငယ်ငယ်က ကိုင်ဇာချစ်သူ" ဟူသည့် စကားလုံးအစား "ငယ်ငယ်က ကဋ္ဌနာချစ်သူ" ဟူ၍ ပြောင်းလဲ သီဆိုချင်မိပါတော့သည်။

မိုးသာ မင်္ဂလာမဆောင်ဖြစ်ခဲ့လျှင် ဆောင်ဖြစ်သည့်တိုင် ဒေါ်တင်တင်စိုး၏ သားကြီးနှင့် မဟုတ်ခဲ့ပါလျှင်၊ ဟုတ်သည့်တိုင် ကဋ္ဌနာထံသို့ အလုပ်ပြုပြင်ရန် ရောက်မလာခဲ့ပါလျှင်၊ ကန်ရေပြင်သည် ငြိမ်သက်မြဲ ငြိမ်သက်ဆဲသာ ဖြစ်နေပါချေမည်။

"မမကဥ္စနာ"

ညီမရင်းသဖွယ် သံယောဇဉ်ကြီးရှာသူ သရဖီ၊ တစ်ချိန်က နှင်းနုလေးက အသံပေးပြီးမှ ခန်းဆီးနားမှ ရပ်လာသည်။ ကဥ္စနာ ပါးပြင်ပေါ်မှ မျက်ရည်စများကို လက်ခုံကလေးနှင့် ကမန်းကတန်း ပွတ်ပစ်ရသည်။

"နေကောင်းရဲ့လားလို့ပါ"

"ဪ ... ကောင်းပါတယ် သရဖီ၊ ဓာစ်လလုံးမှာမှ တင်ရက်တည်း အနားယူတာဆိုတော့ စိတ်ရှိလက်ရှိ နားနေမိတာ"

"သံပရာရည် သောက်မလား မမ"

စင်စစ် မည်သည့် အာဟာရ တစ်မျိုးမျိုးကိုမှ စားချင်စိတ် သောက်ချင်စိတ် မရှိ။ မည်သူတစ်ဦးဦးနှင့်မျှလည်း စကားပြောချင်စိတ် မရှိ။ ဘာတစ်ခုမျှလဲ ထလုပ်ချင်စိတ် မရှိ။ ရှိသမျှ ခွန်အားတွေ အကုန်လျှော့ချကာ အိပ်ရာထက်မှာ ခွေခွေကလေးပဲ နေချင်မိသည်။

ကဥ္စနာထံမှ အဖြေထွက်မလာသောကြောင့် သရဖီက တစ်မျိုးပြောင်းမေးပြန်သည်။

"ခရမ်းချဉ်သီး ဖျော်ရည်ဆိုရင်ရော"

မဖြေမချင်း တစ်ခုမဟုတ် တစ်ခု၊ တစ်ခုပြီးတစ်ခု မေးနေတော့မည်မို့ ကဥ္စနာ ခေါင်းညိတ်ပြလိုက်သည်။ သရဖီက သူ့ မမကို ကြင်နာစွာ လှမ်းကြည့်ပြီးမှ ပြန်လှည့်ထွက်သွားသည်။ မမမိုး လာကတည်းက မမကဥ္စနာ ရင်ထဲက ဒဏ်ရာဟောင်းတို့ အနာယဉ်းတော့မည်မှန်း အဆိပ်တက်တော့မည်မှန်း သရဖီ သိပြီးသား ဖြစ်နေခဲ့ပါလေသည်။

"ခရမ်းချဉ်သီးဖျော်ရည် ရပါပြီ မမ"



ကဥ္စနာ လဲလျောင်းနေရာမှ ထသည်။ သောက်ချင်စိတ် မရှိလှပေမင့် တစ်ဖက်သား၏ စေတနာကို လေးစားရပါမည်။ ခရမ်းချဉ်သီးဖျော်ရည် ချိုချိုချဉ်ချဉ်ကလေးကို အားပါးတရ သောက်ပြလိုက်ပါ၏။

"သောက်လို့ကောင်းရဲ့လား မမ"

"ကောင်းပါတယ်ကွယ်၊ ကျေးဇူးပဲ"

ကဥ္စနာက ဖန်ခွက်ကို သရဖီ လက်ထဲသို့ လှမ်းထည့်သည်။ သရဖီက ခြေစုံရပ်လျက် လက်ထဲမှာ ကိုင်ထားဆဲနှင့် မမကဥ္စနာ မျက်နှာကို ငုံ့ကြည့်နေသည်။ အခန်းပြင်သို့ ထွက်မသွားသေးဘဲ ဖန်ခွက်ကို မှန်တင်ခုံပေါ်သို့ တင်ကာ မှန်တင်ခုံရှေ့မှ ဆိုဖာပုကလေးပေါ်မှာ သရဖီ ထိုင်သည်။

"မမမိုး လာပေးသွားတဲ့ ကတ်ဘူးလေး၊ ဒီမှန်တင်ခုံထဲမှာပဲ ရှိသေးတယ် မမ"

စိန်တစ်ဆစ်၊ ပုလဲတစ်ဆစ်၊ လုပ်ထားသည့် ဂဏ္ဍည်းခွဲနှင့် အတူ တစ်ဆင်စာလုံးပါဝင်သော ကတ်ဘူးကလေးကို ထုတ်ယူကာ ကဥ္စနာ ရှေ့မှာ ဖွင့်ပြသည်။ ကဥ္စနာက ဝတ္တရားကျေ လှမ်းကြည့်သည်။ စိတ်မဝင်စားပါ။ မက်မောတွယ်တာလိုစိတ် ကင်းသည်။

"ထားလိုက်ပါ သရဖီ၊ နောက်မှ သိမ်းတာပေါ့"

စိန်ဘူးကြီးတစ်ဘူးလုံး အပေါ်မှာ ပစ်စလက်ခတ် သဘောထားနေသည့် မမကဥ္စနာကို သရဖီ နားမလည်နိုင်စွာ ငေးကြည့်မိသည်။

"သရဖီရေ ... ဗြူတီပါလာကလေးတစ်ခု ဖွင့်နိုင်ဖို့ အရေးမှာ ကိုယ့်ကို ချစ်လှချည်ရဲ့ဆိုတဲ့သူရဲ့ စိန်လက်စွပ်ကလေး တစ်ကွင်းကို အရင်းအနှီးပြုခဲ့မိတယ်၊ အဲဒါနဲ့ မက်ကာမိအောင်

အပြောခံရတာလည်း သရဖီ အသိသား မဟုတ်လား၊ ဒီစိ
တွေ ရွှေတွေကို လူတစ်ယောက်ရဲ့ ကိုယ်ကျင့်သိက္ခာ၊ အရည်
အချင်းနဲ့ တန်ဖိုးချင်း ယှဉ်လို့ရမတဲ့လားကွယ်"

"မမရယ် ... ပြီးခဲ့တဲ့ကိစ္စတွေကို"

ကဥ္စနာက ခေါင်းဖလေး ယမ်းသည်။

"ကိုယ့်ကို နှစ်ပြားမတန်အောင် အပြောခံခဲ့ရကတည်းက
စိန်တွေ ရွှေတွေကို စိတ်နာခဲ့တာ၊ ဒီလူတွေ ဒီလောက်
မက်တဲ့စိန် ငါဖိနပ်သည်းကြိုးမှာ စီနိုင်အောင် ကြိုးစားမယ်
ဟဲ့ ... လို့"

"အခုလည်း မစီကောင်းလို့သာပါ၊ စီချင်ရင် စီနိုင်သားပဲ"

"ကိုယ်လိုချင်တာ ဖြစ်အောင်လုပ်နိုင်ပြီးတော့လည်း အလကား
ပါပဲ၊ စိန်ပုံပေါ်မှာ အိပ်နိုင်စေဦးတော့ လူတစ်ယောက်ရဲ့
ဘဝမှာ စိန်ပုံကြီးဟာ အရေးကြီးတဲ့အခန်းကဏ္ဍက မပါဝင်
ပါဘူး"

"ဟို ... မမ"

သရဖီက စကားမဆက်ရဲ။ မေးလည်း မေးချင်သည်
မို့ တွန့်ဆုတ်ဆုတ်လေး ဖြစ်နေရသည်။

"ပြောလေ သရဖီ"

"ဟို ... မမကဥ္စနာ စိတ်ဆိုးမှာစိုးလို့"

"စိတ်ဆိုးမှာ ဆိုးရင်လည်း မပြောနဲ့လေ"

"ဟင်"

ကဥ္စနာက ဟက်ဟက်ပက်ပက်ကလေး ရယ်သည်။

"ပြောပြန်ရင်လည်း စိတ်ဆိုးမှာစိုးတယ်၊ မပြောဘဲလဲ မနေနိုင်
ဘူး၊ အဲဒီလိုလား"



"ဟုတ်ကဲ့"

သူ့အတွင်းစိတ်ကို ထွင်းဖောက်သိမြင်နေသည့် ကဥ္စနာ
ကို သရဖီ ချစ်အားကိုးသည့်ပုံနှင့် ရင်းရင်းနှီးနှီး ကြည့်သည်။

"မနေနိုင်ရင်လည်း ပြောပေါ့၊ စိတ်ဆိုးရင်လည်း ခံလိုက်ပေါ့၊
ဘာမှဆို ပြတ်သားရမယ်လို့ မမ ပြောထားတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"အောင်မြင်ချင်တဲ့ လူတိုင်းဟာ တက်လမ်းကို ကြိုးစားရာမှာ
ပြတ်သားခြင်းသည် အဓိကလှေကားထစ်ပဲလို့ မမပြောတာ
မေ့သွားပလား"

"မမကဥ္စနာကို မေးချင်တာပါ"

"မေးလေ"

"ဟို ... အစ်ကိုနေသွေး"

"ဩော် ... သူ့အကြောင်းလား၊ သူ့အကြောင်း နာရေးကြော်
ငြာနဲ့ မင်္ဂလာဆောင်သတင်း၊ သတင်းစာထဲမှာ မတွေ့မိ
သေးဘူး"

သရဖီက ခစ်ခနဲ ရယ်သည်။ ကဥ္စနာကလည်း ပြုံး
ပပကလေး လုပ်နေသည်။ စောစောတုန်းကတော့ ရင်ထဲမှာ နင့်နေ
အောင် ဆွေးကျသွားခဲ့ရသည်။ ခုတော့လည်း ကဥ္စနာ ဖြေသာပါပြီ။
သည်နှယ် ... ဖြေလာခဲ့သည်မှာ နှစ်ပေါင်းပင် ကြာတောင်းကြာလှ
ပေါ့။

"အစ်ကိုနေသွေး ဘာဖြစ်နေလဲလို့ပါ"

"ရုံးမှာ အရာရှိတစ်ယောက်ပဲ"

"လခ ဘယ်လောက်ရမလဲ မသိဘူးနော်"

"ခြောက်ရာ၊ ခုနစ်ရာလောက် ရမှာပေါ့"

"အင်း ... မမကဥ္စနာ တစ်နေ့လုပ်စာပဲ ရှိတယ်"

သရဖီက နှာခေါင်းလေးရှုံ့၍ပြောသည်။ အစတုန်း တော့ အစ်ကိုနေသွေးကို သရဖီ ခင်ခဲ့ပါသည်။ မမကဥ္စနာ အ မှာ စိတ်ဆိုးမဲ့နှီဆိုးနှင့် အဆက်ဖြတ်သွားတော့လည်း သူ့မဟ လိုက်၍ နာကြည်းမိပါသည်။

"ဪကွယ် ... ဘာပဲဖြစ်ဖြစ် သူတို့က မျိုးရိုးနဲ့ချီပြီး ဆောင်းခဲ့ကြတာပဲ၊ ပန်းမွေ့ရာရွှေကော်ဇောပေါ်မှာ ကဥ္စ ဖိနပ်နဲ့ နင်းလျှောက်ခဲ့ကြတဲ့ သူတွေပါ"

"အမယ် ... အခုတော့ မမကဥ္စနာက သူတို့ထက် အများ ပိုချမ်းသာနေပါပြီ၊ သူတို့ ဝင်ငွေဆိုလို့ ဘယ်မှာ ဟုတ် ပတ်တိ ရှိလို့လဲ"

"ဘာပဲဖြစ်ဖြစ် တိုးတိုး ဆိုတာ ဆွေမျိုးလို့ထင်ပြီး အ နေမိတဲ့ သူတွေရဲ့ ထဘီကိုတောင် လျှော်ပေးလာခဲ့ မိန်းကလေး၊ ဘဝဆိုတာ မမှေကောင်းဘူးကွယ့် နှင်နှ ရဲ့"

ကဥ္စနာက နှစ်ဦးတည်းမို့ နှင်းနုလေးဟု ချစ် ခေါ်သည်။

"အစ်ကိုနေသွေးထက်သာတဲ့ သူကို ခေါင်းခေါက်ယူဖြ စမ်းပါ မမရယ်၊ ဒေါ်တင်တင်နိုးကြီးကို မခံချင်လို့"

"အဲဒီတုန်းက မမ အသက်ဆယ့်ရှစ်၊ ဆယ့်ကိုးလော ရှိဦးမယ် ထင်တယ်၊ ဆယ်ကျော်သက်တုန်းကတော ရှူးရှူးမိုက်မိုက် မလုပ်ခဲ့တာ၊ ခုကျမှတော့"

"အမယ် ... မမကဥ္စနာ ပြောပုံကြီးကလည်း ကိုယ့်ကိုယ် အဘွားကြီးကျနေတာပဲ"



"ဟဲ့ ... နှစ်ဆယ်ကျော် အစိတ်ပိုင်းဆိုတာ အရွယ်တော် တဆိတ်ဟိုင်းသတဲ့"

"ဘဝဆိုတာ အသက်လေးဆယ်မှ စတာပါ မမရ၊ အခုဆိုရင် မမကဥ္စနာက ဘဝကို စဖို့ ဆယ့်ငါးနှစ်ကြီးများတောင် လို သေးတာ"

"ကတ်သီးကတ်သတ် ပြောတဲ့ ကောင်မလေး"

သရဖီ၏ တွတ်တီးတွတ်တာ စကားကလေးများ ကြောင့် ကဥ္စနာ ကိုယ်တိုင် ပျော်လာရတော့သည်။

ရင်နှသူ၏ အလွမ်းတေး

"ကျွန်တော်တို့ မနက်ဖြန် အမြန်ရထားနဲ့ ပြန်မယ်"

ဟူသည့် အသံကြောင့် ဒေါ်တင်တင်စိုး၏ အလွှာ ပင့်ကူမျှင်ကလေးများ ရုတ်တရက်ကြီး ပြတ်တောက် သွားရသည်။ 'သြော် ... ဘဒ္ဒကဠနာဆိုတာ ... တိုးတိုးကိုး' ဟူသည့် အတွေးကလေး ကို နိဂုံးချုပ်ခွင့် မရလိုက်တော့။

ငယ်စဉ်ကတည်းက 'မာမီ' ခေါ်ပါဟု အကြိမ်ကြိမ် သွန်သင်ခဲ့သည်။ သားငယ် နေသွေးဦးနှင့် သမီးထွေး သန္တာဦးတို့ ကသာ ခေါ်ခဲ့သည်။ သည်သားကြီး ဝင်းသော်ဦးကဖြင့် 'မေမေ' မှ တစ်ပြားမှ မလျှော့ခဲ့ပါ။

"နေသွေးရော ဘယ်တော့ ပြန်မလဲ"

"မပြန်ရတော့ဘူး ကိုကြီး၊ ရန်ကုန်ကို ထရန်စဖားရတယ်"

"ဟော ... ငါက ငါ့မင်္ဂလာဆောင်အတွက် ခွင့်နဲ့ လာတာလား လို့"



"ထရန်စဖားက ကိုကြီး မင်္ဂလာမဆောင်ခင် နှစ်ပတ်လောက်က တည်းက ထွက်တာ"

"ကိုကိုကြီးရော၊ မမမိုးရော၊ သန္တာ ကွန်ဗိုကေးရှင်း ကျရင်တော့ ရန်ကုန်ဆင်းခဲ့ကြနော်"

"ငါကလည်း ရှေ့တန်းထွက်ချင် ထွက်နေရမှာ"

"ဟင် ... ကြည့်ပါလား၊ ခုတည်းက မသေချာတော့ဘူး"

"မီသန္တာရယ် ... နင် တစ်ခုခု ပူဆာချင်လို့ မှာနေတာ မဟုတ် လား၊ ငါ ရိပ်မိသားပဲ"

"အမယ် ... ကိုကိုလေးက၊ လူပျိုသာဆိုတယ် ဘယ်တုန်းက များ ပိုက်ဆံပို့ဖူးလို့လဲ၊ အိမ်က ပြန်မပို့ရတာ ကံကောင်း၊ သူ့ဖြင့် ဆယ့်နှစ်ရာသီ ဘကြိုင်"

"ကြုံတုန်း ဆုံးမသွားဦး သားကြီးရေ၊ မင်းဒက်ဒီလည်း ဒီ နှစ် ပင်စင်ယူပြီ၊ အိမ်မှာ ဝင်ငွေကနည်း၊ ထွက်ငွေကများ ဖြစ်နေတာ၊ သားငယ်ကို မာမီလည်း နည်းနည်းပါးပါးပြန် ထောက်ပါဦးလို့"

"သားကြီးရယ် ... မင်းမိန်းမက သူဌေးသမီးပဲ၊ မာမီ ဆီ အရင်လိုပဲ ငွေပို့ပါဦးနော်" ဟု မှာချင်သည်။ ချွေးမရှေ့မှာဆို တော့ ခက်နေသည်။ သားငယ်နှင့် ပတ်သက်ကာ ရိပ်ဖမ်းသံဖမ်းပဲ ပြောရသည်။

"ဟုတ်သားပဲ၊ နေသွေးက လျှော့သုံးဦးမှပေါ့ကွ၊ တစ်ယောက် တည်း ငါးရာကုန်နေရင် မင်းမိန်းမရတော့ ဘာနဲ့ကျွေးမှာလဲ"

"မကျွေးရအောင် မယူဘဲနေမှာပေါ့ ကိုကြီးရ"

ဝင်းသော်ဦးက ကဠနာ အကြောင်း ပြောပြချင်လွန်းလှ သည်။ အစတုန်းက သူသိခဲ့ရသည့် ဇာတ်လမ်းက တစ်မျိုး။

"သားငယ် နေသွေးလေ၊ ပေါက်လွတ်ပဲစား

မလေးတစ်ယောက်နဲ့ ကြိုက်လို့၊ အဲဒီကောင်မလေးဆီ သွား

ပြောင်ပြောင်ကြီး တားခဲ့ရတာ"ဟူ၍ မေမေ ပြောစဉ်က မည်

သော ကောင်မလေးမှန်း သူ မသိခဲ့။ အိမ်နှင့်ကလည်း အလှမ်း

နေရသည် မဟုတ်လား။

"သိပ်ပြီးတော့ ရက်ရက်စက်စက် မလုပ်လိုက်ကြ

သူများ အသည်းနှလုံးကို ကွဲကြေဖို့၊ မေမေတို့သားရဲ့ အသည်း

နဲ့ ဖိချေရရင် ဘယ်ဟာမှ အကောင်းကျန်မှာ မဟုတ်ဘူး"ဟု

စာရေးဖြစ်ခဲ့သေးသည်။ ခုတော့ သူ မြင်တွေ့ခဲ့ရသည့် "ပေါက်

ပဲစား"ဆိုသည့် ကောင်မလေးမှာ ဣန္ဒြေ၊ အကျင့်သိက္ခာ၊ မိုး

ကြီးစားပုံများ၊ နှုတ်ခမ်းကို တင်းတင်းစေ့ကာ လောကစံကို

ရင်ဆိုင်ပုံများအပြင်၊ မိုး သူငယ်ချင်းအဖြစ်၊ ဖြစ်ကြောင်း

ကုန်စင်ကို တဝကြီး သိခဲ့ရလေတော့ လွဲချက်ကယ် နှာလိုက်

ဟု နမြောမိလေသည်။

ကဋ္ဌနာ အရည်အသွေးကို မြင်လိုက်ကတည်း

လေးစားအထင်ကြီးမိလေသည်။ သို့ပေမင့် သူ့ညီတစ်လုံးလုံ

ကဋ္ဌနာ တစ်ရက်ဝင်ငွေကိုပင် မမီတော့သည့် အချိန်မှာ "

ရေ ... ရအောင်ပြန်ကပ်ကွ"ဟူ၍ အဘယ်မှာ ပြောလို့ထွက်

တော့မည်နည်း။ မတော်လိုက်ရပါသည့် "ခယ်မ"ကလေးအ

အသိနောက်ကျလေခြင်း။

"ကိုကြီး ... မိုးမိုးနဲ့ ကျွန်တော်နဲ့ နှစ်ယောက်တည်း

ပြောချင်လို့ ခြံထဲခဏဆင်းမယ်နော်"



"အမယ်လေး ... တော်လိုက်တဲ့ သားငယ်၊ လိမ္မာ

လိုက်တဲ့ ငါ့သားလေး"ဟု ဒေါ်တင်တင်စိုး ကျိတ်၍ ဝမ်းသာသွား

သည်။ ရင်ဘတ်စုံ ဖိပစ်လိုက်ချင်စိတ်ကိုပင် အတော်ကြီး မျိုသိပ်

လိုက်ရပါသည်။ မိုးမိုးဆင့် မရှိမှ သူ့သားကြီး ညရသကို သူပြော

ချင်တာများ လွတ်လွတ်လပ်လပ် ပြောနိုင်မည်။

"ဟေ ... ငါ မသိစေချင်တဲ့ အကြောင်းလား"

လူရှိုးကြီးက မျက်လုံးမျက်ဆန် ပြူး၍မေးသည်။

"ကိုကြီးကတော့ သိလို့ ဖြစ်ပါတယ်၊ မာမီတို့ရှေ့မှာ မပြော

ချင်လို့"

"မြတ်စွာဘုရား၊ ဘာများပါလိမ့်" သည်တစ်ခါတော့

ဒေါ်တင်တင်စိုး ဣန္ဒြေမဆည်နိုင်၊ ရင်ဘတ်ကို စုံဖိမိသည်။ သူ့

အကျင့်က ရင်ဘတ်ကို စုံထု၊ စုံဖိ အလွန်ဝါသနာပါလေသည်။

"ဒါဖြင့် ငါလည်း လိုက်ခဲ့မှာပေါ့"

"နေပါဦး သားရယ်၊ နေခဲ့ပါဦး၊ မာမီတို့လည်း စကားပြောလို့

မဝသေးပါဘူး၊ မင်းညီကလေး ပြောချင်တာ ပြောပါစေ"

မိုးမိုးဆင့်က ကဋ္ဌနာနှင့် ပတ်သက်၍ ပြောစရာ

စကားမရှိ။ မပြောချင်ပါ။ မထူးတော့သည့် အကြောင်းတစ်ခုအတွက်

ဝေဒနာသစ်များ မပေါက်ဖွားစေလိုပါ၊ သို့ပေမင့် သည်ယောက္ခမ

နှင့် ယောက်မရှေ့မှာ ကြာကြာနေလျှင် သဘောချင်း မကိုက်ညီတာ

တွေ ပြောမှား ဆိုမှား ဖြစ်မှာစိုးသည်။

နေသွေးနှင့်ကျတော့ "နင်"တစ်လုံး "ငါ"တစ်လုံး

ပြောချင်ရာ ပြော။

မိုးမိုးဆင့် ထိုင်ရာမှ ထသည်။

"ဟုတ်သားပဲ၊ ကိုက နေခဲ့ဦးမှပေါ့"

သူတို့သားအမိ၊ မောင်နှမချင်း ပြောချင်ရာ ပြောကြပါစေဟူ၍လည်း လွတ်လပ်ခွင့် ပေးခြင်းဖြင့် သဘောထားကြီးမှုကို ပြချင်သည်။

"ဒါပေမဲ့ ခဏကြာရင်တော့ ဖက်စ်အိတ်ဒ်ဆေးသေတ္တာကလေးယူပြီး ခြံထဲဆင်းလိုက်လာခဲ့နော်"

"ဘာဖြစ်လို့လဲ"

"နေသွေး ပြောမဲ့ စကားကို မိုး သိပြီးသားပဲ၊ အဲဒီအကြောင်းကို မိုးနဲ့ နေသွေးနဲ့ မဆွေးနွေးခဲ့တာ၊ ငါးနှစ်ခြောက်နှစ်ရှိနေပြီ၊ အခုနေ ပြန်ပြောရင် တုတ်ထမ်း ဓားထမ်း ပြောကြမှာ၊ ထ,သတ်တန်ရင်လည်း သတ်ရမယ်"

ဝင်းသော်ဦးက တဟားဟား ရယ်သည်။ သန္တာဦးအမျက်နှာပျက်ကာ ဒေါ်တင်တင်စိုးက သူ့ဝါသနာအတိုင်း ရင်ဘတ်ကိုဖိလိုက်မိပြန်သည်။ ဦးဘဦးကတော့ ဘာတွေများပါလိမ့် ဟူ၍ တွေးမရသောကြောင့်မျက်မှောင်ကုတ်သွားရသော်လည်း ဆေးပြင်းလိပ် အခဲမပျက်ပါတကား။

မိုးမိုးဆင့်နှင့် နေသွေးဦးတို့ ခြံထဲသို့ ဆင်းလာခဲ့ကြသည်။ နေသွေးဦးက ကြိမ်ခွေးခြေကလေးနှစ်လုံးကို ဆွဲယူလာသည်။ ဝေးဝေးလံလံ မသွားဘဲ ပေါ်တီကိုအစပ် နှင်းဆီအိုးများနားမှာထိုင်ဖြစ်ကြလေသည်။

"ကဲ ... ပြောတော့ နေသွေး၊ ရောဂါဟောင်း ပြန်ထသလား"

"အင်း"

နေသွေးဦးက မချိသွားဖြဲ ရယ်သည်။

"နင့်သူငယ်ချင်းက ဆဲရာနဲ့ ဘာဖြစ်လို့ လက်မထပ်ကြတာလဲ"



"ဟ ... နင်တို့ကွဲမဲ့နေ့ပဲ၊ ဆရာလည်း သင်္ဘောလိုက်သွားတာ၊ ဒီကြားထဲ တစ်ခေါက်မှ ပြန်မလာသေးဘူး"

"သူတို့ချင်း အဆက်အသွယ်တော့ ရှိမှာပေါ့"

"အလှပြင်ဆိုင်အတွက် လိုအပ်တဲ့ပစ္စည်းတွေ ခဏခဏ ဝယ်ပို့နေတယ်တဲ့"

"ပြန်မလာတော့ဘူးလား"

"လာမယ်၊ ရှေ့လလောက်များ ရောက်မလား မသိဘူး"

"သူတို့ ယူဖြစ်ကြမှာလား"

"မပြောတတ်ဘူး"

"နင်က မမေးဘူးလား"

"မေးသားပဲ"

"ဘာတဲ့လဲ၊ နင်က ဘယ်လိုမေးလို့လဲ၊ အမယ်လေး ... စုံစုံစေ့စေ့ ပြောစမ်းပါဟာ၊ တစ်ခွန်းချင်း မေးနေရတယ်"

"သူ့အကြောင်း နင်နဲ့ ငါနဲ့ ပြောစရာစကား မရှိဘူးထင်တယ်၊ နေသွေး ဇာတ်လမ်းက နိဂုံးချုပ်ခဲ့ပြီ"

"ငါ့ဘက်က မှားတယ် လွန်တယ် ထင်ပြီး ငါ့ကို စိတ်ဆိုးနေတယ်ပေါ့၊ ဟုတ်လား မိုးမိုး"

"အားမနာတမ်းလား"

"ပြောစမ်းပါဟာ၊ ကြိုက်သလောက်ပြော၊ နင်နဲ့ ငါနဲ့က သူငယ်ချင်း မကတော့တာ၊ မရိုးနဲ့ မတ်တောင် ဖြစ်နေပြီ"

"နင် လွန်တယ်၊ နင် မှားတယ်၊ နင် မိုက်တယ်"

"အမယ်လေး ... စွဲချက်ကလည်း ပြင်းထန်လှချည်လား"

"အဲဒီတုန်းကတည်းက နင် တိုးကို အဆက်ဖြတ်မပစ်သင့်ဘူး၊ နင့်အမေနဲ့ နင့်ညီမက ဓော်ကား မော်ကား သွားမပြောသင့်ဘူး"

"မာမိနဲ့ သန္တာ သွားကြတာ ငါ နောက်မှ သိတယ်"

"သိတော့ သွားမတောင်းပန်ဘူးလား"

"ဟင့်အင်း … ဆရာက တစ်နှစ်တန်သည် နှစ်နှစ်တန်သည် ကြာလို့ ပြန်လာရင် သူနဲ့ ဆရာနဲ့ ယူဖြစ်မှာပဲ ထင်လို့၊ နင်ကော မထင်ဘူးလားဟင်၊ ဆရာနဲ့ တိုးနဲ့ ချစ်နေကြတယ် မဟုတ်လား"

"ငါလည်း ထင်တာပဲ၊ အဲဒီတုန်းက ငါ မေးသေးတယ်၊ တိုးကတော့ ချစ်မနေဘူး၊ ဆရာကလည်း ချစ်တယ်လို့ ဖွင့်မပြောဘူး၊ သူ့ရင်ထဲ ရှိတာတော့ မပြောတတ်ဘူးတဲ့"

"ငါ မေးတုန်းကလည်း အဲဒီလို မရေမရာပြောလို့ ငါ ဒေါသထွက်တာ၊ တကယ်ဆို မဟုတ်ပါဘူး၊ ပြတ်ပြတ်ပြင်းပါလား"

"သွေးအေးအေးနဲ့ ပြန်တွေးကြည့် နေသွေး၊ တိုးက အမှန်ပြောရှာတာပဲ၊ ဆရာက ဂရုတော့ သိပ်စိုက်တာပဲ၊ ရိုးရိုးလား ဆန်းဆန်းလား ဘယ်သူ သိနိုင်မလဲ၊ တိုးဘက်က ရိုးတယ်ဆိုရင် လုံလောက်ပြီ မဟုတ်လား"

"သူက ဟိုကို သိပ်အားကိုးတာ"

"ဟဲ့ … ကိုယ့်ကို ဒီလောက်ကူညီ၊ ဒီလောက် ဂရုစိုက်တဲ့လူကို အားမကိုးလို့ ဘယ်သူ့သွားအားကိုးရမလဲ"

"ငါ ရှိတယ်"



"အဲဒီ ငါဆိုတဲ့ ပုဂ္ဂိုလ်ကြီးရဲ့ရှေ့မှာ အမေနဲ့ညီမက တံတိုင်းကြီးလို ကာနေတာကျတော့ကော၊ ပြောရတာ မကောင်းပါဘူးဟာ၊ ငါ့ယောက္ခမနဲ့ ငါ့ယောက်မ ဖြစ်နေပြီ၊ ဒီပြင်အကြောင်း ပြောစမ်း နေသွေးရာ၊ ဒီအကြောင်းတွေ မပြောချင်ဘူး"

"အခု ပြန်လာရင် လက်ထပ်မှာတဲ့လား၊ အဲဒါကို ပြောစမ်းပါဦး၊ သေသေချာချာ၊ နင်ကလည်း ဈေးကိုင်လိုက်တာ"

"ငါ မေးတယ်၊ ချစ်နေကြသလားလို့"

"အင်း … ဘာတဲ့လဲ"

"တစ်သက်လုံး ချစ်နေကြတာပဲတဲ့"

"အဲဒါ ဘာအဓိပ္ပာယ်လဲ"

"မသိဘူး၊ ငါက မေးတယ်၊ လက်ထပ်ကြမှာလားလို့"

"ဟုတ်ပြီ၊ ဘာတဲ့လဲ"

"ဆရာလည်း သူ့ချစ်သူနဲ့သူ လက်ထပ်မှာပေါ့တဲ့၊ တိုးချစ်သူကတော့ သေပြီတဲ့"

"သေလိုက်ပါတော့ဟာ"

နေသွေးဦးက သူ့နဖူးကို သူ့လက်ဝါးနှင့် ဖြန်းခနဲရိုက်သည်။

"ဒါဆို သူတို့ချင်းက ရိုးရိုးပေါ့"

"အခုအချိန်ထိတော့ ရိုးရိုးပဲ"

"နင့် စကားကလည်း"

"နင် စဉ်းစားကြည့်ပေါ့ နေသွေးရဲ့၊ တစ်ယောက်ကလည်း တစ်ယောက်ကို သိပ်ကြင်နာတယ်၊ ကျန်တစ်ယောက်က ပြန်အားကိုးတယ်၊ သွေးသားမတော်စပ်ကြဘူးဆိုရင် ဒီနေ့ထိ

ရှိနေသေးတယ်ပဲ ထားဦး၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ သံယောဇဉ်တွေ ပိုလာကြတော့မှာပေါ့၊ ဟိုက ပြန်လဲလာတော့ မယ် ဆိုတာ ဆန်းလာနိုင်တဲ့ လမ်းကြောင်းကြီးကို ဖြူးလို့"

"အစကတည်းက ဖြစ်နေတာဆို"

"ဘာဖြစ်နေတာလဲ"

"နင်ကလည်း ထူးစရာမရှိ ထူပြန်ပြီ၊ ညားနေကြသလားလို့ မေးတာပဲ"

"နင့်မေးခွန်းက နည်းနည်းနောက်ကျသွားတယ်၊ သိပ်တော့ နောက်မကျပါဘူး၊ ခြောက်နှစ်လောက်ပဲ"

"အရေးထဲ မခနဲ့စမ်းပါနဲ့ဟာ"

"တိုး ဆိုတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ကိုယ်ကျင့်တရားတို လေးစားတယ်ဆိုရင်၊ ကိုယ့်ဆရာသမားတစ်ယောက်ရဲ့သိက္ခာ ကို မတရား မစော်ကားချင်ဘူးဆိုရင် နင့်မေးခွန်းကို မေး စရာမလိုဘူး၊ ညားနေရင် ယူကြမှာပေါ့ဟာ နေသွေးရယ်၊ နင့်ပါးစပ်မို့ ဒီစကား ထွက်ရက်တယ်"

"ဆူဇီနဲ့ ပြဿနာဖြစ်တော့လည်း ဆရာ့ဆီ သွားနေတာပဲ"

"တစ်ခြတည်းလို့ ပြောပါဟာ၊ နေတော့ တစ်အိမ်စီပါ"

"သဘော်မှာ ထမင်းဆိုင် ဖွင့်တော့လည်း နေ့နေ့ညည သွား အတူ လာအတူ"

"သူ့အမကြီး မသေသေးဘူးဟ"

"ဒါပေမဲ့ ..."

"နင် အဲဒီလို သံသယဖြစ်ခဲ့ရင် ဘာဖြစ်လို့ ချစ်ရေးဆိုခဲ့ သေးသလဲ"

"ချစ်တဲ့စိတ်နဲ့ မှုန်နေလို့၊ အဲဒါတွေ မတွေးမိခဲ့ဘူး"



"ဘာဖြစ်လို့ ဆက်မမှုန်ဘဲ ဒါတွေ တွေးလာရသလဲ"

"သူများတွေ ပြောလွန်းလို့"

"သူနဲ့ ကိုယ်နဲ့ နှစ်ယောက်တည်းဆိုင်တဲ့ ကိစ္စမှာ ဘေးလူ ပြောစကား နားယောင်တာ လူညံ့၊ သိရဲ့လား"

"ဖွင့်မေးတော့လည်း တိတိကျကျ မဖြေဘူး"

"ဖြေစရာ လိုသေးလား၊ ပါးရိုက်မလွှတ်တာ ကံကောင်း"

"ရိုက်မလို့ပဲ၊ ငါ ရှောင်လိုက်လို့"

"မရှောင်ဘဲများ ခံလိုက်ရောပေါ့ဟယ်၊ နင့် သံသယ မေး ခွန်းတွေက ပါးရိုက်တာနဲ့ တန်တယ် သိရဲ့လား"

"ငါ့မှာလည်း ငါးပြေမ ဆားပက်ထားသလို လူးနေအောင် ခံရတာ၊ နင် သိပါတယ် မိုးမိုးရာ"

"နင့်အပြစ်နဲ့ နင်ပဲ၊ ခံပေါ့၊ တကယ်ဆိုတော့ တိုးက နင်နဲ့ မတန်ဘူး၊ အစစအရာရာမှာ နင့်ထက် ပိုတော်တယ်၊ တိုးကို နင် စွန့်ခဲ့တာပဲဟာလေ၊ ဟို ... ဗိုက္ကြွရလုလင်က ဥဒုမ္ဗရဒေဝီကို ကံချင်းမမျှလို့ စွန့်ခဲ့သလိုပဲ"

"ပြောပါဟာ ... နင် ကြိုက်သလိုပြော"

"ပြောခွင့်ရှိလို့ ပြောရတာကိုး၊ ရိုက်ခွင့်များရှိရင် ထရိုက်ချင် တာ"

"ငါ့မှာ တိုးနဲ့ဝေးရတဲ့ ခြောက်နှစ်အတွင်းမှာ တစ်နေ့ကုန် အောင် ပျော်နေတဲ့နေ့ဆိုတာ တစ်နေ့မှ မရှိပါဘူး၊ ရန်ကုန် မနေချင်လို့ နယ်ပြောင်းသွားလည်း တစ်နေ့မှ မေ့လို့မရဘူး"

"လဲသေလိုက်ပါလား"

"အခုကျတော့လည်း သူက သိပ်ချမ်းသာနေပြီ"

"ဝိသေဟာရာဇ်မင်းကြီးကလည်း နိုင်ငံရပ်ခြား တိုင်းတစ်ပါးက ပြန်ကြွလာတော့မယ်လေ"

"အင်းလေ ... ငါ့ကုသိုလ်နဲ့ ငါ"

"ဟဲ ... လူမတန်ကံချ၊ အကာမတတ်၊ ဖျာစပ် အပြစ်တင်ဆိုတာ နင်လိုလူမျိုး"

"ကြိုက်သလို ပြောစမ်းပါ မိုးရာ၊ ရိုက်ချင်လည်း ရိုက်သွားပါ၊ ငါ့ရင်ထဲမှာလေ တိုးနဲ့ တိုက်ရိုက်စကားမပြောရပေမဲ့ တိုးရဲ့ အချစ်ဆုံးသူငယ်ချင်းနဲ့ တိုး အကြောင်း ပြောနေရတာကိုပဲ ပီတိ ဖြစ်နေရတဲ့ ဘဝပါ"

သည်လိုဆိုတော့လည်း နေသွေးဦးကို သနားသွားရတော့သည်။ မတ်တော်မောင်၏ မျက်နှာကို ခုမှ စေ့စေ့ကြည့်မိသည်။ ခြောက်နှစ်အတွင်းမှာ ရုပ်ရည်က သိသိသာသာကြီး ကျဆင်းသွားရှာသည်။ ကဋ္ဌနာ်ထက် တစ်နှစ်ကျော်ကလေး ကြီးသည်မို့ အလွန်ဆုံးရှိလှပါမှ နှစ်ဆယ့်ခြောက်၊ နှစ်ဆယ့်ခုနစ်။

ဝင်းသော်ဦးနှင့် ညီအစ်ကိုတော်ပါသည်ဟု လူစိမ်းများကို ပြောပြလျှင် နေသွေးဦးကိုပဲ အကြီးလား မေးကြလိမ့်မည် ထင်ပါသည်။

"ခက်တယ် နေသွေးရယ်၊ ငါ့မှာလည်း အခက်"

"ဘာဖြစ်လို့လဲ"

"တိုးက နင့်ကို သိပ်ချစ်ခဲ့တာတော့ ငါ ယုံပါတယ်"

"ငါက သိပ်ချစ်ခဲ့တာ မဟုတ်ဘူး၊ ခုထိ-သိပ်ချစ်နေတုန်း"

"နင်တို့ နှစ်ယောက်လုံးကို ငါ သံယောဇဉ်ရှိပေမဲ့ အခုချိန်ကျမှ ပြန်လည်စေ့စပ်ရေးကို ငါ မလုပ်ချင်တော့ဘူး"

"ငါကလည်း မရည်ရွယ်ပါဘူး"



"ဘာအဓိပ္ပာယ်လဲ ... နင်က"

"ဆရာနဲ့ သူနဲ့ ချစ်နေကြတယ်လို့ပဲ ငါ ထင်တယ်၊ သူတို့ချင်း မဖြစ်ခဲ့ဘူးပဲ ထားပါဦး"

"နင် ပြောမှုကြီးကလည်း"

"ဆရာကလည်း ကိုယ့်တပည့်ကလေးမို့ ဖွင့်မပြောပေမဲ့ ရင်ထဲကတော့ ချစ်နေမှာပဲ"

"အေး ... အဲဒီလိုတော့ ငါလည်း ထင်တယ်"

"တကယ်တော့ ငါက သက်သက်မဲ့ ကြားထဲက လူရှုပ်"

"ဟင်"

"ဟုတ်တယ်လေ၊ ငါက အတင်းဝင်ချစ်လို့ တိုးက ပြန်ချစ်တော့လည်း ဆရာ့အတွက် လမ်းမရှိတော့ဘူး မဟုတ်လား၊ အစကတည်းက ငါသာ မပါခဲ့ရင် ခုလောက်ဆို သူတို့ချင်း ပြေလည်ကြပါပြီ"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့"

"အဲဒီတော့ ဆားထွက်တိုင်လက်စနဲ့ ပွဲကြည့်ပရိသတ် လုပ်တာပဲ ကောင်းပါတယ်၊ ဒါပေမဲ့ ငါ့မှာ မချိတင်ကဲ ခံစားရပါတယ်ဟာ"

"ငါကလည်းလေ ..."

မိုးမိုးဆင့် တကယ်ပဲ စိတ်မကောင်းစွာ ခံစားရရှာသည်မို့ ဝမ်းနည်းသံလေး စွက်လာရသည်။

"အဲဒီတုန်းကတည်းက တိုးက စိတ်ပြတ်တယ်ဟ၊ သူ့စိတ်လည်း နင် အသိသားပဲ၊ သိပ်ထက်တာ၊ ငါကလည်း တိုးဘက်က လိုက်နာမိတယ်၊ တိုးဘက်ကနေပြီးတော့ ဒီယောက်ျားမနဲ့ ဒီယောက်ျားမျိုး တိုးကို မရစေချင်ဘူး"

ပြောမည့်သာ ပြောရသည်၊ သည်စကားက ယခုအခြေ
အနေနှင့်ဆိုလျှင် မိုးမိုးဆင့် အတွက် တော်တော်ခွကျကာ အပြော
ခက်လှသည်။

"ခုကျတော့လည်း ငါကိုယ်တိုင် ယောက္ခမနဲ့ယောက်မ တော်
စပ်သွားရပြီ မဟုတ်လား၊ အဲဒီ အခြေအနေမျိုးရယ်၊ တိုးအ
သိပ်ချမ်းသာ၊ သိပ်ဝင်ငွေကောင်းနေတော့တာရယ်၊ တိုးဘက်
က အမှားဆိုလို့ ဘာတစ်ခုမှ မရှိခဲ့တာရယ်၊ ဒါတွေအားလုံး
ပေါင်းလိုက်တော့ တိုးရယ် စိတ်ကိုလျှော့လိုက်ပါ၊ နေသွေးတို့
ပြန်စဉ်းစားပါဦး ဆိုတာမျိုးက ပြောလို့ကောင်းတဲ့စကား
မဟုတ်တော့ဘူး၊ နင်ကလည်း ငါ့မတ် ဖြစ်နေပြီ"

"ငါ နယ်မှာ မိန်းကလေး တော်တော်များများကို အတင်း
စိတ်ဝင်စားကြည့်မိသေးတယ်"

"အစားထိုးတာပေါ့လေ"

"အင်း"

"ယုံပါတယ်၊ နင်တို့ ယောကျ်ားတွေ ဒါမျိုးချည်းပဲ၊ တို
ကျတော့ နင်နဲ့ပတ်သက်ပြီး အသည်းကွဲရတဲ့ ဝေဒနာ
ရန်းကန်လှုပ်ရှားရင်းနဲ့ ဖြေသိမ့်ရရှာတာ"

"အစားထိုးကြည့်လည်း အလကားပဲလို့ ပြောမလို့ပါ၊ တို
အပေါ် ချစ်တဲ့ မေတ္တာမျိုးနဲ့ ဘယ်သူ့ကိုမှ ချစ်လို့မရဘူး"

"နင့်မာမီ ပေးစားမယ်ဆိုတဲ့ မိန်းကလေးကော"

"သူ့ကို ငါ အဲဒီကတည်းက ပြတ်ပြတ်ငြင်းခဲ့တာပါ"

"မင်္ဂလာဆောင်ညက နင် အရက် သိပ်သောက်တာ
ဆို"



"ဟင်း ဟင်း ... ဘဒ္ဒကဠ္ဌနာရဲ့ အရိပ်အရောင်ကို မြင်လိုက်
ရတော့လည်း ငုပ်နေတဲ့ ဝေဒနာ၊ အင်းလေ ... ငုပ်နေတာ
မဟုတ်ပါဘူး၊ အတင်းဖိသိပ်ထားရတဲ့ ဝေဒနာပါ၊ ပြန်ပေါ်
လာတာပေါ့ မိုးမိုးရဲ့"

"နင့်အစ်ကိုက ပြောတယ်၊ နေသွေး အရက်သောက်ပုံကို
ကြည့်ရတာ ဝါရင့်ချိုးကြီးလိုပဲတဲ့"

"ငါ အိမ်ကို ပိုက်ဆံပြန်မပို့နိုင်တာ၊ အဲဒါတွေကြောင့်ပဲ"

"ဘာ ... ရသမျှ လခ၊ အရက်ထဲ မြှောပစ်တယ်ပေါ့"

"မူးနေတဲ့ အချိန်ပဲ၊ တိုးကို မေ့တယ်"

"မိန်းမတွေဟာ ယောကျ်ားတွေနဲ့စာရင် ပိုပျော့ညံ့ကြတယ်
ဆို၊ အသည်းကွဲ ဝေဒနာကို ယောကျ်ားတွေက အရက်နဲ့
ကုစားတယ်ဆိုရင်၊ မိန်းမတွေကျတော့ ပိုဆိုးဖို့ပဲ ရှိတော့
တယ်"

"တိုးကို ငါ့ထက် ပိုညံ့တယ်လို့ တစ်ခါမှ ငါ မထင်ခဲ့ပါဘူး"

"ညံ့မှမညံ့ပဲ၊ တိုးဟာ မိန်းမသားတွေထဲမှာ ရှားရှားပါးပါး
မိန်းမသား၊ တော်ရုံတန်ရုံ ယောကျ်ားထက် အများကြီးပို
ထက်မြက်၊ ပိုသတ္တိကောင်းတဲ့ မိန်းမသား"

"ယုံပါတယ်"

"အဲဒီ ပိုထက်မြက်တဲ့ မိန်းမသားမျိုးကို ရယူပိုင်ဆိုင်ချင်တဲ့
ယောကျ်ားဟာ အသည်းကို အရက်ထဲမှာ စိမ်နေလို့ကတော့
အဲဒီမိန်းမသားကို ရဖို့မပြောနဲ့၊ သူ့ဆိုင်မှာ ဒရဝမ်တောင်
ခန့်မှာ မဟုတ်ဘူး"

ပြောပြီးမှ နေသွေးဦးကို အားနာသွားရပြန်သည်။

"ဆောရီးကွာ၊ ငါ စိတ်လိုက်မာန်ပါ ပြောမိတယ်"

"ပြောစမ်းပါ၊ နင် အခုလို မညှာမတာ ပြောနေတာကို ခံ တာပဲ၊ ငါ့စိတ်ထဲမှာ ကြည်နူးမိပါတယ်၊ တိုးနဲ့တွေ့ရင်လည်း ဒီထက် ရက်ရက်စက်စက် အပြောခံရမှာပါ"

"ဒီလောက် ကြိုးစားရုန်းကန်လာခဲ့ရတဲ့ တိုး ဘဝကလေး ငါ အောကနေဝင်ပြီး ပုံမသွင်းချင်ဘူး၊ လမ်းထွင်မပေး ဘူးဟာ၊ နင်တို့ကိစ္စမှာ ငါဝင်ပါလို့ ကောင်းတဲ့ အခြေအ လည်း မဟုတ်တော့ဘူး၊ နင် နားလည်ပါ၊ ဒါပေမဲ့ ဟာ တော့ တိုက်တွန်းချင်ပါတယ်၊ ဆရာ ပြန်ရောက်မလာ နင် ကြိုးစားကြည့်ပါဦးလား၊ သည်းညည်းတော့ ခံရ တိုးစိတ်က နင် သိသားပဲ၊ ဖက်ကိုက်ချင်တောင် ကိုက်မှာ"

မိုးမိုးဆင့်က ခစ်ခနဲ ရယ်သည်။ နေသွေးဦးက သွားဖြီပုံစံမျိုးနှင့် ရယ်သည်။ ပြီးတော့မှ ခေါင်းယမ်းသည်။

"သူနဲ့ ဆရာနဲ့ ချစ်နေကြရဲ့သားနဲ့ မပွင့်လင်းကြလို့ ငါ့ကို လက်ခံလိုက်တာလို့ ငါ့စိတ်ထဲမှာ ထင်နေသ ကာလပတ်လုံး၊ ငါ ဘယ်တော့မှ ပြန်မကြိုးစားဘူး၊ ငါ ကွဲလို့ သေကာမှ သေရော၊ အဲဒါ ငါ့ဆုံးဖြတ်ချက်ပဲ"

"အဲဒီလို ယောက်ျားပီပီသသ ချမှတ်လိုက်တဲ့ ဆုံးဖြတ် ကြီးကို ရင်မှာပိုက်ပြီး အရက်စည်ထဲလည်း ဝင်စိမ်မနေနဲ့"

"ဟား ဟား ဟား ဟား"

နေသွေးဦးက အဓိပ္ပာယ်မရှိ ခြောက်သွေ့စွာ ရယ်သ လောလောဆယ် စိတ်ကျဉ်းကျပ်မှုမှ ထွက်ပေါက်ရစေရန် ရ ရယ်ရာ ရယ်ချခြင်းပါ။ မိုးမိုးလည်း စိတ်ညစ်ညစ်နှင့်မို့ ရောနှော မိသည်။



ရယ်သံများက ချိုကြည်စွာ လွင့်ပျံမလာဘဲ နွေရာသီ မှာတိုက်သည့် လေပူကြီးနှယ် ခြောက်ကပ်ကပ် ဖြစ်နေရတော့ သည်။

"ဆရာနဲ့ တွေ့ချင်တယ်ဟာ"

"ဘာလုပ်မလို့လဲ"

"မေးချင်တယ်"

"ဘာမေးမှာလဲ"

"တိုးကို ချစ်နေသလားလို့"

"ဟဲ့ နေသွေး၊ ကိုယ့်ဆရာသမားနော်၊ မထော်မနန်းတွေ လျှောက်လုပ်မနေနဲ့"

"ကိုယ့်ဆရာသမားမို့ မေးမှာပေါ့၊ ရင်နှီးပွင့်လင်းတဲ့ အနေနဲ့ မေးမှာ"

"ဆရာနဲ့တပည့် ပြဿနာတွေ ဝင်ကုန်ဦးမယ်ဟာ"

"ဘာလို့ ဝင်ရမှာလဲ၊ ဟိုက ငါ့ဆရာပဲ၊ ဆူလည်းခံ၊ ရိုက်လည်းခံပြီး သိချင်တာလေး မေးရုံပေါ့"

"ဆရာက ဘယ်လို ပြန်ဖြေမယ် မသိဘူးနော်"

"အဲဒီ အဖြေကို သိချင်လို့ မေးမှာပဲ"

"အေးလေ ... ငါကလည်း ဘယ်လို ပြန်ဖြေမယ် မသိဘူး ပြောတာ"

"ဟုတ်ပြီလေ ... ငါကလည်း ဒီအဖြေကို သိချင်လို့ မေးမှာ"

"အေးပါ၊ ဘယ်လို ပြန်ဖြေမယ် ထင်သလဲလို့"

"ဟဲ့ ... မထင်တာတော့ မေးမှာပါဆို"

သည်တစ်ခါတော့ ရယ်လိုစိတ်နှင့် ရယ်မိကြပါသည်။ ရင်ထဲမှ အစိုင်အခဲအချို့ အနည်းငယ်တော့ ကြေပျက်သွားသလို၊

လုံးဝကြီး မဟုတ်သည့်တိုင် စိတ်လက်ပေါ့ပါးမှု အနည်းငယ်တော့ ရရှိသွားကြရပါလေသည်။

"မိုးရေ... ဥမ်းတို့ ပလတ်စတာတို့၊ အရက်ပြန်တို့၊ တင်ချာတို့ ယူခဲ့ရဦးမလား"

ဝင်းသော်ဦး အော်ကျယ်ဟစ်ကျယ် အသံပြုရင်း ထွက်လာသည်။ မိုးမိုးဆင့်ရော နေသွေးဦးပါ ဝင်းသော်ဦး ဆီသို့ လျှောက်လာကြသည်။

"မလိုတော့ဘူး ကိုကြီးရေ၊ မတ်တော်မောင်မို့ ညှာလိုက်ဘယ် ထင်ပါရဲ့"

မိုးမိုးဆင့်က သူ့ခင်ပွန်းကို ပြုံးပြပြီး မတ်တော်မောင်ဘက်သို့ လှည့်၍ မျက်စောင်းထိုးသည်။

"ဖက်များကိုက်ရင် ဗိုက်ကို ဆယ့်လေးငါးရက် ဆေးဆက်ထိုးနေရမှာ ကြောက်တာနဲ့ စိတ်ဆိုးအောင် သိပ်မပြောပါဘူး ကိုကြီးရ"

မရီးနှင့် မတ်ဆိုပေမဲ့ ငယ်သူငယ်ချင်း ဖြစ်ခဲ့ကြသည် မဟုတ်ပါလား၊ မရီးကို 'ချွေးရှူး'ဖြစ်အောင် ကြဖန်စနေသည်။

"နေသွေး အစုတ်ပလုတ်"

မိုးမိုးဆင့်အနေနှင့်က ဝင်းသော်ဦးနှင့် လက်ထပ်ခါမှ လက်ထပ်ဖြစ်ရော၊ တကယ်တမ်း ရင်းရင်းနှီးနှီး နေထိုင်ခဲ့ရသူက နေသွေးဦးသာ ဖြစ်ပါ၏။ နေသွေးဦးက ဆက်စနေသည်။ မိုးမိုးဆင့်က နှုတ်ခမ်းစူလိုက်၊ မျက်စောင်းထိုးလိုက်နှင့်။ ခေါင်းကို ခေါင်ခနဲ ခေါက်ချလိုက်ချင်စိတ်ကို မနည်းကြီး မျိုသိပ်ထားရသည်။ သူငယ်ချင်းတုန်းကတော့ ခေါက်နေကျ။ ခုတော့ ... မရီးနှင့် မတ်ပေမို့။



ဝင်းသော်ဦးက ညီတော်မောင်နားသို့ ကပ်လာကာ ပခုံး လှမ်းပုတ်သည်။

"နေသွေး"

နေသွေးဦး ပြန်ငဲ့ကြည့်သည်။

"မိန်းကလေးတစ်ယောက်ကို ငါ နှစ်ကြိမ်ပဲ မြင်ဖူးတယ်၊ အဲဒီ နှစ်ကြိမ်တည်းနဲ့ ဒီမိန်းကလေးမှာ ပြည့်စုံနေတဲ့ အရည်အချင်းတွေ၊ အစွမ်းသတ္တိတွေ၊ အားမာန်နဲ့ဖွဲ့တွေကို တလေးတစားကြီး တွေ့မြင်ခဲ့နိုင်တယ်"

နေသွေးဦး ခေါင်းငုံ့ကျသွားသည်။

"မင်းဟာ ဒီလောက် နီးနီးကပ်ကပ် ဆက်ဆံခွင့်ရခဲ့ပါလျက်နဲ့ မမြင်မတွေ့နိုင်လောက်အောင် ညံ့လှချည်လား"

"ဒါတွေ ကျွန်တော် အသိအမှတ်ပြုသားပဲ"

"ဟင် ... အဲဒီလို မိန်းကလေးမျိုးက လူတကာကို တဏှာရစ်တွေး၊ ကြက်လိုသွေး၊ ခွေးလိုဟပ်ဆိုတဲ့ ဝိဇယပြဇာတ်ထဲက မယ်ကုဝဏ်လို လုပ်နေမလားဟ၊ စဉ်းစားလည်း ကြည့်ပါဦး"

"ဒါပေမဲ့ ... ပန်ချင်တဲ့ ပန်းကတော့ နှင်းဆီပဲ၊ မြတ်နိုးတန်ဖိုးထားလွန်းလို့၊ ဘုရားတင်လိုက်ချင်တာနဲ့ ဘေးက စံပယ်ပန်းကို ကောက်ပန်လိုက်တဲ့ အဖြစ်မျိုးတော့ လက်မခံနိုင်ဘူး ကိုကြီး၊ ဒုတိယ မဖြစ်ချင်ဘူး"

"အဲဒါ ယောက်ျားမာနမို့ ငါ လက်ခံတယ်၊ ဒါပေမဲ့ ... မင်းကဗ္ဗနာကို လျှော့တွက်ထားပြီ၊ ကဗ္ဗနာလို မိန်းကလေးက ကိုယ်မြတ်နိုးတန်ဖိုးထားတဲ့ပန်းကို ဘုရားတင်ပြီးမှတော့ ပန်းတစ်ပွင့်ကို ပန်ချင်ပြီဆိုရင် ပန်ချင်လို့ကို ပန်မှာ၊ အဲဒါကို နားမလည်တာ မင်း အမှားပဲ"

"ရှိပါစေတော့ ကိုကြီးရာ၊ ကံကို ယုံပြီး ဆုးပုံမနင်းချင်ဘူး"

"ပြောမနေနဲ့ ကို၊ နေသွေးက အားနွဲ့သူလေး၊ ဆူးပေါ်ဖက်ကျလည်း ဆူးကျိုး၊ ဖက်ပေါ်ဆူးကျလည်း ဆူးကျိုး ဆိုတဲ့ ယောက်ျားသားလေးဆိုတော့ ... အစစအရာရာမှာ တွေဝေနိုင်မှ တော်ရုံကျမယ် မဟုတ်လား"

"ဟား ဟား ဟား ဟား"

မျက်စောင်းခဲ လျက် ပြောချလိုက်သော ဇနီးသည်ကို ဝင်းသော်ဦးက ချစ်စနိုးနှင့် လှမ်းဖက်ရင်း အော်ရယ်သည်။

"ကြည့်စမ်း ... ငါ့ကို ပြောလိုက်တာ၊ မိုးမိုး အစုတ်အပြတ်မ ကလေးတစ်ခါဖင် မွေးပါစေဗျာ"

"ဟဲ့ ... ဒါမတ်က မရီးကို ပြောရမဲ့ စကားလား၊ နေသွေးနော်၊ ငါ ခဲလုံးနဲ့ ကောက်ပေါက်လိုက်မယ်"

မိုးမိုးဆင့် ရှက်သွားရသောကြောင့် ဒေါသကလေး တစ်ဝဲဝဲနှင့် လက်သီးများပင် ဆုပ်မိသည်။ အံကို တင်းတင်းကြိတ်ကာ မျက်စောင်းကိုသာ ထပ်တလဲလဲ ပစ်ထိုးမိတော့သည်။

သည်ဖြစ်ရပ်များကိုလှမ်းတွေ့နေရသည့်ခေါ်တင်တင်မိုးသူမ ခများတော့ 'သည်ရွာတေးလန် ချွေးမလေး'၏ လက်ထဲသို့ တန်းတန်းမတ်မတ် ကျရောက်သွားပါသော သားတော်မောင်၏ ဗိုလ်ကြီးလစာကို ပြည်လည်ရယူနိုင်သည့် နည်းလမ်းကို မတွေ့မမြင်နိုင်တော့ပြီမို့ သူ့ဝါသနာအတိုင်း ဘဝင်ကို စုံဖိ၍ ကြည့်နေမိပါတော့သတည်း။



တိုထက်ပို _

ရင်းစားဗွေးရမဲ့သူ ရောက်နေပြီလား _

ကိုယ်ဟာမင်းတွက် နိမ့်ကျလွန်းနေပြီလား _

နေသွေးဦးက ဂီတာကို အသာအယာ ချထားလိုက်တော့သည်။ သီချင်းတစ်ပုဒ်ဆုံးအောင် စိတ်ပါလက်ပါ ဆိုတီးပြီးမှ ရှက်ကိုးရှက်ကန်းလို ဖြစ်သွားမိသည်။ မိမိအရွယ်က ဂီတာ တဒေါင်ဒေါင် ခေါက်ရင်း ရင်ထဲက ခံစားချက်ကို လူသိအောင် ဟစ်ရမဲ့ အရွယ် မဟုတ်တော့ပါပြီ။ သို့ပေမဲ့ ခံစားမှုဟူသည်မှာ အရွယ်မရွေး၊ အဆင့်အတန်းမရွေး၊ နှလုံးသားမရွေး၊ နှလုံးသားတွင်းမှာ ကိန်းဝပ်တတ်ပါသည်ပဲ။

"နင်က အရက်သောက်နေရင် တိုးသာဆို ပိုဆိုးဖို့ပဲ ရှိတော့တယ်"ဟု ပြောခဲ့သည့် မိုးမိုး စကားကြောင့် နေသွေးဦး အရက်ဖြတ်သည်။ သောကနှလုံးသားတွင်းမှ လျှံထွက်လာသော အချစ်အပူမိုးများကို အရက်နှင့် လောင်း၍ ငြိမ်းသတ်နေပါကြောင်း တိုးချစ်သာ သိလျှင်ဖြင့် နဂိုက အဆင်မပြေကြရသည့်အထဲ အထင်သေးလိုက်မည့်ဖြစ်ခြင်း။

ဂီတာကလေးတီး၊ သီချင်းကလေး ညည်းတော့ကော၊ တိုးချစ် ဘဝင်ကျပါ့မလား၊ ခုချိန်ထိ လူလားမမြောက်နိုင်သေးတဲ့ မလောက်လေးမလောက်စား ကောင်ကလေးလို့များ ထင်ဦးမှာလား။

"သိပ်ချစ်တယ် တိုးရယ် ... တိုးချစ်ရဲ့"

"မင်း မကြားနိုင်ပေမဲ့ တစ်ယောက်တည်း ပြောနေရတာကိုပဲ ကိုယ် ကျေနပ်မိပါတယ်"

"မင်းဘ၀ တိုးတက်အောင်မြင်လေ၊ ကိုယ်လိုကောင်က အနိမ့်ပိုင်းထဲ ငုပ်လျှိုးဇပ်ဆင်းလေပါပဲ"

နေသွေးဦး ထိုင်ရာမှထကာ သူ့အိပ်ခန်း ပြတင်းဆီသို့ လျှောက်လာခဲ့သည်။ နွေညဏ်လက သာတောင်းသာလှပါ၏။

"ဒီအချိန်ဆို တိုးချစ် အိပ်ပျော်နေမှာပဲ"

"ချစ်သူချင်း လမင်းမှာတဲ့ဆုံစို့ကွယ်လို့ ဆိုစကားရှိခဲ့သတဲ့၊ မိုးလမင်းကြီးထဲက အရိပ်တွေဟာ ဆန်ဖွပ်တဲ့အဘိုးအိုနဲ့ ယုန်ကလေးလို့လည်း ပြောကြတယ်၊ ဟုတ်ပါ့မလားကွယ်၊ ဆံရာနဲ့ တိုးချစ်တို့များ ရေမြေတောတောင် သမုဒ္ဒရာတွေကို ကျော်လွှားပြီး လမင်းကြီးမှာ မျက်နှာချင်းဆုံနေတော့သလား"

"မင်းကို သိပ်ချစ်ပါတယ် တိုးချစ်ရယ်"

"ဒါပေမဲ့ ... ဒါပေမဲ့လေ၊ တိုးချစ် ကိုယ်တိုင်ကပဲ ဖြစ်ဖြစ်၊ ဆရာကိုယ်တိုင်ကပဲဖြစ်ဖြစ်၊ မင်းတို့ချင်း ချစ်မနေကြပါဘူးလို့ ခိုင်လုံတိကျတဲ့စကားကို ဖွင့်မပြောမချင်း ..."

"မောင်ရယ် ... လို့၊ မင်း အမြတ်တနိုး ခေါ်ခဲ့ဖူးတဲ့ ကိုယ့်ရင်ထဲမှာလေ ..."

"နှန်းအလယ် ... ပန်းစံပယ် မပေါ်နိုက်တာမို့၊ အလိုက်မသော် ထနသင့်ရဲ့ပ၊ ခံပွင့်ကိုကုံး ... ဆိုတဲ့ ဘ၀မျိုးနဲ့တော့ ရောင့်ရဲကျေနပ်မနေနိုင်ဘူး တိုးချစ်ရေ"

"အဲဒါ ယောက်ျားမာနပဲ၊ ယောက်ျားတိုင်းမှာ ရှိနေတဲ့ မာနပဲ"



"နေသွေး အစုတ်ပလုတ်လို့ ခေါ်ပြီး မင်း အထင်မကြီးခဲ့တဲ့ ယောဒီကောင်မှာ ယောက်ျားမာနတော့ အပြည့်အ၀ ရှိနေလေရဲ့ ဆိုတာ"

"တစ်ရာ့တစ်ပါးသော မင်းများရဲ့ ကေရီ၊ ထီးဆောင်းဘုရင်မကြီးဖြစ်အောင် ကြိုးစားရျင်နေတဲ့ တိုးချစ် သိစေချင်လိုက်တာ၊ မောင့်ရင်ခွင်ထဲကို အားနွဲ့သူလေးအဖြစ် ခိုဝင်လာစမ်းပါလား တိုးချစ်ရယ်"

သည်ညတော့ လုံး၀ အိပ်ပျော်နိုင်မည် မဟုတ်တော့ပါ။ အိပ်ချင်စိတ်အစား တိုးချစ်ကို တမ်းတစိတ်များကသာ လွှမ်းမိုးကြီးစိုးတော့သည်။ နေသွေးဦးက ကက်ဆက် တင်ထားသည့် စာရေးစားပွဲကလေးဆီသို့ ခုံမှာ ဝင်ထိုင်သည်။ ဘာရယ်မဟုတ် ကက်ဆက်ခလုတ်ကို ဖွင့်လိုက်မိသည်။

မရည်ရွယ်ပဲလေ တွေ့ခဲ့သူ ...

မမျှော်လင့်ပဲလေ ကွဲခဲ့သူ ...

ငယ်ငယ်က ကိုင်စာချစ်သူ ...

နေသွေးဦး ကက်ဆက်ခလုတ်ကို ခေါက်ခနဲ ပိတ်လိုက်ပါတော့သည်။ သည်သီချင်းနှင့်မှ တိုက်တိုက်ဆိုင်ဆိုင်၊ ကြုံပဲကြုံရတတ်လွန်းသည်။ မီးလောင်ရာမှာ လေတိုက်သည့်နှယ် အပူမီးလျှံများက နေသွေးဦး ရင်ထဲမှာ ဟုန်းခနဲ ကြွသည်။ သီချင်းကို ဆက်လက်နားထောင်နိုင်စွမ်းသည့် ခွန်အားမရှိပါ။

"ဘဒ္ဒကမ္ဘာမှာ တိုးတိုးချစ်ရဲ့"

စားပွဲပေါ်မှာ တံတောင်ဆစ်ထောက်၊ လက်ဝါးနှစ်ဖက်ထဲမှာ မျက်နှာကို မှောက်ချထားမိပါသည်။

"မောင် မငိုပါဘူး တိုးရယ် ... ဒါပေမဲ့ နှလုံးသားခမျာ မျက်ရည်ပင်လယ်ထဲမှာ လက်ပစ်ကူးနေရတာယ်"

မျက်ရည်ကျသည်အထိ မပျော့ညံ့ချင်လွန်းသော မာန ဖြင့် မေးကြောကြီးများ တင်းလာသည်အထိ အံကို ကြိတ်ထားမိပါ တော့သည်။

"တိုးချစ်ရယ် ... မောင့်ချစ်ဆုံးရယ် ... မေ့လို့ မရပါဘူး ကွယ်"





ရေစက်များနှယ် ဆုံပဲဆုံနိုင်ရန်ကော။ ဖြစ်ချင်တော့...

ဦးကျော်ဆင့်၊ ဒေါ်ခင်မိမိတို့ ဂျပန်နိုင်ငံမှာ တာဝန် ထမ်းဆောင်စဉ်က အလွန်ခင်မင်ရင်းနှီးခဲ့သည့် ဗုဒ္ဓဘာသာဝင် ဂျပန် လူမျိုးတစ်ဦးရှိသည်။ သူ့နာမည်က မစ္စတာမတ်ဆုမိုတို။ မတ်ဆု မိုတိုက ဗုဒ္ဓဘာသာကို အလွန်သက်ဝင် ကိုင်းရှိုင်းသည်။

ဤနည်းအားဖြင့် ကမ္ဘာလှည့်ခရီးသည်အဖြစ် မြန်မာ ပြည်သို့ ရောက်ရှိလာခဲ့သည်။ မရောက်မီကပင် ကြိုတင်အကြောင်း ကြားထားခဲ့သည်မို့ ဦးကျော်ဆင့် ဒေါ်ခင်မိမိတို့မှာ ဆီးကြိုရန် တာဝန်ကျရောက်သည်။

တိုက်ဆိုင်ပုံများနှယ် ... ဦးကျော်ဆင့် ဒေါ်ခင်မိမိတို့ ယာဉ်မောင်းက နယ်မှာ ယောက္ခမဆုံးသောကြောင့် ခွင့်ယူကာ ပြန်သွားသည်။ ဦးကျော်ဆင့် ကိုယ်တိုင် မောင်းနေရသည်။ ရေခြား မြေခြား တိုင်းတစ်ပါးက ဧည့်သည်ကို ကြိုဆိုရမည် ဆိုတော့လည်း ကိုယ်တိုင် မမောင်းဘဲ ယာဉ်မောင်းကလေးနှင့် ကြိုချင်သည်။

ဦးဘဦး ဒေါ်တင်တင်စိုးတို့ထံမှာ ယာဉ်မောင်းငှားသည်။ ကားမလိုပါ။ မောင်းမည့်သူသာ လိုသည်။

သည်နေ့ သည်ရက်ကျခါမှ ဒေါ်တင်တင်စိုးကလည်း မျက်နှာကြီး မင်္ဂလာဆောင် သွားစရာရှိသည်။ ဦးဘဦးကိုယ်တိုင် မောင်းနှင်နိုင်ပါသော်ငြား၊ ပိုက်ဆံရှိ လူချမ်းသာတို့ ထုံးစံအတိုင်း ယာဉ်မောင်းက မောင်းနှင်ပို့ရာသို့ နောက်ခန်းမှာ ထိုင်ကာ စတိုင်ကရလေးနှင့် သွားလိုသည်။

"သားငယ်ပဲ ဦးကျော်ဆင့်တို့ဆီ သွားလိုက်တော့ကွာ၊ မင်္ဂလာ ဆောင်ကို သားလိုက်ပို့၊ ဦးကျော်ဆင့် တို့ဆီကို ဘမောင် လွှတ်ဆိုတာတော့ မဖြစ်ဘူး"

သူ့သားတော်မောင်ကို မင်္ဂလာဆောင် ကားတန်းရှည်ကြီးများ အလယ်မှာ ယာဉ်မောင်းပုံစံမျိုးနှင့် မထားချင်ပါ။ ရှည်ငယ်မှာကို ကြဖန်စိုးရိမ်သည်။ ဒေါ်တင်တင်စိုးက ဤကဲ့သို့သော အမျိုးသမီးကြီး ဖြစ်ပါ၏။ ဦးကျော်ဆင့်တို့ဆီ လွှတ်လို့က သိပ်ကိစ္စ မရှိ။ နေသွေးဦး မင်္ဂလာခုံ လေဆိပ်သို့ လိုက်ပါသွားရသည်။ လေဆိပ်ပြည်ပခန်းမှာ တာဝန်ကျသူက နေသွေးဦး တကွသိထ တန်းက သူငယ်ချင်းဆိုတော့ သုံးယောက်သား ဝင်လာနိုင်ခဲ့ကြ သည်။

ရန်ကုန်မြို့က ကျဉ်းလွန်းသည်ဟု နေသွေးဦး ထင်မိသည်။ ဆိုဖာရှည်တစ်ခုပေါ်တွင် လက်စွဲတော် သရဖိနှင့် အဖြိုင်သား ထိုင်နေပါသည့် "ကဠနှာ"။

"ဟော ... သမီး ကဠနှာ"

ကဠနှာက နေသွေးဦး ဘက်သို့ တစ်ချက်ကလေးမျှ လှည့်မကြည့်ပါ။ ဦးကျော်ဆင့်နှင့် ဒေါ်ခင်မိမိကို မတ်တတ်ရပ်



ကြိုဆိုသည်။ သရဖိခမျာ ... ခင်မင်ရင်းနှီးခဲ့ဖူးသည့် 'အစ်ကိုနေသွေးဦး' ကို နှုတ်ဆက်ရကောင်းနိုး၊ သူ့မမ ကဠနှာကဲ့သို့ မမြင်ချင်ယောင် ဆောင်နေရ ကောင်းနိုးနှင့် အခက်ကြုံရရှာသည်။ မမကဠနှာ၊ အစ်ကိုနေသွေးနှင့် ကိုကိုဖြိုးတို့၏ သုံးပွင့်ဆိုင် ဇာတ်လမ်းကို သရဖိက ပွဲကြည့်ပရိသတ်အဖြစ် စေ့စေ့စပ်စပ် လေ့လာခွင့်ရခဲ့သူ ဖြစ်ပါ၏။

ကိုကိုဖြိုး၏ စေတနာများကိုလည်း လေးစားသည်။ မမကဠနှာ၏ သဘောထားကိုလည်း နားလည်သည်။ အစ်ကိုနေသွေး ရှုထောင့်က ကြည့်ပေးရတော့လည်း ခံစားရပါသည်။ သုံးဦးသား အနက်မှာ ကိုကိုဖြိုး တစ်ဦးတည်းသာ ဘုမသိဘမသိ။ မမကဠနှာ နှင့် အစ်ကိုနေသွေးတို့က နားလည်မှု လွဲမှားနေကြသည်ဟု' သရဖိ ထင်မိသည်။

"အန်တီ နေကောင်းတယ်နော်"

ကျန်းကျန်းမာမာ ဝဝဖြိုးဖြိုးကြီး တွေ့ရပေမင့် မြန်မာ့ ထုံးစံအတိုင်း ပဋိသန္ဓာရ ဆိုရပါ၏။

"အေး ... ကောင်းတယ်ကွယ့်၊ မိတ်ဆွေတစ်ယောက် လာကြို တာလေ၊ ကဠနှာကော"

"ကဠနှာက ကိုကိုဖြိုးကို လာကြိုတာပါ အန်တီ"

အထင်လိုက်သားပဲ။ ဝိဒေဟရာဇ်မင်းကြီး ပြည်တော် ပြန်ချေပြီမို့၊ ဥဒုမ္ဗရဒေဝီ၏ ကြိုဆိုခန်းပေတည်း။ ပိဂ္ဂုတ္တရ နေသွေးဦး ရင်မှာ လှိုက်ခနဲ တက်လာသည်။ မည်သည့် ခံစားချက်မျိုးပါ နည်း။

မခံချင်တာလား၊ ဒေါသထွက်တာလား၊ မနာလိုဝန်တို ခြင်းမျိုးလား၊ မဆခွဲတတ်ပါ။ ကသိကအောက် နိုးလိုးနိုးလု ဖြစ်ရသည့်

ထုထည်တော့ ကြီးမားသည်။ ပြီးတော့ ... သည်မိန်းကလေးကိုမြင်
ရမှာလား၊ နှုတ်ဆက်စကား ဆိုရမည်လား မသိကျိုးကျွန် နေရသည်
လား။

မည်သည့် အပြုအမူသည် ယဉ်ကျေးဖွယ်ရာ အရှိဆုံး
ပါနည်း။ ယောကျ်ားပီသကာ သဘောထားမြင့်မြတ်ရာ ကျပါမည်
နည်း။ မဝေခွဲတတ်ပြန်၊ အမျိုးအမည် မဖော်ပြနိုင်ပါသည့် ခံစားမှု
တစ်မျိုးဖြင့် မျက်နှာပျက်နေတော့သည်။ နဂိုကတည်းက 'ဟန်ကိုယ်ဖို့'
ဆိုသည့် အလေ့အကျင့်ကလည်း မရှိခဲ့။ ခက်ချေပြီကော။

"ကိုကိုဖြိုး"ဆိုသည့် ကိုဝေဖြိုးကို ဒေါ်ခင်မိမိ မှတ်မိ
ပါသည်။ လူကို မမြင်ဘူးသော်ငြား၊ ကိုဝေဖြိုး မိခင် ကိုယ်တိုင်
ကျိုးကြွဆံပွဲတော်သွားရန် သမီး မိုးမိုးဆင့်ကို မာစီးဒီးကားကြီးနှင့်
လာခေါ်ဖူးကြောင်း သတိတရရှိပါ၏။ သမီး ပြောသွားသမျှ သူတို့
ဇာတ်လမ်းကိုလည်း ရိပ်မိသိရှိနေပါ၏။

"မောင်ဝေဖြိုးက အခုမှ တစ်ခေါက်တည်း ပြန်တာနော်"

"ဟုတ်ကဲ့ပါ အန်တီ၊ ဒီတစ်ခါတော့ သဘော ပြန်မတက်တော့
ပါဘူး၊ ဒီမှာပဲ နေတော့မှာ"

"သြော် ... အေး"

"အန်တီတို့ကော ဧည့်သည် လာကြိုတာပါလား"

"အေးကွယ် ... ဂျပန်ပြည်တုန်းက မိတ်ဆွေလေ"

သည်အခိုက်အတန့်ကလေးသည် နေသွေးဦး အ
ယောရှဝမှာ တစ်ကမ္ဘာကြာသည်နှယ် ဖြစ်တော့သည်။ အချိန်
မကြာမီမှာ လေယာဉ်ပျံ ဆိုက်လာသောကြောင့် ငရဲသက်တိုသည်
ဆိုနိုင်ပါ၏။ သို့ပေမင့် ...

"ကိုကိုဖြိုး ...အမယ်လေး ... ဝလာလိုက်တာ"



ဟူသည့် ကဗျာ၏ အားတက်သရော အသံကလေးနှင့်
ကြည်ရွှင်လန်းဆန်းမှု အရှိန်အဟုန်များက ယောရှဝမှာ တစ်ကမ္ဘာ
ခံခဲ့ရသည့် နေသွေးဦးကို မဟာအဝိစိသို့တိုင် ဆွဲချသွားလေတော့
သည်။ ရောက်ရှိလာပါသည့် မစ္စတာမတ်ဆုမိုတိုက နေသွေးဦးနှင့်
မည်သို့မျှ ပတ်သက်သူ မဟုတ်ပါ။ တွေ့တွေ့ချင်း ဦးကျော်ဆင့်၊
ဒေါ်ခင်မိမိတို့နှင့် မစ္စတာမတ်ဆုမိုတို နှုတ်ဆက်ကြသည်။

ကွန်းနီချိဝါ

(ကောင်းသောနေ့ပါ)

ဆာရှိဘူရီဒက်စ်နေ

(မတွေ့ရတာ ကြာပြီနော်)

ဂဲင်းကီးနီယက် တောအိမတ်စ်ကား

(နေကောင်းပါရဲ့လား)

နေသွေးဦးက ဘေးမှာ ခပ်ကြောင်ကြောင် ရပ်နေသည်။
သူ့ကဏ္ဍမရှိပါ။ ဖြစ်ချင်ရာဖြစ် ထားပစ်ခဲ့ပြီး ကားပေါ် သွားပြန်
ထိုင်နေဖို့ကျတော့လည်း မကောင်းတတ်ပြန်။ ဦးကျော်ဆင့် ဒေါ်ခင်မိမိ
တို့ကို မလေးစားရာ ရောက်မည်။ အားနာရပါသေးသည်။ ပစ္စည်း
ချေးဖို့ ဇာ်စ္စပ်စ္စကလေးများကို သူက လူငယ်ပီပီ ကူညီရပါဦးမည်။
သည်အချိန်ကလေးမှာပင် ကိုဝေဖြိုးက နေသွေးဦးကို တွေ့သွားပါ
တော့သည်။

"ဟော့ကောင်ကြီး နေသွေး၊ ဘယ်မှာ လုပ်နေသလဲ"

ဆရာတစ်ယောက်လုံးက စောင့်နှုတ်ဆက်နေပြီဆို
တော့ ...

"ရေနံဓာတုမှာပါ ဆရာ"

ဆရာ၏ နှစ်လိုဖွယ်အပြုံးက မကြည်မလင် ဖြစ်နေသော တပည့်ဟောင်းတစ်ယောက်၏ ရင်ကို အေးမြစေပါ၏။ ပကတိချိုကြည်သော၊ စိတ်သဘောထား မြင့်မြတ်မှုကို ဖော်ဆောင်နေသော ဆရာ့အပြုံးသည် ရေပြည့်အိုးကြီးကို မှောက်ချလိုက်သည့်သဖွယ်။ အေးမြလန်းဆန်းကာ လေးစားကြည်ညိုဖွယ် ဖြစ်သွားရပါသည်။ သြော် ... တိုးချစ် အားကိုးမယ်ဆိုလည်း အားကိုးထိုက်ပါရဲ့၊ ဆရာ့မျက်နှာကြီးနဲ့ အပြုံးလှိုင်လှိုင်တွေက မိဘတစ်ဦးနဲ့ ကြုံတွေ့ရသလိုပဲ ... ဟူ၍ တွေးလိုက်မိပါ၏။

"နေကောင်းတယ်နော်"

"ဟုတ်ကဲ့ ဆရာ"

"တိုးတိုးနဲ့ အတူလာတာလား၊ ဟော ... နှင်းနှလေးပါရော လား၊ ဒီကောင်မလေးကလည်း လှလို့ဝလို့ဟေ့"

သရဖီက ပြုံးနေသည်။ ပျော်နေသည်။ သူ့မမကဥ္စနာ ပျော်ပုံရတော့ သူမကလည်း ပျော်ရှာပါ၏။ ကိုဝေဖြိုး၏ အမေးစကား ကို နေသွေးဦးရော ကဥ္စနာပါ မည်သူမျှ မဖြေကြပါ။

"ကိုကိုဖြိုး ... ဒါ မိုးရဲ့ ဒက်ဒီနဲ့ မာမီပါ"

ဦးကျော်ဆင့်က ပြုံး၍ ပြန်နှုတ်ဆက်ရင်း မစွတာ မဟာ်ဆုမိုတိုနှင့် မိတ်ဆက်ပေးပြန်သည်။ အပြုံးတွေက လှိုင်လွှမ်းအားကြီးနေတော့သည်။ အလှိုင့်တကာ့ အလှိုင်များကြားမှာ ကိုဝေဖြိုး အပြုံးက အဝေဆာဆုံး ဖြစ်နေတော့သည်။ ကဥ္စနာ့ ခမျာမှာတော့ ရင်နာခြင်းတစ်ဝက်၊ ချမ်းမြေ့ခြင်းတစ်ခြမ်း ဖြစ်နေရပါသည်။ ကိုယ်စီကိုယ်င အုပ်စုခွဲကြတော့မှ ကဥ္စနာတို့အုပ်စုမှာ နေသွေးဦး ပါမလာမှန်း ကိုဝေဖြိုး သတိထားမိတော့သည်။

"ဟေ့ ... ဟိုကောင်ကြီးကော"



"သူ မိုးမိုး မိဘတွေနဲ့ ပါသွားပါတယ် ကိုကိုဖြိုး"

"တိုးတိုးနဲ့ ပါလာတာ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး၊ ကိုကိုဖြိုး ဒီနေ့ရောက်မယ်ဆိုတာ မသိပါဘူး"

"ငါတောင် နှုတ်မဆက်သွားဘူးဟ"

ကဥ္စနာ ပါးစပ်ပိတ်သွားရပြန်သည်။

"ဗမာစကားပြောရတာ အရသာရှိလိုက်တာဟာ"

ကိုဝေဖြိုးက တစ်လမ်းလုံး စကားတွေ ဖောင်နေအောင် ပြောလေသည်။

"သူများတွေ နှစ်နှစ်လောက် သွားရင်တောင် ကားတစ်စီး၊ ဆိုင်ကယ်တစ်စီးတော့ ပါတာပဲ၊ ငါတော့ ပိုက်ဆံသိပ်မစုပါဘူး၊ သွားကတည်းက နိုင်ငံအနှံ့ ရောက်ဖူးချင်တာက အဓိက မှတ်လား၊ တိုးတိုးဆီ နည်းနည်းပါးပါး ဝယ်ပို့တာကလွဲရင် သုံးချည်းပစ်တာပဲ၊ ဟား ... ဟား ... ဟား"

ကိုဝေဖြိုးက သူ့စကားသူ သဘောကျကာ အားပါးတရ ရယ်သည်။

"တိုးတိုးက ယာဉ်မောင်းမထားဘူးလား"

ကားကို ကိုယ်တိုင် မောင်းနေရသည့် ကဥ္စနာကို လှည့်မေးသည်။ ကဥ္စနာက ကားမောင်းကာ ကိုဝေဖြိုးက ဘေးမှ ထိုင်လိုက်လာသည်။ သရဖီက နောက်ခန်းမှာ။

"မထားပါဘူး ကိုကိုဖြိုး"

"ဟော ... ဘာလဲ၊ ကပ်စေးနည်းပြန်ပြီလား"

"ဟင့်အင်း ... တိုး ပတ်ဝန်းကျင်မှာ သူစိမ်းယောက်ျား တစ် ယောက်မှ မရှိစေချင်လို့"

"ဟာ ... ငါလည်း ယောကျ်ားပဲ၊ တိုးတိုးဘေးမှာ ထိုင်စီးနေရတာ သိပ်တော့မကောင်းဘူး၊ ငါ မောင်းရအောင်ကလည်း ဒီလမ်းတွေနဲ့ စိမ်းနေတာ ခြောက်နှစ်ကျော်သွားပြီ၊ ဟဲ့ ... နေပါဦး တိုးတိုးရဲ့၊ တိုးတိုး စကားတွေက တစ်မျိုးပါ ဘာလဲ တိုးတိုးနဲ့ နေသေးဦးနဲ့ မကြည်ကြဘူးလား"

ကဋ္ဌနာက နာနာကြည်းကြည်းကလေး ပြုံးသည်။

"အဲဒီ ဓာတ်လမ်းက နိဂုံးချုပ်ခဲ့တာ ခြောက်နှစ်ရှိပါပြီ"

"ဟော ... ငါ့ဆီ ဘာဖြစ်လို့ စာမရေးသလဲ၊ ခြောက်နှစ်ဆိုတော့ ငါ သွားစကတည်းကပေါ့"

"ဟုတ်ကဲ့"

ကိုဝေဖြိုးက စကားလမ်းကြောင်းကို ချက်ချင်း လွှဲဝင်သည်။

"မေမေတို့များ သံယောဇဉ် တကယ်ပြတ်တယ်ဟာ၊ အခု သီလရှင် ဝတ်သွားပြီလေ၊ ဦးပဥ္ဇင်းကြီးလည်း တရားခွင်နဲ့ တွေ့မှ ကျန်းမာနေသတဲ့"

"တိုး စာရေးပါတယ်၊ မေမေကြီးက စာမပြန်ဘူး"

"ငါလည်း ဘာထူးလဲ၊ အဲဒီအတိုင်းပဲ၊ ဒေါ်လေးဆီကပဲ စာအမြဲလာတယ်၊ မေမေက ပြော်ခိုင်းတယ်တဲ့ ... သား သံယောဇဉ် မီးကြောင့် နိဗ္ဗာန်ရောက်ကြောင်း တရားတွေ ပွားများအားထုတ်တဲ့နေရာမှာ မနှောင့်နှေးချင်ဘူးလို့ ပြောခိုင်းတယ်တဲ့"

"ဒေါ်လေး ဆိုတာ ... မေမေကြီးနဲ့တူတူ တရားအားထုတ်တဲ့ ကိုကိုဖြိုး အဒေါ်လား"



"မဟုတ်ဘူး၊ အဲဒီ အဒေါ်က ဒေါ်ကြီးလို့ ခေါ်တယ်၊ သူက မေမေ့အရင် စစ်ကိုင်းချောင် ရောက်နေတာ၊ အခု သီလရှင် ဝတ်တော့လည်း အတူတူလေ"

"ဩော်"

"ဒေါ်လေးက ပြင်ဦးလွင်မြို့မှာနေတယ်၊ သူ့ယောကျ်ားနဲ့ နှစ်ယောက်တည်း နေတာ၊ သမီးကြီးက မန္တလေးမှာ ရှိတယ်လေ"

"မန္တလေးမှာ ဘာဖြစ်လို့ တူတူမနေတာလဲ"

"ဦးလေးနဲ့ ဒေါ်လေးကလည်း တရားအားထုတ်ကြတာပဲ၊ ဒါပေမဲ့ ဦးလေးက သိပ်မကျန်းမာတော့ ဒေါ်လေးက ပြုစုဖို့လိုတာနဲ့ဘုန်းကြီးတွေ သီလရှင်တွေ ဖြစ်မကုန်တာနေမှာ၊ တကယ်ပဲ တို့အမျိုးက သီလရှင်ဝတ်တာ တော်တော်ဝါသနာပါတဲ့အမျိုး၊ မန္တလေးအိမ်မှာကျတော့ ကလေးငယ်နဲ့ ဘာနဲ့ဆိုတော့ တရားထိုင်လို့ သိပ်မကောင်းဘူး"

"ကိုကိုဖြိုးဆီ စာရေးတာ အဲဒီ ဒေါ်လေးပေါ့နော်"

"အေး"

"ကိုကိုဖြိုး စစ်ကိုင်းကို လိုက်သွားဦးမှာ မဟုတ်လား"

"သားအမိနှစ်ယောက် တစ်ယောက်ယောက် နေမကောင်းမှ အကြောင်းကြားရမယ်တဲ့၊ နေလည်းကောင်း၊ အကြောင်းလည်း မရှိဘဲ တွေ့ဆုံနေရင် လောကီသံယောဇဉ် မပြတ်ဘူးတဲ့၊ ဒါပေမဲ့ ငါ တိတ်တိတ်ကလေးတော့ သွားချောင်းဦးမယ်၊ ဘာပဲဖြစ်ဖြစ် မန္တလေး၊ ပြင်ဦးလွင်မြို့တော့ ရောက်ဖြစ်အောင် သွားမယ်၊ လက်ဆောင်တွေလည်း ပေးချင်တယ်"

"ဘယ်တော့လောက် သွားမလဲ"

"ရန်ကုန်နဲ့ ဝေးနေတာ ကြာပြီဟ၊ မေမေနဲ့ မတွေ့ရမဲ့တူတူ တစ်လ၊ နှစ်လလောက်တော့ ရန်ကုန်မှာ အားရအောင် နေလိုက်ဦးမယ်၊ ရန်ကုန်မှာ နေမယ်သာ ပြောတယ်၊ ငါ့မှာ အိမ်လည်းမရှိပါလား၊ ဟား ... ဟား ... ဟား ... ဟား"

ကိုဝေဖြိုးက ရယ်ပြန်သည်။

"တိုးအိမ်မှာ နေပေါ့ ကိုကိုဖြိုး"

"ဟဲ့ ... ဘယ်ကောင်းမလဲ၊ အခု လိုက်လာတာတောင် ထမင်းနဲ့ ငါးပိရည်ကျိုနဲ့ စားချင်လို့"

"တိုး နေစရာမရှိတုန်းက ကိုကိုဖြိုးတို့အိမ်မှာ နေပြီး ကိုကိုဖြိုးတို့ ပေးတဲ့ အလုပ်ကို ကိုကိုဖြိုးတို့ ထုတ်ပေးတဲ့ အရင်းအနှီးနဲ့ လုပ်ခဲ့ရတာပါ"

"အခြေအနေချင်းတော့ မတူဘူးလေ တိုးတိုး၊ နားလည်ရဲ့သား နဲ့ ကျေးဇူးဆပ်ချင်တာကလေး တစ်ခုတည်းနဲ့ လောကကြီး ကို ဥပေက္ခာမရှုနဲ့"

"ဘာပဲဖြစ်ဖြစ် တိုး သဘောကတော့"

"ဒီညနေထိ တိုးတိုး အိမ်မှာ နေမယ်"

"ဟင် ... နေ့လယ်ပိုင်းကလေး တစ်ပိုင်းတည်းပေါ့၊ ဟုတ်လား ကိုကိုဖြိုး"

မကျေမနပ် ဖြစ်မိသည်မို့ လက်တစ်ဖက်က စတီယာ ရင်ကို ထိန်းရင်း ကျန်တစ်ဖက်က ကိုဝေဖြိုး လက်မောင်းကို ကိုင်ကာ လှုပ်၍ လှုပ်၍ မေးမိသည်။ တိုအခိုက်အတန့်ကလေးမှာပင် ဖို့ကော်တီမှာ ကားကြီးက ဟွန်းကို အော်ကြီးဟစ်ကျယ် တီးကာ ကျော်တက်သွားခဲ့သည်။



ဒေါ်ခင်မိမိက လှမ်း၍ လက်ပြသည်။ ဝူးခနဲ မောင်း သွားပါသော မော်တော်ကားဘီးသံသည် ကဋ္ဌနာ နားတွင်းမှာ ဟိုက်ဒရိုဂျင်ဗုံး ပေါက်သလား ထင်မိသည်။ ကားလက်ကိုင်ကို ခွဲမြဲစွာ ဆုပ်ကိုင်ရင်း အံကြိတ်၍ မောင်းသွားပုံက ကဗ္ဗာရာလမ်းမ ကိုပင် ကဋ္ဌနာ့နလုံးသား အမှတ်နင့်များ ဖြတ်ကြိတ်သွားလေသလား ထင်ရသည်။

"မကြည်ပါလားဟ"

ကိုကိုဖြိုးက ရယ်သည်။ ပြီးတော့မှ မျက်နှာကို တည်တည်ထား၍ ဆက်ပြောသည်။

"အဲဒါတွေကြောင့် ပိုပြီးတောင် နေလို့မကောင်းသေးတယ်၊ ငါ ကိုထွန်းတို့အိမ်မှာ သွားနေမယ်ဟာ၊ ငါ့အိမ်က သံအရာရှိ တွေက အိမ်ပြန်မအပ်သေးဘူး မဟုတ်လား"

"ဟင် ... ကိုကိုဖြိုး၊ စိတ်ထားနုတဲ့သူတွေကို ဂရုစိုက်မနေနိုင် ပါဘူး၊ ကိုကိုဖြိုးဟာ တိုးရဲ့ ကျေးဇူးရှင်ပါ၊ မိဘဆိုရင်တောင် မမှားပါဘူး၊ ကိုကိုဖြိုးရဲ့ အိမ်ကို ပြန်ရတော့မှ ကိုယ့်အိမ်မှာ ကိုယ်နေပါ၊ အခု တိုးတိုးတို့ အိမ်မှာပဲ နေလို့ ဖြစ်ပါတယ်"

"ဒီကောင်လေး လူကောင်းပါဟာ၊ ဘာကိစ္စကို နာကစ်သွား တာတဲ့လဲ"

"ကိုကိုဖြိုးက မြန်မာပြည်နဲ့ ခြောက်နှစ်တောင် ဝေးသွားပေမဲ့ နောက်ဆုံးပေါ် စကားတွေ ပြောတတ်သားပဲ"

ထိုအကြောင်းကို မဆက်ချင်၍ စကားလွှဲခြင်းပါ။

"ဟဲ့ ... ငါ မသွားခင်ကတည်းက ဒီစကားတွေ တတ်ပြီးသား ပဲဟာ၊ ဒီစကားတွေ ပြောနေကြတာ ဆယ်နှစ်တော့ အေး အေးလေးရှိပါပြီ၊ ဒါတောင် မကြည်ဘူး ကြည်တယ်ဆိုတာ

ကျတော့ လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ရာငါးဆယ်ကျော် သုံးရာနီးပါးကတည်းက ပြောခဲ့တာပါ"

"ဟုတ်လည်း မဟုတ်ဘဲနဲ့"

ကိုကိုဖြိုးကိုကျတော့ ချစ်အားကိုးသည်မို့ ကဉ္စနာ ကိုယ်တိုင် မူနွဲ့နွဲ့ကလေး ပြောမိသည်။

"နားထောင် ငါ ပြောပြမယ်"

ဖိုကော်တီနား ကားကြီးက ရှေ့ဓာတ်တိုင်နှစ်တိုင်စာလောက် ကျော်နေသည်မို့ ဦးကျော်ဆင့်တို့ခြံထဲသို့ မောင်းဝင်သွားသည်ကို လှမ်းမြင်လိုက်ရပါ၏။

"ဦးကုလားရဲ့ မဟာရာဇဝင်ကြီး ဖတ်ဖူးလား"

"ဟင့်အင်း"

"ပိုက်ဆံချည်း ကျုံးရှာမနေနဲ့ဦးဟ၊ ဘွဲ့လေးတစ်ခု ပိုက်ပြီးလည်း တင်းတိမ်မနေနဲ့၊ စာလေးဘာလေးလည်း ဖတ်ဦး"

"အချိန်မရှိလို့ပါ ကိုကိုဖြိုးရဲ့"

"မရှိရင် ရှိအောင် လုပ်ယူပေါ့၊ ဆန္ဒပြင်းရင် ဖြစ်ပါတယ်ဟာ"

"ကိုကိုဖြိုးက အမိန့်ချရင်တော့ ဖတ်ဖြစ်ပါလိမ့်မယ်"

"တယ် ... ဒီကောင်မလေး"

ကဉ္စနာက တခစ်ခစ် ရယ်သည်။

"မင်းယဉ်နရသိခ် သိလား"

"ဟုတ်ကဲ့ ... ဒါတော့ သိပါတယ်၊ ဟို ... ဝေဠုဝတီမင်းသမီး သူ့ကို လာဆက်တော့ နားရွက်ကားလို့ဆိုပြီး ညီတော် နရပတိစည်သူကို ပေးလိုက်ပြီးမှ ပြန်ကြိုက်တဲ့မင်း မဟုတ်လား"



"အေး ... ဟုတ်တယ်၊ ခယ်မကို သိမ်းပိုက်ချင်တာနဲ့ ညီတော်ကို ဆောင်ချမ်းအရပ် လွှတ်ပါရောလား၊ ညီအစ်ကို နှစ်ယောက် မိန်းမပြဿနာ ရှုပ်ကြတာ ကြားထဲက ငပြည့်နဲ့ ကျော်စွာငယ်တို့ အသက်ဆုံးရတဲ့ အကြောင်းရော သိလား"

"ဟုတ်ကဲ့"

"အဲဒီမင်းမှာ မိဖုရားကြီးသုံးပါး ရှိတယ်"

"ဟာ ... က,မယ်မထင်ပါဘူး ကိုကိုဖြိုးရဲ့"

"မှတ်ဖူး ... ရှိတော့ရှိတာပေါ့၊ မိဖုရားခေါင်ကြီးကို ပြောတာ တခြားမင်းတွေက မိဖုရားခေါင်ကြီး တစ်ပါးပဲ၊ သူ့ကျတော့ မိဖုရားခေါင်ကြီးသုံးပါး"

ကဉ္စနာ ရင်ထဲမှ ကျိတ်၍ အပြစ်တင်မိသည်။ နှာခေါင်းကလေးကို မသိမသာ ရှုံ့သည်။

"တောင်ပြင်သည် မြောက်ပြင်သည်နဲ့ အလယ်ပြင်သည်လို့ ဘွဲ့ပေးထားတယ်"

"အလယ်နန်း၊ အနောက်နန်း၊ တောင်နန်း၊ မြောက်နန်းလို့ပဲ ကြားဖူးပါတယ် ကိုကိုဖြိုးရယ်"

"အရင်က မကြားဖူးလည်း အခု ကြားပြီပေါ့၊ အဲဒီ မိဖုရားသုံးပါးကို အခြွေအရံ၊ အဆောင်အယောင် လက်ဝတ်ရတနာ အစ အားလုံး တူတူရှိုးမြင့်ထားတယ်တဲ့၊ ရှင်ဘုရင်ထွက်တော်မူလို့ မိဖုရားတွေ နောက်က လိုက်ရရင်တောင် မိဖုရားသုံးပါးရဲ့ ဆင်သုံးစီးဟာ ဘယ်သူ့ဆင်မှ ခြေတစ်လှမ်းသာခွင့် မရဘဲ တပြေးညီဖြစ်အောင် သွားရတယ်တဲ့"

"ဟင်း ... တိကျနေလိုက်တာ"

"မိန်းမများတော့လည်း ဒီလိုတိကျပေးမှပေါ့ဟ၊ နင့်မို့ဆို ဒုတိယ စူဠသုဘဒ္ဒါတွေ ပေါ်လာဦးမယ်"

"ကိုကိုဖြိုးပုံကို ဆက်ပါဦး"

"ပုံမဟုတ်ပါဘူးဟာ၊ ရာဇဝင်ပါ၊ အဲ ... ဦးကုလားရဲ့ မဟာရာဇဝင်ကြီးထဲမှာ ဘယ်လို ရေးထားလဲဆိုတော့ ... ထိုသို့ မယုတ်မလွန် ချစ်တော်မူသောကြောင့် တစ်ပါးကိုတစ်ပါး စောင်းမြောင်းငြူစူခြင်း မရှိ၊ ကြည်ကြကုန်၏ ... တဲ့ ကဲလေ ... တွေ့ပြီမှတ်လား၊ ကြည်တဲ့မကြည်တဲ့ကိစ္စ"

"ကိုကိုဖြိုး ဒါတွေ အကုန်မှတ်မိတယ်နော်"

"မှတ်မိဆို ငါက ငါတို့တိုင်းပြည်ရဲ့ ရာဇဝင်ရေးထားတဲ့ စာအုပ်ကို သဘောပေါက်ရောက်မှ ဖတ်မိတာ"

"ဟင် ... ဘယ်လို"

"တို့သဘောကပ္ပတိန်က ဂျူးနဲ့အင်္ဂလိပ်ကပြားလေ၊ သူ့ဆီမှာ တွေ့ရတာ၊ ငါလည်း ဗမာစာ ငတ်နေတုန်းမို့ အငမ်းမရ ကောက်ဖတ်တာပေါ့"

"သူက ဘာလုပ်တာလဲ၊ ဗမာစာတတ်လို့လား"

"မတတ်ဘူး၊ ဒါပေမဲ့ သူက ပရော်ဖက်ဆာလုစ်ကို သိပ် ကြည်ညိုပြီး အားကျသတဲ့၊ ပရော်ဖက်ဆာလုစ်က ဗမာပြည်မှာ လာနေပြီး ဗမာအကြောင်းတောင် စာအုပ်တွေ ရေးခဲ့တယ် ငါ့ကပ္ပတိန်က အင်္ဂလန်ရောက်တုန်းမှာ အဲဒီစာအုပ်ကို စာအုပ်ဆိုင်တစ်ဆိုင်မှာ ရှားရှားပါးပါး တွေ့လို့ ဒေါ်လာခုနစ်ဆယ် ပေးပြီး ဝယ်ခဲ့တာတဲ့"

"ချေးကြီးလိုက်တာနော်"



"ညည်းကသာ ချေးကြီးနေ၊ သူ့မှာဖြင့် အရေတော်လေခြင်း ဖြစ်နေတာ၊ သူ့သဘောမှာ ဗမာတစ်ယောက်လည်း ရှိနေတော့ အသုံးဝင်တယ်ပေါ့၊ ငါ့ကို ဖတ်နိုင်းပြီး အင်္ဂလိပ်လို ပြန်ရှင်းခိုင်းတယ်"

"သူက လူပျိုလား"

"လုပ်မနေနဲ့ အမိ၊ သူ့သားကြီးတောင် တက္ကသိုလ်ရောက်နေပြီ၊ သူ့မိန်းမက ပြင်သစ်သူ"

"ဟင် ... ကိုကိုဖြိုးကလည်း၊ စကားစပ်မိလို့ မေးတဲ့ဟာကို"

"အေးပါ ... ထားပါ၊ ငါလည်း ဗမာစာအုပ်ငတ်နေတော့ သူ့ ရှင်းပြမနေနိုင်ဘူး၊ ငါ့ဘာသာ အရင်ဆုံး အစအဆုံး ဖတ်ပစ်လိုက်မိတယ်"

"နောက်မှ ပြန်ရှင်းရတယ်ပေါ့"

"အေး ... ကိုယ့်လူမျိုးရဲ့ ရာဇဝင်၊ လူမျိုးခြားဆီမှာ တွေ့မှ ပြန်ဖတ်ရတာ၊ ငါဖြင့် ရှက်လိုက်တာ၊ လဲတောင် သေချင်တယ်"

"ဘာဖြစ်လို့ မသေဖြစ်ခဲ့တာလဲ"

ကနှာက ပြုံးပြုံးကလေး ပြန်နောက်မိသည်။ ကိုကိုဖြိုး ဗမာပြည်မှ ထွက်ခွာမသွားမီကဆိုလျှင် ဤမျှ တရင်းတနှီး ပြန်မနောက်ဖူးပါ၊ ခုတော့ ... ကွဲနေတာလည်း ကြာပြီ၊ ပြန်လည်ဆုံတွေ့ချိန်မှာ တွယ်တာအားကိုးစိတ်များဖြင့် ရင်ထဲမှာ အတိုင်းမသိ ကျွမ်းဝင်ရင်းနှီးမိခြင်းလည်း ဖြစ်ပေသည်။

"သေမလို့ပဲ၊ သဘောပေါ် လဲသေရင် ပင်လယ်ထဲ လျောကျသွားမှာစိုးလို့"

သရဖီ အပါအဝင် သုံးဦးလုံး ရယ်မောမိကြသည်။ ကားက မြေနီကုန်းမီးပွိုင့်သို့ ရောက်လာခဲ့ပါပြီ။ မီးနီကို ရပ်စောင့်နေရင်း ကိုကိုဖြိုးက စကားကိုအဆက်အစပ်မရှိတဲ့တိုးကြီး မေးရသည်။

"နေသွေးဦး မိန်းမ မရသေးဘူး မှတ်လား"

"သူ မင်္ဂလာဆောင်ရင် စိန်ထည်တစ်စုံ လက်ဖွဲ့မယ်လို့ သူ့မာမီကို ပြောထားတာ၊ ခုထိ စိန်မဝယ်ရသေးဘူး"

သည်တစ်ခွန်းတော့ ကဋ္ဌနာက ပြန်ဖြေသည်။

"ဒီလောက်ဆို ပြဿနာရဲ့ ဇာစ်မြစ်ကို ငါ ရိပ်စားမိပါပြီ"

အထင်တော် လွဲရှာလေခြင်း။ ငွေရေး၊ ကြေးရေး၊ စီးပွားရေး အခြေအနေကြောင့် ကွဲကြရသည်။ နေသွေးဦး မိဘ ခွဲလို့ ကွဲခြင်းဟူ၍ ကိုကိုဖြိုး တွေးမိသွားရသည်။

"အခု ... တိုးတိုး ချမ်းသာနေပြီပဲ"

"တိုး ရင်ထဲမှာ သူ သေသွားပါပြီ ကိုကိုဖြိုးရယ်"

"ရင်ထဲမှာ သေပေမဲ့ အပြင်မှာ မသေသေးတာက စက်တသ်နေပါဦး၊ မိုးမိုးဆင့်ကော"

"ဖျာပုံမှာ ဆရာမ လုပ်နေပါတယ်"

"သူကော ယောကျ်ားရပလား"

"ဟုတ်ကဲ့"

"ဟ ... ဘယ်သူနဲ့လဲ"

"နေသွေး အစ်ကိုနဲ့"

"မော ..."

ကိုကိုဖြိုးက အာမေဋိတ်သံ ပြုပြီးမှ တဟားဟား ရယ်ပြန်သည်။ ကားက ရှမ်းလမ်းမှတစ်ဆင့် သီရိခေမာ လမ်းထဲသို့ ချိုးဝင်ခဲ့လေပြီ။ ကိုကိုဖြိုးက ရယ်ရှိန်ကို မသတ်နိုင်၊ ရယ်တုန်း



"ကိုကိုဖြိုးကလည်း ဘာလို့ ဒီလောက် သဘောကျပြီး ရယ်နေရတာလဲ"

"ဟား ... ဟား ... ဟား ... သဘောကျလွန်းလို့ပါ၊ တိုက်ဆိုင်ရပုံကိုလည်း ရယ်ချင်တယ်၊ တိုးတိုး ခေါ်လိုက်ပုံကိုပဲ ရယ်ချင်တယ်"

"ဘာဖြစ်လို့လဲ"

"ကိုယ့်အမျိုးသား ကိုယ်ခေါ်တာ နေသွေးတဲ့၊ ယဉ်ကျေးလှချည်လားဟ"

"တိုး အမျိုးသားမှ မဟုတ်တော့တာ၊ နောက်ပြီး ကိုကိုဖြိုးတို့ ကျူရှင်မှာ တက်နေတုန်းက အဲဒီလိုပဲ ခေါ်ခဲ့တာပဲ၊ သူငယ်ချင်းပဲ ကိုကိုဖြိုးရဲ့"

ကဋ္ဌနာတို့ ခြံဝမှာ "ဘဒ္ဒကဋ္ဌနာ" ဟူသည့် ဆိုင်းဘုတ်သေးသေးရှည်ရှည်ကလေးက ဆီးကြိုနေသည်။ အောက်ခံသစ်သားကို အနက်ရောင် သုတ်ထားသည်။ စာလုံးများကို သစ်သားနှင့်ပင် ထွင်း၍ အောက်ခံပြားပေါ်မှာ ဖောင်းကြွအဖြစ် ကပ်ထားသည်။ ပြီးတော့ ရွှေရောင် တောက်တောက်ကလေး သုတ်ထားသည်။ ကဋ္ဌနာ၏ ပြည့်စုံကုံလုံမှုတို့ကို ကိုဝေဖြိုး ဝမ်းပန်းတသာ တွေ့ရှိရပါသည်။

အိမ်မှာ ရှိသမျှ မိန်းကလေးတိုင်းက တိုးတိုးကို "မမကဋ္ဌနာ" ဟုချည်း ခေါ်နေကြသည်မို့ ကိုဝေဖြိုး နားမျက်စိလည်ရသည်။ ခရီးရောက်မဆိုက်မှာပင် ကဋ္ဌနာက သူ နာမည်ပြောင်းထားသည့် အကြောင်းကို ရှင်းပြရသည်။ ကိုဝေဖြိုးက သူနှင့်အတူ သယ်ဆောင်လာနိုင်ခဲ့သည့် လက်ဆောင်များကို ထုတ်ပေးသည်။

ထမင်းပွဲမှာတော့ ငါးရံ့အူဆီပြန်၊ စနိုက်ကြွပ်ကြွပ်ကြော်၊ ကြက်အသည်းအမြစ်ဟင်း၊ မန်းကျည်းရွက်နှင့် သနပ်ရွက်ကို ရော၍ ငါးကျည်းလေးနှင့် ချက်သော ချဉ်ရည်ဟင်း အရည်သောက်ဟင်းတစ်ခွက်၊ ကြက်သွန်ဖြူ ပုဇွန်ခြောက်မှုန့် နိုင်းချင်းမှာ ရွှေအဆင့်ရတ်သီးများနှင့် ဖျော်ထားပါသော ငါးပိရည်ကျို ကောင်းကောင်းတစ်ခွက်၊ တညင်းသီးတို့စရာ၊ အခါးကြိုက်သော ကိုဝေဖြိုးအတွက် ဂန့်ဂလာပြုတ် တို့စရာလည်း မကျန်စေရ၊ မြိုင်ဆိုင်လှပေသည်။

"အမယ်လေးဟဲ့ ... တကယ့် မြန်မာ့ထမင်းဝိုင်း၊ ငါ လက်နဲ့ပဲ စားမယ်"

"အားရပါးရ စားပါ ကိုဝေဖြိုးရဲ့"

ခုတလော အလုပ် မနိုင်လွန်းသောကြောင့် အိမ်မှုဟင်းများ မလုပ်နိုင်ကြပါ။ ထို့ကြောင့် ခေါ်ထားရသည့် အိမ်ဖော်မကလေး ဂျမ်းဘုံက တအံ့တသြ ငေးကာ "ဟင် ... လက်နဲ့မစားလို့ ခြေထောက်နဲ့ စားလို့ရတာမှ မဟုတ်တာ" ဟူ၍ ကတ်သီးကတ်သတ် တွေးနေမိပါတော့သည်။



"ဟော့ကောင်ကြီး ... နေသွေး"

"ခြော် ... ဆရာ၊ လာပါ ... ထိုင်ပါ"

နေသွေးဦးက စားပွဲမှ ထ၍ ခရီးဦးကြိုပြုသည်။

"ရှာလိုက်ရတာကွာ"

ကိုဝေဖြိုးက မောမောပန်းပန်း ထိုင်ချသည်။

"နေသွေးဦး ရေနံစာတုမှာ လုပ်သည် ..." ဆိုသည့် အချက်ကလေးတစ်ချက်တည်းနှင့် မတွေ့တွေ့အောင် လိုက်ရှာခဲ့ရသည်။

"အလုပ်အကိုင် အဆင်ပြေရဲ့လား"

"ပြေပါတယ် ဆရာ"

"မိုးမိုးဆင့်နဲ့ မင်းအစ်ကိုနဲ့ လက်ထပ်တယ်ဆို"

"ဟုတ်ကဲ့ ဆရာ၊ အအေးပဲ မှာလိုက်မယ်နော်"

"အေး ... ကောင်းသားပဲ"

နေသွေးဦးက ကိုဝေဖြိုးကို အအေးတိုက်ရန် စီစဉ်သည်။

"မင်းကော"

"ဟာ ... ကျွန်တော်"

ဆရာကိုဝေဖြိုးကို နေသွေးဦး လေးစားရိုးအမှန်ပါ။ ဆရာတစ်ယောက် အနေနှင့်လည်း လေးစားကြည်ညိုသည်။ လူတော် လူကောင်းတစ်ယောက် အနေနှင့်လည်း အထင်ကြီးသည်။ သို့ပေမင့် ဆရာနှင့် မျက်နှာဆိုင်ကာ စကားပြောဖို့ ဝန်လေးမိပါသည်။ သူ ချစ်လှစွာသော "တိုးချစ်"သည် သူ့အချစ်ကို လုံးဝ လက်သင့်မခံဘဲ နေချင်နေပါ။ ဆရာဦးဝေဖြိုးကဲ့သို့သော သူမျိုးကို တည့်တည့်လင်းလင်း ရွေးချင်ရွေးပါဦး။

တိုးချစ်တစ်ယောက် လူကောင်းလူတော်နှင့် ကြုံကြိုက်ရပါစေသည် ဟူ၍၊ မေတ္တာစိတ်ဖြင့် ကြည်နူးနိုင်ဦးမည် ထင်ပါသည်။ နတော့ ... တိုးချစ်က သူ့အချစ်ကို လက်ခံခဲ့သည်။ သူ့ချစ်သူ ဖြစ်လာပြီဆိုတော့လည်း သူသာလျှင် တိုးချစ်အတွက် အရေးပါ အရာရောက်ဆုံးနှင့် အနီးကပ်ဆုံးသူ ဖြစ်ချင်သည်။

လက်တွေ့မှာ ... ဆရာဦးဝေဖြိုးက ချစ်သူဆိုပါသည့် 'သူ'ထက် ပိုမိုရင်းနှီးခွင့် ရနေသည်။ ချစ်လှစွာသော တိုးချစ်ကိုယ်တိုင်က သူ့စွပ်စွဲချက်များ အပေါ်မှာ စိတ်ကျေနပ်လောက်အောင် ဖြေရှင်းမပြခဲ့။ ဆတ်ဆတ်ခါ နာကြည်းခြင်းဖြင့် သူ့ကိုသာ ရန်စွယ်နှင့် ငေါငေါ။

သူ့ဆန္ဒက ... မဟုတ်ပါဘူး မောင်ရယ်၊ ဘာရယ် ညာရယ်၊ မောင့်ကိုသာ တိုး ချစ်တာပါ စသည် စသည်ဖြင့် မျက်ရည်ကလေး ကျချင်ကျဦး၊ ပျော့ပျော့နွဲ့နွဲ့ ဖြေရှင်းချက်ကလေး ကို ကြားချင်မိသည်။ သူက ပြန်လည်ချော့မော့ခြင်းဖြင့် ကျေအေးချင် သည်။



တိုး စိတ်ဓာတ်ကိုက အထက်စား အမာစားပေမို့ ငွေရှင်ကြေးရှင် ချစ်သူတစ်ဦးထံမှာ မျက်ရည်ကျပြခြင်းဖြင့် အယူခံဝင် မည့်သူ မဟုတ်မှန်း နေသွေးဦး မေ့လျော့ခဲ့လေသလား။

ဘာပဲဖြစ်ဖြစ် ဆရာနှင့် မျက်ဝန်းချင်းဆုံကာ စကား ပြောနေရခြင်းဖြင့် နေသွေးဦးရင်ထဲမှာ ပင်ပန်းမိပါသည်။

"တိုးတိုးဟာ ငါ့ညီမလေး၊ ငါ့တူမလေးလိုပဲ၊ ကုန်ကုန်ပြော ရရင် ငါ့သမီးကလေး မွေးလာရင်တောင် တိုးတိုးထက်တော့ ပိုချစ်နိုင်မယ် မထင်ဘူး၊ တိုးတိုးကို ငါ အဲဒီလောက် ချစ် တယ်"

"ယုံလွန်းအားကြီးလို့ ခက်နေပါတယ် ဆရာ"ဟူ၍ နေသွေးဦး ရင်ထဲမှာ ကျိတ်ပြောမိလေသည်။

"မင်းကိုလည်း လူကောင်းကလေး တစ်ယောက်အနေနဲ့ ငါ သဘောကျတယ်၊ စာသင်ပေးခဲ့ဖူးတဲ့သူ အဖြစ်နဲ့ သံယောဇဉ် ရှိတယ်၊ ဒီနှစ်ယောက် အဆင်မပြေကြဘူး ဆိုတော့ ငါ စိတ်မကောင်းဘူး နေသွေး"

နေသွေးဦး ဘာမျှ ပြန်မပြော။ မျက်လွှာချ၍ နားထောင် သည်။

"အရွယ်တွေလည်း ရောက်ကုန်ကြပြီ၊ နှစ်ဆယ့်ငါး၊ နှစ်ဆယ့် ခြောက်ဆိုတာ လက်ထပ်ဖို့ အသင့်တော်ဆုံးအရွယ်ပဲ၊ မင်းတို့ နှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက်သာ အဆင်မပြေ ကြတာ၊ ဘယ်သူမှလဲ လက်မထပ်ဖြစ်ကြသေးဘူးဆိုတော့၊ မင်းတို့ကို သင့်သင့်မြတ်မြတ် ပြန်ပြီး မြင်ချင်တယ်၊ တိုးတိုး အတွက်လည်း အစစအရာရာ စိတ်ချလက်ချ ဖြစ်ချင်တယ်"

ကိုဝေဖြိုးကို နေသွေးဦး ဖျတ်ခနဲ မော့ကြည့်သည်။

တိုးအပေါ်မှာထားသည့် ဆရာ့သံယောဇဉ်ကြီးကို ခန့်မှန်းကြည့်မိသည်။ ရှင်းရှင်းနှင့် တိတိပပ ဆိုရသော် ဆရာ တိုးကို ချစ်နေသလား၊ လက်ထပ်ယူချင်လျက်နှင့် တပည့်မလေး ဖြစ်ခဲ့ဖူးလို့ ခက်နေတာလား ... ဟူ၍ တွေးမိခြင်း ဖြစ်ပါ၏။

"မင်းတို့ ဘာအကြောင်းနဲ့ အဆင်မပြေ ဖြစ်ကြတာလဲ"

"သူ့ကို မေးမကြည့်ဘူးလား ဆရာ"

"မေးတယ်၊ မပြောဘူး၊ သူ မင်းကို စိတ်ဆိုးနေတုန်းပဲ၊ ခုထိ စိတ်ဆိုးနေတယ်ဆိုတာ၊ ခုထိ ယူကျုံးမရ ဖြစ်နေလို့၊ ခုထိ သံယောဇဉ် ရှိနေသေးလို့ပဲလို့ ငါ ထင်တယ်၊ မင်းကကော"

နေသွေးဦးက စားပွဲကို လက်ချောင်းကလေးများနှင့် တဒေါက်ဒေါက် ခေါက်နေသည်။ သူ့မှာ အပြောရခက်၊ အနေရခက် စိတ်ကျဉ်းကျပ်နေသည်။ ကိုဝေဖြိုးဆိုသည့် ပုဂ္ဂိုလ်သည် မိမိ လေးစားကြည်ညိုခဲ့ပါသည့် ဆရာတစ်ဦး မဟုတ်ခဲ့ပါလျှင် အဘယ်မျှ ပွင့်ပွင့်လင်းလင်း မေးလို့ကောင်း၊ ပြောလို့ကောင်းလိုက်ပါမည်နည်း။

"မင်းလောက် ဖွဲကြီးကြီးနဲ့ အပြောဆိုခံ၊ အသနားခံ သည်းညည်းခံပြီး ချစ်နိုင်မဲ့လူ ငါ မတွေ့ဘူး"

"ဆရာ့ကို ဆရာသမားတစ်ယောက်အနေနဲ့ ကျွန်တော် လေးစားပါတယ် ဆရာ"

"အဲဒါနဲ့ ဘာဆိုင်သလဲ"

"ကျွန်တော် ပြောမဲ့ စကားတွေထဲမှာ ဆရာ့ကို ထိခိုက်နစ်နာစေမဲ့ စကားတွေ ပါလာရင် ခွင့်လွှတ်ပါလို့ ကြိုတင်တောင်းပန်မလို့ပါ"

"ဟာ ..."



"ကျွန်တော့်သဘောနဲ့ ကျွန်တော်ဆိုရင် မပြောပါဘူး၊ ဆရာက မေးလာလို့ပါ၊ မေးတော့လည်း ဖြေချင်မိပါတယ်၊ ကျွန်တော့်မှာလည်း ရင်ထဲမှာ နှစ်ပေါင်းများစွာ ကျိတ်ခံခဲ့ရတဲ့ ဝေဒနာကို ဖွင့်ဒိုင်းကြီး ဖွင့်ချရမှာ မဟုတ်လား ဆရာ၊ ကြိတ်မနိုင်ခဲမရလည်း အလွန်ဖြစ်မိပါတယ်"

"ပြောပါဦး"

"ဆရာ ခွင့်ပြုလို့ ကျွန်တော် ပြောမှာ"

"အေးပါ"

"ဆရာနဲ့ တိုးနဲ့ ချစ်နေကြတယ်လို့ ကျွန်တော် ထင်တယ်"

"ဟော ..."

နေသွေးဦး စကားက ကိုဝေဖြိုး၏ နားအမှေးပါးကလေးနားမှာ ကပ်၍ အမြောက်ပစ်သည့်နှယ်။

"ဆရာကလည်း တိုးကို ချစ်တယ်၊ တိုးကလည်း ပြန်ချစ်တယ်၊ တိုး ပြန်ချစ်နေမှန်းလည်း ဆရာ သိတယ်၊ ဆရာတို့ နှစ်ယောက်ကြားမှာ ပွင့်လင်းကြဖို့ဆိုတဲ့ တံခါးရွက် ပါးပါးကလေးတစ်ချပ်ပဲ ခြားနေတယ်လို့ ကျွန်တော် မြင်ပါတယ်"

နေသွေးဦးက မျက်နှာလွှဲ၍ ပြောသလို ကိုဝေဖြိုးကလည်း မျက်လွှာချ၍ နားထောင်နေသည်။ ဘစ်ခုံတစ်ခုကို ဝင်မပြောပါ။ အိတ်ထဲမှ စီးကရက်နှင့် မီးခြစ်ကို ထုတ်၍ မီးညှိသောက်သည်။ နေသွေးဦးကို တစ်လိပ်လှမ်းပေးသည်။ နေသွေးဦးက စီးကရက်ကိုသာ သဲမဲကြည့်၍ လှမ်းယူသည်။

"အဲဒီ တံခါးရွက်ကလေးဟာ ပါးပါးကလေးမို့၊ တွန်းဖွင့်မလား၊ ဖျက်ဆီးပစ်မလား၊ လွယ်လွယ်လေးလို့ ထင်ပါတယ်၊ ဒါပေမဲ့ ပါးလွှာသလောက် ခိုင်မြဲနေတဲ့ အချက်လည်း ရှိပါ

တယ်၊ တိုးဟာ ဆရာ ပြုစုပျိုးထောင်ခဲ့တဲ့ ပန်းကလေးတစ်ပွင့်၊ ဆရာ့တပည့်မလေး၊ ဥယျာဉ်မှူး ပန်းမခူးရဆိုတဲ့ အဖြစ်မျိုးနဲ့ အခက်တွေ့နေရတယ်လို့လည်း ကျွန်တော် ထင်ပါတယ်"

"ပြောချင်သလောက် ပြောစမ်း"ဟူသည့် အဓိပ္ပာယ်နှင့်ပဲ ငြိမ်၍ နားထောင်နေသလား၊ 'သူ ပြောတာတွေ ဟုတ်များနေသလား'ဟူသည့် အတွေးနှင့်ပဲ မိမိကိုယ်မိမိ ပြန်လည်ဆန်းစစ်နေသလား မဆိုနိုင်ပါ။ ကိုဝေဖြိုး ငြိမ်သက်စွာ နားထောင်နေသည်။

"ဆူဇီတို့ စွပ်စွဲချက်ကို နိုင်မှာသွားစေခြင်းနဲ့လည်း သိက္ခာအကျမခံချင်ဘူးပေါ့ ဆရာရယ်၊ ထိန်းသိမ်းရမဲ့ အရွယ်လေးကိုး အဲဒါက ဆရာနဲ့ ပတ်သက်ပြီး ကျွန်တော် မြင်တဲ့အပိုင်းပါ၊ တိုးနဲ့ ပတ်သက်ပြီး မြင်တဲ့အပိုင်းကျတော့ ..."

နေသွေးဦးလည်း စီးကရက်ကို မီးညှိ၍ တစ်ချက်ရှိုက်ဖွာသည်။ ခုနေများ အရက်ပုလင်း အဆင်သင့်ရှိလျှင် လုပ်ငန်းခွင်မှာ မဟုတ်ဘူးဆိုပါလျှင် ကျွမ်းစိုက်အောင် မူးသည်အထိသောက်ပစ်လိုက်ချင်ပါ၏။

"တိုးအနေနဲ့ ဆရာဟာ ဦးစားပေး အဆင့်တစ်ပဲ၊ အဲဒီ ဦးစားပေး အဆင့်တစ်နဲ့က အကြောင်းကြောင်းတွေကြောင့် ဖြစ်နိုင်ချေမရှိလို့ နံပါတ်နှစ်ကို တစ်နေရာပို့သလို ကျွန်တော်ကို လက်ခံလိုက်တာလို့ပဲ မြင်ပါတယ်၊ အဲဒီအကြောင်း ကျွန်တော် ဖွင့်မေးပါတယ်၊ တိုးက ဒေါသတကြီးနဲ့ ရန်တွေ့ပြီး ရက်ရက်စက်စက် မောင်းထုတ်လိုက်တော့တာပါပဲ ဆရာ"

နေသွေးဦး ရင်မှ မတည်ငြိမ်ခြင်း ဝေဒနာက ကိုဝေဖြိုး ရင်ထဲသို့တိုင် ကူးစက်မျှနှံ့ပုံရပါ၏။ နေသွေးဦးက စားပွဲကို လ



ချောင်းကလေးများနှင့် တူတောက်တောက် ခေါက်နေချိန်မှာ ကိုဝေဖြိုးက စီးကရက်ကို သဲကြီးမဲကြီး ကျုံးဖွာရင်း မျက်ခုံးနှစ်ဖက်ကို အနီးဆုံးဖြစ်အောင် ရှုံ့ထားသည်။

"ချဉ်ချဉ်စားတူး မူးရင်ပြီးရော ဆိုတဲ့ စိတ်မာတတ်မျိုးကို အရက်ပေါ်မှာပဲ ထားနိုင်ပါတယ် ဆရာ၊ ဘဝကြီး တစ်ခုလုံးကို လက်တွဲ လျှောက်ရမဲ့ အဖော်မွန်ကိုတော့ ဘာပဲဖြစ်ဖြစ်၊ ရရင် ပြီးရောဆိုတဲ့ အဆင့်ထိ ကျွန်တော် မပျော့ညံ့ချင်ဘူး ဆရာ၊ ဒီလောက်လည်း အရူးအမူး အဖြစ်မခံနိုင်ပါဘူး ဆရာ၊ ကျွန်တော် သဘောထား သိပ်များ သေးသိမ်နေပြီလား၊ ယောကျ်ားမာနကို ထိနိုက်လို့ ယောကျ်ားဆန်ပြလိုက်တာမှာ မိန်းမလို မိန်းမရများ ဖြစ်သွားသလားဆရာ၊ ပြောပါဦး"

နေသွေးဦး ကိုဝေဖြိုးကို လှမ်းကြည့်သည်။ ကိုဝေဖြိုးက ဘာမျှ ပြန်မပြောဘဲ အဓိပ္ပာယ်မဲ့စွာ ခေါင်းယမ်းနေသည်။

"အဲဒါတွေက ကျွန်တော်နဲ့ ပတ်သက်တဲ့ အပိုင်းတွေပါပဲ၊ ကျွန်တော့် မာမီနဲ့ သန္တာတို့ကတော့ တိုးအပေါ်မှာ မောက်မောက်မာမာ ရိုင်းရိုင်းပျပျ သွားပြောကြတာ၊ မာမီတို့ သန္တာတို့ လွန်ပါတယ်၊ မာမီနဲ့ သန္တာတို့ရဲ့ ခံယူချက်နဲ့ သဘောထား၊ ဟို ... တိုးက၊ အဲဒီတုန်းက ဆင်းရဲလို့၊ မိဘမရှိလို့ ဆိုတာတွေက ကျွန်တော့် ခံစားချက်ကို ဘယ်လိုမှ ယှိုင်နဲ့စေတဲ့ ပြဿနာတွေ မဟုတ်ပါဘူး၊ တိုးဘက်ကကျတော့ စိတ်နာစရာက ကျွန်တော့်အပေါ်မှာရော၊ မာမီတို့ သန္တာတို့အပေါ်မှာပါ ရှိရှာမယ်ပေါ့လေ"

"တိုးတိုးက ငါနဲ့ ကိစ္စကို ရှင်းမပြဘူးလား"

"လက်ခံပြီး ရှင်းလင်းနေရမဲ့ကိစ္စ မဟုတ်ဘူးတဲ့၊ ဒေါ်သပဲ ထွက်ပါတယ် ဆရာ၊ ဆရာတို့နှစ်ယောက်ကြားမှာ ကျွန်တော် ဟာ မလိုလားအပ်ဘဲ ဝင်ရှုပ်တဲ့အကောင် ဖြစ်နေရင် နှစ် ယောက်လုံးအပေါ်မှာ ထားတဲ့မေတ္တာ၊ စေတနာ၊ သံယော ဇဉ်တွေကြောင့်လည်း ဘေးဖယ်ပေးချင်ပါတယ်၊ ကျွန်တော့် မာနနဲ့ ကျွန်တော်လည်း ရှောင်ထွက် သွားချင်ပါတယ်"

"မင်းရဲ့ သံသယကို ငါတစ်ယောက်တည်း ရှင်းပြရုံနဲ့ လုံလောက်မလား၊ တိုးတိုး ကိုယ်တိုင်က ရှင်းပြစေချင်တာ လား"

"ဆရာပြောရင် ဆရာ့တစ်ဖက်သတ် ခံစားချက်ပဲ ဆရာ၊ တိုးဆန္ဒ၊ တိုးသဘော၊ တိုးရင်ထဲက ခံစားချက် ဘယ် ဟုတ်ပါ့မလဲ"

"အေးလေ... ငါ သဘောပေါက်ပြီ၊ တကယ်လို့ တိုးတိုးရင်ထဲ မှာ မင်းထင်တာတွေ ရှိမနေကြောင်း တိုးတိုး နှုတ်က ဖွင့်ဟဝန်ခံတာ ကြားရမှ မင်း ကျေနပ်နိုင်မယ်ပေါ့"

"ဟုတ်ပါတယ် ဆရာ၊ ဒါပေမဲ့ တိုးတိုးရင်ထဲက ခံစားချက်က ကျွန်တော် ထင်ထားတဲ့အတိုင်း ဆိုရင်လည်း ကျွန်တော် ကြည်ဖြူပါတယ် ဆရာ၊ ကြည်လည်း ကြည်နူးနိုင်ပါတယ်၊ ဒီလိုပြောလို့ ကျွန်တော့်အချစ်ကို ပေါ့ဆဆလို့လည်း မထင် ပါနဲ့"

"သိပ်လေးနက်လွန်းလို့ဆိုတာ ငါ သိတာပေါ့ နေဦး"

"ဒီခြောက်နှစ် အတွင်းမှာ မရှုးရုံ မသေရုံတမယ်ပဲ ကျန်ပါ တယ်၊ ရူးချင်သေချင်လောက်တဲ့ စိတ်ဆင်းရဲခြင်းကြီးစွာ ခံစားနေရတာ ခုထိပါ"



"ငါ နားလည်တယ်"

ကိုဝေဖြိုးက စီးကရက်ကို ဖန်ပြာခွက်ကလေးထဲသို့ ထိုးခြေသည်။

"တိုးတိုးက ငါ့ကို သူ့အိမ်မှာ နေဖို့တောင် ပြောပါတယ်၊ ငါက ငြင်းခဲ့တယ်၊ ခုဆို မနေဖြစ်တာ မှန်လိုက်လေကွာ၊ ဟား ဟား"

ကိုဝေဖြိုးက စကားလေးငါးခွန်း ပြောပြီးလျှင် ရယ် တတ်သည်မှာ အကျင့်တစ်ခုလို ဖြစ်နေသည်။

"ငါ အခု ကိုထွန်းတို့ အိမ်မှာ နေတယ်"

"ဆရာ သင်္ဘောပြန်လိုက်ဦးမှာလား"

"ဟင့်အင်း ... အပြီးပြန်လာတာ"

"ဪ ..."

"အစကတည်းက လူမျိုးကိုယ်လွတ်၊ ကမ္ဘာပတ်ချင်လို့ လိုက် သွားတာပဲဟာ၊ နိုင်ငံပေါင်းလည်း စုံခဲ့ပြီ၊ ကိုယ့်မြန်မာပြည် လောက် ပျော်စရာကောင်းတာ တစ်နေရာမှ မရှိဘူး"

"ဆရာ ဒီမှာ အလုပ်တစ်ခုခု ဝင်ဦးမလား ဆရာ"

"အစိုးရအလုပ်တော့ ဝင်ဖြစ်မယ် မထင်ဘူး၊ ငါ့ သင်္ဘောတွေ တိုးတိုးဆီက ပြန်လွှဲယူပြီး ဆက်လုပ်ရမှာပေါ့၊ မိန်းမသား တန်မဲ့ သူ တာဝန်ယူလာရတာ ခြောက်နှစ်ရှိပြီ"

"တကယ်တော့ အလုပ်မရှိလည်း ထိုင်စားလို့ ဖြစ်တာပဲ ဆရာ"

"ထိုင်စားနေနိုင်ပေမဲ့ ထိုင်စားနေရမှာ ရှက်တယ်ကွ၊ ဖေဖေ ကဆို ငါ မသွားခင်ကတည်းက ဘုန်းကြီးဝတ်သွားတာ၊

မေမေကလည်း သီလရှင်ဝတ်သွားပြီး နောက်ဆံငင်အောင် လာမတွေ့နဲ့တဲ့၊ ဒီတစ္ဆာမှာတော့ ငါ့လောက် လွတ်လပ်တဲ့လူ ရှိမယ်မထင်ဘူး၊ သားမယား သံယောဇဉ်လည်း မရှိ"

"သုံးစရာ ပိုက်ဆံတွေကလည်း တပုံတခေါင်းနဲ့၊ ပျော်စရာကြီး ဆရာ၊ ကျွန်တော် တကယ်အားကျမိပါတယ်"

"ကိုထွန်းကလည်း အားကျလွန်းလို့တဲ့၊ သူက ကလေးတောင် သုံးယောက်ရနေပြီလေ၊ သူများတွေ အားကျတဲ့ ငါ့ဘဝကို ငါ့စိတ်ထဲမှာတော့ အဓိပ္ပာယ် မရှိဘူး ထင်တာပဲ၊ လမ်းစပျောက်နေတဲ့လူလိုပေါ့၊ ဦးတည်ချက် ကင်းနေတယ်၊ ဝဲကပါထဲမှာ တဝဲလည်လည်နဲ့"

"ဘုန်းကြီးကျောင်းသားလေး ပြောသလို ပြောရရင်တော့ အဲဒီဒုက္ခမျိုး သာဂီ ခံစားချင်လိုက်တာ ဆိုတာမျိုးပေါ့ ဆရာ"

နေသွေးဦး ရယ်ဖြစ်တော့သည်။

"သာဂီက ဘာတဲ့လဲ"

"သြော် ... ဘုန်းတော်ကြီး တစ်ပါးကို ဒကာ ဒကာမတွေက စားကောင်းသောက်ဖွယ်တွေ အမျိုးမျိုး လာလှူတယ်၊ ဘုန်းကြီးကလည်း တရားရှင်ဆိုတော့ ရသတဏှာ မကပ်ဘူး၊ ဘုဉ်းမပေးဖြန့်ရင်လည်း စေတနာရှင် သဒ္ဓါစိတ် ပျက်ပြယ်ပြီး ကုသိုလ် မရမှာစိုးလို့ ဘုဉ်းပေးရတယ်၊ ဘုန်းပေးရင်းက တရားမှတ်တယ်တဲ့၊ လှူဖွယ်ဝတ္ထုပစ္စည်းလည်း မမြဲဘူး၊ အလှူခံပုဂ္ဂိုလ်လည်း မမြဲဘူး၊ အလှူရှင်လည်း မမြဲဘူး၊ အနိစ္စ၊ အနိစ္စလို့ ပြောသတဲ့"



ကိုဇေဖြိုးက သည့်တစ်ခါတော့ နေသွေးဦး မျက်နှာကို ကြည့်၍ နားထောင်သည်။ နေသွေးဦးကလည်း ဖြန့်ကြည့်ရင်း ပြောနေသည်။ အခြား အကြောင်းအရာများ ပြောကြမှပဲ ဆရာတပည့် နှစ်ဦး မျက်ဝန်းချင်း ရဲရဲဆုံဖြစ်တော့သည်။

"ဘုန်းကြီးကျောင်းသားလေး သာဂီက နားမလည်လို့ သူ့ဆရာတော်ကို ငေးကြည့်နေတယ်တဲ့၊ ဘုန်းကြီးက အင်း ... ခန္ဓာကိုယ်မှာ လောင်စာအဖြစ် ဒီအဟာရကို ဖြည့်တင်းပေးရတယ် ဒုက္ခ၊ ဒုက္ခလို့ ပြောပြီး အစားအစာတွေကို ဘုဉ်းပေးသတဲ့"

ကိုဇေဖြိုး မျက်နှာက ခပ်ပြုံးပြုံး ဖြစ်လာသည်။

"ဒီတော့ သာဂီက ပြောတယ်၊ ဆရာတော်ဘုရား ဒီလောက် ကောင်းတဲ့ အစားအစာတွေကို စားနေရတာ ဒုက္ခ၊ ဒုက္ခနဲ့ ညည်းမနေပါနဲ့ဘုရား၊ အဲဒီဒုက္ခကို သာဂီ ခံစားချင်လွန်းလို့ စွန့်ကြဲမပော်မူပါဘုရားတဲ့"

"ဟား ... ဟား ... ဟား ... ဟား"

ကိုဇေဖြိုး ရယ်နေသလို နေသွေးဦး ရယ်သည်။ ဆရာတပည့်လည်းဖြစ် ယောက်ျားချင်းလည်း ဖြစ်သည်မို့ ကြီးကျယ်သော ကိစ္စရပ်ကြီး တစ်ခုကို ဆွေးနွေးရာမှာ အဖြေနိဂုံးမချုပ်ပေမင့် ပြဿနာ ကြီးကျယ်မလာခဲ့ပါ။ ဤနေရာမှာ မိန်းမသားများသာ ဆိုလျှင်ဖြင့် ငိုသည့်လူငို၊ ရန်တွေ့သူ့က တွေ့နှင့် တကယ့် မဟာ ရောမပြဿနာတစ်ခု ဖြစ်နိုင်သည်။ အဆုံးမှာ နိဂုံးတစ်ခုခုတော့ မလွဲကေန်ချုပ်ဖြစ်မည်။ အဖြေတစ်ခုခုတော့ ရမည်။ ခုတော့ နိဂုံးမရှိ။ အဖြေမထုတ်ကြပါတကား။

"ပြန်ဦးမယ်၊ မင်းလည်း အလုပ်ပျက်လှပြီ၊ ဪ ... ဒီမှာ မင်းအတွက် လက်ဆောင်"

"နေပါစေ ဆရာ၊ အအေးသောက်ပါဦး၊ ပူတောင်ကုန်ပြီ ထင်ပါရဲ့၊ ဆရာ့နာရီက တန်ဖိုးကြီးတော့ အားနာတယ်"

"ယူပါကွ၊ ငါ ဝယ်ခဲ့တုန်းက ဘယ်လောက်မှ ပေးရတာ မဟုတ်ပါဘူး"

ကိုဝေဖြိုးက စပါကလင်ဖန်ခွက်ကို တစ်ကျိုက်တည်း မော့ချပစ်သည်။ ခုမှ သောက်ရန် သတိရသည် မဟုတ်ပါလား။ နေသွေးဦးက နာရီကို အားနာပါးနာနှင့် ကောက်ယူသည်။

"ကျေးဇူးအများကြီး တင်ပါတယ် ဆရာ"

"တစ်ခုတော့ မေးချင်သေးတယ်၊ မင်းနဲ့ တိုးနဲ့ ပြေလည်ကြ ပြီးတဲ့နောက်ပိုင်းမှာ မင်း အိမ်က သဘောမတူရင်ကော"

"ကျွန်တော်တို့အိမ်မှာ သန္တာက မာမီနောက် ကပ်ပါနေပေမဲ့ မဲ့ဆန္ဒပေးပိုင်ခွင့်ရှိသူအဖြစ် အသိအမှတ် ပြုမထားပါဘူး ဆရာ၊ သူက ကလေးသာသာမို့ ဖွတ်ကျားပါ"

"အဲဒီတော့"

"ဒက်ဒီနဲ့ ကိုကြီးက ကျွန်တော့်မဲတွေပါ၊ သုံးမဲတစ်မဲနဲ့ မာမ့်ကို အပြတ်အသတ် နိုင်ပါတယ်၊ နောက်ပြီး မာမီပြတဲ့ အကြောင်းတွေက နိုင်လည်းမနိုင်လုံလှဘူး မှတ်လား ဆရာ"

"အင်းလေ"

"ကိုကြီးကဆို ကျွန်တော့်ကို သိပ်အပြစ်တင်ပါတယ်၊ ပြီးတော့ မိုးမိုးလေ၊ ကျွန်တော့် မရီး"

"အေး ... တိုးတိုး ပြောပြတယ်"



"မရီးတော်ကဆိုရင် အပြစ်တင်တဲ့ နေရာမှာ ပါးစပ်နဲ့တောင် မကဘူး၊ ခဲနဲ့တောင် ကောက်ပေါက်မလို့"

"ဟေး ... ဟေး ... ဟေး ... သူတို့ သူငယ်ချင်းတစ်တွေက စိတ်ဓာတ်တွေကတော့ အထက်စားချည်းထဲကပဲ"

ဆရာတာပည့်နှစ်ဦး ရယ်ဖြစ်ကြပြန်သည်။

"ပြန်ဦးမယ်"

"ဟုတ်ကဲ့ပါ ဆရာ၊ အားတဲ့အခါ အိမ်ကို လာလည်ပါ ဆရာ၊ ဆရာပေးတဲ့ လက်ဆောင်အတွက် ကျေးဇူးအများကြီး တင်ပါတယ်၊ အားလည်းသိပ်နာတာပဲ"

"ရပါတယ်ကွာ"

ကိုဝေဖြိုးနှင့် အတူ နေသွေးဦးပါ လျှောက်လိုက်လာသည်။

"မင်းလည်း လာလည်ဦးလေ၊ လောလောဆယ်တော့ ကိုထွန်းတို့အိမ်မှာပဲ နေတယ်"

"ကျွန်တော်တို့အိမ်မှာ လာနေလည်း ရပါတယ် ဆရာ၊ မာမီက ဆရာလိုလူမျိုးနဲ့တော့ ပေါင်းလို့သင်းလို့ဖြစ်ပါတယ်"

"ဒီတစ်ရက် နှစ်ရက်အတွင်း မန္တလေးလည်း သွားရဦးမယ်၊ အမျိုးတွေဆီကို"

"မိုမိုးတို့တောင် မန္တလေးမှာပဲ ရှိဦးမယ် ထင်တယ် ဆရာရဲ့၊ ကျောင်းတွေမှ မဖွင့်သေးတာ"

"ဟုတ်လား၊ ဘယ်တပ်လဲ"

"ခ-လ-ရ (---)"

"နာမည်က ဘယ်သူ"

"ဗိုလ်ကြီးဝင်းသော်ဦးပါ"

"အေး ... ကြုံရင် ဝင်တွေ့လိုက်မယ်"

အငေါ်လှကား တစ်လျှောက် ဆင်းသွားပါသော ကိုဝေဖြိုး။ နေသွေးဦး လေးစားအထင်ကြီးပါသည့် ဆရာ။ ချစ်လှစွာသော တိုးချစ်၏ နှလုံးသားကို ပိုင်စိုးလွှမ်းမိုးခွင့် ရလေသူ။ အရပ်ရှည်ရှည်၊ အသားရောင်က စိမ်းဖန့်ဖန့်၊ မျက်လုံးမျက်ခုံးကောင်းနှင့် လူချောလူခန့်တစ်ဦး၊ သိန်းပေါင်းများစွာ ပိုင်ဆိုင်သူ လူမျိုးယင်းသို့သော ပုဂ္ဂိုလ်မျိုးကို မိန်းကလေးတစ်ရာမှာ တစ်ယောက်မဆိုထားနှင့် တစ်ခြမ်းကတောင် ငြင်းပယ်လိုစိတ် ရှိမည်မဟုတ် ဟူသောအတွေးတို့က နေသွေးဦးရင်ကို ငြင်းပြစွာ လောင်မြှိုက်ကြပါသည်။

ကိုဝေဖြိုး၏ ကျောပြင်ကို ငေးငေးကြီး ကြည့်၍ ကျန်ရစ်ခဲ့ပါတော့သတည်း။



တွေ့သောထူးမှာ

ကိုဝေဖြိုး မြန်မာပြည်သို့ ပြန်ရောက်မလာမီ ခုနစ်လကျော်ကျော်ကတည်းက ကြိုတင် တင်ပို့လိုက်သည့် မဟူရာရောင် Skylark စကိုင်လာ့ခ်ကားကြီးက ကိုဝေဖြိုးနှင့် မရှေးမနှောင်းပင် ရောက်လာသည်။ ဟွန်ဒါဆိုင်ကယ်ကလေးလည်း ပါသည်။ တယ်လီဗေးရှင်းလည်း အတူတူ။

ကိုဝေဖြိုး မြန်မာပြည်သို့ ပြန်ရောက်လာပြီး တစ်လအတွင်းမှာပင် အကောက်ခွန်ဆောင်၍ ဆိပ်ကမ်းမှ ထုတ်ယူနိုင်ခဲ့သည်။ ကိုဝေဖြိုး ကိုယ်တိုင် မောင်းကာ ကားရပ်နားခွင့် တစ်ကျပ်ပေး၍ ဗိုလ်ချုပ်ဈေး အတွင်းသို့ ဝင်လာခဲ့သည်။ ဘဒ္ဒကဥ္စာ အလှနန်းတော်ရှေ့မှာ ရပ်သည်။ ဆိုင်တွင်းသို့ လှမ်း၍ အကဲခတ်သည်။

အားပါးပါး နည်းနည်းနောနော မိန်းကလေးထုကြီးမဟုတ်ပါတကား။ ဆိုင်က သုံးခန်းတွဲကြီးဖြစ်သည်။ တစ်ခန်းမှာ ညှိကြိုခန်းထင်သည်။ မိန်းကလေးတစ်ဦးက စာအုပ်တစ်အုပ်ကို စားပွဲတစ်လုံးပေါ်မှာ တင်၍ အရေးအသွင်း အလုပ်ရှုပ်နေသည်။ သည်အခန်းကို ပုရစ်ညွှန့်ရောင် စာခန်းဆီးကလေး ချထား၍

စိမ်းလဲ့ရောင် မီးချောင်း ထွန်းထားသည်မို့ တစ်ခန်းလုံး စိမ်းဖန့်ဖန့် ဖြစ်နေသည်။ သူ့ပတ်ဝန်းကျင်မှာ မိန်းကလေးတွေ ပတ်လည်ဝိုင်းနေသည်မို့ ထိုင်နေသည့် မိန်းကလေးကိုပင် သဲကွဲစွာ မမြင်ရ။

ဒုတိယအခန်းမှာ မိုးပြာရောင် ဓာခန်းဆီး လှလှကလေး အပြည့်ချထားသည်။ ဆံပင်ညှပ်၊ ဆံပင်ဖြတ်၊ ဆံပင်ကောက်၊ ဆံထုံးထုံးနေသူများကို လမ်းမကနေ ကြည့်လျှင် ဓာပြာပြာကလေး မှတစ်ဆင့် ထွင်းဖောက်မြင်ရသည်။ ဆိုင်ခန်းထဲမှာလည်း ပြာလဲ့လဲ့ မီးရောင်ထွန်းထားသည်မို့ တစ်ခန်းလုံးမှာ ပြာရိပ်ကလေး လဲ့လဲ့ဝေ့နေသည်။

တတိယအခန်းကျတော့ ဓာခန်းဆီးအဖြူ။ အတန်ငယ် ထူသည်။ အတွင်းသို့ ထွင်းဖောက်ကြည့်ရာတွင် ပိုးတဝါးသာ။ အလင်းရောင်ကလည်း အဖြူရောင်စစ်စစ်၊ မျက်နှာလိမ်းခြယ်ရာ အခန်းပေမို့ မိတ်ကပ်ရောင်ကို တိတိကျကျ မြင်နိုင်စေရန် အဖြူရောင် သုံးဟန်တူသည်။ အပြာခန်းနှင့် အဖြူခန်း နှစ်ခန်းလုံးမှာ လေအေး စက်များ တပ်ဆင်ထားကြောင်း မြင်ရုံနှင့် သိသာသည်။

အဖြူခန်းနှင့် အပြာခန်းတို့ကို အပြင်ဘက်မှ သံပန်း တံခါး လှလှကလေးများတစ်ထပ်၊ မှန်တံခါးတစ်ထပ် ဆွဲပိတ်ထား သည်။ သံပန်းများနှင့် မှန်တံခါးက ရှေ့က၊ ဓာခန်းဆီးများက နောက်မှ ကပ်ချထားခြင်းဖြစ်သည်။ သံပန်းများ ပေါ်မှ စာလုံးသာ ဘဒ္ဒကဋ္ဌနာ အလှနန်းတော်။

အဖြူခန်းနှင့် အပြာခန်းသို့ အပြင်မှ တိုက်ရိုက်ဝင် လို့ မရပါ။ ဝင်လိုလျှင် အစိမ်းခန်းမှသာ ဝင်ရမည်။ အစိမ်းခန်း မှာက သံတခါး ဆွဲစေ့မထား၊ ဓာပါးပါးကလေးသာ တစ်ထပ်တည်း တစ်ခန်းနှင့်တစ်ခန်း အတွင်းတံခါး ရှိဟန်တူသည်။ အခန်းထိုင်



နေမှာ မိန်းကလေးတွေ ပြည့်နက်နေသည်။ မိန်းမလှကျွန်းဟုပင် တင်စားနိုင်ပါ၏။

ကိုဝေဖြိုး ဝင်သွားရန် ရှိုးတိုးရှန့်တန့် ဖြစ်နေရသည်။ ဤမျှ များပြားသော မိန်းမထုကြီးအလယ်သို့ နိုင်ငံတကာ နဲ့စပ်ခဲ့ပါ သည့် သဘော်အင်ဂျင်နီယာကြီး မဝင်ရဲရှာ။ ကားပေါ်မှနေ၍သာ လည်ပင်းတဆန့်ဆန့် ကြည့်နေမိပါ၏။ ကဋ္ဌနာကတော့ အဖြူခန်း အတွင်းမှာ အလုပ်ရှုပ်နေရသည်။

"ကိုကိုဖြိုး ရောက်နေပါတယ် မမကဋ္ဌနာ"

"ဟင် ... ဘယ်မှာလဲ"

"ဆိုင်ရှေ့မှာ ကားရပ်ထားပါတယ်၊ ကားထဲမှာ"

ကဋ္ဌနာက သွက်သွက်ကလေး လှမ်းထွက်လာလေ သည်။

"ကိုကိုဖြိုး လာလေ"

"နေပစေတော့၊ ညနေ အိမ်ကို ဘယ်အချိန် ပြန်ရောက်မလဲ၊ အိမ်ကိုပဲ လာခဲ့တော့မယ်"

"ဆိုင်ပိတ်ချိန်မှဆိုရင် နောက်ကျတာပေါ့ ကိုကိုဖြိုးရဲ့"

"ကျပစေလေ"

ကဋ္ဌနာက သူ့နာရီကလေးကို ကြည့်သည်။ သုံးနာရီ

"တိုးလည်း ပြန်လိုက်ခဲ့မယ်လေ၊ အခုပဲ"

"ဟာ ... နေပစေ၊ အလုပ်ပျက်တယ်"

"နောက်ထပ် လက်ခံထားတဲ့ ဘွတ်ကင် မရှိတော့ပါဘူး ကိုကိုဖြိုးရဲ့၊ တိုး အားပါပြီ"

"အလှပြင်မဲ့သူတွေ အများကြီး ကျန်နေသေးတာပဲ"

"သူ့ဘွတ်ကင်နဲ့ သူ့လူနဲ့သူပါ၊ တိုးက နေ့တိုင်း သုံးနာရီ ဆို နားနေကျပါ၊ ပွဲထိုင်အတွက် အထူးကိစ္စရှိမှသာ ညနေထိ ဆက်ပြင်တာပါ၊ လိုက်ခဲ့မယ်"

"ဆိုင်ကို ပစ်ထားခဲ့ရဦးမယ်"

"သရဖီ ရှိတယ်လေ"

"ဘယ်သူ"

"နှင်းနုလေ"

ကဋ္ဌနာတို့ နေသွေးဦးကို စိတ်နာပုံက သူ့နာမည်နှင့် ဆိုင်နာမည်ပါ ပြောင်းပစ်ရုံမက အားလူတွေပါ စက်ကွင်းမလွတ် ရှိသမျှ နာမည်တွေ လျှောက်ပြောင်းပစ်သည်။ ကိုဝေဖြိုးက သနား ကြင်နာစွာ ပြုံးကြည့်သည်။

"နေပါစေဟာ"

"ဟင့်အင်း၊ လိုက်ခဲ့မယ်၊ ငါးပိရည်နဲ့ တို့စရာနဲ့ ထမင်းကျွေး ဦးမယ်"

ပြောပြောဆိုဆို ဆိုင်ထဲ ပြန်ဝင်လာသည်။ ကိုကိုဖြိုး လာလျှင် စားကောင်းသောက်ဖွယ်များကို တကူးတက စီမံကျွေးခဲ့ သည်။ ကိုကိုဖြိုး ကြိုက်တတ်သည့် ဟင်းလျာကလေးများ စီမံပေးခဲ့ သည်။ သူ့ကျေးဇူးရှင် မဟုတ်လား။ သရဖီကို မှာစရာ ရှိတာများ မှာသည်။

"ကားထားခဲ့မယ်၊ သရဖီ ပြန်မောင်းလာခဲ့ပေါ့၊ မမကဋ္ဌနာ ကိုကိုဖြိုးကားနဲ့ပဲ လိုက်သွားတော့မယ်"

"ဟုတ်ကဲ့၊ စိတ်ချပါ မမ"

ကဋ္ဌနာက တောင်ကြောင်ရေနှင့် ချုပ်ထားသည့် လေး ဘက်ကလေးကို လွယ်၍ ထွက်လာသည်။ ကိုဝေဖြိုး၏ ကားကြီး



ရှေ့ခန်းမှာ ဇွဲ့ခနဲ ဝင်ထိုင်သည်။ ကဋ္ဌနာ ကိုယ်လုံး လေးလက်မ လောက် မြုပ်ဝင်သွားသည်။

"ကိုကိုဖြိုး ကားကြီးက ကောင်းလိုက်တာ"

"အဲဒါကြီးနဲ့ မန္တလေး တက်မလို့"

အိမ်ရောက်တော့ ကိုကိုဖြိုးအကြိုက် ဟင်းလျာများ၊ ငါးပိရည်ဖျော်နှင့် တို့စရာများကို ဂျမ်းဘုံနှင့် စီစဉ်ပေးရသည်။ လောလောဆယ် အဆာပြေသောက်ရန် ဆဲဗင်းအပ်ပ်နှစ်ပုလင်းနှင့် ရေခဲထည့်သည့် ဖန်ဇလုံကလေးကိုပါ ယူ၍ အိမ်ရှေ့ဧည့်ခန်းမှာ ထိုင်ဖြစ်ကြသည်။

ကိုဝေဖြိုးက ကဋ္ဌနာကို စေ့စေ့ကြည့်ရင်း နေသွေးဦး စကားများကို ကြားယောင်လာမိသည်။ ကဋ္ဌနာ မျက်ဝန်းပြတင်းများ မှတစ်ဆင့် နှလုံးသားကို လှမ်းမျှော်ကြည့်မိသည်။ "ဒီကလေးမ ငါ့ ကို ချစ်နေသလား" ဟုလည်း တွေးမိပါသည်။ အကယ်၍များ ကဋ္ဌနာက သူ့ကို နေသွေးဦး စွပ်စွဲသကဲ့သို့ ချစ်နေခဲ့ပါလျှင် ...

သနားစိတ်နှင့် ကြည်ဖြူမိမည်လား မပြောတတ်ပါ။ 'ကဋ္ဌနာ' ဟူသည့် နာမည်ကလေးနှင့်အညီ ရွှေရောင် တောက်ကာ ထိလိုက်ဆိုလိုက်လျှင်ပင် ပုံကျသွားတော့မလောက် နုဖပ်နေသည့် အသား ဝင်းဝင်းများနှင့် မိန်းကလေးကို 'လှ,လှချည်လား' ဟူ၍ သခုမှ သတိပြုမိသည်။

သူ နိုင်ငံခြား မသွားမီကထက်ပင် ပိုလှလာပါသေး သည်။ အလှပြင် ပါရဂူမကလေး ဆိုတော့လည်း နဂိုမှာ နဂိုင်းများ ဖူက်ကာ ရက်ရက်စက်စက် လှနေခြင်းဖြစ်ပါ၏။

သည်မိန်းကလေးအပေါ်မှာ နမအယေ်ဆုံးကလေး သဖွယ် သံယောဇဉ် ဖြစ်မိသည်ထက် သနားစိတ်တို့ကသာ ပိုကဲ

ဖုံးလွှမ်းသည်။ သူမ ဘဝကလေး သာတောင့်သာယာ ဖြစ်စေချင်သည်။ စီးပွားရေးအနေနှင့် ထိပ်တန်းရောက်နေပြီ ဆိုတော့လည်း ပီတိဖြစ်ရသည်။ နှလုံးသားရေးရာကလေးများမှာပါ အဆင်ပြေစေချင်သည်။

နေသွေးဦး စကားများကိုလည်း အပြစ်တင်ရန် အခက်။ နေနှင့်လ ရွှေနှင့်မြနယ် လိုက်ဖက်တင့်မောကြပါသည့် မျိုးရွယ်သူကလေး နှစ်ဦးကို အဆင်ပြေစေချင်သည်။

"ကိုကိုဖြိုးနဲ့ စကား အေးအေးဆေးဆေး ပြောချင်လို့ တမင် ပြန်လိုက်ခဲ့တာ ကိုကိုဖြိုးရဲ့"

ကဥ္စနာက ဆဲဗင်းအပ်ပုလင်းကို ဖန်ခွက်ထဲသို့ သွန်သည်။ ရေခဲတုံးများကို ညှပ်ကလေးနှင့်ကိုင်၍ ဖန်ခွက်ထဲသို့ ထည့်သည်။

"ကိုကိုဖြိုးကို အကူအညီ တောင်းရဦးမယ်၊ တိုး ဘဝတစ်လျှောက်လုံးမှာ ကိုကိုဖြိုး အမြဲ ကူညီခဲ့တာကို အခွင့်ကောင်းယူပြီး အခုလည်း ထပ်ပူဆာရဦးမယ်"

သည်ကလေးမ ပြုံးလိုက်လျှင် အလွန်လှသည်။ ကြည်ကြည်သာသာ တီတီတာတာကလေး ပြုံးလျှင်မဆိုထားဘိ၊ နှုတ်ခမ်းထောင့်စွန်းကလေး အောက်သို့ ကွေးကျကာ မဲ့ပြုံးကလေး ပြုံးလျှင်တောင် လှလွန်းသူဖြစ်ပါ၏။ သည်ကလေးမ စကားပြောလျှင်အလွန်ချစ်စရာကောင်းသည်။ ကိုဝေဖြိုး ကဲ့သို့သော သူမ တွယ်တာအားကိုးသူနှင့် ဆိုပါလျှင် မူမူနွဲ့နွဲ့ကလေး ပို၍ ပြောတတ်ပါသေးသည်။

"ဆိုပါဦး"

"တိုးလေ ... ဒေါ်တင်တင်စိုးရဲ့ စကားတွေက တိုး ဆင်းရဲချို့တဲ့တဲ့ ဘဝကို နိမ့်လွန်းလို့ ချမ်းသာရမယ်ဟုဆိုတဲ့ နဲ့ ပိုက်ဆံချည်းပဲ ကျုံးရှာခဲ့တယ်"



"ဟုတ်ပြီလေ၊ အခု သူဌေးမလေး ဖြစ်နေပြီပဲ"

"တိုးဘဝမှန်ကို တိုးသိရတာ ရှစ်နှစ်ကျော် ကိုးနှစ်နီးပါး ရှိခဲ့ပြီ၊ အမေဆုံးတာတော့ ခြောက်နှစ်ကျော်ကျော် ခုနှစ်နှစ်ထဲမှာပါ၊ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တစ်ခုကို တိုး မေ့ထားမိတာ ခြောက်နှစ်ကျော်ကျော်ကြီးများတောင်"

ကဥ္စနာ့စကားများကို ကိုဝေဖြိုး နားမလည်သောကြောင့် မျက်မှောင်ကုတ်၍ ကြည့်မိသည်။ ဖန်ခွက်ကလေးကို ဆွဲယူ၍ တစ်ကျိုက် သောက်သည်။

"တိုး မိဘတွေကို ပြန်ရှာချင်ပါတယ် ကိုကိုဖြိုး"

"ဟဲ့ ... ဘာရယ်"

"တိုးဟာ အမေ့သမီးအရင်း မဟုတ်ပါဘူး ကိုကိုဖြိုး"

"ဟေ"

နောက်တစ်ကျိုက် သောက်ရန် လှမ်းယူထားသော ဖန်းခွက်က လမ်းတစ်ဝက်တွင် တန့်သွားရသည်။ တိုးတိုးက သူမ ဘဝကလေး ဇာတ်ကြောင်း ပြန်သည်။ ဆွဲကြိုးနှင့် ရွှေအသည်းဆွဲပြားကလေးအကြောင်းပါ မကျန်။ ဆွဲပြားကလေးတွင် ပါလာသည့် ကဥ္စနာ ဆိုသည့် နာမည်ကလေးကို ပြောင်းလဲမှည့်ခေါ်ပုံအထိ။

ကိုဝေဖြိုး တအံ့တသြ နားထောင်သည်။ သူ့ဝါသနာအတိုင်း မျက်ခုံးနှစ်ခုကို နီးနိုင်သမျှ နီးအောင် ရှုံ့ထားခြင်းဖြင့် စိတ်ဝင်စားမှုကို ပြသည်။

"အမေတို့က ယစ်ကန်ကြီးရွာကပါ၊ ပဲခူးမှာ ပွဲသွားကြည့်ရင်း ဇာတ်ရုံတွေ မီးလောင်တုန်း တိုးကို ကောက်ရခဲ့တာ ဆိုတော့"

"တိုးတိုး ဆိုတဲ့ နာမည်က ..."

"အမေ မှည့်တာပါ"

"ဒါတွေ ဒေါ်ဒေါ်သိန်းလှ ပြောပြခဲ့တာလား"

"ဟုတ်ကဲ့"

"စောစောစီးစီးကများ၊ ငါ့ကို မပြောဘူး"

"ဆွေမိနဲ့ ပြဿနာဖြစ်ပြီး အိမ်ပေါ်က နှင်အချမှာ အပြောခံရတာဆိုတော့ အဲဒီတုန်းကလည်း သတိမရပါဘူး၊ အမေရှိတုန်းကလည်း အမေ အားငယ်မှာစိုးတာရော၊ ဝမ်းရေးအတွက် ရုန်းကန်နေရတာတွေကြောင့်ရော လုံးဝ စိတ်ကူးမရခဲ့ပါဘူး ကိုကိုဖြိုး၊ အမေဆုံးပြီးတော့ ဘာကြာလဲ၊ ဒေါ်တင်တင်စိုးတို့နဲ့ ပြဿနာ ဖြစ်ပြန်တော့ တိုးရင်ထဲမှာ ချမ်းသာဖို့တစ်ခုပဲ မောဟတွေ ဖိစီးနေခဲ့ပါတယ်၊ ဒါကြောင့်မို့ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တစ်ခုကို ခြောက်နှစ်လောက် မေ့ထားမိတယ်လို့ ပြောတာပါ၊ တိုးကို ကူညီပါဦး ကိုကိုဖြိုး၊ တိုးမိဘရင်းတွေကို ပြန်ရှာချင်ပါတယ်"

"ဆွဲကြိုးက ဘယ်မလဲ"

"ပြမယ်"

အိပ်ခန်းတွင်းမှ ထွက်လာသော ကဠနာကို ကိုဇေဖြိုးက စူးစူးစိုက်စိုက် လှမ်းကြည့်သည်။ သူ့ကြည့်ပုံက စူးရှလွန်းသောကြောင့် ပိတ်တွန့်သား အင်္ကျီကလေးမှတစ်ဆင့် အရေပြားတို့ကို ထွင်းဖောက်ကာ နှလုံးသားထိတိုင် ရောက်မည်လား ထင်ရသည်။

ကဠနာက ဆွဲကြိုးကလေး လှမ်းပေးသည်။ ကိုဇေဖြိုးက လှမ်းယူ၍ ကုလားထိုင်မှာ ထိုင်သည်။ ဟိုဘက်သည်ဘက် လှည့်၍



အပြန်ပြန်အလှန်လှန် ကြည့်သည်။ ကဠနာ ဟူသည့် စာတန်းကလေးကို သေသေချာချာ ဖတ်သည်။

"ထင်ရှားတဲ့ အမှတ်အသား ဘာရှိလဲ"

"ရှင်"

"ကဠနာ ကိုယ်မှာ ပြောတာ"

ကဠနာက ရှက်ကိုးရှက်ကန်း ပုံစံကလေးနှင့် ခေါင်းငုံ့သွားရှာသည်။

"ဟို ... ရင်ညွှန့်မှာ ရွှေးစေ့လောက် မှဲ့သီးနီနီကလေးပါ ပါတယ်"

"အဲဒါ အဓိကပဲ၊ မိခင်ရင်းက ဒီအမှတ်အသားကို မှတ်မိရမှာပေါ့"

ကဠနာ ခေါင်းကလေး ပြန်မော့လာသည်။

"ဒေါ်ဒေါ်သိန်းလှတို့များ ဇာဟုသုတ မခေါင်းပါးရင် ဒီလောက်ကြာတဲ့အထိ ဒုက္ခတွေ မဖြစ်ရဘူးပေါ့"

"ဒါပေမဲ့ ... အမေ့ကိုလည်း အပြစ်မတင်ချင်ပါဘူး ကိုကိုဖြိုးရယ်"

"အေးလေ ... ရဲစခန်း ပို့တာမျိုး၊ သတင်းစာထဲ ထည့်တာမျိုးများ မလုပ်ခဲ့ဘူးနော်၊ တိုးတိုး ... အဲလေ ... ကဠနာ"

"ခေါ်နေကျအတိုင်းပဲ ခေါ်ပါ ကိုကိုဖြိုးရဲ့"

"ကဠနာ ဆိုတာကမှ နာမည်အမှန် ဖြစ်မှာကိုး၊ ကဠနာပဲ ခေါ်တော့မယ်၊ ကဠနာ မိဘတွေ ခများလည်း ရှာကြမှာပါ၊ သတင်းစားတွေထဲလည်း ထည့်ကြမှာပါ"

"တိုးတို့နေတဲ့ ..."

"ကဍ္ဍနာလို့ပြောလေ"

ကဍ္ဍနာက ပြုံးပြုံးကလေး ဖြစ်သွားရသည်။

"ကဍ္ဍနာတို့နေတဲ့ရွာက ယစ်ကန်ကြီးဆိုတာတောင် ယစ်ကန်ကြီးရွာပေါ်မှာ မဟုတ်သေးဘူး၊ အဲဒီကမှ တစ်ဆင့် သွားရတဲ့ လယ်ကွင်းပြင်ထဲက လယ်တဲစုကလေးမှာ ဆိုတော့ အမေတို့မှာ သတင်းစာဘယ်ရှိမလဲနော်၊ ရှိလည်း အမေက စာမတတ်ဘူး၊ ကဍ္ဍနာ့ မိဘတွေကလည်း ဒီလောက်ထိ ခေါင်ခေါင်ဖွန်ဖွန်ကလေးကို မရောက်ခဲ့ဘူး ထင်ပါရဲ့"

"ရွာထဲက လူတွေကများ တစ်ယောက်တစ်ပေါက် မပြောကြဘူးလားဟယ်"

ဂျမ်းဘုံ ရောက်လာကာ ထမင်းပွဲ ပြင်ရတော့မလားလာမေးသည်။

"စားလိုက်တာပေါ့ဟာ၊ ထမင်းစားပြီးရင် ဒီကုလားထိုင်ပေါ်မှာ တစ်ရေးမှိန်းလိုက်ဦးမယ်"

ထမင်းစားဖြစ်ကြသည်။ ပြီးတော့ ကိုဝေဖြိုးက ကုလားထိုင်သို့ ပြန်လာကာ မျက်စိမှိတ်ထားသည်။ အိပ်ပျော်သလား၊ မပျော်သလားတော့ မသိပါ။ ကဍ္ဍနာ ခမျာတော့ လမ်းလျှောက်ရာတွင်ပင် ခြေဖျားကလေးထောက်၍ လျှောက်ရသည်။ သရဖီတို့ ပြန်ရောက်လာကြတော့ ကိုဝေဖြိုးမှာ ခေါခေါကြီးများတောင် ဟောက်လို့၊ သရဖီတို့အုပ်စု စုရုံးစုရုံး စီညံစီညံသံများကြောင့် ကိုဝေဖြိုး နိုးသွားရသည်။

"အိပ်ရေးဝရဲ့လား ကိုကိုဖြိုး"

"အေး … ဝတယ်၊ ပြန်မှပဲ"

"မိုးတောင် ချုပ်နေပြီ"

၆



"ရယ်ပါတယ်ဟာ၊ ယောကျ်ားပဲ၊ ငါမနက်ဖြန် မန္တလေးတက်ဖြစ်မယ်၊ ဘာမှာဦးမလဲ၊ ပြင်ဦးလွင်မြို့ထိလည်း တက်မယ်၊ ဦးလေးတို့ ဒေါ်လေးတို့ဆီ သွားဦးမယ်၊ မေမေရှိတဲ့ စစ်ကိုင်းဘက်လည်း ကူးမယ်"

"ဟော … ကိုကိုဖြိုး"

"ထိုးမုန့် ပါတယ်၊ ဆတ်သားခြောက် ပါတယ်၊ မန္တလေးက ညီမက ဘဒ္ဒကဍ္ဍနာ အလှုနန်းတော်က နတ်မိမယ်တွေအတွက် ရွှေသနပ်ခါးမှုန့် လက်ဆောင်ပေးလိုက်တယ်"

ကိုဝေဖြိုးက အော်ကျယ်အော်ကျယ်ပြောရင်း အထုပ်အပိုးများ ဆွဲ၍ အိမ်ပေါ်သို့ တက်လာသည်။ ကဍ္ဍနာ၊ သရဖီနှင့် ယုဇနတို့ အထုပ်များကို ပြေးဆွဲကြသည်။

"နေ … နေ … မမကဍ္ဍနာ"

မြတ်လေးနွယ်နှင့် ငုဝါတို့လည်း ထွက်လာကာ ဝိုင်းဆွဲကူကြလေသည်။

"ဖူး … မောလိုက်တာ"

ကိုဝေဖြိုးက ကုလားထိုင်မှာ ခြေပစ်လက်ပစ် ထိုင်ချသည်။

"ဘယ်တုန်းကရောက်လဲ ကိုကိုဖြိုး"

"မန္တလေးကနေ ဘဒ္ဒကဥ္စနာခြံကြီးထဲ တိုက်ရိုက်မောင်းဝင်လာတာ"

"တစ်ပတ်တောင် ကြာလို့ ကဥ္စနာ စိတ်ပူနေတာ"

"ဒါတောင် ဘယ်နေရာမှ ဖင်ပူကျော့ပူအောင် မနေခဲ့ရဘူး၊ မန္တလေးကနေ စစ်ကိုင်း ကူးတယ်၊ မန္တလေး ပြန်လာ၊ ပြင်ဦးလွင်မြို့တက်၊ မန္တလေးပြန်လာ ရန်ကုန်ဆင်း"

"ဘယ်ကနေ ဘယ်အချိန် ထွက်လာလို့လဲ ကိုကိုဖြိုးရယ်၊ မိုးတောင် ချုပ်နေပြီ"

"ဆာတယ်ဟာ၊ ဆာတယ်၊ ငါးပိရည် မရှိဘူးလား"

"ဟုတ်ပါရဲ့၊ ကဥ္စနာကလည်း ညံ့လိုက်တာ၊ သရဖီရေ"

ကဥ္စနာက သူ့ကိုယ်သူ အပြစ်တင်ရင်း သရဖီဘက်သို့ လှည့်ခေါ်သည်။

"အတော်ပဲ မမကဥ္စနာ၊ တညင်းသီးနုနုလေးတွေ ပေါ်ဦးပေါ်များ ဆားစိမ်ထားတာ၊ ဒီနေ့ဆို စားလို့ရပြီ"

"လုပ်ပါကွယ်၊ ပြင်ချေပါဦး၊ ဂျမ်းဘုံလေးကို ဒီကဆတ်သားခြောက်တွေလည်း ထပ်ဖုတ်မိုင်းပါဦး"

မိန်းမသားချည်း လေးငါးခြောက်ယောက် ရှိနေသော အိမ်မှာ တစ်ယောက်တစ်လက်နှင့်ဆိုတော့ နာရီဝက်အတွင်း ထမင်းဝိုင်းတစ်ဝိုင်း လုလုပပ ဖြစ်သွားရသည်။

ကိုဝေဖြိုးက ထမင်းကို ပလုတ်ပလောင်း စားသည်။ သူ့ကျေးဇူးရှင်က သူ့အိမ်မှထမင်းကို မြိန်ရည်ရှက်ရည် စားနေသည်ကို ကြည့်ရင်း ကဥ္စနာ ရင်ထဲမှာ အထပ်ထပ် ကြည်နူးမိတော့သည်။ အဘယ်မျှ ဆာလောင်မွတ်သိပ်လာသည် မဆိုနိုင်ပါ။ ထမင်းဘစ်



လုတ်သွင်းလိုက်၊ ရေနွေးကြမ်း သောက်ချလိုက်နှင့် စကားပင် တစ်ခွန်းမျှမပြောဘဲ ငုံ၍သာ လွေးတော့သည်။ ထမင်းဝမှ လက်ဆေးပြီး စကားစပြောတော့သည်။

"ဘယ်ဟိုတယ်၊ ဘယ်လောက် ကောင်းကောင်း၊ ဘယ်လောက် နာမည်ကြီးကြီး အိမ်ထမင်းအိမ်ဟင်းလောက် မမက်ဘူး"

"ဒါဆိုရင်တော့ ကိုကိုဖြိုး မိန်းမယူမှ ဖြစ်တော့မယ်"

"အေးဟ ... ညည်းတို့တွေအိမ် လာလာစားရတာ နည်းနည်းတောင် ရှက်တယ်"

တဝဏ္ဏာပြ စားပြီးမှ 'ရှက်တယ်' ဆိုနေသော ကိုဝေဖြိုးကို ဝိုင်းရယ်ကြလေသည်။

"ဟဲ့ ... တကယ်ပြောတာ၊ ရှက်တာနဲ့ မိန်းမယူတော့မလို့"

ဝိုင်းရယ်ကြပြန်သည်။ ကိုဝေဖြိုးကို သည်အိမ်မှာတော့ အိမ်ရှေ့မင်းသားတမျှ ဝိုင်းဝန်းအရေးပေးကြပါသည်။ ကိုဝေဖြိုးက အိမ်ရှေ့ခန်းမှာ ထွက်ထိုင်သောအခါ ကဥ္စနာပါ လိုက်ပါလာသည်။ သရဖီက ရေနွေးကြမ်း တစ်ကရားနှင့် လက်ဖက်သုတ်ပန်းကန်၊ ဆတ်သားခြောက်ဖုတ်တို့ လာချပေးသည်။

"မန္တလေးက အမျိုးတွေနဲ့က အရောက်အပေါက်နည်းပြီး လူချင်းမတွေ့ရတာ ကြာပြီမှတ်လား၊ အခု တွေ့တာနဲ့ မိန်းမ စပ်ကြတော့တာပဲ"

"ဟောတော့ ... ကိုကိုဖြိုး တကယ်ပြောနေတာကိုး၊ ကြီးကြီးမေက ပေးစားလိုက်တာလား"

"မန္တလေးနဲ့ ပြင်ဦးလွင်က အမျိုးတွေပေါ့"

"ကိုကိုဖြိုးကလည်း ကြိုက်ပစ်လိုက်တာပဲလား"

"လှတယ်ကွ"

"ဘယ်သူတဲ့လဲ"

"ဟော ... သူ့နာမည် အပြည့်အစုံတော့ မသိဘူး"

"ဟင် ... နာမည်တောင် မသိခဲ့ရတော့ ညံ့လွန်းပါတယ်"

"သူ စကားပြောရင် ခင်က ... ခင်ကနဲ့ ပြောတော့ ငါလည်း ခင်ပဲ ခေါ်လိုက်တယ်၊ နာမည် မသိပါဘူးဟာ၊ အဲဒါ မရှေ့ ကဥ္စနာ လိုက်ခဲ့ပေတော့၊ ကျုပ်သတို့သမီးကို အလှဆုံးဖြစ်အောင် လိုက်ပြင်ပေးရမယ်၊ ဒါပဲ ... ဒါပဲ"

"လိုက်မှာပေါ့ ကိုကိုဖြိုးရဲ့၊ ကိုကိုဖြိုးရဲ့ သတို့သမီးကို မမြင်ရလို့ ဘယ်ဖြစ်မလဲ၊ ကိုကိုဖြိုး မခေါ်တောင် ကဥ္စနာက ခွတ်လိုက်ပါတယ်"

"ညည်းဆိုင်က ပစ်ထားခဲ့လို့ရမလား"

"ပိုက်ဆံမက်လွန်းလို့ ကိုကိုဖြိုးရေ၊ ကြီးရှာချင်လွန်းလို့ နားရက်မယူခဲ့တာ၊ ခုတော့လည်း ..."

"ဘာဖြစ်လဲ"

"ငွေဟာ လောကမှာ အရေးကြီးဆုံးအရာ မဟုတ်ဘူးဆိုတာကို သဘောပေါက်လာခဲ့ပြီလို့ ပြောမလို့ပါ၊ မြန့်ဝင်းနဲ့ ကော်ရီနာမှာခ်တူးနဲ့ စိန်နားကပ်ပန်နိုင်တဲ့ အချိန်မှာ ကဥ္စနာ ဘဝဟာ ခုထက်ထိ အမိမှာယ်မှ မရှိသေးတာ"

"အမိမှာယ်ရှိချင်ရင် ငါ့လို မိန်းမယူ၊ အဲ ... ယောကျ်ားယူ"

"မယူချင်ပါဘူး၊ ကိုယ်မိဘကို ပြန်ရှာပြီး မေတ္တာရိပ်မှာ နိုမှာပေါ့"



ပြောရင်းက ဝေ့ခနဲ ဖြစ်သွားရသည်။ အနှစ်နှစ်ဆယ်ကျော် ကွဲကွာခဲ့ရပြီဖြစ်သော မိဘရင်းများကို အဘယ်နေရာမှစတင်၍ ခြေရာခံရပါမည်နည်း။ ပဲခူးကို ပြန်သွားရမည်ထင်သည်။ နာမည်ကလေးမှ မသိရတော့လည်း အခက်သား၊ မိန်းမသားတစ်ဦးတည်း မြို့တကာနယ်တကာ အနံ့လိုက်ရှာဖို့ကလည်း မလွယ်။ ကိုကိုဖြိုး လက်ထပ်ပြီးပြီ ဆိုလျှင်တော့ လူမျိုကိုယ်လွတ်လို စိတ်ပါ လက်ပါ ကူညီနိုင်ပါဦးတော့မလား၊ သူ့မိန်းမသဘောထားက ရှိသေးသည်။

"ကိုကိုဖြိုး အမျိုးသမီးက ဘာလုပ်လဲ"

"အဲ ... ဈေးချိုထဲမှာ ဆိုင်ထွက်တယ်ထင်တယ်"

"ကိုကိုဖြိုး ပြောပုံကြီးကလည်း လက်လွတ်စပယ် နိုင်လိုက်တာ"

"ဖြစ်ပုံကို အစကပြောရရင် ငါ အစားမက်တာက စတာပေါ့၊ ရန်ကုန်ကအိမ်ကို သံရုံး ဆက်ငှားထားတုန်းပဲ၊ သူငယ်ချင်းအိမ်မှာ ကပ်နေတယ်ပေါ့၊ ဘယ်ဟိုတယ် ဘယ်လောက်ကောင်းကောင်း အိမ်ထမင်းပဲ စားချင်တယ်ဆိုတာ ဘာညာဗွီဗွမ်ပြောမိတာနဲ့ မိန်းမတစ်ယောက် ကမန်းကတန်း ကောက်စပ်ကြတာပဲကွ၊ သင့်တော်တယ်၊ ဘာဖြစ်တယ်၊ ညာဖြစ်တယ်တွေလဲ ပြောကြတာ အစုံပဲ၊ ငါလည်း စိတ်မဝင်စားတာနဲ့ သေသေချာချာ နားမထောင်ပါဘူး"

"ကိုကိုဖြိုးတို့များ ကြုံကြုံဖန်ဖန် ကြုံရတယ်"

"အေးဟ ... နောက်တစ်နေ့ အဲဒီအိမ် သွားကြည့်ရမယ်ဆိုပြီး ခေါ်သွားတော့ သိပ်လှနေတာနဲ့ ယူမယ်ဗျာလို့ ပြောလိုက်တယ်၊ စောစောပိုင်း.... ပြောကာကဲ့ အရည်အချင်းတွေကို

သေသေချာချာလည်း မကြားလိုက်မိဘူး၊ ထပ်မေးဖို့မှာလည်း ရှက်လို့"

ကဥ္စနာက ကိုယ်ကလေး တသိမ့်သိမ့်တုန်သည်အထိ တခစ်ခစ် ရယ်မိလေသည်။

ကိုဝေဖြိုး ပြန်သွားသောအခါ ကိုဝေဖြိုး စားမကုန်ဘဲ ကျန်ခဲ့သည့် လက်ဖက်ဝိုင်းနားမှာ အားလုံး စုထိုင် ဖြစ်ကြလေသည်။ လူပျိုကြီး ဖြုန်းစားဖြင်းစား မိန်းမရပုံကို ရယ်စရာအဖြစ် ဝိုင်းပြောနေမိကြပါတော့သတည်း။



**အတ္တနှလုံးသားမှာ အချစ်တလေး တစ်ခုတည်း**

"ကဥ္စနာ ခါးပတ် ဖြုတ်ချင် ဖြုတ်လိုက်တော့လေ"

ကိုဝေဖြိုး၏ တယုတယ ကြင်နာမှုကလေးများကို ကဥ္စနာ နမြောတသ,သလို ခံစားရမိသည်။ မိန်းမရလျှင် ကိုဝေဖြိုးသည် သူ့အပေါ် သည်မျှ ကြင်နာနိုင်မည် မဟုတ်တော့ပါ။

"ခေါင်းမူးသေးလား"

"နည်းနည်းတော့ မူးတယ်"

"ရှုဆေး ရှူလေ၊ အန်ချင်ရင်ပြော ဟုတ်လား"

ကဥ္စနာ တစ်ခါမျှ လေယာဉ်ပျံ မစီးဖူးပါ။ သင်္ဘော ထမင်းရောင်းစဉ်က ရန်ကုန်နှင့် ညောင်တုန်း၊ လှူးလာဆန်စက် ရောက်ဖူးခဲ့ရသည်မှလွဲ၍ ငယ်စဉ်က နေခဲ့ဖူးသည် ဆိုပါသည့် ယစ်ကန်ကြီးရွာကလေးကိုလည်း မမှတ်မိတော့။ ပဲခူးသို့လည်း တစ်ခါမျှ ထပ်မရောက်ပါ။

အလှပြင်ဆိုင်နှင့်အိမ်၊ အိမ်နှင့် အလှပြင်ဆိုင်သာ ကူးလူးနေရသည်။ ရန်ကုန်မှ လွဲလျှင် မန္တလေးကဲ့သို့ ဝေးဝေးလံလံ မဆိုထားဘိ၊ ဒလဘက်ကမ်းသို့ပင် မရောက်ဖူး၊ လေယာဉ်ပျံ စီးဖူးဖို့များ ဝေးစွ။

"နေသာရဲ့လား"

"ဟုတ်ကဲ့"

"ငါ ပြောစရာရှိလို့"

"ပြောပါ"

"ငါ သင်္ဘောလိုက်နေတုန်းက ကုမ္ပဏီကနေ ခွင့်လေးလ တိတိ ယူဖူးတယ်"

"သြော် ..."

"ခြောက်နှစ်အတွင်းမှာ အဲဒီလေးလပဲ ခွင့်ယူဖူးတယ်"

"ခွင့်ယူပြီး ဘယ်သွားနေလဲ"

"ပဲရစ်၊ ငါ့သင်္ဘောက ကပ္ပတိန်နဲ့ လိုက်သွားတာ၊ သူက ပြင်သစ်ပြည်သားအဖြစ် ခံယူထားတဲ့သူ၊ အင်္ဂလိပ်နဲ့ဂျူးက ပြား၊ သူ့မိန်းမက ပြင်သစ်သူလေ၊ သူ့အိမ်က ပဲရစ်မှာ ရှိတယ်၊ ငါ အရင် သူ့အကြောင်း ပြောဖူးပါတယ်၊ သူနဲ့ သိပ်ခင်သွားတာနဲ့ သူ အပြန်မှာ လိုက်လည်တာ"

"သူ့အိမ်မှာပဲ တည်းတယ်လား"

"ကြီးကြီးဖန်ဖန်၊ တို့မြန်မာပြည်မှာသာ နယ်ပေါင်းစုံက အမျိုး တွေလာကြ၊ အိမ်ပေါ် တင်ကျွေးထား၊ ဘုရားတွေ လိုက်ပို့ ငွေကုန်ကြေးကျခံတဲ့ ထုံးစံရှိတာ၊ တို့လူမျိုးတွေ မရောက်ဖူး ဘဲ ရမ်းအထင်ကြီးနေတဲ့ သူတို့ အနောက်နိုင်ငံမှာ ဖြူစိမ်း



တရားက ခေါင်းပါးပါဘိသနဲ့ ခင်တာ ခင်တာတခြား၊ ကိုယ့်တာဝန် ကိုယ်ယူပဲ"

"ဒါနဲ့များ ကိုကိုဖြိုးရယ်၊ သူနဲ့ လိုက်လည်တယ်လို့တောင် ပြောလို့ မရပါဘူး"

"သူတို့ထုံးစံနဲ့ သူတို့နိုင်ငံက လူနေမှုအဆင့်အတန်း၊ စားဝတ် နေရေး စရိတ်နဲ့ တွက်ကြည့်တော့လည်း ဒီလောက် ကူညီတာပဲ ကျေးဇူးတင်ရလှပြီ"

"အင်း ... ပြောပါဦး"

"အဲဒီမှာ ကောင်မလေး တစ်ယောက်နဲ့ ငါနဲ့ ကြိုက်ခဲ့ကြ တယ်"

"ဟာ ... ကိုကိုဖြိုးကြီးက တော်တော်မွှေသားပဲ"

"ငါ့ကပ္ပတိန်ရဲ့ ခယ်မလေး၊ အသက်ဆယ့်ခုနစ်နှစ်ပဲ ရှိသေး တယ်၊ ကျောင်းနေတုန်းပဲ၊ အလုပ်မလုပ်သေးဘူး၊ သူ့မိဘများ ကလည်း ချမ်းသာတယ်၊ ပထမအကြိမ် ဒင်နာမှာ အဲဒီကောင် မလေးကိုပါ ဖိတ်တာကိုး၊ တွေ့တွေ့ချင်းပဲ ငါ ချစ်သွားမိ တယ် ကဋ္ဌနာ၊ နဖူးစာရွာလည်ဆိုတာ သိပ်မှန်တာပဲ"

ကဋ္ဌနာက စိတ်ပါဝင်စားလာသောကြောင့် မျက်ဝန်း ကလေးများ လက်လာသည်။ ထာဝစဉ် ပျော်ရွှင်နေတတ်သူ ကိုဝေဖြိုး၏ မျက်နှာက ငေးငေးမှုန်မှုန် ဖြစ်လာသည်မို့ ကိုဝေဖြိုး တကယ် စိတ်ပါလက်ပါ ပြောနေခြင်းဖြစ်ကြောင်း ကဋ္ဌနာ သိလိုက် ရပါ၏။

"သူ့ကို မြန်မာပြည် လိုက်ခဲ့ဖို့ ငါ ခေါ်တယ်"

"မလိုက်ဘူးလား"

"သူ့ခဲအိုလည်း အင်္ဂလိပ်နဲ့ ဂျူးကပြား အင်္ဂလန်ပြည်သားပါတဲ့။ သူ့အစ်မနဲ့ လာနေရတာပါပဲတဲ့"

"အို ... ဒါတော့ သူတို့က အနောက်နိုင်ငံချင်းချင်းဟာကို"

"သူကလည်း မလိုက်နိုင်၊ ငါကလည်း မနေနိုင်၊ သူ့ဘက်ကိုယ့်ဘက် နယ်လုရင်း ခွင့်လည်းစေ့ရော ရင်ကွဲပက်လက်နဲ့ ခွဲခွာကြရတာပါပဲ"

ကိုဝေဖြိုး မျက်ဝန်းအစုံမှာ ဆွေးရိပ်ထင်လာသည်။ ကြေကွဲတသဟန် မြင်ရသည်။

"ငါ ထင်တယ်၊ ငါ့တစ်သက်တော့ ဘယ်တော့မှ မမေ့နိုင်တော့ဘူးလို့"

"ဟင် ... ဒါဖြင့်ရင် ကိုကိုဖြိုးနဲ့ လက်ထပ်ရမဲ့ မမခင် [illegible]ကံဆိုးရှာတာပဲ"

"ဘာဖြစ်လို့လဲ"

"ကိုယ့်ခင်ပွန်းက ကိုယ့်ကို ဘေးမှာထားပြီး တခြားချစ်သူ[illegible] လွမ်းဆွေးတနေတာဟာ မိန်းမသားတွေ ခွင့်မလွှတ်နိုင်[illegible] သော ပြစ်မှုပဲ ကိုကိုဖြိုးရဲ့၊ အသည်းနာစရာလည်း အကောင်[illegible] ဆုံးပဲ"

ကိုဝေဖြိုး အပေါ်မှာ ပထမဆုံးအကြိမ်အဖြစ် [illegible] စိတ်တိုင်းမကျခြင်း ဝေဒနာကို ခံစားမိပါသည်။

"ခါးပတ် ပတ်လိုက်ဦး"

"သူတို့ ယောကျ်ားတွေများ တတ်ပဲ တတ်နိုင်လွန်း[illegible] တစ်ယောက်ကို သေတော့မလောက် စွဲလမ်းနေတဲ့[illegible]



တခြားတစ်ယောက်ကို ယူလို့ရတယ်၊ တို့ မိန်းကလေးတွေနဲ့ များ ကွာပါ၊ သူတို့များဖြင့် မျက်နှာကိုများတယ်၊ ဒသဂီရိ အမျိုးတွေ၊ ကိုကိုဖြိုးလည်း ဒီပုတ်ထဲက ဒီပဲ"

ယင်းစကားများကို ဒေါသစိတ်ကလေး တကဲကဲနှင့် ရင်ထဲမှာ ကျိတ်၍ ရေရွတ်မိသည်။ လေယာဉ်ပျံက ချမ်းမြသာစည် လေဆိပ်သို့ ဆင်းပါပြီ။ မန္တလေးဟူသည် မြန်မာပြည်၏ ဒုတိယ မြို့တော်ဆိုပေမင့် တစ်ခေါက်မျှ မရောက်ဖူးသော ဒေသဖြစ်သည်မို့ ကိုဝေဖြိုး ခြေလှမ်းကျဲကြီးနှင့် လှမ်းသမျှ အနောက်မှ အပြေးအလွှား လိုက်ရသည်။ သုတ်သုတ်ကလေး လိုက်ရလွန်းတော့ ကိုဝေဖြိုး လက်မောင်းကို ဖမ်းဆွဲမိတော့သည်။

"ဖြည်းဖြည်းသွားပါ ကိုကိုဖြိုးရဲ့၊ မမခင်က ဘယ်ထွက်ပြေးမှာမို့လဲ၊ စောစောကပဲ ပြင်သစ်သူကို တစ်သက်လုံး မမေ့ဘူး ပြောသေးတယ်၊ ခုကျတော့လည်း ဖြစ်နေလိုက်တာ တကတဲ"

တစ်သက်နှင့်တစ်ကိုယ် ကိုကိုဖြိုးကို မကျေနပ်သည့် စကားဆို၍ သည်တစ်ခါ ပထမဆုံးပြောခြင်း ဖြစ်လေသည်။ ကိုဝေဖြိုးက တုံ့ခနဲ ရပ်ကာ သူ့အရပ်ရှည်ကြီးနှင့် ငုံ့ကြည့်သည်။

"သူ့နေရာမှာ ဘယ်သူ့ကိုမှ အစားမထိုးတော့ဘူး ကဗျာ"

"အိုး ... ခုပဲ မိန်းမယူတော့မဲ့လူက"

ကျေးဇူးရှင် ကိုကိုဖြိုးကို ဖခင်တမျှ လေးစားကြည်ညို မထားခဲ့ပါလျှင် မျက်စောင်းကြီးများပင် ထိုးမိမည် ထင်သည်။ ကိုဝေဖြိုးက စကားမပြန်ပါ။ ရှေ့ဆက် လှမ်းသောကြောင့် မရောက်ဖူးသော အရပ်၊ မကျွမ်းသော ဒေသမှာ ကိုဝေဖြိုး လက်မောင်းကို ဆွဲ၍ပင် လိုက်ပါလာခဲ့မိပါတော့သည်။

ကိုဝေဖြိုးက တကွက်စီ ငှားသောကြောင့် တက်ထိုင်လိုက်သည်။ ကားပေါ်မှာ စကားမပြောဖြစ်ပါ။ ရင်ထဲမှာ ကိုကိုဖြိုးအပေါ် တယ်မကြည်ချင်။ 'ဒီပုတ်ထဲကဒီပဲ'ဟူသည့် စွပ်စွဲချက်ကြီးကို တခမ်းတနား တင်လိုလုပါသည်။ ဘယ်ရပ်ကွက်၊ ဘယ်လမ်းမှန်းမသိ၊ အိမ်ကြီးတစ်အိမ်ရှေ့မှာ ကားရပ်တော့ ဆင်းလိုက်သည်။

ကိုဝေဖြိုးက ကားခပိုက်ဆံ ထုတ်ပေးတော့လည်း ကြည့်နေလိုက်သည်။

"လာ"

ခေါ်တော့လည်း ဝင်လိုက်ခဲ့သည်။ တိုက်ခံပျဉ်ထောင်အိမ်ကြီးမှာ အိမ်ရှေ့တံခါးများ အဆင်သင့် ဖွင့်လျက်မို့ ဝင်လာနိုင်ကြသည်။ ဧည့်ခန်းမှာ လူသူတစ်ဦးတလေမျှမရှိ။ အိမ်ကြီးဟင်းလင်းဖွင့်ကာ အိမ်ရှင်တွေ ဘယ်သွားနေကြပါသနည်း။

ကြိမ်ကုလားထိုင်များပေါ်မှာ ထိုင်ပြီး ကြမ်းပြင်မှာ လက်ဆွဲအိတ်ကို ချသည်။ ကိုဝေဖြိုးကလည်း ကုလားထိုင် တစ်လုံးမှာ ဝင်ထိုင်သည်။ စကားမပြောဖြစ်ကြသေး။ ကဥ္စနာက ဧည့်ခန်းကို မျက်စိဝေ့ဝဲကာ လှည့်ပတ်ကြည့်သည်။

ရှေးပုံစံဖြစ်ဟန် တူပါ၏။ အိမ်ရှေ့ ဝင်ဝင်ချင်း ဧည့်ခန်း။ ဧည့်ခန်းပြီးတော့ အိမ်မကြီးထဲ ဝင်ရန် သုံးထပ်သားပြားများနှင့် ကာရံကာ အခန်းဖွဲ့ထားသည်။ သုံးပင်နှစ်ခန်းမို့ အိမ်ထဲသို့ ဝင်ရန် တံခါးပေါက်နှစ်ပေါက်ရှိသည်။ တံခါးရွက်များမရှိ။ အခန်းပေါက်နှစ်ပေါက်ကို ပြည်တွင်းဖြစ် ပါတိတ်အဆင်ကြီးကြီးများပါသည့် ခန်းဆီးနှစ်ခု တပ်ထားသည်။ အိမ်ထဲသို့ လှမ်းမမြင်ရပါ။

"ကဥ္စနာ ပြောတဲ့ မမခင်ကို ငါ မယူဘူး"

"ဟင်"



ကဥ္စနာ့မျက်ဝန်းများ ချာချာလည် သွားရပါတော့သည်။

"ဒါဖြင့် ကဥ္စနာက ဘာကိစ္စ လိုက်လာရတာလဲ၊ မင်္ဂလာမဆောင်ဖြစ်ရင်လည်း ကဥ္စနာ့ကို ဘာဖြစ်လို့ ခေါ်လာရတာလဲ"

ကိုဝေဖြိုးက မဖြေသေးဘဲ လျှာခနဲထကာ ဝင်လာသည့် တံခါးပေါက်မှ ဘာဂျာ သံတံခါးကို ဆွဲစေ့ကာ အဆင်သင့်ရှိနေသည့် သော့ခလောက်ကို ပိတ်ချလိုက်တော့သည်။ ပြီးတော့ ကုလားထိုင်မှာ အေးအေးဆေးဆေး ပြန်ထိုင်သည်။

ကဥ္စနာ ကိုကိုဖြိုး လုပ်ရပ်များကို နားမလည်နိုင်တော့ပါ။ ရင်ထဲမှာလည်း ဘာကြောင့်မှန်းမသိ၊ တဆတ်ဆတ်ခုန်လာရတော့သည်။

"ဒါ ဘယ်သူ့အိမ်လဲ ကိုကိုဖြိုး"

"ငါ့မိတ်ဆွေအိမ်"

"အိမ်ရှင်တွေကော"

"ရှောင်နေကြမှာပေါ့"

"ဘာကိစ္စ ရှောင်နေရမှာလဲ"

"ကဥ္စနာ့ကို မေးစရာရှိတယ်၊ ကိုကိုဖြိုးကလည်း ပြောစရာရှိတယ်"

"မေးပါ ကိုကိုဖြိုး"

ကိုဝေဖြိုးကို ကဥ္စနာက မဖိတ်မသုန် စိုက်ကြည့်နေသေ...င့် ကိုဝေဖြိုး မျက်လွှာချထားသည်။ ရုတ်တရက် ကဥ္စနာ့ကို မျက်...လွှာပင့်၍ ကြည့်သည်။ နှစ်စက္ကန့်ခန့်ပင် ကြာမည်မထင်။ ချက်ချင်း...မျက်လွှာပြန်ချသည်။ စကားတစ်ခွန်းကို မျက်နှာလွှဲလျက်က မြန်စား...ကြီး ပြောချသည်။

"ဟင်"

ပါတိတ်ခန်းဆီးကို ကိုင်၍ ပြုံးပြုံးကြီး ရပ်နေပါသော မောင် ... 'နေသေးဦး'။



မေတ္တာဝေရှင် မှုန်းအောင် ချစ်လွန်းတင်

"တိုးချစ်"

မောင်က ပြေးလာသည်။

"ကဲ ... ကဲ ... အလွမ်းသယ်ကြ"

ကိုကိုဖြိုးက မောင် ထွက်လာသည့် ခန်းဆီးကို မ၍ အိမ်ထဲသို့ ဝင်သွားပါလေပြီ။

"တိုးချစ်ရယ်"

ကဋ္ဌနာ ထိုင်နေသည့် တစ်ယောက်ထိုင် ကုလားထိုင်လေးမှာပင် ပူးပူးကပ်ကပ် ဝင်ထိုင်သည်။ ကဋ္ဌနာ တစ်ကိုယ်လုံးကို ကျုံးပွေ့သည်။ ဝေးကြရသည့် နှစ်များ၊ ခြောက်နှစ်တိုင်တိုင်။ မောင့်ရင်ခွင်တွင်းမှာ ကဋ္ဌနာ အသက်ရှူ၍ပင် မဝရှာ။

ကဋ္ဌနာ ရင်ခွင်တွင်းမှ လက်ဆွဲအိတ်ကလေး ကြမ်းပြင်ပေါ်သို့ ဘုတ်ခနဲ ပြုတ်ကျသည်။ မောင့်အပွေ့အဖက် အယုအယတို့မှာ ကဋ္ဌနာ မာန အစိုင်အခဲကလေး အရည်ပျော်ကျသည်။

"လွတ်"

ခုမှ ရှန်းဖိုကန်ဖို့ သတိရသည်။ သည်မျှ မြန်မြန်ဆန်ဆန်ကြီး ပြန်လည်လိုက်လျောမိသည့် မိမိကိုယ်ကို ကဥ္စနာ စိတ်များပင် ဆိုးချင်မိပါ၏။

"မောင် သိပ်ချစ်တဲ့ ကဥ္စနာချစ်"

"ကိုကိုဖြိုး ရှိတယ်"

"အဲဒီ ကိုကိုဖြိုး စီစဉ်ပေးတဲ့ ဇာတ်လမ်းပဲ"

"အမယ် ... သူကပါ ကိုကိုဖြိုး ဖြစ်သွားရပြန်ပြီ"

"ဒါပေါ့၊ မောင့်အစ်ကိုကြီးလေ"

"ကိုကိုဖြိုးကို ရှက်လည်း သိပ်ရှက်တာပဲ၊ အားလည်း နာလိုက်တာ၊ တိုးက ရင့်ရင့်သီးသီး ရိုင်းရိုင်းစိုင်းစိုင်းတွေ ပြောလိုက်မိတယ်"

"မောင်ကလေ ကဥ္စနာ့ ပါးစပ်က ဖွင့်ပြောတာကို နားနဲ့ဆတ်ဆတ်ကြားရမှ ကျေနပ်နိုင်မယ်ဆိုလို့ ကိုကိုဖြိုးက စီစဉ်ပေးရှာတာ"

"ကဥ္စနာ့ကိုများ အထင်သေးလိုက်တာ၊ ကဥ္စနာ့ကို ရက်ရက်စက်စက် ခွဲထားခဲ့ရက်တာ"

"ကဥ္စနာက ကိုကိုဖြိုးကို သိပ်ချစ် သိပ်အားကိုးနေတာကိုး၊ ခုတော့ မောင် နားလည်ပါပြီကွယ်၊ ဆိုးခဲ့တဲ့မောင့်ကို ခွင့်လွှတ်နော် ... နော်"

"ကဥ္စနာ့အပေါ်မှာ ဖခင်တစ်ယောက်လို ကောင်းရှာသူပါ မောင်ရယ်၊ ကိုကိုဖြိုးကို ခေါ်ပါဦး၊ ကဥ္စနာ ကန်တော့ချင်တယ်"

နေသွေးဦးက ကဥ္စနာ့ ပါးပြင် မွတ်မွတ်ကလေးကို တစ်ချက်ဆွဲလိမ်ပြီးမှ ကုလားထိုင်မှ ထသည်။



"ကိုကိုဖြိုးညီမက ကန်တော့ချင်လို့ ထွက်ခဲ့ပါဦးတဲ့ခင်ဗျ"

ကိုဝေဖြိုးက ဖြိုးဖြိုးကြီး။ မျက်နှာထားကို တည်ထား၍မရ။ ရယ်ကျဲကျဲ စပ်ဖြီးဖြီးနှင့် ထွက်လာသည်။

"ဟင် ... ကိုကိုဖြိုး မကောင်းဘူး၊ သိပ်ဆိုးတာပဲ"

ကဥ္စနာ ရှက်ရမ်းရမ်းမိလေသည်။ သူ့ကိုကိုဖြိုးထံ ပြေးသွား၍ လက်မောင်းကို လက်သီးဆုပ်ကလေးနှင့် ထုသည်။ အစ်ကိုနှင့်ညီမ၊ သမီးနှင့်အဖေ သံယောဇဉ်မျိုးပေမို့ သည်အပြုအမူမှာ ဝန်တိုဖွယ်မရှိ။ ကြည်နူးဖွယ် မြင်ကွင်းပါပဲ။ နေသွေးဦးလည်း ပြုံးပျော်နေတော့သည်။ ကိုဝေဖြိုးက ကုလားထိုင်လွတ်တစ်လုံးမှာ ဝင်ထိုင်သည်။ ကဥ္စနာက ကြမ်းပြင်ပေါ်မှာ ကျုံ့ကျုံ့ကလေး ခေါင်းငုံ့ထားသည်။

"ကဥ္စနာ ပြောမှားဆိုမှားတွေကို ကန်တော့ပါတယ် ကိုကိုဖြိုး"

"ကျွန်တော်လည်း ကန်တော့ပါတယ် ကိုကိုဖြိုး"

နေသွေးဦးကပါ ထိုင်၍ ကန်တော့သည်။

"သာဓု ... သာဓု ... သာဓု ... ဒီလင်မယား အိုအောင်မင်းအောင် ပေါင်းရပါစေကွယ်"

သည်အသံက ကိုဝေဖြိုးထံမှ မဟုတ်ပါ။ ပါတီတ်ခန်းဆီးစကို ဆွဲဖယ်၍ မားမားကြီး ရပ်နေပါသော မိုးမိုးဆင့်၊ သူ့နောက်မှာ ဗိုလ်ကြီးဝင်းသော်ဦး။

"ဟယ် ... မိုး"

"ဟုတ်ပါ့ရှင်"

အားလုံး ကုလားထိုင်များပေါ်မှာ ထိုင်ကြသည်။

"တစ်ယောက်မှ မကောင်းဘူး၊ အားလုံး ဒါရိုက်တာချည်းပဲ"

ကဥ္စနာက မိုးကို လှမ်းဆိတ်သည်။

"ကြည့်လိုက်ရတဲ့ ရုပ်ရှင်က ကောင်းခန်းမှာ ဆင်ဆာဖြတ်သွားလို့"

"ဟာကွာ ... မိုးကလည်း"

သတ္တိခဲမလေး ကဥ္စနာ၊ ခုတော့ ခေါင်းကိုပင် မဖော်ဝံ့ရှာ၊ အရှက်ကြီး ရှက်နေရပါတော့သည်။

"ထမင်းစားကြမလား"

နေသွေးဦး မေးခွန်းက ဗဟုဝုစ်ကိန်းပါပေမင့် ကဥ္စနာကိုသာ တယုတယ ကြည့်၍ မေးသည်။

"ကဥ္စနာများ ဆာမလားပဲ၊ ငါတော့ မဆာလှပါဘူး"

သူ့ကို တိုက်ရိုက် မမေးပေမင့် ကိုဝေဖြိုးက ဝင်ဖြေသည်။

"စားလိုက်ကြပါဦးလား"

မိုးမိုးဆင့်က ထပ်ပြောသည်။

"ဟင့်အင်း ... ကဥ္စနာလည်း မဆာပါဘူး"

"ဒါဖြင့်ရင် သွားစရာရှိတာ သွားလိုက်ကြရအောင်"

ကိုဝေဖြိုးက ပြောသည်။

"ဘယ်လဲ ကိုကိုဖြိုး"

"မေမေ့ဆီ"

"သွားကြမယ်လေ၊ စစ်ကိုင်းဘက် ကူးရမှာလား"

"မဟုတ်ဘူး၊ မေမေ ဒီရောက်နေတယ်"

"သွားရအောင်ပါ ကိုကိုဖြိုး၊ ကဥ္စနာလည်း ကြီးကြီးမောင် သိပ်တွေ့ချင်ပါတယ်"



"နေသွေးဦးလည်း လိုက်ခဲ့လေ၊ မိုးမိုးဆင့်တို့ လိုက်ဦးမလား"

"မလိုက်တော့ပါဘူး ဆရာ၊ နောက်မှ အေးအေးဆေးဆေး လာခဲ့မယ်"

ကိုဝေဖြိုး၊ နေသွေးဦးနှင့် ကဥ္စနာတို့ သုံးဦးသား သွားရန်ပြင်သည်။

"သွားမယ် ကိုဝင်းသော်"

"ဟုတ်ကဲ့ ... ကားယူသွားလေ ကိုဖြိုး"

"ကျေးဇူးပဲ"

ကဥ္စနာက ဗိုလ်ကြီးဝင်းသော်ဦးကို နှုတ်ဆက်သည်။ မိုးမိုးဆင့်ကိုတော့ လက်တစ်ဖက်ဆွဲညှစ်ပြီး နှုတ်ဆက်သည်။ ဗိုလ်ကြီးဝင်းသော်ဦး၏ ဂျစ်ကားကို နေသွေးဦးက ဂိုဒေါင်တွင်းမှ သွားထုတ်လာခဲ့သည်။

"ကျွန်တော် မောင်းရမလား ကိုကိုဖြိုး"

"မောင်းလေ"

ကိုဝေဖြိုးက 'မောင်းလေ' ဟု ပြောအပြီးမှာ ရှေ့ခုံများကို ကျော်လွှား၍ နောက်ဘက်မှာ သွားထိုင်သည်။ နောက်မှတက်သော ကဥ္စနာက ရှေ့ခုံ နေသွေးဦး ဘေးမှာပင် ထိုင်ရသည်။

"မောင်က လမ်းသိလို့လား"

"မသိလို့ ကဥ္စနာနောက် လိုက်ရကောင်းမလားလို့ စဉ်းစားနေတာ"

"ကြည့်စမ်း ... လူကို နွေးနဲ့နှိုင်းပြန်ပြီ"

ကိုဝေဖြိုး တစ်ယောက်လုံး နောက်မှာ ပါလာသည်ကို မေ့လျော့ကာ မောင့်ကျောပြင်ကို တဗုန်းဗုန်း ထုမိသည်။

"ဆုံးမပါဦး ကိုကိုဖြိုးရဲ့၊ ဒီမှာ အဆုတ်ကွာတော့မယ်၊ သူ့ကို စချစ်မိတဲ့နေ့ကစပြီး အရိုက်အနှက်၊ အထုအထောင်းချည်းခံနေရတယ်"

"ကြည့်ပါလား၊ ကိုကိုဖြိုးတဲ့၊ မရှိမသေနဲ့၊ ဆရာခေါ်နေရာက ဘယ့်နှယ် ကိုကိုဖြိုး ဖြစ်သွားရပြန်တာလဲ"

"ကဠနာ ခေါ်သလို လိုက်ခေါ်တာ"

"တိုး ခေါ်နေရာက ကဠနာလို့လည်း ပြောင်းခေါ်သေးတယ် သူ့ ချော်ကြိုက်ပြင်နေတော့တာပဲ"

"ကဠနာ ဆိုတာကမှ ကဠနာ့ နာမည် အစစ်အမှန်ကိုး"

ကိုဝေဖြိုးကတော့ ကားပေါ် ရောက်ကတည်းက ရယ်နေသည်။ ကဠနာက နောက်ခန်းသို့လှည့်၍ စကားပြော သည်။

"ကြီးကြီးမေ နေကောင်းရဲ့လား ကိုကိုဖြိုး"

"ကောင်းပါတယ်"

"ကိုကိုဖြိုး ပြောတဲ့ မမခင်ကိစ္စကရော ညှိတာလား"

"အေး"

"ကြည့်ပါဦး၊ သူ့အတွက်နဲ့ ကိုကိုဖြိုးမှာ ပင်ပန်းလိုက် တာ"

နေသွေးဦး ဘက်သို့ လှည့်ထုပြန်သည်။

"ဒီလိုမှ ပြောမခေါ်ရင် ကဠနာ လိုက်မဲ့ နည်းလမ်းတော့ စဉ်းစားလို့မရဘူး"

ကိုဝေဖြိုးက ရှင်းပြရင်းလည်း ပြုံးမြိုးမြိုးနေသည်။

"စောစောကဟာ မိုးတို့အိမ်ပေါ့ ဟုတ်လား"



"ဟုတ်တယ်၊ ကိုကြီးက အိမ်ငှားထားလိုက်တယ်၊ ကျောင်းဖွင့်ရင် မိုးမိုးက ခဏပဲ ဖျာပုံပြန်ပြီး မန္တလေးကို ထရန်ဆဖာလုပ်မယ်"

"ကိုကြီးက မန္တလေးမှာ ကြာဦးမတဲ့လား"

ကိုဝင်းသော်ဦး ခေါ်ရာမှ အလိုအလျောက် 'ကိုကြီး'ဟု ခေါ်ဖြစ်သွားတော့သည်။ ခေါ်ပြီးမှ ရှက်သွားရသည်။ ကဠနာ ရှက်သွားမှန်း သိသောကြောင့် နေသွေးဦးက အလိုက်တသိ မသိချင်ယောင်ဆောင်နေလိုက်သည်။

"ကြာဦးမယ်၊ လေးငါးနှစ် အနည်းဆုံးဆိုတော့ မိုးမိုး ထရန်စဖာလုပ်တာပဲကောင်းပါတယ်၊ တပ်ထဲမှာနေရင် ရပေမဲ့ မိုးမိုး စိတ်ကျဉ်းကျပ်မှာစိုးလို့တဲ့"

စကားပြောလာသည်မို့ လမ်းဘေး ဝဲယာများသို့ပင် မကြည့်မိပါ။ ကြည့်မိလျှင်လည်း ဘာလမ်းမှန်း သိသည်မှ မဟုတ်ဘဲ။

"မောင်က မောင်းနေလိုက်တာ ဖြူးလို့၊ အိမ်သိလို့လား"

"သိလို့ပေါ့ကွ"

ကဠနာက ထုပြန်သည်။ နေသွေးဦး မျက်နှာမှာ ပြုံးပျော်ကြည်နူးခြင်း အရိပ်အငွေ့များ လျှံထွက်နေသည်နှယ် ဖြစ်နေတော့သည်။ သည်တစ်ခါ ရပ်သည့်ခြံက မိုးမိုးတို့လို နှစ်ထပ်တိုက်ကြီးဖြစ်သည်။ ကားရပ်လျှင်ရပ်ချင်း အိမ်ထဲမှ အိမ်ရှိလူကုန် စုပြုံ၍ ပြေးထွက်လာသည်။ တံခါးဝမှာပင် ဆုံမိကြတော့သည်။ ရှိသမျှလူအပေါင်းက တံခါးဝမှာ ပိတ်ဆို့ထားသည့်နှယ် ဖြစ်နေသည်မို့ ကဠနာ တိုးဝင်လို့ပင် မရ။ အားလုံးက ကဠနာကို ဖြူးတူးပြုံတဲ ဝိုင်းကြည့်နေကြသည်။

ကိုဝေဖြိုးက ကဋ္ဌနာ့ လက်ကို ဆွဲ၍ လာသည်။ နေသွေးဦးက ဖြည်းဖြည်းမှ ဆင်းသည်။ အိမ်သားတွေ ဝိုင်းကြည့်နေပုံမှာ ဖြူးတူးပြဲတဲ နိုင်လွန်းရုံမျှမက သူတို့ မျက်နှာမှာ အမျိုးအမည် မဖော်ပြတတ်သည့် ခံစားချက်မျိုးများနှင့်။

ကဋ္ဌနာ ရှက်သွားမိပြန်သည်။ ကိုဝေဖြိုးက သူ့လက်ကို ဆွဲခေါ်လာသည်မို့ ကိုဝေဖြိုး မိန်းမခိုးလာသည် ဟူ၍ ထင်ကြလေရော့သလား။ ကိုဝေဖြိုး လက်ထဲမှ သူ့လက်ကို မသိမသာ ရုန်းကြည့်သည်။ မရပါ။ ကိုဝေဖြိုးက မြဲမြဲဆုပ်ထားသည်။

"ကဲ ... လမ်းလေး ဘာလေးလဲ-ဖယ်ကြဦးမှပေါ့"

ကိုဝေဖြိုးက ပြောလိုက်တော့ ရုံခနဲ ဆုတ်သွားကြ
သည်။ ဧည့်ခန်းကြီးက ကျယ်ဝန်းလှပါသည့်။ ကုလားထိုင်တွေ
ကလည်း အများကြီး၊ ကိုဝေဖြိုး၊ ကဋ္ဌနာနှင့် နေသွေးဦးတို့ ထိုင်
ဖြင့်ကြသည့်တိုင် အိမ်သားများက ထိုင်သူထိုင်၊ ရပ်မြဲရပ်သူ
ရပ်။

ထိုင်နေသုံ့ လူကြီးသူမများကြားတွင် ဦးပဋ္ဌင်းဖြ
မပါဝင်သော်လည်း သီလရှင်ဝတ်နှင့် ဒေါ်သိန်းမေကို တွေ့ရပါ
ကဋ္ဌနာက ထသွားကာ ကျုံ့ကျုံ့ကလေး ထိုင်၍ လက်အုပ်ချီက
တော့သည်။

"ကဲ ... ကဋ္ဌနာ၊ ဟောဒါ ကဋ္ဌနာ တွေ့ချင်လှတဲ့ မေမေ
မေမေပဲ၊ ကဋ္ဌနာ့ မိဘရင်းတွေလေ၊ ဦးအောင်မြင်
ဒေါ်သိန်းတင်တဲ့"

"ဟင်"



ဒေါ်သီလစာရီကို ဖဲန်တော့ဇော်က ချီထားသော လက်အုပ်ကလေး ပုံစံမပျက်သေးဘဲ ဖြစ်ပါးပါဆိုသော ဦးအောင်မြတ်နှင့် ဒေါ်သိန်းတင်ကို လှမ်းကြည့်သည်။

လူကြီးနှစ်ဦး၏ မျက်ဝန်းများမှ ကရုဏာနွယ်မျှင်တို့ ကဋ္ဌနာ့ကို လာရောက်လွှမ်းခြုံသည်။ ကဋ္ဌနာ့ရင်မှာ ကျဉ်ခနဲ လှုပ်ခတ်သွားရသည့်နည်းတူ၊ နွေးခနဲ ဖြစ်သွားရသည်။ မျက်ဝန်းများ စိုစွတ်လာသည်။ မိဘနှစ်ပါးနှင့် ကဋ္ဌနာတို့ မိနစ်ဝက်ခန့်မျှ အပြန်အလှန် စိုက်ကြည့်နေကြသည်။

မျက်ရည်များ ကိုယ်စီကိုယ်င စီးကျလာကြတော့သည်။

"မေမေ"

ကဋ္ဌနာက ပြေးဝင်ကာ မိခင်ရင်ခွင်မှာ ခိုလှုံလိုက်သည့်အခါ ဒေါ်သိန်းတင် မျက်ရည်တစ်စက်က ကဋ္ဌနာ့ ကျောပြင်ပေါ်သို့ ပေါက်ခနဲ ကျသည်။

"မတွေ့တော့ဘူး၊ ဒီတစ်သက်မှာဖြင့် ဘယ်တော့မှ ပြန်မဆုံနိုင်တော့ဘူးလို့ ထင်ထားတာ သမီးရယ်"

"ဖေဖေ"

ဖေဖေ ဦးအောင်မြတ်က ငိုသံပါကြီးနှင့် ပြောသည်။ မေမေ ဒေါ်သိန်းတင်ခမျာမှာ စကားမပြောနိုင်ပါလေတော့။ ရှိုက်၍ ရှိုက်၍ ငိုနေပါတော့သည်။ ကဋ္ဌနာ့မျက်ဝန်းအိမ်အတွင်းမှ မျက်ရည်စက်များ ပေါက်ခနဲ ပေါက်ခနဲ ကျသည်။ ဝမ်းသာဝမ်းနည်းကြီး ရင်ထဲမှာ ဆို့နစ်နေသည်။ လှိုက်တက်နေသည်။

"ဒါက ကဋ္ဌနာ့ အစ်မရင်းလေ၊ သီဂီတဲ့၊ သနပ်ခါးမှုန့်ပေးလိုက်တာ သူပေါ့"

"ညီမလေး"

"မမရယ်"

သီဂီနှင့် ကဠနာ ရွှေစင်ရုပ်ကလေးများ သွန်းသလို ဝင်းမွတ်အောင် ချောကြလှကြပါသည်။ ညီအစ်မနှစ်ဦး ဖက်၍ ငိုကြပြန်သည်။ သီဂီက သူ့လည်ပင်းမှ ဆွဲကြိုးကလေးကို ချွတ်ပြသည်။ အသည်းပုံ ရွှေပြားလော့ကက်ကလေးပေါ်မှာ စာတန်းက သီဂီ။ အမည်မှ လွဲ၍ ကျန်ပုံစံချင်းက အားလုံးအတူတူ။

"ဒါက သီဂီ ယောကျ်ား ကိုဟန်မြင့်၊ သူက ဒု-ညွှန်မှူး၊ ဒါပေမဲ့ သီဂီက အိမ်မှာ သနပ်ခါးမှုန့် အကြီးအကျယ်လုပ်တဲ့ လုပ်ငန်းနဲ့ ကြွယ်ပိုးကြွယ်ဝထဲကပဲ၊ ဒါ သူတို့တိုက်"

ကိုဝေဖြိုးက တစ်ဦးချင်း မိတ်ဆက်ပေးပါသည်။

"ဒါတွေက ကိုဟန်မြင့်နဲ့ သီဂီတို့ရဲ့ ပစ္စည်း၊ တာ၊ စု၊ ခရု၊ ကဠနာ တူ၊ တူမလေးတွေ"

"အန်တီဆီ လာပါဦး၊ သားတို့ သမီးတို့ရယ်"

ကလေးတွေက တိုးကပ်လာသည်။ ကဠနာက ပါးကလေးများကို ဖွေဖွေအောင် လိုက်မွှေးသည်။ ကလေးတွေ၏ပါးပြင်မှာ ကဠနာ မျက်ရည်တို့ဖြင့် ရွှဲရွှဲစိုလေသည်။

"ဒါက ကဠနာ အစ်ကိုအကြီးဆုံး သီဂို အထက်က ကိုထိုက်အောင်မြတ်နဲ့ သူ့ဇနီး ဝင်းမြင့်သူ၊ သူတို့က သန်လျင်မှာ နေတာ၊ ဖန်ချက်စက်ရုံမှာ၊ ဒီမှာ တစ်ခါတည်း ဆုံကြဖို့ သံကြိုးရိုက်ခေါ်ရတာ၊ ဒီမှာ သူတို့ကလေးတွေ"

"ကိုကိုကြီး၊ မမဝင်း"



ကဠနာ ပြေးဖက်မိပြန်သည်။ အစ်ကိုကြီးက ယောကျ်ား စိတ်ထိန်းနိုင်သော်လည်း ကဠနာ အရွယ်မလေးသဖွယ် ငို၍ ငို၍ ပြေးပြေးဖက်နေပုံက ကြည့်ရက်စရာ မရှိသောကြောင့် ယောက်မ ပ်သူပင် မျက်ရည်ကျရှာသည်။ တူ၊ တူမလေးများကို တစ်ဦးစီ ွေးရင်း ကဠနာ ထပ်ငိုမိပြန်သည်။

ဆွေမှ မျိုးမှ တစ်ကောင်ကြွက်ဘဝ ဘယ်မှာ ဟုတ် ်လဲ၊ ဆွေမျိုးတွေမှ တပြုံတခေါင်းကြီး၊ မနည်းမနောကြီး၊ ခံတွ့မှ တွ့တော့လည်း ဖြုန်းစားကြီး၊ ဆုံမှဆုံတော့လည်း ရုတ်တရက်ကြီး။ ်းလည်းနည်းသည်။ ဝမ်းလည်းသာသည်။ ဖော်မပြတတ်နိုင်တော့ ည့် ခံစားမှုများ ပေါင်းဆုံပြွန်းစုကာ မျက်ရည်တို့သာ တွင်တွင် ပါသတည်း။

"ဒီဆရာလေးက ကဠနာ မေမေရဲ့ အစ်မအကြီးဆုံး"

ကြီးမေနှင့်အတူ ထိုင်နေသည့် သီလရှင်ကို ကန်တော့ ်န်သည်။ တရားရှင်က တည်ငြိမ်ပေမင့် ကဠနာ ငိုမဆုံးအောင် ပြန်ပါ၏။ ငိုလို့ဝတော့မှ စကားတွေက စုပြုံထွက်လာကြသည်။

"မေမေတို့က ကြွယ်ပိုးကြွယ်ဝထဲကပါ သမီးလေးရယ်၊ အဲဒီခေတ်က ရန်ကုန် တာမွေထဲမှာ ဘတ်စ်ကားလေးစီးနဲ့ အိမ်သုံးလုံး ပိုင်ခဲ့တာ၊ ပဲခူးပွဲမှာ ဓာတ်ရုံတွေ မီးလောင်တော့ ကလေးသုံးယောက်လုံး ဆွဲပြေးတဲ့ကြားက အငယ်ဆုံးကလေး နှစ်နှစ်သမီးကလေး ဘယ်မှာ လက်တွဲပြုတ်ကျန်ခဲ့မှန်း မသိဘူး ...

"ဗေဒင်ဆိုလည်းမေး၊ နတ်ဆိုလည်းမေး၊ အကြား အမြင်တွေ မမေးဖူးတာ တစ်ယောက်မှမကျန်ဘူး၊ မေးသမျှ

ဇေဒင်တွေက အနောက်အရပ်မှာဆို အနောက်ပိုင်းအရပ်ကို လိုက်၊ အရှေ့ဆို အရှေ့လိုက်၊ ဖြို့ကြီးပြကြီးတွေလည်း နံ့ရော၊ လေးငါးနှစ် ဆက်တိုက်ကြီးရှာတာ၊ အိမ်သုံးလုံးနဲ့ ကားလေးစီး အကုန်ပြုတ် ...

"သားကြီး ထိုက်အောင်မြတ် ဘွဲ့ရတာတောင် ဆရာ လေး ဒေါ်သီလစာရီ ကူညီလို့၊ စားရမဲ့မဲ့ သောက်ရမဲ့မဲ့နဲ့ ရှိတဲ့ စည်းစိမ်ပြုတ်ပြီး ငတ်တဲ့အထိ တစ်ပြားမကျန်သုံးပြီး ရှာခဲ့တယ် ...

"သမီးကြီး သီဂီက မောင်တန်မြင့်နဲ့ အိမ်ထောင်ကျပြီး မန္တလေးမှာ လာစီးပွားဖြစ်တော့မှ သီဂီတို့ကခေါ်ပြီး ဇောင့် ရှောက်လို့ မန္တလေး ရောက်လာခဲ့တာ ...

"လက်လျှော့ပြီး တရားမှန်နဲ့ နေပါတော့မယ်ဆိုလို့ ပြင်ဦးလွင်မှာ ခြံကလေးတစ်ခြံကို သီဂီက ဝယ်ပေးထားတယ် ...

"ဖေဖေဆိုတာ ကဥ္စနာစိတ်နဲ့ အိပ်ရာထဲမှာလဲတာ ကိုယ်တစ်ခြမ်းလေဖြတ်၊ ခုထက်ထိ ခြေတစ်ဖက်က ဆွဲနေလို့ စမ်းကိုင်းချောင်း မသွားနိုင်ဘဲ မေမေက ပြုစုပေးနေရတယ် ...

"သားကြီး ထိုက်အောင်မြတ်နဲ့ သီဂီနဲ့ သုံးနှစ်ပဲ ကွာတယ်၊ သီဂီ မွေးပြီး ဆယ်နှစ်ကြာမှ ကဥ္စနာ့ကို မွေးလို့ အသက်ချင်းက သိပ်ကွာနေတာ"

"ကိုကိုဖြိုး မေမေက အလတ်၊ ဆရာလေး ဒေါ်ခေမာဝတီက အကြီးဆုံး၊ အိမ်ထောင်မကျဘူး၊ အပျိုကြီး၊ ကဥ္စနာ့မေမေက အငယ်ဆုံး၊ ညီအစ်မအရင်းတွေ"

"ပြင်ဦးလွင်က ဦးလေးနဲ့ ဒေါ်လေး ဆိုတာ"



"အဲဒါ ကဥ္စနာ ဖေဖေနဲ့ မေမေလေ"

"ကိုကိုဖြိုးက အစ်ကိုတစ်ဝမ်းတည်း ကွဲတာပေါ့နော်"

"ဒါကြောင့် မြင့်မြင့်ချင်း သွေးစကားပြောပြီး သိပ်ချစ်တာ ပေါ့"

"ကဥ္စနာကသာ စောစောစီးစီး ဖွင့်ပြောခဲ့ရင် အစောကြီးက တည်းက ဆုံကြမှာ"

"ကဥ္စနာ ပျောက်သွားတော့ ကိုကိုဖြိုးက ဆယ့်နှစ်နှစ်သား၊ ပဲခူးမှာရှိတဲ့ အမျိုးဘုန်းကြီးဆီမှာ ကိုရင်သွားဝတ်ရင်း ပွဲတွေ နဲ့ဆုံလို့ ကြည့်ဖြစ်ကြတာ"

"အမေက ပွဲခင်းထဲက ရခဲ့တယ်ဆိုလို့ သတင်းစာတိုက်မှာ သတင်းစာအဟောင်းတွေထဲ ပဲခူးဓာတ်ရုံတွေ မီးလောင်တဲ့ သတင်း သွားရှာဖတ်သေးတယ်၊ အဲဒါကလည်း နေ့ခင်းကြီး လောင်တာ၊ မင်းသား မင်းသမီးတွေ ပြေးထွက်လာတဲ့ ဓာတ်ပုံတွေတောင်ပါတယ်"

"အဲဒါက အကြီးအကျယ် လောင်တာ၊ အရင်ကျတယ်၊ ကဥ္စနာ ပျောက်ခဲ့တဲ့ပွဲ၊ ဓာတ်ရုံမီးလောင်တာက နောက်မှ၊ ညဘက် အော်ပရာထွက်နေတုန်း၊ သိပ်မကြီးကျယ်ဘူး၊ သတင်းစာထဲမှာ သတင်းတိုကလေးပဲ ပါတယ်"

"မကြီးကျယ်ပေမဲ့ ပွဲတော့ လန့်တာပေါ့"

"ကဥ္စနာက ဆွဲကြိုးကလေး ဇာတ်မပြခင် ကတည်းက ကိုကိုဖြိုးက ထင်လိုက်ပြီ၊ လူကြီးတွေပြောသံ ကြားထားတာ ...၊ ကဥ္စနာမှာ အမှတ်အသားအဖြစ် ဆွဲကြိုးတစ်ကုံးပါတဲ့[illegible] [illegible]ါက လက်ဆင့်ကူးနိုင်တယ်၊ မသေချာဘူး၊ သေချာတာက

ရင်ညွန့်တည့်တည့်မှာ ရွေးစေလောက်ရှိတဲ့ မှဲ့သီးနီနီရဲရဲကလေး"

"အာ ... ကိုကိုဖြိုးကလည်း"

"အဲဒါကို ဖွင့်ပြပါလို့ ဘယ်လိုပြောမလဲ၊ ဆွဲကြိုးသွားအယူမှာ လမ်းထလျှောက်၊ ဘယ်လိုနည်းနဲ့ ကြည့်ရပါ့မလဲလို့ တွေးမိသေးတယ်၊ ကြည့်လိုက်ချင်စိတ်ကို မနည်းထိန်းထားရတယ်"

"ဒါကြောင့် ထင်ရှားတဲ့ အမှတ်အသား မေးတာကိုး"

"အဲဒီကတည်းက ညီမလေးမှန်း သိသွားတာ၊ ဆွဲကြိုးလေးကလည်း သက်သေခံတစ်မျိုးပေါ့"

"ဒါနဲ့များ ဖွင့်မပြောဘူး"

"ညည်းကို ရုတ်တရက် ဝမ်းသာစေချင်လို့"

"ဒါနဲ့ မန္တလေး ပြေးပြော၊ ဒီကလူတွေ ဝမ်းသာကြ၊ သန်လျင်ကို သံကြိုးရိုက်ပေါ့လေ"

"အမယ်လေး ... မပါပါအောင် ခေါ်တဲ့အကြောင်းပြချက်ကလည်း သင်းပါအီသနဲ့"

"ဘယ်လို ပြောခေါ်လာလို့လဲ"

"မိန်းမယူမလို့၊ သတို့သမီးကို လိုက်ပြင်ပေးပါလို့"

စောစောက ငိုခဲ့ရသလောက် ခုတော့လည်း ဝါးခနဲ ဝါးခနဲ ပွဲကျနေရတော့သည်။

"ကဲ ... ကဲ ... ဆွေမျိုးတွေ စုံတုန်း၊ နောက်ထပ် အမျိုးတစ်ယောက် ပြပါရစေဦး"

"ဘယ်သူ ကျန်သေးလို့လဲ"



"ဦးလေးနဲ့ ဒေါ်လေးခင်ဗျား၊ ကျွန်တော်က သမီးငယ်လေးကို ရှေ့အရောက် ခေါ်လာခဲ့သလို ဟောဒီသမက်လောင်းကလေးကိုလည်း ဆွေပြမျိုးပြ အပ်ပါတယ်၊ မှတ်ထားကြပါ၊ နေသွေးဦးတဲ့"

"အယ် ... ဟောဒီ ကိုကိုဖြိုးကြီးဟာ"

နေသွေးဦး ရှက်ရသည့်အလှည့်ပါတကား။

"သူ လူကောင်းလေးပဲ၊ ကျွန်တော့်တပည့်လည်း ဖြစ်ဖူးတယ်၊ အခု ရေနံဓာတုမှာ အရာရှိဖြစ်နေပြီ၊ အဲဒီကိစ္စလည်း မြန်မြန် အကောင်အထည် ဖော်ပေးလိုက်ကြပါ၊ ကျွန်တော်က ဟွန်ဒါဆိုင်ကယ်တစ်စီး လက်ဖွဲ့ပါတယ်"

"ဘယ်လို အစ်ကိုလဲ"

"ကောင်းကောင်းမွန်မွန်နဲ့ ဖြစ်တာ ရှက်စရာမှ မဟုတ်တာ၊ ဘယ်လိုအစ်ကိုရမလဲ၊ သိပ်အားကိုးရတဲ့ အစ်ကိုပေါ့"

"သမီးလေး စိတ်ချမ်းသာဖို့ အဓိကပဲလေ"

"ကိုကိုဖြိုးကတော့ ကဗ္ဗာကို တကယ်ချီးကျူးတယ်၊ ဘွဲ့လည်း တစ်ခုတော့ ရအောင် ယူလိုက်နိုင်တယ်၊ မိဘရင်းနဲ့ ရင်အုပ်ကွာသွားရပေမဲ့ မောင်နှမသုံးယောက်ထဲမှာ အခုဆို သူ အချမ်းသာဆုံး"

"ဟုတ်လည်း ဟုတ်ဘဲနဲ့"

"ဒေါ်လေး သမီး ကြိုးစားရုန်းကန်ရပုံတွေဟာ သနားဖို့လည်း ကောင်းတယ်၊ အတုယူဖို့လည်း ကောင်းတယ်၊ ဖွဲ့ရှိတာ၊ သဏ္ဍာန်ကောင်းတာ၊ ထက်မြက်တာတွေ ပေါင်းစုပြီး ခုလို အဘက်ဘက်က ပြည့်စုံအောင်မြင်သွားရတာပဲ"

"ကိုကိုဖြိုးရယ် ... အုံစတုန်းကတော့ ကဗ္ဗနာ့ဘဝက အကျည်းတန်လွန်းလို့ အံကြိတ်လိုက်ရတာ၊ မြူးရှိုင်တောင်မှ အမဲ့တစ်ဝက် နောနေတော့တယ်၊ ခုတော့လေ မိန့်ဖနဲ့၊ ဆွေမျိုးအသိုင်းအဝိုင်းနဲ့ ကဗ္ဗနာ သိပ်ကို ပျော်ရပါပြီရှင်"

"အေးလေ ... မိန့်ဖနဲ့၊ ဆွေမျိုးအသိုင်းအဝိုင်းနဲ့၊ ပညာနဲ့၊ ဥစ္စာနဲ့၊ မျက်နှာကလေးကလည်း စက်စက်ယိုအောင်လှ၊ ငါ့နှမဘဝ အကျည်းတန်သေးသလား"

ထိုက်အောင်မြတ်က ဝင်ပြောသည်။ ခုတော့ သူ့ဘဝ အလှဆယ်မြင်းမိုရ်မက လျှမ်းလျှမ်းတောက်ခဲ့ပြီမို့ အကျည်းတန်အတိတ်ဆိုးက အိပ်မက်တစ်ခုနယ် လွင့်ပြယ်ခဲ့ရပါချေပြီ။ သည်အသိုင်းအဝိုင်းကြားမှာ အနေရခက်နေရသည့်အပြင် လူပိုလို ဖြစ်နေရသူက နေသွေးဦး။

နေသွေးဦး အိမ်ပြန်ရပါတော့မည်။ သူက သည်အိမ်မှာ နေလို့ ဖြစ်သေးသည် မဟုတ်။ အစ်ကိုနှင့် မရီးထံ ပြန်ရမည့်သူ။ ဆက်ထိုင်နေရသည်မှာ မျက်နှာလည်းပူသည်။ ရှက်လည်းရှက်သည်။ သူနှင့် ဆိုင်သည့် အခန်းကဏ္ဍလည်း ကုန်ပြီ။ ခုမှ တွေ့ရသည့် ဆွေမျိုးတစ်သိုက် အံလွှမ်းသယ်နေချိန်လေးကိုလည်း ဖျက်မယူရက်။ သူ့ခမျာ အူကြောင်ကြောင် ဝေါင်းစင်းစင်းကြီး။

"ကျွန်တော် ပြန်လိုက်ဦးမယ် ကိုကိုဖြိုး"

"အေးကွာ ... မင်းက နည်းနည်းသည်းညည်းခံပြီး အောင့်နေပါဦး"

"ဟာ ... ရပါတယ် ကိုကိုဖြိုး"

"ဟဲ့ ... ကဗ္ဗနာ၊ ဂျစ်ကားပေါ်က လက်ဆွဲအိတ် လိုက်ယူလေ"



ကိုကိုဖြိုးတို့ အောက်သက်ကျေပုံက ကမ်းကုန်ရော။ ကိုယ့်ချင်းစာတတ်လွန်းသည်။ နေသွေးဦးက အားလုံးကို ခြံဦးညွှတ်ကာ နှုတ်ဆက်သည်။ နေသွေးဦး ထွက်သွားသည့်အခါ ကဗ္ဗနာက ကိုကိုဖြိုးအမိန့်ဖြင့် နောက်မှ လိုက်သွားခွင့်ရလေသည်သာ တည်း။

ခုတော့ အလှဆယ်မြင်းမိုရ်

"ကဥ္စနာချစ်"

"မောင်"

"မခွဲနိုင်ဘူး"

"ကဥ္စနာလည်း တူတူပါပဲ"

"ကဥ္စနာက အခု သိပ်ပျော်နေတော့ မောင့်ကို တစ်ခါတလေ မေ့နေမှာစိုးလို့"

"မမေ့ပါဘူး မောင်ရဲ့၊ မောင်ကော ကဥ္စနာ့အကြောင်းတွေ ကြိုသိထားလား"

"ဟင့်အင်း ... မန္တလေးရောက်မှ သိတယ်၊ ကိုကိုဖြိုးက မင်းရေ့မှာ ကဥ္စနာ့စုတ်နဲ့ ကိုယ်တိုင်ပြောတာ ကြားချင်ရင် ငါ စီစဉ်တဲ့အတိုင်း လုပ်ဆိုလို့ ပထမတစ်ခေါက် မန္တလေးတက် လာကတည်းက မောင် ပါလာတာ"



"အမျိုးမှန်းသိလည်း မလုပ်ပါစေနဲ့တော့လို့လားဟို့၊ ကိုကိုဖြိုး ကို ဘယ်လောက် မျက်နှာပူစရာကောင်းလဲ"

"မောင်ကလည်း ကြားချင်သေးတယ်"

"သဝန်တိုစိတ်ကလည်း လွန်လွန်းတယ်"

"မောင်နှမမှန်း သိတော့ သဝန်မတိုတော့ပါဘူး၊ ဒါပေမဲ့ ကြားချင်လို့"

"မောင် ခွင့်ဘယ်နရက် ယူလာလဲ"

"နှစ်ပတ်"

"ဘယ်တော့ ပြန်မလဲ"

"ကဥ္စနာနဲ့တူတူ ပြန်မှာ"

"ကဥ္စနာ ပြန်ရင် ဖေဖေနဲ့မေမေကို ခေါ်သွားပြီး ကဥ္စနာ တလဲ ပြုရဦးမယ်"

"ကဥ္စနာရယ် ... ချစ်ရဲ့ဘဝလှလှကလေးမှာ မောင်ဟာ လူပိုကြီးများ ဖြစ်နေသလားဟင်"

"ဟင့်အင်း ... မဖြစ်ပါဘူး မောင်၊ မောင်လည်းပါမှ ကဥ္စနာ့ ဘဝမှာ အလှအပ စိုပြီး ဝေဖြာလာမှာပါ၊ မောင် မပါရင် ပြည့်စုံတဲ့ အလှကို ဘယ်မှာရနိုင်ပါ့မလဲ"

"ခက်လိုက်တာကွာ၊ သူ့အမျိုးတွေကလည်း ကွက်ကြည့် ကွက်ကြည့်နဲ့"

"ဘာလုပ်မလို့လဲ"

"ဖက်နမ်းချင်လို့"

"ကဲရော ... သဘောရှိ နမ်းသွား"

ကဠုနာက ဂျစ်ကား အနားမှာ အဆင့်သင့် တွေ့ရသည့် ဖက်ရွက်ကြွေကလေး တစ်ရွက်ကို ကောက်ပေးရင်း ဟခစ်ခစ် ရယ်သည်။

အော် … ခုတော့ ကဠုနာ့ဘဝမှာ အလှဆယ်မြင်းနှင့် မက ဖြစ်ထွန်းခဲ့ရပါပြီတည်း။

တချစ်သူတိုင်းကို ချစ်တဲ့

နေနွယ်ဇင်မြင့်

နိုဝင်ဘာ ၁၉၈၁ ခုနှစ်။

"မန္တလေးဆိုတဲ့ ကဗ္ဗနှာ တစ်ခါမှ မရောက်ဖူးတဲ့ မြို့ကို ခေါ်လာတယ်၊ ဘယ်သူမှမရှိတဲ့ အိမ်ရဲ့ သံတံခါးတွေကို သော့လုံအောင်ခတ်ပြီးမှ ရက်စက်တဲ့မေးခွန်းကို အမေးခံရတယ်"

"ဟား ဟား ဟား ဟား"

ကိုဖေဖြိုးက အော်ရယ်သည်။ အော်ကျယ်ဟစ်ကျယ် ရယ်နေကျ သူ့အသံကို အစကတော့ မိမိပါ လိုက်လံကြည့်နူးခဲ့ဖူးပါရဲ့။ ခုများဖြင့် နားထဲမှာ ကလောလိုက်ပါသည့် ဖြစ်ခြင်း။ ရုပ်ရှင်များထဲမှ လူဆိုးဗိုလ်ကြီးရယ်သံနှင့် တူရန်ကော။

"နေပါဦး မရွှေကဗ္ဗနှာကလေးရဲ့၊ တကယ်ပဲ မချစ်ဘူးလား"

"ဟို ... ဆယ်သက်ထိ မချစ်ပါဘူး"

"ကျုပ်ကို မချစ်ဘူးဆိုတော့ ညည်းမှာ ချစ်ရမဲ့သူများ ရှိနေလို့လား"

"ကိုကိုဖြိုး သိပါတယ်၊ ကဗ္ဗနှာနဲ့ မောင်ဟာ တစ်ယောက်ကို တစ်ယောက် ဘယ်လောက် ချစ်ခဲ့ကြတယ်ဆိုတာ"

"အဲဒါတွေက ကုန်လွန်ခဲ့ပြီဆို၊ နာကြည်းလှချည်ရဲ့ဆို"

"မောင်ကသာ နာကြည်းတာ၊ ကဗ္ဗနှာက တစ်ခါမှ မနာခဲ့ဘူး"

"ဆိုပါဦး"

"အစကတည်းက မောင်က ကိုကိုဖြိုး စိတ်ထားကို ရိပ်မိလို့နေမှာပေါ့၊ ကိုကိုဖြိုးနဲ့ ခပ်ကင်းကင်းနေဖို့ ပြောခဲ့တာ၊ ကဗ္ဗနှာကသာ ကိုကိုဖြိုး သိက္ခာကို စော်ကားရပါ့မလားလို့ ဒေါသဖြစ်ခဲ့မိတယ်၊ မောင်ကသာ ကဗ္ဗနှာကို စိတ်နာသွားတာ၊



ကဗ္ဗနှာ ရင်ထဲမှာ မောင့်မာန်မီ ပြောစကားတွေကို မခံချင်လို့ ပိုက်ဆံချမ်းသာအောင် ကျိုးရှာတာပဲရှိတယ်၊ မောင့်ကို ဒီနေ့ထိ ချစ်နေဆဲပါ"

"ဒါဖြင့်လည်း ဘာဖြစ်လို့ ပြေရာပြေကြောင်း မပြောခဲ့သလဲ၊ ကဲလေ ..."

"မာနနဲ့ တင်းခံနေမိတာ မှားတာပဲ၊ ဒီလိုမှန်းသိရင် အစကတည်းက မောင့်ခြေသလုံးပဲ ဖက်ရဖက်ရ၊ မောင်နဲ့ လက်ထပ်ဖြစ်တာ ကြာလှပြီ"

"ချင်းစိမ်းနဲ့ မိဿလင်ပဲ ကဗ္ဗနှာ"

"မောင် ဘယ်လောက်စိမ်းစိမ်း မောင် တခြားမိန်းကလေးနဲ့ လက်ထပ်သွားသည့်တိုင် ကဗ္ဗနှာ ရင်ထဲမှာတော့ မောင့်ကို ချစ်နေမှာပဲ"

"တကယ်ပြောနေတာလား ကဗ္ဗနှာ၊ ကိုကိုဖြိုး လုပ်ရပ်ကို စိတ်ဆိုးတာနဲ့ စွတ်ပြောနေတာလား"

"ကိုကိုဖြိုးကို စိတ်ဆိုးတာလည်း အမှန်ပဲ၊ မောင့်ကို ချစ်နေတာလည်း အမှန်ပဲ၊ ကဗ္ဗနှာ ရင်ထဲမှာ မောင်ကလွဲလို့ ဘယ်သူမှ မရှိဘူး"

"ဟား ဟား ဟား ဟား"

အော်ကျယ်ဟစ်ကျယ် ရယ်ပြန်သည်။ သည်အသံသည် ခုများဖြင့် ကဗ္ဗနှာ့နားထဲမှာ ငှက်ဆိုးထိုးသံလောက် ကျက်သရေတုံးလှသည်။

"ကဲ ... ထွက်လာခဲ့ပါတော့ အိမ်ရှေ့စံကိုယ်တော်လေး မောင်နေသွေးရေ၊ ကျုပ်မှာလည်း အပြောခံရတာ ရစရာ မရှိတော့ပါဘူး"